
www.burmeseclassic.com

# လရောင်ကျေးရှင်

မင်္ဂလာဦးမှာ



www.burmeseclassic.com

www.burmeseclassic.com

# ရွှေသမင် စာပေ

မှ စီစဉ်တင်ဆက်သည်။

ရွှေသမင်စာပေ

အမှတ် (၃၇/၃၉)၊ ၄၄ လမ်း

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၇၊

၀၁-၈၆၁၀၀၈၈

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

မင်္ဂလာဦးမှာ/ လရောင်ကျူးရင့်၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၃။

၄၀၄– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မင်္ဂလာဦးမှာ




## အခန်း(၁)

"ဟိုကောင် ဘာတွေ လိုသေးလဲ .. ထည့်လျှိုပေးလိုက်ဦး .."

"ထည့်နေပါတယ် တော်သား .. ကျုပ်ထက်တောင် စေ့စပ်သေးဘယ် .."

တောသူတောင်သားတွေပီပီ ဘာလေးဖြစ်ဖြစ် တစ်ခုခု ထူးခြားပြီဆို အဲ့ဒီအိမ်မှာ အစုလိုက် အပြုံလိုက် ..။

"သားမြတ် .. မင်းက မိန်းကလေးတွေကို စိတ်မဝင်စားဘူး .. ကြိုက်ဘူးနဲ့ .. စွံမယ့်စွံတော့ မြို့ကြီးသူ အချောအလှနဲ့မှ ဟီး.. ဟီး.."

"အေးလေ .. ချမ်းကလည်း ချမ်းသာ .. ချောမှချော လှမှလှ .. ဆိုယ့်ထက်လည်း သုံးနှစ်တောင် ငယ်သေးတယ် ..၊ ရှေ့သွားနောက်လိုက် ညီလိုက်မယ့်ဖြစ်ချင်း .."

"နားငြီးလိုက်တာကွာ .. ဒီမှာ ပစ္စည်းတွေ စုံရဲ့လား စဉ်းစားမရဘူးအထဲ .."

"စုံနေပါပြီကွာ .. ခုနကပဲ အရီး လာထည့်ပေးသွားသေးတယ်၊ ဘူးတွေနဲ့ တောရျောက်ပေါင်း .."

"အင်း .. ဟုတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



သားမြတ် က အိတ်ကို ထပ်ဖွင့်ကြည့်ပြီး သေချာစစ်သည်။ ပြီးတော့မှ ပြန်စိတ်၍ နောက်အိတ်ကို ဖွင့်၏။

"သားမြတ် ရေ .."

"ဗျာ -"

[illegible] က ခြောင်းဖူးဖက်ဆေးလိပ်ကြီး ဖွာရင်း လက်တစ်ဖက်မှာ သနပ်ဖက်ဆေးလိပ်တွေ အစည်းလိုက် ကိုင်လာကာ ...

"မြို့ကို သွားတာတော့ စီးကရက်လေး ဘာလေး ဝယ်သောက်ပေါ့ ဟယ် - တော်ကြာ ကိုသိန်းဖေ တို့က ငါတို့ကို ဆင်းရဲလှချေရဲ့ အောက်မေ့နေဦးမယ် .."

"ဘယ်သူ ဘာမှတ်မှတ် အမေရာ .."

သားမြတ် က ဆေးလိပ်စည်းကို ယူ၍ ဘေးအိတ်ဖွင့်၍ သေချာထည့်သည်။

"အမေ့ .. ကျွန်တော့်ကို အပ်ချိတ် အကြီးနှစ်ချောင်းလောက် ပေးပါဆို .. ခုန ဆေးအိတ်ထဲ ထည့်လိုက်တာလား .."

"မထည့်ပါဘူး .. ပစ္စည်းတွေထဲ ထည့်လိုက်ရင် ပျောက်သွားမှာပေါ့ ..၊ ရော့ .. ဒီမှာ .."

ဒေါ်တင်မေ က အတွင်းခံအင်္ကျီ ဘေးအိတ်ထဲမှာ ထည့်လာသည့် နှစ်လက်မလောက် ချိတ်အကြီးကြီးနှစ်ချောင်းကို ထုတ်ပေးလိုက်၏။

"ဒါကြီးက ဘာလုပ်ဖို့တုန်း သားမြတ် .."

ဘေးမှာ ဝိုင်းအုံခဲနေကြသည့် သူငယ်ချင်းတွေက သူလုပ်သမျှ ထိုင်ကြည့်ရင်း နားမလည်သမျှ မေးနေကြ၏။

"အေးလေ .. ပြကျမယ့် လွယ်အိတ်လည်း မပါဘဲနဲ့ .."

"ဟဲ့ .. လွယ်အိတ် မပါပေမယ့် အိတ်ပြဲပြဲ .. ဖိနပ်ပဲပြတ်ပြတ်.. ချိတ်ပါမှ အလွယ်တကူ ဖာထေးလို့ ရမှာပေါ့ ..၊ ဟုတ်တယ်မို့လား သားမြတ် .."





"ဟုတ်တယ် .. ချိတ်ကတော့ သွားလေရာ ဆောင်မှ ဖြစ်မှာ ..၊ ရန်ကုန်မြို့လယ်ခေါင်မှာ ဖိနပ်ပြတ်သွားရင် အလွယ်တကူ ကောက်ထပ် ချိတ်စရာရှိမှ .. မဟုတ်ရင် ဘယ်ပြေးဝယ်မလဲ .."

"မင်းကလည်းကွာ .."

သားမြတ် ကို ကြည့်၍ အုံ့မောင် က ရှုံ့မဲ့နေ၏။ ဒီရွာမှာ သားမြတ် တို့က သူဌေးစာရင်းဝင်တွေ ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်ပဲရှိကာ အကြီးဆုံး ထူးလင်းအောင် ကျတော့ ဦးနှောက် သိပ်မကောင်းသည့် ရောဂါနှင့် လူကသာ အသက်ကြီးလာသည် စိတ်က ခုချိန်ထိ [illegible]လေး ..။

သားမြတ် က တောမှာပဲ မိဘ လယ်ယာတွေကို ဦးစီးလုပ်ကိုင်[illegible] အဝေးသင်နှင့် ဘွဲ့တစ်ခု ရထားကာ အပေါင်းအသင်းလည်း များသည်။ အလုပ်လည်း ကြိုးစားသည်။

ဒီရွာမှာ တစ်ခု ကောင်းသည့်အကျင့် ရှိသည်။ ထိုအရာဟာ လူပျို [illegible]လသားတွေအားလုံး ဘယ်လူငယ်မှ အသောက်အစား ရမ်းကားကြ[illegible] မရှိ ..။

အိမ်ထောင်သည် လူလတ်ပိုင်းတချို့ အလုပ် ပင်ပန်းလွန်းလျှင် [illegible]ထိပ် ထန်းတောမှာ ဝင်သောက်ကြသည်။ အမူးလွန်လျှင် အိမ်ပြန်နိုင်[illegible] ပြန်သည်။

လမ်းမှာ ..၊ ဇရပ်ပေါ်မှာ ဘယ်နေရာမှာ ဖြစ်ဖြစ် မှောက်အိပ်၊ [illegible]ချင်သလို နေ ..။ ဒါပေမယ့် ဘယ်မိန်းကလေး .. ဘယ်သူ့သားသမီး[illegible] ဆွဲလွဲ ရမ်းကားခဲ့ပါသည်ဆိုတာ မကြားဘူးသလောက်ပင် ..။

ရွာက ကြီးသလောက် ချစ်ခင် စည်းလုံးမှု ရှိကြသည်။ အတို့[illegible]ထောင် အပြိုင်အဆိုင် နည်းကာ တစ်ယောက်နဲ့တစ်ယောက်လည်း [illegible]ညီကြ၏။ ဒါပေမယ့် ချောင်းကလေးခြားနေသော တစ်ဖက်က မိုးညို[illegible]ကြီးနှင့် နည်းနည်းလေးမှ မတည့် ..။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်း သတိထားကြဦး .. ဓမထိဆို အလှူသံကြားတာနဲ့ ဒါးခပ်တပြပ်ပြပ် ဖြစ်မနေကြနဲ့ .."

"အဲ့မာ .. ငါတို့ ဒီလောက်လည်း မငတ်ပါဘူးကွာ .."

"အားလေ .. ခေါင်းဆောင်မရှိဘဲနဲ့ ငါတို့က သွားရဲပါ့မလား.."

"ငါက ကြာချင် ကြာမှာ .."

"သူဌေးသမီးကို ခေါ်ပြီး ချက်ချင်း ပြန်လာမှာ မဟုတ်ဘူးလား.."

"အဲဒီသူဌေးသမီးဆိုတဲ့ မိန်းမကို နင်နဲ့ ထည့်လွှတ်လိုက်မှာလား.."

"ဟုတ်တယ် .. ငါတို့ချင်း ရင်းနှီးအောင်လို့တဲ့ .."

အနားမှာ မိန်းကလေးတွေရော .. ယောကျ်ားလေးတွေပါ ဝိုင်းအုံနေကြသည်။ သားမြတ် က သိမ်းလို့ဆည်းလို့ မပြီးနိုင် ..။

"နင် သူ့ဓာတ်ပုံမြင်တော့ ကြိုက်သွားလား ဟင် .. သားမြတ်.."

"မကြိုက်ပါဘူး .."

"ပိုပြီ .."

"တကယ်ပြောတာ.. နှုတ်ခမ်းနီရဲရဲ .. ဆံပင်က ရဲရဲနဲ့ လှမှ မလှတာ .."

"ငါတို့ ကြည့်တာတော့ လှပါတယ်ဟာ.. ရုပ်ရှင်မင်းသမီးအတိုင်းပဲ .."

"မြို့သူတိုင်း ဒီလိုချည်းပဲ ဥစ္စာ .."

သားမြတ် ပုံစံက တကယ်ကို ထူးခြားသည့် စိတ်ဝင်စားမှုမျိုး မရှိခဲ့ပေ ..။

မိဘစကား နားထောင်တတ်သည့် အကျင့်လေးနှင့် အိမ်ထောင်ပြုဖို့ကို နာခံခဲ့သည်။ သွားခေါ်ရမည်ဆို၍ သွားခေါ်ဖို့ ပြင်ဆင်နေခဲ့တာ ဖြစ်၏။

သူ့အစား သူငယ်ချင်းတွေက တွေးပြီး တက်ကြွ ရင်ခုန်နေကြသလောက် သူ့မှာ ဘာမှမဖြစ် ..။





"သားမြတ် .. မင်း ဝါဦးဘုရားပွဲအမီ ပြန်လာနော် .. ဒါတော့ လက်လွှတ်ခံလို့ မဖြစ်ဘူး .."

"အေးလေ .. အရီးကလည်း သီတင်းကျွတ်မှ သွားခေါ်နိုင်းလည်း ရတာကို .. ရွာမှာ ဝါတွင်းလေးပဲ ပျော်ရတာ .."

"ဝါတွင်းကိုပဲ အမီလာခေါ်ပါဆိုလို့ဖော့ .. နင်တို့တွေက တစ်မျိုး .."

ဒေါ်တင်မေ က အပြင်ပြန်ထွက်ခါနီးမှ လှည့်ကြည့်၍ ...

"တောမှာက ဘုရားစေတီနဲ့ .. ဘုန်းကြီးကျောင်းနဲ့ ဖင်တစ်လှည့်စာ နေရာလေးမှာ အမြဲ မြင်တွေ့ ဖူးမြော်နေရတာ .. ဘုရားသွား ကျောင်းတက် .. ဥပုသ်သီလကို ကိုယ် မပြုနိုင်လည်း ပြုနိုင်ကြတဲ့လူတွေ ပြုနေကြတာပဲလေ ..၊ ကိုသိန်းဇံ တို့က မြို့မှာနေပေမယ့် သူတို့ရဲ့ သမီးလေးကို တောမှာလို ဘုရားနီး တရားနီး ဖြစ်စေချင်တာ .."

"မြို့မှာတော့ ဘုရားသွား ကျောင်းတက်တွေ သိပ်မရှိကြလို့လား.."

"မရှိဘဲတော့ နေမလားဟဲ့ .. သွားပါဆို တကူးတက လွှတ်ရတာ .. လှူပါဆို တကူးတက သွားဖို့ လုံးပမ်းရတာ ..၊ သဲသဲ ပြောတာတော့ သူ့သမီးလေးက မိဘက ဘုရားသွားရအောင် လိုက်ပို့ပါဆိုတာတောင် ရှုံ့ရှုံ့မဲ့မဲ့နဲ့ ဆိုပဲ .."

"ဟုတ်လား .."

"ဟုတ်တယ် .. ကျွန်တော်လည်း အဲဒါကို စိတ်ညစ်နေတာ .."

အားလုံးထဲမှာ သားမြတ် က စိတ်ညစ်တာတွေ ထပြောတော့ ဒေါ်တင်မေ မျက်လုံးပြူးသွား၏။

ပြောင်းဖူးဖက် ဆေးလိပ်တိုကြီးကို လက်ကို တံတွေးဆွတ်၍ အနားသတ် မီးစတွေ ငြိမ်းကုန်အောင် တစ်ချက် နှစ်ချက် တို့သုတ်လိုက်ရင်း..

"ဘာကို စိတ်ညစ်တာလဲ .. မြို့မှာ တက်ပြီး ကျိုကျိုတက် ချမ်းသာနေကြကာမှ ကိုယ့်ရုပ်ကိုယ့်ရွာကို မမေ့ပျောက်နိုင်လွန်းလို့ ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



တို့ရွာသားနဲ့ပဲ ဝေးစားချင်တာ ...၊ သင်းက ဂုဏ်မယူတဲ့အပြင် .."

"မြို့သူ ရတာနဲ့ပဲ ဂုဏ်ယူရဦးမှာလား ..၊ နှုတ်ခမ်းနီ ပါးနီနဲ့ ဒူးပေါ် ပေါင်ပေါ် အင်္ကျီပါးပါး ဓာကျဲကျဲလေးတွေနဲ့ မြို့သူတွေ လှတယ်ဆို ကြည့်ရဲစရာကို မရှိဘူး .."

"ဟုတ်ပ .. ငါတို့ဆို လက်နဲ့ မျက်နှာအုပ်ထားပြီးမှ မရဲတရဲကြည့်ရတယ် .. ဟီး .."

"အေးနော် .. လက်ကျဲကြီးနဲ့ ကာပြီးတော့ .. ကြားထဲက မျက်လုံးကြီး တဝင်းဝင်းနဲ့ .."

"ဒါကတော့ .. မိစု .. ငါတို့က ယောကျ်ားလေး .."

"အေးလေ ... ကြည့်ရင် ကြည့်တယ်ပေါ့ .."

မိန်းကလေး နှစ်ယောက်တည်းနှင့် ယောကျ်ားလေးတွေကို ရန်တွေ့လိုက်တာ မဲ့ရွဲ့လျက် ...

"ငါတို့ကတော့ မြို့သူတွေကို အားကျတယ် .. သူတို့ အသားအရေလေးတွေဆိုရင် ကိုင်ရက်စရာတောင် မရှိဘူး .. ဖြူအု နုဖတ်နေတာပဲ .."

"ပိုက်ဆံတွေ ဘယ်လောက် အကုန်ခံပြီး လှအောင် လုပ်နေကြသလဲဆိုတာ မေးပါဦး .."

"ဘာဖြစ်ဖြစ်ပေါ့ .. လှနေရင် ပြီးတာပဲ ..၊ ငါတို့ မြို့တက်နေနိုင်လောက်အောင် ချမ်းသာလို့ကတော့ အေးစိန် တို့ အပီအပြင်ကို ပြင်ဆင်ပစ်လိုက်မှာ .."

"အမလေး .. ခုမှ ထက်ထက်မိုးဦး စိန်ထည်ကြော်ငြာနေတာကျနေတာပဲ .."

"ကဲ .. တော်ကြစမ်း ..၊ ဖယ်ကြ .. ဒီကောင်လေး သိမ်းဆည်းနေတာ မပြီးတော့ဘူး .."

သားနဲ့ စကားပြောရတယ် မရှိဘဲ သူတို့စကားတွေကို တိုးမပေါက်





သဖြင့် ဒေါ်တင်မေ စိတ်မရှည် ဖြစ်လာသည်။ ထို့ကြောင့် သားမြတ်အနားကို သူမ ပြန်ဝင်ကာ အိတ်တွေကို ပြန်စစ်ပေးလိုက်ရင်း ...

"စုံနေပါပြီ .. ရွာက လက်ဆောင်တွေပဲ သပ်သပ် ထုပ်ပိုးပြီး.."

"ဟာ! ... မလုပ်နဲ့ .. မလုပ်နဲ့ ..၊ အဲဒါတွေ ကျွန်တော် မသယ်ဘူး .."

"ဘာဖြစ်လို့လဲ သားမြတ် ရယ် .. သူများအိမ် သွားတယ်ဆိုတာ လက်ဆောင်ပါမှ အဝင်ကောင်းတာပဲ .."

"အဝင်မကောင်းလည်း မတတ်နိုင်ဘူး.. ငှက်ပျောခိုင်တွေ .. ဖရဲသီးတွေ ထမ်းပြီး ရန်ကုန်မှာ မျဉ်းကျားကူးရလောက်အောင် ကျွန်တော် မတုံးသေးဘူး .."

"အေးလေ အရီးကလည်း .. ဗီဒီယိုကားတွေထဲမှာ မမြင်ဖူးတာကျနေတာပဲ .. ကျွန်တော်တို့သူငယ်ချင်းက အဲဒီလောက် မတုံးပါဘူး.. ဘွဲ့ရ ပညာတတ် .."

"ဟဲ့ .. တတ်တတ်မတတ်တတ် .. ချမ်းသာတဲ့လူတွေလည်း ဘယ်လောက် ချမ်းသာနေနေ .. တစ်ဦးက သတိတရပေးလာတဲ့ လက်ဆောင်ကို မက်တာပဲ .."

"ဟုတ်ပါပြီ .. မက်ပဲ မက်ပါစေဦး အမေရာ .. ငှက်ပျောသီး ဖရဲသီး ဟိုမှာလည်း ဝယ်စားလို့ ရတာပဲ မဟုတ်ဘူးလား ..၊ ဒီလောက်အဝေးကြီး လှေတစ်တန် ကားတစ်တန်နဲ့ မသယ်ခိုင်းပါနဲ့ .. ဘာကယ်ဆောင်းပန်တယ် .."

"ဟုတ်သားပဲ မယ်တင် .. နင်ကလည်း ဒါကြီးတွေ ထမ်းပြီး ငါ့သားကို တောသားမှန်း လူသိအောင် စာတမ်းကပ်မလို့လား .."

ဦးထူး ကပါ ဝင်လာပြီး ထောက်ခံနေသဖြင့် ဒေါ်တင်မေ မကျေနပ် ပါးစပ်ပိတ်၏။ ပြီးမှ ...

"တောသားတော့ ဘာဖြစ်လဲ ..၊ စာတမ်း ကပ်ကပ်မကပ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



အသိသာကြီး ..”

ကိုယ်လည်း လူကြီးဆိုပေမယ့် ဗီဒီယိုဇာတ်လမ်းတွေထဲမှာ တစ်ခါတစ်ရံ ကြည့်ဖူးထားသည့် မင်းသားလေးတွေပုံစံကို သဘောကျတာပဲ။

ကိုယ့်သားကို အဲဒီလိုပုံစံ ချောတော့မောတောလေး ဖြစ်သွားစေချင်တာ အမှန် ..။

ဒါပေမယ့် သားဖြစ်တဲ့သူကိုက လယ်ယာအလုပ်ဆိုလည်း ဝင်ပါသည်။ သာရေးနာရေးဆိုလည်း သူပဲ ရှေ့က ..၊

တောမှာပဲ ပျော်တတ်နေတာ ဘာမှ မတတ်နိုင် ..၊

တောသားတွေ ဖင်ထဲကို ရွှံ့တစ်ခွဲသားဝင်မှ ထမင်းစားရတယ်ဆိုတဲ့ ဆိုစကားကြီးကိုလည်း မကြိုက်ပါ။ ခုခေတ်မှာ လယ်ပဲလုပ်လုပ်.. ဘာပဲစိုက်စိုက် .. ရွှံ့ထဲဗွက်ထဲမှာ နစ်နေဖို့ မလိုတော့ဘူးဆိုတာ နားလည်စေချင်၏။

“ငါ့သားကလည်းကွာ .. မြို့ကိုသွားမှာ ဒီဖိနပ်ကြီးနဲ့လား ..”

“အကောင်းကြီးပဲ ရှိသေးတာ အဖေရာ .. ဦးဖြိုးကြီး ပွဲခင်းတက်တုန်းကမှ ဝယ်ထားတာ ..၊ ဘယ်နှစ်ခါ စီးရသေးလို့လဲ ..”

“အဲဒါပဲလေ .. တော့်သား ရွှေမင်းသားကြီးကို .. ဘောင်းဘီဖင်ကျပ်ဆင်ပြီး မြို့ကို လွှတ်ပါဦး .. မြို့သားနဲ့ တူအောင် ..”

“ဟာ!... ဒီမိန်းမ ..”

ဦးဟူး က ဆေးတံကြီးကို ပါးစပ်က ဖြုတ်၍ မာန်တော့ မဲတော့မလို မျက်နှာနှင့် လှည့်ကြည့်၏။

“ကိုယ့်သား အလှအပမက်ပြီး လူ့ပေါ်ကြော့လေး ဖြစ်မလာတာဝမ်းမသာဘူး ..”

“မသာပါဘူး .. လူ့ပေါ်ကြော့လေး ဖြစ်လာလည်း ကျုပ်တို့မှာသင်းမှ မဖြုန်းရင် သုံးလို့ကုန်မှာ မဟုတ်ဘူး .. ပိုက်ဆံတွေ စုဆောင်းပြီး ဘာလုပ်ဖို့လဲ ..”





“သူဌေးဖြစ်ဖို့လေ ..၊ အခု နင့်သား တောသားပေမယ့် မြို့ကသူဌေးက သူ့သမီးနဲ့ သဘောတူတာ ဘာဖြစ်လို့လဲ ..”

“ကျွန်းတိုင်းရွာသားမို့လို့လေ ..” အဲဒါ

“မဟုတ်ဘူး .. ဘထူး ရဲ့သားမို့လို့ ..”

“ဟုတ်လိမ့်မယ် .. အားကြီး ..” ဒမ်းနော်..

“ကဲ .. တော်ပါတော့ အဖေတို့ရာ .. မြို့ကမိန်းမ ရမှာ-းရတာ..” ဆုကြီးပေါက်မှာ ကျနေတာပဲ ..”

“ထီပေါက်ရင်တောင် အမေက ဒီလောက် ဝမ်းမသာ့ကျက်နေသလဲ..” ရေ .. ငါ့သား မြို့သူ ချောချောလှလှလေးနဲ့ အိမ်ထောင်ကျ၏။ ပေါက်တာထက်တောင် အဖိုးတန်သေးတယ် .. ဒါမှ ငါ့” ဆိုက်တန်တဲ့ ဖူးစာဖက်စစ်စစ် ..” ရွဲရာကို ..”

ကိုယ့်သားလေး ခန့်ခန့်ချောချော လူလိမ္မာလေး
န်းကလေးတွေလောက်နဲ့တော့ တန်တယ် မထင်နိုင် ..၊ မိန်းမများရောက်တွေ မချောမလှလို့ .. အဆင့်အတန်းမတူလို့ ဒါတွေနဲ့ ဘာမှမနေ

ဒေါ်တင်မေ ကိုယ်တိုင်ကိုက ဒီသားလေး တစ်ယောက်ကို့ရှား ..” ာင်းတုန်နေတာ ဖြစ်၏။ ဒ္ဒတာ..၊

“သဲသဲ တို့က တကယ့် မျိုးချစ်ပုဂ္ဂိုလ်တွေရယ် ..” သဲ ..”

“ဟုတ်တယ်လေ .. အဲ့ဒါကြောင့် သူတို့ရဲ့သမီးကို တောကလူ့လက်ထပ်ပေးဖို့ စီစဉ်နေတာ .. အဲ့ဒါ ကျုပ်တို့ ချမ်းသာတာကို မက်လို့ များ ထင်လို့လား ..”

“ဒါဆို ရွာထဲက ငမဲလုံး တို့ .. ပေါက်စ တို့နဲ့ လက်ထပ်ပေးလိုက် ရောဘူးလား ..”

“ငမဲ တို့ .. ပေါက်စ တို့က ကျုပ်သားလောက်မှ မချောဘဲ ကျုပ်သားက အရပ်ထောင်ထောင် .. အသားညိုညက်ညက်နဲ့ ဘယ် ာတ် ခန့်ညားလိုက်လဲ ..”



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွေ စပ်ဖြဲဖြဲ ဖြစ်ကုန်ကြတော့ သားမြတ် စိတ်ညစ်[illegible]

[illegible] ကိုယ့်သားသမီးကို တခြားကောင်တွေရှေ့မှာ ပေါ်တင်[illegible] ။ ပြီးတော့ မိန်းကလေးတွေက ပြုံးစိစိမျက်နှာလေးတွေ ဟိုလွဲဒီလွဲ[illegible]

[illegible] ၊ "မြို့သူမြို့သားတွေက တောသူဋ္ဌေးဆိုတာလောက်ကို မက်တယ် တော်လို့ .."

တောသကိုက မြို့ကြီးပြကြီးဆို သိပ်အထင်ကြီးတာ .."

တဲ့ ဆိုစကားဟုတယ် .. ရှင်သာ ရှိသမျှ ကုတ်ခြစ် စုဆောင်းပြီး တော[illegible] ဘာပဲစိုက်စိုက် သို့ .. ကျုပ် အလိုအရဆို မြို့တက်ပြီး စက်ရုံတွေ ဘာတွေ လည်စေချင်၏။ ကြာပေါ့ .."

"ငါ့သား ငမေ က မြို့ပြ အခြေအနေတွေကို သဘောကျသည်[illegible]

"အဲ့ သားဆို တစ်သွေးတစ်မွေးနဲ့ ပိုလှသည်လို့ ထင်တဲ့သူ ..၊ ဒီ[illegible] တုန်းကတဲ့ သဲဆု ကျမှ မြို့သားနဲ့ရပြီး မြို့ကို ပါသွားခဲ့၏။

"သူမကျတော့ မွေးတာလည်း ဒီမှာ .. သေရင်လည်း ဒီမှာပဲ [illegible] ဖင်ကျဖ်ယူသန်စိတ်နဲ့ ရပ်တည်ခဲ့သူ ဖြစ်၏။

"ကဲ .. ကဲ .. နင်နဲ့ စကားများနေရရင် အချိန်ကုန်တယ် – ခလုပ်ရှုပ်တယ် .."

"အံမယ် .."

"ငါ့သား ပြီးပြီလား .. ပြီးရင် ရေမိုးချိုးထား .."

"သားနော် .. အမေ ဝယ်ပေးထားတဲ့ လိုးရှိုက်ဆိုတဲ့ဟာ [illegible] လိုက်ဦး .."

"လိုးရှင်းပါ အမေရာ .."

"အေး.. အဲဒီဥစ္စာ ခေါ်ရတာ ပါးစပ်ထဲမှာ ဘယ်လိုကြီးမှန်းလ[illegible] မသိပါဘူး .."





"သေချာခေါ်ကြည့်ပါဦး .. ကောင်းပါတယ် .."

"ကိုထူး နော် .."

"ဘာတုံး .. မင်းပဲ မြို့ကြီးသားတွေကို အထင်ကြီးတာ .. အဲဒါတွေ သူတို့ သုံးကြတာပဲလေ .."

"တစ်နိုင်ငံလုံး ဘယ်သူသုံးသုံး ရတယ် .. သား အဲ့ဒါ လိမ်းနော်.. အသားဖြူခရမ်း သုံးစရာမလိုဘူးတဲ့ .. ဈေးကြီးပေးဝယ်ထားရတာ.."

"အသားဖြူ ခရင်မ် မဟုတ်ဘူးလား အရီးရဲ့ .."

"သိရင်လည်း ပြီးတာပဲ.. ဘာလို့ အမှားလိုက်ထောက်နေသလဲ.."

အံ့မောင် တို့ သွားကြီးတွေ ဖြီး၍ ခေါင်းကုတ်နေကြ၏။

"ပြောမယ်ဆိုလည်း မှန်အောင် ပြောပေါ့ကွ .."

"ဖေကြီးကရဲ့ဂျာ .. မေ ကြောတာ-ညဲညဲရေး ရွဲရုံဂို .."

"လာပြီ .. သားက တစ်မျိုး .."

ထူးလင်းအောင် က ကတုံးဆံပင်ကို တပွတ်ပွတ်နှင့် အနားရောက်လာကာ ...

"ယှုံရေရဲ အညာကြီးပဲ .. အတုန်ရုံး ရန်တုန် တွားမှာရား .."

"မသွားပါဘူး ကိုကြီးအောင် ရာ.. လိုက်ပို့မလို့ စောင့်နေကြတာ..၊ ကိုကြီးအောင် က ရန်ကုန်ကို လက်ဆောင် ဘာမှာလိုက်သေးလဲ .."

"နာရား .."

ထူးလင်းအောင် က ခေါင်းပွတ်ရင်း သွားအဖြီးသားနှင့် စဉ်းစားနေ၏။

"ပုန်း .. ပုန်း .. ငါ့ပို့ ပုန်းဝယ်ရဲ့ .."

"ဘာရယ်!..."

"ပုန်း ပါဆို .."

လက်မနဲ့ လက်သန်းထောင်၍ နားမှာ ကပ်ပြမှ ဖုန်းဝယ်[illegible]မှန်း [illegible]ကြ၏။ အားလုံးပဲ ရယ်နေကြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ကောင်းတယ် .. အဲဒါ မှာလိုက် .."

"အေး .. သားကြီးက ဖုန်းဆိုမှ သတိရတယ် .. ဟိုရောက်ရင် ဘဏ်မှာ လိုသလောက်ထုတ်ယူပြီး ဖုန်းဝယ်နော် ငါ့သား .."

"ဘာလုပ်ဖို့လဲ အမေ .. လမ်းဘေးမှာ ဝင်ဆက်ရင် ရတာကို.."

"ဟဲ့ .. လမ်းဘေးမှာ နေရာတိုင်း ရှိမလား ..၊ တို့ရွာက ဖုန်းတွေ အားလုံး လိုင်းမိတယ် .. ကုန်စုံဆိုင်က ပုရှူးမ တို့တောင် မြို့မှာ ဘွဲ့သွား ယူပြီး ပြန်လာတော့ ဖုန်းလေး တကိုင်ကိုင်နဲ့ .."

"ပိုက်ဆံ အပိုကုန်တာပါ အမေရာ .. အိမ်မှာ ဖုန်း ရှိနေတာပဲ..၊ ဘယ်နေရာကဆက်ဆက် ရတယ် .. ကျွန်တော်က ယောကျ်ားလေးပဲ ဒီလောက်လည်း မလိုပါဘူး .."

ဩော် .. လူငယ်လေးဖြစ်ပြီး ရှီးထုတ် ဟန်လုပ်ရမှန်းလည်း မသိ ပါလား ..။ ပြောပြန်ရင်လည်း ဒီအဖေနဲ့ ငါ ရန်ဖြစ်ရဦးမည်။

ဦးထူး ကလည်း ဒေါ်တင်မေ ပြောချင်နေတာကို သိသည်။ ငေါ့ ချင်သည့်မျက်နှာနှင့်တော့ လှည့်ကြည့်ပေမယ့် ...

"ဟုတ်တယ် သားမြတ် .. ဖုန်းဆောင်ထားဖို့တော့ လိုတာ အမှန် ပဲ ..၊ မင်းက အိမ်ကို အချိန်မရွေး ဆက်နိုင်ပေမယ့် လူကြီးတွေက မင်း ဘယ်ရောက်နေတယ် .. ဘာလုပ်နေတယ် သိချင်တော့ ဘယ်လိုဆ ရမလဲ .."

"ရန်ကုန်ကိုပဲ ရောက်မှာ .. မိန်းမယူဖို့ကိစ္စပဲ လုပ်မှာ .. ဘယ်မှ လိုက်ဖို့ မလိုဘူး .."

"ဟာ!... ဒီကောင်တော့ .."

ဦးထူး ကိုယ့်သား ပြောဆိုမကောင်းပုံကို မချင့်မရဲ ရေရွတ်၏။

"မင်းကလည်း လူကြီးတွေကတောင် သုံးပါ ဝယ်ပါ ဆိုတာ ဝယ်လိုက်ပါကွာ .. ပြီးရင် အင်တာနက်ပါ တစ်ခါတည်း ချိတ်ခဲ့ - တို့ရွာကနေ ကမ္ဘာကြီးတစ်ခုလုံးကို လှမ်းကြည့်လို့ ရတာပေါ့ -





"အေးလေကွာ .. မင်းကလည်း .."

"မဝယ်ဘူး .."

"မဝယ်နဲ့ပေါ့ .. မြို့က သူဌေးသမီးရှေ့ကျမှ ဖုန်းတစ်လုံးတောင် မကိုင်နိုင်ဘူးဆိုပြီး မဲ့ရွဲ့ ကဲ့ရဲ့ခံရမှာ မြင်ယောင်သေးတယ် .."

"ဂရုမစိုက်ဘူး .."

"အေးပေါ့ .. ခုတော့ ပြောဦးပေါ့ .."

"အမြဲတမ်း ဒီစကားပဲ .."

ခရီးသွားရခြင်းအလုပ်ကို စိတ်ပျက်ဆုံးမို့ ဘယ်သူ့ကိုမှ စကား ကောင်း ပြန်မပြောမိပေ ..၊ ပြီးတော့ တကယ်တမ်း သွားရမည့် အကြောင်းက ကိုယ်နဲ့လည်း မသိ .. နီးနီးနားနားကလည်း မဟုတ်..၊ တွေ့ကြရင်လည်း တစ်ယောက်အပေါ်တစ်ယောက် ဘယ်လိုမှ နားလည်ကြည်ဖြူလို့ ရမှာ မဟုတ်သော ..၊

"ဆုထူးပန် နဲ့ တွေ့ရင် မင်း သဘောကျသွားမှာပါ .."

လာသေးတယ် ..၊

တွေးနေတုန်းမို့ အမေ့အသံ ထွက်လာတော့ နှုတ်ခမ်းက မသိ သော မဲ့၏။ လူကြီးတွေက ပြောရင်း အပြင်ထွက်သွားကြတာမို့ ...

"မြို့သူ အချောအလှ ရမှာကို နင်က မဲ့နေသေးတယ် ဟုတ်လား"

"ငွေဖျိုင်း .."

"ဘာလဲ .."

"နင် ကိုယ့်ဟာကိုယ် မနေတတ်ဘူးလား .."

မျက်နှာမဲ့လိုက်တာကို ငုံ့ကြည့် မေးနေသဖြင့် ငွေဖျိုင်း ကိုယ်လေး [illegible]တော်စန့်စန့် ပြန်ဖြစ်သွားကာ ...

"ကိုယ့်သူငယ်ချင်းကို ပျော်နေစေချင်လို့ပေါ့ဟဲ့ .. မိန်းမယူရမှာကို [illegible]ညစ်စရာလို့ တွေးနေမယ့်အစား မိဘက အကောင်းစားလေး ရှာပေး [illegible]တို .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲ .."

"ပျော်စရာလို့ တွေးပေါ့ .. ဒီအုပ်စုထဲမှာ နင်က ပထမဆုံး အိမ်ထောင်သည်ဖြစ်မှာဆိုတော့ .. အားလုံးက နင့်မိန်းမကို ဝိုင်းပြီး .."

"နှပ်နှပ်စဥ်းပစ်လိုက် .. အဲ့ဒါ ကောင်းတယ် .."

"ဟာ .. ဒီကောင် မပြောကောင်း ပြောကောင်းတွေ .."

အုံ့မောင် က ပြိတ်ိတိ မျက်နှာကြီး တမင်လုပ်ကာ ...

"ငွေဗျိုင်း ပြောတာ ငါ သဘောပေါက်တယ် .. ဟီး .. ဟီး .. ငါတို့အားလုံးက ဝိုင်းပြီး ချစ်ကြမှာပေါ့ .. ဟုတ်တယ်မို့လား .."

"အင်းလေ .."

ငွေဗျိုင်း က ခေါင်းညိတ်လိုက်တော့ ယောကျ်ားလေးတွေ အားလုံး ပြုံးဖြီးဖြီး ဖြစ်ကုန်ကာ ...

"ဟုတ်လား သားမြတ် .. ရလို့လား .."

"ရပါတယ်ဆိုမှ မေးမနေစမ်းပါနဲ့ .. ဒီလောက် ခင်နေကြတဲ့ သူငယ်ချင်းချင်း .."

"ဟီး .. ဟီး .. ဟီး .. ဒီလို သဘောထားကြီးတဲ့ သူငယ်ချင်းမျိုး အသက်ရှည် .."

"ဒေါင် .."

"အား .. ဟာ!... ကြည့်စမ်း .."

"မှတ်ထား .. အဲ့ဒါ နှပ်နှပ်မစဥ်းလို့တဲ့ .."

"ခစ် .. ခစ် .. ခစ် ..."

ထန်းလျက် ကုန်နေပြီဖြစ်သည့် ကြွေရည်သုတ်ဇလုံလေးကို စားပွဲပေါ် ပြန်ချလိုက်ပြီး သားမြတ် ရဲ့မျက်နှာက ခပ်တည်တည် ...။

အုံ့မောင် နဖူးကို ပွတ်နေရင်း အများတကာထဲမှာ ရှုံ့မဲ့နေ၏။

"ခွေးသူခိုး.. ငါက ရိုးရိုးပဲ ပြောတဲ့ဥစ္စာ .. သူ့ဟာလေးကို ပြောတာတောင် မခံနိုင်ဘဲနဲ့ .."





"အဲ့ဒါ မှတ်ထား .. နောက်ဆို ကြားသုံးကြား မဝင်နဲ့ .."

"ဘာဆိုင်လို့လဲ .."

"မဆိုင်ဘူးလား .."

"နင်တို့ မရှိုင်ဘူး .. ငါပဲ ရှိုင်လယ် .."

"ဟုတ်တယ် .. ကိုကြီးအောင် ပဲ ဆက်ပြော .."

ထူးလင်းအောင် က ခေါင်းကို ပွတ်ရင်း ရယ်ကာ ...

"တားညက် .."

"သားမြတ် လုပ်ပါ .."

"တောင်မလေးကို ပါအောင် ထော်လို့ .."

"ဟုတ်တယ် .. အဲ့ဒီအကြံပဲ ပေး .. မဟုတ်ရင် အထုခံရမှာ .."

"နာလို့ဆီ ရောက်မှ ကစားမယ် .."

"မတည့်အောင် ပြောပြီ .."

ထူးလင်းအောင် စကားကို အုံ့မောင် က မဲ့တဲ့တဲ့ ဝင်ထောက်၏။

"မင်းကလည်း ကိုကြီးအောင် က ဘာလုပ်တမ်း ကစားမယ်လို့မှ မပါတာ .. သူ့ခယ်မနဲ့ သူ့ညီကို အဆင်ပြေမယ့် ကစားနည်းမျိုး သူ့ခေါင်းက ထွက်မှာပါ .."

"မင်းသူ .."

"ဟေ .."

"ဒီမှာ တွေ့လား .."

"မတွေ့ဘူး .."

သားမြတ် က ထန်းလျက် ဇလုံလေးကို ပြန်ချကာ နေရာမှ ထရပ်လိုက်သည်။

"ကဲ .. ပြန်ကြတော့ .. အခု တစ်ခါတည်းပဲ ဆုံးဖြတ် ကြေညာမယ် .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီရွာမှာ ခဏ်လာမဆောင်ဘူး .."

"အဲဒါ .."

"ဘာဖြစ်လို့တုံး .."

"နားပူတာ မခံနိုင်လို့ .."

"အံမာကွာ .. အကြောင်းပြချက်က .."

"အေးလေ .. ငါတို့ နှောင့်ယှက်မှာပဲလို့ ခုတည်းက တွေးနေပြီ"

"ဟုတ်တယ် .. ဒီကောင် မင်္ဂလာဦးညကို ခုတည်းက စိုးရိမ်တတ်နေပြီ .."

"ဘာရမလဲ .. ဘယ်နိုင်ငံမှာ သွားဆောင်ဆောင် ကိုယ့်စရိတ်နဲ့ ကိုယ် ဗီဇာ ရအောင်ယူပြီး မရောက်ရောက်အောင် လာမှာ .."

"ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့ ...၊ ဒီမှာ ငွေဗျိုင်း..."

"ဟင် .."

"နင် တရားခံနော် .."

"အံမယ် .. ဘာဆိုင်လို့လဲ .."

"ငါ ခရီးသွားမှာ နင့်ရှေ့မှာပဲ အမေတို့ ပြောမိတာ .. အခု တစ်ရွာလုံး သိကုန်ပြီ .."

"အံမာ .. ခရီးသွားမှာ ဟုတ်လို့လား .. မိန်းမ သွားတောင်းမယ့်ကိစ္စ လူတွေသိတာ ငါ့အပြစ်ပဲ ဖြစ်ရဦးမယ် .."

"ဘာ မိန်းမလဲ .. ဘာလဲ ..သွားတောင်းမှာ မဟုတ်ဘူး၊ အသိမိတ်ဆွေ ကြိုသလို သွားကြိုတာမျိုး ...၊ သူ ဒီမှာ နေဦးမှာ .. ယူဖို့ မယူဖို့က အဝေးကြီး ..."

"မဟုတ်ပါဘူး .. ငါ့ကို အရီးတို့ ပြောတာ မြို့သူကို ခေါ်လာပြီးရင် သူ့မိဘတွေပါ လိုက်လာကြမှာတဲ့ ..၊ ဒီမှာ မင်္ဂလာ တစ်ခါဆောင်မယ် .. မြို့မှာ တစ်ခါ .."

"တော်တော့ .."





စိတ်တိုတိုနှင့် အော်ပစ်လိုက်မိသည်။ ဒီဘက်လှည့်လိုက်တော့ အုံမောင် တို့ မျက်နှာတွေက ပြုံးတော့မလို .. မဲ့တော့မလိုတွေ ...၊

"မင်းတို့က တစ်မျိုး .."

"ဟုတ်လား .. ငွေဗျိုင်း နဲ့ဆို နှစ်မျိုးပေါ့ .."

"ကျွတ်!..."

သူငယ်ချင်းတွေနဲ့ သူကိုယ်တိုင် အမြဲတမ်း အချိန်ပေး ပျော်ရွှင်သာခဲ့တာတွေ .. ခုက စပြီး စုပြုံ ဆင်းရဲရတော့မလား မသိ ...။

ရန်ကုန်မြို့ကို သူ တစ်ခါမှ မရောက်ဖူးပေ ...။

ခရီးသွားပြီဆို အထုပ်အပိုးလည်း မသယ်ချင် .. လူအများရှေ့မှာ အပြေအပြစ် ပြင်ဆင်ပြီး ထိန်းချုပ်နေရတဲ့ ကျဉ်းကျပ်မှုမျိုးကို ဘယ်လိုမှ မခံစားနိုင် ...။ ထို့ကြောင့် ဘွဲ့ယူတုန်းကတောင် သူ လက်မှတ်တစ်ခုရုံနဲ့ ကျေနပ်ခဲ့လိုက်၏။

သူ့စိတ်ကိုက တောမှာပဲ ပျော်သည်။ တောလေ .. တောအထာသိုဝဲ နှစ်သက်သည်။ သူ့လိုလူကျမှ ဘာဖြစ်လို့ ရန်ကုန်သူ ဒိတ်ဒိတ်ကြဲသူဌေးနဲ့ အကြောင်းပါဖို့ ဖြစ်လာခဲ့တာလဲ ...။

ချောင်းရိုးကိုသွားဖို့ လှည်းပေါ်တင်တဲ့အထိ လှည်းရဲ့ဘေးမှာ ဝိုင်းအုံနေကြလျက် ...

"ဟေ့ကောင် .. အတည် မှာတာနော် ...၊ ဟိုရောက်ရင် ကောင်မလေးနဲ့ မတည့်အောင် မပြောနဲ့ .."

"အဆင်ပြေအောင် နေနော် .. ငါတို့ရွာ ဂုဏ်သရေ ရှိဖို့အတွက်..ပင်း အဓိက .."

"ပါမလာရင်တော့ တွေ့ပြီ မှတ် .."

"နာရဲ မှာဦးမှာ .. တားညက် နာ့ဖို့ ပုန်းနော် .. ပုန်း .. မမေ့နဲ့..."

"အင်းပါ .. အစ်ကို့အတွက် သေချာ ဝယ်ခဲ့မှာပါ .."

တစ်ယောက်တစ်ခွန်း မှာလို့မဆုံးနိုင်ကြတဲ့ ကြားထဲမှာ ဘူးလင်း



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုတော့ သေချာ လှည့်ကြည့်ပြီး ကတိပေးလိုက်ရသည်။

သူ့ခမျာ အစ်ကိုကြီးဖြစ်ပြီး လူကလည်း သေးညှပ်ညှပ် .. ဆံပင်အလည်း လူမွေးသူမွေးတောင် မပြောင်ဘူးလို့ ငယ်ငယ်က ကလေးချင်းတော့ညှိတိုင်း အပြောခံရတာမျိုး ...၊

ဘယ်တော့မှ ထူထူပိတ်ပိတ် ပေါက်တယ် မရှိသဖြင့် ငယ်ငယ်ကတည်းက အမြဲတမ်း ကတုံးအတိုင်း နေခဲ့ရ၏။

"သားရေ .. မင်းအစ်ကိုအတွက် ဝယ်ရင် မင်းအတွက် ပါပစေနော် .. မြို့ပေါ်မှာ ဖုန်းက လိုတယ် .."

အစ်ကိုကို ကြည့်ပြီး ငေးခနဲ ဖြစ်သွားသည့် သားမြတ် ကို ဦးထူးက လှမ်းမှာ၏။

"နောက်ပြီး စစ်ကိုင်းမှာ ကျောင်းဆောက်နေတဲ့ကိစ္စ ငါတို့ သွားရဦးမှာ .. မင်းအမေနဲ့ အစ်ကို နေခဲ့ကြမလား .. လိုက်မှာလား မသိဘူး၊ မင်း ဖုန်းဝယ်ပြီးရင် အိမ်ကို လှမ်းပို့လိုက်ဦး .. အကျိုးအကြောင်းရှိရင် လှမ်းပြောလို့ ရအောင် .."

သူ့သားအကြောင်း သိနေသဖြင့် ဖုန်းဝယ်သင့်သည့် အကြောင်းတွေပဲ ဦးထူး က ပို့လွှတ်နေ၏။

"အမေ့ .. ညီရေးကို နော် လိုက်ပို့မယ်လေ .."

"မပို့ပါနဲ့ကွာ .. လှည်းကြီးနဲ့ အသွားကြာ အပြန်ကြာနဲ့ ..၊ မင်းက နေကောင်းတာ မဟုတ်ဘူး .."

"ကောင်းတာနဲ့ .."

"မလိုက်ပါနဲ့ သားကြီးရယ် .. ငါ့သားက ရေထိ နေထိ ခံတာ မဟုတ်ဘူး ...၊ တော်ကြာ မိုးမိလို့ ဖျားဦးမယ် .."

ဒေါ်တင်မေ က ထူးလင်းအောင် လှည်းပေါ် ဖွတ်တက်မှာစိုးကာ ကိုယ်တိုင် ပြေးထွက်လာပြီး လက်ဆွဲခေါ်သွား၏။

"ဒီကောင်လေးကိုက တကယ် ကွကျတာ .. သုံးဘီးနဲ့ သွားရင်





ပိုမြန်မယ့်ဟာကို .."

အိမ်ထဲ ပြန်ဝင်သွားပေမယ့် ပါးစပ်ကနေ ရေရွတ်သွား၏။

"မင်းကလည်း ဟုတ်တာပဲ .."

"ဘာဟုတ်တာလဲ .. စက်သံဆို ဘာသံမှ မကြားချင်ဘူး နားငြီးလို့ ...၊ ကဲပါ .. ဖယ်ကြပါတော့ .. ကိုတုတ်ကြီး မောင်းတော့ .."

လှည်းနဲ့မို့ အချိန်အစောကြီး ထွက်လာတာတောင် လှည်းရဲ့ဘေးကနေ အုံ့မောင် နဲ့ ညိုဟိန်း တို့ လှမ်းလျှောက်ပါလာကြသေးသည်။

"ငါတို့ ပြန်မယ် .. ဟော့ကောင် မှာတာ မမေ့နဲ့နော် .."

"ဟုတ်တယ် .. သူ့ဟာသူ ခွဲထားထား ဖြဲထားထား လျှောက်ကဲ့ရဲ့မနေနဲ့ .."

"ဘာလဲ .. မမိုက်ရိုင်းနဲ့ .."

"စကက်တွေ ဘာတွေ ဝတ်တာကို ပြောတာ ...၊ မိန်းမလှလေးတွေနဲ့တွေ့ရင် မတည့်အောင် မပြောကောင်းဘူး .."

ကျန်ရစ်နေတဲ့အထိ ပါးစပ်တွေက မပိတ်သေး ...။

သူ စိတ်ညစ်နေတာကို ကိုတုတ်ကြီး က ပြုံးနေလျက် ...

"ဘာဖြစ်တာလဲ သားမြတ် ရာ .. မင်း ဘွဲ့လည်း ရပြီးပြီ .. ရွာမှာ လူငယ်တွေ အုပ်စုဖွဲ့ပြီး ကဲချင်တိုင်း ကဲနေကြတာ ဘယ်နှစ်နှစ်ရှိပြီလဲ ...၊ အဟွန်း ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ဦး .. ကလေးပေါက်စအရွယ် မဟုတ်တော့ဘူး .."

"ကိုတုတ်ကြီး ကလည်း တစ်မျိုး .."

"အေးပေါ့ .. တစ်ယောက် တစ်မျိုးစီပဲဟာ .."

ထိုစကား သားမြတ် ပြုံးမိသွားကာ ...

"ကျွန်တော့်ကို မိန်းမ မလိုချင်လို့ စိတ်ညစ်နေတယ် ထင်လို့လား .."

"မဟုတ်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးပဲဗျာ .. မိန်းကလေးတွေ ကြောက်သလိုတော့ တွေးပြီး ကြောက်နေပါ့မလား .."

"မသိဘူးလေ .. မင်းက ရွာထဲက ကောင်မလေးတွေ ကြိတ်ပိုးနေကြတာတောင် မတုန်မလှုပ်နေလာခဲ့တော့ လုံးဝ စိတ်မဝင်စားဘူးများ ဖြစ်နေသလားလို့ .."

ကိုတုတ်ကြီး က တလှုပ်လှုပ်သွားနေသည့် နွားနှစ်ကောင်ကို နှင်တံ တို့ပေးနေရင်း လှည့်မကြည့်ဘဲ ပြောနေ၏။

သူက တင်ပျဉ်ခွေထိုင်လိုက်ရင်း လက်ရန်းတွေကို ကိုင်၍ ...

"စိတ်မဝင်စားတာက တစ်ပိုင်းလေ .. အိမ်ထောင်ပြုတာကတော့ သားသမီးတို့ ဝတ္တရားတိုင်း ပြုရမှာပဲ မဟုတ်ဘူးလား .."

"အေးပေါ့ .."

"ပြုရမှာပဲကို ရန်ကုန်မြို့ကြီးပေါ်တက်ပြီး တောင်တောင်အီအီတွေ လုပ်ကိုင် ဆောင်ရွက်ရမှာတွေ ခင်ဗျားပဲ တွေးကြည့် .."

"ဟ .. ဒါကတော့ မင်း ယူရမယ့် မိန်းမက တောသူ လယ်သူမလေးမှ မဟုတ်တော့ ငါ့ညီရာ .."

"အဲဒီလို ဟုတ်လိုက်ရင်လည်း အကောင်းသား .."

"ဟုတ်လိုက်ရအောင် .. မင်းက ရွာက မိန်းကလေးတွေကိုရော စိတ်ဝင်စားခဲ့လို့လား .."

"ပြောပြတာ .."

"ပြောမပြနဲ့လေ .. မင်းက စိတ်ညစ်စရာတွေပဲ မြင်နေလို့ပါ .. မင်းနဲ့ ဖူးစာပါနေတဲ့ မိန်းကလေးက မြို့သူ အချောအလှလေး ဖြစ်နေတာ .. ဒါ ဝှဏ်တောင်ယူရဦးမှာ .."

သားမြတ် ရှုံ့မဲ့ ခေါင်းခါ၏။

"ဖူးစာပါနေတာလို့ မပြောစမ်းပါနဲ့ ကိုတုတ်ကြီး ရာ .. မြို့သူဆိုတာတွေ ဘယ်လို နေထိုင်ကြသလဲ ခင်ဗျား မကြားဖူးဘူးလား ..





ကျွန်တော်တို့ တောမှာလို တရင်းတနှီး အတူသွား အတူစားနေကြရင်ထဲမှာ ကြိတ်ပိုးမိလာရင်တောင် မှန်ရေ့ ပြေးထိုင်၊ ခြင်ထောင်ထဲ ပြေးဝင်ပြီးမှ လူမမြင်အောင် ပါးစပ်ပိတ် ရယ်တာမျိုး မှတ်နေလား.."

"နေပါဦး ...တောသူ မိန်းမလှလေးတွေ ကြိတ်ပိုးလေးတွေ ဖြစ်လာရင် အဲဒီပုံစံပဲလို့ မင်းကို ဘယ်သူပြောလဲ .."

"စာအုပ်ထဲမှာ ဖတ်ဖူးတာ .."

"ဟား .. ဟား .. ဟား ..."

ကိုတုတ်ကြီး အားပါးတရ ရယ်တော့ သူပါ ရောယောင်ရယ်မိတာ ...

"ဘာပဲဖြစ်ဖြစ် ကျွန်တော် မြင်တွေ့နေရတဲ့ မိန်းကလေးတွေက အဲဒီလို ဖြူဖြူစင်စင် နုနုလှလှလေးတွေပဲ .."

"မြို့သူတိုင်းလည်း မင်း ထင်သလို အဲ့နေအထိုင် မဟော့ရမ်းပါဘူးကွာ .. တွေ့ပဲ တွေ့ကြည့်ပါဦး .. နောက်ပြီး ကောင်မလေးရဲ့မိဘတွေက တို့ရွာသားတွေပဲဆို .."

"အင်း .."

မိဘချင်းက ရပ်ဆွေရပ်မျိုးလည်း ဖြစ် .. တကယ့် သူငယ်ချင်း အရင်းကြီးတွေပါ ...။

ဒါပေမယ့် တစ်ယောက်က မြို့ပေါ်က အဆက်တွေ ဖြစ်နေသဖြင့် ဦးသိန်းဇံ တို့ မြို့ကို ပြောင်းဖို့ ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

ဒါနဲ့တောင် ဒီနေ့ထိ အဆက်အသွယ် မပြတ်ခဲ့ကြသလို သားနဲ့ သမီး ရလာကတည်းက အရွယ်တွေ ရောက်လာကြရင် လက်ဆက်ပေးဖို့ သဘောတူပြီးသားလို့ ဆိုသည်။

ကိုယ်ကသာ မိန်းကလေးနဲ့ ရင်းနှီးဖို့ သွားရသည်လို့ သဘောပိုက်ထားပေမယ့် လူကြီးတွေ အစီအစဉ်က လက်ထပ်ဖို့အတွက် သေချာပြီးသားမို့ ဒီခရီးက သူ ထင်သလို ဟုတ်ချင်မှ ဟုတ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရှင်းရှင်းထားစမ်းပါကွာ .. သူများတွေ မင်းလို ကံကောင်းခြင်းမျိုး ရအောင် ဘယ်လို ဆုတောင်းတောင်း ရဖို့ မလွယ်ဘူး .."

"မိန်းမယူဖို့ကိစ္စ တစ်ခုတည်း မဟုတ်ဘူး ကိုတုတ်ကြီး .. အခု သွားရမယ့်နေရာက ဘာမသိ ညာမသိ နေရာ .."

"လူကြီးချင်း ဒီလောက် ရင်းနှီးနေကြတာ .. မင်းက စိမ်းပေမယ့် သူတို့က စိမ်းမှာ မဟုတ်ပါဘူး .."

"အဲ့ဒါလည်း အဓိက အရေးကြီး မဟုတ်ဘူး .."

"ဘာ .. အရေးကြီး ရှိသေးလို့လဲ .."

"ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးဘူး .. အဲ့ဒါကို စိတ်ညစ်နေတာ .. ပထမဆုံး ကိုယ့်ရဲ့ ဘာမှမသိတဲ့ အူချာချာပုံကို လူကြားထဲ ထုတ်ပြရတော့မယ် .."

"ဟန် ကိုယ့်ဖို့ .. မာန် သူ့ဖို့တဲ့ကွ .. မသိရင် မေးပေါ့ .. ပါးစပ်ပါ ရွာရောက်တဲ့ .."

"ပိုက်ဆံပါ ရွာရောက်ဆို ပိုမကောင်းဘူးလား .."

"သြော် .. ကိုင်း ..."

ကိုတုတ်ကြီး ပြန်မပြောတတ် ဖြစ်သွားသည်။

ဒီကောင်တွေအုပ်စု တောမှာတော့ ပွေမှ ပွေ .. ကဲမှ ကဲ ..။

ရန်ကုန် ရောက်သွားရင်တော့ ..။





## အခန်း(၂)

"ကိုမြတ်ထူး ပါသလား .."

စပယ်ယာအသံက ကျယ်ပေမယ့် တစ်ကားလုံး အသံတိတ်နေ၏။

"ကိုမြတ်ထူး ပါသလား .. ကိုမြတ်ထူး .. ပါဆယ်ထုပ် ချမလို့ နော် .."

"အာ .. ပါတယ် .. ပါတယ် .."

နောက်ဆုံးခုံကနေ တစ်ယောက်က အိပ်ချင်မူးတူးအသံနှင့် ထထူး ဘာမှ ...

"ပါရင်လည်း အသံလေးဘာလေး ပေးလေဗျာ .. ကျွန်တော်တို့က ပါဆယ်ထုပ်က လိပ်စာအတိုင်း ချထားခဲ့မှာ .."

"အေးပါ .. ကျုပ် အိပ်ပျော်သွားလို့ပါ .."

လူကြီးက နေရာမှ ကမန်းကတန်း ထကာ အပေါ်တန်းက ခရီးဆောင်အိတ်ကို ဆွဲချပြီး အပြင်ထွက်လာ၏။

"လူပါ ဆင်းမှာလား .."



www.burmeseclassic.com

www.burmeseclassic.com



"[illegible] .. ဆင်းလိုက်တော့မယ် .. မိုးမလင်းခင် ရောက်လာတော့ [illegible] စောင့်ရတော့မှာ .."

[illegible] ဆင်းသွားသည့် မြတ်ထူး ဆိုသည့်လူကို လှမ်းကြည့် [illegible] ကိုယ့်နာမည်ကို သတိရနေမိ၏။

ဟိုတုန်းကဆို သားထူး လို့လည်း သူ့ကို ခေါ်ကြသည်။ အဖေ ဦးထူး နာမည်ပါအောင် သားနှစ်ယောက်စလုံးမှာ ထူး တွေ ပါကြလျက် သူ့ကျမှ သားထူး ဖြစ်လိုက် သားမြတ် ဖြစ်လိုက် ..၊

"သားမြတ် ဆိုတော့ တစ်မျိုးပဲနော် .. မိန်းကလေးတွေ ရှေ့မှာ ခေါ်ရမှာ အားနာစရာကြီး" လို့ သူငယ်ချင်းက စလိုက်တုန်းက လူက လည်း အရွယ်ရောက်စမို့ လက်သီးလုံးကြီးနဲ့ ပစ်ရွယ်လိုက်မိသေးသည်။

"သားထူး လို့ ခေါ်ရအောင် .. မင်း အရုပ်ကြီးက ထူးထူးခြားခြား ထန်းပင်မှာ တံဆို့ပေါက်နေသလိုပဲကိုး .."

ဘယ်လိုပဲခေါ်ခေါ် ဒီနာမည်ကိုပဲ သူ စိတ်တိုင်းမကျပါ ..။

လူကြီးတွေက သူတို့ဘာသာ အတိတ်တွေ နိမိတ်တွေနဲ့ ဘယ်လို မှည့်ခေါ်ခဲ့မှန်းတော့ မသိ ..။

ခုချိန်ထိ သူ့နားထဲမှာ ကြားရသမျှကတော့ 'ထူး'တွေ တော်တော် များနေပါပြီ ..။

"ကဲ .. ရန်ကုန်ဝင်ခါနီးရင် အဆင်းအတက်တွေ များတယ်ဗျာ.. ခရီးသည်တွေ နာမည်ဇေးဘာလေး နားစွင့်ထားကြပါ၊ ကိုယ့်ပစ္စည်း လေးတွေကိုလည်း ဂရုစိုက်ကြပါ .. ငိုက်မနေပါနဲ့ .."

ကားဂိတ်ဝင်းထဲ ရောက်တော့ မိုးလင်းလုပြီပေမယ့် အလင်းရောင် မပီသေး ..။

"လာ .. ညီလေး ဘယ်သွားမှာလဲ .. မြို့ထဲ ဘယ်ဖြစ်ဖြစ် - သုံးထောင်ပဲ .."

"အင်း .. ခဏလေး .."





လိပ်စာထုတ်ကြည့်ရင်း ကားရှေ့ အတက်အဆင်းနားမှာ ရပ်နေ ဆဲ ..၊ ဆွဲထားသည့်အိတ်ကို တက္ကစီခေါ်နေသည့် ကားသမား တစ် ယောက်က လှမ်းယူလိုက်ကာ ...

"ပေး ညီလေး .. အစ်ကို့ကို အိတ်ပေးထား .."

"ဟာ .. နေဦးလေ .. အရမ်းမဆွဲနဲ့ .."

သူ လေ့ကားနောက်တစ်ထစ်ကို ခြေတစ်ဖက်ချ၍ လှမ်းလိုက်ပေ မယ့် ကားသမားက လက်ကာ၍ ...

"ရတယ် အေးဆေးလုပ် ညီလေး .. ဘယ်မှ သွားမထည့်ဘူး .. အစ်ကို ကိုင်ပေးထားမှာ ..၊ ဒီမှာပဲ .."

တက္ကစီသမားတွေအသံက ခရီးသည်တွေ ခြေလှမ်းများလောက် ၏။ ကိုယ့်အိတ်ကို ဆွဲထားလျက် ပါစင်ဂျာ ဆွယ်နေသည့် ကားသမား ကို မျက်ခြေမပျက် လိုက်ကြည့်ရင်း လိပ်စာလည်း အေးဆေး မဖတ်နိုင် တော့ပေ ..။

နောက်မှာချထားသည့် အိတ်တစ်လုံးကို ပြန်လှည့်ဆွဲကာ အောက် ဆုံး ခြေနင်းခုံကို လှမ်းအဆင်း ...

"ဒုတ် .."

"အ..!"

ခေါင်းတစ်ခုလုံး ပူထူသွား၏။

"ဖြည်းဖြည်းလေ .. ဖြည်းဖြည်း .. ခေါင်းငုံ့ဆင်းမှပေါ့ ..၊ မင်း အရုပ်ကြီးနဲ့ .."

ခရီးသည်ချင်း နောက်ကလူကြီးက ရယ်သံနှင့်ပြောနေသဖြင့် ဒေါသထွက်ရခက်.. လိုက်ရယ်ရ အခက် ..၊ အောက်ရောက်တော့လည်း [illegible]မျက်နှာ သေချာမော့ကြည့်ပြီး ရယ်သွားသေးသည်။

"ဟဲ .. ဟဲ .."

စိတ်ကတော့ တိုချင်နေပြီဖြစ်ကာ မျက်နှာလွှဲ၍ တက္ကစီသမားကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာမိ၏။

"ညီလေး ကားငှားမှာလား .."

"အင်း .. ငှားပြီး .."

"ပေး .. အစ်ကို့ကို အိတ် .."

"ဟာ!... မဟုတ်ဘူး .. ဟေ့ လူ .. ကျွတ်!..."

ဒေါ်သက ဆထက်ထမ်းပိုး တိုးသွား၏။ စကားဆုံးအောင် မစောင့်ဘဲ အိတ်ကို နောက်တစ်ယောက်က ထပ်ဆွဲသွား၏။ အိတ်နှစ်လုံးက တစ်နေရာစီမှာ ..။

"ဟေ့ လူ .. ပြန်ပေးတော့ .."

"မများဘူး ညီလေး .. မြို့ထဲ ဘယ်သွားသွား နှစ်ထောင့်ငါးရာပဲ.. ဘာဖြစ်လို့လဲ .."

"အလကား ပို့မယ်ဆိုလည်း မလိုက်ဘူး .."

"ဘယ်လိုဖြစ်တာလဲ .."

ကားသမားတွေ ပြူးတိပြူးကြောင် မော့ကြည့်တာကို ဂရုမစိုက်ဘဲ အိတ်တွေကို ပြန်လိုက်ဆွဲကာ အားလုံးကို ကျောခိုင်းလိုက်သည်။

ဒေါ်သထွက်လို့ပေမယ့် ဝေလီဝေလင်းပဲ ရှိသေးတာ ဘယ်သွားရမှန်းလည်း မသိ ..။

"သူတို့ လာကြိုမယ်လို့ ပြောတယ် .. ဒါပေမယ့် အမေက ရက်မတိကျမှာစိုးလို့ နှစ်မျိုးပြောထားတော့ လာကြိုမယ် မထင်ဘူး .." တဲ့ ..။ သူကိုယ်တိုင်ကလည်း ဟိုနေ့ကျမှ သွားမယ် .. ဒီနေ့ မသွားဘူး ဆိုတာတွေ ဖြစ်နေခဲ့တာပါ ..။

ဘာပဲဖြစ်ဖြစ် စားသောက်ဆိုင်ထဲ ဝင်ထိုင်ပြီး တစ်ခုခု မှာစားရင်း ကားစုံစမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

"မသိဘူးဟာ .. နင်တို့ဘာသာ မေးကြည့်ပြီး ခေါ်လာခဲ့တော့.. ငါလည်း မြင်ဖူးတာ မဟုတ်ဘူး .."





"ငါတို့က နာမည်မမေးဘဲ ဘယ်လိုလုပ် ခေါ်မလဲ .."

"အေးလေ .. နာမည်မေးလိုက်တော့ 'ဟုတ်တယ်'ဆိုပြီး ရောယောင်လိုက်လာရင် ဘယ်လိုလုပ်မလဲ .."

"အဲဒီတော့ ရှာနာမည် ထပ်မေးကြည့်လိုက်ဟာ .. သွားကြပါ.. စိတ်ပျက်လွန်းလို့ .."

"ဩော် .. ကောင်းပါတယ် မမ .. ကာယကံရှင်က မလိုက်ဘဲနဲ့.."

"ဒီထိ လာကြိုရတာတောင် ဒရိုင်ဘာက ညကမှ သေမလို ထဖြစ်လို့ သိလား .. မာမိ ဆူမှာစိုးလို့ .."

"ဟုတ်ပါပြီဟာ .. ကဲ .. ဟိုဆိုင်မှာ ခဏထိုင်နေ .. ကားတွေတောင် ဆိုက်နေပြီ ထင်တယ် .."

"ပြီးရော .."

လူက အိပ်ချင်စိတ် ပြေသေးတာ မဟုတ် ..။

ပုံမှန်ဆို မနက် ရှစ်နာရီမထိုးဘဲ မထခဲ့တဲ့ ရာဇဝင်က တောသားဆိုတဲ့ပုဂ္ဂိုလ်ကို လာကြိုရဖို့ အမိန့်တစ်ခုကြောင့် ပျက်ခဲ့ရသည်။

သင်း တွေ့ဦးမယ် ..၊

စိတ်ထဲက အပြတ်အသတ် ကြိမ်းဝါးကာ စလွယ်သိုင်းချိတ်ထားသည့် အဖြူရောင်ကြိုးပြားနှင့် အိတ်အဖြူလေးကို ပခုံးပေါ် ထပ်ဆွဲတင်သည်။

ပြီးတော့ အနီးဆုံးမှာရှိသည့် ဆိုင်ထဲကို လှည့်ဝင်လာခဲ့၏။

ကားတွေဆိုက်ချိန်မို့ ဆိုင်တိုင်းမှာ လူတွေပြည့်နေကာ 'ဘာစားမလဲ' မေးနေကြသည့် ညှို့ကြိုကောင်လေးတွေကတော့ ခေါ်နေ အော်နေဆဲ ..။

"မမ ဘာစားမလဲ ခင်ဗျ ..၊ ဝင်ပါ .. အစုံရတယ် .."

ကိုယ့်ကို ကြိုဆိုရင်း စားစရာတွေ ရွတ်ပြတော့ နောက်ထပ်ဝင်လာမည့် ညှို့သည်ဆီ မျက်လုံးက မျှော်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာသုံးဆောင်မလဲ .. မနက်စာ လက်ဖက်ရည် .. ကော်ဖီ .. နွားနို့ .."

"ကျွတ်!..."

ဆု မျက်နှာလေး ရှုံ့မဲ့သွားကာ နားငြီးလွန်းလို့ ကိုယ့်နားထဲကို လက်ထည့် ကလော်မိတော့မလို ဖြစ်သွားသည်။ ကြည့်ဦး ..၊

အထဲမှာ ထိုင်စရာလည်း မရှိဘဲနဲ့ တွေ့သမျှလူ အကုန်လုံး ဆိုင်ထဲ ဝင်စေချင်နေတာလဲ ..၊

ဝင်လည်း ဝင်လိုက်မိပြီမို့ ထိပ်ဆုံး ဘေးကျကျစားပွဲကို မျက်လုံး ရောက်သွားသည်။

ထိုစားပွဲမှာ အသားညိုညို ခါးလျားရှည်ပုံ ရသည့် လူတစ်ယောက် ထိုင်နေ၏။ ပုံစံက စစ်မှုထမ်းတစ်ယောက်လိုလို .. ဘာလိုလို ..။

မြင်လိုက်တာနှင့် ယုံကြည်ထိုက်သည့် ဥပမိရုပ်မျိုးကို ဖမ်းမိကာ ဒီအကက် ခုံလွတ်မှာ ထိုင်ဖို့ ဆုံးဖြတ်လိုက်မိသည်။

သို့သော် ...

"ဟာ!.."

"အား!..."

ဆေးလိပ်မီး ..၊

လက်တစ်ဖက် ဆန့်ချထားကာ ဂျာနယ်ဖတ်နေသည့် သူ့ဘေး ဖြတ်လိုက်တာနှင့် ဆု ရဲ့ ဂါဝန်အနားစက သူ့လက်တစ်ဖက် ဆေးလိပ်ကို မမြင် ..။

"သွားပြီ .. လောင်ပြီ .."

"ဖလပ် .. ဖလပ် .."

ကုလားထိုင်မှာ ထိုင်ချလိုက်ကာ ကိုယ့်ဂါဝန်အနားစကို တဖျပ် ဖျပ် ခါထုတ်လိုက်မိ၏။

ဆု နဲ့ သူ့ကြားမှာ ဆေးလိပ်မီးဖွားတွေက ရဲခနဲ ရဲခနဲ ..





"ရှင် .. ဘယ်လိုလုပ်တာလဲ .."

"ထိုင်နေတာလေ .."

"အဲ့ဒီ ဆေးလိပ်နဲ့လက်ကြီးကို လမ်းဘက်မှာ ချပြီး တမင် ဒီလို ဖြစ်အောင် လုပ်ထားတာမို့လား .."

"တမင် လုပ်ရအောင် .. မင်းက ငါ့ကျောနောက်က လာတာ မဟုတ်ဘူးလား .."

"တောက် .."

ဒေါသဖြစ်ဖို့ကောင်းတာက သူ့လက်ကြားထဲက ဆေးလိပ်ကြီး..၊ စီးကရက်မီးဆိုရင်တောင် ဒီလောက်ထိ ဖြစ်ဖို့မရှိ ..၊

"ဒီမှာ.. မင်းအိတ်ကြောင့် ငါ့ လက်ဖက်ရည်တွေ မှောက်ကုန်ပြီ"

"ကုန်ပေါ့ .. ကုန်ပစေ .. မကုန်သေးရင် ထပ်သွန်ပစ်ဦးမှာ.."

"ဟာ!.. မင်း တော်တော် စွာပါလား .. မင်း ကျူးလွန်တဲ့အပြစ်က နောက်ကနေ နော် .. ငါက ဘာမှ မကျူးလွန်ဘဲ ခံရတာ .."

"ဘာလဲ .. ဒီလက်ဖက်ရည်တစ်ခွက်ကိုများ အလျော်ပြန်တောင်းချင်သေးလို့လား .."

"မင်းကြောင့်ပဲလေ .."

"မလျော်နိုင်ဘူး .. လိုချင်ရင်တော့ ကျွန်မဂါဝန်ဖိုး အရင် ရှင့်ဆီ ထုတ်ပေးလိုက် .."

"ဂါဝန်ဖိုး ပေးရအောင် .. မင်းရဲ့ဂါဝန်ကို ငါ့ဆီမှာ အာမခံ ထားခဲ့ လို့လား .."

"ဟဲ့ .. ဟဲ့ .. ဘာတွေ ဖြစ်ကုန်ကြတာလဲ .. ဆု ရယ် .."

သောင်းသောင်း နဲ့ ဂျင်မ် တို့ ဆိုင်ထဲကို ကမန်းကတန်း ဝင်လာ ကြ၏။ တစ်ဆိုင်လုံး၏ ပြူးစီစီ မျက်လုံးတွေက ဆု တို့ စားပွဲမှာမို့..၊

"အိမ်မှာများ မှတ်နေသလား ဆု ရယ် .. နင့်အသံချည်းပဲ တစ်ဆိုင်လုံး ဝိုင်းကြည့်ကုန်ပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသံချည်းပဲ ထွက်မှာပေါ့ .. ကြည့်ပါဦး .. အဲဒီဆေးလိပ် အစုတ်အပြတ်ကြောင့် ငါ့ဂါဝန် ပေါက်ကုန်တာ .."

"ဟယ်!... ဟုတ်ပါရဲ့ .."

ဂါဝန်အနားစကို ဖြန့်တဲ့လူက ဖြန့်ပြသည်။ ကြည့်တဲ့သူက နှမြောတာသစွာ ..။

"တဲဟာ .. နင်တို့ကလည်း .."

ပြုံးစိစိ မျက်နှာတွေကို ကျောပေးကာ ဂျင်မ် က ဆု ရဲ့ဂါဝန်စကို ပြန်ပုတ်ချ၍ ...

"ထ .. ငါတို့ လူချင်းလွဲသွားပြီ .. ဘယ်သူ့မှ မတွေ့ခဲ့ဘူး .. ပြန်မယ် .."

"ဟွန်း .."

ထထွက်ခဲ့ကာမှ ပြန်ငုံ့ကြည့်ပြီး ကျကျနန မျက်စောင်းထိုးပစ် လိုက်သည်။

ရုပ်ကြီးကိုက တိုက်ပွဲမှာ အကြိမ်တစ်ရာလောက် မိုင်းထိပြီး မသေဘဲ ထလာတဲ့ ရုပ် ..။

မီးခိုးရောင် .. ကျပ်ခိုးရောင် ပေါက်နေတဲ့ အသားမည်းနဲ့ ..။

နောက်တစ်ခါ ဆေးလိပ်ပြန်သောက်ရင် ခေါင်းနဲ့ ဖင်နဲ့ မှားပြီး ပါးစပ်ထဲ ထည့်ပါစေ ..။





အခန်း(၃)

ထွက်လာကတည်းက အလိုမကျခဲ့သည့်စိတ်က တက္ကစီသမားတွေကြောင့် ပို၍ တစ်ထစ်ချဆန်ခဲ့ရသည်။ အိတ်အကြီးတစ်လုံးနဲ့ အသေးတစ်လုံးကို တစ်လုံးကို လွယ်ကာ တစ်လုံးကို ဆွဲ၍ ကားပေါ် ရောက်လာခဲ့သည်။

"အဲဒီမှာ တက္ကစီတွေလည်း ရှိတယ် .. မင်း မြို့ထဲသွားမယ်ဆိုရင် လေကားတွေ စီးသွား ..၊ ရွှေပေါက္ကံတို့ .. မြောက်ဒဂုံတို့ဆိုရင်.."

ရှင်းပြတဲ့လူကတော့ ပြလိုက်ပါသည်။ ဗ ကွေ့ ဆိုတာရော .. အဝိုင်း ဆိုတာရော .. နားထဲမှာ ရှုပ်ထွေးစွာ ပါလာတာကို တစ်ယောက်တည်း ပြန်တွေးမရတော့မှ သိ၏။

အရေးထဲမှာ လိပ်စာက ဘယ်မှာ ကျကျန်ခဲ့မှန်း မသိ ..။

အိတ်နှစ်လုံးနဲ့ တက္ကစီသမားနှစ်ယောက်ဆီမှာ ဆွဲရင်းလွဲရင်း ကျကျန်ခဲ့တာလည်း ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်တော့ ဖတ်လိုက်သေးတာမို့ လိပ်စာကို သေချာ ရှာတ်နေရင်း မှန်မမှန် စဉ်းစားနေရ၏။

"ဒီမှာ အဲဒီအိတ်ကို ဖိလို့ မရဘူးနော် .."

"မဖိပါဘူး .. ကားက ကျပ်နေတာ ဒီလောက်တော့ ရှိမှာပေါ့"

ကောင်းကောင်း ပြန်ပြောတာပေမယ့် အမျိုးသမီးမျက်နှာက စိတ် မရှည်ခြင်းတွေနှင့် ..။

"ဟာ .. သိပ်မတိုးနဲ့လေကွာ .. အထဲမှာ ဆေးလိပ်တွေ ပါတယ်"

"ဘယ့်နှယ် ဒီအိတ်တစ်လုံးကို ဥစ္စာခြောက်နေရတာလဲ .."

"ကျွန်တော်လည်း မတိုးဘဲနဲ့ .."

"တိုးတော့ ဘာဖြစ်လဲ .. လိုင်းကားစီးပြီးတော့ .. ပစ္စည်းထိတာ မကြိုက်ရင် ခေါင်းပေါ်တင်ထားပေါ့ .."

မောင်နှမ ဖြစ်ဟန်တူသည့် နှစ်ယောက်က ပြောလည်း ပြော သည်။ မျက်နှာတွေက 'ကြိုက်တဲ့နေရာ ရွေးစမ်း' လို့ စိန်ခေါ်နေသလို မော့ချီနေကြ၏။

ကျပ်ညပ်ခံပြီး ကားတိုးစီးတော့လည်း ဒုက္ခတစ်မျိုးပါလား -

ဘေးမှာရှိကြသည့် ခရီးသည်တွေမျက်နှာ ကြည့်လိုက်တာနှင့် သူ သာလျှင် လူထူးဆန်း ..။

"မင်းထူးကျော် ပါလား .. မင်းထူးကျော် .."

"ပါတယ် .."

"ပါရင် တိုးထားမယ် .. လမ်းလေး ဖွင့်ပေးကြပါ ခင်ဗျာ - ကားကျပ်ချိန်မို့လို့ပါ .. သည်းခံပါ .."

မင်းထူးကျော် လို့ ခေါ်ထုတ်လိုက်သံကြောင့် လမ်းမှာတန်း ဆင်းသွားသည့် ကိုမြတ်ထူး ဆိုသည့်လူကို သတိရလိုက်မိသည်။

ထူး ပါတဲ့လူတွေကိုချည်း ခေါ်ထုတ်နေသလိုပါလား ..။ ဒါပေမယ့် ဒီကားပေါ်ကို တက်ခဲ့တုန်းကတော့ သူ နာမည်မပေးခဲ့ဘူး ထင်သည်





ဂိတ်ဝင်းထဲက ကားတွေပဲမို့လို့ ဒီလူတွေ နာမည်ကို အဆင့်ဆင့် ဒီနေကြတာလား ..။

ကိုယ့်အိတ်တွေကို အဆင်သင့် ဆွဲထွက်နိုင်အောင် ပြင်ဆင်ထား နာမည်ခေါ်တာကို စောင့်နေမိ၏။

"ကဲ .. မှတ်တိုင်လေးတွေပါရင် ကြိုအော်ထားနော် .. ကားက ဒစ်ကြာကြာရပ်မှာ မဟုတ်ဘူး .. ပြန်ထွက်ရဦးမှာ .."

"သားထူး ပါတယ်ဗျို့ .."

"ဟင် .."

"ခစ် .. ခစ် .. ခစ် ..."

"ဟဲ့ .. သားထူး မှတ်တိုင် ရှိလို့လား .."

"ဟား .. ဟား .. ဟား ..."

သားမြတ် ကြောင်တောင်တောင် ဖြစ်သွားသည်။

ဘာလဲ .. ဘာကိစ္စ ပြုံးစိစိတွေ ရယ်နေကြတာလဲ ..။

"ညီလေး သားထူး လား .. ဗထူး လား ..။ ဗထူး ဆိုရင် ရွှေပေါက်ကံ ခရှိဘူး ..။ မြောက်ဒဂုံမှာပဲ ရှိတာ .."

"ဟင်!..."

ဘေးက လူကြီးတစ်ယောက်က သူ့နား ကပ်ပြောသည်။ ဒါပေ အားလုံးပဲ ငုံ့ကြည့်နေကြတာ ဖြစ်ကာ ...

"ကားမှားစီးလာတာ ဖြစ်မှာပေါ့ .."

ဘယ်ကမှန်း မသိသည့် ဝေဖန်သံ ထွက်လာသည်။

"ဟုတ်လား .. ငါ့ညီက ဘယ်သွားမှာလဲ .. ဗထူး မှာ ဆင်းမှာမို့ .."

"ဗထူး မဟုတ်ပါဘူး .. ကျွန်တော့်နာမည်က သားထူး ပဲ ဥစ္စာ"

"ဟား .. ဟား .. ဟား ..."

"ခစ် .. ခစ် .. ခစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"နယ်ထာ လာတာ ထင်တယ် .."

"ဒေါ်တောတောနဲ့ .."

ချွန်းခနဲ ဝုထုသွားသည့် ရှက်သွေးက တစ်ကိုယ်လုံးကို မီးပွဟပ်သွားသလိုဝင် ..။

သေလိုက်တော့ သားမြတ် ..၊

ကားမှားစီးလို့ မှတ်တိုင်မှားတယ်ဆိုတာတောင် ကြားကောင်းဦးမည်။ ခုတော့ ကိုယ့်နာမည်ကိုတောင် ပြောလိုက်သေးသည်။

ကားပေါ်ကနေ ဆင်းကျန်ရစ်ပေမယ့် ဝေးကွာသွားသည့် ကားကြီးနဲ့အတူ လွင့်မျောပါသွားသလို မတ်တတ်ရပ်နေရတာ ရပ်နေမိတယ်မထင် ..။

"တောက်!..."

အဲဒါတွေကြောင့် မသွားချင်ခဲ့တာ ဒီလမ်း ..၊





## အခန်း(၄)

"ဟလို .."

"အခု ဘယ်မှာလဲ သမီး .."

"ဆု .. ဆု တို့က .."

ကိုယ့်ရှေ့က မှန့်ပွဲတွေကို အကြည့်ရောက်ပြီးမှ ...

"ကားပေါ်မှာ မာမီ .."

"ကားပေါ်မှာက ကားသံလည်း မကြားပါလား .."

အရေးထဲမှာ သောင်းသောင်း က အအေးသောက်ဦးမလား မေးနေဖြင့် ခေါင်းခါပြနေရသေးသည်။

"ကားက ဘာဖြစ်နေမှန်း မသိလို့ မာမီ .. ခဏခဏ ရပ်ချင်နေတာ .."

"သြော် .. ကားကပဲ ခဏ ခဏ ရပ်ချင်နေတယ် ဖြစ်ရဦးမယ်၊ အခု ရပ်ချင်နေလို့ ကားသံ မကြားရတာလား .."

"မာမီကလည်း ပြောမှာ ပြောတာ မဟုတ်ဘူး .. တကယ်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောဖို့ဆေမယ့် ညည်း ဒီလမ်းကြောင်းပြပြီး ရောက်ချင်တဲ့လမ်း ရောက်နေမှာ သိလို့လေ .. အခု ရွာကို မာမီ ဖုန်းဆက်ပြီးပြီ .. သားမြွတ်ခန်းလုန့်ကို သွားပြီတဲ့ .. ခုထိ ရောက်မလာသေးဘူးဆိုလို့ ဟိုကလူတွေ သည်း စိတ်ပူနေကြတယ် .."

သေလိုက်ပေါ့ ..၊

သူတို့သားက မျက်စိသူငယ် နားသူငယ်နဲ့ မိန်းမငယ်လေးမို့လို့ လား ..၊

ဖုန်းကိုင်ရင်း ဆု နှုတ်ခမ်းလေး မဲ့ရွဲ့နေ၏။

"အခု သေချာ လိုက်ပတ်ရှာစမ်း .."

"မာမီရယ် .. လူကိုလည်း ဆု မမြင်ဖူးဘူး၊ ခုခေတ်က တော်ပုံ မြို့ပုံ ဘယ်လိုခွဲခြားရမှန်း မသိအောင် ဝတ်တတ် စားတတ်နေကြတဲ့ ဥစ္စာ .."

"ဟဲ့ .. ပါးစပ်က လော်စပီကာဖြစ်နေပြီ .. ရှော့ အအေးသောက်"

ကြာဆံချက်ကို ငရုတ်သီးတွေ ထည့်သောက်နေတာမို့ စပ်လွန်းသဖြင့် နီရဲနေသည့် နှုတ်ခမ်းနှစ်လွှာက မစေ့နိုင် ..။

နှုတ်ခမ်းဖျားမှာ ပိုက်လေး လာတစ်ပေးသဖြင့် ဖုန်းပြောရင်း တစ်ငုံလောက် စုပ်ယူလိုက်တာ ချက်ချင်း သက်သာသွား၏။

"အား .. ကောင်းလိုက်တာ .."

"ဘာ!..."

"မဟုတ်ဘူး .. စပ်လို့ .."

"ဘာပြောတယ် .."

"ဟာ .. မဟုတ်ပါဘူး .. ကားထဲမှာ ပါလာတဲ့ မရန်းပေါင်းထုပ်တွေ့လို့ စားနေတာ .. အဟွန်း .."

ဖြီးဖြန်း ပြောလိုက်ရင်း သောင်းသောင်း ကို လက်မလေး ထောင်ပြမိသည်။





ထို့ကြောင့် သောင်းသောင်း က အလိုက်တသိ ပိုက်လေး လာတပ်ပေးပြန်၏။

"တော်ပြီ .. ရပြီ .."

"ဘာရယ်!..."

"ဟာ .. မာမီ့ကို ပြောတာ မဟုတ်ပါဘူး .. ဟုတ်ကဲ့ပါ .. ခုပဲ ပတ်ရှာနေပြီဟာကို .. တောသားဆိုတော့ ရုပ်ရှင်တွေထဲမှာလို ငှက်ပျောခိုင်ကြီးတွေ .. ဘူးသီးတွေများ ထမ်းလာမလားပဲ .."

"ထမ်းလာလာ .. မလာလာ ငါ ညည်းအဖေကိုပါ ဖုန်းဆက်ပြောထားတယ်၊ သူလည်း ရှာနေပြီ .. သေချာ မျက်စိရှင်ရှင်ထားပြီး ရှာ .. တစ်ချက်မှ မနားနဲ့နော် ..၊ တော်ကြာ မိုးချုပ်သွားလိမ့်မယ် .."

"ဟုတ်ကဲ့ပါ .. မိုးချုပ်သွားရင် ယောက်ျားလေးဆိုတော့ မတွေးရဲစရာလေ .."

"အထွန့်မတက်နဲ့ ဆုထူးပန် .. မြို့ကြီးပြကြီးမှာ ယောက်ျားလေးသည်း ဒုက္ခတွေ့နိုင်တာပဲ ..၊ မိန်းကလေးဖြစ်ဖြစ် .. ယောက်ျားလေးဖြစ်ဖြစ် အသွားမတော် တစ်လှမ်း .."

"မာမီ့သမီး အဝေးပြေးဝင်းထဲကို အသွားမတော် တစ်လှမ်း ဖြစ်ပြီး ဂါဝန် မီးလောင်ခဲ့ရတာကျတော့ စိတ်မပူပေးဘူးလား .."

"စီးကရက်ကို ညည်းပဲ ဝင်တိုက်တာဆို .."

ဆု ရဲ့မျက်လုံးတွေ သောင်းသောင်း ဆီ ဒိုင်းခနဲ ရောက်သွား၏။

"သောင်းသောင်း ပြောတာလား .."

'ဘာလဲ .. ငါ မပြောဘူး' ဆိုပြီး မမြင်မစမ်း ရှင်းပြနေသည့် သောင်းသောင်း မျက်နှာလေးက ဆု ရဲ့ဘေးမှာ လက်ခါ ခေါင်းခါနှင့်...

"ညည်းတို့ပဲ ပြောနေကြတာလေ .. အဲဒါမျိုးတွေ ဖြစ်တာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားဦး၊ ဘယ်နေရာဖြစ်ဖြစ် မိန်းကလေးအပေါ် အန္တရာယ်ပြား မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ပိပိပြားပြား ဆိုတာကြီးကို လက်ဆွဲပြနိုင်လို့လား ..၊ ဘယ်လို ပုံတုံးကြီးလဲ ...။

မာမီ့စကားတိုင်းကို အသံတိတ် တုံ့ပြန်နေမိရင်း ကြာဆံချက်ကြောင့် ရေတ်သီးစပ်နေတာတွေလည်း ပြေ၏။

"သောင်းသောင်း ဘယ်မှာလဲ .. ဟိုကောင် ခုထိ မလာသေးဘူး"

"ဟုတ်ပ .."

"ဟုတ်ပ မနေနဲ့ သွားမယ် .. တော်ကြာ ဒက်ဒီ တစ်နေရာကနေ ငါတို့ကိုမြင်ပြီး မာမီ့နားထဲ ရောက်သွားရင် ကွိုင် .."

ဖုန်းကို ဆလင်းဘက်ခ်ထဲ ပြန်ထည့်၍ ဆိုင်ထဲက ထွက်လာခဲ့ကြသည်။

"အစုတ်ပလုတ် ဂျင်မ် .. သူ့များ အားကိုးရမလား မှတ်ပါတယ်"

"ဒီကောင် တစ်ခုခု အလုပ်ရှုပ်နေလို့ ဖြစ်မှာပါ .. သူက မော်ဒယ်လ်ပဲဟာ .."

"တော်ပါ သောင်းသောင်း ရယ် .. မအေနဲ့ အစ်မက သူတို့မောင် ရုပ်ရှိရေလျှံလေးဆိုပြီး စိတ်ကူးတွေ ယဉ်နေကြတာ .. အောင်မြင်ကျော်ကြားရလောက်အောင် နုချောနေတဲ့ပုံတော့ မဟုတ်ပါဘူး .."

"ဂျင်မ်က ချောတော့ ချောပါတယ် .. အရပ်လေး နည်းနည်းလေးပဲ လိုနေတာ .."

"သူ့အစ်မကို သွားမေးကြည့်ပါလား .. သူ့မောင်လောက် ချောတာ မရှိဘူးပဲ .."

ကားမောင်းနေရင်း အတင်းပြောကြတာလည်း သောင်းသောင်းနဲ့ ဆု အတွက်က မဆန်းတော့ပေ ..။

"နင်တို့နှစ်ယောက် ခုမှ တွေ့ကြတာလည်း မဟုတ်ဘဲနဲ့ စကားများလိုက်တာဟာ .. ကားမောင်းတာ သိပ်အာရုံများလို့ရတာ မဟုတ်ဘူး .. သတိလည်း ထားဦး" လို့ ဂျင်မ် ပါရင် ပြောနေကျ ..။





"ဟဲ့ .. ဘာလဲ ..၊ ဘာဖြစ်သွားတာလဲ .."

"ရပ်သွားတာ .."

"ဟုတ်တယ်လေ .. ရပ်သွားတာကို မေးတာပဲ .. ဘာဖြစ်သွားတာလဲ .."

"ငါလည်း ဘယ်လိုလုပ် သိမှာလဲ ..၊ သေချာတာကတော့ မာမီ့ကို ကားပျက်ချင်နေပြီ ပြောမိလို့ ငရဲကြီးတာ .."

ကားက အဟုတ်ပဲ ထိုးရပ်သွား၏။ ပိုဆိုးတာက မိုးဖွဲလေးတွေ ကျလာပြီမို့ လမ်းပေါ် ဆင်းကြည့်ရဖို့လည်း အဆင်မပြေ ..။

"ဒုက္ခပါပဲ .. နင် ကြည့်တတ်ရင် ဆင်းကြည့်လေ .. ငါ ထီး ဆောင်းပေးမယ် .."

"ထီးမှ မပါတာ .."

"ဟင်!..."

နာရီကို ကြည့်တော့ ညနေ လေးနာရီခွဲ ..၊

မိုးတွေ အုံ့လာသဖြင့် နေတော်တော်စောင်းခဲ့ပြီလို့ ထင်ရသည်။

ဆု က ပြောသာပြောနေပေမယ့် တံခါးဖွင့်၍ ဒီတိုင်း ဆင်းသွား၏။

"ဟဲ့ .. ဆု ရယ် .. နေပါဦး .."

သောင်းသောင်း ကားပေါ်မှာပါသည့် တဘက်လေးကိုင်ပြီး အတင်း လိုက်ခြုံပေး၏။ ဒါပေမယ့် သူလည်း မလုံ .. ကိုယ်လည်း မလုံ ..။

"ဖယ်စမ်းပါ .. မိုးဖွားလေးတွေ ကျတဲ့ဥစ္စာ .. သွားဝင်နေ သွား.."

"မဝင်ချင်ပါဘူး .. ကားက ဘာဖြစ်တာလဲ .."

"မသိဘူး .."

"ဟင် .. ကြည့်နေပြီးတော့ .."

"ကြည့်ပေမယ့် ငါ သိသလောက်မှာ ဘာမှမှ မတွေ့တာ .."

"ဘယ်လိုလုပ်မလဲ .. လမ်းကွေ့ကြီးမှာ .."

"မတတ်နိုင်ဘူး .. ဖရီးကြောထဲမှာပဲဟာ .. ဟိုဘက်မှာ တစ်စီးစာ



www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိသေးတာပဲ .. ဒီတိုင်း လော့ခ်ချခဲ့ပြီး ထားခဲ့မယ် ..''

"ဒီတိုင်း ..''

"ဝပ်ခ်ရှော့ကို ဖုန်းဆက်မှာပေါ့ ..''

"အေးလေ .. ကားငှားပြီး ဆက်ရှာမလို့လား ..''

"မရှာပါဘူး .. ကားပျက်သွားတာ ကျေးဇူးတောင် တင်ရသေးတယ် .. ဒီတောသား မိုးလင်းတည်းက ငါ့ကို အငြိမ်မနေရအောင် ဒုက္ခပေးတာ ..''

"တောသားက ဒုက္ခပေးတာ မဟုတ်ပါဘူး .. နင်တို့ ဒရိုင်ဘာက ဒီနေ့ကျမှ အောင့်တယ် .. နာတယ် ထဖြစ်တာကိုး ..''

"အတူတူပဲ .. ဒီနေ့လောက် စိတ်ညစ်ရတာ မရှိဘူး .. ဒီထောင့်ကနေ ကားတားပြီး ပြန်မယ် ..''

ဆု က ပြောသည့်အတိုင်း အကောင်အထည် ဖော်သည်။ ဒါပေမယ့် လာသမျှ ကားတွေက လူမပါတာ မရှိ ..။

"ခုကျမှပဲ တက္ကစီ ရှားလိုက်တာနော် ..''

သောင်းသောင်း က တဘက်ကို ခေါင်းပေါ်တင်ထားဆဲနှင့် ညည်း၏။

"ဟိုမှာ တက္ကစီ လူမပါဘူး .. တားလိုက် ..''

သောင်းသောင်း ကို တစ်ဆင့်ပြန်နိုင်းပြီး သူမက မာမီ့ဆီ ဖုန်းခေါ်ပြီး ဖြစ်နေသဖြင့် ...

"ပြန်ခဲ့တော့မလို့ ..''

"ဒါဆိုလည်း မြန်မြန် ပြန်ခဲ့လေ .. ကားလာယူပြီး ပြန်ထွက်ရမှာ ..''

"မာမီကလည်း မာမီ့သမီးက မိန်းကလေးနော် ..''

"သြော် .. ကိုယ့်ကားနဲ့ကိုယ် သွားလာတာပဲအေ .. မိုးလည်း မချုပ်သေးပါဘူး .. သောင်းသောင်း လည်း ပါနေတာပဲဟာ ..''





အိမ်ပြန်ရောက်တာတောင် နားရမှာ မဟုတ်တာ တွေးကာ ထိုးရပ်သွားသည့် တက္ကစီကို လှမ်းကြည့်မိလျှင် ...

"ဟာ!... ကျွန်မ တားလိုက်တာပါ ..''

"ဟုတ်ပါတယ် တူမကြီးရယ် .. တိုက်ဆိုင်တာပါ၊ ဒီက တူမောင်က ဟိုဘက်က လှမ်းတားလိုက်တာ .. ဟိုမှာ ရပ်လို့မရလို့ ဒီမှာ လာရပ်ရတာ ..''

"ဘာဖြစ်နေတာလဲ သောင်းသောင်း ..''

"တက္ကစီ ငါ တားလိုက်တာပါ .. အဲ့ဒါ ဟိုလူက တားပြီးသားဖြစ်နေလို့တဲ့ ..''

ဟင်!...

ကားထဲကို အကျအန ဝင်ထိုင်လိုက်သည့် မျက်နှာကို သေချာလိုက်ငုံ့ကြည့်မိကာ ဆု မှတ်မိသွားသည်။

ဒါ မနက်က အဝေးပြေးဝင်းထဲက လူ ..၊

သူကလည်း ထိုင်လိုက်ပြီးမှ အပြင်ကို မျက်လုံးရောက်ကာ ဆုနဲ့ မျက်လုံးချင်း ဆုံသွား၏။

သူမ ..၊

မနက်တုန်းကတော့ စိမ်းပြာရောင်ဂါဝန်နဲ့ ဂျင်းဂျက်ကက်လေးဝတ်ထားကာ ဆံပင်တွေကို နဖူးကနေ သိမ်း၍ ဘီးကုပ်နဲ့ ထိုးကပ်ထားသာ ဖြစ်သည်။

ခုကျတော့ နဖူးမှာ ကကြိုးပုံလေး ပေါ်ကာ ပခုံးအောက်သာသာ ဆံနွယ်တွေက အခွေအလိပ်လေးတွေ တချို့တစ်ဝက် ဖြစ်၍ ...

"ဒီမှာ ဦးလေးကြီး .. မိုးက သည်းတော့မှာ .. ကျွန်မတို့လည်း အသွားဦးရမှ ဖြစ်မှာ ..''

ဒီလူကို မြင်လိုက်တာနှင့် မရမက အနိုင်တိုက်ဖို့ စိတ်ကူးက ချက်ချင်းဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ အရေးကြီးလို့ပါ .. မိုးချုပ်တဲ့အထိ ဆွဲမှာ .. ကျသင့်ကားခ နှစ်ဆ ပိုပေးပါ့မယ် ..၊ လုပ်ပါ .. သူက ယောက်ျားလေးပဲ ချောင်းကား ဆက်စောင့်လည်း ဘာမှမဖြစ်ဘူး"

"တူမကြီးရယ် .."

"ဦးလေးကလည်း ပြောရခက်နေပြန်ပြီ .. ဒီမှာ .. ရှင် ယောက်ျားကြီးတစ်ယောက်ပဲရှင် မိန်းကလေးတွေနဲ့ ပြိုင်မလုစမ်းပါနဲ့ .. ဒီ ဦးလေးကြီးလည်း ပါစင်ဂျာ ထပ်မရှာရဘဲ ပိုက်ဆံတွေ အများကြီး ရဦးမှာ.. ရှင် သဘောထားကြီးပေးလိုက်ပါ .."

ဆုံ က ကားဆရာကို ပြောလိုက် .. သူ့ကို ပြောလိုက်နှင့် မရမက တိုက်ထုတ်ဖို့ တာစူ၏။

"ဟား .. ယောက်ျားကြီးတစ်ယောက်လည်း လိုအပ်ချက်တွေ ရှိတာပဲ .. မိန်းကလေးတွေမှ ဒုက္ခရောက်တတ်တာ မဟုတ်ဘူး .. ဦးလေး မောင်းဗျာ .."

"အို .. နေဦး ဦးလေး .. သူ့ပိုက်ဆံလည်း ဦးလေး ယူရသေးတာ မဟုတ်ဘဲနဲ့ နာခံစရာ မလိုပါဘူး ..၊ ဘယ်သူ အရင်တားတား .. ကားရပ်တာက ကျွန်မတို့ရှေ့မှာဆိုတော့ ကျွန်မတို့နဲ့ ဆိုင်တယ် .."

ကားဆရာ ခေါင်းကုတ်၍ ဘာပြောရမှန်း မသိ ..၊ ဆု က ကားဆရာ၏ရှေ့က စတီယာရင်ကို ဖမ်းဆွဲထားတာ နည်းနည်းမှ မလွှတ်..

"ဒီလို လုပ်ကြပါလား .. နှစ်ယောက်စလုံးကို လိုက်ပို့ပါ့မယ် .. မိန်းကလေးတို့က မိန်းကလေးတွေဆိုတော့ အရင်ပို့ပေးမယ်၊ ငါ့တူက ဘယ်သွားမှာလဲ .."

"ကျွန်တော်က .."

ပြောစရာမလိုဘဲ လိပ်စာထုတ်ပေးလိုက်ရုံနဲ့ ပြီးပေမယ့် သူ့မှာက လိပ်စာ မပါတော့ပေ ..။

"မဖြစ်ဘူး ဦးလေး .. ဒီကားနဲ့ လူသုံးယောက် ဘယ်လိုလုပ်





ဖြစ်မှာလဲ .. ကျွန်မတို့ကလည်း လူစွဲ မစီးနိုင်ဘူး .."

"တူမောင်က ရှေ့မှာ လာထိုင်လိုက်ပါကွာ .. ဘယ်ကို သွားမှာလဲ .."

"အဲ .. ကျွန်တော်လည်း ခွာညိုလမ်းပဲ သိတာ .. ခြံနံပါတ်က A 28"

ဟင်!...

သောင်းသောင်း နဲ့ ဆု မျက်လုံးချင်း ဆုံသွားသည်။ ပြီးတော့ ဆု ရဲ့အကြည့်တွေ ထိုသူဆီ အလန့်တကြား ပြန်ရောက်၏။

ဒီလူက သားထူးသားမြတ် လား ..၊

နောက်ထပ် သောင်းသောင်း နဲ့ မျက်လုံးချင်း ပြန်ဆုံတော့ သောင်းသောင်း မျက်နှာက ဝမ်းသာအားရ ..၊

"ဒီမှာ .. ရှင် ဘယ်ရွာက လာတာလဲဟင် .."

"ဘယ်ကလာလာ .. မင်းနဲ့ ဘာဆိုင်လဲ .."

"အံမာ .. ယောက်ျားဖြစ်ပြီးတော့ နှုတ်ခမ်းပါး လျှာပါး .."

"မင်း ဘာပြောတယ် .."

မေးတာက တစ်ယောက် .. ဝင်ရန်တွေ့တာက တစ်ယောက် ..၊

သားမြတ် အဲဒီလို အပြောခံရတာကို ဒေါသအထွက်ဆုံး ..၊

"ဦးလေး မောင်းဗျာ .. အဲဒီခြံ မတွေ့မချင်း ရှာမယ် .. ကျသင့်တာ ..တ် သုံးဆ ပေးမယ် ..၊ ဘယ်သူမှ ခေါ်မတင်နဲ့တော့ .."

ဘယ်သူကရော ပိုက်ဆံမရှိ ရှားပါးနေလို့လဲ ..၊

ဒေါသနှင့် မာနက ပွက်ပွက်ဆူ၏။

"ဒီမှာ .. ရှင်က သားထူးသားမြတ် ဆိုရင် မေးတာကိုတော့ ပြန်ဖြေဖို့ လိုတယ်နော် .."

ဟင်!...

သားမြတ် ရဲ့ မျက်နှာပေါ်က ဒေါသတွေ ဖြုတ်ခနဲ ကြေပေါင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဆု က ခဲ့ပြီး ချုတ်စောင်းထိုး၏။ ပြောတော့ ပြောရမှာပေမယ့် သူမ အလိုဆို ဒီလူကို ဒီလောက် မြန်မြန်နဲ့တော့ စိတ်ချမ်းသာမှု မပေးနိုင်..၊

ထို့ကြောင့် သောင်းသောင်း ကို မကျေမနပ် ကြည့်မိ၏။ သူမက ခြေချင်းချိတ်ဟန်ဆောင်နေကာ ...

"ပြောပါ.. ရှင် ဘယ်သူ့အိမ်ကို ရှာနေတာလဲ..၊ အိမ်ရှင်နာမည်.."

"အံမာ .. ရူးရူးစမ်းစမ်းနဲ့ ကြီးကျယ်နေလိုက်တာ .. လူကို ကြည့်ပုံက .."

"ဟုတ်ပ .. ရှင့်ကိုများ ကျွန်မတို့က ညာခေါ်သွားမယ် ထင်လို့လား .."

"နေပါဦး .."

သူ ဆုထူးပန် ဆိုသည့် သူမကို ဓာတ်ပုံကြည့်ထားတာပဲ ..၊

သားမြတ် ရဲ့အကြည့်တွေ သူမတို့နှစ်ယောက်ဆီ ဝေ့ဝေ့ဝဲဝဲ ပြေးလွှားနေပြန်သည်။

ဓာတ်ပုံထဲမှာ ဒူးဖုံးရုံ တစ်ခြမ်းစောင်း ကိုယ်ကျပ်အင်္ကျီရဲရဲ - နှုတ်ခမ်းနီရဲရဲနှင့် ပြီးတော့ ဆံပင်က နားရွက်ကုပ်ပုံ တိုတိုလေးရယ် -

"မင်းတို့နှစ်ယောက်ထဲက ဆုထူးပန် က ဘယ်သူလဲ .."

အံမာ .. မေးတာကို မဖြေဘဲ မေးခွန်းပြန်ထုတ်နေလို့ ..၊

ဆု ဒေါကန်သွားကာ ...

"သူ .."

"ဟမ်!..."

ကိုယ့်ကို လက်ညှိုးထိုးလိုက်တော့ သောင်းသောင်း မျက်နှာသေ မအီမလည် ဖြစ်သွား၏။ သားမြတ် ကလည်း သက်ပြင်းချ၍ -

"တော်သေးတာပေါ့ .."

"ဘာ!..."

"ဘာဖြစ်ဖြစ် မင်းနဲ့ မဆိုင်ပါဘူး .."





လူပါးဝတာ ကြည့် ..၊

ဆု ကားထဲကို ဆောင့်အောင့်ဝင်ထိုင်လိုက်တာ သိမ့်ခနဲ တုန်သွားသည်။ ရှေ့ခန်းမှာ ဝင်ထိုင်ပြီးမှ သူကလည်း မှန်ထဲကနေ လှမ်းကြည့်ပြီး ခပ်တည်တည် ..၊

"တောက်!..."

ဒေါသဖြစ်လွန်းသဖြင့် ပေါ်တင် တက်ခေါက်မိ၏။ သူက 'ဘာဖြစ်တာလဲ' ဆိုသည့် နောက်ထပ်အကြည့်နှင့် ...

"ဆောရီးနော် ဆုထူးပန် .. မသိကြလို့ အဆင်မပြေစရာတွေ ပြောမိတာပါ .. ဆောရီး .."

"ဟင် .. အဲ .. ရ .. ရပါတယ် .."

သောင်းသောင်း ငေးခနဲ ကြည့်နေပြီးမှ ခေါင်းညိတ်ရသည်။

ဘယ်လိုလုပ်ရမလဲ ..၊

ဒီမိန်းမ ဘာတွေ လျှောက်ပြောချလိုက်တာလဲ .. မဟုတ်က ဟုတ်ကတွေ ..၊

သောင်းသောင်း ခေါင်းညိတ်လိုက်ခြင်း .. ခေါင်းခါခြင်းရဲ့ ကြားမှာပဲ ကိုယ့်ခေါင်းကို ပုံစံအသေ လုပ်ထားလိုက်ချင်တော့သည်။

ခေါင်းခါလို့လည်း မဖြစ် .. ညိတ်လည်း မညိတ်ချင် ..။

"ကဲ .. ဒါဆို .. ဦးလေး မောင်းလို့ ရပြီနော် .."

အရေးထဲ ကားဆရာက ရယ်နေသေးသည်။

သောင်းသောင်း ဆု မျက်နှာ တင်းမာရဲတွတ်နေတာကို ငဲ့ကြည့်၍ ချင်စော် နံ၏။

ဒီလူနဲ့မှ ကြံကြံဖန်ဖန် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဘယ်လိုတွေဖြစ်လို့ လွဲကုန်ကြတာလဲကွယ် .. တော်သေးတာပေါ့ .. အိမ်ကို တန်းတန်းမတ်မတ် ရောက်လာသေးလို့ .."

"အပွန်း .. ကျွန်တော်လည်း တက္ကစီသမားတွေကို ဒေါ်ပွင့်ပြီးလိုင်းကားပေါ် တက်ထိုင်နေလိုက်တာလေ .. ကားမှားစီးပြီး ရှာလည်နေတာ .."

"ဟား .. ဟား .. ဟား ..."

ဦးသိန်းဖေ ကတော့ သားမြတ် ကို လှူကိုမြင်လိုက်ကတည်းကယောက်ျားပီသသည့် ရုပ်ရည်သွင်ပြင်ကို သဘောကျပြီးသားပါ။

ထို့ပြင် ရန်ကုန်အဝင်မှာတည်းက အရှက်ရလာတဲ့ကိစ္စကို မကွယ်မဝှက် ပြန်ပြောပြနေတာကိုလည်း ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်နေ၏။

အရှိကို အရှိအတိုင်း ရိုးသားစွာ ဝန်ခံတတ်တဲ့ အကျင့်တစ်ခုတည်းကို အမှတ်ပေးရင်း သမက်အဖြစ် နေရာပေးခြင်းမှာ သားမြတ် က ဂုဏ်ထူးမှတ်အထိ တစ်ခါတည်း တက်၏။





"သမီးရေ .. ဘယ်ရောက်သွားတာလဲ ..၊ အိမ်ထဲဝင်တည်းက ပျောက်သွားလိုက်တာ .. လာဦး ထွက်ခဲ့ဦး .."

အပြင်က ခေါ်သံကြောင့် သောင်းသောင်း မျက်လုံးဝိုင်းသွား၏။

"ကဲ .. ခေါ်နေပြီ .. သွားစမ်းပါ ဆု ရယ် .. အမိပွာယ် မရှိတာကို .."

"အဓိပ္ပာယ် ရှိရှိမရှိရှိ အဲဒီတိုက်ပေါ်ကြီးကို ငါ လုံးဝ မယူနိုင်ဘူး .."

"သြော် .. ဟုတ်လား .. ဆု က ငါ့ပါလို့ ရှင် လက်ညှိုးထိုးပြလိုက်တာနဲ့ လူစားထိုးပြီးတော့များ ထွက်ပြေးဖို့ ကြံချင်နေတာလား .."

"ဟုတ်တယ် .. တကယ် သိပ်စိတ်ညစ်တာပဲ .. ပွန်း .."

ခေါင်းက ဆံပင်တွေကို ဖွလိုက် ပြန်ဖိလိုက် ခြေဆောင့် ရှုံ့မဲ့ရင်းနှင်းစရာတစ်ခုကို သတိရသွားပြန်သည်။

"သင်းကများ ဆုထူးပန် က ငါ မဟုတ်လို့ပဲ 'တော်သေးတာပေါ့' ဆိုနေသေးတယ် .."

"ဒါကတော့ နင်နဲ့ချည်းပဲ ရန်ဖြစ်နေရတာကိုး .."

"ရန်ဖြစ်ဖို့ချည်းပဲ ပြောနေရတဲ့အကြောင်းတွေကိုရော တွေးကြည့်စမ်းလေ .. ရုပ်ကြီးကိုက 'အသံကြား ဆဲချင်ပါစေ .. မျက်နှာမြင် ဖနောင့်နဲ့ ပေါက်ချင်ပါစေ' ဆိုတဲ့ ဆုနဲ့ ပြည့်နေတာ .."

"အမလေး .. သူများကို ကဲ့ရဲ့နေလိုက်တာ .. ကိုယ့်မျက်နှာမှာ အဲဒီဆု ပြန်ပေါ်နေဦးမယ် . .. မယ်မင်းကြီးမ .."

"သောင်းသောင်း နော် .."

"ဟုတ်တယ် .. နင့်မျက်နှာ ဘယ်လောက် မဲ့ရွဲ့ စူပွနေလဲ မှန်လေးဘာလေး ပြေးကြည့် .."

"ဟဲ့ .. ဆု ရေ .. သမီးတို့ ဘာလုပ်နေကြလဲ .."

"တွေ့လား .."



www.burmeseclassic.com

www.burmeseclassic.com



မိဘရှေ့မှာတော့ ဘယ်လိုမှ ညာလို့ မဖြစ်တော့တာကို သိနေသဖြင့် ဆု ကွယ်ရာမှာ အစွမ်းကုန် စိတ်ပျက် မဲ့ရွဲ့ပစ်လိုက်ပြီးတာနှင့် —

"လာပြီ မာမီ .."

"လာ .. သမီး .. သောင်းသောင်း လည်း ထိုင်ဦး ..၊ သမီးကိုလည်း ကျေးဇူးတင်ပါတယ်ကွယ် .. မိုးမလင်းခင်တည်းက သမီးနဲ့ တကောက်ကောက် လိုက်ပေးနေရတာ .."

"ရပါတယ် အန်တီ .. သမီးက ဒီအိမ်မှာ လူစိမ်းမှ မဟုတ်တာ—ရက်နှစ်ဆယ် တစ်လထိတောင်, နေခဲ့ဖူးတာ .. ပြောရမယ့်လူတွေ မဟုတ်ပါဘူး .."

"အေး .. သမီး ခုလည်း ညစာ စားပြီးမှ ပြန် ..၊ သမီးအိမ်ကို သမီးအန်တီ ဖုန်းဆက်ထားပြီးပြီ .."

"ဟုတ်ကဲ့ .."

သောင်းသောင်း မလုံမလဲနှင့် မျက်လွှာပင့်ကြည့်လိုက်မိသည်။ သားမြတ် ဆိုသူ၏ မျက်လုံးစူးစူးတွေက ဆု နဲ့ သူမထံမှာ နှစ်ပတ်လောက် လှဲ့တိုက် ဝေ့ဝဲသွား၏။

ပြီးတော့ ဆု တမင်ညာလိုက်တာကို သဘောပေါက်သွားသည် မထိတထိ မဲ့ပြုံးက အောက်မေးဖျား တစ်ချက် လှုပ်ခတ်သွားရဲ့ —

"သားရေ .. ဒါက အန်တီ့သမီး ဆုထူးပန် လေ .."

"ဟုတ်ကဲ့ မှတ်ထားပါ့မယ် .."

ငေါ့လိုက်တာမှန်း သိလိုက်သဖြင့် ဆု အကြည့်တစ်ချက် ရှ[illegible] ရောက်လာသည်။

သူက ခပ်တည်တည် မျက်နှာလွှဲ၏။

"သမီးက သူ့ဖအေရဲ့ ပွဲရုံလုပ်ငန်းတွေကိုလည်း စိတ်မဝင်စား[illegible] စက်မှုဇုန်မှာ အခု စားသောက်ကုန်ထုတ်စက်ရုံ တည်ဖို့အတွက် အ[illegible]





အဆင်သင့်ဖြစ်နေပြီ .. ဒါလည်း ဖအေကို ကူညီရကောင်းမှန်း မသိသေးဘူး .. အန်တီတို့က သားတစ်ယောက် ထပ်လိုချင်တော့ သမီးကိုပဲ အိမ်ထောင်ချပေးဖို့ စဉ်းစားရတာလေ .."

"မာမီကလည်း .."

"နှစ်ယောက်စလုံး သိထားအောင် ပြောပြထားတာ သမီး .. နှစ်ဖက်လူကြီးတွေကလည်း ကိုယ့်သားသမီးတွေကို ပြောပြထားကြပြီးသား .. လက်ထပ်ပေးဖို့ကျတော့ လောလောဆယ် လူကြီးချင်းတွေ့ဖို့ အဆင်မပြေကြသေးဘူးလေ .."

"အဲဒါ ခုလည်း မဟုတ်သေးဘဲနဲ့ ပြောထားဖို့ မလိုပါဘူး မာမီ.. အခြေအနေဆိုတာ .."

"မိဘရဲ့စကားကို ရှေ့မှာတင် ဝေဖန် ေတာ်လှန်ဖို့ ကြိုးစားနေတာ[illegible]ား သမီး .."

"မဟုတ်ပါဘူး .."

"မဟုတ်ဘူးဆိုရင် အသာငြိမ်နေလေ .. သမီးကို ဒက်ဒီတို့ ပြောပြ[illegible]ထားပြီးသားပဲ .. နောက်ပြီး အခု မောင်သားမြတ် ရောက်လာတာက [illegible]လည်လာပြီး လှည့်ပြန်သွားမှာ မဟုတ်ဘူး.. သူ ပြန်ရင် သမီး လိုက်[illegible]သွားရမှာ .."

"ဟင်!..."

ဒီကိစ္စကိုတော့ ဆု မသိခဲ့ပါလား ..၊

"ဆု က သူနဲ့ ဘာလို့ လိုက်ရမှာလဲ .."

"သမီးတို့ချင်း လေ့လာထားလို့ ရတယ် .. ပြီးတော့ တောမလေ့..[illegible]သဘာဝတွေကို သမီးကိုယ်တိုင် လက်ခံ .."

"အဲဒီလိုကြီးတော့ အဆင်ပြေပြေ တန်းဖြစ်လာမှာ မဟုတ်ဘူး [illegible] – မြို့ကြီးမှာ နေလာခဲ့တဲ့လူက တောကြိုအုံကြားမှာ ဘယ်လိုလုပ်[illegible]တတ်မှာလဲ ..၊ အဲဒီသဘာဝတွေကို လက်ခံဖို့ဆိုတာ အဝေးကြီးပဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဆု က ပြောနေရင်း လူကို စိုက်ကြည့်နေသည့် သားမြတ် ကိုလည်း ချက်ခေါင်းထိုးလိုက်သေးသည်။

"အေး .. ညည်း လက်ခံတာ မခံတာထက် တစ်ခု သိထားဖို့က ညည်းအမေ တစ်ယောက်လုံးက ကျွန်းတိုင်းရွာသူဆိုတာ မမေ့ဖို့ပဲ .."

တစ်ဆိတ်ရှိ ဒါပဲ ..၊

မိဘက ကျွန်းတိုင်းရွာသူ ဖြစ်တာနဲ့ပဲ မွေးလာတဲ့ သားသမီးကို တောကြိုအုံကြား ပြန်ပို့တာ တိုးတက်ရာ တိုးတက်ကြောင်းလား ..၊

"ဟုတ်တယ် သမီး .. ဒက်ဒီဆိုရင် အဒေါ်တွေက မလေးမှာ - ဒက်ဒီ သမီးမာမိနဲ့ ဆုံပြီး ရန်ကုန်ကနေ ကျွန်းတိုင်းရွာကို ရောက်သွားခဲ့တယ် .. မလေးကနေ ခေါ်နေတဲ့ အဒေါ်တွေဆီ မသွားဘဲ ကျွန်းတိုင်းရွာသား ဖြစ်တဲ့အထိ အဲဒီမှာ ပျော်သွားတာ .."

"ဆု ကတော့ ဘယ်လိုမှ ပျော်မှာ မဟုတ်ဘူး .."

မိဘကို အမြဲတမ်း လေးစားခဲ့ပေမယ့် ရှေ့မှာ ငုက်တုတ်ထိုင်နေသည့် မျက်နှာကြီးကို ဖြစ်ရသည့်ဒေါသက မကြောက်မရွံ့ ပြန်ခံပြောနေမိတဲ့အထိ ..။

"ဒါက နေကြည့်မှ သိမယ့်ကိစ္စပါ သမီးရယ် .."

"နေကြည့်လို့ မပျော်ရင် လက်မထပ်လို့ ရတယ်ပေါ့ .."

"ကြည့် ..၊ အိမ်ထောင်ရေးစကား ပြောနေတာကို သမီးနော် -"

"ဆု ရယ် .. နင်ကလည်း .."

"မဟုတ်ဘူးလေ .. ဒက်ဒီပဲ ပြောတာ မဟုတ်ဘူးလား ..၊ ခုနမာမိ ပြောတာလည်း ပါတာပဲ .. တစ်ယောက်ကိုတစ်ယောက် လေ့လာလို့ ရအောင်လို့တဲ့ ..၊ အဲဒါ ဆု ကို ရွေးချယ်ခွင့် ပေးတာပဲလေ -"

"မဟုတ်ဘူး .."

ဒေါ်သဲဆု က သားမြတ် ကို အားနာသလို တစ်ချက်ကြည့်ပြီးမှ—

"ဘာတွေ ခုမှ စောဒက တက်ချင်နေတာလဲ သမီး .. မင်္ဂလာဦး





ကို စီစဉ်ဖို့က အားလုံး သေချာပြီးသား ..၊ ရင်းနှီးကြပါစေ .. လေ့လာကြပါစေဆိုတာက သမီးတို့ကို အခွင့်အရေးပေးတာ ဖြစ်သလို လောလောဆယ် စီစဉ်ဖို့ မကောင်းသေးဘူးထင်လို့ ..၊ ရွေးချယ်ခိုင်းနေတာ မဟုတ်ဘူး .."

ဆု က မျက်လွှာချနေပေမယ့် နှုတ်ခမ်းလေး စူနေဆဲ ဖြစ်၏။ သောင်းသောင်း ကတော့ သားမြတ် ဆိုသူကိုပဲ အကဲခတ်နေတာ ဖြစ်သည်။

လူကြီးတွေနဲ့ ဆု ရဲ့ ပြဿနာစကားတွေက သူနဲ့ မသက်ဆိုင်တဲ့အတိုင်း အေးဆေးကြည့်နေပုံက သိသာသော လှုပ်ရှား ပြောင်းလဲမှုတွေကို ရှာမတွေ့ ..။

"လေ့လာတယ်ဆိုတာ သမီးတို့ နားလည်အောင် ထပ်ပြောမယ်.. ဖြစ်ချက်ရှာပြီး ခေါင်းခါ ကျောခိုင်းကြဖို့ မဟုတ်ဘူး .. တစ်ဦးရဲ့လိုအပ်ချက်ကို တစ်ဦးက နားလည်ပြီး နောင် အဆင်မပြေမှု နည်းပါးအောင် ကြိုးစားကြဖို့ပဲ .. မောင်သားမြတ် ကိုလည်း တင်မေ တို့ ဒီတိုင်းပဲ ပြောလိုက်မှာပါ .."

"ခင်ဗျာ .. ဟုတ်ကဲ့ .."

တိုက်ရိုက်မေးခွန်းကိုကျမှ သူက တလေးတစား ခေါင်းညိတ်ရင်း မျက်လွှာချ ဖြေ၏။

ဟွန်း .. ပုံစံကိုက ..၊

ဘယ်ရောက်သွားလဲ ..၊ လမ်းပေါ်မှာ ရန်ဖြစ်တုန်းက မျက်နှာကြီး ..၊

ဒေါ်သဲဆု ဒီဘက်လှည့်လိုက်တာနှင့် ပြေပြစ်ခြင်းမရှိသည့် သမီးဖြစ်သူရဲ့ စူပွပွမျက်နှာနဲ့ ပက်ပင်းတိုး၏။

"သမီး .."

"ရှင် .."



www.burmeseclassic.com

www.burmeseclassic.com



"မောင်သားမြတ် နဲ့ မပြန်ခင် ..ရန်ကုန်မြို့အနှံ့ ဘုရားဖူးရင်း လိုက်ပို့ပေးလိုက် .."

"သူ့ဟာသူ လိုက်ကြည့်လို့ ရတာပဲ မာမီ .."

"ဒါနဲ့ .. မင်း ကားမောင်းတတ်တယ်မို့လား .."

ဦးသိန်းဇံ က မေးတော့ ခေါင်းညိတ်၍ ...

"မောင်းတတ်ပါတယ် .. မြို့ထဲမြို့ဖိသွားတာလောက်က လိုက်ပို့ပေးနေဖို့ မလိုပါဘူး အန်ကယ်လ် .."

တောသားက အန်ကယ်လ်တော့ ခေါ်တတ်သား ..၊

ဆု နှုတ်ခမ်းလေး မဲ့သွားပြန်သည်။ မာမီတို့ကိုက ဘယ်လိုအစွဲကြီး တစ်ယူသန်မှန်း မသိပါ ..။

တောကနေ မြို့တက်ပြီး တိုးတက်ရာ တိုးတက်ကြောင်းအတွက် စွန့်စားချဲ့ထွင်နေကြတဲ့ကာလကြီးမှာ ကိုယ့်ကျမှ ကံဆိုးခဲ့တာလား ..

"အေး .. မြို့မှာ ကားမောင်းရတာ တောနဲ့တော့ မတူဘူးကွ .. အိမ်မှာ သမီး စီးတဲ့ ကားအပြင် နှစ်စီး ရှိသေးတယ် .. ကြိုက်တဲ့ကား တက်မောင်းကြည့်ပေါ့ .. အဆင်မပြေဘူးထင်ရင် ဒရိုင်ဘာ ထည့်ပေးလိုက်မယ် .."

"ရပါတယ် အန်ကယ်လ် .. ကျွန်တော့်အတွက် မပူပါနဲ့ .. အတွေ့အကြုံဆိုတာ လူအများရှိတဲ့နေရာ ဝင်တိုးမှ သိရတာ ..၊ ကားမောင်းပြီးတော့လည်း သွားဖြစ်ချင်မှ သွားဖြစ်မှာ .."

"အဲ့ဒါ ကောင်းတယ် .. လူဆိုတာ သိချင်တတ်ချင်စိတ် ရှိနေမှ တိုးတက်တာ .."

ယူသွားပြန်ပြီ တစ်မှတ် ..၊

"မင်းညီမကိုတော့ သည်းခံ နားလည်ပေးဖို့ ပြောချင်တယ်ကွာ— တစ်ဦးတည်းသောသမီးလေးဆိုပြီး ငယ်ငယ်ကလည်း အရမ်းချွေးတော့ အလိုလိုက်ထားတာလေ .."





မျက်လုံးချင်း ဆုံတာနှင့် ဆု က မျက်မှောင်ကုတ်ပြီးသား..၊ သူကတော့ အေးဆေးတည်ငြိမ်သူကြီးလို ..။

"အနည်းဆုံး တစ်ပတ် ဆယ်ရက်လောက်တော့ နားလိုက်ပါဦး၊ သမီးလည်း ပြင်ဆင်စရာရှိတာ ပြင်ရတာပေါ့ .. မင်းလည်း ရောက်တုန်းရောက်ခိုက် လည်ပတ်ဦးလေ .."

"ဟုတ်ကဲ့ .. ဒါပေမယ့် ရွာမှာ အလုပ်တွေ ဒီတိုင်း ထားခဲ့ရတော့ ငါးရက်လောက်ပဲ နေနိုင်မှာ အန်ကယ်လ် .."

"ဟုတ်လား .."

"အို .. မရပါဘူး ..၊ ငါးရက်လောက်နဲ့ ဘာမှ လုပ်လို့ မရဘူး၊ ဆယ်ရက်ပဲ .."

လူကြီးတွေ အားတုံ့အားနာနှင့် ဘာပြောရမှန်း ဖြစ်နေစဉ် သားမြတ်က ...

"မရဘူး .. ဒါဆို တစ်ပတ်လောက်တော့ ထားလိုက်မယ်လေ .. အန်တီ ဖြစ်မလား ခင်ဗျ .."

"ဒီမှာ .. အန်တီ့ကို မေးရမှာ မဟုတ်ဘူး .. ကျွန်မကို မေးရမှာ.."

"မင်းကို မေးရင် ခေါင်းပဲ ခါမှာပေါ့ .. မင်းက မလိုက်ရလေ ကြိုက်လေ ဖြစ်နေမယ့်သူ ..၊ ဒါပေမယ့် .."

ပြောရင်းကနေ လူကြီးတွေကို အားနာသလို လှည့်ကြည့်၍ ...

"ကျွန်တော်ကလည်း အမေတို့ကို ပြန်ရောက်မယ့်ရက်ပါ ပြောပြထားခဲ့လို့ပါ .. ဘာဖြစ်လို့လဲဆိုတော့ စစ်ကိုင်းမှာ ကျောင်းဆောက်အနေကိုက်ပွဲကို အမေတို့ သွားကြမှာ .. ရွာမှာ အလုပ်တွေကို ဒီတိုင်းထားခဲ့ရတာလေ .."

"ဪ .. ဟုတ်သား .. အန်တီက အဲ့ဒါကို မေ့နေတာ .."

"မာမီနော် .. ဆု အဲလောက်မြန်မြန်ကြီး လိုက်မသွားဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန် လိုက်သွားတော့ မြန်မြန် လည်ရတာပေါ့ သမီး..၊ သမီးကို အိမ်ထောင်ချပြီး တစ်ခါတည်း ထည့်လွှတ်လိုက်တာမှ မဟုတ်တာ .."

ဆု မျက်နှာလေး ပန်းနုရောင် သမ်းသွားသည်။ ဒေါ်သဲဆု လည်း ကိုယ့်သမီးကို စိတ်သိပ်မရှည်ချင်တော့ပါ။ ဟိုရက်တွေတည်းက ပြောဖြ ထားပြီးသား ..။

ဒါ ဒီလို စီစဉ်ထားတယ်၊ နှာခံရမယ်ဆိုတဲ့အထိ အကောင်း .. ခုကျွမှ ..၊

"ဘာပဲဖြစ်ဖြစ် ဆု က ဘာမှလည်း မသိ .. ရင်းလည်း မရင်းနှီးကြတဲ့ တောကြီးအုံကြားကို လိုက်သွားရမှာ မာမီ စဉ်းစားကြည့် .."

"စဉ်းစားကြည့်စရာ မလိုဘူး .. သမီး ပါးစပ်ထဲမှာ တောကြီးအုံကြားဆိုတဲ့ စကားကိုလည်း ခဏ ခဏ ထည့်မပြောနဲ့ .. တောတော့ တောပဲ .. ဒါပေမယ့် ရွာစဉ်ရွာဆက်တွေ တစ်တန်းကြီးနဲ့ စာသင်ကျောင်းတွေနဲ့ .. ခုဆို အရမ်းစည်နေပြီ .."

ဘယ်လောက်စည်စည် .. အဲဒီတောကလာတဲ့ လူပုံကိုလည်း ကြည့်ပါဦး ..၊

ဆု က နှာခေါင်းလေးတွန့်၍ သားမြတ် ကို ကြည့်သည်။

သားထူးသားမြတ် ဆိုတဲ့နာမည် နုနုရွရွလေးကိုများ ဒီလိုလူကို ဘယ်လိုပေးထားတာလဲ ..။

မြင်နေသမျှမှာတော့ ထူးတာဆိုလို့ ကလန်ကလား ရှည်ထွက်နေတဲ့ အရပ်ကြီးနဲ့ ကြည့်ရဆိုးအောင် ဘုတ်သိုက်ထနေတဲ့ ကုပ်ထောင်ဆံပင်တွေရယ် .. ဒါပဲ။

မြို့ပေါ်တက်လာတာတောင် ရှမ်းဘောင်းဘီလို ဘောင်းဘီဖွာဖိုးလိုးဖက်လက်ကြီးနဲ့ ရှပ်အင်္ကျီလက်ရှည်ကို ဒီတိုင်း ခေါက်မတင်ဘဲ ချထားပြီး ကြယ်သီးလည်း မတပ် ..၊





အတွင်းခံစွပ်ကျယ် ပါပေမယ့် အပေါ်ပိုင်း ရင်ဘတ်တစ်အုံလုံး ကြယ်သီးမတပ်ဘဲ ဖွင့်ထားတာလည်း ကြည့်ရဆိုးသေးသည်။

ထို့ပြင် လည်ပင်းမှာ ရွှေတ်ကောင်းစေ့လုံးသော့ကော် အနက်ရောင်ကြိုးက ဘာလဲ ..၊

ကလေးတွေ ထိတ်လန့်မှာစိုးလို့ လက်ဖွဲ့ဆင်ထားရတာမျိုးလား..၊ အဆောင်လက်ဖွဲ့တွေ ဘာတွေလား .. ဒီလိုတောပုံနဲ့ စတိုင်လ်ထွင်ထားတာတော့ မဖြစ်နိုင် ..။

သောက်လာတဲ့ ဆေးလိပ်ကိုလည်း ကြည့်ပါဦး ..၊

ဆေးလိပ်ကို သတိရတော့ ကိုယ့်ဂါဝန်လှလှလေး မီးပေါက်ကုန်တာကို မြင်ယောင်သွားမိသည်။

သင်းနဲ့ စတွေ့ကတည်းက ပူပူလောင်လောင် ဒေါသတွေ တနင့်တပိုးနှင့် ..။

တကယ်ဆို .. ဒီလိုတွေ ဖြစ်လာခဲ့ရခြင်းဟာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"အဲ့ဒါ .. အန်တီ အဲဒီရွာသူ ဖြစ်နေရတဲ့အကြောင်းရင်းပဲပေါ့.."

"အန်တီတင် ကမလား .. အန်ကယ်လ်ကလည်း စီးပွားရေးမှာတော့ အမြင်ကျယ်ရဲ့သားနဲ့ .. ကိုယ်တိုင်လည်း မြို့တက်ပြီး စီးပွားရှာလာလို့ သူဌေးကြီး ဖြစ်နေပြီ .."

"အေးလေ .. ဒါနဲ့တောင် ကိုယ့်သမီးကျမှ တောကို ပြန်ပို့ဖို့စဉ်းစားရတယ်လို့ .. ဒီတောသားကို ယူပြီး ဘာလုပ်ကိုင်စားမှာလဲ-ဆု ကို ရွှံ့ထဲ ဗွက်ထဲထိ ထမင်းလိုက်ပို့ခိုင်းဖို့လား .."

သူငယ်ချင်းတွေကလည်း ဆု စိတ်ညစ်နေတာကို မကြည့်ရက်ကြတိုင်း လူကြီးတွေကို နားမလည်နိုင် ဖြစ်နေကြသည်။

"နေပါဦး .. အဲ့မနက်က နင်နဲ့ ရှမ်းခေါက်ဆွဲဆိုင်ထဲမှာ ရန်ဖြစ်နေတဲ့ တိုက်ဂေါကြီး .. တကယ်လား .."

"ဟုတ်ပါတယ်ဆိုမှ .."

"ဟား!..."





ဂျင်မ့် မျက်နှာ ရှုံ့မဲ့ ခေါင်းခါလျက် ...

"အန်တီ့ကိုလည်း နားကို မလည်နိုင်တော့ဘူး .."

"အေးဟာ .. ဘယ်လိုလဲ .. ဒီလူတွေက တောမှာ ရွှေအိုး ငွေအိုးတွေ မြှုပ်နှံထားရလောက်အောင် ချမ်းသာနေကြလို့လား .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ .."

ထင်တဲ့သူက ထင် .. မှန်းပြောတဲ့လူက ပြော .. ဆု ကတော့ မျက်နှာလေးညိုကာ ရှေ့မှာရှိနေတဲ့ စားစရာတွေကိုလည်း ဟိုဟာကိုင်ပြီးပြန်ချ .. ဒီဟာကြည့်ပြီး မစားဖြစ်နှင့် ...။

"အဲဒီလူကို သောင်းသောင်း ပြောလို့ ငါ လိုက်ကြည့်ပြီးပြီ .. တောသားသာ ဆိုတယ် .."

"ဘာလဲ .. လူချောလူလှ ဖြစ်နေလို့လား .."

ဆောင်းနှင်း မျက်နှာ ရှုံ့မဲ့သွားသည်။

"ဘယ်ကလာ ချောရမှာလဲ .. အသားညိုညို အရပ်ထောင်ထောင် ခေါင်းမောင်းကြီးနဲ့ .. တကယ်ဆို အရပ်မြင့်မြင့် ဗိုက်သားရှပ်ရှပ်လေးနဲ့ဆို စာယ်လောက် ကြည့်ကောင်းမယ့်ပုံလဲ .."

"ဗိုက်ရွှဲကြီးနဲ့လား .."

"မရွှဲပါဘူး နေခြည် ရယ် .. ချပ်ကပ်ပြီး လက်ပြင်ကိုင်းတဲ့ပုံခါပုံတောင် ပေါက်သေးတယ် .."

"အေးလေ .. ဒီလောက် ပင်ပင်ပန်းပန်း လုပ်စားနေရတဲ့ တောသားက ဗိုက်ရွှဲချိန် ရှိပါ့မလား .."

"လမ်းလျှောက်သွားတာများ ခြေလှမ်းကြီးက ဟယ် ဟောသလို.. ဟောသလို .."

"ဟဲ့ .. ဟဲ့ .. သူများတွေ ကြည့်ကုန်ပြီ .."

ဘေးမှာ ဝက်သားတုတ်ထိုးနဲ့ အကြော်ဆိုင် ရှိသေးသည်။ လူများဆမယ့် ရှိတော့ရှိနေကြတာပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်း က အကျအန ထရပ်ပြီး နှစ်လှမ်းလောက် လှမ်းခနဲ သွားခနဲ လှမ်းပြပြီးမှ ဇွေ့ခနဲ ပြန်ဝင်ထိုင်ကာ ပါးစပ်ပိတ် ရယ်၏။

"သူများအတင်း ပြောချင်လွန်းလို့ ဟီ .. ဟီ .."

"ပြောလည်း ပြော .. ဆု မျက်နှာကိုလည်း ပြန်ကြည့်ကြပါဦး.. အဲဒါ သူနဲ့ လက်ထပ်မယ့် ယောကျ်ားနော် .."

"လုံးဝ သဘောမတူဘူး .. ဆု နင် အဲဒီဘဲကို မယူနဲ့ .."

ဂျင်မ် က အတိအကျ တားမြစ်၏။ ဘေးမှာ ဘူးသီးကြော် စားနေသည့် ထိုက်စံ က အထင်မကြီးသည့် မျက်လုံးနှင့် ငဲ့ကြည့်လျက် ...

"မင်းက ပြောခွင့်ရှိလို့လား .."

"ပြောခွင့်ရှိချင်နေတာ ကြာပြီလေ .. ဆု က တကယ် ခေါင်းမာတယ်ဟာ .. နင် ငါ့ကို ခေါင်းညိတ်လိုက်ရင် .."

ဆု က ဖျတ်ခနဲ လှည့်ကြည့်၍ ...

"ဘာဖြစ်လာမှာလဲ .."

"ခုချိန်ဆို နင် ငါ့ရင်ခွင်ထဲ ပြေးဝင်လာရုံပဲ .."

"ဟွန်း .."

သူငယ်ချင်းလည်း ဖြစ် .. **တစ်ဦးတည်းသော** သူဌေးသားဖြစ်ရုံနဲ့ပဲ ချစ်သူ ဖြစ်သွားတတ်ကြသလား ...၊

"ခုချိန်မှာ ငါ့မှာ ချစ်သူရှိနေလည်း ခိုးရာလိုက်ပြေးဖို့တော့ ငါ စဉ်းစားမှာ မဟုတ်ဘူး ဂျင်မ် .. ခိုးရာလိုက်ပြေးတဲ့ မိန်းမတစ်ယောက်ဟာ ဂုဏ်ကျက်သရေ အမဲ့ဆုံးပဲ ...၊ တစ်သက်မှာ တစ်မင်္ဂလာဆိုတဲ့ ကျက်သရေကို ပထမဆုံး မဲ့စေတယ် .. ပြီးတော့ မိဘမောင်ဘွားရဲ့ ဂုဏ်သရေကို ချိုးဖဲ့ဖျက်ဆီးရာ မည်တယ် .. အဲဒါတွေကြောင့် အဲဒီ မိန်းမ တစ်ဘဝလုံး .."

"နင် အဲဒီလိုတော့ တစ်ယူသန် မပြောနဲ့ ဆု .. ငါ့အစ်မဝမ်းကွဲ ဆိုလည်း မိဘ သဘောမတူတဲ့ကြားက ခိုးပြေးသွားခဲ့တာပဲ .. ခုဆို





နှစ်ဖက်မိဘ ပြေလည်ပြီး စီးပွားလုပ်ငန်းတွေ ခွဲပေးထားတာ အားလုံး အဆင်ကို ပြေလို့ .."

ဂျင်မ် က မခံချင်သံနှင့် ကန့်ကွက်ရှာသည်။ ဆု က လက်မခံ ...၊

"ချော်လဲတဲ့လူတိုင်းတော့ လက်မကျူးဘူး ဂျင်မ် .. ပန်းတိုင်းမှာ သည်း မွှေးရနံ့ ရှိချင်မှ ရှိလိမ့်မယ် ...၊ ငါပြောတာက ဂုဏ်သိက္ခာကို တန်ဖိုးထားရမှန်းသိတဲ့ မိန်းမတွေဘက်က ပြောနေတာ .."

အချိန်ရှိတိုင်း ရည်းစားစကားပြောဖို့ပဲ စိုင်းပြင်းနေတတ်သည့် ဂျင်မ့် ကို ကြည့်၍ ဆု က ဆက်ပြော၏။

"ငါကတော့ လက်ကျူးသွားနိုင်လား .. မကျူးနိုင်ဘူးလား သိရအောင် စမ်းသပ်ပြီး ချော်လဲကြည့်ဖို့ စိတ်မကူးဘူး ...၊ ငါ့ကိုယ်ငါ မွှေးတဲ့ ပန်းလား .. မမွှေးတဲ့ပန်းလား ဆိုတာလည်း မသိချင်ဘူး၊ ငါ သိတာ ငါက မိန်းကလေး .. ကိုယ့်ကို ချစ်ခင် ယုံကြည်နေတဲ့ မိဘတွေအပေါ် ရင်ကွဲပက်လက် ကျန်ခဲ့မယ့် အဖြစ်မျိုးနဲ့ စုံကန် မထွက်ချင်ဘူး .."

"ရင်ကွဲပက်လက် ကျန်ခဲ့မယ်ဆိုတာလည်း နင် ရွေးချယ်သွားတဲ့ ယောကျ်ားရဲ့ အရည်အချင်းပေါ် မူတည်ပါသေးတယ် .."

"နင့်မှာ အရည်အချင်း ဘာရှိသေးလို့လဲ ဂျင်မ် .."

ဂျင်မ့် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"မိဘချမ်းသာတာ ငါတို့အားလုံး သိကြတာပဲ .. ငါ အခု ပြောနေ တာကလည်း ငါလိုချင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်း ဆိုတာ မပါသေးဘူး၊ ငါ ဘယ်လိုမှ စိတ်မဝင်စားနိုင်သေးတဲ့ အိမ် ထောင်ရေးပဲ ပြောနေတာ .."

"ဟုတ်တယ်လေဟာ .. ဂျင်မ် ကလည်း အန်တီတို့ကိုယ်တိုင်က သည်း အခု မျိုးချစ်ဂုဏ်ရည်နဲ့ တိုင်းတာနေကြတာ .. ရုပ်ရည် အချင်း အချင်း .. စည်းစိမ်ဥစ္စာတွေ ဘာမှမ ပါသေးတာ .."

သောင်းသောင်း က အခြေအနေကို ဝင်ထိန်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှင်း ကလည်း ခေါင်းညိတ်၍ ...

"ခု အခြေအနေက အရမ်းကို ဆိုးနေတာ.. ချမ်းသာတာကို ရွေး ချယ်မယ် .. ရုပ်ချောတာမှ ဖြစ်မယ်ဆိုရင်လည်း တို့တွေ ဝိုင်းကြံပေးလို့ ရတယ် ..၊ ဒီရွာသားကိုမှ ရွေးပါမယ်ဆိုတာ ဘယ်လိုလုပ်မလဲ .."

"ဆု ကရော ဒီလူကိုပဲ ယူဖို့ ဆုံးဖြတ်ထားတာမို့လား .. ဘာတွေ ခေါင်းစားနေသေးတာလဲ .."

ထိုက်စံ ပြောပုံက ယောကျ်ားလေးချင်းဖြစ်သည့် ဂျင်မ့် ဘက်က တင်းနေတဲ့ လေသံမျိုး ..၊ ဒါကျတော့ သောင်းသောင်း တို့ကလည်း မခံနိုင် ..။

"နင်ကလည်း သူ ရည်းစားတောင် မထားခဲ့ဘူးတဲ့ဥစ္စာ .. ချစ် ချင်းကြီး ယောကျ်ားယူရမှာတော့ စိတ်ညစ်မှာပေါ့ .. မိဘကို သိတတ် နားလည်နေတဲ့စိတ် ရှိတာက တစ်ပိုင်းလေ ..၊ ဟိုလူ့ပုံစံကလည်း တ နေကုန် ထိုင်ကြည့်လို့တောင် အမောပြေချင်စရာ မရှိတဲ့ ဒီဓိုင်းနဲ့ .."

"အမောပြေရမယ့်ကောင်ကိုကျတော့ မျက်စိထဲ မှတိုးဘူး ဖြစ်နေ တာကိုး .."

ထိုက်စံ က အပီအပြင် တိုက်ခိုက်နေသည့်မျက်နှာနှင့် ပါးစ အကျယ်ကြီး ဟ၍ ဘူးသီးကြော်ကို နှစ်ကိုက်တည်းနဲ့ အကုန်လုံး ထည့် ပစ်ပြီး ဝါးနေသည်။

"ဟဲ့ .. သူငယ်ချင်းဆိုတဲ့ အသိစိတ်ကလည်း အရောင်ဆိုးရ တာပဲ .."

"သောင်းသောင်း .."

"ဘာလဲ .."

"ငါ နင့်ကို ရည်းစားစကား ပြောနေတာ မဟုတ်ဘူး .."

"အံမယ် .. ငါကလည်း နင်တို့ နားလည်မှုလွဲနေကြလို့ တည့် မတ်ပေးနေတာ .."





"မပေးနဲ့ .. ငါ ဆု ပြောတာပဲ နားထောင်ချင်တယ် .."

"ဘာပြောရမှာလဲ .."

ဆု ပြန်မေးပုံကလည်း ဂျစ်တိဂျစ်ကန် ..၊

မေးနှစ်ခွလေးနှင့် နှုတ်ခမ်းပါးသလို ရှိသည့် ဆု ရဲ့မျက်နှာလေး က ပါးချိုင့်လေးတစ်ဖက် ခပ်ရေးရေးထင်လျက် ချစ်ဖို့ ကောင်းနေ သည်။

ဂျင်မ် က ဆု ရဲ့ သွယ်တန်းစိမ်းညို့နေသည့် မျက်ခုံးတန်းလေးတွေ ဆစ်ချိုးနေတာကို စိုက်ကြည့်ပြီး မဲ့သဲ့သည်။

"နင့်ကို ရည်းစားစကားပြောနေတာ မဟုတ်ပါဘူး .. အခု ဘာ ဆက်လုပ်မှာလဲလို့ .."

"ဟွန်း .."

ထိုက်စံ က သူ့ရဲ့ လှောင်ရယ်သံကို အားလုံးကြားအောင် တမင် တွတ်ပြီးမှ ...

"ပြီးတော့လည်း ဒီတိုင်း စခန်းသွားရတာပဲ ဂျင်မ် ရာ .. အပိုတွေ င်းပြနေသေးတယ်၊ တော်သေးတာပေါ့ ငါက ကြားသုံးကြား ဝင်မိ မလို့ .."

"ဟုတ်တယ် .. နောက်ဆိုရင် ကြားသုံးကြားအပြင် ကြားမှန်သမျှ င်ထားမှ .."

ဆောင်းနှင်း က ဘယ်သူ့ဘက်က ဝင်ပြောလိုက်မှန်း မသိ ..၊ ဆု ဘက်ကို လှည့်၍ ...

"ဆု .. နင် ဒီလူ့ကို မလိုချင်တာက တွေ့တွေ့ချင်း ရန်ဖြစ်လိုက် သား .. ဒီပုံစံမျိုးကို လုံးဝ လက်မခံနိုင်တာလားဟာ .. တောသား က်ထပ်ရမှာဆိုတာကိုတော့ နင် အစတည်းက လက်ခံထားခဲ့ .."

"အေးလေဟာ .. နင်လည်း မိဘကို တော်လှန်ဖီဆန်မှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ချစ်သူလည်း ရှိခဲ့တာ မဟုတ်ဘူးမို့လား ..၊ ယူကို ယူရတော့မှာ ဆိုရင်လည်း စိတ်ပျက်စရာတွေကို ဖယ်ရှားကြည့်လိုက်ဟာ .."

"မရဘူး .. အဲဒီလူကို မြင်မြင်ချင်းကို ငါ မုန်းတာ ..၊ မာမီတို့ကို အတိုက်အခံမလုပ်ဘဲနဲ့ ငြိမ်နေခဲ့တာကလည်း ခေါင်းညိတ်ဖို့ အဆင်သင့် ရှိနေတာတော့ မဟုတ်ပါဘူး .."

"ဒါဆို အခု ဘာလုပ်မှာလဲ .."

"မသိသေးဘူး .."

"ခု ဒီကောင်က အိမ်မှာ အခန့်သား နေနေတာပေါ့ .."

ဂျင်မ့် ခမျာ တင်းတော့ တင်းနေတာပေမယ့် ကင်းကင်းလည်း မနေနိုင်ရှာ ..။

"အခန့်တော့ အခန့်သားပဲ .. ဒါပေမယ့် အိမ်မှာ တစ်ခါမှ မရှိဘူး မိုးလင်းက ထွက် .. မိုးချုပ်မှ ပြန်ရောက်တယ် .."

"ကားတစ်စီးနဲ့ ပတ်နေတာလား ..၊ တောသားကို သမက်အဖြစ် လျာထားတော့လည်း ကားတစ်စီးလုံးနဲ့ ဒရိုင်ဘာ ထိုးပေးထားရျ ပေါ့ .."

"မဟုတ်ပါဘူး .. သူ ကားမောင်းတတ်တယ် ပြောတာပဲ .."

"အမိပွာယ် မရှိတာ .. တောမှာ ကားနဲ့ နီးစပ်လို့လား .."

"ဟဲ့ .. နင်ကလည်း .. ခုခေတ်မှာ ဆိုင်ကယ်လ်တို့ ထရော်လော်ဂျီ တို့လောက်တော့ နေရာတိုင်းမှာ ရှိတတ်ကြတာပဲဟာ .."

ဂျင်မ် က သူ ပြောသမျှ ထည့်တည့်မထိတော့ မဲ့သည်။ ခြံ ကလေးတွေကတော့ ဆု မျက်နှာကိုလည်း ငဲ့ရတာမို့ ဘာဖြစ်ဖြစ် တ ထေးထေး ရှိကြရကာ ...

"ကိုသားမြတ် တို့က ချမ်းသာမှာလည်း သေချာပါတယ်.. အန် တို့ကလည်း နုံနုံချာချာရှိတဲ့ လူတန်းစားတွေထဲကိုတော့ ဆု ကို ထ ပါ့မလား နော် .. ဆောင်း .."





"အေး .. ဟုတ်တယ် .. တောသူဌေးဆိုတော့ ထရော်လော်ဂျီတို့.. ဗုန်ကား ဘာညာလောက်တော့ ရှိမှာပဲ .."

"ဒါပေမယ့် ခု ပေါ်နေတဲ့ မော်ဒယ်မြင့်ကားတွေကို ကားသမား ဘိုင်းတောင် ရုတ်တရက် ဝင်မောင်းလို့ ရတာ မဟုတ်ဘူး.."

အပိုအလိုတွေ ပြောလာသည့် ဂျင်မ် ရဲ့ရင်ထဲက သဝန်တိုစိတ်ကို အားလုံးက သတိထားမိနေကြ၏။ ခက်နေတာက ဆု ပါးစပ်ကနေ ဘာတစ်ခုမှလည်း ပြောဆို တိုင်ပင်လာခဲ့တာ မရှိ ..။

"ငါ ပြန်တော့မယ် .."

"ဟင်!..."

"နင်ပဲ အားလုံးကို ချိန်းပြီးတော့ .."

စိတ်ဓာတ်ကျသည့်မျက်နှာမျိုး ဆု ရဲ့မျက်နှာမှာ မမြင်ခဲ့ဖူးသဖြင့် သူမကိုပဲ အံ့သြနေခဲ့ကြကာ ...

"ဘယ်လိုဖြစ်တာလဲ.. ဒါကြီးကိုပဲ ယူလိုက်တော့မယ်ပေါ့.. ဟုတ် သား .."

ဆု က ဂျင်မ့် မျက်နှာကို ကြည့်၍ ...

"မဟုတ်ပါဘူး ဂျင်မ် ရယ် .. ဒါပေမယ့် ငါ အခု ဘာမှကို စဉ်း စား မရဘူး ..၊ ငါ့မှာ မိဘကို လွန်ဆန်လို့ မဖြစ်တာတွေရော .. လက် ခံချင်တာတွေရော .. ပြီးတော့ ဆုံးဖြတ်ချက်ချရဖို့ကလည်း အချိန်က မရှိတော့ဘူး .."

ပြောပြီးတာနှင့် စားထားသည့် တုတ်ထိုးအတွက်ရော အကြော်ဖိုး အပါ သူမကပဲ ရှင်းလိုက်ကာ ...

"မနက်ဖြန် ထပ်ဆုံမယ်ဟာ .."

"ခဏ နေဦး .."

မထင်မှတ်ဘဲ ထိုက်စံ က တားဆီးကာ ဆု ကို ပြန်ထိုင်ဖို့ လက်နဲ့ အချက်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ပြော .."

"ငါ့မှာ အကြံရှိတယ် .."

"ဘာလဲ .."

"ဟုတ်လား .. စောစောက မပြောဘူး .. ဒီမိန်းမ ဒီလောက် စိတ်ဆင်းရဲနေတာကို .."

"သေပေါ့ .."

ထိုက်စံ က ပြောသာ ပြောရမှာပေမယ့် သိပ်တော့ စေတနာ မရှိ တာကို ပေါ်တင် မဲ့ရွဲ့ပြကာ ...

"ရှာလွန် ရှက်တိုက်နေတာကို ဘာမှကို မပြောတော့ဘူးလို့ နေ တာ .. သနားလို့ .."

"အံမာ .. မပြော နေပေါ့ .. သူ့ ဂျင်မ် ကို ဟင့်အင်းဆိုတာနဲ့ ဗဲ ရုပ်က ချက်ချင်း .. ဟွန်း .."

ဆု ကလည်း နှာခေါင်းလေး ရှုံ့ပွပွနှင့် ပြန်ပြီ စိန်ခေါ်သည်။ ဒါပေမယ့် ထိုင်လိုက်ပြီးတာကိုတော့ ပြန်မထပေ ...။

ကြားထဲမှာ ဘောလုံးတစ်လုံးလို ဟိုဘက်ပုတ် .. ဒီဘက်ပုတ် အပြောခံနေရသည့် ဂျင်မ့် မျက်နှာက ပြုံးမရ မဲ့မရကြီး ရှိနေလျက်—

"ပြောမှာသာ ပြောစမ်းပါ .. လူကို ငုတ်တုတ်ကြီးထားပြီး ဟိုပုတ် ဒီပုတ်နဲ့ .."

"အစတည်းက ဖြစ်သင့်နေတာကို ပြောပြတာပါ .."

"လာပြန်ပြီ ဒါပဲ .."

"ခု ပြောမှာကလည်း ဂျင်မ် နဲ့ပဲ သက်ဆိုင်နေလို့ .."

"ဘာလဲ .."

ဆု က မျက်မှောင်ကုတ်သွားပြီး စိုက်ကြည့်၏။ သူ့မရင်ထဲမှာ ဂျင်မ် က သူငယ်ချင်းသံယောဇဉ်ပိုသော ဘယ်နေရာမှာမှ ရှိမနေခဲ့တာ သေချာပြီးသား ဖြစ်သည်။





"နင့်ကို ဂျင်မ် နဲ့ မကြိုက်ခိုင်းပါဘူး .. ဒါပေမယ့် ခုကိစ္စမှာ နင်က ငြင်းနိုင်မှာ မဟုတ်တော့ သူ့ဘက်က ငြင်းအောင် လုပ်ရမှာ လေ .."

"ဟင်!..."

"အယ် .. အဲ့ဒါ မဆိုးဘူးဟ .."

ဆောင်းနှင်း တို့ ဝမ်းသာအားရ ဖြစ်သွားကြကာ ဆု က တဖြည်းဖြည်းမှ ပြုံး၍ ...

"ကောင်းသလို ရှိပေမယ့် ငါက ဂျင်မ် နဲ့ တွဲပြရမှာလား..၊ ဒါမျိုး ဆွက ရိုးနေပြီ .."

"ရိုးတဲ့လူတွေက ပြီးသွားကြပြီလေ .. ကိုယ်က ခုမှ အသစ်ပဲ..၊ ဘာလဲ .. ဆက်မပြောရဘူးလား .."

"ပြောကြည့်လေ .."

တွက်ရေးတော့ စက်သူဌေးပါပဲ ..၊

တကယ် တွက်ကြည့်ရင်တော့ စက်ရှိ,မရှိက ဆိုတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"ဒီမှာ .."

နောက်က ခေါ်သံကြောင့် သူ ခြေလှမ်းတုံ့သွားသည်။ လှမ်းကြည့်လိုက်တော့ ဆု က တင်းသည် .. တည်သည် မမည်သော မျက်နှာလေးနှင့် ...

"ရှင် ဘယ်သွားမလို့လဲ .."

"အပြင် .."

"အပြင်ချည်းပဲ ထွက်ပြီး ဘာသွားသွားလုပ်နေတာလဲ .."

"ဘာလုပ်လုပ် မင်းနဲ့ မဆိုင်ဘူးလေ .. အခု ဘာလုပ်ဖို့ ခေါ်တာလဲ .."

ရင်ထဲမှာ ပစ်စလက်ခတ်ကြီး အောင့်တက်သွားသည်။ မျက်နှာထူထူ .. နှာတံက လိုတာထက်ပို၍ ကော့ပျံလန်နေကာ နှုတ်ခမ်းထူအမ်းအမ်းနဲ့ ရုပ်ကြီးကို ပြေပြေပြစ်ပြစ် ကြည့်နိုင်အောင် မနည်း ကြိုးစားလိုက်ရသည်။





ဒါတောင် တင်းခနဲ တစ်ချက်တော့ သူ ပိလောက်အောင် ဖြစ်သွားပြီမှန်း ကိုယ့်ဒေါသအကြောင်း ကိုယ်သာ သိ၏။

"ဦးငြိမ်း ကို မေးကြည့်တော့ ရှင့်ကို ကွန်ပျူတာသင်တန်းမှာ နှစ်ခါ တွေ့တယ်ပြောလို့ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ဩော် .. ပြန်ပဲ ပြန်ရတော့မှာကို .. ဒီလောက်ရက်လေးနဲ့ ရှင် သင်တော့ရော တတ်မှာမို့လို့လား .."

"တတ်တတ် .. မတတ်တတ် အဲဒါလည်း မင်းနဲ့ မဆိုင်သေးဘူး ထင်တယ် .."

"ဆိုင်သေးသေး .. မသေးသေး ရှင့်ကို ဒီက စိတ်ဝင်စားလွန်းလို့ ပြောနေတယ် မထင်နဲ့ .."

"ထင်ဖို့ မထင်ဖို့လည်း မင်းကို ငါ စိတ်မဝင်စားဘူး ဆုထူးပန်း .. မင်းလည်း ရောက်တတ်ရာရာ စပ်စုကြည့်တာမျိုး ထပ်မလုပ်နဲ့ပေါ့ .."

သူ ချာခနဲ ပြန်လှည့်သွားသည်။

"ဒီမှာ .."

နှုတ်ခမ်းစေ့ တက်ခေါက်လိုက်ရင်း ဆု သူ့နောက်ကို ထပ်လိုက်ရပြန်သည်။

"ပြောပြောဆိုဆို ရှိကြတဲ့ အဆင့်တော့ အရင်ရောက်ဖို့ လိုတယ်၊ ဒါမှ ကိုယ်လိုချင်တာ ပြောလို့ ရမှာ .. ပြီးတော့ ဒါမှလည်း ကိုယ်လိုချင်တာကို သူ သိအောင် ပြနိုင်မှာ .."

ထိုက်စံ ဆရာကြီး လုပ်ထားခဲ့တာကို နာခံဖို့ ဆုံးဖြတ်ထားရာ .. ဒီလိုသာ မဟုတ်ခဲ့လျှင် ...

"ရှင့်ကို ပြောစရာရှိလို့ နားလည်ရဲ့လား .. အလကား စကားစ ကောက်လိုက်ပြောနေတယ် မှတ်နေလား .."

သူက သူမဘက်ကို တည့်တည့်လှည့်ရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြော .."

"ရှင်က အဲ့ဒီပုံစံနဲ့ ဆု ကို တောခေါ်သွားမှာလား .."

"ဘယ်လိုပုံစံနဲ့ ခေါ်စေချင်သလဲ .."

စကားလုံးတိုင်းက ပြန်ပြောလိုက်ပြီဆို ပီသသာလေးနဲ့ ဘေးပစ်..

"လိုအပ်မှ စကားပြောမယ် .. မလိုအပ်ရင် ပါးစပ်ပိတ်နေမယ် ဆိုတာမျိုးပေါ့ ..၊ အခု ဆု က လိုအပ်နေလို့ စကားပြောနေရတာတောင် လူကို မတူသလို မတန်သလိုနဲ့ .."

"မတူသလို မတန်သလို သဘောထားနေတာက ငါ မဟုတ်ဘူး ထင်တယ် .."

ဆု က ကိုယ်မဟုတ်သလို မျက်နှာလေး လွှဲ၍ နှုတ်ခမ်းဖူးလေး မသိမသာ တွန့်မဲ့၏။ သူက စိုက်ကြည့်ကာ ...

"မင်းကိုယ်မင်းတောင် ဆုထူးပန် မဟုတ်ပါဘူးလို့ ပြောခဲ့တော့.."

"ရှင်က အဲ့ဒါကို မကျေနပ်နေတာလား .."

"ခုချိန်မှာတော့ မင်းသဘောနဲ့ မင်းပါ .."

"အံမာ .. ဘယ်အချိန်မှာတော့ ဘယ်သူ့သဘောနဲ့ ဘယ်လိုနေရ မှာလဲ .."

သူက မုန်းစရာကောင်းသည့် နှုတ်ခမ်းကြီးကို တွန့်သွား၍ ပြုံး လျက် ...

"အဲဒါလည်း ပြောထားဖို့မှ မလိုတာ .."

ကြည့်စမ်း ..၊ ဒီလိုလူကို ဘယ်လို လက်ထပ်ရမလဲ ..၊

သူ့လက်ထဲသာ ကိုယ့်ဘဝ ရောက်သွားခဲ့ရင် ....

"ဘာဖြစ်သွားတာလဲ ..၊ ဟွန်း .. ဘာမှဖြစ်မလာသေးတာတွေ ဆွဲယူတွေးလိုက်ပြီး ဒေါကန်သွားတာလား .."

သိနေတော့လည်း သူပဲ ..၊

"တစ်ခုတော့ ရှိတယ်နော် .. အန်တီတို့ကို ငါ့ဘက်က ငြင်း..





ပါ ဘာညာတွေ လာမပြောနဲ့ .."

"မငြင်းနိုင်ဘူးပေါ့ .."

"ဟုတ်တယ် .."

"ဘာဖြစ်လို့လဲ .."

"လိုချင်လို့ .."

"ဘာ!... ပြောတယ် .."

ပြောပြီးတာနှင့် လှည့်ထွက်လိုက်သည့် ခြေလှမ်းက ဆု အော် လိုက်တော့ တုံ့ခနဲ ပြန်ဖြစ်၏။

"ဘာလို့ ဒီလောက်အော်တာလဲ ..၊ မြို့သူမြို့သားတွေ ယဉ်ကျေး ..ချေရဲ့ဆို .. စကားလည်း ကျယ်ကျယ် မပြောတတ်ကြဘူးဆို .."

"မယဉ်ကျေးဘူး .. ကျယ်စရာရှိရင်လည်း ကျယ်တာပဲ .."

"ဟွန်း .. ဟုတ်လား .."

မျက်နှာက ပြောင်စပ်စပ် ဖြစ်သွားတော့လည်း ချက်ချင်း ..၊

"ရှင် ဘာရယ်တာလဲ ..၊ ဒေါသဖြစ်လာရင် ဖြစ်သလို ပြောမှာပဲ၊ ..သူမြို့သားတွေမှာ ဒေါသမရှိရတော့ဘူးလား .."

"ဘယ်သိမလဲ .."

"ကိုသားထူးသားမြတ် .."

"ပြော .."

"ရှင့်ကိုလည်း ငြင်းပေးပါ .. ဘာလုပ်ပေးပါ မခိုင်းဘူး၊ ဆုံ သွား ..နေရာ ရှင် လိုက်ပေးရင် ရပြီ .."

"ဘယ်လို!..."

"အခု ရှင် သွားချင်သလို သွားလာနေတဲ့ ခြေလှမ်းတွေကို ပြန် ..ပြီး ဆု ခေါ်တဲ့နေရာ လိုက်ခဲ့ပေး .."

"ငါ သွားမယ့်နေရာတွေကိုတောင် မင်း လိုက်ပို့ပေးဖို့ အ.. ..ခဲ့သလားလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒါပေမယ့် အဲ့ဒါက ညှို့သည်ကို ဝတ္တုရားကျေဖို့ မာမီက ပြောတာ ..၊ အခုက ဆု နဲ့ စေ့စပ်မယ့်လူ ရောက်လာပြီဆိုတဲ့ အသိနဲ့ ဆု ကို မာမီက ဟိုမသွားနဲ့ .. ဒီမသွားနဲ့ ဖြစ်လာလို့ .."

"အဲဒါကို ငါက ခေါ်ထုတ်သွားပေးရမယ် .."

"ဟုတ်တယ် .."

"မင်း ဘာလုပ်ဖို့ သွားသွား .. ပို့ပေးရမယ်ပေါ့ .."

"ဒီမှာ .."

ဆု က သူ့မျက်နှာကို စေ့စေ့ကြည့်၍ ခါးနှစ်ဖက်ထောက်သည်။ ဘယ်လို ချိုးနှိမ် မျိုသိပ်လို့မှ မရသည့် ဒေါသတွေက သူ့စကားလုံးတွေကြောင့် အရှိန်မြန် ပေါက်ကွဲစေခြင်းကို ဖြစ်လျက် ...

"ရှင် လူကို ဘယ်လိုမိန်းကလေး ထင်နေလို့လဲ ကိုသားမြတ်.."

"ခုမှ တွေ့ဖူးတာ နှစ်ရက်တစ်ပိုင်းပဲ ရှိသေးတယ် .. ဘယ်လိုလုပ် သိမှာလဲ .."

"ဟုတ်ပြီ .. မသိသေးရင် အခု သိရင်တော့မယ် ..၊ ရှင် စိတ်ဝင်စားရင် လိုက်ခဲ .. ရှင်းတယ်နော် .."





## အခန်း(၈)

နာရီကို ကြည့်လိုက်တော့ သူမ ဝင်သွားတာ မိနစ်နှစ်ဆယ် ရှိနေ[illegible] ..

ပြောတော့ စကားနည်းနည်းပြောရုံ ခဏလေးတဲ့ ..၊ နာရီပတ်သည့်အကျင့် မရှိပေမယ့် အိတ်ဆောင်နာရီလေးတော့ [illegible]ဖို့ ကြည့်ပြီး အိတ်ထဲ ပြန်ထည့်ထားလိုက်သည်။

"ကိုသားမြတ် က ဖုန်း ဘာလို့ မကိုင်တာလဲ .."

"မကိုင်ချင်လို့ .."

ဆောင်းနှင်း ပခုံးလေးတွန့်၍ သောင်းသောင်း ကို မဲ့ပြသည်။ [illegible]င်းသောင်း က သားမြတ် ကို ကြည့်၍ လည်ချောင်းတစ်ချက်ရှင်း [illegible] ..

"တကယ်ဆို ကိုသားမြတ် က ပုံစံလေး နည်းနည်းပဲ ပြောင်းဖို့[illegible] - ရာဇဝင်ထဲက သိုင်းသမားကြီးလို ဘောင်းဘီပွပွ .. [illegible] [illegible]တ်ပွင့်တဲ့ ဖို့ယို့ဖားယားကြီးတွေရယ် .. ကြည့်လိုက်ရင် [illegible]န်းတွေ



www.burmeseclassic.com

www.burmeseclassic.com



တဖွားဖွား ပေါ်များနေပြီလို့ ထင်စရာရှိလောက်တဲ့ မသေမသပ် အဲဒီ ဆံပင်ဘုတ်သိုက်ကြီးရယ် ..''

''လောလောဆယ် လက်ကြားထဲမှာ ညှပ်ထားတဲ့ အဲဒီ သနပ်ဖက် ဆေးလိပ်ကြီးအစား ဈေးကြီးတဲ့ စီးကရက်လေးဆိုရင် ခုခေတ် မိန်း ကလေးတွေ ခိုက်လောက်တဲ့ တကယ့် ..''

''ဒီမှာ ..''

''ဟင် ..''

''ယောက်ျားတစ်ယောက်ကို ငုတ်တုတ်ထိုင်ကြည့်ပြီး တစ်စိတ် တစ်ဒေသချင်း ဝေဖန်ပြနေတာ မင်းတို့ကိုယ်မင်းတို့ ဟုတ်လှပြီ ထင် နေလား ..''

''တစ်စိတ်တစ်ဒေသချင်းကို မဟုတ်ပါဘူး .. ရှင့်ရဲ့ ဝတ်စား လေးကိုပဲ ပြောနေတာပါ၊ ဆု က အရမ်း အလုကြိုက်တာ .. သူ့ကိုယ် သူရော ဘယ်လိုနေသလဲ ရှင် မမြင်ဘူးလား ..''

''သူ ဘယ်လိုနေနေ ငါ ဘယ်လိုနေနေ မင်းတို့အလုပ် မဟုတ်ဘူး အခု လောလောဆယ် ငါ သိချင်တာက ဒါ ဘယ်သူ့အိမ်လဲ .. ဆု က ဘယ်သူနဲ့ သွားတွေ့နေတာလဲ ..''

''ဟင်!...''

ဆောင်းနှင်း က သူမရဲ့ စတက်ပ်ဆံပင်လေးကို ဘယ်ညာသိမ့် ကြောင်တောင်တောင်လေး ကြည့်၏။

''အဲ့ဒါကို ကိုသားမြတ် ခုမှ မေးတယ် ..''

''ခုမှ မေးရလောက်အောင် ကြာလာလို့လေ .. မင်းတို့ ဒီမှာနေ တယ်၊ သူ ခဏဆိုပြီး ဆင်းသွားတယ် .. အခု မိနစ်သုံးဆယ် ရှိသွားပြီ''

ဆောင်းနှင်း နဲ့ သောင်းသောင်း တို့ သူမတို့ ဇာတ်တိုက်ထား အတိုင်း ဝွင်ဝင်လာပြီမို့ မျက်လုံးချင်း တိုင်ပင်လိုက်ကာ ...

''ကျွန်မတို့လည်း စိတ်မကောင်းပါဘူးရှင် ..''





''ဘာ!...''

''ရှင်ကလည်း ဖြည်းဖြည်းအော်ပါ ..''

''မင်း စကားကို ရှင်းရှင်း ပြော .. ဘာကို စိတ်မကောင်းတာလဲ..၊ ဆု က ငါ့ကို တစ်ပတ်ရိုက်သွားတာလား ..''

''အဲ့ဒါ ရှင် စောစောတည်းက တွေးမိဖို့ ကောင်းတာ ..''

''ဒါဖြင့် မင်းတို့ကရော ..''

''ကျွန်မတို့က ရှင့်ကို ခုလို အချိန်ကြာကြာလေး ထိုင်ရာမထ ဖြစ်နေအောင် အချိန်ဆွဲထားရတာလေ ..''

''တောက်!...''

သားမြတ် ရဲ့မျက်နှာ တစ်ပြင်လုံးသည် အသားညိုသူမို့ ပို၍ အညို ဆောင်ရင့်သွား၏။

''ဆု က ကျွန်မတို့ သူငယ်ချင်းပေမယ့် ကျွန်မတို့ ရှင့်ကိုလည်း ... တယ် သနားပါတယ် ..''

''ဟုတ်ပါတယ် .. နှင်း တို့က ရှင့်ရဲ့ရိုးသားမှုကို တကယ်ကို လေးစားတာပါ၊ အဲဒါကြောင့် ဆု ရဲ့မျက်လုံးထဲမှာ ရှင့်ကို တိုးစေချင်လို့ ... ဘာလိုမျိုး ဝေဖန် အကြံပေးမိကြတာ ..''

''နေစမ်းပါဦး .. မင်းတို့က သူ ခိုင်းတဲ့အတိုင်း လုပ်နေရတယ်.. ဆိုလား ..''

''ဟုတ်တယ်လေ .. ကိုယ့်သူငယ်ချင်းက ဒီလူကို ယူရမယ်ဆိုရင် ... သေရမှာပဲလို့ ညည်းညူနေတာကို နှင်း တို့က ဘယ်လို အားပေးရ ... ..''

အရိုက်ထိသွားပြီမှန်း သိသာစေသည်က သားမြတ် ရဲ့မျက်နှာ ... သွားခြင်း ..၊

နှင်း က သောင်းသောင်း ရဲ့ခြေထောက်ကို ခြေထောက်ချင်း ... ... အောင်ခြင်းဖြာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး .. အဲဒီတော့ အခု သူက ဒီအဆောက်အဦထဲမှာ ဘာသွားလုပ်တာလဲ .."

"ဟို .."

"သွားချိန်းတွေ့တာလား .."

"အို .. ဆု အဲဒီလို မိန်းကလေး မဟုတ်ပါဘူး .."

"ဆု က အရမ်း ခေတ်မီတာ .. အန်တီတို့က တောခေလေ့ တော အထာကို မြတ်နိုးနေကြသလောက် ဆု ကတော့ ကျွန်မတို့သူငယ်ချင်း ဆိုတာတောင် ကျွန်မတို့ထက် ပိုပြီး ဆိုရှယ်ကျတယ် .."

ကိုယ့်ပုံစံက ပြောသလောက် မဟုတ်တာမို့ သဘာဝကျအောင် နည်းနည်းတော့ တွန်းထိုး ပြောလိုက်ရ၏။

စိတ်တော့ မကောင်းပါ ..။

"ရှင် သိချင်ရင် သွားကြည့်လေ .. ဒါပေမယ့် ကျွန်မတို့ မကောင်း ဖြစ်အောင်တော့ ဘာပြဿနာမှ သွားမရှာဘူးလို့ ကတိပေးရမယ် .."

"ပြီးတော့ .. နင် တစ်ခါတည်း ပြောပြလိုက်လေ .."

"ရပြီ .."

သားမြတ် က ကော်ဖီဆိုင်ထဲကနေ ဆတ်ခနဲ ထရပ်၏။ သောင်း သောင်း က မော့ကြည့်ကာ ...

"ရှင် လိုက်သွားမလို့လား .."

"ဟုတ်တယ် .."

ပြောပြီးတာနှင့် စားပွဲကြားထဲက ထွက်လိုက်သည်။

"အဲဒီလို သွားချင်တိုင်း သွားလို့ မရဘူး ကိုသားမြတ် ..။ ရှင့် ဒါကြောင့် ကျွန်မတို့က ကတိတွေ တောင်းနေတာ .."

"ဟုတ်တယ် .. ရှင် ဒါလေးပါမှ ဝင်လို့ရမှာ .."

စားပွဲပေါ်မှာ ချပြလိုက်သည့် ကတ်လေးကို ငုံ့ကြည့်နေပြီးမှ ကောက်ယူလိုက်သည်။





Tinn Club

D & N

"အပြင်က ကြည့်တော့ ဘာမှ မဟုတ်ပါလား .."

မြင်ကွင်းထဲမှာ မှန်နက်တစ်ဝက်နှင့် တံခါးပေါက်လေးတစ်ခု ရှိတာ ခေါင်းရင်းတစ်ပိုင်းလုံးမှာ ပြတင်းပေါက်ဆိုတာလည်း မရှိ ..။

ထိုပြင် ကလပ်ဆိုတာ ဇာတ်ကားတွေထဲမှာ မြင်ဖူးထားပေမယ့် ဘာကယ်ရှိနေသည်ဆိုသည့်အဖြစ်ကို လက်မခံချင် ..။

"ဒီမှာက ဒေးကလပ်ဘ်လည်း ရှိတယ် .. ဆု က လွတ်လပ်တာကို ကြိုက်တယ် .. သူ ပျော်တတ်တာက သန့်ရှင်းပါတယ် .."

"ငါ့ကို အဲဒီကတ် ပေးပါ .."

"ရှင်လည်း ကြည့်ရုံပဲ ကြည့်မှာလို့ ကတိပေးမှ ဖြစ်မှာ .."

"ဘာကတိမှ မပေးနိုင်ဘူး .."

"ဟင်!..."

သူ ဒီတိုင်း ဆွဲယူပြီး ထွက်လာခဲ့သည်။ နိုက်ကလပ်ဖြစ်ဖြစ် ဒေးကလပ်ဖြစ်ဖြစ် ဒီပုံစံတွေ နေထိုင်ကြ .. ကခုန်ကြ ..။ ဒါ့အပြင် ဘာရှိသေးလဲ ..။

ဒေါသက မထင်မှတ်ဘဲ အပြင်းစားနှင့် တရှိန်ရှိန် တက်လာနေ၏။ သူ လက်ထပ်ရမည့် မိန်းကလေးကျမှ ဘယ်လိုမှ နှစ်မြို့ဖွယ်မကောင်းသည့် ဒီလိုလွတ်လပ်ခြင်းတွေမှာ လာရောက်ငြိတွယ်နေသည်။ ပြီးတော့ လူကိုတစ်ပတ်ရိုက်ထွက်သွားတာ စော်ကားတာ မဟုတ်ဘူးလား ..။

နေ့မှန်း ညမှန်း မသိအောင် မှောင်မိုက်နေသည့် အခန်းထဲ ဝင်လိုက်မိ ဘာနှင့် သူ့ခြေလှမ်းတွေ တုံ့သွားသည်။

ရောင်စုံမီးလုံးတွေ လည်ပတ်နေတာ မျက်စိကျိန်းလောက်သည်။ လိုက်မီးတွေ ပြေးနေတာက လူရှာဖို့ ခက်၏။



www.burmeseclassic.com

www.burmeseclassic.com



'က'တော့ ကနေကြတာမဲ့ပေမယ့် ဘေးစားပွဲတွေမှာ ထိုင်နေကြသည့် စုံတွဲတွေ .. အုပ်စုတွေရှေ့မှာ ဖန်ခွက်တွေ ကိုယ်စီရှိနေတာ အချိုရည်တွေတော့ မဖြစ်နိုင် ..၊

ကိုယ်နဲ့ အဝေးကြီးလို့ ထင်ခဲ့သည့် ကမ္ဘာခြားတစ်ခုကို ရောက်သွားခဲ့သလို..၊ သားမြတ် ရုတ်တရက် ပါးစပ်အဟောင်းသားနှင့် တောင့်မတ်စွာ ရပ်နေမိ၏။

ပြီးတော့ မြင်မြင်သမျှ မိန်းကလေးတွေတိုင်းက သရုပ်ပျက်ဝတ်စားဆင်ယင်မှုများနှင့်ရှိကာ ဒီလိုဒီဇိုင်းတွေနဲ့ ခေတ်မီနေကြသူများလို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားစွာ ရှိနေကြ၏။

"ဟေး .. ကြည့်စမ်း .."

နှုတ်ခမ်းနီအရဲသား ပါးစပ်ကို အစွမ်းကုန် ဖွင့်ရယ်ကာ သူ့ရှေ့ဖြတ်ခနဲ ဘယ်လိုရောက်လာမှန်း မသိသည့် ဘာမှန်းမသိသော သတ္တဝါက လူတစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ဇက်ကျိုးမတတ် ကြည့်လိုက်ပြီး

"နည်းတာကြီး မဟုတ်ဘူးဟယ် .. အရပ် .. အရပ်ကြီးကလေးမြင့်မား ထွားကျိုင်းလိုက်တာ .. ရုပ်ကလေးက ရှက်ကြမ်းရေကျိုပေမယ့်တို့က အဲဒါမျိုးမှ ကြိုက်တာ .."

ပြောပြီး လက်ကို ပြေးကိုင်၍ ...

"ယူ ဘာရှာနေတာလဲ ဟင် .. တို့က .."

"ဟာ!... လာ နွဲ့မနေစမ်းပါနဲ့ .."

"အမေ့!..."

တကယ့်ကို မိန်းကလေးရှုံးလောက်အောင် ကနွဲ့ကလျ နွဲ့ပြောင်းကျန်ရစ်တာကို စိတ်တိုတိုနှင့် ဖနောင့်နဲ့ပါ ပေါက်ပစ်ခဲ့ချင်သေးသည်။

ဘယ်မှာလဲ 'ဆု' ..၊

ဆု ဝတ်သွားတာ ပန်းခရမ်းရောင် တောက်တောက်လေး –

မျက်လုံး သေချာ ဝေ့လိုက်မှ ထောင့်စွန်းစားပွဲနားမှာ ယောက်ျား





တစ်ယောက်နှင့် မျက်နှာချင်းဆိုင် 'က'နေသော တလှုပ်လှုပ်ပုံစံလေးကို မြင်လိုက်ရ၏။

သူ့ဘက်က ကြည့်တော့ ပခုံးကျယ်သည့် ယောက်ျားတစ်ယောက်ရဲ့ တစ်ဖက်မှာ သူမက ပျောက်နေသည်။

ထို့ပြင် ဝတ်သွားတုန်းက ပန်းခရမ်းရောင်လည်း မဟုတ်တော့ဘဲ တောက်နေသည့် ဇာဝတ်စုံ ဖြစ်နေလျက် ..၊ လည်ဟိုက် လက်ဖောင်းထောင်ထောင်ကြီးဖြစ်ကာ စကက်အကျပ်က ဒူးဖုံးရုံ မမိတမိလေးရယ်..၊

သူ့မျက်လုံးထဲမှာ ကြယ်တွေ လတွေ တဖြုတ်ဖြုတ် ထိုးတက်ကြဆင်းကုန်ကြသလိုပင် ..။

ဇာက ဇာအကျဲဖြစ်ကာ အတွင်းခံအထူ ပါပေမယ့် ...

"တောက် .."

"ဟယ် .. ယူကလည်း ဒေါသချည်းပဲ .. ဒီနေရာကို လာတာ ..က်ကွဲရဘူးလေ..၊ ဘာဖြစ်ချင်နေတာလဲ .. တို့ကို ပြောပြစမ်းပါ.."

သင်းက တစ်မျိုး ..၊

မိန်းမလျာတွေဆို ကြည့်မရရသည့်အထဲ ဒေါသဖြစ်နေတုန်းမို့ ..ပါမိအောင် မနည်း ထိန်းနေရသည်။

သို့သော် သူမဆီကို အပြင်းစားနှင့် ပြင်လိုက်သည့် ခြေလှမ်းက ..တစ်ယောက်၏ ရင်ဆိုင် တားဆီးလိုက်မှုကြောင့် တုံ့ခနဲ ဖြစ် ..၏။

"ခင်ဗျား ဘာလုပ်မလို့လဲ .."

မျက်နှာချင်းဆိုင် နီးနီးလေးမှာ တည်တည်တင်းတင်း ကပ်လာ မျက်နှာကို သူ စိုက်ကြည့်မိ၏။

ဒီမျက်နှာကို သူ မြင်ဖူးသည်။ ဘယ်မှာလဲ ..၊

"ဆု ကို ပြဿနာရှာမလို့ဆိုရင် ရှေ့ဆက်မတိုးဖို့ ပြောချင်တယ်" "တိုးမယ်ဆိုရင်ရော .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခင်ဗျား နေခဲ့တဲ့ ရွာငယ်ဇနပုဒ် မဟုတ်ဘူး .."

သူ မျက်မှောင်ကုတ်သွားသည်။ သူ ကိုယ့်ကို သိနေသည်ဆိုတော့ ကိုယ် သူ့ကို မြင်ဖူးခဲ့တာ မှားယွင်းမှု မဟုတ် ..။ အသားဖြူ၍ မျက်နှာ ကျပုံလည်း ချောသည်။

အရပ်မနိမ့်မမြင့်မှာ ဝတ်စားထားပုံက စမတ်ကျပြီး ဆွဲဆောင်မှု ရှိ၏။

"ကျွန်တော်က ဂျင်မ် .."

မမေးဘဲနဲ့ ပြောလာသည့် ပြုံးထေ့ထေ့မျက်နှာက သားမြတ် ၏ တော့ အထင်မြင်သေးစွာ ဝေ့ကြည့်၍ ...

"သူ ပျော်ရွှင်အောင် ကျွန်တော် ဖြည့်ဆည်းပေးနေတာ .."

"အဲဒီတော့ .. မင်းနဲ့ သူက ဘာလဲ .."

"ချစ်သူ .."

"ငါက သူ့ကို လက်ထပ်မယ့်ယောကျ်ား .."

သားမြတ် က ဒါပဲပြောကာ ဂျင်မ့် ပခုံးကို ကန့်လန့်ကာတစ်ခု သိမ်းဖယ်လိုက်သကဲ့သို့ လက်တစ်ဖက်နှင့် ဘေးတိုက် တွန်းဖယ် သည်။ ပြီးတော့ ဆု ရှိရာကို တန်းဝင်သွား၏။

"ဟေ့ လူ .."

ဂျင်မ် က ဒယိမ်းဒယိုင် ကျန်ခဲ့ပြီးမှ ပြေးလိုက်သည်။ တောသား ဝတုံးမို့ ဒီလိုအဆင့်အတန်းမျိုးကို လှမ်းမြင်လိုက်တာနှင့် ငေးငိုင်သွား မည်။

လူတောမတိုးသည့် သိမ်ငယ်စိတ်နှင့် ဆု ရဲ့ အနေအထိုင် ဝတ်စား ဆင်ယင်မှုတွေအပေါ် ထိတ်လန့် စိတ်ပျက်သွားမည်။

သူ မှန်းထားခဲ့တာ ဒီလောက်ထိပဲ ဖြစ်သည်။

ခုတော့ ဆု ကို သတိပေးချိန်လည်း မရ .. သူလည်း မတား နိုင် ..။ သို့သော် ...





"ခင်ဗျားကို ပြောနေတယ်နော် .. ဒါ အဆင့်အတန်းရှိတဲ့နေရာ"

"ဘာ အဆင့်အတန်းလဲ .."

သူ့ဘေး ပြန်ရောက်လာသည့် ဂျင်မ့် မျက်နှာရှေ့မှာ ရင်ဆိုင် လှည့်ပြီး အင်္ကျီရင်ဘတ်စကို လက်နှစ်ဖက်နဲ့ ဆောင့်ဆွဲချလိုက်၏။

အင်အားဗလချင်းက မမျှသည့်ပြင် ဂျင်မ် အစတည်းက ဖိုက်ဖို့ ထိုက်ဖို့တွေ စိတ်ကူးထဲမှာ မရှိခဲ့သဖြင့် သူ ဆွဲပင့်လိုက်တော့ ခြေဖျားပါ ကြွတက်သွား၏။

ထိုပြင် ကိုယ့်အဝတ်အစားတန်ဖိုးကို ငဲ့ညှာနေရကာ ...

"မင်း ငါ့ကို လွှတ်စမ်း .."

ဒေါသကြောင့် ခင်ဗျား ကနေ 'မင်း' ဖြစ်သွားခဲ့ပြီး ...

"ဆု ကို မင်း အရှက်ခွဲမလို့လား ..။ အဲ့ဒါ သူ့ကို လက်ထပ်ယူမယ့် ယောကျ်ားတွေလား .."

"ဟုတ်တယ် .. ငါ မခွဲလည်း ကွဲနေပြီဖြစ်နေတဲ့ အရှက်ကို သူ မြင်အောင် ပြရမယ် .."

"ဒိန်း .."

ဆောင့်တွန်းပစ်လိုက်သဖြင့် ဂျင်မ့် ကိုယ် နောက်လန်သွားကာ နေသည့် ခြေထောက်တွေကြားထဲ ကိုးယို့ကားယား ကျ၏။

ထိုအခါ လူတွေ သူတို့ဆီ အာရုံတွေ ရောက်လာကြ၏။ ဆု ရဲ့ အကြည့်တွေလည်း ဒီဘက်ရောက်လာပြီး ...

"ဟင်!..."

ဂျင်မ် ပက်လက်လဲနေတာကို လှမ်းမြင်သွားကာ တအံ့တဩ ဖြစ်သွားမိသည်။ ဒါက သရုပ်ဆောင်တာ မဟုတ်တော့ဘဲ အုန်းအုန်း ကျွက်ကျွက် ဖြစ်တော့မှာကို တကယ် ထိတ်လန့်သွားခြင်းဖြစ်လျက်...

"ကိုသားမြတ် .."

"ဟုတ်တယ် .. ငါ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဆု ရဲ့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ချက်ချင်း နေရာမှ ပြန်ထွက်သည်။ အားလုံး တအံ့တသြ ငေးကျန်ခဲ့ကြလျက်—

"ဖယ် .. လွှတ်တော့ .."

အပြင်ရောက်ကာမှ တအားလွှဲ ရုန်းလိုက်သဖြင့် လွှတ်မြောက်သွား၏။

"ရှင် ဘာလုပ်တာလဲ ..၊ ဆု ရဲ့ အသိုင်းအဝိုင်းတွေ အလယ်မှာ မဏ္ဍပ်တိုင် တက်ပြလိုက်တာ .. ဟုတ်လား .."

"ဟုတ်တယ် .. အရှက်သိက္ခာမရှိ မဏ္ဍပ်တိုင် တက်ပြနေတဲ့လူ ပြတော့ လိုက်ခေါ်ရတဲ့လူကလည်း ပြရတော့တာပေါ့ .. အဲဒီလို ဝတ် စားပြီး သရုပ်ပျက် လှုပ်ခါနေရတာ ပျော်နေတယ်ပေါ့ .."

"ပျော်တယ် .. ဆု တို့က ကကြတာပဲ ရှိတာ .. ဘာမှ သိက္ခာ မမဲ့ဘူး .."

"ဩော် .. ဒါဆို ပြောပါဦး ..၊ ဘယ်အခြေအနေကို သိက္ခာမဲ့တယ် ခေါ်တာလဲ .."

"ရှင် .. သူမျိုးရည်းစားကိုလည်း ထိုးလားကြိတ်လား လုပ်ခဲ့သေး တယ် .."

"မင်း ကိုယ့်ရည်းစားနဲ့ သွားတယ်ဆိုလည်း ရည်းစားနဲ့ တွဲ ပါလား ..၊ ဘာလဲ .. အဲဒီထဲ ရောက်သွားရင် မိန်းကလေးတွေ ဘုံပစ္စည်း ဖြစ်သွားရောလား ..၊ ဘယ်သူနဲ့တွဲတွဲ .. ဘာလုပ်လုပ် အားလုံး ဖရီးလား .."

"ရှင် .. မိုက်မရိုင်းနဲ့ .."

"မင်းမှာ ယဉ်ကျေးတာ ဘာရှိလို့ ငါက လေးစားရမှာလဲ ..၊ ဒီ ဆု .."

သူက ဆု ရှေ့မှာ ခြေချဲ၍ ခါးထောက်သည်။ ဆု မျက်နှာကိုလည်း ငုံ့ကြည့်ကာ ...





"ဆောင်းနှင်း တို့ .. သောင်းသောင်း တို့တောင် မင်းလို မဟုတ် ကြဘူး ..၊ မင်း တော်တော် အပျော်ကြိုက်ပါလား .. ဟင် .."

"ဟုတ်တယ် .. ကြိုက်တယ် ..၊ အဲ့ဒါကြောင့် ရှင့်ကို လက်ထပ်ဖို့ မင်းညိတ်ခဲ့ရပေမယ့် ဆု မှာ ငရဲကျတော့မှာလိုပဲ .. တောကြိုအုံကြား ထဲ ဘယ်လိုနေရမှာလဲ .."

"မြို့ပေါ်မှာ နေမယ်ဆိုလည်း မင်းကို ငါ ဒီပုံစံ လုံးဝ နေခွင့်မပေး ဘူးဆိုတာ ယုံလား .."

"ယုံတယ် .. အဲ့ဒါကြောင့် ရှင့်ကို ဆု လက်မထပ်ချင်တာ ..၊ မင်း ဒက်ဒီတို့ကို ငြင်းပေးပါ .. ဆု က .."

"အဲ့ဒါတွေ နောက်မှ ပြော .. သွား .. အခု ကားပေါ်မှာ သွားနေ၊ မင်း ဝတ်စားထားပုံနဲ့ လူမြင်မကောင်းဘူး .."

"ရှင့်မျက်လုံးထဲမှာ ဖြစ်နေတာလေ .. မြို့မှာ ဒါ မဆန်းဘူး.."

"ဆန်းတယ် .. အဲဒီ စရိုက်ပျက် အခန်းကျဉ်းထဲကလွဲရင် မြို့သူ မင်းလောက် မဆိုးပါဘူး .."

"အို!..."

သူ ဆွဲခေါ်သွားတဲ့အတိုင်း နောက်ထပ် ကားထဲကို အော်တိုမစ် ပြန်ရောက်ခဲ့ရ၏။

ကော်ဖီဆိုင်ထဲမှာ ထိုင်စောင့်နေကြသည့် ဆောင်းနှင်း တို့ ခလုတ် တိုက်တတ် ပြေးထွက်လာကြ၏။

ထင်ထားတာက ဒီလိုဖြစ်ဖို့ မဟုတ်ဘဲ ဆု ရဲ့လက်ကို မလွှတ် ဆွဲခေါ်ထုတ်လာတာ မြင်လိုက်ရတော့ ထိတ်လန့်ကုန်ကြသည်။

ဒီလူ ဘာလဲ ..၊

ဘာသားဖြစ်နေပြီး အားငယ်စိုးရွံ့ပုံလည်း မရှိဘဲ တစ်မြို့လုံးကို လွှမ်းတင်မယ့်ရုပ်ကြီးနဲ့ ..၊

"ဘာ .. ဘာတွေ ဖြစ်လာကြတာလဲ ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



ဆု က ဆံပင်တွေ လွန့်ခါသွားအောင် မျက်နှာလွှဲပစ်ကာ ဘာ မဖြေဘဲ အံကြိတ်နေ၏။

"ဆု .. နင်တို့ .."

"မင်း .. အံ့သြလွန်းပြီး ကားမမောင်းနိုင်တော့ဘူးလား .. ပေး"

"အယ်!..."

"ကိုသားမြတ် .. ရှင် မြို့ပေါ်မှာ မောင်းဖူးလို့လား .."

သားမြတ် က ဘာစကားမှ ပြန်မပြောဘဲ သော့ကို ဆွဲယူ မောင်းသူနေရာမှာ အိခနဲ ဝင်ထိုင်၏။ ပြီးတော့ ...

"အမလေး!..."

ကားက စက်နှိုးလိုက်တာနှင့် ရှေ့ကို ဝေါခနဲ တိုးထွက်သွား ဘရိတ်ကို ရုတ်တရက် ဆောင့်နင်းပစ်လိုက်လျှင် ...

"အား!..."

ခါးပတ်ပတ်ချိန်လည်း မရ ..၊ သတိထားချိန်လည်း မရလိုက် သောင်းသောင်း ကိုယ်လေး ဆိုဖာကြားထဲ ဇွေ့ခနဲ အပုံလိုက် ကျ

ဆောင်းနှင်း ရှေ့က ကူရှင်နဲ့ ပစ်တိုက်ကာ နဖူးလေး ပွတ် သည်။ နာတာမဟုတ်ဘဲ မူးမိုက်သွားတာဖြစ်ကာ ဆု သည် ဒက်ရှ်ဘု ကို လက်လေးနဲ့ တွန်းကန် ထောက်လျက်သားနှင့် ...

"တောက်!...."

တစ်ယောက်မျက်နှာက မာကျောနေလျက် တစ်ယောက်က တ ခေါက်၏။

နောက်က နှစ်ယောက်ကျ ကရား'တ'ရင်းဖြင့် အရှိန်မမှန် ကားပေါ်မှာ ..၊





အခန်း(၉)

"တောက်!..."

ဆု က တက်ခေါက်သံနှင့်အတူ ထိုင်ပစ်လိုက်တာ ခုံပါ တစ်ခါ ည်း ကျိုးကျသွားတော့မလား မှတ်ရသည်။

စကားတပြောပြောနှင့် ကန့်ပေါင်ဘက်ကို ထွက်လာခဲ့ကြရင်း တို့က မုန့်ဝယ်ခဲ့မယ်ဆိုပြီး မုန့်ဆိုင်တွေဘက်ကို ခွဲထွက်သွား ကြ၏။

ထိုက်စံ က ဆု မျက်နှာလေးကို ကြည့်ရင်း ခုံတန်းလေး၏ ဟို ဘက်စွန်းမှာ ဝင်ထိုင်ကာ ..

"တကယ် အဲဒီလို ဖြစ်ကိုနေတာလား ."

ဆု ကို မေးတာပေမယ့် ဂျင်မ် နဲ့ မျက်လုံးချင်း ဆုံတာမို့ သူပဲ ခေါင်းညိတ် ရှုံ့မဲ့ရင်း ...

"ဘယ်လို စတိုင်လ်မှန်းကို မသိပါဘူးကွာ .. တောသား ရဲ့တော့ ပုတ် ဆိုတာပဲ ကြားဖူးတယ် .. သူ့ကျမှ ငါတို့ပဲ ဆွဲထုတ်ခံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မင်း ညှံ့တာပေါ့ .."

"ဒါဆို မင်း သွားဖိုက်တ်ကြည့်ပါလား .. လူက ကျွဲပေါက် နွား ပေါက်ကြီး ကလပ်ထဲ ဝင်လာလိုက်တာ နွားသိုးကြီးပြတ်ကျနေတာပဲ.. မမြင်ဖူးတာတွေ ကြည့်ပြီး ငေးငိုင် အားငယ်သွားမလား မှတ်တယ်.."

"အဲ့ဒါ နင့်ကြောင့်ပေါ့ .."

ဆု က အပြစ်တင်လိုက်တော့ မျက်နှာချင်းဆိုင်မှာ လာရပ်သည့် ဂျင်မ့် မျက်နှာ ပျက်သွားကာ ...

"ငါ့ကြောင့် .."

"ဟုတ်တယ် .. ငါ ဝတ်ပုံစားပုံ သရုပ်ပျက်တာ ပြချင်တာများ နေ့သောင်းသောင်း တို့ ခြံထဲမှာ ကိုယ့်ဘာသာ ပွဲတစ်ခုလုပ်ပြီး ဝတ်ပြ ကပြလိုက်ရင် ပြီးပြီ .."

"မင်းကလည်း ဟုတ်တာပဲ .."

"အံမာ ထိုက်စံ .. မင်း စပေးလိုက်တဲ့ အကြံဉာဏ်ပေါ်မှာ ငါတို့ ပေါင်းကြံကြတာနော် .."

"ဟုတ်ပေမယ့် သရုပ်ပျက် ဝတ်စားတာတွေကိုမှ ဆု က ဝါသနာ ပါတာဆိုရင် တောသား လန့်သွားမှာ အမှန်ပဲ ..၊ ခုဟာက .."

"ကလပ်ထဲမှာ ပိုထိရောက်မလားလို့လေ .."

"အခု မင့်ကိုပဲ ထိသွားတယ်မို့လား .."

ထိုက်စံ က ပြောပြီး ဆု ဘက်က ပြန်လှည့်၍ ...

"ဘာတွေ ဆက်ဖြစ်နေကြလို့လဲ .. ပြောပြဦးလေ .."

"ပြန်သွားတော့လည်း လမ်းမှာ ကားတိုက်ပြီး ကံကောင်းလို့ မသေတာလေ ..၊ ကားအကောင်းစားကို မောင်းပြီး အထာမသိ .. လမ်း မသိနဲ့ .."

"ဟ .. အဲဒါကို ဘာဖြစ်လို့ မောင်းခိုင်းရတာလဲ .. အိမ်ရောက် တော့ အန်တီတို့က စိုးရိမ်ပြီး အပြစ်မတင်ဘူးလား .."





"မာမီတို့ ဘယ်သူမှ မရှိကြဘူး .. အပြစ်တင်တာ ခံရဖို့ နေနေ သာသာ သူကတောင် ငါ့ကို ကပ်ကြိမ်းနေသေးတယ် .."

"အံမာ .. ဘာတဲ့လဲ .."

"တစ်ပတ်ပြည့်ဖို့ သုံးရက် လိုသေးတယ်တဲ့ .. ဒါပေမယ့် ဆယ် ရက်တော့ နေပါစေဆိုပြီး မာမီ့ကို ပြန်ပြောပေးမလို့ သူ စိတ်ကူးခဲ့တာ တဲ့ .."

"အလကား ကျေးဇူးတင်ခံရအောင် ကပ်ရိုက်တာ .. မဟုတ်က ဟုတ်က .."

"အခု တစ်ပတ်ပြည့်တာနဲ့ ပြောတဲ့အတိုင်း ပြန်မယ်တဲ့ ..၊ ဒီကြား ထဲမှာ ဒါမျိုး ထပ်ဖြစ်ရင် သုံးရက်ထိလည်း နေချင်မှ နေမှာတဲ့ ..၊ ကဲ.."

"အံမာ .."

ထိုက်စံ ကိုယ်တိုင် ဒေါသထွက်လာပေမယ့် ဘယ်လို အကြံပေးရ မလဲလည်း ရုတ်တရက် မပေါ် ..၊

"ဘယ်လိုလဲ .. ပေါ်ကြပြီလား ..၊ နယူး အိုက်ဒီယာလေး ဘာ လေး .."

နှင်း တို့ ပြန်ရောက်လာကြတော့ အကြော်တွေလည်း ပါသည်။ ...မုန့်ဘူးတွေလည်း ပါသဖြင့် မြက်ခင်းစပ်စပ်မှာ ပြောင်း၍ ဝိုင်းဖွဲ့ ...လိုက်ကြ၏။

အပြာနုရောင် ဂျင်းပင်နီလေးနှင့် တီရှပ်လက်ပြတ်ကော်လံလေးနဲ့ ...ထားသည့် ဆု မျက်နှာလေးကိုပဲ ဂျင်မ် က တကြည့်ကြည့်နှင့် ...ပြင်းတွေလည်း ချနေ၏။

"မင်း ဘာဖြစ်နေတာလဲ .. ကြည့်ရတာ တော်တော်ကြာကြာ ...နေပုံပဲ .."

ထိုက်စံ က တံတောင်နဲ့ တိုက်၍ ရိုသည်။

"ဟုတ်တယ် .. ဘာရောဂါပဲရရ .. ကိုယ့်ကံကြမ္မာနဲ့ကိုယ် သေ



www.burmeseclassic.com

www.burmeseclassic.com



မလား ရှင်မလား တစ်ခုခုနဲ့ ကျိန်းသေတယ် ..၊ ခုတော့ ဘာမှလည်း လုပ်မပေးနိုင် .. အရှုံးပေးလိုက်ရမှာလည်း တနင့်နင့်နဲ့ ..”

“အရှုံးအနိုင်တွေ ပြောရအောင် နင်က ပြိုင်ပွဲဝင်နေတာမို့လို့လား သားမြတ် က ပြိုင်ဘက်မရှိ အောင်ပွဲဝင်သွားခဲ့တာ ..”

“ကဲ .. စရမှာ အဲဒီစာမျက်နှာနဲ့ မဟုတ်ဘူး .. နောက်တစ်မျက်နှာ ထပ်လှန်လိုက် ..”

နှင်း က တစ်ခါတည်း ပိတ်ပြောကာ ချိုင်းကြားမှာ ညှပ်လာသည့် ဖယောင်းကော်ဇောလေးကို အလယ်မှာ ဖြန့်ခင်းသည်။ ပြီးတော့ စား စရာတွေ တင်လိုက်ကာ ...

“အကြော်တွေ အရင် စားကြ .. ရေခဲမုန့်က အရမ်းခဲနေတာ မပျော်နိုင်သေးဘူး ..”

စားစရာ လမ်းညွှန်လိုက်တိုင်း ထိုက်စံ ကပဲ ဦးဆုံးဖြစ်ကာ အစား အသောက်မက်သလောက် အကောင်းလည်း ကြိုက်၏။ ထို့ပြင် ယောက်ျားလေးပေမယ့် သူများကို ပုတ်ခတ် ကဲ့ရဲ့ရမယ်ဆိုလည်း ရှေ့ တင်ဖြစ်ဖြစ် ကွယ်ရာဖြစ်ဖြစ် ဘယ်မျက်နှာကိုမှ ဂရုမစိုက်တတ်သူ -

“ဟုတ်တယ် .. ဒီတစ်ခါ စာမျက်နှာ ပြောင်းရမှာ အမှန်ပဲ - အခု ..”

စလိုက်ပြီး အကြော်တစ်ခု ကောက်ဝါးနေသေးသည်။ ပြီးမှ -

“ရည်းစား ရှိတယ် .. အဲဒီကောင်က ဂျင်မ် ဆိုတာလည်း ပြော လိုက်ပြီဆိုတော့ နောက်တစ်ဆင့်ကိုလည်း ဒါနဲ့ပဲ ဆက်တိုးရမှာ - ဒါပေမယ့် ငါ့ကို အယုံအကြည်ရှိမှနော် .. မရှိရင်တော့ မပြောတော့ဘူး”

“ဘာလဲ .. ဘာလုပ်ရမှာလဲ .. ပြောတော့ ပြောကြည့်ပေါ့ - ငါတို့အားလုံး ဝေဖန်ပေးကြမှာပဲ၊ ဆု အတွက် ဝိုင်းခေါင်းစားနေကြတာ ကို တစ်ယောက်တည်း အတည်ပြုနေလို့တော့ ဘယ်ရမလဲ ..”

သောင်းသောင်း က မေးဆတ် မေးသည်။





ထိုက်စံ က ဆု ကို ဘယ်လိုလဲဆိုသည့် မျက်လုံးနှင့် ပါးစပ်က ဝါးရင်း လှမ်းကြည့်သည်။

“ပြောလေ .. အားလုံး ပြောကြ .. အဲဒီတောသား လူရမ်းကားနဲ့ လွဲရရင် ပြီးရော ..”

“မပူပါနဲ့ .. လှုပ်ရှားချိန်တွေ ရှိပါသေးတယ် ..”

“ဘယ်မှာရှိတော့တာလဲ .. သုံးရက်ပဲ ကျန်တာကို ..”

“ဟ .. နင်ကလည်း သူပြောသလိုပဲ နေလိုက်တော့မှာလား ဆု.. ခုတည်းက အရှုံးပြထားတာလား ..”

“သူ့ဘက်မှာ တစ်အိမ်လုံး ရှိနေတာကို ငါ ဘယ်လိုလုပ်ရမှာလဲ.. နင်တို့ ငါ့အကြောင်း သိရဲ့သားနဲ့ .. ဒီလိုကိစ္စမျိုးကလွဲရင် ငါ ဘယ်သူ သေးသေးတင်တာမှ ခံခဲ့တာ မဟုတ်ဘူး ..”

“ခု ပုံစံအတိုင်းဆို နင့်ကို သေးသေးတင်မယ့်အပြင် လုံးကြီးတင် ဆံခတ်မယ့်သူက သားမြတ် ပဲ ..”

“နှင်း နော် .. စကားနောက် တရားပါ လာမပြောနဲ့ .. ငါ အခု သူကိုယ်တိုင် စိတ်ပျက်လက်လျှော့သွားတာ လိုချင်လို့ အကြံအိုက်နေ တာ ..၊ မိဘစိတ်ဆင်းရဲ အရှက်ရအောင်လည်း မလုပ်ချင်လို့ ..”

ဂျင်မ် က အပြုံးသဲ့သဲ့နှင့် ဆု ကို ကြည့်ကာ ...

“မိဘစိတ်ဆင်းရဲမှာက နင် တခြားလူတစ်ယောက်နဲ့ လိုက်သွားမှ ပါ ဆု ရာ .. ကိုယ် မလိုချင်လို့ မယူနိုင်ဘူးဆိုတာလောက်တော့ နင် ငြင်းပိုင်ခွင့် ရှိပါတယ် ..”

“နင်က ဘာကို ပြောတာလဲ ..”

“လက်မထပ်ချင်ပါဘူး ငြင်းလိုက်ပေါ့.. ဒါမှ မရသေးရင် တစ်နေရာရာ ထွက်သွားနေလိုက် ..”

ဆု က ချက်ချင်း ခေါင်းခါသည်။

“ငါ အဲဒါတွေ တစ်ခုမှ မလုပ်ချင်ဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက် လိမ္မာချင်နေတော့လည်း မတတ်နိုင်ဘူး .."

"ဒါဆို နင်တို့ တကယ် လက်လျှော့လိုက်ပြီပေါ့ .."

"နေပါဦး .. ဘယ့်နှယ် နှစ်ယောက်တည်း စစ်တိုက်နေကြတာလဲ .."

"အေးလေဟာ .. နင်တို့က တစ်မျိုး .."

"ဘယ်ကလာ .. နှစ်ယောက်ဆိုတော့ နှစ်မျိုးပေါ့ .."

နှင်း တို့ ပြုးနေပေမယ့် ဂျင်မ် က ရှုံ့တွတွမျက်နှာနှင့် ဆံပင်တွေသပ်နေသည်။ ဆု က မျက်နှာလေး တည်နေ၏။

"ဒီကောင်က သူ့ကိုယ်သူ ဘာမှမသက်ဆိုင်သေးတဲ့လူလို့ ထင်ပုံမရဘူး၊ အခု သူ့ပုံစံက ဆု နဲ့ပတ်သက်တာ အရာအားလုံး သူ့လုပ်ပိုင်ခွင့်တွေလို့ သတ်မှတ်ထားတာမျိုး .."

"ဟုတ်တယ် ထိုက်စံ .. နင် မမြင်လိုက်ရပေမယ့် မှန်းတာ တော်တယ် ..၊ အဲဒီနေ့က သားမြတ် ပုံစံ နင် ပြောသလိုပဲ .."

သောင်းသောင်း တို့က ခေါင်းတွေညိတ်၍ ထောက်ခံကြ၏။

"အဲဒီတော့ ဆု ကလည်း သူ့ဘက်က ဘာမှ အတိုက်အခံလုပ်မှာမဟုတ်ဘူး .. ဟိုဘဲကို ဆု မိဘနှစ်ပါးကလည်း လုံးဝ ယုံယုံကြည်ကြည်ရှိနေတယ် .. ငါတို့ လုပ်လို့ရတာ တစ်ခုပဲ ရှိတော့တယ် .."

"ဘာလဲ .."

"ထိုက်စံ .. နင် ငါ့ကို သူနဲ့ ပြေပြေပြစ်ပြစ် ပြောဆိုဖို့ ကြိုးစားခိုင်းတာမျိုး နောက်ထပ် အကြံမပေးနဲ့နော် .. မလုပ်ဘူး .."

"မလုပ်ပါဘူး .. ဒါပေမယ့် သူ ယုံကြည်အောင် နင် တစ်ခုတော့လုပ်ရမှာပဲ .."

"ပြော .."

"ဂျင်မ် နဲ့ နင် မခွဲနိုင် မခွာရက်အောင် ချစ်နေကြတဲ့ ချစ်သူတွေဆိုတာ သူ့ဘာသာ သိပြီး ယုံကြည်သွားဖို့ .."





ဂျင်မ် နဲ့ ဆု မျက်လုံးချင်း ဆုံသွားသည်။ ဂျင်မ် က မျက်ခုံးနှစ်ဖက် ပင့်သွားပြီးမှ ရယ်ကျဲကျဲ လုပ်ပစ်၏။

"မဖြစ်ပါဘူးဟာ .. နင် ပြောသလိုကြီးက ရုပ်ရှင်မင်းသမီးတွေပဲလုပ်နိုင်မှာ .. ငါတို့က သူငယ်ချင်းချင်း .."

"ငါကတော့ ဖြစ်ပါတယ် .."

"ဘာ!..."

"ဟုတ်တယ်လေ .."

ဂျင်မ် က တမင်တကာ အတည်အတံ့ လုပ်နေရသည့် မျက်နှာ ကြီးနှင့် ...

"နင့်အတွက်ဆို ငါ့ဘက်က အဆင်သင့် ရှိနေတာကို ပြောပြတာ.. ဘာဖြစ်လို့လဲ မရဘူးလား .."

"ဟုတ်သားပဲ ဆု ရယ်.. အခြေအနေတစ်ခုခုကို လိုချင်ရင် အဲဒီ အခြေအနေ ဖြစ်လာအောင် ကိုယ်ကစပြီး မဖန်တီးဘဲ ဘယ်လိုလုပ် ...လဲ .."

"အင်းလေ .. နင် အခု တကယ်သာ ချစ်သူရှိနေရင် ဒါတွေက ...ဆောင်စရာ မလိုဘဲ အလိုလိုကိုက ရုန်းထွက်ဖို့ ကြိုးစားချင်လာ ... -"

ဆု ငေးငိုင် တွေဝေသွားခဲ့၏။ ပြီးတော့မှ သက်ပြင်းချမိကာ ...

"သူကလည်း ငါ့ကို လိုချင်လွန်းလို့ ဒီလို လိုက်ဖြစ်နေတာတော့ ...ဘူး သောင်းသောင်း.. နင်တို့ ပြောသလို လုပ်ရင်ရော အကြောင်း ...လား .."

"နင် ပြောတော့ နင့်ကို လိုချင်လို့ဆိုတာ သူ့ပါးစပ်က ပေါ်တင် ...ပြောခဲ့တယ်ဆို .."

"ဒါကတော့ သူ့ပုံစံကိုက 'ငါ့စကား နွားရ' အနိုင်လု ပြောချင်တာ ...သာရှည်တာ စိတ်က တစ်ဆစ်လောက်ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ပဲပြောပြောပါ ဆု ရယ် .. နင် ဒီလောက်တောင် လှနေတဲ့ဥစ္စာ မလိုချင်ဘူးဆိုတဲ့ယောက်ျား ရှိပါ့မလား .. ကြာကြာ မြင်တွေ့လာရလေ ပိုပြီး လိုချင်လေ ဖြစ်လာမှာတောင် မြင်ယောင်သေးတယ် .."

"ပြောလို့ ရမလား .. သူကလည်း အဲဒီလို ဖြစ်စေချင်နေသလားမှ မသိတာ ..၊ တောသားပေမယ့် .."

"ဂျင်မ် နော် .. ငါ ဒီမှာ ပိတ်ထုလိုက်ရမလား .."

မဖွင့်ရသေးသည့် ရေခဲမုန့်ဘူးနဲ့ ရွယ်လိုက်တော့ ဂျင်မ် က ပခုံးတွန့်ပြီး မဲ့သည်။

ဆွေးနွေးခြင်းက ဟိုလိုဒီလိုနှင့် ဘာကို အတည်ပြုလိုက်မှန်းလည်း မသိဘဲ ပြောဖြစ်ကြတာတွေလည်း အများအပြား ရှိခဲ့ကြလျက် ..၊





## အခန်း(၁၀)

"ဟုတ်လား ဦးငြိမ်း .."

"ဟုတ်တယ် .. အခု လက်ပ်တော့ပ်လေး ဝယ်လိုက်တာတောင် သိန်းကျော်တယ်ဆိုလား .. ရောက်တဲ့နေ့တည်းက အပြင်းအထန် သင်နေတာ .. ညညလည်း ဒါပဲ ထိုင်လုပ်နေတာတဲ့ .."

ဆု တအံ့တသြ ဖြစ်နေမိတာ ဦးငြိမ်း က ပြောရင်းနဲ့ ကားကို ောက်အောင် သုတ်နေလျက် ...

"ကျောင်းစာသင်နေကြတဲ့ ကလေးတွေသာ မိဘက ကျက်ပါ ပါဆိုလို့ ကျက်ကြ မှတ်ကြရတာ .. ကိုယ့်ဖို့မှန်း မသိ .. သူ့ဖို့မှန်း တ်ပါလက်ပါ မရှိကြတာ ..၊ သူကတော့ အသိဉာဏ်ရင့်ကျက်ပြီး ယ် သိချင်လို့ တကယ် လိုက်စားနေတာသေ .. အချိန်တိုတိုအတွင်း တာပေါ့ .."

"ဟုတ်မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရပေမယ့် မနှာလိုစိတ်တွေကတော့ ဖြစ်နေပါပြီ။ ရောက်တဲ့နေ့တည်းက ကားမှားစီးမိလို့ ရှက်ခဲ့ရတဲ့အဖြစ်ကြောင့် သူ့ပဲ မကျေမနပ်နဲ့ ချက်ချင်း ပြန်ထွက်ပြီး ရန်ကုန်ကို ခြေဆန့်ခဲ့တာ ..၊

"ဒီကောင်လေးက မခံချင်စိတ်လည်း ရှိတယ် .. ဉာဏ်လည်း ကောင်းပုံ ရတယ်ကွယ့် .. သူ့ကြည့်ရတာ ရန်ကုန်ကို ရောက်လာကာမှ သမီးတို့ သူငယ်ချင်းအုပ်စုတွေကို အားကျပြီး ဒီလို ကြိုးစားချင်လာတာ ထင်တယ်၊ ပိုက်ဆံ နှမြောလို့ အပိုကုန် မခံဘူးဆိုပြီး ဖုန်းတောင်မှ ဝယ်မကိုင်တာ .."

ဆု နှုတ်ခမ်းမဲ့မိ၏။ ဒီအိမ်မှာ သူမနဲ့ပတ်သက်ပြီး ရောက်လာတဲ့ ဧည့်သည်သာဆိုသည် .. အပြင်ထွက်ချင် ထွက် .. မထွက်တဲ့နေ့ဆို ဦးငြိမ်း တို့ ခြံစောင့်ကြီးတို့နားမှာပဲ ရှိနေတတ်ခဲ့သည်။

ဘာလိုလို့နဲ့ ဒီနေ့ဆို ဆယ်ရက်ရှိပြီ ဖြစ်သည်။ ကိုယ်က တောင်းပန်ပြီး အချိန်ဆွဲထားရတာလည်း မဟုတ် .. မာမီတို့ကလည်း မတားပါ။

သူ့ပါးစပ်ကနေ ပြန်ဖို့အကြောင်း ဘာမှကို ပြောမလာသေးတာ ဖြစ်သည်။ ဒီလူ ပါးစပ်ကသာ အပြောဆိုးနေတာ တကယ်တမ်း တော့ ပြောတဲ့အတိုင်း မလုပ်ရဲပါဘူးလို့တောင် တွေးမိနေသေးသည်။

လက်စသတ်တော့ သူက သူ့ကိစ္စ သူ အလုပ်ရှုပ်နေတာပဲ –

"သမီးတို့ တောကို ပြန်ကြဖို့ကရော ရက် သတ်မှတ်ပြီးပြီလား –"

"ဟာ .. ပြန်ကြဖို့လို့ မပြောပါနဲ့ ဦးငြိမ်း ကလည်း .. တော ဆု ရဲ့အိမ်မှ မဟုတ်တာ .."

"ဪ .. အေးပါ .. အေးပါ .. ဦး စကားမှားသွားလို့ပါ –"

"သူကလည်း အလုပ်ရှုပ်နေတယ်လေ .. ဆု ကလည်း မသွား လေ ကြိုက်လေပဲ ..၊ ဟွန်း .. ဒါတောင် ဒီရက်ပိုင်းမှာ ခရီးမထွက် လို့ .. သူ အတင်းသွားမယ် လုပ်လို့ကတော့ .."





"ပြောပါဦး .. ဘာတွေ ဖြစ်သွားနိုင်လဲ .."

နောက်က စကားသံ ဝင်လာသဖြင့် ဆု ကျောလေး တောင့်သွားသည်။ ဒါပေမယ့် လှည့်မကြည့်မိအောင် စောင့်နေပြီးမှ ...

"ရှင်လည်း မသွားခဲ့ဘူးဆိုတော့ ဆု ကလည်း ပြောဖို့ မလိုပါဘူး"

"ဒါပေမယ့် သန်ဘက်ခါ ပြန်မှာ ..၊ ကားတောင် ဝယ်ပြီးပြီ"

"ဘာ!..."

"အန်တီလည်း သိတယ် .. ရွာကို လက်ဆောင်ပေးချင်တာတွေ ဝယ်မလို့ဆိုပြီး အန်တီ ခုပဲ ဈေးပင်းထွက်သွားတာ .."

အံမာ .. တောသားက မြို့က လေသံတွေနဲ့ ပြောလို့ ...၊

ကွန်ပျူတာ သုံးစွဲတတ်အောင် အနီးကပ်တွေ နင်းကန် သင်ပြီး ကြိုးစား ...၊ မြို့ကအထာတွေ သိအောင် ကြည့် ...၊ ဒါတွေနဲ့ပဲ သင်းက ကိုယ်နဲ့ ထိုက်တန်သူလို့ သူ့ကိုယ်သူ ထင်နေတာလား ...။

တွေးကြည့်လေ စိတ်တိုမိလေပေမယ့် ကျကျနန ပြန်လည် တိုက်ခိုက်ဖို့လည်း သူမဘက်မှာ ခွန်အားမဲ့နေခဲ့၏။

ဂျင်မ် တို့နဲ့ ပွဲပေါင်း ကြံစည်ထားတာတွေလည်း တစ်ယောက်တည်း ရှုပ်ယှက်ခတ် ပြေးလွှားနေသည့် သူ့ကို ဘယ်လိုမှ ဖမ်းမရလို့ အကောင်အထည် မဖော်နိုင် ...။

ဒီသတင်းကို သောင်းသောင်း နဲ့ နှင်း တို့ဆီ အရင်ပို့၍ တိုင်ပင်လိုက်မိ၏။

"ဘယ်လိုလုပ်ရမလဲ နှင်း ရယ် .. ငါတော့ လိုက်သွားရတော့မယ် ထင်တယ် .."

မွေ့ရာပေါ်မှာ ဆောင့်ခနဲ ထိုင်ချရင်း တကယ်ကို ငိုချင်လာတာ သည်။ ဖုန်းထဲမှာ ဆောင်းနှင်း အသံကလည်း အကြာကြီး တိတ်သွားလိုက် .. သက်ပြင်းတွေ ချလိုက်နှင့် ...၊

"နင်ကလည်း ညည်းလိုက်တာ ဆု ရယ် .. ငါတောင် ငိုချင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ..၊ အခု လိုက်သွားရမှာက လက်ထပ်ဖို့မှ မဟုတ်သေးတာ .. အရှိ လည်း စိတ်ညစ်မနေပါနဲ့၊ ဝါထွက်တဲ့အထိ ငါတို့ ကြံလို့ ရသေးတယ် လေ .."

"နင် မသိပါဘူးဟာ .. မာမီတို့က အားလုံး စီစဉ်ပြီးသား.. ငါ ငါ နေရမယ့်နေရာ ရင်းနှီးအောင် သွားကြည့်ထား ဆိုတာမျိုး .. အဲဒီ သဘောနဲ့ လွှတ်တာ .."

"ဟုတ်လား .. အဲဒီလိုကြီးလား .."

"မာမီက သိပ်တစ်မျိုးသန်တာဟ .. ငါ ငယ်ငယ်တုန်းက အန် ရှိစီ တို့ ရောက်လာကြပြီး ဒက်ဒီ မာမီခေါ်တဲ့ အကျင့်ဖြစ်အောင် သ သွားတာကိုတောင် သတိရတိုင်း ဒက်ဒီ့ကို စကားနာ ထိုးတာ .."

"ဒုက္ခ .."

"ဒက်ဒီကလည်း တစ်ဆွေတစ်မျိုးလုံး ခေတ်မီကြပြီး သူ့ မာမီ တစ်ခွန်းပဲ သိလား .. သေရင်တောင်မှ တောမှာပဲ ခေါင်းချမယ် မြို့မှာ သေရင် မြေဆီမြေနှစ်ထဲမှာ အေးဆေး ခေါင်းချခွင့်တောင် မဟုတ်ဘူးတဲ့ .."

"ကောင်းရောပေါ့ .."

"ရာဇဝင်ဇာတ်တော်တွေထဲက သူတော်ကောင်းတွေ စွန့်လွှတ် သလို လောဘသဏ္ဍာယ နည်းသထက် နည်းအောင် ကိုယ့်စိတ်ကို သိမ်းနိုင်တာနဲ့ လှူသင့်တာ လှူ .. ပေးသင့်တာတွေ ပေးကမ်း စွန့် တောမှာ ပြန်နေကြမှာတဲ့ .."

"အဲလို တကယ် ပြောဖူးတာလား .."

"ပြောဖူးတာ မဟုတ်ဘူး .. လင်မယားနှစ်ယောက် မျက်နှာ ဆိုင်မိတိုင်း မကြာမကြာ ပြောနေတတ်ကြတာ အဲဒီစကားတွေပဲ"

"ဖြစ်ရလေ ဆု ရယ် .. သူတို့စိတ် အဲဒီလို ရှိပေမယ့် ခေတ်သူ တစ်ယောက်ရဲ့ ရင်ထဲကိုတော့ နားလည်ပေးသင့်တာပေါ့ .. ဥ





နင့်ကို မြို့မှာ တင့်တောင့်တင့်တယ်လေး အိမ်ထောင်ချပေးခဲ့ပြီး စိတ်ချ ရတော့မှ လုပ်ချင်ရာ လုပ်ပေါ့ .. မဟုတ်ဘူးလား .."

"ဒက်ဒီကတော့ တစ်ခါတစ်ခါ သမီးမှာ ချစ်သူရှိလားလို့ မေး နေပါတယ် .."

"အံ့ပါ့ ဆု ရယ် .. အဲဒါများ ရှိတယ်လို့ ပြောလိုက်ပါလား .."

"ဟဲ့ .. အဲဒီတုန်းက ငါ့ကို ဇာတာသားနဲ့ ပေးစားဖို့ စကားသွား အပြန်တွေ ရှိထားခဲ့မှန်း သိမှ မသိတာ .. မရှိတာကို ရှိပါတယ် ပြော ရောလား .."

"ဆု .."

"ဘာလဲ .."

"နင် ဂျင်မ် ကို နည်းနည်းမှ သံယောဇဉ် မဖြစ်ဘူးလား .."

"ငါ့ကို ရည်းစားစကား အစောကြီးတည်းက ပြောမထားခဲ့ရင် တော့ ရှိရင် ရှိခဲ့မှာပေါ့ .."

"ခု မရှိဘူးပေါ့ .."

"ဟုတ်တယ် .. သူ့ကို ဘယ်လိုသဘောထားရမှန်းကို မသိဘူး၊ ယ်က ရိုးတာကို သူက ဆန်းပြားတာတွေပဲ တစ်ချိန်လုံး ပြောနေတာ ..၊ ပြီးတော့ ငါ့သူငယ်ချင်းဆိုလို့သာ ကြည့်နေတာ .. မာမီက ဂျင်မ် ကို ကြည့်ရတာ မဟုတ်ဘူး .."

"ဟင်!..."

"အထူးသဖြင့် ဆံပင်ထိပ်ဦးဖျားတွေ ရဲနေအောင် ဆိုးပြီး လုပ် တဲ့ ဟဲရ်စတိုင်လ်ကို မြင်လိုက်တိုင်း နှာခေါင်းရှုံ့တာ .."

"ငါ သိပြီ .. နင်ကလည်း အဲဒါကြောင့် ဟိုအရင်တည်းက ဂျင်မ် ယ်စာရင်းထဲ ထည့်ထားခဲ့တာမို့လား .."

"ပယ်စာရင်းထဲ ထည့်ခဲ့တာက မာမီနဲ့တော့ .."

"ဆိုင်ကို ဆိုင်တယ် .. နင့်စိတ်ကိုက မိဘက ဒါဆို ဒါပဲဖြစ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်ပါ ဆု ရယ် .. သားမြတ် ကို ကြည့်မရအောင် ဖြစ်သွား
သာ ဒီပြဿနာတွေ ဖြစ်နေရတာ .."

"နင်ပဲ ပြောတော့ဟာ .. မပြောတော့ဘူး .."

"နေဦးလေ .. ငါက သူငယ်ချင်းချင်းမို့လို့ ပွင့်ပွင့်လင်းလ
ဝေဖန်ပြတာ .. စိတ်ဆိုးလို့လား .."

"စိတ်တော့ မဆိုးပါဘူး .. ဒါပေမယ့် ငါ အခု အဲဒါကြီး
လုံးဝ ကြည့်မရတဲ့ဟာ .. နင်က .."

"အဲဒါလည်း ငါ ထင်သလို အမုန်းခံပြီး ထပ်ဝေဖန်ပြရရင် နံပါ
တစ်က နင် သူ့ကို မြင်မြင်ချင်း မတည့်ကြတဲ့အဖြစ်ကြောင့် မလို
တော့တာ ..၊ နံပါတ်နှစ်က ဘာမှ ပြင်ဆင်ချိန်မရလိုက်ခင် သူနဲ့အ
လိုက်သွားရဦးမယ် ..၊ နံပါတ်သုံးက အဲဒီနေရာက တောခေါင်ခေ
ဖြစ်နေလို့ .."

"ဒါဖြင့် ငါက ဒီလူ့ကို လက်ထပ်ဖို့ ခေါင်းညိတ်မှာပဲပေါ့ -

"ဒါကတော့ ငါ မမှန်းရဲဘူးလေ .. နင့်ရင်ထဲက အရေးကြီး
ဆုံးဖြတ်ချက်ပဲ .."

"ချန်ထားသေးလို့ တော်သေးတာပေါ့ .."

"ငါ တစ်ခု အကြံပေးမယ် ဆု .."

"ဘာလဲ .."

"နင် ထိုက်စံ ပြောသလို ဂျင်မ် နဲ့လည်း ချစ်သူတွေလို ဟန်ဆော
နေမပြချင်ဘူးမို့လား .."

"အဲလိုတော့ မဟုတ်ပါဘူးဟာ .. သူ ပြောသလို လုပ်မယ်
ငါ စိတ်ကူးထားတာပါ၊ ဟိုပုဂ္ဂိုလ်ကို ခေါ်ထုတ်ဖို့ ကြိုးစားတာ တစ်ခ
ကို အဆင်မပြေလို့ .."

"အေးပါ .. ငါက အဲဒါကြောင့် ခုပဲ အကြံတစ်ခု ထပ်ပေါ်လ
တာ .."





"ကဲ ပြောပါဆိုမှ .."

စိတ်မရှည် ဖြစ်လာကာ ဖုန်းကိုင်ရင်း ဟိုလျှောက်ဒီလျှောက်နှင့်
ဝက်လောက် ပွင့်နေသည့် တံခါးနား ရောက်သွား၏။ လက်က
ခါးပိတ်မလို့ ကိုင်ပြီးမှ မပိတ်ဖြစ်သေးဘဲ အခန်းပြင်ကို လှမ်းငုံ့
ည့်လိုက်လျှင် ...

"ဟွန်း .."

ဘုရားခန်းရှေ့မှာ သားမြတ် ကို မြင်လိုက်သဖြင့် မျက်စောင်း
၍ မျက်နှာလွှဲခြင်း ထပ်တူဖြစ်ကာ ...

"ကြည့်လို့ကို မရဘူး .. ပုံစံက .."

"ဟယ် .. ငါ့ကိုလား ..၊ အခုပဲ ပြောပါ့မယ်ဆိုတာကို .."

"မဟုတ်ပါဘူး .. ဟိုပုဂ္ဂိုလ်ကို ဘုရားခန်းမှာ မြင်လိုက်လို့ .."

"ဟင်!... ဟုတ်လား ..၊ ဒါဆို နင့်ဘက်ကို လျှောက်လာဖို့ အခြေ
ရှိနေတယ်ပေါ့ .."

"ရှိတယ်လေ .. ငါ့အခန်းရှေ့က ဖြတ်မှ အောက်ထပ်ကို ပြန်ဆင်း
ရမယ့်ဟာ .."

"အိုခေ .. အိုခေ .. ဒါဆို သရုပ်မဆောင်ရ .. အချိန်မကုန်ရ
ဘဲ နင် ပါးစပ်လေးတစ်ခု စိုက်ပြီး ဖီလင်တွေ နည်းနည်း ထည့်
.."

"ဘာရယ် .."

"ဩော်.. နင်ကလည်း သူ့ကို သာသာထိုးထိုးလေး မုန်း .. ဂျင်မ့်
ဘယ်လောက်ချစ်တာတွေ၊ ဘယ်လို ဆုံးဖြတ်ခဲ့တာတွေ၊ ခုတော့
လိုဘာညာတွေကို သာသာထိုးထိုးလေး လှမ်းပြလိုက် .."

"သိပြီ .."

စိတ်သည် ဒါဟာ အပန်းမကြီးသည့် အောင်နိုင်ခြင်းပဲလို့
အဖြေထုတ်မိကာ ဂျင်မ် နဲ့လည်း လက်ပွန်းတတီး မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း သရုပ်ဆောင်ဖို့အတွက် အခိုင်အမာ ဆုံးဖြတ်၏။

ဆို့ကြောင့် အပြင်က လှုပ်ရှားသံ တစ်စုံတစ်ရာကို နားစွင့်၍ –

"သူ့ကို ပြောပေးပါ နှင်း ရယ် .. ငါလေ သူ့ကို အရမ်းချစ်တယ်– သူကလွဲရင် ဘယ်သူ့ကိုမှ မယူနိုင်ဘူးဆိုတာ .."

"... ... ... ..."

"ဟင့်အင်း .. မိဘ သဘောဆန္ဒကို ခေါင်းညိတ်ရတယ်ဆိုတာ သူနဲ့ ငါ ဘာမှ အဆင်သင့် မဖြစ်ကြသေးလို့ပါ ..၊ ခု သွားမှာ လက်ထပ်ဖို့လည်း မဟုတ်ဘူး ..၊ စိတ်မပူနဲ့လို့နော် .."

ငိုနေသလိုလို နှပ်လေး တရှုံ့ရှုံ့လုပ်၍ ရှိုက်သံလေးပါ ထည့်လိုက်မိသေးသည်။

မသိမသာ နားစွင့်ကြည့်လိုက်တော့ အခန်းရှေ့မှာ အရိပ်က ရှိ... သဖြင့် ...

"သူကလည်း ငါ့ကို စိတ်မဝင်စားဘူးလို့ ပြောပြီးသား .. တော... မာမီတို့ ကျေနပ်ရုံ လိုက်သွားပြီး သူနဲ့ငါ ညှိလို့ ရတယ် ..၊ တကယ်... ငါ သူ့ကို လုံးဝ မယူဘူး .. သူလည်း ငါ့ကို မရမက လက်ထ... မကြိုးစားဘူးဆိုတာ ငါ ယုံတယ် နှင်း .. ဘယ်ယောက်ျားမှ ကိုယ့်... မချစ်နိုင်ပါဘူး .. မုန်းပါတယ်လို့ ဖွင့်ပြောထားတဲ့ မိန်းမတစ်ယောက်... ခွတ်ယူဖို့ ကြိုးစားမှာ မဟုတ်ဘူးလေ .."

"... ... ... ..."

"ဟုတ်တယ် .. သားမြတ် ဆိုတဲ့လူက မာနမင်းသားပါ၊ ... မာနကြီးတာ ငါ သိတယ် .. သူ မာမီတို့ရှေ့မှာ အဆင်ပြေအော... နေနေတာ ..၊ ငါ့ကို သူ လက်မထပ်ဘူးဆိုတာ သူ့စကားတွေထဲ... ငါ သိတယ် .."

"... ... ... ..."

"သြော် .. နှင်း ရယ် .. နင် ငါ့ကို မယုံမှတော့ ဂျင်မ် က ...





...လား .. ဂျင်မ့် ကိုတော့ စိတ်ချမ်းသာအောင် ငါ့အခြေအနေကို ရှင်းပြ...ပေးပါဟာ ..၊ ငါ ဒီလူ့ကို ဘယ်တော့မှ လက်မထပ်ဘူးလို့ .. တောကို ...ိုက်သွားလည်း ဒါကို မပျက်ပျက်အောင် ငါတို့ ကြိုးစားကြမှာလို့.."

"... ... ... ..."

"ဖွတ် လက်ထပ်ပေးမှာကို ထည့်မပြောစမ်းပါနဲ့ .. ဆုထူးပန် ...ိုတာ ဒီလိုဘဝအရေးကိုတောင်မှ ကိုယ့်ဘာသာ ဆုံးဖြတ်ခွင့်ရအောင် ...ကြိုးစားနိုင်ရင် ဘာဖြစ်သွားမလဲ ..၊ မာမီတို့က ငါ့ကို ဘယ်တော့မှ ...ဖြစ်တင် မုန်းတီးသွားမှာ မဟုတ်ဘူး .. အဲဒါကြောင့် ငါ ဘာလုပ်မလဲ ...ိုတာ ကြည့်ထားလိုက် .."

ပြောလို့ကောင်းကောင်းနှင့် သားမြတ် သူ့မာနတွေနဲ့သူ ပိတ်မိပြီး ...ဆက်မတိုးအောင် ပြောချလိုက်တာ စာကျက်ထားရင်တောင် ဒီ ...ာက် ပြောနိုင်ပါ့မလား ..။

"အိုခေ .. အိုခေ .. သွားပြီ .."

ဖုန်းနဲ့ ပါးစပ်ကို ထိကပ်မတတ် လက်လေးနဲ့ပါ အုပ်၍ ဆောင်း... ကို သတင်းပေးလိုက်သည်။

ပြီးတော့ နှစ်ယောက်သား အားပါးတရ ရယ်မိကြ၏။

ဒါပေမယ့် ဆု ရဲ့အပျော်တွေ သိပ်မကြာလိုက်ဘူး ထင်သည်။

'ဟင်!...'

သားမြတ် က ဘုရားခန်းထဲက ခုမှ ထွက်လာတာလား ..၊

ခုနတည်းက ပုတီးခန်းဆီးလေးရှေ့မှာ ဒီဘက် ထွက်လာတော့ ...နဲ့ ရပ်နေတာ သူမ သေချာမြင်လိုက်တာပဲ ..။

ခေါင်းထဲမှာ ဒိန်းခနဲ မြည်သွားသည်။

ဒါဆို ခုနက လှေကားဘက် ပြန်ထွက်သွားသည့် ခြေသံက ဘယ်သူ...

"ဒီ .. ဒီမှာ .."



www.burmeseclassic.com

www.burmeseclassic.com



သားမြတ် က သူမရှေ့က ဖြတ်လျှောက်သွားပြီးမှ လှည့်ကြည့်ပြီး မေးဆတ်သည်။

"ရှင် ဘုရားခန်းထဲ ဘယ်နှစ်ခေါက်တောင် ဝင်နေတာလဲ .."

"ဘယ်နှစ်ခေါက် ဝင်နေတာ မြင်လို့လဲ .."

အရေးထဲမှာ သင်း က ပြန်ရစ်နေသေးသည်။ ဆု စိတ်တိုဖို့လည်း သတိမရပါ ..။

မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း ကြားလည်း မကြားရဲသော်လည်း ...

"ခုန ရှင် ပြန်ဆင်းသွားသေးလားလို့ .."

"မဆင်းပါဘူး .. တစ်ယောက်ယောက် ဖြစ်မှာပေါ့ .."

သွားပြီ ...

ဆု သေချာသိလိုက်သည်နှင့် တံခါးဝဘောင်မှာ ပခုံးစောင်းလေး မှီကျသွားလေသည်။





## အခန်း(၁၁)

"မာမီ .. အဲ့ဒါ မဟုတ်ပါဘူး .. အဲ့ဒါလေ ဆု က .."

"မပြောနဲ့တော့ သမီး .. သမီးရင်ထဲက မျိုသိပ် ကြိတ်စည်နေတာ ... ခိုင်မာနေတဲ့ ဆုံးဖြတ်ချက်တွေ .. အားလုံးကို မာမီ သိခဲ့ရပြီ.."

"မာမီ .."

"ကိုသိန်း .. ကျွန်မတို့ လုပ်စရာရှိတာ ဆက်လုပ်မယ် ..၊ ဒီမှာ ...ဘူးပန် .."

ဒေါ်သဲဆု က ဦးသိန်းဇံ ကို လှည့်ပြောသလို ဆု ကိုလည်း နာကျင် ...အားသည့်အကြည့်နှင့် စူးစိုက်လျက် ...

"မာမီက ငါ့ကို ဘယ်တော့မှ စိတ်ဆိုး မုန်းတီးမှာ မဟုတ်ဘူးလို့ ...ည်း ပြောခဲ့တယ်နော် .."

"မာမီ .. အဲ့ဒါ .. အဲဒါတွေကလေ .."

"ဟုတ်တယ် .. မာမီ သမီးကို အမြဲတမ်း နားလည် ခွင့်လွှတ်ခဲ့ ...ယ် အခု သမီး အဲဒီလောက်ထိ လက်မခံနိုင်တာ ဂျင်မ် နဲ့ ဒီလောက် ...င် စွဲလမ်း ခိုင်မာနေတာတွေ သမီးကိုယ်တိုင် မာမီ့ကို ဖွင့်ပြောခဲ့ ...ည်း မာမီ နားလည်ပေးမိဦးမယ် ထင်တယ် .. ဒါပေမယ့် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ဘာမှမဟုတ်ပါဘူး မာမိရယ် .. ဆု တကယ် ပြောတာပါ .."

"ဟွန်း .."

ဒေါ်သဲမာ က နာကျင်ခံစားနေရသည့် မျက်နှာနှင့် မဲ့၍ ဟိုဘက်လှည့်သွားပြီးမှ ...

"မယုံတော့ဘူး .. မာမိ့ကွယ်ရာမှာ သမီး ဖွင့်ဟနေတဲ့ ခံစားချက်တွေကို .."

"မဟုတ်ဘူး .. မဟုတ်ပါဘူး ..၊ ဒက်ဒီ .. မာမိ့ကို ပြောပေးပါဦး"

မိဘတွေ မျက်နှာကို လိုက်မော့ တောင်းပန်ရင်း ဆု ကျလာခဲ့တာ မျက်ရည် အစစ်အမှန်တွေပါ ..။

မမှန်သော မုသားတွေနဲ့ မျက်ရည်အတုတွေကြောင့် ဆု တကယ်တမ်း မျက်ရည်အစစ်တွေနဲ့သာ အသနားခံသော်လည်း ...

"တော်ပြီ .. တော်ပြီ ညည်း ဘာပြောခဲ့သလဲ ..၊ ငါ ဘာကြားခဲ့သလဲဆိုတာ ညည်းနဲ့ ငါ သိပြီးသား .. ထပ်မပြောချင်တော့ဘူး .. အခု တစ်ခါတည်း လက်ထပ်ပြီးမှ ထည့်ပေးလိုက်မယ် ..၊ ညည်းကို ချုပ်နှောင်မထားဘူး .. အခန်းထဲ ထည့်မပိတ်ဘူး .. ညည်း ပြောသလို လုပ်မယ်ဆိုရင် လုပ်သွားလိုက် ဆုထူးပန် .."

မျက်လုံးလေး အဝိုင်းသားနှင့် ဆု ကို ဒေါ်သဲဆု က ပြန်လှည့်ကြည့်၍ ...

"ငါ ညည်းကို အကျပ်ကိုင် ခြိမ်းခြောက် မပြောဘူး .. ညည်း ထင်ရာ လုပ်သွားပြီးရင် ဘာဖြစ်ကျန်ခဲ့မလဲဆိုတာ ပြန်လှည့်မကြည့်ခဲ့အောင်သာ နေလိုက် .."

"အဲဒီလို မလုပ်ပါနဲ့ မာမိရယ် .. ဆု့ ကို ချက်ချင်းကြီး လက်ထပ်မပေးပါနဲ့ .. ဆု မာမိ ကျေနပ်သလို မာမိတို့ ယုံကြည်စိတ်ချအောင်.."

"တော်တော့"





ဒေါ်သဲမာ လက်ပါ မြောက်ခနဲ ခါသွားတဲ့အထိ အော်ပစ်သည်။

"ချက်ချင်း လက်ထပ်ရမယ် .. လက်ထပ်ပြီးတဲ့နေ့ ချက်ချင်းပဲ လိုက်သွားရမယ် ..၊ ကိုသိန်း .. တင်မေ တို့ကို အမြန်ဆုံး ရောက်အောင်လာဖို့ ဖုန်းဆက်လိုက် .."

"မာမိ .. အဲဒါကို သားမြတ် ကလည်း သဘောကျမှာ မဟုတ်ပါဘူး ..၊ ပြီးတော့ .."

"သားမြတ် သဘောကျတာ မကျတာက ငါ့အလုပ် မဟုတ်ပါဘူး၊ သူ့သားကို သူ့မိဘ ဘယ်လောက် ထိန်းချုပ်နိုင်သလဲဆိုတာ အဖြေပဲ၊ ညည်းကိုလည်း ငါ လွတ်လပ်သလို နေခွင့်ပေးထားတာပဲ ဆုထူးပန်.. ငါ ဒီလို ဆုံးဖြတ်ထားတယ် .. ဒါပဲ လုပ်ရမယ်လို့ သတ်မှတ်ပြီးပြီ၊ နာခံတာ မနာခံတာက ငါ့သမိုင်း ..၊ ညည်းရဲ့ဆုံးဖြတ်ချက်က ငါ့သမိုင်းပဲ .."

ထို ဆုံးဖြတ်ချက်အတိုင်း ချက်ချင်းကြီး လက်ထပ်လိုက်ရသည့် ဆု ရဲ့သမိုင်းဟာတော့ မာမိ့သမိုင်းကောင်းဖို့အတွက် မျက်လုံးစုံမှိတ်ပြီး ခေါင်းညိတ်ခဲ့ခြင်း ဖြစ်လေသည်။

ကားကြီးတစ်စီးနှင့် အားချင်းရောက်ချလာသည်ဆိုသော ဒေါ်တင်မေ တို့ လူသိုက်ကြီးက ဆု တို့ အပေါ်တစ်ထပ်လုံး ပြည့်ကာ ဒက်ဒီ့ စားနေခန်းဖြစ်သည့် ခြံထဲက တိုက်ပြားလေးလည်း မချမ်းသာ ..၊

"တော်သေးတယ်နော် .. အားချင်း လာကြတာမို့လို့ .."

သောင်းသောင်း က လက်ထပ်သည့်နေ့မှာပဲ လူထုကို ကြည့်ပြီး တရားကျသွားရှာသည်။ ဂျင်မ် နဲ့ ထိုက်စံ တို့ ရောက်လာကြပေမယ့် ခဏပဲ လူရိပ်ပြပြီး ပြန်သွားကြ၏။

"ဟဲ့ .. ဂျင်မ် ဒီလိုကျတော့လည်း သနားပါတယ်နော် .. သူ့ကိုယ်သူ ချက်ချင်းကြီး ကျန်ရစ်ဖြစ်ခဲ့ရမယ်လို့တော့ ထင်ထားမှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ငါ့ကြောင့်ပါ သောင်းသောင်း ရယ်.. ငါ အကြံပေးမိလို့.."

ဆု မျက်ရည်လေးတွေ ဝဲ့နေတာကို မကြည့်ရက်တိုင်း နှင်း က တဖွဖွ တောင်းပန်နေ၏။

ဆု ခေါင်းလေးခါ၍ ...

"ငါ့ဘာသာ လုပ်ခဲ့တဲ့ ကံတရားပါဖော .. နင် အကြံပေးပေမယ့် ငါ လုပ်မှ ဖြစ်တာပဲ .."

အများထဲမှာ ခေါင်းတစ်လုံးနီးပါး ကျော်နေသည့် သားမြတ် ရဲ့ပုံစံကို အဝေးကနေ လှမ်းကြည့်ရင်း ကိုယ့်ကိုယ်ကိုယ်ပဲ တရားချနေရသည်။

ဘယ်လိုဖြစ်ဖြစ် .. ဘယ်လောက်မုန်းမုန်း .. သင်းက ကိုယ့်ရဲ့ ခင်ပွန်း ဖြစ်ခဲ့ပြီ ...၊

"သူကတော့ ရယ်မောလို့နော်.. ရွာသားတွေကလည်း စားသောက်ပျော်ရွှင်နေလိုက်ကြတာ ဝက်ဝက်ကွဲပဲ .."

"ဟုတ်ပ .. ဝေသာလီပြည် ဘီလူးကျတာ ကျနေတာပဲ .."

"ကဲ .. တော်ပါတော့ .. ဆောင်းနှင်း ရယ် .. မကြာခင် အဲဒီ လူထူးလူဆန်းတွေက ငါတို့သူငယ်ချင်းရဲ့ ဆွေတော်မျိုးတော်တွေ ဖြစ်လာကြမှာ ..၊ မေတ္တာတွေ အဲလောက် ထားမနေနဲ့ .."

လူကြီးချင်း ဆက်သွယ်ပြီးတာနှင့် မြို့မှာ အားလုံး စီစဉ်ဆောင်ရွက်ထားလိုက်ပြီးဖြစ်ကာ တောကလူတွေ ရောက်လာတာနဲ့ ခြံထဲမှာပဲ ဧည့်ခံပွဲလေး လုပ်၍ အကျဉ်းချုံး စီစဉ်သည်။

"ကောင်လေးက ထောင်ထောင်မောင်းမောင်း ခန့်ခန့်လေး .. ကောင်မလေးက ဖြူဖြူသွယ်သွယ် လှလှလေး .. လိုက်သားပဲနော်.."

"ဟုတ်ပ.. တောသားဆိုပေမယ့် သိပ်တော့ ပုံမတုံးပါဘူး .. ဘာပဲဖြစ်ဖြစ် လူငယ်ချင်းဆိုတော့ ကြည့်လို့ ကောင်းနေတာပဲ .."

ဧည့်ခံပွဲလာတဲ့လူတွေက မာမီတို့ စီစဉ်တာကို ထူးဆန်းနေကြသလို သားမြတ် ကိုပဲ အထူးတလည် အကဲခတ်သွားကြသည်။





မြို့မှာ လူချမ်းသာစာရင်းဝင် ဖြစ်ပါလျက်နှင့် တောက လူငယ်ကို တကူးတက ခေါ်ပြီး လက်ထပ်ပေးသည့်အဖြစ်ကြောင့် မသိတဲ့လူတိုင်းအတွက် အထူးတဆန်း ဖြစ်နေကြ၏။

ဆု ကတော့ လူတွေ ပြောကြတာကို ကောင်းတာလည်း မကြားချင် .. မကောင်းတာလည်း မကြားချင် ...။

မနက်ပိုင်း လက်မှတ်ထိုးတုန်းတည်းက ခေါင်းကိုက်လို့ဆိုပြီး ပြန်လာတာနဲ့ အခန်းထဲ ဝင်နေခဲ့သည်။ ခုလည်း မဖြစ်မနေ ထွက်ရဖို့ အချိန်ကျကာမှ ဆင်းထွက်လာခဲ့တာ ဖြစ်၏။

ထို့ပြင် မာမီ့ကို အရွဲ့တိုက်တာတော့ မဟုတ်ပေမယ့် ဒီလူကို ကြည့်မရသည့်စိတ်ကြောင့် သူမ ဝတ်ခဲ့သည့် သတို့သမီးဝတ်စုံက ကြံရည်စိမ်းရောင် လက်နေသည့် ပိုးချိတ် ...၊

တစ်ကိုယ်လုံး ကျောက်စိမ်းတွေချည်း ဆင်ကာ လက်ကိုင်ပန်းဆွေ ဘာတွေ မကိုင်တော့ဘူးလို့ ဆုံးဖြတ်ပြီးကာမှ အစိမ်းရောင် နှင်းဆီဆွေ တမင်မှာ၍ ကိုင်ပေးလိုက်၏။

မာမီက မျက်နှာပျက်ပေမယ့် တောသားတွေက ဘာမှမသိ ...။

သားမြတ် ကလည်း သူမ တစ်ကိုယ်လုံးကို တစ်ချက်ပဲ ဝေ့ကြည့်ပြီး အနားလည်း မကပ် .. ဘာမှလည်း မပြော ...။

သူ့အတွက်က မြို့မှာ အသိမိတ်ဆွေ မရှိသလို .. သူ့အပေါင်းအသင်းဆိုတာတွေကိုလည်း ဆု က မသိ ...၊ စိတ်လည်း မဝင်စားပေ...။

ထို့ကြောင့် သူက ဧည့်ခံပွဲရဲ့ ဟိုဘက်အစပ်မှာ သူ့အဖွဲ့နဲ့သူ ရှိနေတာ ဆု တို့က ဒီဘက်မှာ သီးခြား ...။

"သဲသဲ ရယ် .. နင့်သမီးလေးက ငါ ထင်ထားတာထက်ကို ပိုလှတယ် .. ဘကယ်ပဲ .."

"ဟုတ်တယ်ဟေ့ .. သျှောင်နောက် ဆံထုံးပါမို့သာ ခေါ်သွားရမှာ ...၊ အားတော်င် နာပါရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး .. လင်မယားနှစ်ယောက် အားနာနေကြတာ သွားကြီးတွေကို ဖြီးလို့နော် .."

"ဟား .. ဟား .. ဟား ..."

"ဟား .. ဟား .. ဟား ..."

ရယ်သံတွေ အုံးခနဲ ထွက်လာပြီဆို ကိုယ့်လူတွေပဲ ဖြစ်ကာ -'ကျွန်မတို့အားလုံး အစတည်းက အဲဒီလိုလူတွေပါပဲ' လို့ နောက်ကြောင်း ပြန်ပြောနေသလိုပင် ..။

ဆု က မြို့ကြီးသူ ဖြစ်ချင်လွန်းလို့ မဟုတ်ပါ။ ဒါပေမယ့် ဒီလိုနေရာမှာ လာပြီး တောအထာတွေနဲ့ လွတ်လွတ်လပ်လပ်ကြီး ရယ် -ပြောချင်တာတွေ အော်ကြီးဟစ်ကျယ် ပြောကြတာတွေထဲမှာတော့ မာမီတို့ကို ရောနှော မနေစေချင် ..။

"မြို့မှာ မင်္ဂလာစရိတ်က အရမ်းကြီးတာ .."

"ဟုတ်တယ် .. ဟုတ်တယ် .. ငါတို့ချင်း ပကာသနမှ မလိုတာသဲ ရယ် .. ဒါပေမယ့်နော် .. သမီးက ဒါ မကြိုက်ဘူး .. ဒါပဲလို့ ဆိုလို့ကတော့ ကုန်ချင်သလောက် ကုန် .. ရန်ကုန်မှာဖြစ်ဖြစ် .. နိုင်ငံခြားမှာဖြစ်ဖြစ် .. တင်မေ တို့က တောသူပေမယ့် လက်တွန့်မယ် မထင်နဲ့.."

ဒေါ်တင်မေ က ဆု ကို မကြာခဏ လာပြီး နဖူးလေး သပ်လိုက် -ပခုံးလေး ဖက်လိုက်နှင့် တပြုံးပြုံး ရှိနေခဲ့၏။

"မြို့မှာ နေပေမယ့် မိဘစကား နားထောင်ပြီး လိမ္မာရေးခြား ရှိတာလေးကိုပဲ ငါဖြင့် ကျေနပ်လို့ မဆုံးဘူး .."

သူမတို့အပေါ်မှာ အပြုံးမပျက်လေး ဆု က ရှိနေပေးတာကိုပဲ ကျေနပ်နေရှာ၏။

ကကယ်တော့ တောသူတောသားတွေပီပီ စိတ်ထဲ ဘာမှမထားဘဲ ပွင့်ပွင့်လင်းလင်း ပျော်တတ် ပြောတတ်တာတွေကို ဆု မြင်နေရတာ ကျေနပ်ပါသည်။





သူတို့တွေကို အထင်မကြီးနိုင်ပေမယ့် အထင်မြင်သေး ရှုံ့ချစိတ်နှင့် မုန်းမိတာမျိုးလည်း မဖြစ် ..။

သူမ ခံစားနေရတာက ဘယ်လိုမှ ပြင်ဆင် ရှောင်ရှားချိန် မရဆိုက်သည့် ဒီမင်္ဂလာပွဲ ..၊

"သမီးလေး .. ဟိုရောက်ရင် မိတ်ဆွေတွေ ရသွားမှာပါ .. ပျော်သည်း ပျော်သွားမှာ သိလား .."

ပြန်ကြမည်ဆိုတာနှင့် ဒေါ်တင်မေ က အနားရောက်လာပြီး ချော့နေ၏။ ဒါကိုတော့-ဆု မပြုံးနိုင်တော့ပေ ..၊ ထို့ကြောင့် ဆု မျက်ရည်သုရင်း ချော့ရင်းနှင့် အားလုံး သတိထားမိကုန်ကြ၏။

"မဆု မငိုပါနဲ့ရှင် .. တောမှာလေ မဆု ကို မျှော်နေကြတဲ့ မဆု မသိတဲ့ ရွယ်တူ သူငယ်ချင်းတွေ အများကြီးပဲ ..၊ တောမှာ မျက်နှာ မ်းလည်း ခဏပဲ .. အားလုံးက ဖော်ရွေကြပါတယ် .."

"ဟုတ်တယ်ဟ .. သားမြတ် ဆိုရင် ငါတို့အုပ်စုထဲမှာ ခေါင်းဆောင် .. ဘာလုပ်လုပ် တအုန်းအုန်းနဲ့ ရှင်းမရအောင် ဖြစ်လိုက်ရင် ဒါတို့ပဲ .."

ဆု ထက် အသက်ကြီးတဲ့ ယောကျာ်းတွေရော .. ရွယ်တူ မိန်းကလေးတွေရော သူမတို့က ဆု ကို တရင်းတနှီး လာအားပေးကြသည်။

"ဟိုမှာလည်း မဏ္ဍပ်ကြီး ဟီးနေအောင် ထိုးထားမှာပဲ ..၊ ကြီးကြီး က အားလုံး စီစဉ်ခဲ့ပြီးပြီ .. ဒီမှာ တခမ်းတနား မဟုတ်ပေမယ့် တောမှာ ခြိမ့်ခြိမ့်သဲ ဖြစ်သွားမှာ .."

သြော် .. ဝမ်းသာလိုက်တာဆိုပြီးတော့ပဲ ထခုန်ရဦးတော့ မလိုလို..၊

"နင်တို့ တစ်ရက်ပဲ နောက်ကျလို့ ရမှာနော် သဲသဲ .. ပြီးတော့ ပြီးဘာ ့ တန်းပြန်ကြမှာ .."

"ဟုတ်တယ်လေ .. နောင်ဆို အမြဲ အတူတူနေကြရမှာပဲ .. ဒီနေ့ လုပ်လုပ်နေရတဲ့အချိန်မှာတော့ လစ်လပ်ခံလို့ မဖြစ်သေးဘူးလေ.."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. သိပါတယ် .. ဒါပေမယ့် သမီးလေး အသားကျအောင် တော့ နေစေချင်တာပေါ့ .."

"သူ ပျော်သွားမှာပါ .. "

ဒက်ဒီနဲ့ မာမီ ဒီစကားတွေပဲ ယုံကြည်စွာ ပြောနေကြသည် မျက်လုံးချင်း ဆုံကြတော့လည်း မာမီ့အကြည့်တွေက ဆု ကို ခြိမ်း ခြောက် သတိပေးနေသလိုလို .. ဒါမှမဟုတ် ဆု လိမ္မာမှာပဲလို့ တကယ် ယုံကြည်နေတာလား ..။

ဆု ဘာက်က မှားခဲ့သမျှကို ကျေကျေနပ်နပ်ကြီး ခေါင်းငုံ့ နာခံခဲ့တာပါ ..။

ရင်ထဲမှာ တစ်မျိုးစီသော ကြေကွဲခြင်းတွေ ဖြစ်နေကြပေမယ့် မင်္ဂလာပွဲကတော့ စည်ကားစိုပြည်စွာ ပြီးဆုံးသွားခဲ့လေသည်။

ဒါပေမယ့် ထိုညမှာ အရက်တွေသောက်ပြီး သားမြတ် ကျွမ်းစိုင်းအောင် မူးသည်။

ဝက်ဝက်ကွဲ အန်လျက် .. ဆရာဝန် မင့်ရသည့်အဖြစ်သို့ ရောက်၏။

ဆရာဝန်သည် သူ့ ကုရမည့်လူနာ ငါးယောက်ကို တန်းစီကြည့်ပြီး တအံ့တသြဖြစ်ခြင်းမှ တဖြည်းဖြည်း ပြုံးကာ ...

"အရက်မသောက်ဖူးကြတဲ့ လူငယ်တွေပဲ .. သိတယ် .. သိတယ် ပြောလိုက်တာနဲ့ သိပါတယ်" တဲ့ ..။

အရက်မသောက်ဖူးသည့် တောသားလေးတွေဆိုပြီး ဂုဏ်ပြု လက်မှတ်တွေများ ပေးဦးမလား မသိ ..။





အခန်း(၁၂)

"ထူးလင်းအောင်ကြီး ပါ ခေါ်လာခဲ့ရင် ပြီးရော တင်မေ ရယ်.. သူ အရမ်းပျော်မှာ .."

"အရမ်းကို လိုက်ချင်နေတာပါ သဲသဲ ရယ် .. ဒါပေမယ့် သူ့ကို ခေါ်ကိုင်းသွားရင်လည်း ခေါ်သွားဦးမှာ ..၊ ရန်ကုန်ကျတော့ အရမ်း ဆိုးပန်းသွားမှာ စိုးလို့ .."

"ဟုတ်တယ် သဲသဲ ရ .. နင့်တူက ခုတစ်လော ကျန်းမာရေး ချောလာတယ် .."

ပြန်ခါနီးတော့ ကားတွေနားမှာ သူ့အုပ်စုနဲ့သူ နှုတ်ဆက်နေကြ သည်။ ဒါပေမယ့် တစ်ညလုံး တစ်နေ့လုံး မူးလို့ မပြီးနိုင်သည့် သားမြတ် တော့ ခုထိ အိမ်ထဲက မထွက်နိုင် ..။ ညှော်ခန်းဆိုဖာမှာ မျက်နှာမော့ ရင်း မျက်လုံးတွေ မှိတ်နေရဆဲ ..။

ထိုအခါ အပေါ်ထပ်က ဆင်းလာသည့် ဆု တို့အုပ်စုနှင့် သူ့ဘေး မှာ စုပြုံနေကြသည့် တောသားအုပ်စု မျက်လုံးချင်း ဆုံသွားခဲ့ကြ၏။ အသီးသီး မျက်နှာတွေ လွှဲလိုက်ကြပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆု .. ဟိုပုဂ္ဂိုလ် အမူးလွန်ပြီး ခေါင်းကိုက်နေတယ် ထင်တယ်..၊ ဘယ်လိုလဲ .. အမူးပြေ ကော်ဖီလေးဘာလေး ဖျော်မတိုက်ချင်ဘူးလား"

"သောင်းသောင်း နော် .. တစ်ခါတည်း တွန်းထုတ်လိုက်လို့ ဟိုတောသားအုပ်စုထဲ ရောက်သွားမယ် .."

"အမလေး .. မလုပ်ပါနဲ့ ..၊ မတွေးရဲစရာကြီး .."

"အံမယ် .. ငါတို့က သူ့အတွက် ပြောတဲ့ဥစ္စာ .."

နှင်း က နားနားကပ် ပြောပြန်သည်။ ဒီမနက် သူတို့တွေ အစောကြီး ရောက်လာကြတော့ တစ်ညလုံး ခေါင်းအုံးပေါက်အောင် ငိုနေပြီ ထင်ခဲ့သည့် ဆု ကို ကြော့ကြော့မော့မော့ လန်းလန်းဆန်းဆန်းလေး မြင်လိုက်ရတည်းက စိတ်ချမ်းသာသွားခဲ့ရသည်။

"ငါက ဘာလို့ ငိုရမှာလဲ နှင်း ရယ်.. ငိုနေလည်း သူ့မိန်းမ ဖြစ်သွားပြီးပြီ .. ဒီလိုလူနဲ့ပဲ ငါက တန်တာပေါ့ .. ဒီလိုပဲ သတ်မှတ်ပြီး ဖြေသိမ့်ဖို့ ကြိုးစားလိုက်တယ်" တဲ့ ..။

မချစ်တဲ့သူကို လက်ထပ်ရပေမယ့် ချစ်သူနဲ့လွဲ၍ အသည်းကွဲရခြင်းဒုက္ခကိုပါ ပူးတွဲ ခံစားကြရသူတွေနဲ့စာရင်တော့ သူမအဖြစ်က လူးလိမ့် ငိုရလောက်အောင် မဆိုးသေးပါ။

ဒါကြောင့် ဒီမနက်မှာတော့ ဆု တို့အုပ်စု ပြောနိုင်ဆိုနိုင် ဖြစ်လာခဲ့ကြလေသည်။

"ဆု နော် .. တကယ်ဆိုရင် သူ့ကို နင် ကျေးဇူးတင်တဲ့အနေနဲ့ တစ်ခုခုလေးတော့ တုံ့ပြန်သင့်တယ် .."

"ဘာ!... ဘာကို တင်ရမှာလဲ ကျေးဇူး .."

"ညက သူ မူးနေတာလေ .. မမူးဘူးသာဆိုရင် အဟမ်း - အဟမ်း .."

"မိန်းမ .. ကဲ .. အဲဒါ .. ညစ်ပတ်ဦး .."

"ထောက်ပြတာပါ .. ကျေးဇူးတင်တတ်အောင်လို့ .."





"အဟမ်း .. အဟမ်း .."

"ခစ် .. ခစ် .. ခစ် ..."

မိန်းကလေးတွေ တိုးတိုးကြိတ်ကြိတ် ရယ်သံတွေ ထွက်လာတော့ ..ပြောသူရော .. ပြေနေပြီးတဲ့လူတွေရော ခေါင်းထောင်သွားကြ၏။ ..တော့ ...

"ချောင်းတွေ ဆိုးလှချေလား .."

"အေး .. ညက မူးသွားလို့ ထင်တယ် .."

"ဘာ မူးတာလဲ .."

"သြော် .. ဧည့်ခံပွဲမှာ စားတာသောက်တာတွေကို ပြောတာဟ.."

"ရေခဲချောင်း .."

"ရေခဲမုန့်ပါကွာ .. မင်းကလည်း ရေခဲချောင်းက ရွာမှာပဲရှိတာ"

"ရန်ကုန်မှာ ဘာလို့ မရှိရမှာလဲ .."

"ဟား .. နားငြီးလိုက်တာကွာ .."

"ငြီးသွားလား .. ဓာတ်စီး .. ဓာတ်စီး .."

"ဟား .. ဟား .. ဟား ..."

အသံတွေ တမင်လုပ်၍ တခွီခွီ ရယ်နေကြလျှင် ဆု တို့ မခံချိ..မျက်နှာတွေနှင့် ဖျတ်ခနဲ လှည့်လာကြ၏။ ထိုစဉ် ...

"ဟဲ့ .. အထဲမှာ ဘာလုပ်နေကြတာလဲ ဟင် .. သြော် .. ဒီမှာ ..တွေက နှုတ်ဆက်လို့ ကားပေါ်ရောက်တဲ့လူက ရောက်နေကြပြီ"

ဒေါ်တင်မေ့ အသံ ထွက်လာသဖြင့် ဆု ခြေလှမ်းတုံ့သွားသည်။ ..တ် ကလည်း ဘေးကကောင်တွေကိုပဲ ဖိကုပ် ဆွဲနေရကာ ဆု ..လုံးချင်း မဆုံမိအောင် လွှဲရင်း အပြင်ကို ခပ်တည်တည်မျက်နှာ ..ဆောင်ထွက်၏။

ဒေါ်သဲဆု က ဆု ရဲ့လက်လေးကို ဆွဲ၍ သားမြတ် ဝယ်ထားသည့် ..နား ခေါ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့လူငယ်တွေက ဒီကားနဲ့ လိုက်ကြ .."

"သားမြတ် က ကားဝယ်တာ တော်တော် နားလည်တဲ့လူ ထ ထားသလိုပဲ .. မဆိုးဘူးကွ .."

ဦးသိန်းဇံ က ခုကျမှ သေချာကြည့်မိသလို ကားကို ကြည့် ချီးမွမ်းနေ၏။

"ကြက်ကန်း ဆန်အိုးတိုးတာ နေမှာပေါ့ .."

"ဟမ်!..."

သဘောဖွေ ကျနေတုန်း ကိုယ့်သမီးဆီက အသံထွက်လာ လား ..၊ ဘယ်မိန်းကလေးဆီကလည်း ...

ဦးသိန်းဇံ လှည့်ကြည့်လိုက်တော့ သူမတို့အားလုံးက မယ် မလိမ္မာ ရုပ်သေလေးတွေနှင့် ...

"ဟဲ .. ဟဲ .. အဲဒါ ကျုပ်သားလေ ကိုသိန်း ရဲ့ .."

ဦးထူး က ဟိုဘက်ကားကြီးကနေ ဒီနားကို ကြွားဖို့သက် တာဝန်နှင့် ရောက်ချလာကာ ...

"နာမည်ကိုက 'ဦးထူး' .. ချွေးမလေး ရတာတောင် သာ သားထူးသားမြတ် .. ချွေးမက ဆုထူးပန် တဲ့ ..၊ ကဲ .. ထူးထူးချွင် ကြီးမြတ်နေတာ .. ဟား .. ဟား .. ဟား ..."

ရယ်နေတာကြီးက မုန်းဖို့ကောင်းလိုက်တာလို့ တွေးမိကာ ကိုယ့်နာမည်ကိုတောင် 'ထူး' တစ်လုံး ဖြုတ်ပစ်ချင်မိသည်။

ဒီမှာ မမုန်းမိအောင် သူတော်ကောင်းစိတ်လေး ပိစိကွေးလေး ကိန်းအောင်းနေဖို့အတွက် မချိမဆံ့ ကြိုးစားနေရတာ ..၊

လူသာ ဧသလုမြှောပါး ဖြစ်လာသည်။ ဒီအုပ်စု တစ်ခု မေတ္တာထားဖို့က ရှင်ထဲမှာ No Signal ပဲ ဖြစ်နေ၏။

"သားထူး လို့ အစက ပေးထားတာ .. သူ့အမေက သာ လို့ ခေါ်တယ် ..၊ လင်မယား နာမည်နှစ်ခြမ်း နေရာလုရင်း နာ





ထူးသားမြတ် ဖြစ်သွားရော .. ငယ်ငယ်တုန်းက အရမ်း အစသန် သက်ကလည်း ယဉ်လွန်းလို့ သူ့အမေက စိတ်မချတာနဲ့ အိမ်မှာပဲ သင်ပေးတယ် .. ဒုတိယတန်းကျမှ ကျောင်းမှာ စတက်ရတာ .."

"ဩော် .. ဒီလိုလည်း ဖြစ်တာပဲလား .."

"ဘယ်မဖြစ်လို့ ရမလဲ .. ကျုပ်သားက အတန်းတူချင်းတောင် ပြန်သင်နိုင်နေတဲ့ဟာ .. အရမ်းဉာဏ်ကောင်းတဲ့ကောင် .. စာ တစ် မှာ နှစ်မျက်နှာလောက်တော့ ဟင်ခနဲ ဟာခနဲ ဖြစ်ကုန်လောက် င် အရမြန်တယ် .."

"ဉာဏ်ကောင်းရုံတင်မကဘူး .. အဲဒါကျတော့ ပါရမီထူးရှိတာလို့ တယ် ကိုထူး ရဲ့ .."

"ဟုတ်ပ သဲသဲ ရယ် .. အဲဒါကြောင့် ငါက သားမြတ် ကိုပဲ ည်ပြုဖို့ဟာ .. မိန်းကလေးတွေရှေ့မှာ 'သားမြတ်' ခေါ်တာ ရှက်လို့ လေ .."

"ဟား .. ဟား .. ဟား ..."

"ခစ် .. ခစ် .. ခစ် ..."

"သနားစရာလေးပဲ .. ဟား .. ဟား .. ဟား ..."

လိုတာထက် ပိုသည့် ရယ်သံတွေထဲမှာ လက်ခုပ်တောင် တီးလိုက် သည်။ ခပ်လှမ်းလှမ်းမှာ သားမြတ် ရဲ့မျက်နှာကြီး ရဲတွတ်သွားလေ အုံ့မောင် တို့ အုပ်စုကလည်း သူတို့လူကို လှောင်နေမှန်း သိစော့ နှာတွေ တင်းနေကြ၏။

"သနားစရာပဲကွ .. ခုမှပဲ ရယ်ရရှာတာ .."

"ရယ်ပါစေကွာ .. သူများကို မနာလို ကဲ့ရဲ့ချင်တာနဲ့ အမွေးကျွတ် ရယ်နေတာ .."

"ဘာရယ် .."

"ဟုတ်တယ်လေ .. ရယ်လွန်းရင် အမွေးကျွတ်တတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"သွားပေါက်တယ် လုပ်ပါ .. မင်းကလည်း .."

"ဒီအရွယ် ထပ်ပေါက်ရင် အစွယ်ပဲ ပေါက်မှာပေါ့ .."

"ဒါပေမယ့် မင်းကလည်း အမွေးကျွတ်ရအောင် စဉ်းစားလ
ကြည့်ပါဦး .. ဘယ်က .. အဲ .."

ရယ်နေသည့် ဆု တို့ မိန်းကလေး မျက်နှာတွေ ဟိုလွှဲဒီလွှဲ
ပါးပြင်လေးတွေ နီရဲနေတော့သည်။

"ကျွတ်!... တော်ကြတော့ကွာ .."

သားမြတ် စိတ်မရှည်တော့ပေ ..၊ ခေါင်းတွေက မူးနောက်နေ
ရှိသေးသည်။ ပြန်ကြဖို့ ကားတွေပေါ်ကိုပဲ ခြေတစ်ဖက် နင်းနေကြ
ခုချိန်ထိ စကားနပ်န်းတွေ အပြိုင်အဆိုင်တွေက မပြီးနိုင် ..၊

"မင်းကလည်း ဘယ်လိုဖြစ်နေတာလဲ ..၊ ဟိုမှာ မင်းနာမည်
လျှောင်နေကြတာ .."

"လျှောင်ခွင့်ကြုံအောင် အမေ ပြောဆိုနေတာတွေ မင်းတို့ မ
ဘူးလား ..၊ သွားကွာ .. ငတိုး .. အမေ့ကို ကားပေါ် မြန်မြန်ရော
အောင် သွားတင်စမ်းပါ .."

ပြောလိုက်ရင်း ငတိုး ကို တွန်းလွှတ်လိုက်သည်။

"ဘာလဲကွာ .. ဟိုမှာ လူကြီးတွေ စကားကောင်းနေတာကို ..

"သွားဆို သွားစမ်းပါ .. ငါးနာရီထိုးတော့မယ် .. ကားပေါ်
တော့ .. သွားမယ်လို့ .."

မိန်းကလေးတွေရှေ့က ဖြတ်၍ သွားရစဉ် သတိဆွဲထားသ
ငတိုး ရဲ့နားက ယုန်နားရွက်တွေ ဖြစ်ကုန်၏။ အရမ်းကြီး နာ
သတိထားနေသည့် ငတိုး မျက်နှာကြီးကို နှင်း ကလည်း သိသည်

တောသား ငတုံးတွေ .. သိမယ် ..၊

မသိမသာ ပြုံး၍ ဖြန်းခနဲ လက်ဝါးချင်း ရိုက်ပစ်ကာ ...

"ဟဲ့ .. ဟဲ့ .. ဟိုမှာ .. ဟိုမှာ .. ဘာကောင်လဲ .."





"ဟိုက်!..."

ငတိုး ဖွေ့ခနဲ ခုန်ရှောင်၏။

"ဟိုမှာ .. ဟို ခြေထောက်ကြားထဲ .. သွားပြီ .."

"ဘယ်မှာလဲ .. ဘာတုံးဗျ .."

တစ်ဖွေ့ နှစ်ဖွေ့ ခုန်ရှောင်ရင်း လူကြီးကြားထဲ ကိုးယို့ကားယား
ရောက်သွား၏။ လူကြီးတွေအားလုံးပါ ဟိုဆုတ် ဒီရှောင်နှင့် ရှုတ်ရှုတ်
သဲသဲတွေ ဖြစ်ကုန်ကြသည်။

ဆု တို့တောင် နှင်း ကို ကြည့်၍ တမင်နောက်နေတာလား ဘာလဲ
သေချာရခက်ကာ ဟိုငုံ့ကြည့် .. ဒီငုံ့ကြည့် ဖြစ်နေကြရလျက် ...

"ဘာလဲ .. ဘာလဲ သမီး .. မြွေလား .. အိမ်ထဲဘက် ရောက်သွား
ပြီလား .."

ဒေါ်သဲဆု ပျာယီပျာယာ လှမ်းမေးလိုက်တော့ နှင်း လက်ညှိုးလေး
ဟိုရောက်ဒီရောက်နှင့် တအိအိ နောက်ပြန်ဆုတ်၍ ...

"ဟို .. ဘာလဲ မသိဘူး .. မြင်လိုက်လို့ .. အဟွန်း .."

လူငယ်တွေရဲ့ပုံစံကို သေချာ အကဲခတ်မိတော့မှ လူကြီးတွေမှာ
အပြစ်တင်ရခက် .. ရယ်ရခက်နှင့် ..၊

"ကလေးတွေကိုက တကယ်ပါပဲဟယ် .."

"သူတို့မှာ စနောက်လို့ကို မပြီးနိုင်ဘူး .."

"တွေ့ကြမှာပါ .. ရွာရောက်ရင် ဒီကောင်လေးတွေ ဘယ်လောက်
ထဲလဲ ဆိုတာ .."

ဦးထူး ကတော့ ခေါင်းတညိတ်ညိတ် ပြောရင်း ကားထဲ ဝင်၏။
တိုး အံကြိတ် လက်သီးဆုပ်ပြနေသဖြင့် နှင်း က နှာခေါင်းရှုံ့ပြကာ...

"ခွေးသလိုက်ပေါ့ တောသား .. ဟွန်း .."

ခေါင်းတွေကွယ်၍ လူကြီးတွေ မမြင်အောင် နှင်း ရန်ပြန်တွေ၏။

"အေးလေ .. နင်ကလည်း အလန့်တကြားကြီး လုပ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ပါလွန်းတာကိုး ..၊ တောသားဖြစ်ဖြစ် .. မြို့သားဖြစ်ဖြစ် ရုတ်တရက်တော့ လန့်မှာပဲ .."

သောင်းသောင်း ကလည်း ဆု မျက်နှာကို ငဲ့သင့်တယ်လို့ ထောက်ပြရင်း အပြစ်တင်နေ၏။

"ငါတို့က နေခဲ့မှာလေ .. ဆု က သူတို့တွေနဲ့ လိုက်သွားရမှာ ဒီလူတွေနဲ့ မျက်နှာချင်း မဆိုင်ရဲအောင် ဖြစ်တော့မှာ .."

"ဘာဆိုင်လို့လဲ ..၊ ဆု က စတာမှ မဟုတ်တာ .. သူတို့က သိပါတယ် .. အဟွန်း .. တစ်ခါလန့်ရုံ အားမရဘူး .. နှစ်ခွေ့ သုံးခွေ့ လောက် ခုန်သွားတာ ရယ်စရာကြီး .. ခစ် .. ခစ် .."

နှင်း က တကယ်ကို သဘောတွေ ကျနေတာ ရယ်လို့ မဆုံးနိုင်ပြီးမှ ...

"ဆု .. ငါ .. ငါ နှင့်ဆီကိုတော့ အလည်လာလို့ မရတော့ဘူး ထင်တယ်နော် .."

"သေပေါ့ .."

သောင်းသောင်း က မေ့တ္တာတွေ ထားနေ၏။

"ကဲ .. ကဲ .. ငါ့သားက ကားကြီးကြီးကို အမြော်အမြင်ကြီးကြီးနဲ့ ဝယ်ထားလိုက်တာ အဆင်ပြေသွားပြီ .. ဒါပေမယ့် ဒီမှာ လူအများကြီး မလိုက်ရဘူးနော် .. အေးပုံ နဲ့ သူဇာ နောက်မှာ ထိုင်လိုက် .. ငါ့သမီး လိုအပ်တာ လုပ်ပေးဖို့ အလယ်မှာ ခြေဆန့်လက်ဆန့်ရှိအောင် နေရာထား .."

ဒေါ်တင်မေ က ပျာပျာခတ်နေသည်။ ဒေါ်သဲဆု ကျေနပ်လို့ မဆုံးဖြစ်နေ၏။

"သားက ဒီမှာ သမီးနဲ့ တူတူ မထိုင်ဘူးလား .. လာလေ -

"မရဘူး .. ဒီကားကို ကျွန်တော်ပဲ မောင်းရမှာ ..၊ သန်းစိုး ကမြို့လမ်းတွေ မမောင်းရဲဘူးတဲ့ .."





"ဩော် .. အေး ... ငါ့သားက လေ့လာထားပြီးပြီဆိုတော့ မောင်းနိုင်တာကိုး ..၊ ဒါဆို လမ်းကျမှ နောက်ကို လာနားလိုက်ပေါ့ .."

ဘယ်တော့မှ လာမနားလေ ပိုကောင်းလေ ..။

ဆု မျက်နှာလေး တင်းနေစဉ် ဘေးမှာ မာမီ့ မျက်နှာ ပေါ်လာ၏။ ပြီးတော့ ဒက်ဒီ ..။

"သမီးကို မာမီ အရမ်း ကျေးဇူးတင်တာပဲ .. ပိုပြီးတော့လည်း ချစ်တယ် .."

မာမီ လှိုက်လှိုက်လှဲလှဲ ပြောလိုက်တာပေမယ့် ဆု ကတော့ ဝမ်းသာနိုင်ပါ။

"မာမီ့စကား တကယ် နားထောင်ပါလားဆိုတာကို ယုံကြည်ပြီး ကျေနပ်မိတာ ..၊ သမီး လိမ်လိမ်မာမာ နေနော် .."

"ငါ့သမီးက လိမ္မာပြီးသားပါ .. ချက်ချင်းကြီး လက်ထပ်ပေးလိုက်ရတာ ဒက်ဒီတို့ကို အပြစ်မမြင်ပါနဲ့ သမီးရယ် .. နော် .. ဒက်ဒီတို့က တောမှာပဲ အေးအေးချမ်းချမ်း ဘဝကို မြှုပ်နှံချင်တဲ့လူတွေလေ..၊ ဒက်ဒီတို့နဲ့ ငါ့သမီး တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရှင်ကွဲကွဲပြီး တစ်နယ်စီ ဆေးကွာသွားကြမှာကို မလိုချင်လို့ပါ .."

"ဆု သိပါတယ် ဒက်ဒီ .. လက်ထပ်ပွဲပြီးသွားတည်းက ကိုယ့်ကိုယ်ကိုယ် အေးချမ်းနိုင်အောင် ဆု ကြိုးစားမယ်လို့လည်း ဆုံးဖြတ်ပြီးပြီ .."

"သာဓုပါ သမီးရယ် .. သာဓု .. သာဓု ..."

"ဒါပေမယ့် နေ့ညမဆိုင်း သူတို့နဲ့ ထည့်လွှတ်လိုက်တာကတော့.."

"သမီး ပျော်မှာပါ .. သူတို့အားလုံးက ရိုးသားပွင့်လင်းတယ် .. ဖော်ရွေ သည်းခံကြတယ် .. တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာတဲ့ သမီးကို ဘယ်သူကမှ မျက်နှာသိုခံမှာ မဟုတ်ဘူး ..၊ အဲဒါကို သမီး ယုံကြည်လိုက်ပါ .. ပြီးတော့ သမီး မပျော်နိုင်သေးရင် ရန်ကုန်ကို



www.burmeseclassic.com

www.burmeseclassic.com



လာချင်တဲ့အချိန် လာလို့ ရတယ် .. သမီးဆန္ဒအတိုင်း သူ ဖြည့်ဆည်းပေးမှာပါလို့ သားမြတ် ကလည်း ကတိပေးတယ် .. ”

ကိုယ့်ကိုယ်တော့ ခုချိန်ထိ မတည့်ရာ မတည့်ကြောင်း မျက်နှာကြီးနဲ့ စကားဟဟတောင် လာမပြောခဲ့ပေ။ ကားထွက်လာတော့ ဆူညံနေတာတွေ တိတ်ကျကုန်ကာ ဆု ရဲ့နောက်က မိန်းကလေးနှစ်ယောက်လည်း ရန်ကုန်က မထွက်ခင်တည်းက စတင် ငိုက်မျဉ်းလေသည်။

နောက်က ကားကြီးပေါ်မှာ ဘယ်လိုနေကြလဲ မသိပေမယ့် ဒီတို့ ကားပေါ်မှာ တိတ်ဆိတ်နေ၏။ လူတွေ တစ်ပြုံတစ်မကြီး လာကြပြီးတော့ လေယာဉ်မစီးရဲရင် မစီးရဲဘူး မပြော ..၊

ကားစီးရတာ ပျော်လို့ တဲ့ ..၊

ခုကျတော့ အပျိုလေးတွေမတန်မဲ့ အိပ်ပျော် ယိမ်းထိုးနေကြတာ ခုနေ ကားပေါ်က တွန်းချပစ်ခဲ့ရင်တောင် သိပ့်မလား ..။

“ဒီမှာ .. ဒီမှာ ..”

“ဟင်!... ဗျာ .. ကျွန်တော့်ကိုလား ..”

“ဟုတ်တယ် .. အမြန်လမ်းပေါ် ရောက်နေပြီဥစ္စာ .. ရှင် တစ်ခါမောင်းလိုက်ဦးလေ ..”

သန်းစိုး အိပ်ငိုက်နေရာကနေ ဆတ်ခနဲ ကိုယ်မတ်သွားကာ ဝတ်ဝန်းကျင်ကို ကြည့်လိုက်တော့ မှောင်နေပြီ ဖြစ်၏။ ပြီးတော့ နာရီကြည့်ကာ ...

“သူနဲ့ ကျွန်တော် အချိန် သတ်မှတ်ထားပါတယ် ..”

ကားမောင်းနေသည့် သားမြတ် က ဘာမှမပြောဘဲ မှန်ထဲကနေ ဆု ကို လှမ်းကြည့်၏။ ဆု က မျက်စောင်းရှယ်ရင်း စူးစူးဝါးဝါး ကြည့်၍ ...

“ရှင့်ကို ပင်ပန်းမှာစိုးလို့ ပြောနေတာ မထင်နဲ့ ..၊ ထွက်လာကတည်းက အိပ်ရေးမဝတဲ့ မျက်နှာကြီးနဲ့ လမ်းပေါ်မှာ ဘယ်လောက်





အန္တရာယ်ကြီးလဲ သိလား ..”

“မြို့ပေါ်မှာ ဒီလောက် ရှုပ်ယှက်ခတ်နေတာတောင် ဘာမှ မဖြစ်ခဲ့ဘဲနဲ့ ဒီလောက်တောင် ကြောက်ရသလား ..”

“ဟုတ်တယ် .. ရှုပ်ယှက်ခတ်နေလို့ ဂရုစိုက်ရတယ်လေ .. အမြန်လမ်းပေါ်မှာ ရှင်းလင်း ဖြူးဖြောင့်နေတော့ အိပ်ငိုက်လာရော ..”

“ကဲ .. ပါ .. ဟုတ်ပါတယ် .. ကားရပ်လိုက် သားမြတ် .. ငါ မောင်းတော့မယ် .. ရပြီ ..၊ သတို့သား အသစ်စက်စက်ကို ကားမောင်းခိုင်းရတာ ဘယ်တရားပါ့မလဲ ..”

ဒီက အသက်အန္တရာယ်ရှိလို့ ပြောလိုက်တာကို ပြန်ပြောတဲ့ပုံက ဘာလိုလို ..။

“ဟ .. မင်းက နောက်မှာ သွားထိုင်လေ .. ငါ ရပါတယ် ..”

“ရရ မရရ လုပ်စမ်းပါ ..”

သန်းစိုး က ကားမောင်းရင် ပိုငိုက်တတ်သည်။ သူများတွေက မူးရင် မမောင်းနဲ့ဆိုပေမယ့် သူက အိပ်ရေးမဝဘဲ ကားမောင်းလျှင် တစ်ခုခုတော့ ကချိုကချောက် ဖြစ်ရမှ ..၊

ထို့ကြောင့် ဘေးမှာ သူရှိမှ ဖြစ်မည်။

နောက်မှာ ထိုင်နေရင်း ဆု ကလည်း အံ့သြနေတာ ဖြစ်၏။ တောသားတွေဆိုပြီး ကားပေါ် ထိုင်လိုက်ပုံ .. ကိုင်တွယ် မောင်းနှင်နေပုံတွေက တကယ့် ကားသမားကြီးတွေလို အကျအန ..၊

တောမှာ ကားလုပ်ငန်းတွေ ဘာတွေများ ရှိနေလို့လား ..။

အေးပုံ ဆိုသည့် ကောင်မလေးကို မေးကြည့်တော့ တကယ် ဒီတိုင်းပဲ ဖြစ်နေ၏။

“မြို့ပေါ်မှာလေ မမဆု ရဲ့ .. မော်တော်ကား ကုန်းလမ်းကုန်သွယ်ရေးမှာ အသင်းဝင်ထားတာ၊ ကြီးကြီးတို့က ကုန်ပို့တဲ့ကားတွေရော .. ကုန်နဲ့ လူနဲ့ တင်တဲ့ကားတွေရော .. ကားကြီးတွေမှ လေးငါးစီးလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ၊ ဒါပေမယ့် ကိုကြီးသားမြတ် က ဘယ်တော့မှ မြို့ပေါ် မတက်ဘူး၊ ကားလည်း မမောင်းဘူး .. တောမှာ သူငယ်ချင်းတွေနဲ့ ..''

''ဘာလုပ်တာလဲ ..''

''ဘာမှမလုပ်ဘူး .. လယ်ယာအလုပ်တွေ .. စိုက်ခင်းတွေကိုတော့ လုပ်တာပေါ့ .. ကိုကြီးသားမြတ် တို့ သူငယ်ချင်းတွေက အရမ်း ရယ်ရတာ ..၊ ပြီးတော့လေ သူတို့တစ်အုပ်စုလုံးမှာ ဘွဲ့မရသေးတာဆိုလို့ တစ်ယောက်ပဲ ပါတယ် .. အားလုံး ငယ်ငယ်တည်းက ဘွဲ့ရတဲ့ထိ အတူတူပဲ ..''

''ဒါဆို ကားကျတော့ ဘာလို့ မောင်းတတ်နေတာလဲ ..''

''ဘကြီးထူး နဲ့ ငယ်ငယ်ကတော့ လိုက်လိုက်သွားပြီး ဝင်မောင်းတာပေါ့ .. တကယ် စီးပွားရေးလုပ်ပါလား ဆိုတော့ မလုပ်တော့တာ..၊ ကိုကြီးသားမြတ် က မြို့ပေါ် သွားလာရတာကိုပဲ မကြိုက်တာပါ ..''

''ဘာလဲ .. လူတောမတိုးရဲတာပေါ့ ..''

''ဟင်!...''

အေးပုံ အားပါးတရ ပြောနေပေမယ့် မပြောနိုင်တာကျတော့ မျက်တောင်ခတ်နေရင်း ငြိမ်ကျသွားတတ်၏။ နောက်ထပ် သိရတာက အေးပုံ နဲ့ သူဇာ တို့ကို မိဘမဲ့လေးတွေမို့ ဒေါ်တင်မေ က အစစအရာရာ ထောက်ပံ့ ကြည့်ရှုထားခဲ့သည်ဟု ..၊

''ကျွန်မတို့လိုပဲ ကြီးကြီးမေ မွေးစားထားတဲ့ ကလေးတွေ အလုပ်လုပ်ပျို့တွေ ဖြစ်ကုန်ကြတာ ရွာထဲမှာ အများကြီးပဲ၊ အဲဒါကြောင့် ကြီးကြီး တို့အိမ်က လိုအပ်ရင် ကျွန်မတို့ တစ်ရွာလုံးက ဘယ်သူမဆို မငြိုမငြင် ကူညီကြတယ် ..၊ အဲ .. ဒါပေမယ့် ..''

''ဟုတ်တယ် .. မမဆု ရဲ့.. ဟိုဘက်ရွာက လူတွေကတော့ မပါဘူး၊ သူတို့ကလေ သူတို့ရဲ့ ရွာလူကြီးထက် ချမ်းသာတဲ့လူတွေ ဒီဘက်ရွာမှာ ရှိနေတာကို မကျေနပ်ကြဘူး .. သူတို့ရွာမှာ ဘယ်လိုဘာညာ





ဟိုဟာပြိုင် .. ဒီဟာပြိုင်နဲ့ ပါးစပ်က မနိုင်ရင် ချောင်းရိုက်ကြတာ သိလား ..၊ အဲဒါကနေ ရွာနှစ်ရွာက ကမ္ဘာ့ရန်ပဲ ..''

''ဟုတ်လား .. ရွာလူကြီးက အချမ်းသာဆုံးလို့ ရွာက သတ်မှတ်တာလား ..''

''မဟုတ်ပါဘူး .. ကျွန်မတို့ရွာမှာလည်း ရွာလူကြီးက ကြီးကြီး တို့ တစ်ဝက်တောင် မချမ်းသာပါဘူး .. ဒါပေမယ့် သူတို့ရွာလို ပြိုင်ဆိုင်နေတာ ဘယ်သူမှ မရှိဘူး .. ဦးလေးစိန်မောင် ဆို ရွာသားတွေ ချမ်းသာတော့ တို့ရွာ တိုးတက်တာပေါ့တဲ့ ..''

''ဦးစိန်မောင်' ဆိုတာ ရွာလူကြီးပေါ့ ..''

''ဟုတ်တယ် ..''

''ကဲ .. ဒီမှာပဲ နေ့လယ်စာ စားကြမလို့လား .. စကားပြောရတာ ပြတ်နိုင်ရင်လည်း ပါလာတာတွေ ဒီဘက်မှာ ချခင်းလိုက်မယ် ..''

လှည့်ကြည့်လိုက်တော့ သားမြတ် ရဲ့မျက်နှာက စိတ်မရှည်တာ လိုလို တကယ်ပဲ စားစရာတွေ ပါလာသမျှ ချခင်းတော့မလိုလို ..၊

''မင်းကလည်းကွာ .. ခဏတစ်ဖြုတ်တော့ နားပါစေဦး .. ဦးမြင့်သန်း တို့ ကားတောင် ထွက်လာတာ မမြင်သေးပါဘူး ..''

''ကားက ပျက်သွားတာ ဥစ္စာ.. ကြာမှာပေါ့၊ မစောင့်နိုင်လို့ တမင်ထွက်လာတဲ့ဥစ္စာ ..၊ ကဲ .. ပြော .. ဒီမှာပဲ ထမင်းစား နားမှာလား .. ဆက်သွားမလား ..''

ဆု ကိုပဲ ဦးတည်လာတာကို စိတ်တိုသွားကာ ...

''စားချင် စား .. မစားချင် နေပေါ့ ..၊ ရှင်တို့ ခရီးရှည်ကြီးကို ဒီက သိတာမို့လို့လား ..''

''ဟ .. သိသိ မသိသိ မင်းကို ခရီးမေးနေတာမှ မဟုတ်တာ.. ဒီဘက်နဲ့ ခရီးနဲ့ တိုင်းထွာပြီး ထွက်လာတာလား ..''

''မသိဘူး .. လာမမေးနဲ့ ..''



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော .. ဆာလှပါပြီ ကားရပ်ပါတော့လို့ မပြောမချင်း မောင်းမယ် '..၊ ဟိုကောင်မလေးတွေ တက်တော့ .."

နှစ်ယောက် စကားများပြီး တစ်ယောက်က မကျေမနပ် မှုန်ကုပ်ပွထနေကာ ဆု က မျက်စောင်းထိုး၏။ သို့သော် ကားက ဆယ်မိုင်လောက်ပဲ ပြေးရသေးသည် ..၊

"တောက် .. နဂါးမျက်စောင်း ကျနေတာပဲ .."

"ဟင်!... ဘာဖြစ်သွားတာလဲ .."

"ဆီ မရှိတော့ဘူး .."

"အဲ့ဒါ ဘယ်နဂါးက မျက်စောင်းထိုး .. အဲ .."

စကားက တစ်ပိုင်းတစ်စနှင့် ရပ်သွားကာ သန်းစိုး အကြည့်တွေ ဆု ဆီ မှန်ထဲကနေ ဝေ့လာ၏။

ပြောလိုက်တည်းက ကိုယ့်ကို ရည်ရွယ်လိုက်မှန်း သိနေသဖြင့် ဆု မျက်နှာလေး ရှုပုတ် နီမြန်းနေ၏။

သူမ ဝတ်ထားတာကိုက ပန်းနုရောင် ရင်ဘတ်တစ်ခြမ်းမှာ အဝါရောင် နဂါးရုပ်ပါသည့် အနီရောင်အကျႌ လက်ပွခါးစည်း ဖြစ်သည်။ ထို့ပြင် ဂျင်းအပါးသား စတော့ကင်အနက်ကို ဝတ်ထား၏။

အေးပုံ တို့က ဆု ကို မရဲတရဲ လှည့်ကြည့်ကာ ...

"မမဆု .. ကားပျက်သွားပြန်ပြီတဲ့ .."

"ပျက်တာ မဟုတ်ပါဘူးဟာ .. ဆီကုန်တာ ..၊ ဆီဖြည့်လိုက်ရင် ရပြီ .."

သန်းစိုး က နောက်လှည့်ဖြေရင်း ကားပေါ်ကဆင်းဖို့ ပြင်လျှင်...

"ဆီပုံးတွေက အဖေတို့ ကားပေါ်မှာ .."

"ဟင်!... ဘယ်လို .."

သန်းစိုး ခုကျမှ အထိတ်တလန့် ဖြစ်ရမှန်း သိသည်။ ဟုတ်သည်...၊ ဆီပုံးတွေ ဒီမှာပဲ တင်ရအောင်လို့ သူပဲ အကြံပေး သူပဲ တင်ခဲ့လိုက်တာ





"ဘယ်လို လုပ်ကြမလဲ .."

"ဘယ်လိုမှ လုပ်လို့ မရဘူး .. နောက်ကြောင်းပြန်လျှောက်ပြီး ... သွားထမ်းမှပဲ ရမယ် .. မဟုတ်ရင် ဒီက စောင့် .."

"တစ်ခုမှ အဆင်ပြေဖို့ မရှိဘူးလေ .. ဖုန်းထုတ်ဆက်ပါဦး .. ...လားတူး ဆီကို .."

"ဟာ .. မြို့မှာ ခဏလေးနေပြီး ကြီးကြီးကျယ်ကျယ်တွေ ပြောနေ ...ပြီ ..၊ ရွာကလူတွေ ဘယ်သူက ဖုန်းကိုင်လို့လဲ .."

"မဟုတ်ဘူးလေ .. မင်း ကိုကြီးအောင် အတွက် ဖုန်းဝယ်ထား ...ဆို .."

"ဩော် .. ဒီကနေ ဘယ်သူ့ကို သွားခေါ်ရမှာလဲ .."

"အဲဒါ ပြောတာပေါ့ .."

ဆု အသံလေးက အပိုင်အနိုင် နိုပ်ကွပ်တော့မည့် အစချီခြင်းနှင့်...

"ဖုန်းကိုင်တာကို ဟန်ကြီးပန်ကြီး လုပ်တာလို့ပဲ မဖွံ့ဖြိုးတဲ့လူတွေ ...ကြတာ ..၊ ဖုန်းတစ်လုံးကြောင့် အသက်မသေအောင် ကယ်နိုင် ... – ကမ္ဘာကြီး ပျက်မသွားအောင်လည်း ကာကွယ်လို့ ရတယ် ..၊ ...တွေ .. လုပ်အားတွေ ဘာမှမကုန်တော့ဘဲ အရေးကြီးတဲ့ ဆက် ...ချက်တွေ လုပ်လို့ရတာ ခုတော့ သိပြီပေါ့ .."

"ဘာကို သိရမှာလဲ.. အခု သေမယ့်လူနာလည်း မရှိဘူး .. ကမ္ဘာ ... မပျက်ဘူး ..၊ ကားပေါ်မှာ စားစရာတွေ အဆင်သင့် အားလုံး ... ..၊ အေးဆေး ထိုင်စောင့်ရုံပဲ .."

...ဆိုးနှစ်ဖက်စ 'မ' ၍ အငြင်းသန်မည့်ပုံစံကို စိတ်ပျက်သလို ...၍ ဆု မဲ့သည်။

...ချိန်သည် လူကို မစောင့်ဘဲ တရွေ့ရွေ့ ဆုတ်ခွာသွားကာ ...

"နေတောင် အတော်ကျသွားပြီ .. ကားက ပြင်ရတာ အဆင်မပြေ ...ဆင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ်ထင်တယ် .. ဒါပေမယ့် ဦးမြင့်သန်း က ကားပြင် ဆရာကြီးပဲ .."

"မင်းကလည်း သန်းစိုး ရာ .. ကားပြင်ဆရာလည်း လိုအပ် ပစ္စည်း စုံမှ ပြင်လို့ရတာ .. ရှေ့နည်းနည်းလောက် တိုးမောင်းလို့ မလား .. ဆီ လုံးဝ ကုန်သွားမှာပဲ ရှိတယ် .."

"နည်းနည်းတိုးပြီး ဘာလုပ်မှာလဲ ..၊ နောက်ပြန်ဆုတ်တာ ဆီရှိတဲ့နေရာနဲ့ နီးဦးမယ် .."

"လမ်းအတိုင်း မသွားဘဲနဲ့ တောလမ်းထဲ ရသလောက် ဝင်ပြီး သူတို့ကို ရထားနဲ့ ထည့်လွှတ်လိုက်မလားလို့ .."

"ဟမ်!..."

"ဒီကနေ တောလမ်းဘက်ကဆို ဟိုပင်ကို သိပ်မဝေးတော့ အဲ့ဒီကနေ ရထားနဲ့ လိုက်ရုံပဲ .."

"ဟာ!... မင်းကလည်း အဲဒီလို မကောင်းပါဘူး .. မင်းရဲ့ သ သမီးက ယောကျ်ားမပါ .. ယောက္ခမ မပါဘဲနဲ့ တောကို ရောက် တော့ ကြောင်တောင်တောင် ဖြစ်နေမှာပေါ့ .."

ခုလည်း ဘယ်သူနဲ့ ရင်းနှီးနေတာ မှတ်လို့ ..၊

စိတ်ထဲက ပြောရင်း ကိုယ့်စိတ်ကူးကို အကောင်အထည်ဖော် စဉ်းစားနေမိသည်။ ကားလမ်းဆိုပေမယ့် ဘေးပတ်လည်မှာ တော တွေချည်း ဖြစ်သည်။

ဆု ကြောက်မှာ စိုးသလို ဒီ့ထက် ပိုပြီး ငြိုငြိုငြင်ငြင် ဖြစ်သွား လည်း စိုးမိ၏။ ဒီလိုရှိပါတယ်ဆိုတာ သူမကိုလည်း ပြောမနေချင်

"ကဲပါ .. ငါတို့ ဒီတိုင်းနေလည်း ဘာမှ ဖြစ်စရာ မရှိပါဘူး နေကြဦး .. ငါ ပတ်ဝန်းကျင်ကို လှည့်ပတ် စနည်းနာလိုက်ဦးမယ်

သန်းစိုး က သားမြတ် တစ်ခုခု ထပြီး အကောင်အထည်ဖော် မှာကို စိုးရိမ်ကာ တောစပ်ထဲ လှမ်းဝင်သွား၏။





ဆု နဲ့ အေးပုံ တို့လည်း ကားပေါ်က ဆင်းကာ ထိုင်ဖို့နေရာရှာရင်း ဟိုကြည့်ဒီကြည့်တွေ ဖြစ်နေကြ၏။

"ဟိုဘက်မှာ ခေါင်မိုးတစ်ခု တွေ့တယ် .. ဘုန်းကြီးကျောင်းလား မသိဘူး မမဆု .."

"ဘာလဲ .. အဲဒီကို သွားချင်လို့လား .."

သားမြတ် အသံကြောင့် ဝမ်းသာအားရပြောသည့် အေးပုံ ဇက်လေး ပုသွားသည်။

"အဲဒီခေါင်မိုးနောက် လိုက်ပြီး ဝင်သွားရင် တောထဲ ရောက်သွား လိမ့်မယ် .."

"မဟုတ်ပါဘူး ကိုကြီးသားမြတ် ကလည်း .. လူသူမနီးတဲ့ နေရာ မဟုတ်ဘူးလို့ မမဆု ကို ပြောပြတာပါ .."

ဆု နဲ့ သူ အကြည့်ချင်း ဆုံသွားတာ မီးပွင့်သွားတဲ့အတိုင်း..၊

"ဝင်သွားတဲ့လမ်းလေးတောင် ရှိနေတဲ့ဥစ္စာ .. ကျွန်မတို့လည်း သွားကြည့်လို့ မရဘူးလား .."

"ဘာ!..."

ဒီမိန်းမ သူ တားလိုက်လို့ တမင် လုပ်ပြချင်တာ ..၊

"အေးပုံ လာ .. အဝေးကြီးပဲ ရှိသေးတာဥစ္စာ .. နည်းနည်း လောက် သွားကြည့်မယ် .."

"မမဆု .."

"သူဇာ လည်း လာလေ .."

"နည်းနည်း မဟုတ်ဘူး .. အဲဒီအိမ်ပျက်ကြီးထဲ ရောက်အောင် သွား ..၊ ပြီးရင် ယုန်တို့ မျောက်တို့ပါ ဖမ်းခဲ့ .. ဟင်းစားရတာပေါ့.."

ဟင်!...

တက်ညီလက်ညီ ပြင်လိုက်သည့် ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မျောက် .. မျောက်တွေလည်း ရှိတယ်တဲ့ .."

"ကိုကြီးသားမြတ် .. အဲ့ဒါ တကယ့် အိမ်ပျက်ကြီးလားဟင် .."

"သိချင် သွားကြည့်ပေါ့ .."

"သွားမယ် .. လာ .."

ဆု က တကယ် ထွက်သွားသည်။ အေးပုံ က ခြေလှမ်းပြင်ပေမ သားမြတ် ကို ကြောက်တော့ မရဲတရဲ ..။

သူဇာ က နောက်ကိုတောင် ပြန်ဆုတ်လိုက်သေးသည်။

"ဟိုမှာ သွားပြီ .. လိုက်သွားကြလေ .. ဘာလုပ်နေတာလဲ .."

စိတ်တိုတိုနှင့် အော်ထုတ်လိုက်မိ၏။ ဖြစ်ချင်ရာဖြစ် ဆိုပြီး ကြ နေလိုက်ရရင် မကောင်း ရှိတော့မည်။ စိတ်တိုတိုင်း ပုဆိုးစနှစ်ဖက် တတ်သည့်အကျင့်က ဒီတစ်ခါ ဆံပင်တွေပါ ဖွပစ်မိခြင်းသို့ ရောက်

"ဟာ!... ဟို မိန်းကလေးတွေရော .."

သန်းစိုး ပြန်ရောက်လာတော့ ပြုံးပြုံးပြပြနှင့် ...

"မဟုတ်တာကွာ .. မင်း လိုက်သွားလိုက်ပါ ..၊ တော်ကြာ ထဲမှာ တစ်ခုခု ဖြစ်နေပါ့မယ် .."

"မလိုက်ဘူး .. မင်း လိုက်သွားလိုက် .."

"ဩော် .. တွေ့လား .. ရင်ဘတ်ကြီးထဲမှာ ကျလိကျလိနေအော စိုးရိမ်နေတာကို .. ဟွန်း .. မပြောလိုက်ချင်ဘူး .."

သန်းစိုး ပဲ မနေနိုင်စွာ လိုက်သွားရတော့သည်။ ထိုစဉ် ဦး တို့ကား သူတို့ကို မှီလာကာ ...

"ဘယ်ရောက်ကုန်ကြတာလဲ .."

"တောထဲ ဝင်သွားကြတယ် .. ခြေဆန့် လက်ဆန့် .."

"ခြေဆန့်လက်ဆန့်က လမ်းဘေးမှာပဲ ဆန့်လို့ မရဘူးလား ဘယ့်နှယ် တောထဲကိုမှ .."

"ဟုတ်တယ် .. လမ်းဘေးမှာ အားမရနိုင်လို့တဲ့ .."





ကားဆီဖြည့်နေရင်း သားမြတ် ရဲ့မျက်နှာက ဘာမေးမေး အကောင်း ိုင်း ပြန်ဖြေမှာ မဟုတ်တာ သေချာနေကာ ...

"အဲဒီကောင်မလေးနဲ့ ကျွန်တော် ဖြစ်မှာကို မဟုတ်ဘူး .."

"ဘာ ပြောလိုက်တာလဲ .."

ကြားလိုက်ရက်သားနဲ့ ပြန်မေးပုံက ဦးထူး မျက်နှာမှာ ဒေါသတွေ နှင့် ..၊

"ဘာ မဖြစ်တာလဲ .. ဘာကို ပြောချင်တာလဲ ..၊ ဒီမှာ သားမြတ်.. င်းမျက်နှာကို ဒီတိုင်းထားပြီး ရွာကို ဝင်လို့ မရဘူးနော် .. ငါ့ချွေးမကို ျက်နှာသိုအောင် တစ်ချက်မှ စကားမှားမယ် မကြံနဲ့ .."

"အေးလေ .. ငါ့သားက ဘယ်လိုဖြစ်နေတာလဲ ..၊ သမီးလေးက သောက် ထိရက်စရာမရှိအောင် လှနေတာတောင် .."

မိဘနှစ်ပါးကို ကြည့်၍ သားမြတ် ရှုံ့မဲ့နေကာ ...

"ထိရက်စရာ မရှိတာ မဟုတ်ဘူး .. အဲဒီမိန်းမ ထိချင်စရာကို ျိုတာ .."

"အေးပေါ့ .. မင်းမျက်နှာကြီးကလည်း မိန်းကလေးတစ်ယောက် လာပါ .. ထိပါ ဖြစ်ချင်စရာ ပြေပြေပြစ်ပြစ်လေး ဆိုတော့လေ.."

"သူနဲ့ ကျွန်တော် စတွေ့တည်းက အဲဒီအတိုင်းပဲ .."

"စတွေ့တုန်းက ဘာမှ မဆိုင်သေးဘူး ..၊ အခု မင့်မိန်းမ ဖြစ်နေ ပြီ – ငါတို့ချွေးမ .."

"ဟော .. ဟိုမှာ ပြန်ထွက်လာကြပြီ .."

အေးပုံ တို့နဲ့ ဆု စကားတပြောပြောနဲ့မို့ ဒေါ်တင်မေ တို့ စိတ် းသာသွားကြ၏။

ထို့ကြောင့် ကိုယ့်ကားပေါ် ကိုယ် တက်ကုန်ကြကာ ...

"ဒီတစ်ခါ တူတူပဲ သွားကြမှာနော် .. နားလည်း အတူတူ.. ထွ ည်း အတူတူပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အေးပုံ ကားထဲဝင်ဖို့ ကုန်းကွနေတုန်း သားမြတ် အနားရောက်သွားကာ ...

"ဒါက ဘာကြီးလဲ .."

"အမလေး!..."

ချိုင်းကြားမှာ ညှပ်ထားတာကြီးကို သူ ဆွဲလိုက်တာနှင့် အေး နောက်ပြန်လေး ပြန်ထွက်လာကာ မျက်လုံးအဝိုင်းသားနှင့် ...

"အဲ့ .. အဲ့ဒါ .. ဟိုလေ .. ဖျာ .."

"ဖျာကြီး ငါ မြင်သားပဲ .. ဒါ ဘယ်က ယူလာတာလဲ .."

"ဟို .. ဟိုအိမ်ကြီးက .."

"ဘာ!..."

ဘာ .. သံကြောင့် အေးပုံ ပခုံးလေး ကျုံ့သွားကာ ကားထဲ ရောင် နေပြီဖြစ်သည့် ဆု ကို လှမ်းကြည့်၏။

"ဘာလဲ .. ဒီဖျာ မင်း ယူလာခိုင်းတာလား .."

"ယူလာတာ မဟုတ်ဘူး ဝယ်လာတာ ..၊ ဘာဖြစ်လို့လဲ .."

"ဘာ!..."

ဝယ်လာတယ် ဆိုတော့လည်း တအံ့တသြ ..၊

"ဝယ်လာတာ ဟုတ်လား ..၊ ဘယ်သူ့ဆီကလဲ .."

"ဘာဖြစ်လို့လဲ သားမြတ် .."

သန်းစိုး က အနားရောက်လာကာ အေးပုံ ပြောပြတာကို နား ထောင်၍ ...

"ဝယ်လာတာ .."

တစ်ယောက်တည်း ပြောနေသလို ဖျာကို ကိုင်၍ သံယောင်လိုက် ပြောနေ၏။ သားမြတ် က ဦးထူး တို့ကား ထွက်ဖို့ အချက်ပြနေတာ သွားနှင့်ဖို့ လက်ပြန်ပြ၍ ...

"အဲဒီနားမှာ လူတွေ ရှိလို့လား သန်းစိုး .."





"မင်းပဲ ရောက်ဖူးတာ .. ငါ မသိဘူးလေ .."

"ငါ ရောက်ဖူးတာ နှစ်နှစ် သုံးနှစ် ရှိပြီ .. အဲဒီတည်းက ရွာ ဟောင်းကြီးပဲ .. အိမ်တွေက မရှိတော့ဘူး .. အဲဒီအိမ်ပျက်ကြီး တစ်လုံး ကျန်တာ .."

"လူ မရှိဘူးလား .."

"ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မရှိဘူး.. အဲဒီရွာဟောင်း ကို လူတိုင်း ရောက်ဖူးပေမယ့် ဘယ်တုန်းက ရွာလဲ ..၊ ဘာကြောင့် မရှိကြတာလဲ .. ဘယ်သူမှလည်း မသိကြပါဘူး ..၊ ငါ ငယ်ငယ် က ဒီနားတစ်ဝိုက်ထိ နှစ်ခေါက်လောက် ရောက်ဖူးတယ် .."

"ဦးလေးထူး ဆိုရင်တော့ သိရင် သိမှာ .."

"အဖေ့ကို မေးကြည့်သေးတယ် .. မသိဘူးတဲ့ ..၊ ချင်းရွာတစ်ရွာ တာပဲ သိတယ် .."

"အယ် .. ဟုတ်တယ် .. ချင်းမိန်းမကြီး တစ်ယောက်ပဲ .."

"ဟင်!..."

သူဇာ က လွှတ်ခနဲ ပြောပြီးမှ အေးပုံ ကို ကြည့်၏။

"အရမ်း စုတ်ပြတ်နေတာ ကိုကြီးသားမြတ် ရဲ့ .. အဲ့ဒါ မြို့မှာ သွားဝယ်ပြီး စားစရာလေး လိုချင်လို့ပါဆိုလို့ မမဆု က အလကား တာ .."

"မမဆု ပေးတာ ပိုက်ဆံတွေ အများကြီးပဲ .."

သူဇာ က ခုကျမှ ဝင်ပြောဖော်ရကာ ဆု ဘာမှပြောဖို့ မလိုတော့

"အဲဒါကို အဲဒီ ချင်းမကြီးက အလကား မယူချင်ဘူးတဲ့ ..၊ ဒီ း ဝယ်သွားပေးပါဆိုပြီး .. အံမယ် .. ဖျာက ပန်းချီမုံလေးနဲ့ လှတာ သိလား .. ကိုကြီး ကြည့်မလား .."

"မကြည့်ချင်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဖျာကိုတောင် ဖြန့်ပြမလို့ ပြင်လိုက်သေးသည်။

"မြက်ဖျာလေးပေမယ့် နုအိနေတာပဲ .. လိပ်ပြီး ထောင်ထားလို့လည်း ရတယ် ...၊ ခင်းအိပ်ရင်လည်း မွေ့ရာလေးလိုပဲ .. ကျွန်မတို့ကို သေချာ ခင်းပြပြီး ထိုင်ခိုင်းသေးတာ .."

"ဘယ်မှာ ထိုင်တာလဲ .."

"သစ်ပင်ရိပ်မှာပါ .."

"အဲဒီမိန်းမကြီးက ဘယ်က လာတာတဲ့လဲ .."

"ဒီနားကလို့ ပြောတာပဲ .."

သားမြတ် မျက်မှောင်ကုတ်နေတာကို ကြည့်၍ သန်းစိုး က ရယ်လိုက်ကာ ...

"ကဲ .. ကဲ .. သွားရအောင်ပါကွာ .. တစ်ဦးမေတ္တာ တစ်ဦးမှာပေါ့ ...၊ သူများပစ္စည်း ကောက်ယူလာတာမှ မဟုတ်တာ .."

အနက်ရောင်တွေများများနှင့် အဖြူအဝါပြောက်တွေ မြင်နေသည့် ဖျာကို ကြည့်ကာ သားမြတ် က အံ့သြနေဆဲ ...၊

ဒီမိန်းမ မေးလိုက်ပြန်ရင်လည်း ကောင်းကောင်းကန်းကန်း ဖြေမှာ မဟုတ် ...၊ တားပြန်ရင်လည်း စေတနာ စော်ကားဖို့ပဲ သိတာ...

တောကြားတောင်ကြားမှာ အစစအရာရာ သတိထားရတယ်ဆိုတာ နားမလည်ဘူးလား ...။

အတုံးလိုက်အတစ်လိုက် ပြောချလိုက်ရလျှင် 'တောသား' ဆိုသည့် ဂုဏ်ပုဒ်ကြီးနဲ့ ခေါင်းစဉ်တပ်၍ ကိုယ့်ကိုပဲ မြားဦးလှည့်လာမှာစိုး -

နေပစေ လုပ်ချင်သာ လုပ် ...၊





## အခန်း(၁၃)

တောဆိုပေမယ့် အိမ်ခြေ တောင့်သည်။ မြို့နဲ့ အလှမ်းကွာလွန်းနေရာတကာမှာ ဖွံ့ဖြိုးမှု နည်းပေမယ့် သူ့မိသားစုနဲ့ သူ ပြည့်စုံကြတာပဲ ဖြစ်၏။

နှစ်ဖက်မိဘ စုံပြီဆိုတာနှင့် လှူငယ်တွေကို အရင်ဆုံး ဖိတ်ပြီးလိုက်သည်။

မင်္ဂလာဆောင် မဏ္ဍပ်ကြီးက အိမ်ရှေ့လမ်းပေါ်မှာ လမ်းပိတ်၍ အနေရာယူထားကာ မိုးမလင်းခင်တည်းက စည်ကားနေတာ ပိုင်းကျမှ လှူပါး၏။

"မြို့သူလေးက လှလိုက်တာမှ ရွှေမှုန်စားပြီး မွေးထားသလား ရတယ် .."

"ဟုတ်ပ .. ငါတို့တောသားနဲ့ လိုက်တောင် မလိုက်ဘူး .."

"အံမာဟာ .. ငါတို့ သားထူးကြီး ကလည်း ချောချောခုံခုံကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်းပဲ သူ့ဘက် ကိုယ့်ဘက် လူစုခွဲကာ အနိုင်လု ပြောနေကြ၏။

"ညကျရင် ခဲဖိုးတောင်းမှာ .. သတို့သမီးဝှက်ပွဲ ရှိတယ်နော်.."

"မြို့သူနဲ့ ငါတို့ရွာက သူဌေးသားဆိုတော့ .. နည်းနည်းရလို့ မဖြစ်ဘူး .."

"ဟုတ်တယ် .. ငါတို့ရွာရဲ့ အကြီးကျယ်ဆုံး ပျော်ပွဲရွှင်ပွဲက သတို့သမီးဝှက်ပွဲ ဆိုတော့ .."

"မမဆု နော် .. သူဇာ တို့နဲ့ နေရမှာ .."

"အံမယ် .. ဒီလိုမျိုး ငါ့လူလို့ သတ်မှတ်လို့ မရဘူးနော်..။ ဆု ဒီမှာ .."

ဆု လက်လေးကို ဆွဲ၍ ငွေဖျိုင်း က အနားမှာ ပူးကပ်ထိုင်၍ –

"ဒါက တို့မိန်းမချင်း ညီညွတ်ရမှာ .. ဟိုကောင်တွေ လာဆွဲရင် သူတို့ဝှက်တဲ့နောက် လိုက်မသွားရဘူးနော် .."

"အံမယ် .. ဒါပေမယ့် သတို့သမီးကိုင်တဲ့လူက မိုရတာဆိုတော့ လမ်းတည်းက မမဆု ကို ကျွန်မတို့က ကိုင်လာခဲ့တာ .."

"ခု ငါလည်း ကိုင်ထားတယ်လေ .."

ဆု ရဲ့ဘေးမှာ မိန်းကလေးတွေ ဝိုင်းနေတုန်း ယောကျာ်းလေးတွေ အုန်းခနဲ ရောက်ချလာကာ ...

"အံမာ .. ငါတို့အလှည့် မပြောနဲ့ သူတို့ချင်းတောင် အဝေမတည့်သေးပါလား .."

"ငွေဖျိုင်း .. နင်တို့ မိန်းကလေးချင်း ကပ်နေလို့ ရတိုင်း လူလည်မကျနဲ့နော် ..။ ဒါ ယောကျာ်းလေးတွေ လုပ်ရတဲ့အလုပ် .. အချင်းချင်းဆိုတဲ့စိတ် မမွေးဘူး .."

"မမွေးဘူး ...၊ ငွေဖျိုင်း တို့က ငွေဆို ငွေပဲ .."

"ကဲ .. နားငြီးလိုက်တာဟယ် .. ဖယ်ကြစမ်း .. ဖယ်ကြစမ်း –





ငါ့သမီး ခရီးပန်းရတဲ့ကြားထဲ စိတ်ဆင်းရဲနေပြီ .."

ဒေါ်တင့်မေ က ဆု ရဲ့လက်ကလေးကို ဆွဲခေါ်သွားသည်နှင့် မိန်းကလေးတွေနဲ့ ယောကျာ်းလေးတွေ အကြီးအကျယ် ငြင်းခုံနေကြတော့သည်။

"ဘယ်မှာလဲ သတို့သား .."

"သတို့သား .. သတို့သမီးနား လုံးဝ မကပ်နဲ့နော် .. အခြေအနေ မဟန်လို့ကတော့ ငါတို့က နေခင်းကြောင်တောင်လည်း ဝှက်မထားဘူး ထင်နဲ့ .."

"ဘာလဲ ခွေးသူခိုးတွေ .. ငါ ဒီမှာ .."

"ဘုတ် .."

"သေပြီ .."

စာအုပ်ထူကြီးနှင့် နောက်ကနေ ပိတ်ရိုက်ခံလိုက်ရသဖြင့် အံ့မောင် ဒိုက်ခနဲ ဖြစ်သွားကာ သံပြိုနဲ့ အော်၏။

ပြီးတော့ သားမြတ် နဲ့ စာအုပ်ကို ကြည့်၍ ...

"မင်းက အဝတ်တောင် မလဲရသေးဘူး .. ဘယ်ကို သွားနေတာလဲ .."

"ဆရာတော့်ကျောင်း လိုက်သွားတာ .."

"ဟာ!... ဟေ့ .. မလုပ်နဲ့နော် .. သတို့သမီးကို ဈေးကြီးပေးရွေးချင်တာနဲ့ မင်း မကြံကောင်း မစည်ရာတွေ .."

"လုပ်စမ်းပါစေ .. မင်္ဂလာတောင် ဆောင်ထားသေးတာပဲ .. ဘုန်းကြီးဝတ်ထားလည်း တောင်းရမှာပဲ ..၊ 'အရှင်ဘုရား သင်္ကန်းမဝတ်ခင်က ကြွေးဆိုတာ အပြီးဆပ်ခဲ့သင့်ပါတယ်ဘုရား' လို့ မပေးမချင်း နောက်က လိုက်အော်မှာ .."

မင်္ဂလာဆောင်သာ ပြီးသွားသည်။ မဏ္ဍပ်ထဲမှာ အုန်းအုန်းထနေသည့် ပရိသတ်က နည်းနည်းမှ လျော့မသွားသေးပေ ...။



www.burmeseclassic.com

www.burmeseclassic.com



"လာ သမီး .. ဒီနားမှာ ထိုင်နေ .."

"မထိုင်တော့ဘူး အန်တီ .. ဆု မာမီတို့နောက် လိုက်သွားချင်လို့ .."

"အို .. မလိုက်နဲ့ဦး .. မင်္ဂလာဆောင်ပြီးကာစ သတို့သမီးက လမ်းသလားနေလို့ မရဘူး ..၊ ဒီအချိန်လေးမှာ သမီးက သူတို့အားလုံးအတွက် ငွေထုပ်ကြီးပဲ .."

"ဟင်!..."

"ဒီရွာမှာ ထုံးစံလိုဖြစ်နေပြီ သမီးရဲ့ .. မင်္ဂလာဆောင်ပြီဆိုရင် အဲဒီ သတို့သား သတို့သမီးက ဆင်းရဲချမ်းသာ ဘယ်လိုအခြေအနေဖြစ်ဖြစ် မင်္ဂလာစရိတ်တော့ အလုံအလောက် ကိုင်ထားရတယ် ..၊ ဆင်းရဲတဲ့လူကျတော့လည်း သူ့အတိုင်းအတာနဲ့သူပေါ့၊ သတို့သမီးဝှက်တဲ့အလုပ်ကို စိတ်ဆိုးလို့ မရဘူး .."

"သတို့သားဘက်က သူတို့ တောင်းသလောက် ပေးရတာပေါ့နော် .."

"ဟုတ်တယ် .. ဒီလိုပဲ အလျှော့အတင်းတွေ လုပ်ကြ .. ငြင်းကြခုံကြနဲ့ အပျော်ပေါ့ကွယ် .. သားဆိုရင်တော့ အလျှော့ဆိုတာ ရှိမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူများပွဲတွေတုန်းက သူတို့အုပ်စုထဲမှာ သူက ခေါင်းဆောင်လေ .. သိပ်အငြင်းထူတဲ့ ကလေး .."

ထိုစဉ် ဦးထူး ဝင်လာကာ ....

"ဟော .. မင်းက ဒီမှာလား ..၊ ဆရာတော်က ခေါ်နေတယ်တဲ့.. မင်းကလည်း ဘယ့်နှယ် ကိုသိန်း တို့ကို ထားခဲ့ပြီးတော့ .."

"မထားခဲ့ပါဘူးရှင် .. ဒီမှာလည်း လူငယ်တွေ ငြင်းကြခုံကြနဲ့ စိတ်မချလို့ ခဏ ပြန်ပြေးလာတာ .."

"လာ .. လာ .. လူငယ်တွေ ငြင်းကြတာ ထိုးပွဲသတ်ပွဲ ဖြစ်စို့မရှိဘူး ..၊ ဆရာတော် ဖေါသထွက်လိမ့်မယ် .."





လင်မယားနှစ်ယောက် ခပ်သုတ်သုတ် ပြန်ထွက်သွားကြတော့ဆု တစ်ယောက်တည်း ကျန်ခဲ့၏။

"မမဆု .. သနပ်ခါး သွေးထားပြီးပြီ .."

"ဟင် .."

ကြည့်လိုက်တော့ ကိုယ့်ကို တရင်းတနှီး ခေါ်နေသည့် ကောင်မလေးကို ဆု မသိပေ ..။

ဒီအိမ်ကြီးက တစ်ထပ်တိုက် ပျဉ်ထောင်အိမ်မြင့်ကြီးဖြစ်ကာ ရွာထဲမှာ ဒီလိုအိမ်မျိုးတွေ ရှိပေမယ့် ခြံကျယ်တာရော.. အိမ်ကြီးတာရော.. ဒီအိမ်ကိုတော့ မမီပေ ..။

ပြီးတော့ သားလေးချည်းပဲ နှစ်ယောက်ရှိတယ်သာဆိုသည် မိန်းကလေး ခပ်ငယ်ငယ်လေးတွေ သူဝင်ငါထွက်နှင့် အားလုံး၏ ပြောဆိုဆက်ဆံပုံတွေက အဖေ အမေ မခေါ်တာပဲ ရှိသည်။

ဦးထူး တို့ကို သူတို့မိဘတွေလိုပင် ..၊

ထို့ကြောင့် အိမ်မှာ သူတစ်လက် ငါတစ်လုပ်နှင့် ဒေါ်တင်မေက ကိုယ့်ထမင်းကိုတောင် ခူးခပ်စားဖို့ မလိုပေ ..။

မြို့မှာ အိမ်အကူတွေ ခေါ်ရတာ အလုပ်ရှုပ် စိတ်ပင်ပန်းသလောက် စိတ်မာတ်တွေ ဆိုးရင်ဆိုးသလို အိမ်ရှင်တွေ ဒုက္ခရောက်ကြရသည်။

တောမှာတော့ အားလုံးက စေတနာ မေတ္တာအပြည့်နှင့် နွေးထွေးနေကြ၏။

တစ်ယောက်က သနပ်ခါးသွေးထားခဲ့လျှင် တစ်ယောက်က ဒေါ်တင်မေ့ ကို ခြေလက် ကျောရင်ကအစ သေချာ လိမ်းပေးသည်။

ပြီးတော့ မျက်နှာသုတ်တာနှင့် နေမကောင်းဘူးလား ပါးစပ်မေးနေတုန်း လက်က ပခုံးပေါ်မှာ နှိပ်နယ်နေပြီး ဖြစ်တာမျိုး ..၊

ဆု ဒီကိုရောက်တာ သုံးရက်ပဲ ရှိသေးသည်။

ကိုယ်နဲ့ စကားပြောဖူးတဲ့သူရော .. မပြောဖူးတဲ့လူတွေရော ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူတွေမှန်း မသိပေမယ့် ရယ်ပြတာတွေကို ပြန်ရယ်ပြရသည်။

ခါးလာဖက်ပြီး ပါးကို နမ်းတဲ့ သူက နမ်း ..၊

ပြိုင်ဆိုင် မလိုလားသည့် မျက်လုံးမျိုးတွေလည်း မရှိ ..၊ အမူအရာမျိုးတွေလည်း မပြ ..၊

ဆု ရဲ့ တင်းကျပ်နေသည့်စိတ်တွေ ထူးဆန်းစွာ ပေါ့ပါးနေခဲ့ရကာ ...

"မမဆု .."

"ဟင် .."

"မမဆု ရေချိုးရင် အိမ်ပေါ်က ရေချိုးခန်းထဲမှာပဲ ချိုးနော် .. အောက်မဆင်းနဲ့တော့ .."

"အိမ်ထဲမှာ ရေချိုးခန်း ရှိသလား .."

"ရှိပေမယ့် ဘယ်သူမှ မချိုးဘူး မမရဲ့ .. ရေ တမင်တင်ပြီး ချိုးရတာလေ .. အဲဒီအခန်းထားတာက မြို့က ဧည့်သည်တွေလာရင် ပြည့်စုံမှုရှိအောင်လို့ဆိုပြီး တမင် ထည့်ထားတာ..၊ အခု မမဆု အတွက် ရေအမြဲတမ်း ဖြည့်ဖို့ရယ် .. မမဆု အပေါ်မှာပဲ ချိုးဖို့ရယ် .. ကျွန်မက တာဝန်ယူထားရတာ .."

"ဟင်!... ရေဖြည့်ရတာ ညီမပေါ့ .. ဟုတ်လား .."

"ဘယ်ကလာ .."

ကောင်မလေးက ကျစ်ဆံမြီး တိုနံ့နံ့လေးတွေ ခါသွားအောင် ခေါင်းခါပြ၏။

"ကျွန်မက တာဝန်ယူရတာလေ .. အပ်ိး .. မမဆု ကြောင့် ကျွန်မက ရာထူးမြင့်သွားတာ .. ရေလာဖြည့်တဲ့သူကို မပျက်ကွက်အောင် တာဝန်ယူရမယ် ..၊ တိုက်ချွတ် ဆေးကြောဖို့လည်း ကျွန်မပဲ.."

"ဪ .. ဒါနဲ့ ညီမက နာမည် ဘယ်လိုခေါ်လဲ .."

"ကြည်ပြာ တဲ့ ..၊ မသိရင် နောက်မှ မေးထားလို့ ရတယ် ..





ဒီကို လာ .."

နောက်ဖေးထိ ဝင်ချလာကာ ဆု ကို လက်ဆွဲ၏။

"ဘာလဲ .. ဘယ်ကို လာရမှာလဲ .."

ဆု က ပြန်ရုန်းလိုက်တော့ သူက စိတ်တိုသွားသည့်မျက်နှာနှင့်...

"ခင်ဗျားကို မိုးချုပ်တဲ့အထိလေးတော့ အေးဆေးနေလို့ရအောင် နေရာရှာပေးထားမလို့ ..၊ ကိုင်ချင်လွန်းလို့ မှတ်နေလား .."

"ကိုယ့်အိမ်ပေါ် ကိုယ်နေတာ .. ဘယ် ဖျာလိပ်ထဲ ဝင်ပုန်းရဦးမှာလဲ .."

"ပုန်းသင့်ရင် ပုန်းရမှာပဲ .. ခုကစပြီး ခင်ဗျားက အရမ်းကို တန်ဖိုးကြီးနေတာလေ ..၊ ကိုယ် လုပ်ခဲ့တဲ့လုပ်ကွက်တွေနဲ့ ပြန်မခံနိုင်ဘူး၊ သူတို့ မဝက်ခင် ကိုယ် အရင်ဝှက်ရမှာပဲ .."

"အို .. ဘယ်လိုဖြစ်နေတာလဲ .. ဖယ်စမ်းပါ .."

"ထမင်း မစားဘူးလား .. ငါ ဗိုက်ဆာနေပြီ .."

"မဆာပါဘူး .. ဆာရင် ကိုယ့်ဘာသာ ကိုယ်စားပေါ့ .."

လက်ကိုဆွဲ၍ သွားနေရင်း သားမြတ် က တုံ့ခနဲ ရပ်၏။

ပြီးတော့ ဆု ကိုယ်လေးကို နံရံမှာ ဖိကပ်၍ မျက်နှာလေးကို စိုက်ကြည့်ရင်း ...

"ကိုယ့်ဟာကိုယ် စားလိုက်ရတာ ဘယ်နှစ်ရက် ရှိပြီလဲ ..၊ ဒီမှာ မင်းနဲ့ ငါ မင်္ဂလာဆောင်ပြီးပြီနော် .."

"ဆောင်ပြီးတော့ ဘာဖြစ်လဲ ..၊ ဒီလောက် လူများ လက်များနေတာ .. ရှင်က ကျွန်မ ခူးခပ်ကျွေးတာများ မျှော်လင့်နေသေးလား.."

"မင်းကို မခူးခပ်နိုင်ဘူး .. ဘယ်လိုနေသင့်သလဲဆိုတာ မေ့နေသလားလို့ .."

"ဟွန်း .."

ဆု က မဲ့ပြီး သူ့လက်တွေကို ဖယ်ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားမြတ် ရဲ့မျက်နှာက ချက်ချင်း ပြောင်းလဲသွားကာ ပခုံးလေးတွေကို လွှတ်လိုက်ပေမယ့် ဆု ရဲ့ရှေ့ကနေ ပိတ်ရပ်နေလျက် ...

"ဒီမှာ နေရတာ အဆင်ပြေလား .."

"ပြေပြေ မပြေပြေ နေရမှာပဲ .."

"မဟုတ်ဘူးလေ .."

သူ ဆု ရဲ့လက်လေးကို ပြန်ဆွဲထားလိုက်ကာ ...

"ခဏ နေဦးကွာ .. စကား အေးဆေးပြောရအောင် .."

"အယ်!..."

ဆွဲလားရုန်းလား ဖြစ်နေကြစဉ် အေးပုံ ဖျတ်ခနဲ ထွက်လာတာနှင့် ကြုံကာ အသံလေးထွက်ပြီးမှ ပါးစပ်ကို လက်နှစ်ဖက်နဲ့ အုပ် ပစ်၏။ ပြီးတော့ မျက်လုံးအပြူးသားနှင့် ဒီတိုင်း ရပ်ကြည့်နေသဖြင့် —

"ဘာလုပ်နေတာလဲ .. သွားလေ .."

"ဟုတ် .."

သူမ နောက်ပြန်လှည့်ပြေးသွားသည်နှင့် သူ ဆု ရဲ့မျက်နှာရှေ့မှာ လက်တစ်ဖက်နဲ့ တားသလို ဆန့်ထောက်ထားလိုက်ပြီး ...

"ငါ့ကို မုန်းနေလား .."

"ဘာဆိုင်လို့လဲ .."

"မင်းနဲ့ငါ အတိုက်အခံတွေပဲ ပြောဆိုဖြစ်နေတာလေ .. အဲဒါတွေကို ပြောပြချင်လို့ .."

သားမြတ် က လက်ကိုဖြုတ်၍ ဆု နဲ့ နီးနီးလေးမှာ ပခုံးချင်းထိ၍ ရပ်လိုက်ရင်း ...

"ရန်ကုန်ကို မလည်မဝယ်နဲ့ ရောက်သွားပြီးတော့ကွာ .. အဲဒီမြေကို ခြေချမိတည်းက ဒုက္ခတွေ ရောက် .. အရှက်တွေ ကွဲနဲ့ .. စိတ်အအဲဒီမှာ အလိုလိုနေရင်း ကြမ်းချင်နေတာ .."

"အဲဒါကရော ဆု နဲ့ ဘာဆိုင်လို့လဲ .."





"မဆိုင်ပေမယ့် မတည့်ရာ မတည့်ကြောင်းနဲ့ စငြိတာလေ ..၊ ပြီးတော့ မင်းက ဂျင်မ်ဲ ဆိုတဲ့ တစ်ယောက်နဲ့ အရမ်းတွဲပြနေတော့ ဒင်းတာပေါ့ .."

"တွဲပြတာ မဟုတ်ဘူး ..၊ ဆု တို့က အမြဲ တတွဲတွဲ နေခဲ့ကြတဲ့ သူငယ်ချင်းတွေ .."

"သူ့ဘက်က သူငယ်ချင်းမှ မဟုတ်ဓာကွ .. ပြီးတော့ မင်းပဲ ညည်းစားလို့ ပြောလို ပြော .."

အကျီတွေ လဲထားပေမယ့် ညွှဲခံပွဲတုန်းကအတိုင်း မိတ်ကပ် ပြေပြေလေးနှင့် ပါးမို့လေးတွေကို စိုက်ခနဲ ကြည့်မိရင်း သူ ပြုံးလိုက်သည်။

"မင်းကို ကိုယ် တကယ် အပိုင်ရလိုက်တော့ သူ့ကို အားတော့ နာပါတယ် .. အဟွန်း .. မင်း ဒီလောက်လှနေတာ အမြဲ အတူတွဲလာတဲ့ သူ့ဘက်မှာလည်း ချစ်ခွင့်ရှိတာပဲ ..၊ ပြီးတော့ .."

သူ စကားရပ်သွားပြီးမှ ဆု လက်ဖဝါးနုနုလေးကို ဖဝါးချင်း ထပ်ဆုပ်ကိုင်လိုက်ကာ ...

"ကိုယ်တောင်မှ မင်းကို .."

"သွားမယ် .."

"နေပါဦး .."

ဆု ရှက်စိတ်တွေနှင့် ရင်တွေ တုန်လာသည်။

ရောင်ထွက်ဖို့ ကြိုးစားပေမယ့် သားမြတ် က အတင်းအကျပ် ဆွဲထားကာ ...

"ဘယ်လိုဖြစ်တာလဲကွာ .. ကိုယ်တို့ ခုချိန်ထိ အိမ်ထောင်ရေး အတွက် ဘာမှ မပြောဖြစ်ခဲ့ဘူး .."

"ဟုတ်တယ်လေ .. အခြေအနေတွေက ဒီတိုင်း ဖြစ်လာတာပဲ ဟာ ..၊ ခုမှ ပြောနေလည်း .."



www.burmeseclassic.com

www.burmeseclassic.com



"ခုမှ ပြောရမှာလေ .. ပြောဖို့ လိုလာတာက ခုချိန်မဟုတ်ရင် ဘယ်အချိန်လဲ ..။ ဆု .. ဒီမှာ .."

ဆု ရဲ့ ပခုံးလေးနှစ်ဖက်ကို သူက ဖိဆုပ်၍ မျက်နှာချင်းဆိုင် လှည့်ယူလိုက်ပြီး ...

"မင်း အရမ်း စိတ်ညစ်သွားမှာပဲ ကိုယ် စိုးရိမ်တာ .."

"ဟုတ်လား .. အဲဒါ စိုးရိမ်တာတွေပေါ့ .."

"မင်း မသိလို့ ပြောတာ ဆု ..။ ကိုယ် မင်းကိုပဲ အရိပ်တကြည့် ကြည့်နဲ့ အကဲခတ်နေခဲ့တာ .."

"ဒါကြောင့် ကိုယ့်ကို မလိုလားတာတွေ သိပြီး လူကြီးတွေ စီ… တာကို မှိန်းယူခဲ့တာပေါ့ .."

"မှိန်းနေမိသလို ဖြစ်ရင် ဖြစ်မယ် .. ဒါပေမယ့် မင်း ကိုယ့်အ… မှာ မုန်းလောက်အောင်တော့ မရှိခဲ့ကြဘူးလို့ ထင်ခဲ့တာလေ ..။ ဘာ… လို့လဲဆိုတော့ ဂျင်မ့် ကိုလည်း မင်း ချစ်ခဲ့တာမှ မဟုတ်ဘဲ .. အဲ… ကိုယ် သိတယ် .."

နောက်ထပ် သိအောင် တမင်ပြောတာတွေကျတော့ ကြားစေ… တဲ့သူက မကြားဘဲ မကြားစေချင်တဲ့သူ နားထဲကို ရောက်ကာ ချက်ချ… ကြီး လက်ထပ်ခဲ့ရတဲ့အဖြစ်ကို လူမသိ ..။

တကယ်လို့သာ အဲဒီတုန်းက ပြောနေတဲ့စကားတွေ သူ ကြား… ရင်ရော ..။

"ဆု .."

သူက ဆု ရဲ့ ပခုံးသားလေးတွေကို မချင့်မရဲ ဖျစ်ဆုပ်၍ —

"မင်း ပျော်အောင် ကိုယ် ထားမှာပါ .. ပြီးတော့လေ .. … အိမ်ထောင်ရေးအပေါ်မှာ ကိုယ် ဒီလောက်ထိ သဘောကျ ကျေန… လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး ..။ အဲ့ဒါ ဘာဖြစ်လို့လဲဆိုတော့ အ… ရေးကို ကိုယ် စိတ်မဝင်စားခဲ့တဲ့ထဲမှာ အိမ်ထောင်ရေးကိုလည်း မိ…





…ခွ သတိပေးနေတော့ ကိုယ့်ဘဝအရေးပါလား ဆိုတာကိုတောင် …နေတဲ့အထိပဲ .."

ဆု ရဲ့ လှိုင်းထနေသည့် ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း …နှာကို အတင်း ငုံ့ကြည့်နေသဖြင့် ဘယ်လိုလွှဲပစ်ရမှန်းလည်း …။

"မင်း အရမ်းလှတာပဲ ဆု ရယ် .. ကိုယ် မြတ်မြတ်နိုးနိုး ယုယ …ကြင်နာချင်လောက်တဲ့ မိန်းမမျိုး ကိုယ် ရလိမ့်မယ်လို့ တကယ်ကို …ခဲ့ထားခဲ့ဘူး ..။ မင်းကို ကိုယ် .."

"အို!... ဖယ်ပါ .."

မေးဖျားလေးကို မော့ကိုင်နေသဖြင့် သူ့လက်ကို ဖယ်ချပြီး ဆု …ပြေးဖို့ ပြင်၏။

သားမြတ် က အတင်းချုပ်ထားရင်း ရင်ခွင်ထဲမှာ ပွေ့ပိုက်ထား…လို ဖြစ်သွားကာ နှစ်ဦးစလုံး၏ ရင်ခုန်သံတွေက သောင်းသောင်း … ဖြစ်နေ၏။

"ကိုယ့်ကို မချစ်နိုင်သေးဘူးဆိုတာ သိတယ် ..။ ဒါပေမယ့်ကွာ.. …အတွက် မင်းရဲ့ ကြည်ဖြူမှုက လိုအပ်တယ် .."

"ရှင်နော် .. ဘာတွေ လာပြောနေတာလဲ .. လွှတ် .."

"အချစ်ဆိုတာ အချိန်မရွေး ဖြစ်လာတတ်တာပဲ .. ဒါပေမယ့် …ကို ပြန်ချစ်ပါလို့ တောင်းဆိုနေတာ မဟုတ်ပါဘူး .. ကိုယ်တို့ … .."

"မသိဘူး .. သွား .. ရှင့်ကို ဆု မချစ်ဘူး .. အဲ့ဒါ ဘယ်လိုမှလည်း …ဖြူနိုင်မှာ မဟုတ်ဘူး .."

"မရဘူးကွာ .. ကိုယ့်ရဲ့ မင်္ဂလာဦးညကို ဒီပုံစံနဲ့တော့ မကျော်…ခင်ဘူး .."

"ရှင်နော် .. ဟင့်အင်း .."



www.burmeseclassic.com

www.burmeseclassic.com



ဆု မျက်နှာလေးကို မရမခရ နမ်းပစ်ဖို့ ဆုံးဖြတ်၍ ရှေ့ဆက်လိုက်ပေမယ့် ...

"ဟိတ် .. ကောင်မလေးကို လွှတ်လိုက် .."

"ဟာ!... ကြည့်စမ်း .."

"မြင်ကုန်ကြပြီ ..၊ ဖယ်ပေး .. အရမ်းမုန်းဖို့ကောင်းတဲ့လူ .."

သူ့ရင်ဘတ်ကို ထုပစ်လိုက်ရင်း ဆု ထွက်ပြေးသွား၏။

သားမြတ် ဒေါသထွက်နေသည့် မျက်နှာကြီးကို လက်ညှိုးထိုး ရင်း ကာလသားတွေ မိုက်နိုပ် ရယ်ကြလျက် ...

"ဟား .. ဟား .. သူ့အလှည့်ကျတော့ ရုပ်ကြီးကို ကြည့်ကြစမ်း"

"အေးလေ .. ဟား .. ဟား .. ဟား ... ကိုယ့်မိန်းမကို မဟုတ် တရား .."

"ဟိတ်ကောင်တွေ .. ငါ အကုန်လုံး ကန်ချမှာနော် .. သွားကြ သွား .."

"အံမာ .. နင်ပဲက ကြည့် ..၊ ခုချိန်မှာ မင်းကို ကြောက်ရမှာလား ငါတို့ကို မင်းက ကြောက်ရမှာလား .."

"အေးလေ .. စဉ်းစားစမ်းပါဦး .. ငှဲ .. ငှဲ .."

အုပ်စုကြီးက နည်းတဲ့အုပ်စုကြီး မဟုတ် ...။

ဒါတောင် အိမ်ရှေ့မှာ တစ်ချက်လေးမှ နေရာမရွှေ့ဘဲ ဝိုင်းဖွဲ့ နေကြသည့် မိန်းကလေးတွေ ရှိသေးသည်။

အားလုံး၏ မျက်နှာတွေက ဒီအချိန်မှာ မုန်းစရာ အကောင်း ထင်ရကာ ...

"ဘာကို ကြောက်ရမှာလဲ .. ညကျမှ ဝက်ခွင့်ပေးမယ် .. ခု က ချောင်းနေလည်း အပိုပဲ .. မရဘူး .."

"အေး .. ငါတို့ သတို့သမီးကို ငါတို့ မဝက်ရသေးဘဲနဲ့ မင်း ထိဖို့ တို့ဖို့ မကြိုးစားနဲ့ ..၊ လုံးဝ ကာကွယ်ရမှာ ငါတို့တာ





"အံမာ .."

"အံမာနေသေးတယ် .. ဟွန်း .. ဒီအချိန်မှာ ငါတို့ သတို့သမီး ..င်း မပိုင်သေးဘူး .."

"တော်း ရာ .. ဒီကောင် ထိဖို့ တို့ဖို့ ကြိုးစားနေရုံ မဟုတ်ပါဘူး .. င်း မယုံရင် ကြည့် .. သူ့ သတို့သမီးကို သူ ဝက်တော့မှာ .."

တစ်ယောက်က ထောင်ပေးလိုက်တာနှင့် အားလုံး ပြုံးပြုံးပြုံး ခါင်းထောင်ကုန်၏။

"ဒါ ဖြစ်နိုင်တယ် .."

"ဟုတ်လောက်တယ် .. ဒါ သူ့နည်းတွေပဲလေ အကွက်က မြင် သား .."

"ဟား .. ဟား .. ဟား ..."

သားမြတ် ခါးထောက်ရင်း ရယ်ချလိုက်တော့ ဒါကိုပဲ အတည်ပြု တ်ကြကာ ...

"မလုပ်နဲ့နော် သားမြတ် .. မင်း .. ဟွန်း .. အဲဒီလို လုပ်လို့က ငါတို့က သက်ညှာမှာ မဟုတ်ဘူး .."

"အေးလေ .. တော်ကြာ ငါတို့ လက်ထဲရောက်မှ ငါ့ကောင်မလေး ဘယ်လို မနေပါစေနဲ့ .. ဘာမဖြစ်ပါစေနဲ့နဲ့ လာမချော့နဲ့ .."

ဒီစကားကျမှ သားမြတ် မျက်နှာပျက်သွားခဲ့သည်။ သူတို့က မြတ် ကို ကြည့်၍ လက်တို့ ရယ်နေကြတာ မပြီးနိုင် ...။

"ဟေ့ကောင်တွေ အပိုတွေ လျှောက်ပြောမနေနဲ့ .. အေးဆေး ခွင့်ပေးမယ် ..၊ ကြိုက်သလောက် တောင်း .. နော် ..၊ အေး .. ည်းက ကြိုပြောထားမယ်၊ မင်းတို့ချင်း မသိအောင် လုပ်ချင်တာနဲ့ ကို ကြောက်အောင် လန့်အောင် ဖြစ်ရတဲ့အထိ ဝက်ထားတယ်ဆိုရင် ပြီ .."

"ကြောက်စရာကြီးပါလား .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒါဆို ငါတို့ဘက်က မဲပေးပါလား .. အေးဆေး ဝှက်လို့ ရတာပေါ့ .."

"လာသေးတယ် .."

"မလာလို့ မရဘူး .. ငွေဖျိုင်းမ တို့ အရမ်းကို တက်ကြွနေကြတာ အိမ်ရှေ့ကို မင်း ကျော်ကြည့်လိုက်ပါလား .."

"ကြည့်လည်း မကြည့်ဘူး .. မဲလည်း မပေးနိုင်ဘူး .. ငါ ပြောပြီး သား ..၊ တစ်ခုခုဆို အကုန်လုံး မလွယ်ဘူး မှတ် .."

"အေးပါ .. အေးပါ .. မှတ်ထားပါ့မယ် .. မင်းလည်း ဝှက်ထား နော် ..၊ မင်္ဂလာအိပ်ခန်းကို တားထားတဲ့ ငါတို့ရဲ့ရွှေကြိုး ပြတ်နေလို့ ကတော့ .."

"ဟေး .. ဘာလုပ်နေကြတာလဲ .. အဲ့ဒီမှာ .."

"ဒီမှာလေ .. သတိပေးစရာရှိတာ ပေးနေရတာ ..၊ သတို့သားက တားမရ ဆီးမရတွေ ဖြစ် .."

"ပါသွားပြီ ..၊ ဟိုမှာ .."

"ဟင်!..."

"ဘာ!..."

အမောတကော ပြေးလာပြောတဲ့လူက ပြေးတော့ ပြေးလာပေမယ့် အိမ်တံခါးဝကနေ လှမ်းအော်ကာ နောက်ကိုလည်း လက်ညှိုးထိုး၍ –

"ဟိုမှာလေ .. ဟိုမှာ ငွေဖျိုင်း တို့ အုပ်စု မရှိတော့ဘူး .. သတို့ သမီးကို 'မ' သွားပြီ .."

"ဟာကွာ .."

"အေး .. ဟုတ်တယ် .. ကြည့်စမ်း .."

သားမြတ် ထိတ်ခနဲ ဖြစ်သွားကာ အိမ်ပေါ်ထပ်ထိ ပြေးတက်၍ ဆု ကို လိုက်ခေါ်ကြည့်သည်။

"တောက် .. သူဇာ .. ဟော့ .. ကြည်ပြာ ဘယ်မှာလဲ .."





"ရှင် .. ကိုကြီးသားမြတ် .."

"ရှင် ကို ထားခဲ့ .. လူ အရင် လာစမ်း .."

"လာပါပြီ .."

"နင့်ကို မြို့က ဧည့်သည်တွေ မပြန်ခင်လေးတော့ အိမ်မှာပဲ နေစမ်းပါလို့ အမေ မှာထားတယ်မို့လား .."

"ဟုတ်တယ်လေ .. ကျွန်မလည်း နေတာပဲဥစ္စာ .."

"နေတယ်ဆို .. အခု ဘယ်အစီစိက တက်လာတာလဲ .."

"ကိုကြီးသားမြတ် ပဲ 'သွား ..'ဆိုလို့ နောက်ဖေးမှာ ဟင်းရွက် သွားခူးနေတာ .."

လက်ထဲမှာ ဖရုံညွန့်တွေ လက်တစ်ဆုပ်နှင့် လူကို ပေကလပ် ပေကလပ် ကြည့်နေတော့ ထိပ်ကနေ ထုချပ်စ်ချင်စိတ်တွေ ဖြစ်သွားမိ သည်။

"တောက် .."

သူ အပြင်ကို ပြန်ပြေးလိုက်ရပြန်ကာ ...

"ဟော့ကောင်တွေ မင်းတို့ ပြန်မလုနဲ့နော် .. ငွေဖျိုင်း ဆိုတဲ့ ကောင်မလေး လောဘတွေတက်နေတာ .. တွေ့ရင်တော့ နားရင်းအုပ်မိ သွားပဲ .."

"အံမယ် .. အံမယ် .. ဒေါကန်နေတာ ကြည့် ..၊ သားမြတ် .. ငါတို့ကလည်း ရအောင် ပြန်လုမှာပဲ .. သူတို့ လုပ်သွားတာကိုလည်း မင်း နားရင်းအုပ်လို့ မဖြစ်ဘူးနော် .. ဒါက လုံးဝ ဒေါသဖြစ်ခွင့် မရှိတဲ့ ပွဲ .."

"ဟော့ကောင် လျှောက်ပြောမနေနဲ့.. ခုနကပဲ မင်္ဂလာဆောင်သိမ်း တာ ..၊ ဆု ရေတောင် မချိုးရသေးဘူး .. ထမင်းလည်း မစားရသေးဘူး.."

"ဩော် .. ဟုတ်သားပဲ .. အဲဒါကြောင့် ဒီကောင် ခုနကလက် ကလေးတွေလို တယုတယ အစာခွံ့ကျွေးဖို့ လုပ်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဒီကောင် .."

"ဟား .. ဟား .. ဟား ..."

သားမြတ် ရှက်ရမ်းရမ်းတော့မည်မှန်း သိသည်နှင့် အားလုံး ပြင်ရောက်အောင် ဝရုန်းသုန်းကား ပြေးကြ၏။

ပြေးရင်းနဲ့ လှည့်အော်သွားကြသေးသည်။

"စိတ်ချ သားမြတ် .. မင်းကို မေ့သွားအောင် ငါတို့ ဂရုစိုက် စောင့်ရှောက်ထားမှာ ..၊ မင်းဘက်က တစ်ခုပဲ အလိုက်သိ .."

လက်နောက်ပစ်၍ လက်မနဲ့ လက်ညှိုး ဝိုင်းပြသွားတော့ ကျွတ်ခနဲ စုတ်သပ်မိ၏။

ပျော်တုန်းကတော့ ပျော်ခဲ့ပြီး ကိုယ့်အလှည့်ကျမှ စိတ်တိုနေမိ ပြီးတော့ တွေးမိလာသေးသည်။

ရွာမှာ ဒီအစဉ်အလာကြီး ပျောက်အောင် လုပ်ဦးမှ ..၊





## အခန်း(၁၄)

"ဟုတ်ပါတယ် .. ညီအစ်မအရင်း မဟုတ်ပေမယ့် ဘယ်သူ့မှာမှ ညီအစ်မအရင်း မရှိတော့လို့ အရင်းထက်တောင် ပိုချစ်ကြပါသေးတယ် ..."

ချစ်တဲ့အကြောင်းတွေ လျှောက်တင်နေသည့် ဒေါ်သေးသေး ရဲ့ မျက်နှာက အမုန်းမီးတွေ တဖွားဖွား စင်ကျနေသလို မျက်စောင်းက ... မရောက်ပေမယ့် မေးတစ်ခြမ်းပစ်ထားတာ ၂၃၅ ဒီဂရီလောက် ...မ်းစောင်းနေပြီလား မသိ ..။

ဆရာတော်ကြီးက ဘုန်းကြီးထိုင်ခုံမြင့်ကြီးထက်ကနေ ဒကာ၊ ...တာမတွေ မသင့်မြတ်ကြသည့်အလယ်မှာ ဘယ်ဘက်ကိုလှည့်ပြီး ...ပြေရာပြေကြောင်း ပြောပေးရမှန်း မသိ ဖြစ်နေ၏။

ဒေါ်သဲဆု က ဒေါ်သေးသေး ၏ ညီမဝမ်းကွဲဖြစ်ကာ မသင့်မြတ် ...သည့် ရွာသားနှင့်မှ လက်ထပ်ပေးလေခြင်းဆိုသော မကျေနပ်ချက်... ...ဘက်ရွာထိ ကူးလာပြီး ရင်ဘတ်ထုနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် တခြားကိစ္စကို မပြောလိုပါဘူး ဘုရား .. အ
နေမိလက်စနဲ့ ဘယ်လိုပဲ နေလာလာ .. ကလေးမလေးကို အိမ်ထော
ချပေးတဲ့အထိ ကျွန်းတိုင်းရှာမှရှာ ဖြစ်နေတာ ဆရာတော်ပဲ စဉ်းစာ
ပါဦး .."

ဘုန်းကြီးအမှု ရှာမပတ်ဘဲ ရှာနစ်ရှာက အမှု ဘုန်းကြီးကို
ပတ်နေသည့်အဖြစ် ..၊ ဆရာတော်ပဲ စဉ်းစားပေးပါဦးဆိုတော့
တော်ကြီး၏ကိုယ် မတ်မတ်စန့်စန့် ဖြစ်သွား၏။

"ရှာနစ်ရှာ မတည့်ပေမယ့် ကျောင်းထိုင်ဆရာတော်တွေက
မျှတပါတယ် ..၊ အဲ့ဒါကြောင့် တပည့်တော်မ လာလျှောက်တာ

ဦးထူး မျက်ခုံးတွေ ပင့်တက်သွားကာ ဆရာတော်ကြီးကို အာ
စွာ ကြည့်မိ၏။ မင်္ဂလာဆောင်အတွက် ရောက်လာကြသည့် ဒေါ်သဲ
တို့လူစုနှင့် ဦးထူး တို့ လင်မယားအပြင် ရွာသားတွေလည်း ရှိနေ
သည်။

ဒါကို ဒေါ်သေးသေး က ချည်ချောတဘက်ရှည်ကြီး လည်
သိုင်းပတ်လျက် ဆရာတော်ကြီးရဲ့ ညာဘက် မလှမ်းမကမ်းမှာ
ကိုယ်တည်း လက်သီးလက်မောင်း တန်းနေ၏။

"ဆရာတော်ဘုရား .."

"နေပါဦး ဒကာမကြီးရဲ့ .. အခု ဒကာမကြီးတို့ ညီအစ်မ
ယောက် ပြောဆိုပြီးကြပြီလား .."

"ပြောချင်စိတ်လည်း မရှိပါဘူး ဘုရား .. သူတို့ ဒီမနက်
ကြီးကျောင်းမှာ ရှိမှာပဲဆိုတာ သိလို့ တမင် လာစောင့်နေတာ
ဘာမှတော့ လုပ်ယူလို့ မရတော့ပေမယ့် မခံစားနိုင်လွန်းလို့ ဘု
မိုးညိုရွာနဲ့ မတည့်တာနဲ့ပဲ ကိုယ့်အစ်မ တစ်ယောက်လုံးကို မ
ဆောင်တောင် မဖိတ်တာ ဆရာတော် စဉ်းစားကြည့် .."

ဆရာတော် ခေါင်းကျိန်းပြန်ပြီ တစ်ခါ ..၊





ဦးထူး နဲ့ ဒေါ်တင်မေ တို့ ဆရာတော့်မျက်နှာကို အားနာ စာနာ
စွာနှင့် လှမ်းကြည့်မိကြတာ ခဏ ခဏ ..၊

ဒီမိန်းမ စွာကို စွာတာပါ ..၊ ဟိုဘက်ရွာကို လုံးလုံးရောက်သွားမှ
ချမ်းသာလာတော့ ပိုဆိုးပြီပေါ့ ..။

ဒေါ်သဲဆု တို့ လင်မယားကလည်း ရှင်းပြဖို့ ကြိုးစားရင်း ဘာမှ
မပြောဖြစ်ကြဘဲ ရှိလျက် ...

"အခု ဒကာမကြီး ဒေါ်သဲဆု ကို မပြောချင်ဘူးဆိုတော့ ဒကာမ
ကြီးက ဘာကို ဖြစ်စေချင်သေးတာလဲ ..၊ ဘုန်းကြီးကို လျှောက်ချင်တာ
ရှိရင် လျှောက် .."

"သူ လုပ်ပုံ ဘယ်လောက်လွန်သလဲဆိုတာပဲ ဆရာတော်ကိုယ်
တိုင် ဆင်ခြင်ကြည့်စေချင်တာပါ ..၊ ရွာနစ်ရွာ နစ်ခြမ်းကွဲနေတဲ့ကိစ္စ
တပည့်တော်ကိုပါ သေခန်းဖြတ်လို့ ရသလား .."

"သေခန်းမဖြတ်ပါဘူး သေးသေး ရယ် .. ငါတို့က ညီအစ်မ
အည်း ဟုတ် .. သူငယ်ချင်းတွေဆိုလည်း ဟုတ်တာပဲ .."

"ဟွန်း .."

ဒေါ်သေးသေး က မေးထိုးပြီးမှ မျက်စောင်းထိုးကာ လည်ပင်းက
တဘက်ရှည်ကြီးကို မလိုအပ်ဘဲ ပြန်ဖြည်ပြီး ပြန်ပတ်တာ ဒေါ်သဲတွေ
မြင်ပြည့် ..။

ဒေါ်သေးသေး ဆိုတဲ့အတိုင်း လူကလည်း သေးသေး .. စိတ်က
လည်း ပိစိကွေးလို့ သူမကိုဆို အားလုံးက 'စ'နေကျ ..။

"အဲဒါတွေနဲ့ လေပြည်ထိုးမနေနဲ့ မိသဲ .. အခု နင် လုပ်ပုံကိုပဲ
ပြော .."

"ပြောစရာ ဘာလိုသေးလို့လဲ ..၊ ငါတို့က အစတည်းက ကျွန်း
တိုင်းရှာသူတွေပဲလေ .."

"ငါကလည်း ငါ့အဖေဘက်က ကူညီထောက်ပံ့တဲ့နေ့ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ .. ဟိုတုန်းတည်းက ဟိုဘက်ရွာ ဒီဘက်ရွာ ငါတို့ချင်း ဆက်ဆံရေး ပျက်ခဲ့လို့လား ..၊ နင် မြို့ကို ရောက်သွားမှ .."

"မဟုတ်ပါဘူး သေးသေး ရယ် .. ဒါတွေ ဆရာတော်ရှေ့မှာပဲ ပြောရ ရှင်းရတာလည်း မကောင်းပါဘူး .. ငါတို့ .."

"အပိုတွေ လုပ်မနေနဲ့.. ဆရာတော် ဆိုပေမယ့် ငါတို့ရဲ့ မိဘလိုပဲ ဘာဖြစ်ဖြစ် စီမံ ဆုံးဖြတ်ပေးနိုင်တဲ့သူ ..၊ ငါက နင်တို့ဘက်ကို ကူးလာပြီး ပြောရတာ ..၊ တစ်ယောက်တစ်ပေါက် ဝိုင်းယောင်ကြမှာ မကြားချင်ဘူး .."

"ဟာ!... ဒေါ်သေးသေး .. ခင်ဗျား .. အဲဒါကြီးကတော့ လွန်ပြီဗျာ .."

"ဟုတ်တယ် .. ဆရာတော်ရှေ့မှာပဲ ပြောချင်တယ်ဆိုတာ .. အဲဒီလို အနိုင်ရရင် ပြီးရော ပြောလို့ရအောင်လို့ .."

လူငယ်နှစ်ယောက်က ဦးထူး တို့နောက်မှာ ဒူးထောက်ရင်း ကိုယ်တွေ မတ်၍ ဝင်ပြောလာကြ၏။

ဒေါ်သေးသေး ရဲ့မျက်နှာ ဆတ်ခနဲ လှည့်လာ၏။

"တွေ့လား .. အဲ့ဒါ .. အဲ့ဒါတွေပဲ ..၊ အဲဒါတွေကို ပြောတာ - ဟွန်း .."

"ဟော့ .. မင်းတို့ တိတ်တိတ်နေကြစမ်း .."

ဆရာတော်ကိုယ်တိုင် မတားရခင် ဦးထူး က လှည့်ပြော၏။ ဒေါ်သေးသေး ဟာ ကျွန်းတိုင်းရွာသူဖြစ်လျက်နှင့် မိုးညိုရွာကို ပြောင်းသွားခဲ့သည်။

မိုးညိုရွာသားနဲ့ပဲ အိမ်ထောင်ကျခဲ့ပြီး ခုချိန်မှာ တကယ့်ကို မိုးညိုရွာဘက်ကနေ မားမားမတ်မတ် ရပ်တည်နေသည့် ရွာလူကြီးကတော့ ဖြစ်နေခဲ့၏။ တစ်ခါက ကျွန်းတိုင်းရွာသူ ပြောရင် ယုံနိုင်စရာ မ... လောက်အောင် မိုးညိုရွာဘက်က မျိုးချစ်ပုဂ္ဂိုလ်ကြီးသဖွယ် ..၊





"အရှင်ဘုရား အမြင်ပါပဲ ဘုရား .. ဒီရွာနှစ်ရွာက ဘုန်းကြီးသံဃာနဲ့ သက်ကြီးရွယ်အိုကလွဲရင် တိရစ္ဆာန်ဖြတ်မောင်းတာတောင် ခဲနဲ့ လိုက်ထုပစ်တဲ့အထိ မသင့်မြတ်ကြတာ .."

"အဲဒီလိုဖြစ်ကြတာ မိုးညိုရွာက စဖြစ်တာ ဘုရား..၊ သူတို့ကြောင့် ဒီလို ဆိုးဝါးကုန်တာ .."

"ဟဲ့ .. ငထူး မကြီးမငယ်နဲ့ နင် ဝင်မပါနဲ့နော် .."

"ဝင်ပါတာ မဟုတ်ဘူးလေ .. မြို့ပေါ်တက်လာတဲ့အထိ ငါ့ကားပေါ် ကုန်မတင်ချင်ရတာနဲ့ ...အဲ့ဒါကြောင့် ကုန်တွေ မိုးမိပြီး ပျက်စီးကုန်တာ .."

"ပျက်စီးရုံမကဘူး .. အဲဒီကပြန်တော့ လူတွေ အအေးပတ်ပြီး ဖျားလို့ .. တစ်ပတ်လောက် ချွေးထုတ်နေလိုက်ရတယ်၊ အဲ့ဒါ ဘာဖြစ်သလဲ .. အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လဲ ..၊ ဟွန်း .. အမြဲတမ်း ချောင်းရေလျှံတက်လို့ တမံတုတ်ထားတာကို .. ငါတို့ဘက်ကို ဖျက်ချလိုက်တာ ဘယ်က အပုတ်အယုတ်လဲ ..၊ ငါ့တို့ ပဲတွေ အားလုံး ပျက်စီးကုန်အောင် ဘယ်အယုတ်တမာတွေ စ လုပ်ခဲ့တာလဲ .."

"မိသေး .. အဲဒါ သူ့ဟာသူ မခိုင်လို့ ကျိုးတာနော် ..၊ ငါတို့လုပ်တာ မဟုတ်ဘူးလို့ ပြောပြီးပြီ .."

"ဟုတ်တယ် မိသေး .. အဲ့ဒါ .."

"အံမာ .. လင်မယား အတိုင်အဖောက် ညီလို့ ..၊ ဒီမှာ အရှင်ဘုရား မတားဘူးလား ..၊ ငါ့ရွာသားပြောတာ ပြောမှေ့စေဆိုပြီး ကြည့်နေတာလား .."

"ရော် .."

ဆရာတော်ကြီး ဘုန်းကြီးထိုင်ခုံပေါ်ကနေ ဖင်ပူလာသလို လှုပ်လှုပ် ... ဖြစ်လာခဲ့၏။

"နင် .. နေရာတကာ ငါတို့ ဘုန်းကြီးကို လှမ်းလှမ်းပိုင်နဲ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



နင် ဒီကနေ လာစောင့်ပြောလို့ ငါတို့ကလည်း ပြောနေရတာ ..၊ 
တော် မပါဘူး ။"

"မိတင်မေ .. နင်တို့ လင်မယား ပါးစပ်ပိတ်နေနော် .. ငါညီ
ငါ ပြောမယ် .. ဘယ်ပါးစပ်မှ ဝင်မပါနဲ့ .. ဒါပဲ .."

ဒေါ်သေးသေး က အသံစူးစူးနှင့် တစ်ယောက်တည်း ထုတ်
ကြေညာနေ၏။

"ဟုတ်ပါပြီ .. နင်က အခု ဘာဖြစ်ချင်လို့ လာစောင့်နေ
လဲ .."

"နင့်ကို မကျေနပ်လို့လေ .. ဆုထူးပန် က ငါ့တူမ မဟုတ်
လား ..၊ ငါနဲ့လည်း ဆိုင်တယ် .."

"အဲဒီတော့ ဒီမှာ မင်္ဂလာဆောင်ပြီးနေတာကို ငါက ဘာလုပ်
ရမလဲ .."

"ရှင်းရှင်းလေးပဲ ဟိုဘက်က တူမနဲ့ ငါတို့ရွာက သတို့
မင်္ဂလာဆောင်လိုက်တယ်ဆိုတော့ မိန်းကလေးရှင်ဘက်စပြီး ကျေ
တဲ့အနေနဲ့ မိုးညိုရွာဘက်က ငြိမ်းချမ်းရေး .."

"တိတ်စမ်း .."

အသံက စူးခနဲ တစ်ချက်လွှတ် ..၊

"ခု .. တိတ် .."

နောက်ထပ် သတိပေး ကြေညာချက်နှင့်အတူ ...

ဦးထူး က စကားကို ရပ်ပစ်လိုက်ရပေမယ့် ကြောက်လန့်သွ
မျိုး မဟုတ်ဘဲ မျက်နှာကြီးက အချိုမချဉ်ဖြစ်နေဆဲနှင့် ...

"အင်း .. ငါ့တို့သမီး .. တူမ ဘာညာ ဒီလိုဖြစ်သွားရင်
ဒီတိုင်း လုပ်မိမလားပဲ .. ပြောကြည့်တာပါ .."

မျက်နှာ တည့်တည့်ကြည့်၍ 'ပြောကြည့်တာပါ' ဆိုတာကို 
ပြောလိုက်သဖြင့် ဒေါ်သေးသေး အံတကြိတ်ကြိတ် ဖြစ်နေ၏။





ဦးသိန်းဖံ ကတော့ ဘာမှမပြောဘဲ တစ်ခါတလေ ရယ်ချင်စိတ်
ဖြစ်လာတာကို ထိန်းရင်း ပွဲကြည့်ပရိသတ်ပဲ လုပ်နေခဲ့၏။
ဒီရွာ နှစ်ရွာအကြောင်းကို သူ ဒီရွာသား မဟုတ်ပေမယ့် သိပြီး
..၊

ဘာမဟုတ်သည့် ပြိုင်ဆိုင်မှု သေးသေးလေးတွေကနေ ကြီးမား
းကာ အခြေအနေက တစ်နေ့တခြား ဆိုးဝါးလာခြင်း ဖြစ်သည်။
ပြန်ပြေလည်ဖို့ကတော့ မလွယ်ပါ ..။

"ပြောပါဦး .. နင် ပြောချင်နေတာက ဘာလဲ .."

ဒေါ်သဲဆု က မေးတာတောင် ဒေါ်သေးသေး အသက်ရှူပြင်းနေ
တာ ပြီးမှ ...

"ငါ့တူမကို ဒီရွာသားက ရသွားတာ ငါ့ရွာကလည်း မကျေနပ်ကြ
"

"နင့်တူမ ပေမယ့် .. ငါ့သမီးလေ သေးသေး ရဲ့ .. ငါတို့က .."

"နင်တို့က မြို့ကို ပြောင်းသွားကြပြီလေ .. ဒါ တစ်နေရာမှာ
ချပြီဆိုတည်းက ကျန်ခဲ့တဲ့နေရာက နုတ်ထွက်ရတာပဲ .."

"ငါတို့က အဲဒီလိုသဘောနဲ့ သွားတာ မဟုတ်ဘူး .."

"ဟုတ်ဟုတ်မဟုတ်ဟုတ် ဒီရွာမှာ နင်တို့ နေခဲ့တဲ့ အိမ်လည်း
ဘော့ဘူး .."

"ဒါပေမယ့် ငါတို့ အခု မြေတွေ ပြန်ဝယ်ထားတာ အများကြီးပဲ..၊
က ဒီရွာမှာပဲ .."

"အို .. အေ ... ဘုရားတည်ဖို့ ကျောင်းဆောက်ဖို့ မြေဝယ်တာတွေ
ပြောစမ်းပါနဲ့ ..၊ ငါတို့တွေရဲ့ စာရင်းထဲမှာ နင်တို့က ဒီရွာက
က်သွားကြပြီ .."

"ဘယ်မှာလဲ .. ဘယ်စာရင်းထဲမှာလဲ ..၊ ကျွန်းတိုင်းရွာစာရင်း
း လက်ထဲမှာလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငထူး .."

"မိသေး .."

"အံမာ .."

"ပြန်ထူးတာလေ .. ဘာ အံမာလဲ .."

"ဟား .. ဟား .. ဟား ..."

လူငယ်တွေ ထရယ်ကြပြီးမှ ဆရာတော့် အကြည့်တစ်ချက်ကြောင့် ပါးစပ်တွေ ပြန်ပိတ်ကုန်၏။

ဒေါ်သေးသေး ဦးထူး နဲ့ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့ မဖြစ်တော့တာကို သိကာ ခပ်ကြိတ်ကြိတ် တက်ခေါက်၍ ဒေါ်သဲဆု ကို ကြည့်သည်။

"ဆုထူးပန် က ငါ့တူမ ဖြစ်တဲ့အတွက် ငါတို့ရွာ နတ်ကွန်းမှာ လာပြရမယ် .."

"ဘာ!..."

ဦးထူး အသံကြီးပဲ ဟိန်းထွက်လာသည်။ ဒေါ်သေးသေး ဆတ်ခနဲ လှည့်ကြည့်၏။

"ငါ နင်နဲ့ မပြောဘူး .."

"မပြောလို့ ရမလား ..၊ ဆုထူးပန် က ငါ့ချွေးမ .. ငါ့သမီး –

"အဲဒီတော့ ဘာဖြစ်လဲ ..၊ ငါကလည်း ငါ့တူမ ဖြစ်တဲ့ဘက်က ပြောတာ .. ပြကို ပြရမယ် .."

"ဘယ်သူက ကြည့်ချင်တယ် ပြောနေလို့လဲ .."

"ဟဲ့ .. နင် ထုံးစံ ကလနားကို မစော်ကားနဲ့ .."

"ဘာထုံးစံလဲ .. ကိုယ့်ဘာသာ လင်ယူ မယားယူတဲ့ကိစ္စ .. ငါ့ရွာမှာ ဘာထုံးစံမှ မရှိဘူး ..၊ ရှင်ပြုရင်တော့ ရွာထိပ်က နတ်ကွန်းမှာ အုန်းသီး ငှက်ပျောသီးလေး ဘာလေး သွားကျွေးလိုက်တာပဲ .."

"ကြည့်စမ်း .. မိုက်ရိုင်းလိုက်တာ .."





"ပြောပြတာလေ .. မင်္ဂလာဆောင်တာ နတ်နဲ့ ဘာဆိုင်တုံး ..၊ အစားအသောက်လေး ဘာလေးဆို ဟုတ်တုတ်တုတ် .. ဘယ့်နှယ် သတို့သမီးကို ကြည့်ပြီး သူတို့က ဘာလုပ်မှာလဲ .."

"ဘာလုပ်ကြတာလဲ သိချင်ရင် နင် သွားမေးလေ .. နင့်လိုကောင် ငယ်ငယ်တည်းက နတ်ကိုင်ခံရလို့ လက်တစ်ဖက်ကပ်လေးနဲ့ တစ်နှစ်လောက် ဆရာမနိုင် ဖြစ်နေတာ နည်းသေးတယ် ..၊ သေရာပါ ဖြစ်ရမှာ .. ဟွန်း .."

"အဲဒါ နင် သေပြီး သရဲဖြစ်မှ ပြန်ကိုင်လေ ..၊ ကိုင်ချင်တဲ့နေရာကိုင် .. လက်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် .."

"ကိုထူး ရယ် .. တော်ပါတော့ .. ဆရာတော့်ရှေ့မှာ .."

"ကဲ .. ကျုပ်ရှေ့မှာမှန်း သိတတ်ရင်လည်း မင်းတို့တွေ တော်ကြပါတော့ .."

ဆရာတော်ကြီးက ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးနှင့် ထိုင်ခုံပေါ်ကနေ ဆင်း၍ စိပ်ပုတီးကို လက်မှာ ပတ်ခွေရင်း လမ်းလျှောက်နေသည်။

ပြီးမှ မျက်လုံးချင်း စစ်တိုက်နေသည့် ဒေါ်သေးသေး နှင့် ဦးထူး တို့ကို ငဲ့ကြည့်ကာ ...

"ဒါတွေက လောကီရေးရာတွေ ဖြစ်နေတော့ ကျုပ်က ဘုန်းကြီး ကိစ္စ မဟုတ်ဘဲ ဝင်မပါချင်ဘူး ဒကာမကြီး .."

"ဘုန်းကြီးကိစ္စ မဟုတ်ပေမယ့် ဒီရွာ နှစ်ရွာမှာ ဘုန်းကြီးကပဲ ဟောညောင်းတာပါ ဘုရား .. အရှင်ဘုရား ဆုံးဖြတ်ပေးမှ နာခံကြမှာပါ .."

"ဒကာမကြီးက ဒကာမကြီး အရေးဆိုတဲ့အတိုင်း ဆုံးဖြတ်စေချင်နေတာ .. ဒါပေမယ့် ဒီဘက်က ဒကာ ဒကာမတွေရဲ့သဘောကလည်း ရှိသေးတယ် ..၊ ဘုန်းကြီးအထင် အရင်ပြောရရင် ဒါက မိန်းကလေးရဲ့ ...တွေ ဆုံးဖြတ်ရမှာ မဟုတ်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သေးသေး ငြိမ်သွားသည်။ ဦးထူးက မိန့်မိန့်ကြီး ပြုံး၏။

"ဒီတော့ နောက်ထပ် မလိုအပ်တာတွေ မဆိုကြဘဲ မိန်းကလေး ရှင်ရဲ့ဆန္ဒကိုပဲ အတည်ပြုပေးလိုက်ပါ .."

ဦးသိန်းဖေ နဲ့ ဒေါ်သဲဆု တို့ဆီမှာ အကြည့်တွေ စုပြုံသွား၏။ ဒေါ်သဲဆု က ဒေါ်တင်မေ့ ကို ငုံ့ကြည့်လျက် ...

"နင် ကြိုက်သလို ဆုံးဖြတ်ပါ .. ငါတို့ချွေးမက ငါတို့ချွေးမပဲ ဟာ ..၊ ဒါ ဘာဖြစ်သွားတာ မှတ်လို့ .."

"ဖြစ်တာပေါ့ဟ .."

ဦးထူး က တံတောင်နဲ့တိုက်၍ တားဆီးသလို ပြောပြီးမှ ...

"ဒါပေမယ့် နင်တို့ သဘောပါ ...သူတို့ရွာက ပြောသလို ဖြစ်သွား တာမျိုးတော့ ငါတို့ရွာက ကျေနပ်မှာ မဟုတ်ဘူး .."

"ဟုတ်တယ် ကြီးကြီးသဲ ဂရုစိုက်မနေနဲ့ .. ကြီးသဲ တို့က ပြန်မှာ ပဲဥစ္စာ .. ထားလိုက်ပါ ..၊ ဒီလူတွေ တစ်ခုခု ထပ်ရစ်ရင် ကျုပ်တို့ ရှိတယ် .."

ဒေါ်သဲဆု တို့ လင်မယားနှစ်ယောက် မျက်လုံးချင်း တိုင်ပင်ကြ တော့သည်။ စိတ်သည် ကိုယ့်ဘက်မှာပဲ ရှိပေမယ့် ပြန်သွားရင် နားအေး တာပဲဆိုပြီး စိတ်အလိုလိုက်၍ ဆုံးဖြတ်သွားလို့ မရ ..။

ဒီကိစ္စနဲ့ပတ်သက်ပြီး ရွာနှစ်ရွာရဲ့ ရန်ငြိုးက ပိုမို ကြီးထွားလာဖို့ ဖြစ်သွားခဲ့တာမျိုးကို မလိုချင်သည်မို့ ..၊

"ဟုတ်ပြီလေ .. မိုးညိုရွာနတ်ကွန်းမှာ မင်္ဂလာဆောင်နဲ့ လာပြပါ့ မယ် ..၊ ဒါပေမယ့် နင် တစ်ခုတော့ လုပ်ပေးရလိမ့်မယ် .."

"ဘာလဲ ..၊ အလဲအလှယ်တွေလုပ်ဖို့ ငါ ပြောတာ မဟုတ်ဘူး နော် ..၊ ဖြစ်သင့်တာကိုပဲ လာပြောတာ .."

"စားပြီးရင်တော့ ပန်းကန်ဆေးရမှာပဲလေ ..၊ စားပြီး လှည့်ထွက် သွားတယ်ဆိုတာ .."





"နင် မမိုက်ရိုင်းနဲ့နော် .."

"ပြောပြတာ .."

ဦးထူး က နည်းနည်းမှ မကျေနပ်နိုင် ..၊ ကိုယ့်လူက ခေါင်းညိတ် ...လို့ ငြိမ်နေရပေမယ့် တစ်ခုခု ပြန်ရမှ ဖြစ်မယ်ဆိုတာ မောင်းတင် ...ပြီး ဖြစ်၏။

ဆရာတော်ကတော့ စကြံလျှောက်နေရင်း ဒကာ ဒကာမတွေ ...ယ်လို ညှိနှိုင်းကြမလဲဆိုတာ နားစွင့်ထားရင်း ဘာတစ်ခွန်းမှ ထပ်မံ ...ကြားခြင်း မပြုတော့ပေ ..။

"တခြား မဟုတ်ပါဘူး .. ငါတို့က လာရမှာလေ ..၊ အိမ်ရှင်က ...ရှင်ဝတ္တရား ကျေရမှာပေါ့ .. နတ်ကွန်းမှာ အမွေးနံ့သာနဲ့ ကြိုဆိုဖို့ ...တွက် နင်တို့ရွာက လူပျို အပျိုတွေ တာဝန်ယူရမယ် .."

"ဘာရယ်!..."

"ပြန်တဲ့အထိ .. ရွာပြင် ကုန်းထိပ်အထိ နင်တို့ရွာက လူတချို့ ...ို့ပေးရမယ် .."

"အဲဒီလောက်တော့ မတောင်းဆိုနဲ့လေ .. ငါက နင့်ကို ရွှေလမ်း ...သမ်းခင်းဖို့ လာပြောတာမှ မဟုတ်တာ ..၊ ဆုထူးပန် က ငါ့တူမ ...တဲ့အတွက် ငါ လိုချင်တာ လာပြောတာ .."

"နင် လိုချင်တာကို ငါက အခု ပေးလွှတ်လိုက်ရမှာ မဟုတ်ဘူး ... .. နင့်ရွာထဲကို လာရမှာ ..၊ ရွာနှစ်ရွာက ဒီလောက်ထိ မသင့်မြတ် ...တာ .. နင့်တစ်ယောက်တည်း ဖြစ်ချင်တာကို ငါတို့က အုပ်စုဖွဲ့ ...ပြီး အားလုံးရဲ့ စော်ကားခံသလို ဖြစ်နေမှာပေါ့ .."

ဒေါ်သေးသေး က စဉ်းစားစရာမို့ စဉ်းစားပေမယ့် မျက်လုံးက ...း တို့ လင်မယားဆီ ရောက်သွားသေးသည်။

သူတို့အားလုံး မကျေမနပ်ဖြစ်နေကြတာကို မြင်လိုက်ရမှ ဝမ်းသာ ...းရ ဖြစ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောလေ .. တစ်ခုတော့ ပြောထားမယ် .. ဒီကိစ္စက ဒီကိစ္စပဲ နော် ..၊ ကြိုးဆိုတာ ပြန်ပို့တာနဲ့ပဲ ရွာနှစ်ရွာ ပူးပေါင်းသွားပြီလို့ သတ် မှတ်လို့ မရဘူး .. အခိုကကဖ ငါ့တူမကို ငါ ထိန်းချုပ်ခွင့် ရှိတယ်ဆိုတာ အားလုံးကို သိစေတာပဲ ..၊ နှင်တို့က ပြန်သွားတာနဲ့ ဒီကလေးမက တစိမ်းလူတွေနဲ့ နေခဲ့ရမှာ .."

"အမဖလေး ပူမနေနဲ့ .. တစိမ်း ကောင်းရင် ဆွေမျိုး လိုက်မမီဘူး တဲ့ .."

ဦးထူး က ဘယ်သူ့ကိုမှ မကြည့်ဘဲ ပက်ခနဲ ဝင်ပြောသည်။ ပြီး တော့ ...

"သူ့ယောက္ခမ နှစ်ယောက်ကရော .. သူ့ယောက်ျား ကျုပ်သား ရော .. ရှည်ရှည်ပိုင်းပိုင်း ထွားထွားကျိုင်းကျိုင်းကြီးတွေ ..၊ လူပုလူသေး ပေမမီ ဒေါက်မမီ တစ်ယောက်မှ မရှိဘူး .."

"အံမာ .."

"ကိုယ့်ချွေးမကို နေမလောင် မိုးမခအောင် .. မှက် ခြင် ယင် မသမ်းအောင် ..၊ နောက်ဆုံး ဆူးခြစ်ရာလေးတောင် ကိုယ်မှာ မထင်စေ အောင် စောင့်ရှောက်နိုင်တယ် .. ဟွန်း .."

"အဟမ်း .. အဟမ်း .."

ဆရာတော် လည်ချောင်းရှင်းလိုက်သံ ကြားမှ ပါးစပ်တစ်လုံးကြီး ပြင်၍ ပြောဖို့ ပြင်လိုက်သည့် ဒေါ်သေးသေး ပြောခွင့်မသာလိုက်ဘဲ ဖြစ်သွား၏။

"ကဲ .. ကဲ .. ဒါဆို ဒကာမကြီးတို့ အဆင်ပြေပြီပေါ့ .."

"ဘုန်းတော် ပြောတာကို သူ လက်ခံမယ်ဆိုရင် ပြေပါပြီဘုရား.."

"မိသဲ .. နှင်က နှင့်လူတွေ အဆင်ပြေဖို့ပါ ထည့်စဉ်းစားတယ် ဟုတ်လား ..၊ ငါက ဒီရွာမှာ ကျန်ခဲ့မယ့် နှင့်သမီးအတွက် အဖော် တစ်ယောက်ရယ်လို့ မားမားမတ်မတ် ရပ်ပေးဖို့ ကြိုးစားတာ .."





"ဒါဆိုရင်တော့ နှင့် ရပ်ပေးဖို့ မလိုပါဘူး ..၊ ငါ့သားက ရွာကျေး ...တောင် .. သူ့ယောက်ျားတစ်ယောက်လုံး မားမားမတ်မတ် ရှိနေပြီ.. ...ိုသေးလဲ .."

"ထူး .."

"မိသေး .."

"ငါ့နာမည် မခေါ်နဲ့ .. ငါ နှင်နဲ့ မပြောဘူး .."

"နှင် အရင် စစ ခေါ်တာနော် .. ဟွန်း .. ဘယ်သူကရော ပြောချင် ...သို့လဲ .."

ဘုန်းကြီးကို ကန်တော့ဖို့ မြို့က ပါလာသည့် လှူဖွယ်ပစ္စည်းတွေ ...ောက်သွားခဲ့တာ ..၊ လှူရေးတန်းရေးအကြောင်းနဲ့ တရား ဘာဝနာ ...းရခြင်းသို့ မရောက်လိုက်ပေ ..။

ဦးထူး နဲ့ ဒေါ်သေးသေး တို့ စစ်တိုက်ပြီး ထဘီ 'မ' .. ပုဆိုး 'မ' နဲ့ပဲ ...ာခဲ့ကြရသည်။

ထို့ပြင် အိမ်ပြန်ရောက်တော့လည်း နားရဖွယ်မရှိသည့် ပြဿနာ ...စ်မျိုး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"ဘယ်လို!... ဘယ်လို .. ဟဲ့!.. ပြောစမ်း .. ဘာဖြစ်တာတုံး"

"ဘာက စပြောရမှန်းကို မသိပါဘူး ဘကြီးရယ် .."

ငွေဖျိုင်း က လက်ဖျားလေးတွေပါ အေးစက်နေကာ ဒေါ်တင်[...] ကို လက်ဆွဲခေါ်သွားကာ ...

"ဆု တကယ် ပျောက်နေတာ .."

"ဘုရား!... ဘုရား .. ညည်း .. ညည်းတို့ မဟုတ်တာတွေ ဘာ[...] လုပ်နေကြတာတုံး .."

"အဲ့ဒါ ကျွန်မတို့ကြောင့် မဟုတ်ဘူး .."

ငွေဖျိုင်း က တိုးတိုးတိတ်တိတ် ပြောတာပေမယ့် တစ်ယော[...] နှစ်ယောက်စ အငြင်းပွားလိုက်တာနှင့် ချက်ချင်း လူအုပ်ကြီး ဖြစ်[...] ကာ ...

"စိတ်မပူနဲ့နော် သဲသဲ .. ငါတို့ရွာမှာ ဘာအန္တရာယ်မှ မဖြစ်ခဲ့[...] နင်လည်း သိပါတယ် .."





"အခု လူငယ်တွေ ကြိတ်ရှာနေကြတာ ဘယ်လောက် ကြာပြီလဲ [...]င်မေ ရယ် .. သူတို့ ဘယ်လိုမှ ရှာမတွေ့လို့ အသိပေးလာကြတာပဲ.."

"ငါ့သားကိုယ်တိုင် သွားရှာနေပါပြီ .."

"ဦးလေးထူး လည်း လိုက်သွားပြီ ကြီးကြီး .."

"ဒုက္ခပါပဲ .. ခုပဲ မိုးချုပ်နေပြီ .. ဘယ်လိုလုပ်ကြမလဲ တင်မေ [...]ယ် .."

"မပူပါနဲ့ .. သမီး ဘာမှကို မဖြစ်စေရဘူး၊ ငါ တာဝန်ယူပါတယ် [...]ာ .."

ဒေါ်တင်မေ က ဒေါ်သဲဆု ကို ဖက်၍ ချော့နေသည်။ ပထမဆုံး [...] ကို ဆွဲခေါ်သွားပြီး ဝှက်ထားခဲ့ကြသည့် ငွေဖျိုင်း တို့ မိန်းကလေး [...]လည်း ဘယ်သူမှ ကိုယ့်အိမ်ကို မပြန်နိုင်ပေ ...။

ရွာဆိုတော့ မိုးချုပ်ပြီဆိုတာနှင့် အိမ်တွေထဲကလွဲလျှင် ပတ်ဝန်း[...]င်တစ်ခွင်လုံး မှောင်နဲ့မည်းမည်း ဖြစ်သွားခဲ့၏။

"ဒီကလေးတွေကိုက ပွေလွန်းပါတယ်ဟယ် .. တကယ်ပါပဲ .. [...] ငါ့သားမို့လို့ ပို'စ'ကြတာ သိလား ...၊ ပြီးတော့ မြို့သူ အချောအလှ [...]ဆိုတော့ သူတို့ ဒီပွဲကို အကြီးအကျယ်လုပ်ဖို့ အစတည်းကကို [...]ထားကြတာ .."

"ခဲဖိုးတောင်းတာပဲ တင်မေ ရယ် .. အိပ်ခန်းမဝင်ခင် ရွှေကြိုး [...]လိုက်ရင် ရတာပဲဟာ .. ဒီလိုလုပ်တာ အန္တရာယ်ကြီးပါတယ် .."

"ဩော် .. ဒီလောက်ကြီးထိ ခက်ခက်ခဲခဲ မလုပ်ခဲ့ပါဘူး သဲသဲ [...] .. နင်ကလည်း ငါ ပြောတာ မယုံဘူး .. အိမ်တွေထဲမှာ ဝှက်တာ [...] မှန်တယ် ...၊ မင်္ဂလာမဏ္ဍပ် ပတ်ဝန်းကျင်မှာပဲ လုပ်ကြတာပါ၊ [...]တ်ပြီး ဒါက သူတို့အတွက် ပျော်ပွဲရွှင်ပွဲလို ဖြစ်နေတာလေ .."

လူငယ်တွေကို ငြိုငြင်တာ မဟုတ်ပေမယ့် ပြန်ရှာမတွေ့ရလော[...] [...]င် ဝှက်တာတော့ လွန်လွန်းတယ်လို့ပဲ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့က ကြည်စမ်း တို့ အိမ်ထဲမှာ ဝှက်ထားတာပါ ..၊ အဲ့ ကို သူတို့ ဘယ်လိုရှာတွေ့ပြီး ခေါ်ထုတ်သွားကြလဲ မသိဘူး .."

"ဒုက္ခပါပဲ .. ငါ့သမီးလေး ဘယ်လောက်များ စိတ်ညစ်နေ ဟယ် .."

"မမဆု က ရယ်လို့မောလို့ပါ ကြီးကြီးသဲ ရဲ့ .. သမီးတို့ မမဆု ကို ရေမိုးချိုးပြီး သနပ်ခါးပါးကွက်လေး ဖွတ်လိမ်းပေးလို့ ရယ်နေကြသေးတယ် .."

"ဟုတ်တယ် .. မကြီးဖျိုင်းမ ကတောင် ကြောင်လျှာပွင့်သုပ် ရေနွေးကြမ်း သုပ်ကျွေးတာ .. မမဆု က ကြိုက်တယ်တဲ့ သိလား ထမင်းစားချင်စိတ် မရှိတာနဲ့ အတော်ပဲလို့တောင် ပြောသေးတယ် .."

"ဟုတ်လား .. ဒါဆို ရွာနဲ့ သမီးနဲ့ တော်တော် အဆင်ပြေနေ ပဲ .."

"ဟုတ်တယ် .. အဲဒီကောင်တွေ လုပြေးသွားလို့ ..၊ အလ အရှုပ်ထုပ်တွေ .."

"ညည်းတို့ကလည်းအေ .. ဒီလောက်တောင် အစောကြီး သ သမီး ဝှက်ရလား .."

"အကြီးတင်မေ ကလည်း .. ယောကျ်ားလေးတွေက အုပ်စု တယ်လေ ..၊ သူတို့က လက်ဦးသွားမှာစိုးလို့ ကျွန်မတို့လည်း .."

"ကဲ .. တော်ပါပြီ .. သွား .. သွား .. ဓာတ်မီးတွေ ရှိတဲ့ သမျှ အကုန် ပြန်ယူ ..၊ အားလုံး ဝိုင်းရှာကြ .."

"အရီး .. အရီး .."

"ဟော .."

သန်းစိုး နဲ့ ကောင်လေးတစ်ယောက် တဖားဖား ရောက်လာ ကာ ...

"ဟိုကောင့်ကို တွေ့ပြီ .. ဒီကောင် ဝန်ခံတယ် သိလား .."





"အမလေး!... ဟိုကောင် .. ဒီကောင်တွေကို ရှုပ်နေတာပဲ ..၊ ဘယ်သူလဲ .. အံ့မောင် လား .."

"ဟုတ်တယ် .. အံ့မောင် ရော .. မင်းမင်း ရောပဲ ..၊ မင်းမင်း က သူနဲ့ ပုစုးမ ချိန်းတွေ့နေကျ အိမ်ပျက်ကြီးကို လမ်းညွှန်တယ်၊ အံ့မောင် က သွားထားတယ် .."

"အမလေးတော်!..."

"ဟဲ့ .. ငါ့သမီးလေးကို အိမ်ပျက်ကြီးထဲမှာ တစ်ယောက်တည်း.."

"မဟုတ်ဘူး အရီးလေး .. အံ့မောင် ရဲ့အဘွား ပါတယ် .."

ဖြစ်ရလေ ..၊

ဒီရွာမှာ ပျော်ပွဲရွှင်ပွဲတွေအတွက် လူကြီးလူငယ်တွေ အားသွန် ခွန်စိုက် ကြိုးပမ်းကြတာပါလား ...။

"အခု နှစ်ယောက်စလုံး ပျောက်နေတာလား .."

"ဟုတ်တယ် ..၊ အဲဒါကြောင့် မပူပါနဲ့လို့ လာပြောတာ ..၊ နေရာ ပြီဆိုတော့ .."

"ရှာလို့ လုံးဝ မတွေ့ဘူး .."

ပြေးလာပြောပြန်ပြီ တစ်ယောက် ..၊

ဒီအိမ်ကြီး ရှေ့ခန်းမှာပဲ ထည့်ထားခဲ့တာကို မတွေ့ဘူးဆိုတော့ အားလုံးက ထင်ကြေးပေးလာကြ၏။

"ဒါ .. နတ်ဝှက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

"ဟိုကောင် သတင်းသွားပေးနေပြီလား မသိဘူး .. ငါတို့ ဘယ်
လုပ်မလဲ .."

"မသိဘူး .."

အံ့မောင် ချွေးပြန်နေပြီဖြစ်ကာ မင်းမင်း နဲ့ ငတိုး က ခေါင်း
တဖြင်းဖြင်း ကုတ်နေကြ၏။ မာတ်မီးတွေ ဖွင့်လျက်သားနှင့်
ယောက်သား မျက်နှာချင်းဆိုင်ပြီး အကြံအိုက်နေကြသည်။

"အဲဒါက အရေးမကြီးဘူး .. ငါတို့ လမ်းလွှဲ လွှတ်လိုက်
ဆရာတော့်ကျောင်း အောက်ထပ်မှာ သွားရှာနေတဲ့ သားမြတ် ပြန်
လာရင် ငါတို့ နာပြီ .."

"ဟုတ်တယ် .. ဒီကောင်က အစတည်းက ဆု ကို မထိခိုက်
လို့ သေချာ မှာထားတာ .."

"ငါတို့လည်း သူ ပြန်လှည့်လာတာနဲ့ ဆု ကို ခေါ်ထုတ်ပြီး
မှာပဲလို့ ထင်ကြတာလေ ..၊ ခု ဘယ်လိုလုပ်ကြမလဲ .."





ပတ်ဝန်းကျင် မှောင်နဲ့မည်းမည်းကို ကြည့်မိတိုင်း သူတို့ကိုယ်တိုင်
စိတ်ပူလာကြ၏။

"ဦးလေးထူး ကိုလည်း ငါတို့ အဘွားမယ်ဆိုင် ဆီမှာလို့ ညာပြော
လိုက်မိပြီ .."

သူတို့မျက်နှာတွေ ကိုယ့်အပြစ်ကို ဖော်ရင်း ဆီးရွက်လောက် ငယ်
ကျသွားကုန်ကြ၏။

ကိုယ့်ဘာသာ တွက်ချက် ရေးချထားတာ ဒီလိုဖြစ်ခဲ့ရင် ဆိုတာမျိုး
မပါခဲ့ပေ ..။

"ငါတို့ကိုက ဒီအိမ်ကြီးကို ခေါင်းထဲ ရောက်လာတာ ..၊ တကယ့်
ပြဿနာ .."

"မယုံမရှိနဲ့ ဟိတ်ကောင် .. နှစ်ယောက်စလုံးကို ရှာမတွေ့တာ..
နတ်ဝှက်တာပဲ .."

"နတ်ဝှက်ဝှက် .. ဘာဝှက်ဝှက် ငါတို့ အထဲထိ ဝင်ရှာမယ် ..၊
ရှာမှကို ဖြစ်မှာ .."

"ဘာ!..."

"ဟ!... ဘာဆိုင်လို့လဲ .."

နှစ်ယောက်စလုံး မျက်လုံးပြူး မျက်ဆံပြူးနှင့် ရေနံချေးဝနေသော
နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို အလန့်တကြား မော့ကြည့်ကြသည်။

မှောင်မည်းမည်းထဲမှာ အိမ်ကြီးက အိမ်ကြီးမှန်း မသိ .. ညောင်
ပင်အုပ်အုပ်ကြီးနဲ့လည်း တူကာ ...

"ငါတို့ အပြင်ဘက်ညှော့ခန်းကြီးနဲ့ ဆက်လျက် နှစ်ခန်းထိတောင်
ရှာထားတာဥစ္စာ ..၊ အဘွားနဲ့ ဆု က သူတို့ဘာသာ အထဲရောက်အောင်
ဝင်ပုန်းတာတော့ မဖြစ်နိုင်ဘူး ဟေ့ကောင် .."

"ဆု က ဒီအိမ်ကြီးအကြောင်း သိတာမှ မဟုတ်တာ .. အဘွား
ကလည်း သရဲကြောက်တာ မဟုတ်ဘူး ..၊ ဆု က ဒီအိမ်ကြီးရဲ့ အကြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနော် .. လျှောက်ကြည့်ရအောင် ဘာညာပြောရင် အဘွားက လိုက်ပြမှာပဲ ..''

ငတိုး က အထဲကို ဝင်ရှာဖို့ပဲ ပြောကာ ယိုင်နဲ့နဲ့ သံပြားရှေ တစ်ခြမ်းပဲ့ကျနေသည့် တံခါးကြီးကို ပြန်တွန်းဖွင့်၏။

ခြံကြီးက ကျယ်ကာ အိမ်ကြီးကလည်း အဆောင်ဆောင် အခန်း ခန်းနှင့် အထဲမှာ ဖုန်တွေ .. ပင့်ကူမျှင်တွေက ခြေချစရာမရှိအောင် ပိတ်သိပ်နေထာ ဖြစ်၏။

''ငတိုး ..''

''ဘာတုံး မမေးနဲ့ .. မင်းတို့ ရှာကို ရှာရမှာပဲ ..''

''မင်း .. မင်း မကြောက်နဲ့နော် ငတိုး .. ဒီဝိဇ္ဇာကြီးအကြောင်း မင်းလည်း မသိတာ မဟုတ်ဘဲနဲ့ ..''

အံ့မောင် နဲ့ မင်းမင်း က ကုပ်ချောင်းချောင်းနဲ့ လိုက်လာပေမယ့် ပခုံးတို့လိုက် .. လက်ဆွဲထားလိုက်နှင့် နောက်ကနေ တားဆီးနေကြ၏

''ဦးဝိဇ္ဇာကြီး က တကယ့် ဝိဇ္ဇာအစစ်ကြီးနော် ငတိုး .. ပြီးတော့ ပညာသည်ကြီးတဲ့ ..၊ အဘွားကိုယ်တိုင် ငါတို့ကို ပြောဖူးတာလေ -

''ပြောဖူးလည်း ဘာတတ်နိုင်မှာတုံး ..''

ငတိုး က စေ့ထားသည့် တံခါးချပ်ကြီးကို တွန်းဖွင့်မယ်ပြင်ပြီး လက်ပြန်ချ၍ အံ့မောင် မျက်နှာကို ဓာတ်မီးနဲ့ ပြန်ထိုး၏။

အံ့မောင် က လက်နဲ့ ကာလိုက်မှ ဘေးဘီ အမှောင်ထဲကို ဝေ့ဝဲ ရင်း ...

''ငါတို့ ဆု တို့ကို ဒီထဲမှာ ထားပါတယ်လို့ ပြောလိုက်ရင် အိမ်ရှေ ကနေ လက်ညှိုးထိုးပြလိုက်ရုံနဲ့ ရမလား ..၊ သားမြတ် ဒေါသကြီးတ တာ မင်းတို့ သိသားနဲ့ ..၊ တကယ် ပျောက်နေတာကို ငါတို့ကိုယ်တိုင် ရှာမတွေ့တာ သူမြင်မှ ယုံမှာပေါ့ ..''

''မကျေနပ်လို့ သားမြတ် က ထိုးလည်း ခံမယ်ကွာ .. ဦးဝိဇ္ဇာကြီး





သရဲ တစ္ဆေတွေ ထည့်ထားပြီး သူ့မိန်းမနဲ့ နောက်ယောက်ျား မိသားစု မနေနိုင်အောင် အစီအရင်တွေ လုပ်ခဲ့တာ သိသိကြီးနဲ့တော့ ..''

''မရဘူး ဟော့ကောင် .. ငါလည်း တစ်ယောက်တည်း မဝင်ရဲဘူး..၊ လာခဲ့ ..''

''ဟာ!... ဟော့ကောင် ..''

''တကယ်ကို ဝင်ရတော့မှာလား ..''

''ဟုတ်တယ် ..''

ငတိုး က မင်းမင်း လက်ကို ဆွဲသွင်းလိုက်ပြီးမှ လွှတ်၍ မှောင် ည်းနေသည့်အိမ်ထဲကို ဓာတ်မီးထိုးသည်။

''ဒါ .. ဒါဆို .. နောက်ကလူတွေ လာရင် ငါတို့ ဒီထဲဝင်သွားတာ သိအောင် တံခါးတွေ အသားကုန် ဖွင့်ခဲ့မယ် ..''

''အေး .. ဟုတ်တယ် .. ငါ မီးထိုးပေးထားမယ် ..''

မင်းမင်း က တက်ကြွစွာ လှုပ်ရှား၏။ အံ့မောင် က မင်းမင်း ရဲ့ ဓာတ်မီးကိုပါ ကိုင်၍ နှစ်ဖက်ပူး ထိုးပေးထားသည်။

''ကျွိ .. အိ ..''

''အမလေး .. ဟထားရုံလေးသာ အဆင်ပြေတာ .. ထပ်ဖြဲရတာ ျပ်လိုက်တာ ..''

''တံခါးကြီးတွေက အကြီးကြီးတွေကိုးကွ .. ဒီလောက် နှစ်တွေ ကြာနေပြီဆိုတော့ ကျပ်ပြီပေါ့ ..''

ကိုယ့်အသံကို အဖော်လုပ်ရင်း ပတ်ဝန်းကျင် တိတ်ဆိတ်နေတာ ို ဖြစ်ပျက်ရှုနေရသည်။ နောက်လှည့်ကြည့်လိုက်တော့လည်း ငတိုး ့ဓာတ်မီးရောင်ကို မမြင်ရတော့ ..။

''ဟာ!... ဟိုကောင် တစ်ယောက်တည်း ဝင်ချသွားပြီ .. ဟိုတ် ောင် .. မြန်မြန် ..''

''ဂျိမ်း ..''



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ!.."

"ဘာ!... ဘာဖြစ်တာတုံး .. အဲ့ဒါ .."

သေချာဖွင့်ပြီး ပြန်လှည့်လာကာမှ တံခါးပိတ်သံကြီး ဂျိမ်းခနဲ ထွက်လာလျှင် မင်းမင်း ကျောကော့သွားကာ အံ့မောင် ဆီ ပြေးဝင်၏။

အံ့မောင် ကိုယ်တိုင် ခေါင်းထိုးထားသဖြင့် တံခါးကြီး ပိတ်သွား တာကို မြင်လိုက်ရသည်။

ဒါပေမယ့် အံ့ဩရင်း ထိတ်လန့်လာကာ ခေါင်းတောင် လွှတ် ကျချင်၏။

"ဘာ!... ဖြစ်သွားတာတုံး .."

နောက်ထပ် မေးခွန်းမှာ မေးရိုက်သံ ပါလာသည်။ မင်းမင်း က လုံးဝ လှည့်မကြည့်တော့ဘဲ ကတုန်ကယင်နဲ့ ...

"တံခါးကြီး ပြန်ပိတ်သွားတာ မဟုတ်ဘူးလား .. မင်း မမြင်ဘူး လား ..၊ အဲ့ဒါကြီး ငါတောင် မနည်း 'မ' ပြီး ဖွင့်ခဲ့ရတာ .. လေလည်း မတိုက်ဘဲနဲ့ .."

"အေး .. ဟုတ်တယ် .. ငါတို့ ဘယ်လိုလုပ်ကြမလဲ .."

"ထွက်လို့ မရတော့ဘူး .. ဦးဝိဇ္ဇာကြီး ငါတို့ကို တစ်ခုခု လုပ်ချင် လို့ ပိတ်ပစ်လိုက်တာ .."

"မင်းကလည်းကွာ .. ဒါပဲ ပြောနေတာပဲ .. ၊ ငတိုး တောင် တစ်ယောက်တည်း ဝင်သွားတာ ဘာသံမှ မကြားဘူး .."

"ဒီကောင်ရော ဘာဖြစ်နေပြီလဲ မင်း သိလို့လား .."

"ထားလိုက်ကွာ .. လာပါ .. ယောက်ျားပဲ .. တံခါးပြန်ဖွင့်မယ် ပြီးတော့ စားပွဲတစ်လုံးနဲ့ ခံထားလိုက်တာပေါ့ .."

မင်းမင်း ကို တော်တော် စည်းရုံးလိုက်ရသည်။ စားပွဲနဲ့ ကာ ထားပြီးတဲ့အထိ မင်းမင်း ပါးစပ်က အနိစ္စ ရွတ်နေဆဲ ...။

"မင်းကလည်း အန္တရာယ်ကင်းအောင် သဗ္ဗုဒ္ဓေဂါထာတွေ ဘာ





တွေ ရွတ်ပါလား .."

"မရလို့ပေါ့ကွ .. မင်းရရင် မင်း ရွတ်ပါလား .."

"ငါလည်း မရလို့ပေါ့ .."

ညှော်ခန်းမှာ သူတို့ ရှာထားပြီးသည့် အခန်းတံခါးတွေ နေသား တကျ ပြန်ပိတ်နေတာကို ခေါင်းထိုးကြည့်ပြီး အံ့မောင် နဲ့ မင်းမင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။

ပြီးတော့ ကြီးမားထူပျစ်သည့် ပင့်ကူမျှင်တွေ တလွင့်လွင့်နှင့် အတွင်းပိုင်း မှောင်မည်းမည်းထဲကို ခေါင်းနဲ့ ထိုးကြည့်ပေမယ့် နေရာ မှ မရွေ့မိသေး ...။

"ဒါ .. ငတိုး ဝင်သွားလို့ ပင့်ကူအိမ်တွေ ပျက်နေတာ .."

"အေး .. သူတောင် တစ်ယောက်တည်း ဝင်သွားသေးတာ .. သွားပါကွာ .."

"နေပါဦး .."

မင်းမင်း က အံ့မောင် ကို ပြန်ဆွဲထားကာ ...

"ငတိုး ရေ .."

"... ... ... ..."

"ငတိုး .. မင်း ကြားရင် အသံပြန်ပေး .."

"ဟေး .. ငါ အပေါ်မှာ .."

"အေး .. ပြီးရော .."

"တိုးတိုးအော်ပါဟ .. ငါ့နားနား ကပ်အော်နေတာ နားကို အူသွား တာပဲ .."

"ဒါမှ အကြောက်ပြေတာ .."

"ဟော့ကောင် .."

အနားမှာ အတင်းကပ်နေသည့် မင်းမင်း ကို အံ့မောင် က ပခုံးနဲ့ တိုက်ပစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဟိုဘက်ကပ်လျှောက်လေ .. တံခါးတစ်ခုနား ရောက်ရင် အဘွားရေ .. လို့ ခေါ်ကြည့် .."

"ဟေ့အေး .. ငါကတော့ မဆု လို့ပဲ ခေါ်မှာ ..၊ အဘွားဆိုရင် ဦးဝိဇ္ဇာမိန်းမကြီး မသေရင်လည်း ဒီအရွယ်ပဲ .. တော်ကြာ ငါတို့ အဘွားက မထူးဘဲနဲ့ .. အ!..."

"ဒုတ် .."

စကားပြောနေတုန်း ဘာကို ကန်လိုက်မိမှန်း မသိ ..၊ ထိုအရာက ခဲဘောလုံးလို လိမ့်သွားကာ ပျဉ်နံရံမှာ ပစ်တိုက်သွား၏။

အံ့မောင် က ဖျတ်ခနဲ လှည့်၍ ဓာတ်မီးထိုးလိုက်လျှင် ...

"အမလေး!... ခေါင်းပြတ်ကြီး .."

မင်းမင်း မြောက်ခနဲ ထခုန်ပြီး ငယ်သံပါအောင် အော်သည်။

"ဟိတ်ကောင် .. ကော်ရုပ်ကြီးကွ ..၊ ကော်ခေါင်းပြတ်ကြီး .."

"ဟင်!... ဟုတ် .. ဟုတ်လို့လား .."

"ကြည့်ပါလား .. ပါးပေါ်က အမှတ်ကြီးနဲ့ .. ခေါင်းမှာ တကယ့် ဆံပင်တွေ စိုက်ထားတာ ထင်တယ် .."

ကြည့်လိုက်တော့ မျက်လုံးအပြူးသားက လုချင်ပေမယ့် မျက် သားဖြူဖြူတွေ များနေသဖြင့် အမှောင်ထဲမှာ ကျောချမ်းစရာကြီး ဖြစ် နေ၏။

ပြီးတော့ မိန်းမပျိုမျက်နှာလေးမှာ နဖူးပြောင်ပြောင် ကတုံးပေါ်မှာ ဆံပင်တွေ စိုက်ထားတာက ခပ်ကြဲကြဲ ပျိုးကြဲထားတာမျိုး ..။

"ဒါ တစ်ယောက်ယောက်ပုံ အရုပ်ပေါ်မှာ ဖော်ပြီး ဟိုလိုဒီလို အစီအရင်တွေ လုပ်တာ နေမှာ .. ကေန္တ ဦးဝိဇ္ဇာကြီးက သူ့မိန်းမတို့ အချစ်ကြီးလို့ အမျက်ကြီးပြီး .."

"ကဲ .. ထားလိုက်စမ်းပါ .. ငါတို့ အဘွားတို့ကို ခေါ်ကြည့်မယ် မင်းက ဆု ကို ခေါ် .. ငါက .."





"ခေါ်ပြီးပြီလေကွာ .. ပြန်မှ မထူးတာ .. အဲဒါကြောင့် မင်းကို ရှာပါနဲ့လို့ ငါ ပြောတာ ..၊ ဒါ နတ်ဝှက်တာကွ .."

"မရဘူးကွာ .. ခေါ်မှာပဲ အဘွားရေ .. ဆု .. ဆု ကြားလား .."

"မဆု ရေ .. အိပ်ပျော်နေတာလား .. အဘွားရေ .."

နှစ်ယောက်၏ခေါ်သံတွေ ပျောက်သွားသည်နှင့် နောက်က ပွဲတင် တွေ ကျန်ရစ်ကာ ကိုယ့်ဘေးမှာ လူတွေ ဝိုင်းပတ်လာကြသလို ခံစား ရ၏။

"ဝု .. ရူး .. အု .."

"အူး ..."

"ဟား!..."

ခွေးအူသံတွေ ဆက်တိုက် ထွက်လာလျှင် မင်းမင်း ဟား .. ခနဲ သွားလေသည်။

"ထပ်မခေါ်နဲ့တော့ကွာ .. ခွေးတွေ ဒီနားပတ်လည်မှာပဲ ဝိုင်းအူ တာ ထင်တယ် .. ငါ စိတ်ညစ်လာပြီ .."

"ဪ .. ဘယ်သူက ပျော်လို့ ဝင်နေတာလဲ .. မင်းပဲ အပြော ..၊ ကတည်း .. ပျော်ရမလားလို့ အချိုကြီး နွဲ့လိုက်ပါတယ် .. ကျတဲ့ ဓားခွေးက ဘယ်ချောင်ဘယ်ကြားထိ စီးဝင်ကုန်ပြီလဲ မသိတော့ဘူး .."

"ဒါ .. ဒါ ဦးဝိဇ္ဇာကြီး အခန်း ထင်တယ် .."

"ဟုတ်လောက်တယ် .."

"ငါတို့ လှည့်ပြန်ရအောင် .."

"နေပါဦး .. ဗီရိုတွေ အခန်းတံခါးတွေ တွေ့တယ် .. ပစ္စည်းတော့ ပေမယ့် အားလုံး ဖွင့်ရှာရမှာပဲ ..၊ ဒါက ရှိးမှ မရှိးသားတော့

"ဟုတ်တယ် .. ဒါ မရိုးသားတော့တာ အမှန်ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



အခန်းကျယ်ကြီးထဲမှာ ရွှေရောင်ဝင်းဝင်းလက်နေသည့် ကြေး
ခုတင်ကြီးတစ်လုံးက ဖုန်တွေ ထုတက်နေတာတောင် ကြေးစစ်စစ်
ရွှေရောင်ရွှေဝါတွေကို ပြသနေတုန်း ...။

ခာတ်မီးရောင် တဝေ့ဝေ့မှာ ကြေးခုတင်ကြီးကိုကျမှ သေချာ ထိုး
ကြည့်မိ၏။

"ဦးဝိဇ္ဇာကြီး က ဒီခုတင်ကြီးကိုလည်း တော်တော် မက်မော
ဆိုပဲ .."

"နာမည် ထည့်ထည့်မပြောနဲ့တော့ကွာ .. သူ့အခန်းထဲ ရောက်
တာ ကျောချမ်းတယ် .."

မင်းမင်း က မှတ်ဆိတ်ရှည်နှင့် နဖူးပြောင်နှင့် တိုက်ပုံရင်
ဝတ်ထားသည့် လူထွားကြီး ရုပ်တုရှေ့မှာ ရုပ်ကာ ကြောက်ကြောက်
မော့ကြည့်မိ၏။

အရုပ်ကြီးက မြင့်တော့ မော့ကြည့်နေရသည့်ပြင် ဘုရားရှင်
ဗျာဒိတ်ပေးသလို ရှေ့ကို မကြွတကြွမြှောက်၍ လက်ညှိုးထိုးသ
မထိုးသလို လုပ်နေသည့် လက်ခုံထိ သေချာကြည့်သည်။

ပင့်ကူမျှင်တွေ ကပ်တွယ် ပေကျံနေလို့လား မသိ ...၊ ရုပ်တု
အသားအရေတွေက တကယ့်အဲ့သားရောင်နှင့် တော်တော်ကို တူ
ကြောက်စရာကြီး ဖြစ်နေသည်။

"ဦးဝိဇ္ဇာကြီး ပဲ .."

"အောင်မယ်လေး!..."

"ဟ!..."

ပြောသည့်လူပါ တုန်ခနဲ ပြန်ဖြစ်လျက် ...

"ဘာဖြစ်တာလဲ .. လန့်လိုက်တာ .."

"ငါလည်း လန့်လို့ပေါ့ .. တွေ့လိုက်သလိုလို ဘာလိုလိုနဲ့
ဒီနာမည်ကြီး မခေါ်ပါနဲ့ဆိုမှ .."





ခာတ်မီးပါ လွတ်ကျရသည့် မင်းမင်း က ငိုတော့မတတ် မျက်နှာ
နှင့် ခာတ်မီးနောက် ပြေးလိုက်ရှာသည်။

အုံ့မောင် ကလည်း စိတ်တိုသွားသဖြင့် မစောင့်တော့ဘဲ ဟိုတံခါး
ဖွင့် ...၊ ဟိုနောက်တွေ ဝင်ကြည့်နှင့် ရှိစဉ် ...

"တိုး ...၊ တိုး .. ဟော့ကောင် .."

"ဟာ!... သားမြတ် .. သားမြတ် အသံ ...၊ ဒီကောင် လာပြီ .."

ကြောက်နေသည့် မင်းမင်း က ပျော်သွားကာ အုံ့မောင် မျက်နှာ
သွား၏။

"တိုး က အပေါ်မှာ ပြန်ထူးသံလည်း မကြားဘူး .."

မင်းမင်း က ပြောနေရင်း အသံကို မြင့်၍ ...

"သားမြတ် ... တိုး က အပေါ်မှာ ...၊ ငါတို့က ခေါင်းရင်းက
ဦးဟိုသင်း ရဲ့အခန်းကြီးထဲ ရောက် .."

"သားမြတ် .."

"တိုး .. အုံ့မောင် တို့ရော .."

ဟင်!...

အပြင်က အသံတွေကို ကြားလိုက်ကာ မင်းမင်း တို့ ကြက်သေ
သွားကြ၏။

"ငါ မသိဘူး .. ဒီကောင်တွေ ကြောက်လို့ ဝင်လိုက်မလာကြဘူး
ထင်တယ် .."

"မင်း တစ်ယောက်တည်းလား .."

"အေး .. ငါလည်း ဟိုဝင် ဒီထွက်နဲ့ အပေါ်မတက်ရဲသေးလို့
အောက်မှာတော့ နှံ့ပြီ မတွေ့ဘူး ...၊ အပေါ်ထပ်မှာ ဦးဝိဇ္ဇာ အခန်းကြီးပဲ
ရှိမယ် ...၊ အဲဒီမှာ ကြေးခုတင်ကြီးနဲ့ .."

"တောက်!... နောက်တစ်ခါ မင့်ကြီးတော် ယောက်ျားထပ်ယူမှ
သည့်ဝှက်...၊ ငါ ပြောလိုက်ရင် မကောင်းဘူး.. မင်းတို့ တကယ်.."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ .. အနူးအညွတ်ကို တောင်းပန်တာပါ ..၊ အုံ့မော
တို့လည်း မင်းကို လန့်ပြီး တော်တော်ကို ပျာယာခတ်နေကြတာ ..

"ပျာယာခတ်တိုင်း အခု တွေ့ပြီလား .."

"နေပါဦး .. ငါ လိုက်ရှာပါ့မယ် ..၊ အဲဒီအခန်းကို မဝင့်ရဲ
မတက်သေးဘဲ နေတာ .."

"ဒီထဲမှာရော သေချာလား .. အဲဒီ တစ်ခုခု ဖြစ်လို့ကတော့ မင်း
မလွယ်ဘူး မှတ် .."

မင်းမင်း နားစွင့်ရင်း နဖူးက ကျလာသည့် ချွေးပေါက်ကြီးတွေ
ဆီးကင်းလောက် ကြီးမားလျက် ကျောက်တုံးကြီးတွေ ဖြတ်ဆင်း
သလို မျက်နှာကိုဖြတ်၍ တလိမ့်လိမ့် ဆင်း၏။

အုံ့မောင် လည်း ရုတ်တရက်ကြီး ခြောက်သွေ့လာသည့် နှုတ်ခမ်း
သားတွေကို လျှာနဲ့ သပ်လိုက် .. တံတွေး မျိုချလိုက်ရှိကာ အထိ
တလန့် မော့ကြည့်နေမိသည့် မျက်လုံးတွေက ကျီးကန်းတောင်းမှော
ဖြစ်လာ၏။

ဓာတ်မီးကို တစ်ချက်လေး ပိတ်လိုက်တာနှင့် အခန်းထဲမှာ
သမျှသော ပစ္စည်းပစ္စယတို့၏အရိပ်တွေက ကိုယ့်ဆီ ပြေးကပ်လာ
သလို ထင်ရကာ မီးကိုလည်း မပိတ်ရဲတော့ပေ ..။

"အုံ့ .. အုံ့မောင် .."

"ဟေ .."

"ငါ .. ငါတို့ ဘယ်ကို ရောက်နေတာတုံး .. ငါတို့ အပေါ်ထပ်
မတက်ရသေးဘူးလေ .."

"ဂလု .."

အုံ့မောင် ဆီမှ တံတွေးမျိုသံကြီးကို ဒီတိုင်း ကြားရကာ ဓာတ်
ရောင်အောက်မှာ နဖူးက ချွေးပေါက်ကြီးတွေကိုပါ မြင်လိုက်ရ၏
နှစ်ယောက်စလုံး ပူးတွဲ ကြောက်ရွံ့နေကြပြီကို နားလည်





င်း အုံ့မောင် ဘေးကိုရောက်ဖို့ အမြန်ဆုံးနည်းနှင့် ခြေလှမ်းပြင်
မိစဉ် ...

"ဟင်!..."

တစ်ကိုယ်လုံး ဓာတ်လိုက်သလို ကျဉ်ခဲ တုန်ခါသွား၏။

"ဘာလဲ .. မင်းမင်း ..၊ ဘာလဲ .."

အုံ့မောင် အသံတုန်ကြီးနှင့် ‌မေးရင်း ဓာတ်မီးနဲ့ လှမ်းထိုးသည်။
င်း သည် ဓာတ်မီးကိုင်သည့်လက်ကို ဒီတိုင်း ချထားလျက် တစ်
နှင့် တစ်နေရာကို ကတုန်ကယင် ပြလျက် ...

"ဒါ .. ဒါကြီး .. ဒီလက်ကြီး .."

"ဟင်!..."

ဦးဝိဇ္ဇာ ၏ မြှောက်ကြွ ထိုးညွှန်ထားသည့် လက်ကို မီးရောင်
ခနဲ ရောက်သွားသည်။

ဒါပေမယ့် အစက သေချာကြည့်ခဲ့တာ မဟုတ်သည့် အုံ့မောင်
ရုတ်တရက် မမြင် ..၊

"လက် ဘာ .. ဘာဖြစ်လို့လဲ ..၊ မင်းနော် .."

"ဒီလက်က အစက မှောက်ခုံ .."

"ဟမ်!..."

"အခု .. အခု လက်ကြီးဖြန့်လို့ .."

"ဟာ!... မင်း မဟုတ်တာတွေ မပြောနဲ့ .."

"ဟုတ်တယ် .. အမလေး!... ငါ့ဆီက ဘာတွေ တောင်းနေတာ
..၊ ဟီး .. ဟီး .. ကျွန်တော် ဘာမှ မယူပါဘူး .. ခိုးလည်း မခိုးပါ
..၊ ကယ်ကြပါဦး .. လုပ်ကြပါဦး .."

"ဟာ!... မင်းမင်း မပြေးနဲ့လေ ..၊ ငါ့ စောင့် .. ဦး .."

"ဒုတ် .. ဒုန်း .."

မင်းမင်း ခုန်ပေါက်ပြေးတာ မြင်သည်နှင့် အုံ့မောင် လန့်ဖျပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခတ်မီးလွတ်ကျသွား၏။ သို့သော် ပြန်ကောက်ဖို့ သတိမရဘဲ ပြေး ထွက်လျှင် ...

"အား!... ဆွဲထားတယ် .. လက် .. လက်ကြီး .. လုပ်ပါဦး - မင်းမင်း ရေ .."

"အံ့မောင် .. မင်းတို့လား .."

"ဟိုဘက်က သားမြတ် .."

သားမြတ် တို့ ပြေးလွှားရောက်လာကြလျှင် အခန်းပြင်မှာ မင်းမင်း ဖင်ထိုင်လဲလျက် မျက်လုံးလေး အပြူးသား ရှိနေ၏။

"အံ့မောင် .. အံ့မောင် ဟော့ကောင် .."

အံ့မောင် သည် ရုပ်တု၏ရှေ့မှာ ခွေခွေလေး ပုံကျ၍ သတိလစ် နေ၏။

"အံ့မောင် ..၊ ဒီကောင်တွေ ဘာဖြစ်ကြတာလဲ .."

"လန့်ဖျန့်ကုန်တာ နေမှာပေါ့ .. ဆရာတော်ဘုရား ပေးလိုက်တဲ့ ပရိတ်ရည် .. ပါးစပ်ထဲ တစ်စက်လောက် ချပေးလိုက် .. လက်ပေါ် နည်းနည်းတင်ပြီး မျက်နှာကို တောက်လိုက် .."

သားမြတ် က ငတိုး ကို လုပ်ခိုင်းပြီး သူကလည်း မင်းမင်း ဆီ သွားလုပ်ပေးသည်။

"ငါလည်း မသိဘူး .. ဆရာတော့်ကျောင်းမှာ သွားရှာနေတုန်း ဆရာတော်လည်း သိသွားတော့ ဆူတာပေါ့ ..၊ အဲဒါ နောက်ကကောင် တွေ လိုက်လာပြီး ဆ ကို ဒီထဲမှာ ဝှက်ထားတယ်ဆိုမှ ဆရာတော်က ဒီထဲ ဝင်ရှာမှာဆို .. ဒါလေးတွေ ယူသွားဆိုပြီး ပေးလိုက်တာ .."

ပရိတ်ချည်ခင်လေး သုံးကွင်းနှင့် ပရိတ်ရည်ပါသော ပုလင်းသေး တစ်လုံး ..။

အံ့မောင် တို့ သတိရလာပေမယ့် ဘာမှ မပြောပြနိုင်ဘဲ အသား တွေ တုန်ကာ ပြူးကြောင်နေကြဆဲ ..၊





"မင်း ဒီကောင်တွေကို စောင့်နေခဲ့တော့ .. ငါ ဆ ကို သွားရှာ မယ် .."

"ဒီထဲမှာ မရှိလောက်တော့ပါဘူးကွာ .. ငွေဖျိုင်း တို့ လက်ထဲက [illegible]တို့ လုခဲ့သလို တစ်ယောက်ယောက် ထပ်ပြီး အလစ်သုတ်သွားတာ [illegible]မှာပါ .. ရွာထဲမှာပဲ ပြန်ရှာ .."

"ဟော့ကောင် .. မင်း ထပ်ပြီး နေရာလွှဲပြောရင် ငါ ထိုးတော့မှာ [illegible] .."

"မဟုတ်ပါဘူး .. ဆရာတော်ကတောင် ဒီပစ္စည်းတွေ ထည့်ပေး [illegible]တယ်ဆိုတော့ .. ငါတို့ ကြားတဲ့ ကောလဟာလက တကယ် [illegible]မှာပေါ့ ..၊ အန္တရာယ်များ .."

"ငတိုး .."

သားမြတ် ဒေါသတကြီး ဖြစ်သွားကာ ငတိုး ရဲ့ အင်္ကျီရင်ဘတ်စ [illegible] ဆောင့်ဆွဲ ခါ၍ ...

"မင်းနော် .. မင်းတို့ကို ငါ သူငယ်ချင်းအရင်းကြီးတွေဆိုပြီး [illegible]လွှတ်ဖို့ ကြိုးစားနေရတာ ..၊ မင်းတို့ ဒီလောက်တောင် ကြောက်တဲ့ [illegible]မှာ ဆ က ဘယ်လိုနေမလဲ ..၊ မင်းတို့ .. ကွာ .. တောက်!..."

သားမြတ် ရဲ့ ဒေါသကြောင့် အံ့မောင် တို့ပါ သတိတွေ ကောင်း [illegible]ပြန်ဝင်လာကြပြီး ဗိုင်းတောင်းပန်ကြ၏။

"ဟုတ်ပါတယ် .. ငါတို့ လုပ်မိပါတယ် .. ဒါပေမယ့် အဘွား [illegible]ယောက်လုံး လူကြီး ပါတယ် ..၊ ပြီးတော့ တကယ်ကို ညည့်ခန်းနဲ့ [illegible]လျက် အခန်းထဲမှာ ထည့်ထားခဲ့တာပါ ..၊ ခြံဝက လှမ်းကြည့်ရင်း [illegible]ပေါက်တစ်ဖက် ပွဲကျနေတဲ့ အခန်းမှာပါ ..၊ အထဲထိ ငါတို့ [illegible]ရဲပါဘူး .."

"သြော် .. အဲဒီ ဖုန်တက် ပင့်ကူကိုက်နေတဲ့ ညည့်ခန်းမှာတော့ [illegible] ထ ပျော်ပျော်ကြီး နေခဲ့တယ်ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြီးက ကြောက်စရာကြီးနော် .. ဆု တို့က မီးမှိတ်ပြ
နေရမှာလား .." လို့ မေးသံလေးနဲ့ မျက်နှာလေးကို ကြည့်ကာ အံ့မော
တို့ အသံတွေ တိတ်သွားကြ၏။

"သွားကြ .. မင်းတို့ ပြန်ကြ .."

"သားမြတ် .. သားမြတ် နေပါဦး ..၊ ငါ လိုက်ပါ့မယ် .."

"ငါတို့လည်း လိုက်မယ် .."

အဖွဲ့တောင့်သွားပြီမို့ လေးယောက်စလုံး အခန်းတွေထဲ ဝင်ရှာပြ
သည်။ အပေါ်ထပ်မှာလည်း လှေကားထိပ်မှာ ညှော်ခန်းပုံစံ ခန်းဖွင့်တ
ကြီးရှိကာ ပိတ်ထားသည့်အခန်းတွေ ရှိသေး၏။

အံ့မောင် နဲ့ မင်းမင်း တို့ လှေကားထိပ်ကနေ အောက်ကို ငြိမ်
ငုံ့ကြည့်ပြီးမှ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်မိကြ၏။

ဒီလှေကားကြီးကို သူတို့ မြင်တောင် မမြင်ခဲ့ရဘဲ အပေါ်ထ
ရောက်နေခဲ့ပါသည်ပြောရင် ဘယ်သူ ယုံမှာလဲ ..၊

"တောက် .."

သားမြတ် မျက်လုံးတွေ စုံမှိတ်ကာ တိုင်လုံးကြီးတစ်လုံး
လက်သီးနဲ့ ထုနေ၏။ အားလုံးပဲ မျက်နှာငယ်နေကြကာ ...

"တကယ်ပါကွာ .. ငါတို့ရွာမှာ ဒီလိုလည်း မဖြစ်ဘူးတော့

"မင်း တော်တော့ .."

"သားမြတ် .. သားမြတ် .. မလုပ်နဲ့လေကွာ ..၊ အချင်းချ
မင်းကလည်း .."

"တောက်!..."

ဆုပ်ကိုင်ထားမိသည့် ရင်ဘတ်စကို ပြန်ဆောင့်လွှတ်ကာ

"မင်းတို့ ဘယ်အထိ သွားဝှက်ဝှက် .. ငါ လိုက်လို့ရရင်
လောက်ခက်တဲ့နေရာဖြစ်ဖြစ် .. ဘယ်လို ပြန်ခေါ်ရ ခေါ်ရ .. ဒါ
ငါလည်း လုပ်ခဲ့တာပဲ ..၊ ငါ လုံးဝ စိတ်မဆိုးဘူး ဟော့ကောင်





"ဟုတ်ပါတယ် .."

"မင်း .. ဖော်လိုလိုက်မနေနဲ့ .."

စိတ်တိုတိုနှင့် စားပွဲကို လွှဲကန်ပစ်လိုက်လျှင် တင်ထားသည့်
ဘက်ဆွဲမီးအိမ်လေး တုန်ခါသွား၏။

သားမြတ် ရဲ့ မျက်နှာတစ်ပြင်လုံး နီနေမှန်း သိသာလျက် ...

"အခု ဘယ်သူမှ ဘာမှမသိဘူး..၊ မင်းတို့ လုပ်လိုက်တာ ဘာလဲ..၊
အပျော်တမ်း သတို့သမီး ဝှက်တာလား.. ပြန်ပေးဆွဲထားတာလား .."

"မင်းကွာ .."

"မဟုတ်ရင် ဘာလဲ ..၊ တစ်ခုခု ပြောလေ .. ဆု ဘယ်ရောက်သွား
ဘာလဲ .."

"ဟေး .. အပေါ်ထပ်မှာလား .. နောက်မှာလား ..၊ သားမြတ်
ထဲမှာလားဟေ့ .."

"မဟုတ်ဘူး .. အံ့မောင် တို့ပါ ရှိတယ် .."

"ဝေး .. အပေါ်ကလူတွေ ဘာတက်လုပ်နေကြတာလဲ ..၊ ဆင်းခဲ့
ကြတော့လေ .."

အောက်ထပ်က လူအုပ်စုအသံ ကြားတာနှင့် အံ့မောင် ပျာပျာ
ယာလဲ ထကာ လှေကားထိပ်ကနေ ပြေး၍ ဓာတ်မီးရောင် ပြလိုက်ပြီး...

"ကျွန်တော်တို့ အကုန်လုံး အပေါ်မှာဗျို့ .."

"ဒီမှာ မီးကလေးတွေကို ဒီတိုင်းထားပြီး အပေါ် ဘာတက်လုပ်
နေကြတာတုံး .."

ဟင်!...

ငတိုး တို့ ဟင် .. ခနဲ ခေါင်းတွေ မတ်ကုန်၏။ သားမြတ် က
ရှေ့ဆုံး ပြေးဆင်းသွားကာ ...

"ဆု အဲဒီမှာလား အဖေ .."

"အေး .. ဒီမှာ သူတို့က အိပ်တောင် ပျော်နေကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

အပေါ်ကနေ လှုစုံတက်စုံ ဆင်းလာကြသည်နှင့် အကုန်လုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြ၏။

ဆု နဲ့ အဘွားတို့က သူတို့ ထားခဲ့သည့် အခန်းထဲမှာ အိပ်ပျော် ပျော်နေကြတာ အမှန် ..။

သားမြတ် ကိုယ်တိုင် တအံ့တသြ ငေးကြောင်သွားခဲ့ပြီး ...

"အဖေ .. ကျ .. ကျွန်တော် .."

"ဘာလဲ .. ဘာဖြစ်လို့ ပြူးပြဲနေတာလဲ .."

သူ ဘာမှ မပြောဖြစ်တော့ဘဲ ခုနကပဲ ငတိုး တို့ ရှင်းပြခဲ့တာ သတိရကာ ပြန်လှည့်ကြည့်မိ၏။

အားလုံးသည် ဆု ကို ပြန်တွေ့တာတောင် ဝမ်းသာဖို့ မေ့နေခဲ့ကြ လျက် ...

ဒီညက ဝိဇ္ဇာရေးတဲ့ ကဝေညှ ..၊





## အခန်း(၁၇)

"ပွဲကတော့ ရုတ်ရုတ်သဲသဲ ဖြစ်သွားတာပဲ .. ဒါပေမယ့် ပျော် ..တစ်မျိုးလို့ပဲ မှတ်လိုက်ပါတယ် ..၊ ပေးလိုက်ပါ ကလေးတွေကို ..း .."

"ကဲ .. ကဲ .. ပြောကြ ဘယ်လောက်လဲ .."

လူငယ်တွေ တစ်စုတစ်ဝေးကြီး ရှိနေကြပြီး အသံတိတ်နေကြ၏။ ..ါင်းဆောင်သည့် အံ့မောင် နဲ့ ငတိုး တို့က သားမြတ် ရဲ့မျက်နှာကို ..ကြည့်ကြည့်ရှိကာ ...

"ကျွန်တော်တို့ .."

"ကျွန်တော်တို့ကြောင့် .."

"ကဲပါ .. မင်းတို့သူငယ်ချင်းက သူ့ရဲ့ သတို့သမီး အသစ်စက် ..လေး တကယ်ပျောက်သလိုကြီး ဖြစ်သွားတော့ စိုးရိမ်လွန်ပြီး ပြေ ..ဆိုမှား ဖြစ်ကြတာပေါ့၊ ဘာမှမဟုတ်တော့ဘူး ပြီးပြီ ..၊ သား..က ..ည်း ကိုယ့်သူငယ်ချင်းတွေပဲဟာ .."



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက အဖြစ်မှန်ကို ဘယ်သူမှ မသိကြသေးပေ။ ဒီကိစ္စ ကာယကံရှင်ဖြစ်သည့် ဆု ကိုယ်တိုင်တောင် သူမကိုယ်သူမ အိပ်ချင်လို့ အိပ်ပျော်သွားသည်ပဲ ထင်နေခဲ့တာ ဖြစ်၏။

အဘွားကလည်း ရှေ့ဖြစ်နောက်ဖြစ်တွေ သိနေသည့် အသက် အရွယ်ပေမယ့် ဒီကိစ္စမှာတော့ ပယောဂမှောက်တာမျိုး ဖြစ်မည်လို့ တွေးမိပုံ မပေါ် ..။

ငတိုး နဲ့ အံ့မောင် တို့ သားမြတ် ကို လှမ်းကြည့်ကြ၏။ သူတို့တွေ မျက်လုံးချင်း တောင်းပန်နေကြသည်လို့ လူကြီးတွေက ထင်ပေမယ့် တကယ်က ဒေါသတွေ .. မကျေနပ်တာတွေ သူတို့မှာ မရှိကြတော့ ပေ ..။

မိန်းကလေးအုပ်စုတွေနဲ့ တခြား မသိကြသည့် လူငယ်တွေ လူကြီးပေးသည့် မုန့်ဖိုးကို ခွဲဝေရင်း ဆူညံကာ ရွာရဲ့ လူမျိုညစတိုင် လေး ပြန်ဖြစ်သွားသည်။

သူတို့လေးယောက်ပဲ ခပ်လှမ်းလှမ်းကို ပြန်ရောက်လာကြကာ—

"အဘွားက ဆရာတော်ကြီးထက်တောင် အသက်ကြီးသေးတယ် အဲဒီအိမ်ကြီးနဲ့ ဦးဝိဇ္ဇာ အကြောင်း ဘာဖြစ်လို့ မသိရတာလဲ .."

"ဟုတ်တယ် .. တကယ်ဆို သူ သေချာပြောရင် ငါတို့ မသွား ဘူး .."

"ဘာပဲဖြစ်ဖြစ် အဲဒီအိမ်ကြီးက ရွာနဲ့ တစ်သီးတစ်ခြားမှာ ရှိ တာ ..၊ ပြီးတော့ သူ့နောက်မှာ ကုန်းထိပ်နဲ့လည်း နီးနီးလေး ..၊ သ ခြောက်ပါတယ်ဆိုတဲ့ သတင်းက ကောလဟာလ ရှိနေတာရော မင်း မသိလို့လား .."

"အေးလေ .. ကောလဟာလတွေ ငါတို့ကစပြီး သူများ ကြော အောင် လုပ်ခဲ့ကြတာတွေ ရှိတဲ့ဥစ္စာ ..၊ မင်း မသိသေးတာတွေ ရှိ တယ် သားမြတ် ..၊ ညတုန်းက ငါ .."





မင်းမင်း ကိုယ်ပူတွေ ချက်ချင်းပြန်လာတာ ကိုယ့်ကိုယ်ကိုယ် သိသည်။ မျက်လုံးတွေ နှာခေါင်းတွေ ပူပူစပ်စပ်ကြီးဖြစ်လျက် ခေါင်း တွေ ကိုက်ခဲလာတာကို ကိုယ့်ဘာသာ ကြိတ်ခံရင်း မပြန်သေးဘဲ နေခဲ့ တာ ဖြစ်၏။

အိမ်မှာ အားလုံး မရှိကြပေ။ အဒေါ်အပျိုကြီးက ဒီမှာပဲ မိုးလင်း တော့မှာကို သူ သိသည်။ တခြားလူတွေက ယာထဲ သွားအိပ်တဲ့လူနဲ့ မြို့သွားထောင်တဲ့လူနဲ့ ခုချိန် ပြန်အိပ်လျှင် အိမ်မှာ သူ တစ်ယောက် တည်း ..။

ဦးဝိဇ္ဇာကြီး ၏ ပြူးပြောင်နေသည့် မျက်လုံးကြီးနှင့် ဖြန့်ထား သည့် လက်သည်းကြီးကို သူ ဘယ်လိုမှ မေ့ဖျောက် မအိပ်နိုင်သရွေ့ ဒီည အိပ်လို့ပျော်မှာ မဟုတ် ..။

"ဟေ့ကောင် .. ပြောလိုက်လေ .. မင်းပဲ ခဏခဏ လန့်နေတာ ဘာတွေဖြစ်တာလဲ ..၊ ဒီကောင့်ကို ပြောလိုက် .."

"ပြောတော့ ယုံတာ ကျနေတာပဲ ..၊ ငါကိုယ်တိုင် မြင်တာကိုများ လျှောက်ပြောနေတာရလေး ဘာလေးနဲ့ .."

"ဘာမြင်တာလဲ .."

သားမြတ် မေးမှ မင်းမင်း က အမှောင်ထဲကို မလုံမလဲ လှမ်းကြည့် ရင်း ပြောပြသည်။ ပြောနေရင်းနဲ့တောင်မှ စကားရပ်သွားလိုက် .. နားစွင့်သလိုဖြစ်ပြီး ခေါင်းထောင်သွားလိုက် ..၊

"ဒီလူကြီး.. ဒီလူကြီးက ငါ့ကိုပဲ ခြောက်ချင်နေတာကွ..၊ အံ့မောင် တို့တော့ ဘာမှ မမြင်ဘူး .."

"ငါလည်း မင်းလို မမြင်ပေမယ့် ကြက်သီးတွေ တဖျန်းဖျန်း ထနေတာပဲ ..၊ ပြီးတော့ အနားမှာ မင်း လာရပ်တယ်ထင်ပြီး ခေါင်းမီး ကောက်ထားလို့ လှည့်မကြည့်ဘဲ လှမ်းလှမ်းပေးမိတာ နှစ်ခါ သုံးခါပဲ.."

သားမြတ် ယုံသလို မယုံသလိုကြီး ဖြစ်နေကာ မပြောလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မရတော့ပေ ..။ သူကိုယ်တိုင် အောက်ထပ်က တံခါးဟနေတဲ့ အခန်းတွေကို လျှောက်ဖွင့်ကြည့်ပြီးမှ အပေါ်ကို အသံပေးခဲ့တာ ဖြစ်သည်။

ဆု တို့ကို ပြန်တွေ့သည့်အခန်းမှာ သူ ကြည့်ခဲ့တာ ဘာမှမရှိ...

"ဘာကိစ္စ ဒီမှာလာပြီး ခေါင်းချင်းဆိုင်နေကြတာတုံး .."

"အဘွား .."

သူတို့နားကို ဆံပင်ဖြူ ကျိုးတိုးကျဲတဲနှင့် အရပ်ပုသည့်ပြင် ခါးလေး ကုန်းနေသည့် အဘွားက အပြုံးလက်စနှင့် ရောက်လာသည်။

သူတို့တွေကို ကိုင်ထားသည့် မီးအိမ်လေး မြှောက်၍ မျက်မှောင်ကုတ်ကြည့်ကာ ...

"အံ့မောင် တို့ အုပ်စု .."

"ဟုတ်ပါတယ် အဘွားရာ .. အဘွားက ဘာမှ ကြိုပြောမထား... တော့ ကျွန်တော်တို့ .."

"ဟား .. ဟား .. ဟား ..."

"အယ် .. ရယ်တယ် ကြည့်စမ်း .."

အဘွားက အသက် ခုနစ်ဆယ်ကျော်နေပေမယ့် ရယ်သံက မာ... ခန့်ညားနေဆဲရှိကာ အံ့မောင် ရဲ့ခေါင်းကို မမီမကမ်း လှမ်းပုတ်၍ ...

"ဘာမှမဟုတ်တာကို ဘာ ကြိုပြောရမှာလဲ ကောင်လေးရယ် ... အခု နင်တို့ ဘာမှ မဖြစ်ဘူးမို့လား .."

"ဖြစ်ရလေ အဘွားရယ် .. .."

"ဟုတ်ပဗျာ .. အဘွားမို့ ပြောရက်တယ် .."

"ဟဲ့ .. ဦးဝိစ္စာ က .."

"ဟင်!... ဦးဝိစ္စာ ဟုတ်လား ..။ အဘွားတို့နဲ့ တစ်ရွယ်တည်း... မဟုတ်ဘူးလား .."

"ဘယ်ကလာ ဟုတ်ရမှာလဲ .. ငါ့အဖေတို့နဲ့ ရွယ်တူ ..။ ဒါ... မယ့် အဖေ့ထက်တောင် သူက ရှစ်နှစ်လောက် ကြီးသေးတယ်တဲ့ ...





"ဟင်!..."

"စာတွေ အရမ်းဖတ်တယ် .. တိုင်းရင်းဆေးပညာတွေ လိုက်စားတယ် ..။ တိုင်းရင်းသားတွေထဲက ပညာရှင်တွေနဲ့ ခင်ပြီး သူတို့ရဲ့ အတတ်ပညာတွေကို သူက လိုက်စားတယ် .."

"ဘာ အတတ်တွေလဲ ဟင် .."

"ဘယ်သိမလဲ .. သူ့မိန်းမက ချက်ချင်းကြီး အသက်ရှူကျပ်ပြီး ဆုံးသွားတော့ သူ သတ်ပစ်သလိုလို သတင်းဖြစ်တာပေါ့ .."

"မဟုတ်ဘူးလား .."

"ဘယ် သိမလဲ .."

နားထောင်နေရတာ အောင့်သက်သက်ပါလား ..။

"သူ့မိန်းမက သူ သတ်ပစ်ချင်စရာ လုပ်ထားလို့ လူတွေက ထင်...နေမှာပေါ့ .."

သားမြတ် မေးလိုက်တော့ အဘွားက စိုက်ကြည့်နေသဖြင့် အားလုံး ...ကြွစွာ နားစွင့်နေမိကြ၏။ ဒါပေမယ့် ...

"မသိဘူးလေ .."

အံ့မောင် က အဘွား ကိုင်ထားသည့် မီးအိမ်ကို ပြောင်းကိုင်ထား...ပြီး မျက်နှာမဲ့တဲ့တဲ့နှင့် ...

"ထပ်မေးလည်း မသိဘူး ပြောဦးမှာလား အဘွား .."

"မသိလို့ပေါ့ဟဲ့ .."

"အဘွား တစ်ခုတော့ ဖြေပါ အဘွားရယ် .."

...မင်း က တောင်းတောင်းပန်ပန်နှင့် ...

"အဘွား .. ဟို .. အဲဒီ ဦးဝိစ္စာကြီး ရဲ့မိန်းမမှာ .. ပါးမှာ အမှတ်...ပါသလား .."

"ပါတယ်တဲ့ .. ဘယ်ဘက်မှာလဲတော့ မသိဘူး ..။ သူ့မိန်းမက ...သည့် အမှတ်ကြီးကြောင့် မလှဘူးတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်း နဲ့ အံ့မောင် မျက်လုံးချင်း ဆုံသွားသည်။

လည်ပင်းမှာ ခုတ်ရာ ရှရာတွေနှင့် ကော်ရုပ်ခေါင်းပြတ်ကြီးကို ခုမှ သေချာ ပြန်မြင်လာခဲ့သည်။

"သူ့မိန်းမက အပျိုအရွယ်လေးနဲ့ ဆံပင် ကျိုးတို့ကျဲတဲလား .."

"ဟုတ်ပါ့မလားဟဲ့ .. တို့ခေတ်တုန်းက မိန်းမတို့ဘုန်း ဆံထုံးတဲ့ ..၊ ရှည်မှ ရှည် .. နက်မှ နက် .."

အဘွားက ပြောပြီးတာနှင့် မီးအိမ်ကို ပြန်ဆွဲယူကာ ...

"တော်ပြီ .. တော်ပြီ .. ဝိဉာဉ်အိမ် ဆိုလို့ ပျော်ရမလားလို့ ငါ လိုက်မိတာ .. ဒီလူကြီးက ငါ့ကိုကျတော့ ဂရုမစိုက်ဘူး .. ကလေးတွေနဲ့ ဆော့တယ် .. အံ့ရော .."

"ဟမ်!..."

ဘာမှ မသိဘူးဆိုပြီး ပြောသွားလိုက်တာ ပေါက်ပေါက်ဖောက် သွားသည့်အတိုင်း ...

"ဟော့ .. ဘာတွေ ပြောနေကြတာလဲ .."

ဦးစုး က သူတို့မျက်နှာတွေကို ကြည့်ကာ သိနေသည့် အပြုံး မျက်နှာက ရယ်ခြင်းသို့ ဖြစ်လျက် ...

"ဒီမိန်းမကြီးက သူငယ်ပြန်နေပြီ .. ပြောတိုင်း ယုံမနေကြနဲ့.."

"အဖေ့ .. ကျွန်တော်တို့က .."

"ဟုတ်ပါတယ် .. ဟိုလို ဒီလိုတွေ မြင်လာခဲ့ကြတာမို့လား .."

ဦးထူး က သူ့သား ပခုံးကို ဖက်၍ ...

"ထားလိုက်စမ်းပါကွာ .. သူ့ဟာသူ အေးအေးချမ်းချမ်း နေတာ နှစ်ပေါင်းပဲ မနည်းတော့ဘူး၊ ပြီးတော့ လူနားလည်း မနီး.. ကုန်း ထိပ်နဲ့လည်း ကပ်နေတာကိုး .."

ကုန်းထိပ်ဆိုတာက ရွာနှစ်ရွာ၏ သချိုင်းကုန်းလည်းဖြစ် နှစ်ရွာကို ခြားထားသည့် ကုန်းပြင်မြင့်ကြီးလည်း ဖြစ်လေသည်။





"သူ့ရှေ့က ဖြတ်သွား .. သူ့အရိပ်မှာ ခိုလည်း ဘာမှ ဒုက္ခပေးတာ မဟုတ်ဘူး ..၊ မင်းတို့ သူ့ထဲ ဝင်မွှေမှတော့ .."

"ဦးလေးထူး .. ဒါဆို ဦးဝိဉာဉ်ကြီး က ခြောက်တာပေါ့ .."

"ဘယ်လိုလုပ် သိမှာလဲကွ ..၊ သချိုင်းနား နီးနေတော့ ခိုကပ်နေကြတဲ့ သရဲ တစ္ဆေလည်း ရှိမှာပေါ့၊ ကောင်မလေး ကြောက်အောင် ချောက်ပြောမနေနဲ့ ..၊ ဒါတွေ ဒီမှာပဲ ထားလိုက်တော့ .."

ထားလိုက်တော့ ဆိုပေမယ့် မင်းမင်း ခုထိ မျက်လုံးတွေ ပူပြင်း ကျိန်းစပ်နေဆဲ ..၊

"ငါတို့ရွာတွေမှာ သူခိုး ဓားပြလည်း ဒုက္ခမပေးဖူးဘူး .. သရဲ တစ္ဆေတွေကလည်း သူ့စည်းသူ့ကမ်းနဲ့ နေတာ .. မင်းတို့ပဲ နောက်ထပ် ညီးမကျော်မိစေနဲ့ .."

သူတို့ ဘာလုပ်မိလို့လဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"ဘယ်လို!..."

ကြားလိုက်ရတာ အံ့သြသွားသဖြင့် ဆု ကိုယ်ပေါ်က စောင်ကို ခွာ၍ အိပ်ရာပေါ်ကနေ ခြေချ ထိုင်လိုက်မိ၏။

"ဟလို .. ကျယ်ကျယ်ပြောဟာ .. သိပ်မကြားရဘူး .."

"အဲ့ဒါဟာ .. ငါတို့တောင်မှ အန်တီ့ကို မျက်နှာပူလို့ မလိုက် ကြဘဲ နေတာလို့ သူ့ကို ပြောပါတယ် .."

"အေးလေ .."

"ငါတို့ မဟုတ်တာတွေ ပြောတာ ကြားပြီး အန်တီက နင်နဲ့ ဂျင်မ့် ကို တကယ်ထင်နေတာလေ ..၊ အဲဒါကြောင့်ပဲ မြန်မြန် မင်္ဂလာ ဆောင်ဖြစ်သွားတဲ့ဟာ .. ဒီကောင် ဘယ်လိုပြောပြော မရဘူးဟ .. ဘော်ဒါကဏ္ဍနဲ့လို့ပဲ ပြောနေတာ .."

"မကောင်းပါဘူး သောင်းသောင်း ရယ် .. ငါလည်း နင်တို့ သတိရတာပဲ .. ဒါပေမယ့် သူ့ကို ကွက်ထားခဲ့လို့ မကောင်းလို့ မခေါ်ခဲ့တာလေ ..၊ ညှော်ခံပွဲတုန်းက သူ လာတာတောင် မာမီက အ ခတ်နေတာ .."





"ငါတို့ သိပါတယ် .. သူကတော့ ခုလို အခင်ဆုံး သူငယ်ချင်းချင်း လာဆောင်တာတောင် မလိုက်ဘဲ နေတာကမှ လူ ပိုသတိထားမိ တာတဲ့ .."

"မြို့မှာလည်း ညှော်ခံပွဲ လုပ်ခဲ့တာပဲလေ .."

"ဟဲ့ .. ဆု .. နင် .. နင် အဲ့ဒီမှာ အဆင်ပြေနေလားဟင် .. နေ့က ဖုန်းပြောတုန်းကတော့ ရွှင်ရွှင် မရှိသလိုပဲနော် .."

"ပြေပါတယ် .. သူကလည်း ဘာသိဘာသာပဲ .."

"ဘာသိဘာသာကြီးလား ..၊ တကယ်ဆို သူ့ပုံစံကြီးနဲ့ နင့်ကို နေရမှာ .."

"အို.. မတုန်တာပဲ ကောင်းပါတယ်..၊ သူ အနားကပ်မှာ ကြောက် လို့ .. ငါဖြင့် ဘယ်ထွက်ပြေးရမှန်းတောင် မသိဘူး .."

"ခစ် .. ခစ် .. ခစ် ..."

"ဘာရယ်တာလဲ .. မိန်းမ .."

"ခု သူ အနားမှာ မရှိဘူးလား .."

"အခု မဟုတ်ဘူး .. ဒီည တစ်ညလုံး ငါ အေးချမ်းသွားပြီ .."

"ဟင်!... မင်္ဂလာဦးညက ခုမှဆို .."

"ဟုတ်တယ်လေ .. မြို့မှာက လက်မှတ်ထိုးကြတယ် .. လူကြီး အနည်းအကျဉ်းနဲ့ အကျဉ်းချုံးလိုက်တာ .."

"အဲ့ဒါကြောင့် တောမှာ ခြိမ့်ခြိမ့်သဲ လုပ်ပြီးတာတောင် .. နင်က .."

"တော်စမ်းပါ .. ဒီည ဆိုတာကြီးကို .."

"အဲ့ဒီအကြောင်းပဲ အံ့သြလို့ မေးနေတာလေ .."

"မမေးနဲ့ .. သတို့သမီး ဝှက်တဲ့ည ဆိုပြီး ပျော်ဖို့ အရမ်းကောင်း သိလား .."

ဆု ပြောပြနေတာကို နားထောင်ရင်း အပျော်တွေ ကူးစက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်တော့ ရယ်နေသေးသည်။ ပြီးမှ ...

"ဩော်.. ဩော်.. ခုမှ အရိပ်းကိုကောင်းမှန်း သိနေတယ်ပေါ့လေ

"ဘာ!... ဘာရှယ် ..."

"တောအထာ .. တော်ဖွေလဲ့တွေကို ပြောတာ ..၊ ခစ် .. ခစ် ..

"မဟုတ်ဘူး မယ်သောင်းသောင်း .. ငါက သူနဲ့ နီးနီးမနေရဲ

ကိစ္စတွေဆို အကုန်လုံးကို ကြိုက်တယ် .."

"ဒါဆို သေချာပါပြီ .. နင် သူ့ကို စိတ်ဝင်စားနေပြီ .."

"အမယ် .. လာသေးတယ် .."

"ဟုတ်တယ် .. အခု မမြင်ချင်တာတွေ .. ရန်ဖြစ်နေရ

အကြောင်းတွေ နင့်စကားထဲမှာ မပါတော့ဘူးလေ .. နီးနီးနေရ

ကြောက်တယ်ဆိုတော့ .. ဟဲ့ .. ဒီမှာ .."

သောင်းသောင်း အသံက ဖုန်းထဲကနေ တိုးကျသွားကာ ...

"မိန်းမ မှန်မှန် ဝန်ခံစမ်း ..၊ နင့်ကို ကြောက်အောင် လန့်အော

သူ တစ်ခုခု .."

"သောင်းသောင်း .. နင် ငါနဲ့ မပြောချင်တော့ဘူးလား ..၊ ဖုန်းခ

လိုက်မှာနော် .."

"အေးပါ .. အေးပါ .. မမေးတော့ပါဘူး ..၊ ဒါပေမယ့် တစ်

တော့ မေးခွင့်ပြု .."

"ဘာလဲ .."

"ဒီည နင် တစ်ယောက်တည်း နေရမှာ သေချာလား .."

"မသေချာလို့ ရမလား ..၊ သတို့သမီးဝုက်တဲ့အိမ်မှာ ဘာတွေ

ပြဿနာရှိခဲ့သလဲ မသိဘူး .. သားမြတ် လည်း ဒေါ်တွေကန်နေတယ်

အားလုံး ပျာယာခတ်ပြီး နံထဲ ခြံထဲမှာ စုရုံး စုရုံး ဖြစ်နေကြတုန်းပဲ

"ဟယ်!.. ဟုတ်လား .. ဘာတွေ ဖြစ်တာလဲ ..၊ နင်ကလည်း

မမေးတော့ဘူးလား .."





"မေးတာ ပြောမှ မပြောတာ ..၊ ငါ ကောင်မလေးတစ်ယောက်ကို

မေးကြည့်တော့ အဲဒီအိမ်က သရဲခြောက်တယ်တဲ့ ..၊ အဲဒီထဲမှာ

ကို သွားဝှက်ထားလို့ အားလုံး စိုးရိမ်ပြီး ပြဿနာတက်ကြတာ ထင်

တယ် .."

"ဟယ်!... နင် .. နင့်ကို အခြောက်ခံရလား ဟင် နေ့နင် ဘာတွေ

"

"အမလေး .. ဟိုကနေ သူက စိတ်ဝင်စားနေပြန်ပြီ .. ဘာသရဲမှ

မတွေ့ပါဘူး .. ဂိုအတွေ့အတစ်ယောက်နဲ့ ငါ စကားတပြောပြောနဲ့ လက်

သုပ်စားရင်း အိပ်ပျော် ပျော်သွားသေးတယ် ..."

"ကြည့်စမ်း .. သတ္တိကောင်းလိုက်တာ .. သရဲခြောက်တဲ့ အိမ်ကြီး

ကျ အရုပ်ကြီးတွေထဲကလို ဖျဉ်ဆောင်အိမ်မှ မည်းမည်းမှောင်မှောင်

"

"ဟုတ်ပ .. အိုစစ်ပဲ .."

"အယ်!... ဟုတ်လား .."

သောင်းသောင်း တော်တော်စိတ်ဝင်စားနေတာကို နားထောင်ရင်း

ဘ ဆရာကြီးလုပ်လို့ ကောင်းနေ၏။

တကယ်ပဲ သူမ ဘာမှ မမြင်ခဲ့တာလည်း မဟုတ် ..။

အဲ့ဒွားကိုလည်း တစ်ခါမှ မရင်းနီးဖူးမယ့် ရှေးဟောင်းနှောင်း

ဒီရွာက ပျော်စရာအဖြစ်လေးတွေ ပြောပြနေတာ စိတ်ဝင်စားဖို့

ကောင်းသေးသည်။ ..

ဒါပေမယ့် ခုချိန်မှာတော့ အခြေအနေကို အကြောင်းပြု၍ ဆုံ

လန့်နေသဲ့ဟိုလို ဖျိုးချင်သလိုလို ရွှေပြလိုက်တာ အားလုံး

ခတ်လို့ ..၊

"ဆို ရယ်.. အဲဒီအိမ်ကြီးအကြောင်း သူတို့ သိလို့ နေမှာပေါ့

ယ်ခြောက်တာ နေမှာ .. ငါတို့လာရင် လိုက်ပြနော် .."



www.burmeseclassic.com

www.burmeseclassic.com



"ပြုပါလိမ့်မယ် အားကြီး .. သားမြတ် က အဲဒီအိမ်ကို သွား
မလားဆိုပြီး သူငယ်ချင်းဆိုတဲ့ လူတွေကိုတောင် ထိုးမယ်ကြိတ်မယ်
လုပ်နေတာတဲ့ .."

"အံမယ် .. အံမယ် .. ဖြစ်နေပြီ တွေ့လား .. ဟွန်း .. ဒါနဲ့မွေး
ဘာသိဘာသာတဲ့ .."

ဆု မပြောချင်တာတွေ စကားထဲမှာ ပါကုန်တော့ တစ်ယောက်
တည်း ဇက်လေးပုသွား၏။

"သူကလေ .. ငါတို့ မလိုက်ရင်လည်း သွားမှာဆိုတော့ ငါ
လိုက်ရတော့မှာ .."

"နင်တို့က မလိုက်ချင်ဘူးလား .."

"ဘယ်လိုပြောလိုက်တာလဲ ဆု ရယ် .. ဟိုမှာ အကြီးအကျ
ပြန်ဆောင်မယ်ဆိုတည်းက မြို့က ဟိုတယ်လ်ကြီးတွေမှာ လုပ်
မင်္ဂလာပွဲထက် ပျော်စရာကောင်းမယ်ဆိုတာ ငါတို့က သိပြီးသား
ပြီးတော့ နင်တို့က နှစ်ဘက်မိဘက ချမ်းချမ်းသာသာ ပြေပြေလည်
လည်နဲ့ သဘောတူ ပေးစားကြတာ ..၊ တွေးပြီးတော့ ငါတို့ဆို လိုက်
တာ အူတွေတောင် ယားတယ် .."

"ဒီလောက်တောင် လိုက်ချင်တာများ သောင်းသောင်း ရယ်
မာမီက ဒီလောက် မရိုင်းပါဘူး .. ခုကျမှ မာမီတို့အပြန်ကို ချိန်ပြီး
ရင် ခိုးချောင်ခိုးဝှက် လာရသလို ပိုဖြစ်တာပေါ့ .."

"မတတ်နိုင်ဘူးဟာ .. အဲ့ဒါ နင့်အတွက်ပါ .. ဂျင်မ့် တို့ထို
က မြှောက်ပေးနေတာဟ ..၊ နင်က သားမြတ် ကို လုံးဝ အချစ်
စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ တောမှာ ပိတ်မိနေပြီလို့ ဂျင်မ် က
တွက်နေတာ .."

"အဲဒီလို ဖြစ်နေတော့ရော .. သူလာတာနဲ့ ဘာတွေ ပြော
သွားမှာမို့လဲ .."





"မသိတော့ပါဘူး ဆု ရယ် .. ငါလည်း ပြောတာပဲ ..၊ ဆု က
သူ့လူနဲ့ အဆင်ပြေနေပြီလို့လေ ..၊ သူ့ဟာသူ အသေအလဲ ပိုးခဲ့ပြီးတော့
နင် သူ့ကိုပဲ ရွေးမှာလို့ တစ်ဖက်သတ် ယုံကြည်နေခဲ့တာ ဖြစ်မယ် ..၊
ချက်ချင်းကြီး လက်ထပ်လိုက်တာကို သူ မယုံနိုင် ဖြစ်နေတာ သိလား..၊
ငါတို့တွေ ယုန်ထောင် ကြောင်မိ ဖြစ်ခဲ့ရတာ သူက မသိဘူး .."

ပြောပြီးမှ 'ကန်တော့ .. ကန်တော့'လို့ ပြောနေသေးသည်။

"မဟုတ်တာတွေပြောပြီး ကြားစေချင်တာက တစ်ယောက် ..
ကြားသွားတာက တစ်ယောက်လေ .."

"လာမယ်ဆိုရင်လည်း လာပစေပေါ့ဟာ .. ဒါပေမယ့် နင်တို့
တော့ လိုက်ခဲ့ကြဦးနော် ..၊ သူ တစ်ယောက်တည်း ပေါက်ချလာရင်..
အဲဒါ ကွိုင် .."

"အေးပါ .. အန်တီတို့ ပြန်လာမယ့်ရက်ကို ငါ့ကို ဖုန်းဆက်ဦး
နော် .. ပြီးတော့ ဂျင်မ့် နာမည် မပါဘဲနဲ့ ငါတို့ အလည်လာချင်နေတဲ့
အကြောင်းလည်း ပြောပြထားဦး .. အန်တီ့ အခြေအနေလေး ခန့်မှန်းလို့
ရတာပေါ့ .."

"နင်တို့ကို မာမီက အဲလောက် မဟုတ်ပါဘူးဟာ .. ဂျင်မ် အဲဒီ
အထဲပါ ဘာလုပ်မှန်း မသိဘူး..၊ သားမြတ် က အရစ်ရှည်တာနဲ့ ငါနဲ့
တော့ ကွိုင်တက်ဦးမှာပဲ .."

စိတ်ညစ်စရာတွေ ပြောပြီး ရှုံ့မဲ့နေတုန်း မာမီ ဝင်လာ၏။

"ဘာဖြစ်လို့လဲ သမီး .. ဖုန်း ပြောနေတာလည်း ကြာလှပြီ ..
မာမီက စိတ်ပြေလက်ပျောက် နေပါစေဆိုပြီး ကြည့်နေတာ ..၊ ဘာဖြစ်
လို့ ရှုံ့မဲ့နေတာလဲ .."

"မာမီ .."

မာမီ လာမှန်းသိအောင် ခေါ်လိုက်ပြီးမှ ဖုန်းကို ချထားလိုက်၏။
ပြီးတော့ မျက်နှာကို ဒီတိုင်းပုံစံနှင့် အိပ်ရာထဲ ပြန်လှဲလိုက်ရင်း ...

www.burmeseclassic.com



"ဟိုအိမ်ကြီးအကြောင်း သော်င်းသောင်း နဲ့ ပြောပြရင်း ချမ်းလာလို့ .."

"ဟုတ်လား .. သမီးပဲ ဘာမှ မတွေ့ခဲ့ပါဘူးဆို .. ဘာတွေ ဖြစ် လို့လဲ .."

"ဘာဖြစ်လို့လဲ သမီး .."

တံခါး ဒီတိုင်းဖွင့်ထားသဖြင့် ဒေါ်တင်မေ ကလည်း ဝင်လာသည် အမေနှစ်ယောက်စလုံးက စိုးရိမ်သည့်မျက်နှာတွေနှင့် ဖြစ်ကာ –

"သမီး ဘာဖြစ်လို့လဲ ..၊ ငါ့ချွေးမ မျက်နှာမကောင်းပါလား –

"ကြောက်နေလို့တဲ့ တင်မေ ရယ် .. ဘာမှ မမြင်ခဲ့ပေမယ့် လူ အလုံးအရင်းနဲ့ ပြုသနာတက်ကြတော့ လန့်သွားတာ နေမှာပေါ့ –

"ဟုတ်မယ် .. ဟုတ်မယ် .. ဒီကောင်လေးကိုက ကိုယ့်သူငယ် ချင်း ခွင့်လွှတ်လိုက်ပါဆိုတာ မရဘူး၊ သူက တိုးမယ် ကြိတ်မယ် လုပ်သေးတာ .."

ဒေါ်တင်မေ က သူ့သားသူ အပြစ်တင်ရင်း ဆို ရဲ့ လက်မော လေးကို ဆုပ်ကိုင်၍ တစ်ဖက်ဘေးမှာ ထိုင်လိုက်ကာ ..

"သမီးကို သားက အရမ်းကို တန်ဖိုးထားပြီး သည်းသည်း နေလို့ပါ ..၊ သူ့ကြောင့် ဘာမှမဟုတ်တာကို ရုတ်ရုတ်သဲသဲတွေ ဖြစ် သွားတာ .. အဲဒီအိမ်ကြီးကလေ .. အမေတို့ရဲ့ အဘိုး အရင်လက် တည်းက ရှိနေတာ ..၊ မျက်နှာစာ သုံးဖက်စလုံး နွယ်တွေ မြက် တက်နေတာ ကြည့်ပါလား .."

"ရှေ့မှာတော့ သိပ်မရှိဘူး အန်တီ .."

"အမေလို့ပဲ ခေါ်ပါတော့ သမီးရယ် .. အမေက သမီးလေး တော့ သမီးတစ်ယောက်ရဲ့ အမေလို့ ခေါ်တဲ့အသံလေးကို သိပ်ကြား တာ ..၊ လုပ်ခဲ့ပါဦး သဲသဲ ရယ် .. ကလေးကို ခေါ်ပါဦး .."

"ဟုတ်သားပဲ သမီးရယ် .. မာမီတို့က မိတ်ဆွေအဆင့်လော





သူ့တလေး ကိုယ့်ကလေး အရည်အချင်းတွေ ချိန်ခွင့်ထဲထည့်ပြီး ထိမ်း မြားပေးခဲ့ကြတာမှ မဟုတ်တာ ..၊ ညီအစ်မ မောင်နှမတွေလို ချစ်ကြတဲ့ ရပ်ဆွေရပ်မျိုးတွေလေ .. မာမီတို့ ချစ်ခင်ကြသလို ကလေးချင်းနီးစပ် အောင်လို့မကြိုးစားခဲ့ကြတာ .."

"မာမီကလည်း .."

"မာမီတို့ ပြန်သွားရင် သမီး အမေ ခေါ်ရအောင် အနီးဆုံးမှာ တင်မေ ရှိတာလေ ..၊ ယောက္ခမတော့ အမေပေါ့ .."

ပြောနေရင်း ရှေးဟောင်းနှောင်းဖြစ် ကို သတိရသွားမြန် ကာ ဒေါ်တင်မေ့ ဘက်ကို လှည့်၍ –

"ငါလည်း အမေ ခေါ်တာပဲ ကြိုက်ပါတယ်ဟယ် .. သူ့အဖွဲ့ ဆွေ နိုင်ငံခြားက ရောက်လာပြီး အိမ်မှာ သောင်တင်နေလိုက်တာလေ .. ကလေးက စကားတတ်ကာစ မာမီတွေ့ရက်ခီ မိုးမွှန်နေအောင် သင်ပေး သွားတာ .. ကလေးက မာမီပဲ ခေါ်နေတော့ ကလေးသိတဲ့အတိုင်းပဲ ကိုယ့်ကိုယ်ကိုယ် ထည့်ပြောရင်း ငါလည်း ဒီတိုင်း နှုတ်ကျိုးသွားခဲ့တာ .."

"အေးပါ .. ငါ့ကိုတော့ အမေ ခေါ်ရင် ကျေနပ်ပါပြီ .."

"ရှိနေတော့ ဖြစ်လာမှာပါပြီ ဒယ် .. ခုမှ လူငယ်ချင်းအောင် ရင်းနှီးသေးတဲ့ဟာ နင်ကလည်း .. အခု သားမြတ် ရော အိုယ်မှာလဲ .."

"ရှေ့မှာပဲ ထင်တယ် ..၊ အခွင့်မောင် ကို ခမျာ နဲ့ဖိုးရွှေ တောင် ယုံရဲရှာပါဘူးအေ .."

"အဲဒီအိမ်ကြီးရဲ့ ရှေ့မှာတော့ ဘာပင် ဘာမြက်မှ မရှိဘူးနော် အန်တီ .."

အမေ လို့ မခေါ်ရသေးတာကို အားနာခံရမယ် ခေါ်လိုက်ရည်း အတွက် .. ဒေါ်တင်မေ က နားလည်သည့် အပြုံးနှင့် ..

"ဟုတ်တယ် .. ဘယ်သူမှ ဘာမှ သွားမရှင်းရဘဲ အိမ်ရှေ့မြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ချုံထလာတယ်လို့ မရှိဘူး .. ပြီးတော့ အိမ်ကပဲ ရေနံချေးဝနေ
လား မသိဘူး ..။ အထဲမှာသာ ဖုန်တွေ အမှိုက်တွေနဲ့ ထုတက်
တက်နေမယ် ..။ တံခါးပတ္တာတွေတောင် သံချေးကိုက် ကြွေကျ
ပြုတ်ထွက်ကုန်တယ်လေ ..။ ဒါပေမယ့် ပျဉ်တစ်ချောင်း မကျိုးဘူး

"အဲ့ဒါ ဘာဖြစ်လို့လဲဟင် .."

"ဪ .. သစ်ကောင်းလို့ နေမှာပေါ့ သမီးရဲ့ .. ဦးဝိစ္စာ ဆို
ဘကြီးရဲ့မျိုးရိုးက မြို့မှာဆို အင်္ဂလိပ်ခေတ်တုန်းက အရာရှိ အရာခံ
တွေလို့ ပြောကြတယ်..။ ပြီးတော့ဦးဝိစ္စာ ရဲ့အဖေလက်ထက်မှာ တိုင်
မှာ တာဝန်နဲ့ သွားနေပြီး ပြန်လာတော့ ပညာတွေ တော်တော်စုံတာ
ဦးဝိစ္စာ ကလည်း တိုင်းရင်းသားတွေဆီက သူတို့တွေ ကျွမ်းကျင်ရာ
အကုန် ပြန်ပြီး လေ့လာတာဆိုပဲ .. စာတွေ အရမ်းဖတ်တာတဲ့ ..

"တိုင်းရင်းသားတွေဆီက ဘာတွေ သင်တာလဲ ဟင် .."

"မသိဘူး သမီးရဲ့ .. ချင်းတောင်ဘက်တွေ .. ဟိုး ချောင်
ချောင်ကြားက အိုးခွက်ပန်းကန် မသိဘဲ ဝါးဆစ်တွေနဲ့ ဂျုံပြုတ်ချေ
တဲ့လူတွေဆီတောင် ရောက်တယ်တဲ့ ..။ အဲဒါကြောင့် အဲဒီလူတွေ
ဟိုပြောဒီပြောတွေ ပြောနေကြတာ .. တကယ်က ဘာမှ မဟုတ်ပါဘူး
အဲဒီအိမ်ကြီးကို ဘယ်သူမှ ဝင်ပြီး မထိ မတို့တာက ငါတို့ရွာတွေ
စည်းကမ်းရှိတာလေ .."

"အေးနော် .. အထဲမှာ ကြေးစုတင်တွေ .. အဖိုးတန် ပရိဘော
တွေ ဒီတိုင်းပဲတဲ့ ..။ ငါတို့ ငယ်ငယ်ကတောင် တစ်ခါ နှစ်ခါ ချောင်းခဲ့
သေးတယ် .. ဒါပေမယ့် အထဲရောက်အောင် မဝင်ခဲ့ပါဘူး .."

"ဒီလောက် အကြီးကြီး မှောင်မိုက်နေတာ ငါတို့ ဘယ်လို
ဝင်ရဲမှာလဲ ..။ ဘာဖြစ်ဖြစ် ငါတို့ဝင်တုန်းကရော ချွတ်ချွတ်သံတော
ကြားခဲ့ရလို့လား ..။ ဒီမှာ သမီးမာမီကို မေးကြည့် ..။ အဲဒါ လူ
အလကား လျှောက်ပြောတာ .."





ဒေါ်တင်မေ က ဒေါ်သဲဆု ကိုတောင် သက်သေ ထူလိုက်သေးသည်။

"ဟုတ်တယ် သမီး .. ဘာမှ ကြောက်စရာ မရှိဘူး .. ဒီအိမ်ကြီးက ဘယ်သူ့ကိုမှလည်း ဒုက္ခပေးတယ် မကြားခဲ့ဖူးဘူး ..။ ကဲ .. ကဲ .. အိပ်တော့နော် .. မနက်ဖြန် မိုးညိုရွာဘက်ကို နတ်သွားပြရဦးမှာ .."

"သမီးက ဒီမှာ အိပ်မလို့လား .."

"ဪ .. အဟွန်း .."

ဒီချွေးမလေးကို သည်းသည်းလှုပ်နေတော့ သူငယ်ချင်းတွေပေမယ့် ဒေါ်သဲဆု အားနာသွားမိသည်။

ပြီးတော့ ဒီညက မင်္ဂလာဦးည ..။

"သိပ်နေမကောင်းလို့တဲ့ တင်မေ ရယ် ..။ ဟိုလေ .."

"အန်တီ.. အဲ့.. ဒီလိုပါ အမေရဲ့.. မာ်မီ မပြန့်ခင် ဆု မာမီနဲ့ပဲ.."

"ဟင်!... သဲသဲ တို့ မပြန်ခင်အထိ .. ဟုတ်လား .."

ဒေါ်တင်မေ ဒီတစ်ခါမှာတော့ မျက်နှာပျက်လေသည်။ ပြီးတော့ မှီးရိမ်သွားတာက ကိုယ့်သားကို ဆု ဘယ်လိုမှ လက်မခံချင်တာမျိုးလား .. ဟု ..။

"တင်မေ ကလည်းဟာ .. မနက်ဖြန် ဟိုဘက်ရွာမှာ နတ်ပြပြီးရင် နောက်နေ့ ငါတို့ ပြန်မှာပဲဟာ .. သူတို့ချင်း သိပ်မရင်းနှီးသေးတော့လည်း အမ်းနေကြတာ ဖြစ်မှာပေါ့ .. နားလည်ပေးလိုက်ပါဟယ် .."

ချော့တာကို ခေါင်းညိတ်မလို မျက်နှာကြီးက မပြုံးနိုင် .. မရယ်နိုင်နှင့် ..။

"အင်း .. ဟုတ်တော့ ဟုတ်ပါတယ် ..။ ဒါပေမယ့်ဟာ ဒီလိုညတွေကို ဖြတ်သန်းရင်းနဲ့ပဲ ရင်းနှီးမှု ရှိလာကြရမှာ မဟုတ်ဘူးလား ..။ ငါ ပြောချင်တာက ရှောင်လွှဲလို့မရတဲ့ သဘာဝတရားတွေလေ ..။ သားက လည်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဆု .. သူ့ကို ပြောပြီးပါပြီ .."

"ဟင်!..."

ဒေါ်တင်မေ အံ့သြသွားသည်။ ဒေါ်သဲဆု လည်း ခုမှ ဘဝင်ကျ သွားကာ...

"ကဲ .. တွေ့လား .. ဒါ သူတို့ချင်း နားလည်မှုရှိနေကြတဲ့သဘော ပဲ .. နင် စိတ်မပူပါနဲ့ .. ငါတို့တွေ ဖြစ်စေချင်သလို ဖြစ်လာမှာပါဟာ ဒါနဲ့ ငါတို့ ထူးလင်းအောင် ဆီ သွားကြမလို့ဆို .. သွားမယ်လေ -

ဒေါ်သဲဆု က စကားဖြတ်၍ ချက်ချင်း ထရပ်သည်။

"ကိုသားမြတ် ရဲ့အစ်ကိုဆိုတာလား မာမီ .. သူ့ကို ဘာလို့ ခုမှ မတွေ့တာလဲဟင် .."

"ကျန်းမာရေးမကောင်းလို့ ဆရာနဲ့ အနီးကပ် ထားရတယ် သခင် ရယ် .. အဲဒါကြောင့် ဆရာအိမ် သွားရမှာ .."

ဒေါ်တင်မေ ကပဲ ရှင်းပြကာ...

"သမီးနဲ့လည်း တွေ့ပေးဦးမှာပါ .. သူ့ညီ မင်္ဂလာဆောင်တာ သူ သိရင် ဘယ်လိုမှ ထိန်းလို့ရမှာ မဟုတ်ဘူး .. အရမ်း လာချင်မှာ -

"ဟင်!... မင်္ဂလာဆောင်တာတောင် မသိဘူးလား .."

ဒေါ်တင်မေ မျက်နှာပျက်သွားကာ ရုတ်တရက် မဖြေနိုင် -

ဒေါ်သဲဆု က ရယ်၍ ...

"သမီး သိသွားနဲ့ကွယ် .. ထူးလင်းအောင် က ကလေးစိတ် ... နေတာလေ .. နေထိုင်မကောင်းလေ ပိုဆိုးလေ ဖြစ်နေတာ .. သူ့ ချော့ရခက်တယ် .. ဒါကြောင့် သူ လာချင်မှာစိုးလို့ တမင် မပြော ထွေးလိုက်ကြတာ .."

လူကြီးတွေ ထွက်သွားသည်နှင့် နားစွင့်ကြည့်လိုက်တော့ အ... က စကားပြောသံတွေပါ တိတ်ဆိတ်သွားပြီကို သတိထားမိလိုက်သည်...

ထို့ပြင် တောသဘာဝ၏ တိတ်ဆိတ်ခြင်းက ခွေးဟောင်သံ...





ကြီးစိုးနေတတ်တာမို့ လူသံတွေ တိတ်သွားသည်နှင့် ဆု ကျေနပ်ချမ်းသွား မိ၏။ ဒီတိုင်းဆို မာမီတို့ ပြန်သွားတာနှင့် တစ်ယောက်တည်း မအိပ်ရဲ သည့်အမှုကြောင့် သူမ့် ဒုက္ခတွေ့တော့မှာ အကြီးအကျယ် ..

"ဆု .."

"ဟင် .."

တံခါးခေါက်သံ ကြားသည်နှင့် ဆု အိမ်ရာထဲက နေ ငုတ်တုတ် လေး ဖြစ်သွား၏။

"ငါ ဝင်ခဲ့မယ် .."

"ဟင့်အင်း .. အဲ့ .. ဟို .."

သူမ လက်တကားကားနှင့် ရှိနေဆဲ သားမြတ် က အထဲဝင်လာ၏။ ရှပ်အင်္ကျီအပြာကွက်နဲ့ လက်ရှည်ကို သူ့စတိုင်လ်အတိုင်း အပေါ်ကြယ် သီး တစ်ဝက်ဖြုတ်နှင့် ကြက်သွေးရောင် ချိမ်းဘောင်းအိရှည်ပွပွကြီးနဲ့ ကြောင်တောင်တောင်...။

အရပ်ကြီး ရှည်မျောမျောပေမယ့် လိမ်းနွဲ့ချောက်ပုံ ကြည့်ပျော် ရွှပျော်လေး ဖြစ်နေလို့သာ တော်တော့သည်။

မဟုတ်လျှင် ဘယ်လိုမှ အချိုးမပြေသည့် ဝတ်စားပုံနှင့် ဆံပင် ဘုတ်သိုက်ကြောင့် သားထူးသားမြတ် ဆိုတဲ့လူ သွားပြီ ..။

"လူကို ပြူးတိပြူးကြောင် ဘာမှောကြည့်နေတာလဲ .."

မှုန်ကုတ်ကုတ်မျက်နှာနှင့် ရှုပ်ယှက်ခတ်နေသည့် ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်ရင်း မတည့်တာက အရင်စ၏။ ပြီးတော့ ဆု ရဲ့ရှေ့မှာ ခပ်နွဲ့နွဲ့ ခါးထောက်လျက် ...

"ခင်ဗျားကို အတူတူ အိပ်ရအောင်ပါဆိုပြီး အတင်း ပွေ့ခေါ်တော့ မယ်များ ထင်နေသလား .."

"ရှင့်ကို ဘယ်သူက ဘာပြောနေလို့ ရှင်ချည်းပဲ စွတ်ပြောနေ တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ဘာပြောနေလို့လဲဆိုတော့ ဒီအခန်းထဲမှာ အိပ်ဖို့ ငါက ခွင့်ပြုတာပါလို့ အမေ့ကို မင်း မပြောလိုက်ဘူးလား .."

ဆု မျက်နှာလေး ဖျတ်ခနဲ လွှဲသွားသည်။

"ဟွန်း .. အဲဒီစကားကို အမေ ပေါ်တင်ကြီး လာမေးလို့ ငါ့ကို ဟိုကောင်တွေ ဘာတွေ ပြောသွားလဲ .. သိလား .."

ဆု သူ့မျက်နှာကို ကြည့်လိုက်တော့ တော်တော် ဒေါသထွက်နေသည်။ မျက်ခုံးကြီးတွေက တွန့်ကုတ်လျက် ...

"ငါက ခွဲအိပ်စေချင်နေတယ်ဆိုတော့ လူကို ဂန်ဒူးလေး - အခြောက်လေးနဲ့ .."

"ဆု က အဲဒီလိုဖြစ်အောင် ပြောလိုက်တာမှ မဟုတ်တာ .."

လေသံလေး ပျော့သွားတော့ သားမြတ် ရဲ့ တွန့်ကုတ်နေသည့် မျက်ခုံးနှစ်ဖက်ပါ တစ်ထစ် ပြေ၏။

"ပြောတာဆိုတာ ဆင်ခြင် ..၊ တစ်ခါတည်း ပွဲ့ထုတ်သွားပြီး အခြောက် မဟုတ်မှန်း သိအောင် အားလုံးရှေ့မှာ တစ်ခုခု လုပ်မိလိမ့်မယ် ..၊ ဟွန်း .."

သူ ပြန်ထွက်သွားတော့မှ ဆု နှုတ်ခမ်းလေး မဲ့ရွဲ့ပြီး မေတ္တာပို့၏။ လုပ်ကြည့်ပါလား ..၊





အခန်း(၁၉)

"ကြိုသာ ကြိုတာနော် .. မျက်နှာတွေက ချိုနေတာပဲ .."

"အေးလေ .. ဘယ်သူတွေကရော သူတို့ရွာကို ခြေချချင်လို့လဲ..၊ အလကား အကုသိုလ်ရှာ .."

နတ်ပြပြီး ပြန်လာကြတော့ တစ်ယောက်ပါးစပ်မှာမှ ခင်မင်နှစ်လိုကြောင်း တစ်ခွန်း မပါ ..။

"ခဏ နားဦးမယ်ဟော့ .. ငါ့ချွေးမ မောနေပြီ .."

ဦးထူး က ဒီဘက်ကနေ ဆီးပြောသဖြင့် ကုန်းထိပ်အဆင်းမှာ အားလုံး ရပ်ကုန်ကြ၏။

"ဘယ်လိုလဲ .. မယ်သေးသေး ကောင်းကောင်းမှ ကြိုဆိုလိုက်ရဲ့လား .."

"သူ့တူမ မျက်နှာလေးကို ကြည့်တာတော့ ပြုံးချိုလို့ပါပဲ .."

"ပြီးတာပဲကွာ .. ငါတို့ကို ပြုံးချိုနေမှာ မဟုတ်ဘူးဆိုတာ သိနေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးထူး က ဒီဘက်ကနေ စောင့်နေသဖြင့် လူငယ်တွေက အလု အယက် တိုင်ကြတာ မဲ့မဲ့ရွဲ့ရွဲ့ ..။

ဒေါ်တင်မေ ကတော့ ဒေါ်သဲဆု မျက်နှာကြောင့် ပြုံးထားရှာပါ၏။

"အင်း.. ဒီရွာနှစ်ရွာ မတည့်သရွေ့ .. လျှပ်စစ်မီးသွယ်ဖို့က ဖြစ် လာမှာကို မဟုတ်တော့ဘူး .."

"အဲဒါကြောင့် မင်းက တည့်ချင်နေတာလား .."

"သူတို့လို အမြဲတမ်း ရန်လိုမနေတာတော့ အမှန်ပဲလေ ..။ သူတို့ ဘက်က အဘိုးကြီး အဘွားကြီးတွေကအစ ငါ့လူ သူ့လူနဲ့ ရန်စောင် နေကြတာ .."

ဆုံ့ က သစ်ပင်ရိပ်လေးမှာ ထိုင်လိုက်ကာ အေးပုံ လက်ထဲက ယပ်တောင်ကို ယူ၍ ကိုယ့်ဘာသာ ခတ်လိုက်ရင်း ...

"ရွာနှစ်ရွာ ကွဲနေလို့ မီးမရတာလား ဦး .."

"ဟုတ်တယ် .."

ဦးထူး က အမြင့်ဆုံး မြစ်ဆုံမှာ ထိုင်လိုက်ကာ

"အိမ်ထောင်ဦးရေက နှစ်ရွာပေါင်းမှ သတ်မှတ်ချက် ပြည့်မှာလေ .. ပြီးတော့ မီးကြိုးလိုင်းက အဲဒီရွာဘက်က အဝင် ဖြစ်ရမှာ .. တခြားကိစ္စ တွေရောပေါ့ကွာ ..။ ဒီရွာက နတ်ကိုးကွယ်တဲ့လူတွေလည်း များတယ် .. သူတို့ဘာသာ သီးနှံ မဖြစ်ထွန်းရင် လူကြောင့် .. နတ်ကြောင့် .. နဲ့ အမျိုးမျိုး ဥပဒ်ကြတာ .."

"ဒါဆိုရင် ဒီရွာနှစ်ရွာ တည့်ပါဦးမလားဟာ .."

".. မတည့်နိုင်ဘူးလေ ..။ သူတို့က မာနကြီးသလောက်တော့ ငါတို့ ကလည်း အေးဆေးပါ ..။ လျှပ်စစ်မီး မရှိလည်း မီးစက်ရှိရင် မီးလင်း တယ် ..။ မီးစက်မှိတ်တဲ့အချိန် မီးလင်းဖို့တလည်း အားခဲ့လို့လဲ .. သုံးစရာပစ္စည်းတွေမှ အများကြီး .. ငါတို့ရွာက လူတိုင်း မီးစက် ကိုင် နိုင်တယ်၊ နားငြီးတဲ့ဒဏ် မခံနိုင်လို့ ခေါင်းဆောင်တဲ့ လူကြီးပိုင်းတွေ





ကို တာဝန်ယူထားတာ .."

"ကိုဝါ အဖေရော .. ဒီရွာအကြောင်း ခေါင်းထဲ ထည့်မနေစမ်းပါ .. သွားမယ် .."

သားမြတ် က စိတ်မရှည် ..

"ခေါင်းထဲ မထည့်လို့ မရဘူးလေ..။ ခုပဲ ဒေါ်ဝိစိကွေးမ က ဆွေမျိုး သွားပြီ .. ကိုသိန်း တို့ ပြန်သွားတာနဲ့ သူတို့မဆိုတဲ့ ခေါင်းစဉ်ကြီးနဲ့ တို့ အိမ်ထောင်ရေးထဲ ဆားမခတ်ဘူးလို့ ပြောနိုင်မလား .."

"ဘာဆိုင်လို့လဲ .."

"အခု ဆိုင်ဖို့တွေ ရှိလာတာကို ပြောနေတာပဲ .."

"မဟုတ်တာ ကိုထူး ရာ .. ကျွန်တော်တို့က ခမည်းခမက်တွေပဲ၊ ကျွန်တော်တို့ မရှိရင် သမီးကို ခင်ဗျားတို့လက်ထဲမှာ လုံးဝ ပုံပြီး ကွေ့ကွက် ခံခဲ့မှာလေ ..။ ဘာအရေးဖြစ်ဖြစ် ခင်ဗျားတို့ပဲ ဆုံးဖြတ်ရမှာပေါ့၊ ယုံကြည်မှုရှိကြလို့သာ .. ဒီလို စီစဉ်ခဲ့ကြတဲ့ဥစ္စာ .."

"ကျုပ်က သိပါတယ် .. ဒါကြောင့်လည်း သူ့ညီမရှေ့မှာပဲ သူ့အစ်မ အကြောင်း တုပ်နေတာပေါ့ .. အဟွန်း .."

ဒေါ်သဲဆု က ရယ်၍ ...

"ရပါတယ် .. အစ်မရယ် ညီမရယ် မဟုတ်ပါဘူး .. အားလုံးက ... ကို မောင်နှမတွေချည်းပဲ .. ဘယ်သူ့ဘက်ကိုမှ အားနာဖို့ မလို ... ပြောသာ ပြော .."

"အဲဒီလို လမ်းဖွင့်မပေးနဲ့ သဲသဲ ရေ .. အဲဒီလူက နင့်ရဲ့ မယ်သေး ... ကို အစတည်းက ကြည့်ရတာ မဟုတ်ဘူး ..။ ရွာမှာ အတူနေတုန်း ... က တည့်မှ မတည့်ကြတာ .."

ဒေါ်သဲဆု က အသံထွက်အောင် ရယ်ကာ ...

"သိတယ်လေ.. သေးတဲ့လူကလည်း ဆေးသေး ခေါ်ရင် မကြိုက်၊ ... ကလည်း ပိစိကွေးမ .. မယ်လက်မ .. မပုတို .. စုံအောင် ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား ..."

"အရီးနော် .. ဒါပေမယ့် ဟိုဘက်ရွာမှာ လူကြီးကတော်တော့ သွားဖြစ်လိုက်သေးတယ် .."

"ဒါပေါ့ကွာ .. အနူတောမှာ လူချောဖြစ်တာ နေမှာပေါ့ .. ငါတို့ရွာမှာ ကျီးမထိုး ခွေးမစားပေမယ့် ဟိုရွာမှာတော့ သူ့လောက်တောင် အဆင်ပြေတာ မရှိဘူးလားမှ မသိတာ .."

"ဟား .. ဟား .. ဟား ..."

အေးပုံ နဲ့ သူဇာ တို့က အရယ်သန်သလောက် လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်ကြ၏။

"ကဲ .. ကဲ .. ငှက်ပျောသီးတွေ အမောပြေ စားကြ .. အုန်းသီးတော့ ကုန်းထိပ်ညောင်ပင်မှာပဲ ချိတ်ပစ်ခဲ့ကြတော့ .."

"သွားပါမယ်ဆိုမှ အဖေရာ .. ဟိုဘက်ထိပ်မှာ သချိုင်းနဲ့ ဘာတွေ သာယာနေမှန်း မသိဘူး .."

"ဟ .. သချိုင်းဆိုတာ အေးချမ်းဆုံးနေရာကွ .. ဒီနဲ့လည်း အဝေးကြီးပါကွာ .. ဒီကုန်း တစ်ပတ်ပတ်မိဖို့ ဘယ်နှစ်မိုင်လောက်ရှိလဲ မင်းသိလား .."

သားမြတ် က ဘာမှ မပြောတော့ဘဲ ဆု ထိုင်နေသည့်နောက်သစ်မြစ်မှာ ကျောချင်းကပ် ဝင်ထိုင်လိုက်၏။

"ကြင်နာတာတွေနော် .."

"ဟော့ကောင် .. ဘာလဲ .."

သန်းစိုး က လက်တို့မေးပြီး ပြုံးစိစိ ..၊

အုံ့မောင် က ဘာမှမဟုတ်သည့် မျက်နှာနှင့် ငှက်ပျောသီးပါးစပ်ထဲ ထည့်ပြီးမှ ...

"အမြင်မတော်တာတွေ ရှိလို့ပါ .. အင်း .."

ငှက်ပျောသီး ဝါးရင်း နေရာမှ ထရပ်လိုက်ပြီး ...





"ဦးလေးထူး .. ကျွန်တော်တို့ ပြန်နှင့်တော့မယ် ..၊ သူဇာ တို့ ပြန်လိုက်မှာလား .."

"မလိုက်ပါဘူး .. မမဆု နဲ့ နေရမှာ .."

"ဘာလဲ နေရာတကာ မမဆု နဲ့ နေမယ်ချည်းပဲ ... နင်တို့နဲ့ လာခေါ်ထားတာလား .."

လူတွေရှေ့မှာပဲ အုံ့မောင် က ဖိဟောက်ပစ်လိုက်သည်။ ပြန်ဖို့ တိုးမတ်တတ် ထရပ်သူတွေက ပြုံးစိစိနှင့် ဘာမှမပြော ..၊

သူဇာ မျက်နှာလေးငယ်ကာ ဆု တားမှာလားလို့ လှမ်းကြည့်ပေမယ့် ဆု က မတားသဖြင့် ထရပ်လိုက်ရကာ ...

"အရီးက မမဆု လိုအပ်တာ လုပ်ပေးဖို့ နေရမယ်ဆိုလို့ပါ .."

"အေးလေ .. ကြီးကြီး ဆုမှာ စိုးလို့ပါ .."

အေးပုံ နဲ့ သူဇာ တို့ ဆင်ခြေလေးတွေ အသီးသီးနှင့် ပြန်ဖို့ ပြင်ကြလေသည်။ လူကြီးတွေလည်း ရယ်သံတွေ ထွက်၍ ထပြန်ကုန်ကြချိန် ..၊ သားမြတ် က နေရာမှ ထ၍ ...

"ဘာလုပ်နေတာလဲ .. ထလေ .."

"ထိုင်ချင်သေးလို့ .."

သူ ဆု ထိုင်နေပုံလေးကို ငုံ့မိုးကြည့်ရင်း နှစ်သက်ခြင်းတွေ ဖြစ်ခဲ့ရင်း စိတ်က နူးညံ့ ညွတ်ကျသွားခဲ့၏။

ဖြူဆွတ်ဆွတ်ပေါ်မှာ ဇာပါးလေးနှင့် ဂါဝန်ပုံစံ ကိုယ်ကျပ်ပျော့လေး ဝတ်ထားသည်မို့ ထိုင်နေပုံလေးနှင့် စကက်၏အောက်ဖျားစကက မြေပြင်ထက်မှာ ပုံကျနေသည်။

ဒါကို လည်ပင်းဟိုက်သည့်ပေါ်မှာ အဖြူရောင် ပဝါပါးအရှည်ခပ်ဖွဖွ ပတ်ထားသဖြင့် ဂါဝန် ဝတ်ထားပေမယ့် မရိုင်းပေ ..။ အဖြူရောင်လေးမို့ ယဉ်နေ၏။

ဆံပြင် ဇာလေးချည်းပဲ လက်မောင်းတစ်ဝက်ကနေ လက်ဖုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ာက်ထိ အကျပ်လေး ထည့်ထားသဖြင့် သူမပုံစံလေးက ခေတ်ဆန်
ပြင်ထားတာတောင် ကြည့်နေတိုင်း လှနေလေသည်။

ရွာကို ရောက်လာပေမယ့် ဆု တစ်ခါမှ မြန်မာဆန်ဆန် ဝ
ာသးပေ ..၊ ဒါပေမယ့် ရိုင်းတယ် ပြောရလောက်အောင်လည်း မဆ

ဒီနေ့ ပုံစံလေးက မြို့မှာ ပွဲတက်ဝတ်စုံပေမယ့် ရွာသူရွာ
အားလုံးက ကဲ့ရဲ့ နှာခေါင်းရှုံ့ခြင်း မရှိသည့်ပြင် ဟင်.. ခနဲ ဟာ
ဖြစ်အောင် ငေးကြ၏။

ပြေးကိုင်ကြည့်တဲ့သူက ကြည့် ..၊ လှလိုက်တာလို့ ပြောတဲ့
ပြော ..၊ တကယ်ဆို သူမလေးက ကိုယ်နဲ့ ထိုက်တန်ပါရဲ့လား

သူ ဒီလိုတော့ ခဏတစ်ဖြုတ် အတွေးဝင်ခဲ့ဖူးသည်။ ဒါပြ
လည်း ရက်သလိုလို သိမ်ငယ်သလိုလိုလည်း တစ်ယောက်တည်း
ခံစားဖူးခဲ့၏။

သို့သော် ကိုယ်အားငယ်တာ ကိုယ့်ရင်ထဲမှာပဲ ဖြစ်ကာ သူ
အထင်သေး အမြင်သေး ဆက်ဆံလာခဲ့ကျတော့ သူ မခံနိုင်

"ရှင် ပြန်တော့မလို့လား .."

"ဟင်!..."

သူ ငေးနေမိပြီးမှ သူမ့ အသံကြောင့် သတိဝင်၏။

"မင်း ပင်ပန်းနေပြီလားလို့ပါ .."

ပြောပြီး နေရာမှ ပြန်ထိုင်လိုက်တော့ ဆု ကပဲ သူ့
တစောင်းလှည့်လာရကာ ...

"သားမြတ် .."

"ဒါ မင်းထက် အသက်ကြီးတယ် .."

"ဒါပေမယ့် ကိုသားမြတ် လို့မှ ခေါ်လို့ မကောင်းတာ၊ မ
လို့ မဟုတ်ဘူးဆိုတာ ရှင် သိရင် ပြီးတာပဲ .."

နားထဲမှာ အဝင်ဆိုးသလို ဖြစ်နေပေမယ့် သူ ငြိမ်နေလိုက်





"ရှင့်ကို ပြောစရာ ရှိလို့ .."

"ဘာလဲ .."

"ဟို .. မာမီတို့ ပြန်သွားရင် ဆောင်းနှင်း တို့ အလည်လာကြ
ဦးမယ် .."

"ဘာ!..."

"သူတို့က မင်္ဂလာဆောင်အမှီ လာကြဖို့ပါ ..၊ ဒါပေမယ့် သူတို့
ာတာချင်း မဆုံကြတာရယ် .. ခရီးရှည်ကြီးမှာ လူတွေ များနေမှာ
ာတာရယ် ..၊ ပြီးတော့ .."

ဆု က ငုံ့ကြည့်တော့ သူက ကြည့်နေတာနှင့် ဆုံမိ၏။ လူချင်းက
ချင်း မထိတထိမို့ မျက်နှာချင်းကလည်း သိပ်မကွာပေ ..။

ထို့ကြောင့် သူ့မျက်လုံး စူးစူးရဲရဲတွေက လူ့ကို ရိုက်စစ်တော့မယ့်
ိုင်း ပြင်းထန်နေသလို ခံစားမိကာ ...

"ရှင်ကလည်း သူတို့အကြောင်း ပြောလိုက်တာနဲ့ .."

"ငါ ဘာမှ မပြောရသေးဘူးလေ ..၊ မင်း ပြောစရာရှိတာ ဆက်
.."

"အဲ့ဒါပဲလေ .. ရှင်က အိမ်ရှင် ..၊ သူတို့က ရှင် သူတို့ကို သိပ်
ည်ဘူးလို့ ထင်နေကြတာ .."

"ဟုတ်တာပဲ .."

"ဘယ်လို!..."

"ကိုယ်မှ မကြည်တာ .."

ကိုယ် ဖြစ်သွားလိုက် .. တစ်ငါတည်း 'ငါ' လိုက်နှင့် အရွတ်ဆန်
အဲ့ဒီမျက်နှာကြီးလောက် မုန်းဖို့ကောင်းတာ မရှိ ..။

"ရှင် အဲဒီလို သူများ စိတ်မချမ်းသာအောင် အတုံးလိုက် အတစ်
ပြောရတာ စိတ်ချမ်းသာတယ် .. ဟုတ်လား .."

"သာယာနာပျော်ဖွယ် မရှိအောင် အတုံးလိုက် အတစ်လိုက် ပြော



www.burmeseclassic.com

www.burmeseclassic.com



ရကာမှတော့ စိတ်ချမ်းသာလို့ ဟုတ်မလားကွ ..”

“ဒါပေမယ့် ရှင် ဘယ်တော့မှလည်း ညင်ညင်သာသာ မပြော ပါဘူး ..”

“မင်းနဲ့ ငါ့အကြောင်း ပြောကြည့်ပါလား ..”

“မပြောချင်ပါဘူး .. ပြောချင်စရာကို မရှိတာ ..”

“မပြောနဲ့လေ .. ကိုယ်လည်း မင်းလိုပဲ .. တခြားအကြောင်း စိတ်မဝင်စားဘူး ..”

“ရှင် ဝင်စားမှ ဖြစ်မှာမို့လို့ စျေးကိုင်နေတာလား ..”

“အဟွန်း ..”

သားမြတ် က ရယ်လိုက်ပြီး ဆု ကို ငဲ့ကြည့်သည်။ ပြီး ချဉ်တူးတူး မဲ့၍ ...

“မင်းရဲ့ ဂျင်မ် မင်းအပေါ်မှာ အဲ့ဒီလောက်တောင် အမျှင်တန် တာတွေက ကိုယ့်အတွက် ဘယ်လောက်တောင် စိတ်ဝင်စား ကောင်းနေလို့လဲ ..၊ အဲ့ဒါ စိတ်ဝင်စားရမှာ မဟုတ်ဘူး.. မင်းနဲ့ ဘယ် ရန်ဖြစ်ကြမလဲဆိုတာ ပြင်ဆင်ထားရမှာ ..”

“ဘာ!...”

“သူ မင်းကို မရိုးသားခဲ့တာ သိနေသားနဲ့ ငါက ဘယ်မျက် ကြည်ဖြူရမှာလဲ ..”

“အဲဒါတွေနဲ့ ဘာဆိုင်တော့လို့လဲ .. အခု သူက သောင်းသော တို့နဲ့ အလည်လာမှာ ..၊ ဆု လည်း လက်ထပ်ပြီးနေပြီ .. ရှင် ပြော တွေ အဓိပ္ပာယ်မရှိဘူး သားမြတ် ..”

“သောင်းသောင်း တို့ .. သိန်းသိန်း တို့ကရော .. ငါ့ကို ဘယ် က လိုလိုလားလား ရှိခဲ့လို့လဲ ..၊ မင်းတို့အုပ်စုနားမှာ ငါက စပါးမွေး ရူးစရာ အမှိုက်တစ်စလေ ..”

“ပြီးခဲ့တာတွေကို ပြန်ပြောပြီး စကားနာ မထိုးပါနဲ့ ..၊ ဆု





ဘတ္တသိုလ်မှာ ကျောင်းပြီးတဲ့အထိ အတူတူ တွဲခဲ့ကြတာ ..၊ သင်တန်း ဆွ တက်ကြတဲ့အထိလည်း အတူတူ တိုင်ပင်ပြီး တက်ကြတာပဲ ..၊ ရှင်က တစ်ရက် နှစ်ရက်လေး ရောက်လာတဲ့သူ ..”

“တောသား ငတုံးဆိုတဲ့ကောင်က မင်းသမီးကို ဆွဲစားသွားတော့ ဘယ်သူမှ မကျေနပ်ကြဘဲ ကျန်ခဲ့ကြတာ အရှင်းချည်း ..၊ မင်းတောင်မှ ကိုယ် စိတ်ပျက်ပြီး ပြန်ပြေးအောင် ကလပ်တွေ ဘာတွေတက်ပြီး မလုံ ခြုံတွေ ဝတ်ပြလိုက်သေးတယ်မို့လား ..”

သူ အဲ့ဒါတွေ ဘယ်လို သိသွားတာလဲ ..၊

ဆု မျက်နှာလေး ပျက်နေတာကို သူက စိုက်ကြည့်၍ ...

“မင်းပုံစံက တမင်လုပ်ပြတာ သိသာလွန်းလို့ပါ .. ငါ သိပ်လည် သို့တော့ မဟုတ်ပါဘူး ..၊ ပြီးတော့ ဂျင်မ် ဆိုတဲ့ကောင်က သူ့ချစ်သူ သိုလို .. ကိုယ့်ကို စိန်ခေါ်စကားတွေ ပြောခဲ့သေးတာ ..”

“ဟင် .. အဲ့ဒါတွေ ဘယ်တုန်းကလဲ ..”

“ဘယ်သူမှ မသိလိုက်တဲ့ ခဏတစ်ဖြုတ် ပြောဖြစ် ဆိုဖြစ်ကြတာ မျိုးမှာပေါ့ ..၊ ဒါပေမယ့် ဆု .. မင်း သိထားဖို့က လူတိုင်းမှာ မာန ရှိ တယ် ..၊ ငတုံးဖြစ်ဖြစ် .. ငကြောင်ဖြစ်ဖြစ် မာနကို ထိလာရင် မခံချင် စကားတော့ ပက်ခနဲ ပြန်ပြောမှာပဲ ..၊ ကိုယ်က အဲ့ဒီထက် အများကြီး ဖိုတဲ့ကောင် ..”

ဆု က သူ့မျက်နှာကို သတိလက်လွတ် ငေးကြည့်နေခဲ့၏။

“လှတာမြင်ရင် ချစ်ချင်တဲ့သဘာဝအတိုင်း မင်းရဲ့အလှကို ကိုယ် လည်း မက်မောခဲ့တာပဲ.. ဒါပေမယ့် မာနကိုထိရင် လိုချင်ပေမယ့် ထားခဲ့ နိုင်သလို မာနကြောင့်ပဲ မရရအောင် ယူဖို့လည်း ဖြစ်သွားနိုင်တာပဲ..”

“ဒါဆို ပြောစမ်းပါ .. အခု မာမီက ချက်ချင်းပဲ လက်ထပ်ပေး တော့မယ်လို့ ဖြစ်သွားတာကို ရှင်က မငြင်းဘဲ နေခဲ့တာလား ..၊ ရှင် ကြောင့် အဲဒီလို ဖြစ်သွားတာလား ..”



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါ့ကြောင့်လို့ ထင်နေတာလား .."

"ရှင့်ကို မေးနေတာလေ .."

"ဒီလောက် မြန်မြန်ဖြစ်သွားတဲ့ကိစ္စက ကိုယ့်ဆန္ဒကြောင့်ဆိုရ
တော့ ကိုယ့်ကိုယ်ကိုယ်တောင် မသိတဲ့ စွမ်းအားမျိုး ကိုယ့်မှာ ရှိနေတ
သေချာတယ် .."

ဆု က ကြီးကြီးကျယ်ကျယ် ပြုံးလိုက်သည့်မျက်နှာကြီးကို မျ
စောင်းထိုးပစ်လိုက်၏။ ပြောချင်တာက နည်းနည်း .. ပြောဖြစ်နေတ
က အများကြီး ဖြစ်နေခဲ့သည်။

"အဲဒါတွေ ရှင် ထားခဲ့လိုက်စမ်းပါ .. အခု ပြောနေတာက –"

"ထားခဲ့လိုက်ဆိုရင် ကျန်ခဲ့တဲ့ကောင် ဒီကို ရောက်လာမယ့်က
လည်း မင်း မပြောနဲ့လေ .."

"အခု သူတို့က သူငယ်ချင်းတွေမို့လို့ ရိုးရိုးသားသား လာကြမှာ
ဆု နဲ့လည်း ဘာမှ ဖြစ်ခဲ့တာမဟုတ်ဘူး ..၊ ဒီမှာလည်း အိမ်ထောင်သည်
ဖြစ်နေပြီ .. ရှင် ဘာဖြစ်လို့ ကပ်သပ် ပြောနေသေးတာလဲ .."

သူက ဘာမှမပြောဘဲ ဟိုဘက်လှည့်နေ၏။ မဲ့ရွဲ့နေတာလား –
တစ်ခုခု ထိုးနှက်ပြောစရာ စကားလုံး ရွေးနေတာလား .. ဘာမှန်းတော့
မသိ ...။

"မာမီ့ ကိုလည်း ပြောမှာပါ ..၊ ဒါပေမယ့် ဂျင်မ် ပါလာမှာ
တော့ .."

သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်သဖြင့် ဆု စကားရပ်သွားသည်။

"ဆက်ပြောလေ .."

"ဂျင်မ် ပါမှာကို မာမီ့ကို မပြောချင်လို့ .."

"အကြောင်းရင်းက .."

"ဂျင်မ့် ကို ဆံပင်ဆေးဆိုးတာတွေ .. ဝတ်စားပြောဆိုပုံတွေ
စပြီး မာမီက ဟိုတုန်းတည်းက သိပ်ကြည့်ရခဲ့တာ မဟုတ်ဘူး –"





"ဒါပေမယ့် အိမ်မှာ ဝင်ထွက်နေတာပဲမို့လား ..၊ သူ့အကြောင်း
း မပြောရဲတာ အကြောင်းတော့ ရှိမှာပါ .."

သားမြတ် က အကြည့်စူးစူးတွေနှင့် ဒါကို အငိုက်ဖမ်း မေး၏။
ဘာဖြေရမှန်း မသိပေမယ့် သူ့ရှေ့မှာ ကြာကြာ ဆွံ့အနေလို့ မဖြစ်..။

"ဆု လက်မထပ်ချင်ပါဘူးဆိုတာကို ဂျင်မ် နဲ့ တစ်မျိုးထင်နေတာ..၊
ဒါကို ရှင်းပြလည်း မရဘူး .."

ပြောလက်စနှင့် စကားလမ်းကြောင်းလေး ပွင့်သွားကာ ...

"နှင်း နဲ့ ဖုန်းပြောနေတာကိုလည်း တစ်မျိုးတစ်မည် အဓိပ္ပာယ်
ကောက်ပြီး ဘာတွေ ထင်သွားလဲ မသိဘူး .. အလည်လိုက်မယ့် ခရီး
နေ လက်ထပ်ဖို့ခရီး ဖြစ်သွားတော့တာပဲ .."

ဆု အပြောကောင်းသွားလို့ ထင်သည်။ သားမြတ် ရဲ့မျက်နှာပေါ်
မထိတထိ မဲ့ပြုံးတွေ ကွာကျသွားသည်။ ဆု ပြောပြီးတဲ့အထိ သေချာ
ထောင်နေပြီးမှ ...

"အဲ့ဒီလို ဖြစ်သွားတာလား .."

ပြောပြီးတော့ စိတ်မကောင်းသည့်ပုံ ဖြစ်သွားကာ ...

"ကိုယ်တောင် အံ့သြသွားတာ ..၊ အဲ့ဒါ ကိုယ့်အပြစ်လည်း ပါမယ်
င်တယ်၊ မင်း အဲဒီလို ဖြစ်သွားတာကိုသာ မေးမိခဲ့ရင် ဒါကို ကိုယ့်
က်က အချိန်ဆွဲပေးလို့ ရတယ် .."

"ဘာပဲဖြစ်ဖြစ် ခု ဘာမှမှ လုပ်လို့ မရတော့တာ ..၊ ရှင် တစ်ခုပဲ
ညီပါ.. သူတို့လာကြရင် ကြည်ကြည်ဖြူဖြူနဲ့ နေဖို့ရယ်.. ဂျင်မ် ရောက်
တဲ့ကိစ္စကို မာမီတို့ကို တကူးတက လှမ်းတိုင်တာမျိုး မလုပ်ဖို့.."

"ဖြစ်ပါတယ် .. မင်းဘက်က ရိုးသားတယ်ဆိုပေမယ့် ဟိုကောင်
တော့ မင်းကိုမြင်တာနဲ့ ဆွေးမြည့် ကြေကွဲနေဦးမှာပဲ ..၊ အဲဒါကိုတော့
ယ် သည်းမခံဘူးနော် .. ကြိုပြောထားတာ .."

"ဘယ်လို!..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း လူတွေကို အနေအထိုင် အပြောအဆိုတတ်ဖို့ မင်း သ
ပေးထား..၊ ကိုယ့်ရွာမှာ ကိုယ်က လူပြောင်တော့ လူပြောင်ပဲ.. ဒါပေ
လူပြက် မဟုတ်ဘူး ..၊ မျက်စိနောက်လာရင် မယားထိ စားကြည့်ပဲ

"အလကားနေရင်း ရှင် ပြဿနာရှာနေတာမျိုးတော့ မလုပ်နဲ့
"ဒါက သူ့အပေါ်မှာ မူတည်ပါတယ် ..၊ ကြည့်တာတွေ .. ထိ
တွေ စည်းကမ်းရှိဖို့ပေါ့ .."

"ဟွန်း .."

ဆု နှာခေါင်းလေး ရှုံ့၍ နေရာမှ ထရပ်လိုက်သည်။ သူကလ
လိုက်ထရပ်ကာ ...

"ဒီဘက်က ဆင်းရအောင် .. မင်း ဖိနပ်က ခုံမြင့်နဲ့ လိမ့်သွား
မယ် .."

သူက ဦးဆောင်ပြီး ရှေ့က ဆင်း၏။ ဆု ဂါဝန်စလေး အသာ
ကာ နောက်ကနေ ခပ်စမ်းစမ်း ဆင်းနေသဖြင့် ရပ်စောင့်ရင်း လက်
ပေး၏။

ဆု တွေခနဲ ကြည့်ပြီးမှ လက်ဖဝါးလေးတစ်ဖက် ထည့်ပေးလို
၏။ အမြဲတမ်း အလုပ်ကြမ်း လုပ်လာခဲ့သည့် ကြမ်းရှသော
လက်ဖဝါးတွေထဲမှာ ဆု ရဲ့လက်ဖဝါးလေး ရောက်လာတာ ငွမ်းစ
တစ်ထုံး စုလုံးထားသလို ထိမိကိုင်မိမှန်းတောင် မသိ ..။

နွေးအိနေသည့် လက်ဖဝါးလေးကို ငုံ့ကြည့်မိစဉ် ညိုမောင်းသ
သူ့လက်ထဲမှာ နုရဲ ဖွေးအုနေသည့် လက်ခုံနုနုလေးက မတန်မရာ

သူ မသိမသာ ပြုံးမိရင်း လက်ဖဝါးလေးကို ခပ်ဖိဖိ ဆုပ်ကို
သည်။ ပြီးတော့ တွေးဖြစ်သည်က ..၊

သူမလေးရဲ့ ချစ်ခင်မြတ်နိုးခြင်းကို သူ ရပါ့မလား ..။

:•♥♥♥•♥♥





## အခန်း(၂၀)

"ဆရာတော်က ခေါ်တယ် ဟုတ်လား .."

အိမ်ရှေ့မှာ ကားကိစ္စပြောနေကြတာမို့ လူစုံတက်စုံ ရှိနေကြသည်။ ဒေါ်တင်မေ က ဆု ကို လှမ်းကြည့်ပြီးမှ ဦးထူး ကို ကြည့်၍...

"သဲသဲ တို့ မနေ့ကမှ ပြန်သွားတယ် .. အခု ဆရာတော်က ဆု ကို ခေါ်တယ်ဆိုတာ ဘာလဲ .."

"ဆရာတော်က ခေါ်စရာအကြောင်း မရှိဘူး .. အဲ့ဒါ မယ်သေးသေး ရဲ့ စနက် .."

"ဟင်!..."

ဦးထူး က ဒက်ခနဲ ဟောက်ကိန်းထုတ်၏။

"သူက ဘာဆိုင်လို့လဲ .."

"ပြောခဲ့သားပဲ .. ကိုသိန်း တို့ မရှိရင် သူ့တူမကို သူ စောင့်ရှောက်မှာဆိုတာ .."

"အို!... အစီပွာယ် မရှိတာ .."



www.burmeseclassic.com

www.burmeseclassic.com



ကားအောက်ပိုင်းကို ငုံ့ကြည့်ရင်း ဦးမြင့်သန်း နဲ့စကားပြောနေသည့် သားမြတ် က လှမ်းကြည့်ပေမယ့် ဘာမှမပြော ..၊ ဆု က ကုလားထိုင်ပုံ ထွင်းထားသည့်သစ်မြစ်ဆုံကြီးပေါ်မှာ ထိုင်လျက် လာခေါ်သည့် ကျောင်းသားလေးကိုရော .. ဒေါ်တင်မေ တို့ကိုပါ တိတ်ဆိတ်စွာ ကြည့်နေ၏။

"သမီးမိန်းကလေး အိမ်ထောင်ကျသွားရင် သူ့မိဘတောင်မှ ဆိုင်သာဆိုင်တာ မပိုင်တော့ဘူး ..၊ သဲသဲ တို့ကလည်း ကျွန်မတို့ကိုပဲ ယုံယုံကြည်ကြည် အပ်သွားတာကို .."

"ဘာဖြစ်ဖြစ် .. သူက ဒီလိုလုပ်ချင်လို့ ရှေ့မှာ လမ်းထွင်ထားခဲ့တာပဲ .."

"သမီးကရော .. သမီးအဒေါ်နဲ့ သွားတွေ့ချင်သလား .."

"ရှင် .."

ဆု ကိုယ်ဖြေဖို့ ဖြစ်လာတော့ မေးထောက်ထိုင်နေရင်းက နေ ခါးလေး မတ်သွား၏။

"ကိုထူး ပြောတာ ဖြစ်နိုင်တယ် ..၊ ဟဲ့ .. ပေါက်ချွန်း .."

"ခင်ဗျာ .."

ကျောင်းသားလေးက ထူးပြီး ရှေ့တိုးလာ၏။

"ကျောင်းမှာ မိုးညိုရွာကလူတွေ ရှိသလား .."

"ဒေါ်ကြီးသေးသေး နဲ့ လူကြီးတစ်ယောက် ရှိတယ် .."

ဦးထူး က ပြုံးမဲ့မဲ့ကြီးနှင့် ...

"ငါ ပြောသားပဲ .."

"သမီး သွားတွေ့ချင်လား .. ပြောပါဦး .."

ထပ်မေးတော့မှ ဆု က ခေါင်းခါ၍ ...

"တွေ့ချင်တာတော့ မဟုတ်ပါဘူး .. ဒါပေမယ့် ဘာအကြောင်း ရှိလို့လဲဆိုတာတော့ သွားကြည့်မှ ကောင်းမယ် ထင်တယ် ..၊ တော်ကြာ အန်တီ .. ဟို .. အမေတို့ကိုပဲ သူ တစ်မျိုးထင်သွားမှာ .."





"အင်း .."

ဒါလည်း ဟုတ်တာမို့ ဒေါ်တင်မေ စဉ်းစားနေစဉ် ...

"ကျွန်တော် လိုက်သွားလိုက်မယ် .."

"ဘာ!... အို .. မဖြစ်ပါဘူး ..၊ အပြောအဆိုက တော်တော်လေး ပြေပြစ်တာဆိုတော့ .."

"စိတ်ချ .. ပြေပြေပြစ်ပြစ် ရှိရစေမယ် .."

"လိုက်သွား .. သူ ရိုင်းရင် ကိုယ် ရိုင်းမှာပဲ ..၊ သူ ယဉ်မှ ကိုယ်လည်း ယဉ်မှာပေါ့ .."

ဖအေက တစ်မျိုး ..၊ သားက တစ်မျိုး ..။

ဘုန်းကြီးကျောင်းရောက်တော့ စိတ်မချလို့ အဖော်လိုက်သွားပါဆိုသည့် သန်းစိုး က ခပ်ဝေးဝေး ဆုတ်၍ ကျကျနန ငုတ်တုတ်ထိုင်ကြည့်နေခဲ့လျက် ...

"ငါက ငါ့တူမကို ခေါ်တာ .. လူပိုတွေက ဘာလုပ်တာတုံး .."

"လူပိုတွေ မဟုတ်ဘူး .. ကျွန်တော်က သူ့ယောက်ျား ..၊ သူက ကျွန်တော့်သူငယ်ချင်း .."

"သိတယ် .. ဒါပေမယ့် ငါ့တူမကို ရွာအလည်ခေါ်မှာ ..၊ တခြားလူ မပါဘူး .."

"ဒီမှာ အကြီးမယ်သေး .."

"ငါ့ကို မယ်သေးသေး လို့ ခေါ်တာ ငါ မကြိုက်ဘူး .."

"သေးသေး မို့ သေးသေး တပ်ပြီး ခေါ်တာပဲ ..၊ မခေါ်စေချင်ရင် အကြီးမယ်သေး နာမည်ပြောင်းပေါ့ .."

"အမယ် .."

နှစ်ဖက် ဆုံမိတာနှင့် ဆရာတော်က အတွင်းခန်းထဲ ပြန်ဝင်သွား၏။ ထို့ကြောင့် သားမြတ် က လှမ်းကြည့်ကာ ...

"အကြီးမယ်သေး ခေါ်လို့ ဆု ကို လာပို့တာ မဟုတ်ဘူး..၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ခေါ်တာလဲဆိုတာ လာကြည့်တာ ..”

“ဟဲ့ .. ငါ့တူမ ငါ ခေါ်တာ ကိစ္စရှိမှ ခေါ်ရမှာလား ..”

“အကြောင်းကိစ္စ မရှိဘဲ ကျွန်တော့်မိန်းမကို မထည့်နိုင်ဘူး ဆိုရင်ရော .. မရဘူးလား ..”

“သားမြတ် .. နင့်ဖအေလို နင် ငါ့ကို နှုတ်လှန်မထိုးနဲ့ ..၊ ဆုထူးပန် .. လာခဲ့ ဒီကို ..”

“ရှင်!...”

“မိသဲ ကို ငါ ပြောပြီးသား..၊ နင်ပြန်ရင် ငါ့တူမကို ငါ့ဆီ မကြာမကြာ ခေါ်မှာလို့ ..”

“အဲဒါ အကြီးသဲ ကို ပြောရမှာမဟုတ်ဘူး.. ကျွန်တော့်ဆီမှာ ခွင့်တောင်းရမှာ..၊ အခု ကျွန်တော်က ခွင့်မပြုနိုင်ဘူး ..၊ လာ .. ပြန်မယ်..”

“အံမာ!... အံမာ .. ဟဲ့ .. သားမြတ် ..”

“ဟဲ့ သားမြတ် မဟုတ်ဘူး; .. သားထူးသားမြတ် ..”

“ထူးတာ မဟုတ်ဘူး .. နင်တို့သားအဖ ရူးနေကြတာ ..၊ ဘဝင်လေဟပ်ပြီး ရူးကုန်ကြပြီ ..၊ ဆုထူးပန် .. ညည်းကလည်း ငါ့ဆီ မလာရဲဘူး ဟုတ်လား ..”

ဆု က သူ့ ဆုပ်ကိုင်ထားသည့်လက်ကို ရုန်းမလိုဖြစ်ပြီးမှ မရုန်းတော့ဘဲ ဒေါ်သေးသေး ကို အားနာပြုံးလေး ပြုံးပြရင်း ...

“ဟိုလေ.. အခုပဲ မြို့ပေါ်လိုက်သွားမလို့ ပြင်နေတာ ကြီးကြီးရဲ့..”

အကြီးတွေ .. အရီးတွေထဲမှာ .. ဆု ပါးစပ်ထဲ ကြီးကြီး ဆိုတာလေးတော့ ရောက်လာ၏။

“မြို့က ဝယ်လာတဲ့ကား သွားအပ်မလို့လေ ..”

“ဘာ!...”

“ခရီးသွားပို့ဆောင်ရေးအသင်းထဲ ထည့်မလို့ ကားဝယ်လာတာလေ ..၊ အဲဒါ သွားပို့မလို့ ဆု လိုက်သွားဖို့ လုပ်နေကြတာ ..”





ဒေါ်သေးသေး အသက်ရှူတွေ ပြင်းလာ၏။ သင်းတို့က ကားတွေ တစ်စီးပြီးတစ်စီး ထောင်ပြီး ကြီးပွားလာလေ .. မာန်တွေတက်လေ .. မိုက်ရိုင်းလေ ..။

ကိုယ်ကတော့ မြို့ကရောက်လာသည့် ကိုယ့်တူမလေး လှလွန်းလို့ ရွာကိုခေါ်ပြီး ဂုဏ်ယူချင်သည်။ ငါ့တူမ ဆိုသည့် သက်ဆိုင်မှုကို ထိထိရောက်ရောက် ပြချင်၏။ ခုတော့ တူမကိုယ်တိုင်က ကိုယ့်ဘက် မပါ..။

ဒီလောက် ရှည်မျော့မျော့ မည်းခြောက်ခြောက် သားအဖတွေက မြို့သူ ဒီအဆင် ဒီအသွေးနဲ့ တန်လို့လား ..၊

မိသဲ ဆိုတဲ့မိန်းမ .. သင်းက ပိုရူးတာ ..၊

“နောက်မှပဲ အလည်လိုက်တော့မယ်နော် ကြီးကြီး .. အခု စီစဉ်ထားပြီးပြီမို့လို့ပါ ..၊ ခုပဲ သွားမှာ ..”

“အေးပေါ့ .. သွားပေါ့ .. ဘာတတ်နိုင်မှာလဲ ..”

“အဲဒါကိုလည်း ပြောချင်သေးတယ် ..”

သားမြတ် က ဆု လက်လေးကို ဆွဲ၍ လှည့်ထွက်မလို လုပ်ပြီးမှ...

“ပြောစရာရှိရင် အိမ်ရှေ့ထိ တိုက်ရိုက် လာပြောပါ ..၊ ဆရာတော့်ကျောင်းကနေ အခေါ်မလွှတ်ပါနဲ့ .. ဆရာတော်ကြီးက ကျွန်တော်တို့တစ်ရွာလုံး ကိုးကွယ်ကြတာ..၊ တခြားရွာက လာလာခိုင်းတာကို ဆောင်ရွက်ပေးနေတာ မဟုတ်ဘူး .. အပြစ်ကြောက်တတ်ရင် နည်းနည်းပါးပါး သိတတ်ဖို့ ပြောပြတာ ..”

ကြည့်စမ်း ..၊

ဒေါ်သေးသေး ထဘီတစ်ဖက်စကို ဖျတ်ခနဲ ဆွဲမတင်လိုက်ပြီး အံကြိတ် ကျန်ရစ်၏။

“သားမြတ် ရေ .. ဒေါ်သေးသေးကြီး ဒေါသတွေ အကြီးကြီးနဲ့ ကျန်ခဲ့ပြီ ..”

“ဟား .. ဟား .. ဟား ...”



www.burmeseclassic.com

www.burmeseclassic.com



သန်းစိုး နဲ့-သူ ရယ်နေတော့ ဆု က လက်ကို ပြန်ရုန်းပစ်ကာ–

"ရှင်ကလည်း .. အမေ ဒီလောက် မှာနေတာတောင်မှ .."

"ဘာလဲ ..၊ ကိုယ် ပြောတာ ဘာမှားတာ ပါလို့လဲ .."

"မှန်တိုင်း ပြောစရာလား .."

"သူ့ကိုတော့ ပြောရမှာပဲ .. မပြောရဲရင် မင်းကို ဆွဲခေါ်သွားမှာပေါ့ ..၊ ဒီမိန်းမကြီးကို ကြောက်ပြလို့ မဖြစ်ဘူး .."

"သူက ဆု ရဲ့အဒေါ် .."

"သိသားပဲ.. ဘာလဲ.. မင်းက ကိုယ်ပြောလိုက်တာကို နာလို့လား"

"နာတယ်ဆိုတော့ ရှင်က ဆု နဲ့ ရန်ဆက်ဖြစ်ချင်လို့လား – လုပ်လေ .. ရတယ် .."

ပြောပြီး မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်တော့ သားမြတ် က တအား ရယ်၏။

"အဲ့ဒါ ဒေါသဖြစ်သွားတဲ့ပုံလား ..၊ ဟား .. ဟား .. ဟား .."

"ဘာလို့ အဲသလောက် ရယ်နေတာလဲ ..၊ အူတက် သေနေဦးမယ် .. ဟွန်း .."

ဆု သူ့လက်မောင်းကို ပိတ်ထု၍ လှည့်ထွက်လာခဲ့လျှင် သားမြတ် က ဆု ရဲ့လက်လေးကို ပြန်ဆွဲလိုက်၏။

ပြီးတော့ ပခုံးလေးကို ဖက်ထားလိုက်ကာ ...

"ချစ်ဖို့ကောင်းတယ် .. အဲဒီ စူပုတ်ပုတ် မျက်နှာလေးက .."

"ဖယ်စမ်းပါ .. လူကို .."

သန်းစိုး က ... ပ်နေရင်း ရှေ့ကို မြန်မြန် ကျော်တက်သွား၏။ တောလမ်းလေးထဲမှာ သူနဲ့ ဆု နှစ်ယောက်တည်း ...

"ဘာဖြစ်လို့ အတင်းရုန်းနေတာလဲကွ .. လက်လေး တင်ထားတာတောင် တွန့်တိုနေရသလား .."

"တင်တာ မဟုတ်ဘဲနဲ့ .. ရှင့်နော် .."





ပြောလိုက်ကာမှ ရယ်ကာ ပခုံးလေးကို တင်းခနဲ ဆွဲဖက်လိုက်တော့ ဆု သူ့ရင်ခွင်ထဲ ပါသွားသည်။

"အခု မြို့ပေါ် တကယ်လိုက်မှာလား .."

"ဘာလို့ လိုက်ရမှာလဲ .."

"ခုနကတော့ အကျအန ပြောနေပြီးတော့ .."

"အဲဒါက အမေတို့လည်း ကြိုက်မှာ မဟုတ်လို့ .. ကျေနပ်အောင် ပြောလိုက်ပါတာ ..၊ လွှတ်ပါဆို .. ဒီမှာ လမ်းလျှောက်လို့ မရတော့ဘူး.."

"ဆု .."

သူ ဆု ရဲ့ပါးလေးကို အလစ်ငိုက် ဖမ်းပြီး နမ်းမလို့ ငုံ့လိုက်တော့ ဆု က ဖျတ်ခနဲ ငုံ့ပစ်၏။

"ကိုယ် မင်းနဲ့ နီးနီးလေး ကပ်ထိုင်မိရင်တောင် ရင်ခုန်တယ် သိလား .."

ကြောက်တာလား ..၊ ရှက်နေတာလား မသိ ..။

ဆု ရင်ခုန်သံတွေ မြန်နေ၏။ ပြီးတော့ သူ ဖက်ထားတာကိုလည်း နေရခက်မိသည်။

"ကျေးဇူးကြီးမားလိုက်တဲ့ မွေးသမိခင် ကျွေးသဖခင်တို့ကို နောင်ဆို ဒီ့ထက်ပိုပြီး ရိုသေတော့မယ် ..၊ မြို့ကနေ ကြည်ဖြူစွာ အပ်နှင်းထားစေခဲ့တဲ့ ယောက္ခမကြီး နှစ်ယောက် အပါအဝင် ဒီက ကိုယ့်ဘေးမှာ ကြည်မဖြူ စူစူပုတ်ပုတ် ဘယ်လိုနေနေ ချစ်စရာကောင်းနေတဲ့ ဇနီးအချောအလှလေးကိုရော .. အင်း .."

"အို!... ရှင် .."

ပါးလေးတစ်ဖက် နွေးခနဲ ဖြစ်သွားသည်။ ပါးပြင်ကို လက်ခုံလေးနဲ့ ကပ်ကွယ်ထားရင်း ဆု မျက်နှာလေးတစ်ပြင်လုံး ပန်းသွေးစို့သွား၏။

"လမ်းလယ်ခေါင်မှာ ရှင် တော်တော် ရမ်းကားပါလား ..၊ ဖယ်.. သွားနော် .."



www.burmeseclassic.com

www.burmeseclassic.com



"မေးတာကို အရင်ဖြေ .."

သားမြတ် ရဲ့ မာကျောခိုင်မာသည့်လက်ထဲမှာ ဆု ရဲ့ လက်ဖဝါး နုနုလေး မြုပ်ကွယ်နေလျက် ..၊ ဘယ်လိုရုန်းရုန်း မရ ..။

"အဲ့ဒါ ဘာဆိုင်လို့လဲ ..၊ သူများ လက်နာနေပြီ .. လွှတ် .."

"မရုန်းဘဲနဲ့ ငြိမ်ငြိမ်လေး နေကြည့် .. မနာတော့ဘူး .."

"ဟွန်း .."

ဆု ဘာမှမတတ်နိုင်ဘဲ ပခုံးတစ်ဖက်ချင်း ထပ်၍ လက်ဖဝါးချင်း ထပ်ဆုပ်ထားတာကို ဒီတိုင်းပဲ နေလိုက်ရ၏။

"ယောက္ခမတွေ ပြန်သွားကြပြီဆိုတော့ ကိုယ်တို့ တူတူနေလို့ ရပြီလား .."

"ဟင့်အင်း .."

"ဟာကွာ .. အဲလိုတော့ မရက်စက်ပါနဲ့ .."

"ဆု က ဘယ်တုန်းကမှ မရင်းနှီးခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို မိဘစကား နားထောင်ပြီး လက်ထပ်ခဲ့ရတယ်၊ ပြီးတော့ ဒီမှာ တစ်ယောက်တည်း နေခဲ့ရတယ် ..အဲဒါတွေ ဖြစ်ပျက်သွားတာ ချက်ချင်း ကြီးလေ .. ရှင်ပဲ စဉ်းစားကြည့်ပါဦး .."

"ကိုယ့်ကို စဉ်းစားနိုင်းရင်တော့ ကိုယ် စောင့်ရတာ ကြာနေပြီ"

"ဘာ!..."

"မင်းကို မြင်လိုက်တည်းက စိတ်ဝင်စားခဲ့ရတာလေ ..၊ မင်းရဲ့ ဟိုကောင် ရင်းနှီး ပူးကပ်နေတာတွေကို မကြည့်ချင်ပေမယ့် မြင်နေ တယ် .. မလိုချင့်ပေမယ့် မတားနိုင်ခဲ့ဘူး .. အဲဒီလို ကိုယ် မပိုင်တဲ့ နာရီစက္ကန့်တွေမှာ ဘယ်လောက်ထိ မျိုသိပ် ဒေါကန်နေရသလဲ မင်း သိလား .."

"မသိဘူး .."

"မသိရင် ခု မှတ်ထားလိုက်တော့ ..၊ မင်းကို လိုချင် တပ်မက်ခဲ့





တွေ စဖြစ်တည်းက အခု လက်ဝယ်ပိုင်ပိုင် မရသေးတဲ့အထိ ကိုယ် စောင့်နေခဲ့ရတာ စက္ကန့်တွေနဲ့ တွက်မယ်ဆိုရင် .. အဲ .."

"ကိုသားမြတ် .."

"ဖြစ်သွားပြန်ပြီ .."

"ရှင့်ကို ဆု တကယ် ခွင့်တောင်းနေတာနော် .."

"ဘာလဲ .."

"ဆု ဒီတိုင်းပဲ လွတ်လွတ်လပ်လပ် နေချင်သေးတယ် .."

"ဟား!..."

"အများကြီး မဟုတ်ဘူး .. သုံးလလောက်ပဲ .."

သူ ဆု ရဲ့ပခုံးလေးနှစ်ဖက်ကို ကိုင်၍ မျက်နှာချင်းဆိုင် ဆွဲလှည့် လိုက်သည်။

"ဆု .. မင်း ဟိုကောင် စိတ်ချမ်းသာအောင် တမင် ရှောင်ထွက် နေပြီတာတော့ မဟုတ်ပါဘူးနော် .."

"အဲဒါကို ရှင် ထည့်ထည့်မပြောစမ်းပါနဲ့ .."

"အခု ဒီကောင် လာမှာလေ ..၊ မင်းက ကိုယ့်ကို လက်မခံနိုင်ဘူး လို့ ပြောနေတယ် ..၊ အဲဒါ ဘယ်လိုတွေးရမလဲ .. ပြော .."

"ဘာမှမတွေးနဲ့ သားမြတ် .. ဆုထူးပန် ဆိုတဲ့မိန်းမကို ရှင် ပိုင် တယ် ..၊ ဘာမှလည်း ရှင့်ကို မတောင်းဆိုဘူး .. ဘာကိုဖြစ်ဖြစ် ရှင့် သဘောအတိုင်းပဲ .. ဒါဆိုရင် ကျေနပ်လား .."

သူ့လက်ကို ဆတ်ခနဲ ပုတ်ချပစ်လိုက်ပြီး ဆု က လှည့်ထွက် သွား၏။

"ဆု .."

သူ အတင်း ပြန်ဆွဲထားလိုက်ကာ ...

"ကိုယ် မှားသွားတယ် .. ဆောရီး .."

ဆု က နှုတ်ခမ်းလေးကို တင်းတင်းစေ့၍ မျက်နှာလွှဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆု ရဲ့မေးဖျားလေးကို ဖွဖွလေး ပွတ်သပ်ကိုင်ရင်း သက်ပြင်း
မိသည်။ ပြီးတော့ ...

"မင်းဆန္ဒနဲ့ ကြည်ကြည်ဖြူဖြူ မဟုတ်ဘဲ ငါ ဘာမှ ဓားပြတိုက်
မယူပါဘူး .. နူတ်ခမ်းကြီးတော့ စူမနေပါနဲ့ .."

ဆု က သူ့လက်ကို ဖယ်ချလိုက်ပြီး ရှေ့ဆက်သွားဖို့ ပြင်
သားမြတ် က ပြန်ဆွဲကာ ...

"ဘာလဲ .. မကျေနပ်သေးတာလား ..၊ အဲဒီနူတ်ခမ်း မပြုံးရင်
ကိုယ် တစ်ခုခု လုပ်မှာနော် .."

ပြောပြီး မျက်နှာ အတင်းကပ်လာသဖြင့် ဆု သူ့ရင်ဘတ်ကြီး
တွန်းထိုး ရိုက်ပုတ်ပစ်မိကာ ...

"ဘာမှန်းလဲ မသိဘူး .. သွား .. အရမ်းမုန်းဖို့ကောင်းတဲ့ လူကြီး"

"ဟဲ့ .. ပြီးကြပြီလား .."

"ဟမ်!..."

"အမေ့!..."

နှစ်ယောက်၏နောက်ကနေ အသံတစ်သံ ကပ်ပေါ်လာသဖြင့်
လှည့်ကြည့်လိုက်ကာမှ လန့်ဖျပ်ကာ သားမြတ် ရင်ခွင်ထဲ ရောက်သွား

ဆံပင်တွေက မိုးကြိုးပစ်ခံထားရသလို တစ်ခေါင်းလုံး ထိုး
ထောင်ထောင် ဘုတ်ပွကြီး ရှိလျက် ..၊ အရပ်ကြီးက မြင့်ကာ မည်း
နက်နက်ကြီး ..၊

"ဒေါ်ဓီးကွက်ကြီး ကလည်း လန့်လိုက်တာဗျာ .. ကိုယ့်ဘာ
သွားမှာ သွားပါလား .."

"ဟဲ့ .. နင်တို့က တစ်လမ်းလုံး ပြည့်အောင် ကမြင်းနေကြ
လေ ..၊ ကတည်း ပြောမပြချင်ပေါင် .. မကြီးမငယ်တွေနဲ့ ကျားမြီး
တမ်း ကစားနေကြတဲ့အတိုင်းပဲ .. ဟွန်း .."

"ခွပ် .. ခွပ် .. ခွပ် .."





မြေဝါလမ်းပေါ်မှာ ကျောက်စရစ်ခဲလေးတွေ တချို့တလေ ရှိ၏။
ပေမယ့် ဒေါ်ဓီးကွက် ဆိုသည့်မိန်းမကြီးက သစ်သားခုံဖိနပ်အမြင့်ကြီး
ထားကာ ခြေလှမ်းကျဲကျဲနှင့် လျှောက်ထွက်သွားတာ တစ်ချက်မှ
ခြေလှမ်း မမှား ...။

ကချင်ထဘီ အနက်အစင်းက တိုတို .. အင်္ကျီက ချင်းတွေလို
အင်္ကျီနှင့်ပေမယ့် စုတ်နေပြီ ဖြစ်၏။ ပြီးတော့ ရှုပါမန်းတွေလို ပုဆိုးစုတ်
အဝတ်စကြီး ပခုံးကနေ ဖြန့်တင်ထားတာ တလွှားလွှားနှင့် ...။

"အဲ့ဒီ ဒေါ်ကြီးကို ဟိုဘက်ရွာမှာလည်း တွေ့တယ်ဇနော် .."

"ဟုတ်တယ် .. သူက ချင်းလူမျိုးလေ .."

"မျက်နှာကြီး ပြာနေတာက .."

"ပါးရဲထိုးထားတာ .."

"ပါးရဲဆိုတာ ဘာလဲဟင် .. ပါးရဲဆိုပြီး မည်းနေတာကို .."

"ဟုတ်တယ် .. သူတို့အယူနဲ့ သူတို့ပေါ့ကွာ .. တချို့လူကြီးတွေ
စကားနဲ့ ပြန်ပြောကြတာတော့ ချင်းအမျိုးသမီးတွေက အရမ်း
ကြတာတဲ့ ..၊ သူတို့ရဲ့အလှကို မြင်ပြီး ဘုရင်တွေ တော်ကောက်မှာ
ဆို့ ပါးရဲတွေ ထိုးကြတာ ဘာညာပေါ့ .."

"ချင်းလူမျိုးတိုင်း မဟုတ်ဘူးနော် .."

"ဟုတ်တယ် .. သူတို့မှာလည်း ကွဲပြားတာတွေ ရှိဦးမှာပေါ့ ..
ဓီးကွက်ကြီး က ဒီနာမည် မဟုတ်ဘူး ..၊ အရပ်ရှည်လွန်းလို့ တို့
ပြည်မှာ အရင်က အရပ်အမြင့်ဆုံး နာမည်ကြီးခဲ့တဲ့ 'မဓီးကွက်'နဲ့
ပြီး ဒေါ်ဓီးကွက် ဖြစ်သွားတာ ..၊ သူက မိသားစု မရှိဘူး၊ ပြီးတော့
ရင်းကောင်းတယ် .. မြန်မာစကားလည်း ကောင်းကောင်းတတ်
ကွ .."

"ဟိုဘက်ရွာမှာ နေတာလား .."

"အင်း .. သူက မြန်မာတွေချည်းရှိတဲ့ ဒီဘက်ရွာတွေမှာ လှည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာရယ် .. ပွင့်လင်း ဖော်ရွေတာရယ်ကြောင့် ဘယ်ရွာကမဆို သူ့ကို ခင်ကြတယ် ..၊ ဟိုဘက်မှာ နေပေမယ့် ဒီဘက်မှာ ဈေးလာလာရောင်း တာလေ ..''

''ဘာရောင်းတာလဲ ..''

''မနက် အရုဏ်ကျတော့ ပဲပြုတ် .. နေ့လယ်ကျတော့ ကန်စွန်း တို့ .. ပဲမြစ်တို့ကွာ ..၊ ပြီးတော့ ထင်းရှာဘာရှာနဲ့ ပြန်ချင်တဲ့အချိန် ပြန်တာ ..''

''နေတော့ သူ တစ်ယောက်တည်းလား ..''

''ရွာသူကြီးရဲ့ ခြံထဲမှာ သူ့အိမ်လေး ဆောက်ပေးထားတယ် ..''

''ဟင် .. ဒါဆို ကြီးကြီးသေး တို့ ခြံထဲမှာပေါ့ ..''

''မဟုတ်ဘူး ..၊ အကြီးသေး တို့က သပ်သပ် ..၊ အခု ဒီ ရွာလူကြီးက အကြီးသေး ရဲ့မတ် ဖြစ်သွားပြီ ..၊ အကြီးသေး ယောက်ျား က ကျန်းမာရေး သိပ်မကောင်းလို့ ..''

''ဩော် ..''

''ဆု ..''

''ဟင် ..''

''ကိုယ့်အကြောင်းရော မသိချင်ဘူးလား ..၊ ဒီမှာ ပြောချင်သွေး လို့ ..''

ဆု မျက်နှာလေး တည်သွားကာ ...

''မသိချင်ပါဘူး ..''

''နည်းနည်းလောက်တော့ လုပ်ပါ .. ဒေါ်စီးကွက် အကြောင်း အမြုပ်ထွက်မတတ် ရှင်းပြထားရတဲ့ ကျေးရွာလေးကိုထောက်ပြီး မြတ် .. ရှင့်မိန်းမကို ရှင် ဘယ်တုန်းက ဘယ်လောက်ထိ ချစ်သွားခဲ့ လဲ ..' လို့ မေးကြည့်လိုက် ..''

''အဟွန်း ..''





ဆု ရယ်လိုက်တာ မြင်တော့ သူ ပျော်သွားမိသည်။

''မေးလေ .. အဲဒီမေးခွန်းလေး တစ်ခုပဲ ..''

''အဲဒါကလွဲပြီး တစ်ခုပဲ မေးမယ် ..''

''ဘာလဲ ..''

''ချစ်တာတွေ မပြောဘဲ နေပေးရင် ဘယ်လောက် ပေးရမလဲ..''

''ဟား .. ဟား .. ဟား ...''

သားမြတ် က မျက်နှာမှာ ရယ်ရင်း ဆံပင်တွေ သပ်၏။

''မဆိုးပါဘူး .. မင်းဆီက ရမယ်ဆိုရင် ဘာပဲရရ အဆင်ပြေ တယ်၊ ဒီလိုလုပ်လေ .. ချစ်တာမပြောသေးဘဲ နေမယ် .. အခု မင်း ဘော်ခမ်းကို သုံးစက္ကန့်လောက် နမ်းမယ် .. ဘယ်လိုလဲ ..''

''သေလိုက် ..''

''ဟာ!... မပြေးနဲ့လေ .. မင်းပဲ ပြောတာ ..''

သူ ဆု ရဲ့ လက်ဖဝါးလေးကို မိမိရရ ဖမ်းဆုပ်မိလိုက်လျှင် ဆု ကိုယ်လေး ရင်ခွင်ထဲ ပြန်ရောက်လာ၏။ သို့သော် ...

''သားမြတ် .. ဟေး ..''

သန်းစိုး ပြန်လှည့်ပြေးလာတာဖြစ်ကာ အဝေးကနေပဲ လှမ်း၍...

''မြို့ကဧည့်သည်တွေ ရောက်လာပြန်ပြီ .. ဆု ရဲ့ သူငယ်ချင်း တွေ ..''

ဟင်!...

သားမြတ် ရဲ့လက်တွေ အလိုအလျောက် ပြေကျသွားခဲ့၏။ ဒီလို ရာသီဥတုကို မကြိုက်ပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ဟယ် .. အိမ်လေးက သိပ်မကြီးပေမယ့် ချစ်စရာလေးနော် .. ခြံကြီးက အကျယ်ကြီးပဲ .."

"ဟုတ်ပ .. နောက်ဖေးမှာ ပိန္နဲပင်တွေရော .. သရက်ပင်ကြီး[illegible] ရော အုပ်ခဲနေတာပဲ ..၊ ကွပ်ပျစ်လေးတွေ ထိုးထားတော့ နေ့[illegible] နေ့လယ်ဆို .. ဟား!... ရှယ်ပဲ .."

သောင်းသောင်း နဲ့ ဆောင်းနှင်း တို့ မျက်နှာတွေမှာ သား[illegible] ကို တောသားဆိုသည့် အမြင်ကျဉ်းမိတာတွေ ပျောက်ကုန်ကြသလို[illegible] က မြင်မြင်သမျှကို အထင်တကြီး အံ့သြဘနန်း ဖြစ်နေကြ၏။

မျက်မှန် အနီရောင်ရဲရဲကို ဆံပင်နဲ့ လိုက်အောင် တပ်ထား[illegible] ဂျင်မ် က မျက်မှန်ကို ဟန်ပါပါ ဆွဲဖြုတ်၍ မဲ့နေလျက် ...

"တောမှာ ခြံ ဘယ်လောက်ကျယ်ကျယ် .. မြေတန်ဖိုး ဘာ[illegible] ဘူး .."





"အံမယ် .. ခေတ်ဆိုတဲ့ ရေစီးကြောင်းထဲမှာ တောမှာလည်း [illegible]ပြောင်းအလဲဆိုတာ ရှိတာပဲ ..၊ မြို့လောက် မဟုတ်ရင်သာ ရှိရင် [illegible]ယ် .. မြေတန်ဖိုး ဘာမှ မရှိဘူးလို့တော့ မပြောနဲ့ .. သူ့စည်း [illegible]ယ့်စည်း သတ်မှတ် ကာရံပြီး နေကြတည်းက တန်ဖိုးဆိုတာ သူ့အလို [illegible] အနိမ့်အမြင့် ကွဲပြားပြီးသား .."

"အေးလေ .. 'ဆီကို ရေချိုး .. ဆေးရိုး မီးလှုံ'တဲ့ ..၊ တောသူ [illegible]တောသားဆိုပြီး သိပ်အထင်မသေးစမ်းပါနဲ့ .."

ဆောင်းနှင်း က ပြောနေရင်း ပိန္နဲပင်ကြီးအောက်က ရေတုံကင်ကို [illegible]ည့်ပတ်ကြည့်ပြီး နှိပ်ကြည့်နေ၏။

"ဟော .. ဟော .. ရေတွေ ထွက်လာပြီ .. ပေါ့ပေါ့လေးပဲ ကြည့် [illegible] ..၊ သိပ်မနှိပ်ရဘူး .."

"အေးနော် .. ငါတို့အမျိုးတွေဆီ နယ်ကို သွားလည်တုန်းက [illegible]ခဲ့ဖူးတာ ..၊ လူတစ်ကိုယ်လုံး ဇွေ့ခနဲ ဇွေ့ခနဲ ခုန်ပေါက်နေတဲ့အထိ [illegible]ကြရတာ .. အရမ်းလေးတာပဲ သိလား .."

"ဒါ ရေနီးလို့ နေမှာပေါ့ ..၊ ဒီရွာက လျှပ်စစ်မီးသာ မရှိတာ [illegible]ရှား မီးမရှားပဲနော် .. တစ်ရွာလုံးလည်း လမ်းကျယ်လေးတွေ ဖြူး[illegible] သန့်နေတာပဲ .."

"ဟွန်း .."

ခြံထဲကို လှည့်ပတ်ကြည့်သလိုလို မျက်နှာလွှဲသလိုလိုနှင့် ဂျင်မ် [illegible] မဲ့ရွဲ့နေကာ ...

"မိန်းမတွေများ အဲဒါကြောင့် စာဆိုပေါင်း များစွာ ရှိခဲ့တာ .."

"ဘာ!..."

"ကြားဖူးသမျှတွေသာ ရွတ်ပြရရင် ကုန်မှာတောင် မဟုတ်ဘူး"

"ဘယ်ကုန်မလဲ ..၊ မိန်းမတွေကိုပဲ အားအားရှိ ငုတ်တုတ်ထိုင် [illegible]ည့်ပြီး ဝမ်းချုပ်တဲ့အချိန် .. ငရုတ်သီးစိမ်း အိုးကင်းပူတိုက်တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



တွေကျမှ မဲ့နေတာတွေ .. ရွှံ့နေတာတွေ ထိုင်ရေးခဲ့တဲ့ စာဆိုတွေလေ- အဲ့ဒီယောက်ျားတွေ ဘယ်လောက်ထိ အားနေသလဲမှ မသိတာ ..”

“ဟုတ်ပ .. ထွက်လာလိုက်ရင် မိန်းမတွေ ဘာဖြစ်တယ် .. ညာဖြစ်တယ်ဆိုတာချည်းပဲ ..၊ ကိုယ့်ကို မွေးထားတဲ့အမေ ငုတ်တုတ်ထားပြီးတော့ ..”

“ပြီးတော့ လာသေးတယ် .. ‘မိန်းမတွေကို ပြောထားတာတွေ ရှိတယ် ယောက်ျားတွေကို ဘာဖြစ်တယ် .. ညာဖြစ်တယ် ပြောထားတဲ့ စာဆို မရှိဘူး’တဲ့..၊ ဟွန်း.. ယောက်ျားတွေလောက် စပ်စုတာ ယောက်ျားတွေပဲ ရှိတယ် ..”

“အင်တာနက်ခေတ်ကျတော့ သူတို့တွေ ဗွေရှာရ စပ်စုခွင့် ရသွားတာပေါ့နော် ..”

ပြောစရာစကားတွေ ပါးစပ်ထဲ ရောက်လာပေမယ့် မိန်းကလေးနှစ်ယောက်နဲ့အပြိုင် လုယက်ပြောဖို့ ဒီပါးစပ်ကိုက မထွက် ..၊ ဒို့ကြောင့် နှုတ်ခမ်းမဲ့လိုက်.. ပါးစပ်ပြင်လိုက်နှင့် ဂျင်မ် ဒီတိုင်း ကျန်ရစ်၏။

“ကဲ .. စကားနိုင်လုတာတွေ ပြီးရင်လည်း ဒီမှာ လက်ဖက်သုပ် လာစားကြ .. ဒီမှာ ဖျာ ..”

ဆု က အေးပုံ လာပေးသည့် လက်ဖက်သုပ်အစ်လေးနဲ့ ဖျာကို တစ်ဖက်စီ ပြောင်းယူပြီး ကွပ်ပျစ်ပေါ်မှာ တင်လိုက်သည်။

“ဆု .. နင့်လူတွေက ငါ့ကို ဒီခေါ်လာပြီး နှိပ်ကွပ်နေကြတာ ကြားလား ..”

“အမယ် .. ဘယ်သူက စပြီး ကဲ့ရဲ့တာလဲ ..၊ မြို့မှာ မမြင်ဖူး- မခံစားဖူးကြတာတွေ ရတာမှာ တွေ့နေရလို့ သူများတွေ နှစ်ထောင်အားရ ဖြစ်နေတာကို တစ်ခုပြီးတစ်ခု ထိုင် ကဲ့ရဲ့နေတာရော .. ဘယ်သူလဲ ..”

“ဒါကတော့ နင်တို့တွေ ဖြစ်နေပုံက တကယ့် အိုဗာတွေလေ-”





“နင်ကိုက လစ်မစ်တွေ ထည့်ကြည့်နေတာပါ ဂျင်မ် ရယ် .. အဟွန်း .. သားမြတ် ကိုဆို အထင်ကြီးချင်တာမှ မဟုတ်တာ ..”

“မကြီးတာတွေ နင်တို့လည်း ပြောခဲ့ကြတာပဲ ..၊ ဒီရောက်မှ ချက်ချင်းကြီး ..”

“ကဲ ..တော်ကြပါတော့ .. အလည်လာကြတာကို ပျော်ပျော်ပါးပါး နေကြစမ်းပါ ..”

“ငါကတော့ မပျော်ပါဘူး ..”

ဂျင်မ် က မျက်နှာစူပုတ်ပုတ်နှင့် တစ်ခါတည်း ဝန်ခံ၏။

“တွေ့လား .. တရားခံက တရားခံ ပြန်ရှာနေတာ ..”

“ကဲ .. ဆောင်းနှင်း ..”

“ဘာလဲ ..”

“စ မနေစမ်းပါနဲ့ .. ဟိုပုဂ္ဂိုလ် တကယ် လည်နင်နေတာနော်..”

ဂျင်မ့် မျက်နှာပေါ်က ရာသီဥတုကို သောင်းသောင်း က နိမိတ်ဖြင်နေ၏။ ဒီကို လိုက်လာတာကိုက သူ့ကိုယ်သူ ရာမမင်းသားလို လုံးသွင်းလာခဲ့တာမှန်း အသိသာကြီး ..။

ဒီရောက်မှ ဆု မျက်နှာ ဘယ်လိုဝေဒနာမှ မထင်ဘဲ သူတို့ကို တကယ့် ဧည့်သည်တော်ကြီးတွေလို ပျော်ရွှင်ပျူငှာစွာ ကြိုဆိုနေတော့ ခံရက်နေတာမျိုးလား ..၊ ဒါမှမဟုတ် နောက်ထပ် တစ်ခုခုလား ..။

ဂျင်မ် ကလည်း ဆောင်းနှင်း ပြောလိုက်တာကို ဂရုစိုက်မနေဘဲ ဆု ဖျာခင်းနေတာကို တစ်ဖက်က ဝင်ကူ၍ ...

“ဆု ..”

“ဟင် ..”

“နင်ကတော့ ပျော်နေတဲ့ပုံပဲနော် .. တကယ်ကို ငါ မထင်ခဲ့ဘူး”

“ပျော်တာတော့ ဘယ်ဟုတ်မလဲ ဂျင်မ် .. ဒါပေမယ့် ငါ့အတွက် မာမီတို့ ရွေးချယ်ပေးတဲ့လူကိုပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အစတည်းက ခံယူခဲ့တာလား .."

"ဟင့်အင်း .. အစတည်းက မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့မှာ ချစ်ရမယ့်သူမှ မရှိတာ ..၊ မာမီတို့ကို စိတ်ဆင်းရဲ အရှက်ရအောင် ဘယ်တော့မှ မလုပ်ဘူးလို့လည်း အသိ ရှိထားတော့ ဒီလို ပြောင်းလဲ သွားတဲ့ပေါ်မှာ စူးနစ် နာကျင်မိတာမျိုးတော့ မဖြစ်တာ အမှန်ပဲ .."

"ခုလို ငါတို့ကို မြင်ရတော့ရော .. မြို့မှာ လွတ်လပ်ပျော်ရွှင်ရတဲ့ ပြည့်စုံမှုတွေနဲ့ နင် နေရတဲ့ သေးနုပ် သိမ်ငယ်ပြီး မပြည့်စုံတဲ့ ဒီလို တောတောင်ထဲက ဘဝကို ယှဉ်တွေးပြီး ဘာမှ မခံစားရဘူးလား .."

"ဂျင်မ် ရယ်.. နင်က ဆု ကို အားပေးဖို့ လာတာလား ..၊ ငိုချင် ရက်လက်တို့ ဖြစ်အောင် ချွန်ပေးနေတာလား .."

"ဘာဖြစ်လို့လဲ ဆောင်းနှင်း .. ငါ မေးချင်တာ မေးလို့ မရဘူး လား .."

"ရပါတယ် .. ငါ ဖြေနိုင်ပါတယ် .."

ဆု က ဂျင်မ် ရင်ထဲကို နားလည်သည် ..၊ ဒီထိ လိုက်လာရတဲ့ ဖွဲ့ကိုလည်း နားလည်နေသည်မို့ အတတ်နိုင်ဆုံး ရိုးသားသည့်အပြုံးနှင့် ကြည့်၍ ...

"ပြည့်စုံတာ .. သေးနုပ်တာတွေက ကြည့်တဲ့လူပေါ်မှာပဲ မူတည် တာပါ၊ ငါကတော့ မာမီတို့က နေစေချင်တဲ့အရပ်ကို လာရပေမယ့် ငါ အမြဲ နေရတော့မယ့်ဒေသပဲလို့ မြင်နိုင်အောင် ကြိုးစားထားတယ် မဖြစ်ချင်တာတွေ ဖြစ်လာတဲ့အခါ ကိုယ် ဖြစ်ချင်တာကို ရအောင် အတင်းပြန်လုပ်ယူဖို့က ခက်ပါတယ် .."

"ခက်တယ် ထင်နေတာပါဟာ .. ကိုယ့်သဘောနဲ့ ကိုယ့်ဆန္ဒပါ"

"ဆု က သူ့မိဘကို မဆန့်ကျင်ပါဘူးလို့ ပြောနေတာပဲ ..၊ သူ ကိုယ်သူ အေးချမ်းအောင် နေနိုင်တာ မကောင်းဘူးလား .."

နှင်း တို့က ရောက်တာနှင့် ပျော်နေကြသည်။ လုပတာတွေ





အာယာတာတွေကိုပဲ ပြောချင်ကြ၏။ ပြောချင်တာကို ပြောရတဲ့အဆင့် ရောက်နိုင်ဘဲ ဂျင်မ် နဲ့ပဲ ရှင်းမရ ဖြစ်နေတာကို စိတ်တွေ ပျက်လာကြ သည်။

"ဆု .. ဒါ နင်တို့ကို အန်တီ ဒေါ်တင်မေ တို့က လက်ဖွဲ့ထားတဲ့ ခြံကြီးပေါ့နော် .."

သောင်းသောင်း က ဂျင်မ့် ကိုလည်း မဝေဖန် ..၊ သူ ပြောနေတာ တွေကိုလည်း ဂရုမစိုက်ဘဲ မေးချင်တာကို မေး၍ သူ ပြောချင်တာပဲ ဝင်ပြော၏။

"အိမ်လေးက ဒီက တောအိမ်တွေလို မဟုတ်ဘူးနော် .. အုတ်ညှပ် ထိုက်အိမ်လေး .. အုတ်ခဲပုံ ရဲရဲလေးတွေက ပန်းချီရေးထားတဲ့အတိုင်း ပဲ .. အပြင်က ကြည့်လည်း လှတာပဲ ..၊ ရှေ့တစ်ခြမ်း နောက်တစ်ခြမ်း ဆုံး ဝရန်တာလေး ထုတ်ထားလည်း ချစ်စရာလေး .."

"ဟုတ်တယ် .. ငါနဲ့ လက်ထပ်ပေးဖို့ မာမီ အကြောင်းကြားလိုက် ဘည်းက သူတို့က ဆောက်ထားတာလေ .."

"အပိုင်ကြီးပဲနော် .. နှင်သာ ချစ်သူရှိပြီး ခိုးရာလိုက်ပြေးသွားရင် သူတို့ အရှက်ကွဲမှာ မကြောက်ဘူးလား မသိဘူး .."

"ဟွန်း .. ဆုထူးပန် ဘယ်လောက် လိမ္မာတယ်ဆိုတာ သိလို့ နေမှာပေါ့ .."

ဝင်ပါလာပြန်ပြီ ဂျင်မ် ...၊

သောင်းသောင်း က ဂျင်မ့် နောက်ကျောကနေ ပခုံးတွန့် လက်ကာ ပြရင်း ...

"ဟုတ်မှာပါ .. မိဘစကား နားထောင်တော့ ဆင်စီးပြီး မြင်းရံ တဲ့ဘဝမျိုးနဲ့ နေရတာပေါ့ ..၊ ငါ ရောက်လာတည်းက အကဲခတ်မိပါ တယ် ..၊ ဆု က တောမှာ နေရပေမယ့် အထိန်းတော် အချော်တော်တွေ နဲ့ လိုကရ မင်းသမီးလေး ဖြစ်နေတယ်ဆိုတာ .."



www.burmeseclassic.com

"အေးလေ .. မြို့နဲ့ ဝေးပေမယ့် ကိုယ့်ကားတွေ မြို့မှာ ပြေးလွှားနေတာဆိုတော့ လိုအပ်တာရှိရင် ဖုန်းဆက်လိုက်ရုံပဲပေါ့ .. ငါတောင်အားကျလာပြီ .."

"အားကျတာများ ရန်ကုန်ကို လာကြတုန်းက မတွေ့ဘူးလား။ သားမြတ် ရဲ့ဘေးမှာ လူပျို ကာလသားတွေမှ အများကြီးပဲ ကြိုက်တာခေါင်းခေါက်ယူလိုက် .."

"ဟုတ်တယ် .. အစက ရရင် ရမယ် .. ခုတော့ ရမှာ မဟုတ်တော့ဘူး ..။ ရွာကလူတွေ မျက်မှန်းမကျိုးရအောင် ငါက နင့်ရည်းစားလိုလိုစေ့စပ်ထားတာလိုလို ဖြီးဖြန်းထားရတာလေ ..။ လာကတည်းက လာဘ်ပိတ်နေတာ .."

"ဩော် .. ဩော် .. တော်တော် ရင်နာနေပုံပဲ .."

"နာတာပေါ့ ..။ ငါ့မှာ ရည်းစားလေးတောင် မထားခဲ့ဘူးပဲနဲ့.."

"စကားခေါ်နေတာလား ..။ ဟန်ဆောင်ရုံပဲနော် .. လုံးဝ စိတ်မဝင်စားဘူး .."

"ခွေးစုတ်ကောင် .. ငါ အသေထုမှာနော် .. ပါးစပ်ပိတ် .."

နှင်း က လက်သီးဆုပ်ပြီး ခေါသတကြီး ရွယ်တော့ ဂျင်မ် က ရယ်သည်။ သောင်းသောင်း နဲ့ ဆောင်းနှင်း တို့က ဖြူဖြူသွယ်သွယ် ချစ်စရာတွေပါ ..။

သူမတို့နဲ့ ရင်းနှီးပြီးမှ ဂျင်မ် က ဆု ကို သိတာဖြစ်သည်။ တကယ်တမ်းကျတော့ နှင်း တို့နှစ်ယောက်စလုံး ဂျင်မ် ကို တိတ်တခိုး သဘောကျခဲ့ကြဖူးသည်။

ဒါပေမယ့် ဂျင်မ် ရဲ့ ဟဲရ်စတိုင်လ်တွေ ခေတ်ရှေ့ပြေးလွန်းနေတာက ဘယ်သမီးရှင်မဆို နှစ်သက်မှာ မဟုတ်သော သရုပ်ပျက်စတိုင်လ်မျိုး ဖြစ်နေခဲ့၏။

ဆံပင်ကို ဟိုလိုထောင် ဒီလိုထောင် ခရမ်းရောင် ဖြစ်သွားလိုက် ပန်းရောင်ဖြစ်သွားလိုက်ရှိကာ သူ့အတွက် ဆံပင် နီတာ ဝါတာက ခေတ်မမီတော့သည့်ကာလာတွေ ဖြစ်နေ၏။

ဆံပင်ရောင်နဲ့လိုက်အောင် သိန်းကျော်တန် မျက်မှန်တွေ တပ်သည်။ ဝတ်စုံတစ်စုံ၏တန်ဖိုးဟာ သူ့ကိုယ်ပေါ်မှာ အနည်းဆုံး ငါးသိန်းအထက်ဖြစ်ကာ တစ်ခါတလေ ကိုယ်ကြိုက်တဲ့ဒီဇိုင်းမျိုး တွေ့ရင်တောင် တကယ့်ဈေးအကြီးဆုံး ဘရမ်းဒ် မဟုတ်လျှင် ပယ်သည်။

ယောကျ်ားလေးဖြစ်ပြီး ဖိနပ်တစ်ရန်ကို ခုနစ်သိန်း ရှစ်သိန်းတန် ဟာတွေချည်း စီးတတ်နေတာကျတော့ လွန်သည်လို့ ဆု တို့အုပ်စုက သတ်မှတ်ခဲ့ကြတာ ဖြစ်သည်။

'ဒီကောင် တစ်ခန်းလွတ်နေပြီ' လို့ ပြောပြီး သောင်းသောင်း ကမူ တိတ်တခိုး သဘောကျမိခြင်းကို စွန့်လွှတ်ခဲ့တာ ထင်သည်။

"အိမ်မှာ မွေးနေ့လာတုန်းက မေမေက မြင်သွားပြီး ငါ့အိမ်ကသူတွေက ကဲ့ရဲ့လိုက်ကြတာဟယ် .. ဒီလိုသားမျိုး မွေးထားမိရင် ငါ့အိမ်ကျတော့ အိမ်ကို အင်္ဂတေနဲ့ မဆောက်ဘဲ ပြဒါးမှန်တွေနဲ့ ဆောက်ရတော့မှာ ကျိန်းသေတယ် ..။ ရုပ်လေး သနားကမား ရှိပြီးသားကို ကိုယ့်ပုံကိုချက်အောင် ဖျက်ရတယ်လို့ ဘာညာတွေ စုံနေတာပဲ ..။ သူ့မိဘက တစ်ဦးတည်းသောသားမို့ အရမ်းချမ်းသာလို့ အလိုလိုက်ထားတာပါပါ ပြောလည်း မရဘူး .. ဒီလို ဖြုန်းပုံမျိုးနဲ့ မြေပေါ် ကုဋ္ဌေရှစ်ဆယ်.. မြေအောက် ကုဋ္ဌေရှစ်ဆယ်အပြင် စိန်တွေ လှည်းတစ်စီးတိုက်လောက်ရှိပါသေးတယ်ဆိုလည်း ကုန်မှာပဲ တဲ့ .."

ဆောင်းနှင်း ကတော့ ထိုနေ့ရဲ့ နောက်ရက်တွေမှာ သဘောကျတာတွေ မပြောရဲရှာတော့ပါ ..။

ထိုအခါ သူ ချစ်ပါသည်ဆိုသော ဆု ကတော့ ဂျင်မ် ဆိုရင် အမြစ်နယ်မြေအဖြစ် သတ်မှတ်ပြီးသား ဖြစ်ခဲ့ရ၏။

မာမီတို့ကတော့ သိပ်မပြောပါ။

www.burmeseclassic.com



'ဒီကောင်လေး ကြည့်ရတာ မိမနိုင် ဖမနိုင်လေးမှန်း သိသာတယ်' တဲ့။ မြို့ကြီးသူ မိဘတွေတောင် မျက်စိနောက်ရတဲ့ ဂျင်မ့် ကို ဒီရွာက လူတွေ ဘယ်လိုနေမလဲ ..။

"ဒါနဲ့ ဆု .. အန်တီဒေါ်တင်မေ က ငါတို့ ဒီအိမ်လေးမှာ နေကြ မှာဆိုတော့ မျက်နှာပျက်သွားတယ်နော် .. ငါများ စိတ်ထင်လို့လား.."

"စိတ်ထင်တာ မဟုတ်ဘူး .. အဲ့ဒါ ငါ သိတယ် .."

ဆောင်းနှင်း က ဖျာပေါ်မှာ ဝင်ထိုင်လိုက်ကာ စကားမဆက်ဖြစ် သေးဘဲ ဖျာပေါ်မှာ ရေးထားသည့် ပန်းချီပုံကို သေချာ ငုံ့ကြည့်သေး သည်။ ပြီးမှ ...

"ဆု ခုနက ပြောတယ်မို့လား .. အန်တီသဲ တို့ ပြန်သွားမှ အိမ်မှာ နေမယ်ဆိုပြီး ဒီမှာ သူတို့လင်မယား တစ်ခါမှ လာမနေဖူးဘူးဆိုတာ-"

"ဟုတ်တယ် သောင်းသောင်း .. သားမြတ် နဲ့ ငါ ဒီမှာ တစ်ရက် လာမနေဖူးဘူး ..၊ ရောက်လာကာစက မာမီတို့နဲ့ တစ်ခါ လာကြည့် တယ် .. ဒါပဲ ..၊ လင်မယားတောင် အတူမနေရသေးဘဲနဲ့ သူငယ်ချင်း တွေနဲ့ သွားနေမယ်ဆိုတော့ စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားမှာပေါ့ - ဒါပေမယ့် အမေက သဘောကောင်းပါတယ် .."

"အံမယ် .."

"အမေတွေ ဘာတွေ ဖြစ်ကုန်ပြီ .. ခစ် .. ခစ် ..."

"ဟွန်း .."

ဂျင်မ့် မျက်နှာမှာ ခရမ်းချဉ်သီးမှည့်ကြီးတစ်လုံး ချက်ချင်း သီးပွင့် လာသလိုပင် ..၊ သောင်းသောင်း က ရယ်ပြီးမှ ဂျင်မ့် ကို အကဲခတ် ပြီး ပါးစပ် ပြန်ပိတ်၏။

"နင်တို့ကလည်း သိမှ မသိတာ .. အန်တီလို့ တစ်ခါခေါ်မိတိုင်း ငါ့ကို အတင်းခေါ်ခိုင်းနေတာ ..၊ မာမီရှိတုန်းက မာမီ့ကိုပါ စစ်ကူခေါ် တာက ရှိသေး .."





"အေးပါ .. ခု သိပါပြီ .. ခေါ်ပါ .."

"နင့်ကောင်က ငါတို့ လာကာမှ ရှောင်ထွက်သွားတာ ဘာ သဘောလဲ ..၊ မကြည်တာ ပြတာလား .."

"သားမြတ် လား .."

"ဟုတ်တယ်လေ .. လူကို လှမ်းကြည့်ပြီး နှုတ်တောင် မဆက်နိုင် ဘူး .. လှည့်ထွက်သွားတာ .."

"နင်ကရော နှုတ်ဆက်လို့လား .."

"သူက အိမ်ရှင်လေ .."

"ငါတို့က မဖိတ်ဘဲ လာကြတာကိုလည်း ထည့်တွေးဦးလေ .. ပြီးတော့ နင် ဆု ကို .."

သောင်းသောင်း က ဆက်မပြောတော့ဘဲ ရပ်ပစ်ပြီးမှ ...

"နင့်ကို ဘယ်လိုလုပ် ကြည်မှာလဲ .."

"မဟုတ်ပါဘူးဟာ .. သားမြတ် ဆိုတဲ့လူလား .. သူ မကျေနပ် တာကို ပြောလို့ရရဲ့သားနဲ့ ရှောင်ထွက်သွားမှာ .."

"ဒါဆို ဘယ်ပျောက်သွားတာလဲ .."

နှင်း က မေးခွန်းကို ဆက်ပေးလိုက်သဖြင့် သူမတို့လည်း သားမြတ် မကြည်လို့ ရှောင်သွားတယ်ပဲ ထင်နေကြတာ သိသာသွား၏။

ထို့ကြောင့် ဆု က လက်ဖက်သုပ် ခပ်စားရင်း သောင်းသောင်း သိနိုင်လို့ရအောင် နောက်ဆုတ်ပေးလိုက်ပြီး ...

"ငါတို့ ရန်ကုန်ကစီးလာတဲ့ကားကို အလုပ်ထဲ သွားထည့်တာ လေ .."

"ဒါဆို နင့်ကို ခေါ်ဖို့အတွက် အကုန်အကျတွေ ခံနေတာ မဟုတ် ဘူးပေါ့ .."

"မဟုတ်ပါဘူးဟာ .. ဝယ်တည်းက ကားနဲ့ပြန်ဖို့ဆိုတော့ ငါ့ အတွက်လည်း ပါတယ် ပြောရင် ရတာပဲ ..၊ တကယ်က သူ့အဖေက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကားအလုပ်တွေ လုပ်နေတာ ..၊ သန်းစိုး တို့ .. ဦးမြင့်သန်း တို့ ဦးပေါ တို့ဆို သူတို့ ဒရိုင်ဘာတွေပဲ၊ ပြီးတော့ ငါ မသိတဲ့ လူတွေ ရှိသေးတယ် ..”

“ဘာလဲ .. အတောင်ကျိုး အမိုးပွင့်နေတဲ့ ချုံးချုံးကျနေတဲ့ ဘီးတော်မင်းလက်ထက်က ကားကြီးတွေလား ..”

“ဟုတ်မှာပေါ့ .. ကုန်ကားတွေလို့ ပြောတာပဲ .. လူပါတင်လို့ရတဲ့ ကားတွေလည်း ရှိတယ်တဲ့ ..၊ ခရီးသည်တင် သပ်သပ်ကတော့ ဒီကားပဲ ရှိသေးတာလို့ ပြောတယ် ..”

ဆု က ဂျင်မ် မဲ့ရွဲ့ ကဲ့ရဲ့နေတာကို ဂရုမစိုက်ဘဲ သေချာ ထပ်ရှင်းပြနေသည်။ နှင်း ကတော့ ဂျင်မ် ကလေးဆန်နေတာကိုပဲ အံ့ဩမိတော့သည်။

ဒါမှမဟုတ် ဆု ကို ဂျင်မ် အဲဒီလောက်ထိ ချစ်ခဲ့သလား .. ဒီလောက်တောင် နှမြောတသ မချိတရိ ကြေကွဲနေရသလား ..။

သနားပဲ သနားရတော့မလို .. ဒေါသထွက်ရတော့မလိုနှင့် ..

“ကား သွားသွင်းရတဲ့အကြောင်းကလည်း ငါတို့ ရောက်ရောက်ချင်းပဲနော် .. တိုက်ဆိုင်လိုက်တာ ..”

“နင် ဒါပဲ ဘာဖြစ်လို့ ရစ်နေတာလဲ ဂျင်မ် ရယ် .. ညီ့သည်တော် အိမ်ရှင် ကြည်ဖြူအောင်တောင် ဂရုစိုက်နေရဦးမှာ ..၊ နင် ဘာဖြစ်လို့ ပြဿနာဖြစ်ဖို့ အစထွင်နေတာလဲ ..”

“နင်တို့က ငါ့အကောင်းမှ မမြင်ကြတာ ..”

“အကောင်းမြင်တာ မမြင်တာ အသာထားလိုက် ဂျင်မ် ..၊ ငါတို့ နှစ်ယောက် ဒီထိ လိုက်လာခဲ့ကြတာ နင့်ကြောင့်နော် .. နင် တစ်ယောက်တည်း သွားဖို့ မဖြစ်နိုင်တဲ့လမ်းမို့လို့ လိုက်ခဲ့ကြတာ .. ကားဆို မင်္ဂလာဆောင်ပြီးမှ သက်သက်ကြီး လာရတာ ကြားလို့ မကောင်းဘူး ..”





“ဒါကတော့ ခုတွေ့ ခုပဲ ထည့်လွှတ်လိုက်တယ် .. ချက်ချင်းကြီး မင်္ဂလာပွဲနှစ်ပွဲ ဖြစ်သွားတယ်၊ အဲဒါမျိုး ငါတို့မှ မကြုံဖူးတာ .. မင်္ဂလာပွဲနှစ်ပွဲစလုံး မီအောင် မလာနိုင်ရတဲ့အကြောင်းလည်း ရှိချင် ရှိမှာပေါ့”

ဂျင်မ် က ဘာစကားပြောပြော မကျေလည်တာတွေပဲ အမိက ...နေခဲ့၏။

“ငါတို့ယူလာတဲ့ လက်ဖွဲ့တွေကို ဒီတောသားတွေ မြင်တောင် မြင်ဖူးကြလို့လား ..၊ ဒီလိုနေရာမှာ တစ်ပတ် ဆယ်ရက်လောက် တင်...ထားရတာလောက်နဲ့ သူတို့ မရှုံးဘူး .. မြတ်တောင် မြတ်သေး...ယ် ..”

“ကြည့်စမ်း .. တကယ့် ကလေးပေါက်စလေး ကျနေတာပဲ ..၊ ...ိုင်းတိုင်းထွာထွာနဲ့ဟယ် ..”

“ဟုတ်ပ .. ငါတို့ ခင်လာတဲ့ ဂျင်မ် .. အဲဒီလောက် စေ့စပ်မှန်း ...ပဲ သိတော့တယ် ..၊ ခစ် .. ခစ် ..”

ဆု ကလည်း စိတ်မဆိုးသည့်ပြင် အပြုံးမပျက် ရှိနေရှာ၏။

သောင်းသောင်း က လက်ဖက်သုပ်အစ်လေး ဆွဲယူလိုက်ပြီး မစား...သေးဘဲ မွှေနှောက်နေရင်း ...

“ဆု ကို ငုတ်တုတ်ကြီးထားပြီး လက်ဖွဲ့နဲ့ အရှုံးအမြတ်တွေ တွက်ပြ...တာ ငါတော့ မျက်နှာ ဘယ်သွားထားရမှန်းတောင် မသိတော့ဘူး..၊ ...ဒီ လက်ဖွဲ့ပစ္စည်းမျိုးတွေ တောမှာ မရှိပေမယ့် ပိုက်ဆံရှိရင် ကြိုက်...လောက် သွားဝယ်လို့ ရတယ်လေ ..၊ သားမြတ် တို့က လူဆင်းရဲတွေ ...လား ..”

“တော်တော့ သောင်းသောင်း .. ငါလည်း မပြောတော့ဘူး၊ နင်တို့...ထဲမှာ သားမြတ် ပဲ အကောင်းဆုံး ဖြစ်သွားပြီ .. သိတယ် ..”

“တွေ့လား ..”

“တွေ့ရုံတင်မကဘူး .. အကုန်လုံး သိသွားတာ ..”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပဲ .."

"ကဲ.. ရန်ဖြစ်မနေကြပါနဲ့တော့.. စိတ်ညစ်ဖို့ ကောင်းလိုက်တာ.."

နှင်း က ရှုံ့မဲ့ တားဆီးရင်း ဆု ကို ကြည့်၍ ဖျာလေးကို ဖွတ်
ကာ ...

"ဖျာလေးက နူးချောနေတာပဲ .. ဘယ်လိုလေးလဲ မသိဘူးနော် ..
မြက်ဖျာဆိုပေမယ့် ဒီလောက် နူးညံ့တာမျိုးလေး မတွေ့ဖူးပါဘူး .."

မြို့မှာဆို မြက်ဖျာဆိုသည့် ပလတ်စတစ်ရောင်စုံပွင့်တွေနှင့်
ကြမ်းကြီးတွေက ပလတ်စတစ်ပေမယ့် မနုပါ ..။

"ဆု .. ဒါ တကယ့် မြက်လေးတွေလား မသိဘူးနော် .. ပြီး
ဆေးဆိုးထားတာနဲ့ မတူဘူး .."

"အင်း .. အမေတို့ ပြောတာတော့ .. တကယ် မြက်ရိုင်းတွေထဲ
အလယ်အူကို အရက်နဲ့ ပြန်စိမ်ပြီး ကြိုးဖြစ်အောင် လုပ်တာတဲ့..။ ပြီး
အပွင့်ရက်မယ်ဆိုရင် အရောင်အတွက် ရွှံ့ဗွက်ထဲ နှစ်ထားလိုက်တာ

"ဟုတ်လား .."

"အဲလို ပြောတာပဲ .. ဒါ ဟိုးအရင်တုန်းက ပစ္စည်းတွေတဲ့ ..
ခုတောင်မှ တောရဲ့ ဖွံ့ဖြိုးမှုက ဒီလောက်ပဲရှိတာ နင် စဉ်းစားကြည့်
လား ..။ ဆေးတွေဘာတွေ ဘယ်လိုလုပ် စုံစုံလင်လင် ရှိမှာလဲ .."

"မီးသွေးခဲတွေ ဘာတွေကို ဖျော်တာမျိုးလည်း မဟုတ်ဘူးနော်"

"ရေပုပ်ထဲမှာ ကြာကြာထားလေ နက်လေပဲတဲ့ ..။ တချို့ကျ
နှစ်ရက် သုံးရက်လောက်ပဲ ထားပြီး ရေညှိပုပ်ရောင်သာသာပဲ ဖြစ်
တယ် .. တချို့ကျတော့ နက်စွေးနေအောင် အကြာကြီး ထားတယ်
ကြာကြာထားလို့ နက်သွားတဲ့အရောင်က ဖယောင်းသားလိုပဲ ပြောင်
လက်ပြီး နက်တာတဲ့ ..။ အဲဒီမှာ နင် ကြည့်ပါလား .."

ဆု က ပြောနေတုန်း သောင်းသောင်း ကလည်း စိတ်ဝင်တစား
ပွတ်သပ်ကြည့်နေ၏။





"ဟုတ်မှာနော် .. ရွှံ့ကလည်း ရွှံ့ဆိုပေမယ့် သူ့မှာ နူးညံ့ခြင်း၊
ခင်းစိုခြင်း၊ အေးမြခြင်းဆိုတဲ့ ဂုဏ်သတ္တိတွေ ရှိတယ်တဲ့ .."

"သိလိုက်ရပြန်ပြီ .."

ဂျင်မ် က သောင်းသောင်း လက်တစ်ဖက်နဲ့ ကိုင်ထားဆဲ လက်ဖက်
အစ်ထဲက ပဲကြော်လေးတွေကို ပါးစပ်ထဲ ကောက်ထည့်ရင်း မထိတထိ
ပြော၏။ ပြီးတော့ ...

"ငါ အိပ်ချင်ပြီ .."

"သွားအိပ်လေ .. အိပ်ရာတွေ ပြင်ခိုင်းထားပြီးသားပဲ .."

သူတို့ နောက်ဖေး ဆင်းမလာခင်တည်းက အေးပုံ နဲ့ သူဇာ တို့က
အိမ်ရှေ့ခန်းမှာပဲ လိုက်ကာတွေနဲ့ ကန့်၍ ပြင်ဆင်ပေးနေကြတာ မြင်ခဲ့
သည်။

လက်ဖက်သုပ်တောင် လာပေးသွားပြီဆိုတော့ ပြင်ပြီးပြီ နေမှာ
ပေါ့ ..။ သို့သော် ဂျင်မ် က ဆု ကို ကြည့်၍ ...

"ဆု .."

"ဟင် .."

"နင်က အိမ်ရှင်လေ .."

"အံမယ် .. အံမယ် .. ရှင် အိပ်ချင်တာကို ဆု က အိပ်ရာထဲထိများ
လိုက်ပို့ပေးရဦးမှာလား ..။ ဂျင်မ် နော် .. ငါ မပြောမိအောင် နေနေတာ..။
ပြောချင်အောင် မလုပ်နဲ့ .."

သောင်းသောင်း က စိတ်တိုနေသည့်အသံနှင့် ကပ်ကြိမ်း၏။

"မဟုတ်ဘူးလေ .. အိပ်ရာတွေ ပြင်ပေးထားတာ ငါလည်း မြင်
သားပဲ ..။ ဒါပေမယ့် မွေ့ရာလေး လက်နှစ်လုံးလောက်နဲ့ ငါ မအိပ်
တတ်ဘူး .. ပြီးတော့ ကြမ်းပေါ်မှာ .."

"အဲဒီတော့ ဘာလုပ်ပေးရဦးမှာလဲ .."

"ဟိုကောင်လည်း ခရီးသွားတယ်မို့လား .. နင်တို့အိပ်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခုတင်နဲ့ စပရင်မွေ့ရာနဲ့ ငါ ခဏ ဝင်အိပ်မယ် .. မရဘူးလား .."

"မရဘူး .."

"သောင်းသောင်း .. ငါ နင့်ကို မေးတာ မဟုတ်ဘူး .."

"ဟဲ့ .. ပြောလိုက်လေ ဆု ..၊ နင့်ကိုလည်း ငါ အံ့သြနေပြီ
ရယ် .. ဂျင်မ် နဲ့ အမြဲတမ်း စကားပြောမတည့် ဖြစ်တတ်တာက နင်
ဘယ့်နှယ် ခုကျမှ သဘောထားပြည့်ဝသူကြီး ဖြစ်နေပါလား .."

ဂျင်မ် ကပ်သတ်ရစ်နေတာကို သူမတို့ နားကြားပြင်းကပ်နေပါပြီ
ဆု ဘာဖြစ်လို့ ဒီလောက်ထိ သည်းခံနေမှန်းလည်း နားမလည်နိုင်
ဒါပေမယ့် ဆု မျက်နှာကလည်း ဂျင်မ့် စကားကြောင့် စိတ်
ထွေးသွားပုံတွေ ဖြစ်လျက် ...

"ဒါတော့ မဖြစ်နိုင်ဘူးလေဟာ .. လင်မယားအိပ်ရာထဲကို
က .."

"နင်တို့ တစ်ခါမှ အတူမအိပ်ရသေးဘူးမို့လား ..၊ ခု သူလည်း
မရှိဘဲနဲ့ .. အလကား တွန့်တိုနေတယ် .."

"နင် ကလေးဆန်လှချေလား ဂျင်မ် .. သူ ရှိရှိမရှိရှိ .. ဘယ်
အိပ်အိပ်မအိပ်အိပ် နင် ဝင်အိပ်နေတာ တစ်ယောက်ယောက် မြင်သွား
ရင် ငါ ဘယ်လို ရှင်းရမလဲ .."

"ဂျင်မ် .. နင် လုပ်ပုံတွေက ငါ မစွပ်စွဲချင်ဘူးနော် .."

"အေးလေ .. ဒီခရီးကို ထွက်လာတာ .. ရီးရော ရီးသားရဲ့လား

ဂျင်မ် က နှင်း ကို ဘုကြည့်ကြည့်၍ ...

"နင်က ဘယ်လို ထင်လို့လဲ .."

"ဆု တို့ လင်မယား ကွဲအောင်လို့များ ရည်ရွယ်ထားသလား
ပါ ..၊ နင် မေးလို့ ပြောတာနော် .."

"နင်တို့ရော .. အစက လက်မထပ်စေချင်လို့ ဝိုင်းကြိုးစားခဲ့
ကြတာပဲလေ .."





ဂျင်မ် ပြောလိုက်ပုံက ဝန်ခံလိုက်သလိုကြီးမို့ အားလုံး မျက်လုံး
အဝိုင်းသား ဖြစ်ကုန်၏။

"လက်မထပ်ခင်က ငါတို့ ဘယ်သဘောရှိခဲ့ရှိခဲ့ .. အခု ရပ်သိ
ရွာသိ .. တစ်နိုင်ငံလုံးအသိ .. ဆု က သားမြတ် ရဲ့မိန်းမ ဖြစ်သွားပြီ
ဆ ..၊ သားမြတ် ကရော ဘယ်လိုလူမို့လို့လဲ ..၊ ဂျင်မ် .. နင် ပြောတာ
ဆွ အောက်တန်းကျတဲ့ဘက်ကို ရောက်နေပြီနော် .."

"ဟား .. ဟား .. ဟား ..."

ဂျင်မ် က လက်ဖက်သုပ်ကို ဆွဲယူလိုက်ပြီး ပေါ့ပါးဟန်နှင့် ရယ်ချ
လိုက်၏။

"တော်တော် လန့်သွားကြတဲ့ပုံပဲ.. ဟွန်း.. ငါ ဒီလောက်ထိ မရည်
ရွယ်ပါဘူးဟာ .. တမင် စတာပါ"

ဟုတ်ရဲ့လားဆိုသည့် အတွေးတွေနှင့် တိတ်တိတ်ဆိတ်ဆိတ် ဖြစ်
သွားခဲ့ကြ၏။

နှင်း တို့ နှစ်ယောက်၏စိတ်ထဲမှာ တူညီစွာ တွေးမိသွားသည်က..၊
စိတ်ကူးလာခဲ့တဲ့အတိုင်း နောက်ထပ် ကြာကြာ ဆက်နေလို့မှ
ဖြစ်ပါ့မလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

ညက မှောင်နဲ့မည်းမည်း ဖြစ်နေသည်။ မိုးသက်လေ တော့လိုက် တော့ ဝါဆိုးမိုးနဲ့ပါ ပါလာ၏။

"သားမြတ် .. ငါတို့ မိုးမိတော့မယ် ထင်တယ် .."

"မမိချင် မြန်မြန်လျှောက် .."

"လျှောက်လည်း မိမှာပဲ .. ရှေ့မှာ ဘကြီးဆယ် ရဲ့အင်း ရှိတယ် ကွ .. အဲဒီမှာပဲ .."

"ဘာမှမလိုတော့ဘဲနဲ့ မနားနဲ့ကွာ .. ဓာတ်မီးတွေ အားလုံး ပါ တယ် .."

"မိုးကာ မပါဘူးကွ .."

"တော်သားဖြစ်ပြီး မင်းက မိုးကြောက်နေရသလား .."

"သားမြတ် .. သန်းစိုး ပြောတာ ဟုတ်တယ်နော် .. လမ်းက ရှည်သေးတယ်၊ မိုးရွာတာနဲ့ ချောင်းက ရေတိုးလာဦးမှာ .."





ပေါင်းကူးတံတားအသစ်ကြီး အောက်ကနေ ရွာဆီကို ခန့်ခန့်ညား ညား တိုးဝင်သွားသည့် ချောင်းလေးက သိပ်တော့ မကျယ်ပါ။ ဒါပေ မယ့် ရေနက်တော့ လှေနဲ့ပဲ ဖြတ်ကူးရတာ ဖြစ်၏။

ရေတိုးနေချိန်ဆို ဒိုက်တွေနဲ့ ငြ ..၊ ပိုက်တန်းတွေနဲ့ တိုးမိနဲ့ ပိုပြီး အလုပ်ရှုပ်၏။

ခုလို မိုးသံ လေသံတွေနဲ့ လရောင် မမြင်ရသော အချိန်ဆိုရင်တော့ ဆိုဖွယ်ရာ မရှိတော့ပေ ..။

သန်းစိုး နဲ့ ငတိုး တို့ သားမြတ် ရဲ့ခြေလှမ်းကို အမှီလိုက်နေရင်း သုတ်တိုက်လို တိုက် ..၊ ဖိနပ်ကျွတ်တဲ့သူက ကျွတ် ..၊

"အစတည်းက ဦးလေးထူး က နောက်နေ့မှ ဦးမြင့်သန်း နဲ့ ပို့ခိုင်း လိုက်မယ်ဆိုတာကို သူပဲ ဇွတ်ထွက်လာ .. ပြီးတော့ ပြန်ချင်တော့လည်း ဇွတ် .."

"အေးလေ .. မင်္ဂလာဆောင်ပြီးကာစ မိုးလေးအေးအေးနဲ့ ကိုယ့် မိန်းမနဲ့ ကိုယ် အေးဆေး နေပါတော့လား .."

"မင်းတို့ကို ဘယ်သူ ခေါ်လာလို့လဲ .."

"မင်း သွားရင် ငါတို့က လိုက်နေကျလေ ..၊ ဒါတောင် မင်းမင်း က ဦးဝိစ္စာကြီး နှိပ်စက်ထားတာ အကင်းမသေသေးလို့ .. မဟုတ်ရင် ပါလာဦးမှာ .."

ကားကိစ္စနဲ့ သားမြတ် တစ်ခါတလေ မြို့ရောက်တော့မယ်ဆို သူတို့ အမိအရ လိုက်ကြသည်။ ကားစီးချင်တာရော .. ကားမောင်း သင်ချင်တာလည်း ပါ၏။

ခုဆို သူတို့လည်း ကားမောင်းတတ်နေပါပြီ ..၊ ရွာက ယောကျ်ား အချို့ ကားမောင်းတတ်ပြီး မြို့ပေါ်ထိ အလုပ်သွားလုပ်နိုင်ကြတာ ဦးထူး တို့ အကူအညီတွေပဲ ဖြစ်၏။

"ဟော .."



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မိုးစက် မိုးဖွားတွေ ကျလာကြ၏။

"တောက် .."

"ငါ မပြောဘူးလား .."

သားမြတ် က တက်ခေါက်သည်။ ငတိုး က အလိုက်ကမ်းဆိုးမသ ဝမ်းသာနေ၏။

"ကဲပါ သားမြတ် ရာ .. ည ဆယ်နာရီတောင် ခွဲပြီးနေပြီ - ရာသီဥတု မကောင်းရင် တောလမ်းက အရမ်းဒုက္ခပေးတာ .. ရှေ့ အင်းတဲကြီးထဲမှာပဲ ငါတို့ နားလိုက်ရအောင်ပါ ..၊ မိုး ချက်ချင်း ပြ တိတ်သွားရင် ဆက်သွားကြတာပေါ့ .."

သန်းစိုး က အကျိုးအကြောင်းရှင်းပြရင်း အပြေးတစ်ပိုင်းလျှော ၏။ လမ်းတော့ လမ်းပေမယ့် ဒါက ဖြတ်လမ်းလေးမို့ အုပ်ဆိုင်းနေ သည့် ဘေးပတ်လည် တောကြီးက ကြောက်စရာ ဖြစ်၏။

ဒီကြားထဲ မိုးတွင်းဆို သစ်ပင်ကြီးတွေပေါ်မှာ လူကို ဒုက္ခပေးနိုင် သည့် ပက်ကျိလို သတ္တဝါကြီးတွေ ရှိတတ်သေးသည်။

ဒီနေရာမျိုးမှာ မိုးတွင်းဆို ခေါင်းစွပ်မိုးကာထူထူ ဒါမှမဟုတ် ထီးကြီးကြီးတစ်လက်မှ မပါရင် ခရီးသွားဖို့ မသင့် ..။

သားမြတ် ရဲ့အကျင့်က မြို့ကို ကိစ္စရှိလို့သွားလျှင် ကိစ္စရှိသည့် နေရာကိုပဲ သွားသည်။ အလုပ်ပြီးတာနှင့် ပြန်ချိန် ဟုတ်ဟုတ် မဟုတ် ဟုတ် ချက်ချင်း ထပြန်၏။

ခါတိုင်းဆို အချိန်ရာသီကို ထည့်တွက်ဖို့တော့ သတိရခဲ့ပေမ ခုတစ်ခါ ပြန်ဖို့ စိတ်တစ်ခုတည်းမှာ တခြား ဘာကိုမှ မတွေးမိခဲ့ဘဲ

"တောက်!..."

အမိုးရိပ်အောက် ဝင်လိုက်ကာမှ မြည်သံပေး၍ ရွှာချလာသည့် မိုးကို တက်ခေါက်မိသည်။

သူ သွားဖို့ သေချာနေသည့်နေ့ကျမှ ဂျင်မ် တို့ ရောက်လာသည်





သူတို့ရောက်လာမှပဲ ကိုယ့်မှာ ထွက်လာခဲ့ရသည့်အဖြစ်က ဒေါသ တွေချည်း ဖြစ်လာနေခဲ့၏။ အရေးထဲကျမှ ဒရိုင်ဘာတစ်ယောက် မလာ သည့်ကားကို ကိုယ့်ဘာသာ တက်မောင်းခဲ့ရသေးသည်။

"အင်းက အင်းစောင့်တောင် မရှိဘူး ..၊ ဒါကြောင့် ဒီလူကြီး ချမ်းသာတာ .."

"အဲ့ဒါ ချမ်းသာတာလို့ ခေါ်တယ်ကွ .. မှတ်ထား .."

တစ်ယောက်စီမှာ လွယ်ထားသည့် ကျောပိုးအိတ်တွေကို ချကာ မီးအိမ်တစ်လုံးထုတ်၍ ဖွင့်ထားလိုက်ပြီး သန်းစိုး က တရားပြနေ၏။

"ခိုးနိုးနိုး ဝှက်နိုးနိုးနဲ့ ကိုယ့်ပစ္စည်းကို အချိန်ပြည့် ဉစ္စာခြောက် နေရင် ဘယ်မှာ အေးချမ်းမှု ရှိတော့မှာလဲ ..၊ မိုးညိုရွာမှာနေပြီး ငါတို့ အပေါ် ဘယ်တုန်းကမှ ရန်မများခဲ့တာ ကြည့်ပါလား ..၊ ဘကြီးဆယ် တို့ မြေးအဘိုးက လောဘသတ္တာယ နည်းတဲ့ .. စိတ်ကောင်းရှိတာ.."

"ဘာဖြစ်ဖြစ်ကွာ .. စီးပွားရှာတာကတော့ ကိုယ့်အတွက် ကျန်ဖို့ပဲ ဟ .. အင်းကို ဒီတိုင်းထားတော့ တစ်ညလုံး ကြိုက်သလို နိုးသွားရင် ကုန်ပြီပေါ့ .."

"တစ်ညလုံး ဒီတိုင်းလည်း ထားချင်မှ ထားမှာပေါ့ကွ .. သူများ အရိပ်ကိုလည်း နိုးသေးတယ် .. အတင်းကလည်း ပြောသေးတယ် ..၊ ခဲ မင်း ဒီအရိပ်အောက် ဝင်လိုက်လို့ လုံခြုံသွားတာမို့လား .."

"ဟုတ်တယ်နော် .. ကွပ်ပျစ်ကြီးက အကျယ်ကြီး .. အမိုးကြီးက ကောင်းမှ ကောင်း ..၊ နေရတာ ခြောက်ခြောက်သွေ့သွေ့ပဲ ..၊ ဟဲ .. - တစ်ခုပဲ လိုတယ် .."

"ဘုတ် .."

ပြောနေတုန်း ရှေ့မှာ သားမြတ် က သူ့လွယ်အိတ်ကို ပစ်ချလိုက် ...

"မင်းတို့ ဗိုက်ဆာပြီမို့လား ..၊ ငါ ငါးသွားဖမ်းလိုက်မယ် .. မီး



www.burmeseclassic.com

www.burmeseclassic.com



မွှေးထား ..”

“ဟင်!... ငါး ဖမ်းမယ် ..”

“မိုးရွာကြီးထဲကို မင်းကလည်း ..”

“ဘာဖြစ်လဲ ..၊ ဘယ်သူမှ ဘာမှမစားရသေးတာ .. တစ်ညလုံး မိုးရွာနေရင် ဘယ်လိုလုပ်မလဲ ..”

“ဟော့ကောင် .. သားမြတ် .. သားမြတ် .. ဟာကွာ!...”

“မတားနဲ့တော့ ရမှာ မဟုတ်ဘဲနဲ့ ..”

“အဲ့ဒါ မင်း စကား စလိုက်လို့ ..”

“အံမာ .. ဘာဆိုင်လို့လဲ ..”

“မင်းပဲ တစ်ခုပဲ လိုတယ်လို့ ပြောတာလေ ..၊ အဲဒါ ဗိုက်ဆာတာကို ပြောတာ မဟုတ်ဘူးလား ..”

“ဟုတ်ပေမယ့် မင်းကလည်း ငါ့သူငယ်ချင်းကို ဒီလိုလုပ်ပါဆေဆိုတဲ့ စိတ်တော့ မရှိပါဘူးကွာ ..”

“ကဲပါ .. စကားများမနေနဲ့ .. ထင်း ရှာရဦးမှာ ..”

“ရှာစရာ မလိုဘူး .. ကွပ်ပျစ် ဟိုဘက်နောက်ထဲမှာ ထင်းတွေအများကြီးပဲ ..၊ ဒီမျက်လုံးက မြင်ပြီးသား ..”

မိုးက ဖွေနေပြီဖြစ်ကာ ဓာတ်မီးတစ်လက်နှင့် အင်းဘက်ကို ထွက်သွားသည့် သားမြတ် ဆီက အသံတိတ်နေ၏။

ပြီးမှ ဓာတ်မီးရောင် ဝင့်လာသဖြင့် ...

“ဟော .. အချက်ပြနေပြီ ..၊ သန်းစိုး .. မင်း သွားလိုက် ..”

သန်းစိုး ကလည်း ခေါင်းညိတ်၍ အပေါ်အင်္ကျီ ချွတ်လိုက်ပြီး ထွက်သွား၏။ ဓာတ်မီးပါပေမယ့် သူများအင်းထဲက ငါးခိုးဖမ်းရတာမို့ လိုအပ်တိုင်း ထိုးကြည့်နေလို့ မရ ...။

“ကျွတ်!.. ဟိုကောင် ဘယ်လိုလုပ် ဆင်းသွားလဲ မသိဘူး .. မှောင်မည်းနေတာပဲ ..”





အင်းဆီ မရောက်ခင် ဆံပင်ကနေ မိုးစက်တွေက ရေတံလျှောက်သို့ တွဲလွဲခိုကျလာကြ၏။ မျက်နှာပေါ်ကို လက်နဲ့ သပ်ချရင်း သန်းစိုး ငိုက်စိ ရေရွှတ်၏။ အင်းနားကျတော့ သားမြတ် က သူ့ကို မြင်ရအောင် ဓာတ်မီး ဖျတ်ခနဲ ထိုး၍ ငါးကို ကမ်းပေါ် ပစ်တင်လိုက်သည်။

“ဟာ!... အကြီးကြီးပဲ ..”

“ဖလပ် .. ဖလပ် ..”

ငါးခုံးမကြီးတစ်ကောင်နဲ့ ဘာငါးမှန်း မသိသည့် လုံးရှည်ရှည်ကြီးက မြေပြင် မမြင်ရသည့် သစ်ရွက်ပုပ်တွေပေါ်မှာ တစ်ချက် နှစ်ချက် ခုန်လိုက်တာနှင့် တစ်ကောင်နဲ့တစ်ကောင် အဝေးကြီး လွင့်ကုန်ကြ၏။

သားမြတ် က မိဘက မကြိုက်လို့ တားလိုက်လျှင် မလုပ်ဘဲနေ၏။ ဒါပေမယ့် အားလုံးထဲမှာ သားမြတ် ကပဲ ကျွမ်းကျင်သည်။

ရေသေမှာဖြစ်ဖြစ် .. ရေရှင်မှာဖြစ်ဖြစ် ငါးဖမ်းဦးမယ်ဆိုပြီး ဆင်းသွားလျှင် ငါး ပါလာတာပဲ ဖြစ်၏။ အင်းထဲမှာ အထွေးလိုက် မွေးထားသည့် ငါးတွေဆိုတော့ မကြာခင် တဖုတ်ဖုတ် ခုန်ပျံရောက်လာမှာပဲဆိုတာ သိလိုက်ကာ ...

“သားမြတ် .. မပစ်နဲ့ဦးဟ ..”

ငါးတစ်ကောင်ကို ပြေးအုပ်ထားပြီး ဓာတ်မီးအနောင့်နဲ့ နာနာချုပ်လိုက်သည်။ ခေါင်းကြေသွားမှ ခုန်ပေါက်ခြင်း ရပ်တန့်သွားသဖြင့် ကောက်ယူပြီး နောက်တစ်ကောင်ဆီ သွားရ၏။

“ကဲ .. ကဲဟာ .. ဒသတ်ချင်ပေမယ့် ဗိုက်က ဆာနေပြီ .. ဘကြီးဆယ် ကိုတော့ နောက်နေ့ကျ သားမြတ် သွားပြောပြီး ငါးဖိုး ပေးမှာပါ၊ ကောင် ဒီတိုင်းတော့ ဘယ်တုန်းကမှ ခိုးမယူခဲ့ဖူးပါဘူး ..”

ငါးကို ထုသတ်ရင်း သန်းစိုး ကိုယ့်ဘာသာ တစ်ယောက်တည်း ပြောနေတာ ငါးကို တောင်းပန်တာလား ..၊ ဘကြီးဆယ် ကိုလားတော့ မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... ဘယ်ရောက်သွားလဲ .."

တစ်ကောင် ငြိမ်သွားလို့ ဒီဘက်လှည့်ကြည့်လိုက်တော့ ထုန့်ကြ ချထားသည့်အကောင်က မရှိတော့ပေ ..။

ကိုယ့်ခြေထောက်နားမှာ ရှိနေတာ .. ထခုန်ထွက်သွားတာဆို လိုက်စရာ အကြောင်းမရှိ ..။ ထိုစဉ် မိုးတွေ ပိုသည်းလာ၏။

"ဟော့ .. ရော့ .."

"ဟမ်!..."

"ဖလပ် .. ဖလပ် .."

"လာပြန်ပြီဟ .."

ငါးပျောက်နေတာကို မရှာနိုင်တော့ဘဲ သားမြတ် နောက်ထ ပစ်လိုက်သည့် ငါးတွေကို လိုက်ထုရပြန်သည်။

မိုးသည်းလာတော့ မျက်စိက သိပ်ဖွင့်လို့ မကောင်းတော့ဘဲ ပေါက်နေတာကိုပဲ နားစွင့်ပြီး လိုက်ဖမ်းနေရသည်။

"ကဲဟာ .. ဒီတစ်ခါ လုံးဝ ထပြေးလို့ မရတော့ဘူး ..၊ လို လည်း မရှာနိုင်ဘူး၊ ကမြင်းမနဲ့ မျောက်မူးလဲအဘ မျိုးစပ်ထား လက်လက်ထ ဂျက်မငါးတွေ .."

တစ်ယောက်တည်း ဒေါသတွေထွက်ကာ သိပ်မကွာသည့် ငါး ကောင်ကို မလှုပ်နိုင်အောင် စိတ်ရှိလက်ရှိ ထုရိုက်ပစ်နေရင်း ...

"မပစ်နဲ့ဦး သားမြတ် .. ငါ ဟိုကောင့်ကို သွားပေးလိုက်ဦးမယ် မီးကင်ထားနှင့်အောင်လို့ .."

ပြောပြီး သစ်ခက်နွယ်တစ်စနှင့် ငါးပါးဟပ်တွေထဲ ထိုးသီ ပထမငါးဆီ ရောက်လာလျှင် ...

"ဟာ!... သွားပြန်ပြီ .."

ဒီတစ်ခါ ဘယ်လိုမှ ဒေါသမထိန်းနိုင်တော့ဘဲ မာတ်မီးနဲ့လျှော ထိုးကြည့်မိတော့သည်။





"တွေ့လို့ကတော့ နင့်ကို ပါးဟပ်ကနေ သီတံမထိုးဘူး .. ဖင်ကို ဆိုးဖောက်ပစ်မယ် ..၊ တွေ့မယ် ဂျက်မ ဘယ့်နှယ် မိုးတွင်း ငါးယစ် သချိန်လည်း ရေထဲမှာပဲ ထပေါ့ ..၊ ကုန်းပေါ်တက်ပြီး ငါးယစ်ထလို့ ရမလား .."

ပါးစပ်ကနေ အယုတ်နတ္တတွေ ပြောဆိုရင်း သစ်ပင်ကြီးတစ်ပင် ၏ မြစ်ဆုံခွကြားတစ်ခုဆီ မာတ်မီးရောင် ရောက်သွားလျှင် ...

"ကြည့်စမ်း .."

သူ ထုနှက်ထားသည့် ခေါင်းကြေလေးနှင့် ကျောရိုးလေး အမြှောင်း သားနှင့် ပြတိုက်ထဲက ဂေါ်ဇီလာအရိုးစုထက်ပင် ရှင်းနေသေးသည်။

သန်းစိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဒီလောက်မြန်မြန် ဆေးနဲ့ ဒီလို ပြောင်သလင်းခါသွားအောင် ဘာသတ္တဝါက ဆွဲစားလိုက် တာလဲ ..။

မျက်လုံးသည် ဘာရယ်မဟုတ်ဘဲ လက်က မာတ်မီးရောက်သွား တဲ့နောက်ကို လိုက်ကြည့် ရှာဖွေနေမိစဉ် သူ့ရှေ့ကို အပေါ်ကကျလာ သည့်အရာတစ်ခု ရိပ်ခနဲ ဖြတ်သန်းသွား၏။

မာတ်မီးရောင်က ထိုဆီကို ထိုးကြည့်ပြီးသား ဖြစ်သွားလျှင် ...

"ဟင်!..."

ပထမဆုံး ပျောက်သွားသည့် ငါးကြီး ..။

သန်းစိုး မျက်လုံးတွေ ပြူးခနဲ ဖြစ်သွားကာ အပေါ်ကို မော့ကြည့် လိုက်သည့် စိတ်ရဲ့နောက်ကို မျက်လုံးတွေက ချက်ချင်း မလိုက်ရဲ ..။

မြွေလား .. မြွေက ငါးကို မမျိုပါ ..။

ဒါဆို ကျကျနန သပ်သပ်ရပ်ရပ် အသားထွင်စားတတ်သည့် သတ္တဝါ ဘယ်လိုသတ္တဝါမျိုးလဲ ..။

မိုးစက်တွေ ခဏလေး ကျဲသွားသည်။ သူ စိတ်တင်း၍ အပေါ်ကို မာတ်မီးဖမ်းထိုးပြီး မော့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းပေါ် ခပ်မြင့်မြင့်မှာ လက်မောင်းလုံးလောက် သစ်ကိုင်းတစ်ခု ရှိနေသည်။ ထိုအကိုင်းမှာ သစ်ကိုင်းသစ်ခက် သိပ်မရှိသဖြင့် ဘာသတ္တဝါ ဘာကောင်မှ ရှိမနေတာကို ဒီတိုင်း မြင်နေရ၏။

ထိုစဉ် ...

"ဖျော .."

"ဟာ!..."

သစ်ကိုင်းသည် သိမ့်ခနဲ ခါသွားကာ ရေစက်ရေပေါက်တွေ သူ့ပေါ် အလုံးအရင်း ပြိုဆင်းလာ၏။ ရုတ်တရက် မျက်နှာငုံ့ပစ်လိုက်ရင်း သူ တစ်စုံတစ်ခုဆိုတာကို သိလိုက်သည်။

"သားမြတ် ရေ .. တက်ခဲ့တော့ .. ငါ ပြန်မလာတော့ဘူး -"

ရထားသည့် ငါးနှစ်ကောင်ကို ကျစ်နေအောင် ဆုပ်ကိုင်ကာ နေရာမှ ပြေးထွက်ခဲ့တော့သည်။

"ဟော့ကောင် .. ဘာဖြစ်လာတာလဲ .."

"ဟို .. ဟိုမှာ .."

"ဘာလဲ .."

တစ်ယောက်တည်း အကြာကြီး ဖြစ်လာသဖြင့် စိတ်ချောက်ချား နေသည့် ငတိုး က သန်းစိုး တစ်ခုခု ဖြစ်လာပြီကို သိကာ အသည်း အသန် မေးတော့သည်။

"ပြောလေ .. ဘာဖြစ်တာလဲလို့ .."

သန်းစိုး မီးပုံဘေး ရောက်သည်နှင့် ကြောက်စိတ် အနည်းငယ် ပြေသွားသည်။ ငတိုး မျက်နှာကို ကြည့်၍ ဒီကောင်တွေ ဦးဝိစ္စာကြီး အိမ်ထဲမှာလည်း ထိတ်လန့်စရာတွေ ကြုံခဲ့ကြရတာကို တွေးလိုက်ကာ ...

"အတူတူ ပြန်မယ် တက်ခဲ့ပါဆိုတာ တက်မလာဘူးလေ .. ငါ တစ်ယောက်တည်းပဲ ပြန်လာရတော့ ကြောက်လာလို့ .."





"မင်းကလည်း ကြောက်တတ်ရင်လည်း သူ တက်လာအောင် စောင့်ပါလား .."

အဆင်သင့် ပြင်ထားသည့် တိုင်နှစ်ဖက် ခွပေါ်မှာ ငါးကို တံစို့ထိုး တင်လိုက်ကာ ငတိုး က ဆရာကြီးလုပ် ပြောနေ၏။

"ဒီငါးလေးနဲ့ ငါတို့ ဘယ်လိုလုပ် စားမှာလဲ ..၊ မင်း ပြန်လာတော့ သားမြတ် လည်း တက်လာတော့မှာပဲ .."

"ဘုန်း .."

"အောင်မယ်လေး!..."

"ဖလပ် .. ဖလပ် .."

"ဟား .. ဟား .. ဟား ..."

အမြဲတမ်း လူကြီးသူကြီးစတိုင်လ်အပြည့်နှင့် ပြောတတ်ဆိုတတ်သည့် သန်းစိုး က မြောက်ခနဲ ခုန်အော်လိုက်သဖြင့် ငတိုး က ဟားတိုက် ရယ်၏။

"ငါးတွေကိုများ .. ဟား .. ဟား .. ဟား ..၊ ခုတော့ ကြောက်တတ်တာတွေ ပေါ်ပြီမို့လား .. ဟား .. ဟား .."

"ရယ် ..၊ သေအောင် ရယ် .."

သူတို့ ရယ်နေသမျှ သားမြတ် က ငါးတွေ ပစ်ချပေးပြီး ရုပ်အင်္ကျီကို ဆွဲချွတ်ပစ်၏။

"မင်းကလည်း အင်္ကျီချွတ်ထားခဲ့တာ မဟုတ်ဘူး ..၊ မိုးသိပ်မိတာ မဟုတ်ဘဲနဲ့ .."

ငတိုး က နှစ်ယောက်စလုံးကို လှည့်ပတ် ဆရာကြီးလုပ်ရင်း ငါးကို ရော သားမြတ် ချွတ်လိုက်တဲ့အင်္ကျီကိုပါ ရှေ့သွစ်၍ မီးကင်ပေးသည်။

"သန်းစိုး က ဘာဖြစ်သွားတာလဲ .."

ငါးတွေကိုပဲ သဲကြီးမဲကြီး ထုနေရင်း သန်းစိုး က မော့မကြည့်ဘဲ ခေါင်းခါပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မီးဖုံမီး ရှိနေရင်လည်း မီးအိမ်ကို ပိတ်ထားလိုက်လေ..၊ အလကား အားကုန်အောင် .."

"မင်းက ဘယ်သွားဦးမလို့လဲ .."

"ဟား .. ဒီငါးတွေ ကိုင်ပြီး ငါက စည်းရိုး ဘယ်လိုပြန်ကပ်မလဲ.. ခိုးစားတာပေမယ့် ကိုယ် ဝန်မခံရသေးဘဲ ခြေရာလက်ရာတွေ တွေ့သွားရင် ကောင်းမလား .."

"ဒါဖြင့်လည်း ငါတို့ ညအိပ်ရတော့မှာမို့လား .."

"မအိပ်ပါဘူး .."

"အေးပါ .. မအိပ်ရင်လည်း မိုးတိတ်မှ ပြန်သွားလုပ်ပါ ..၊ လုပ်ပြီးမှ သွားကြတာပေါ့ ..၊ မင်းကလည်း နားပါဦး .."

"ဒီလောက် စိုရွှဲနေတာ ဘာထူးမှာမို့လို့လဲ .."

သားမြတ် က သူ ဝတ်နေကျ အတွင်းခံစွပ်ကျယ်ချိုင်းပြတ်လေး နဲ့ပဲ ခါတ်မီး ပြန်ကိုင်သည်။ လက်တစ်ဖက်နဲ့ ဆံပင်က ရေတွေကို ဖိသပ်ချရင်း ပြန်ထွက်သွား၏။

ငါးတွေ ထုသတ်ပြီး ပစ်ချပေးရင်း ငြိမ်ချက်သားကောင်းနေသည့် သန်းစိုး ကို ငတိုး က မကြာမကြာ လှမ်းကြည့်နေရင်း ...

"မင်း ဘာဖြစ်နေတာလဲ ဟေ့ကောင် .. မညာနဲ့ .."

"မင်းအလုပ် မင်း လုပ်စမ်းပါ .. ဒီမအေပေး မိုးကလည်း မတိတ်နိုင်ဘူး .."

"ဟမ် .. မင်းကပါ မြန်မြန် ပြန်ချင်နေတာလား .."

"ဟုတ်တယ် .."

"ဟဲ .. ဟဲ .. ဟဲ ..."

ငတိုး က ငါးတွေ အားလုံးကို တံစို့ထိုးကင်ပြီးတာနှင့် ဆရာကြီး လေသံနှင့် တဟဲဟဲ ရယ်၏။ သန်းစိုး က မျက်စောင်းထိုးရင်း အင် ကို နှစ်ချက် သုံးချက် ခါပြီး ပြန်ဝတ်၏။





"အား .. အရေးထဲမှာ .. ကွာ .. ကျွတ်!..."

"ဘာဖြစ်တာလဲ .."

"ဗိုက်နာလို့ .."

ငတိုး က ရယ်ပြန်သည်။

"ဗိုက်နာပြီး တစ်ယောက်တည်း မသွားရဲလို့ ဖြစ်နေတဲ့မျက်နှာကြီးလား ..၊ စောစောက ပြောရောပေါ့ကွာ .."

"ငတိုး .."

"ဟင် .."

"မင်းကိုတော့ ငါ တစ်ခုခု ပြောမိတော့မယ်နော် .."

"ပြောလေ .. ဒီအချိန်မှာ စကားပြောဖော် ရှိဖို့ပဲ လိုတာ .."

"အား .."

သန်းစိုး ဗိုက် တကယ်နာလာတော့ မှောင်မည်းနေသည့် မိုးရေထဲကို ထွက်ဖို့ စဉ်းစားရတော့သည်။

ထို့ကြောင့် အကျီဝတ်ပြီးမှ ပြန်ချွတ်ရပြန်၏။

"မင်းကလည်း အောင့်နိုင်ရင် အောင့်ထားကွာ ..၊ ငါးကင်ကျက်နေပြီ .. ငါးကင် မွှေးနေတဲ့အနံ့ဆိုကို မင်းဆီက အော်ဒီကလုံးတွေ ရဲ့လွှင့်လာရင် ဟိုကောင် ဒေါပွလိမ့်မယ် .."

"ဟိုကောင် မပွဘူး .. မင်းပဲ နှာခေါင်းပိတ်ထား ..၊ သားမြတ် က သူဖမ်းတဲ့ အကောင်ပလောင် သူ ဘယ်တော့မှ မစားဘူး .."

သားမြတ် နဲ့ ကိုင်ပေါက်လည်း မရပါလား ..၊ ငါးကင်လှည့်နေရင်း ငတိုး ပြုံးလိုက်မိသည်။ ဘုနဲ့ဘောက် ပြန်ပြောနေပေမယ့် တကယ်လည်း မသွားဘဲ နေရှာသည်မို့ ပထမဆုံး ငါးကင်ကို ကုပ်ပိုင်းသား ဖဲ့လိုက်ပြီး လက်နောက်ပြန်ပေးရင်း ...

"ရော့ .. မွှေးနေတာပဲ မြည်းကြည့် ..၊ အကြေးခွံတွေက ကျွတ်ကျသွားပြီ .. အသားပေါင်းနုံ့လေးကို သင်းလို့ .."



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးတော့ ကိုယ့်ပစ္စည်းကို အရောင်တင် ပြောလိုက်သေးသည် ပြီးတော့ ငါးကင်ကို တံစို့ကိုင်၍ ဖြုတ်ယူလိုက်ကာ ...

"ဟိုကောင် မစားတာ ငါ သိပါတယ် .. ငါ ရှိလို့ ပြောတာ .. အဟွန်း .. မင်းက ငါ့ထက်ကြီးတဲ့အပြင် ထိန်းချုပ်ထားရတဲ့ ကျေးဇူး လည်း ရှိတော့ ဒါလေး ငါ နည်းနည်းပဲ မြည်းမယ် .."

ငါးဖိုက်ခြမ်းက သန့်စင်ထားတာ မဟုတ်သည့်အတွက် လမ်း ငါးကင်စားဖြစ်တိုင်း ဖိုက်တစ်ခုလုံးကို လွှင့်ပစ်ရတာပဲ ဖြစ်သည်။

ထို့ကြောင့် ဝေတိုး က အမြည်းနည်းနည်းလေးပဲ စားပြီး တစ်ကောင် လုံး လှမ်းပေးလိုက်၏။ ရှေ့မှာ မီးထိုးရင်း ငါးကင်တွေ ဖြုတ်နေ အောင် လှည့်ရင်းနှင့် အသံတိတ် ဝါးနေသည့် သန်းစိုး ကို သဘော ကာ ဝေတိုး ရယ်နေမိသည်။

အောက်က ပြဿနာကို မရှင်းရသေးဘဲ မျိုချနေရတာ ဒီကောင် ဘယ်လိုနေမလဲ ..။

ထိုစဉ် နောက်ကနေ သူ့ပခုံးကို လှမ်းတို့နေရာ ..၊

"ပေးမယ် .. ခဏစောင့် ..၊ ဒါ ဆွဲလိုက်ရင် ကျန်တဲ့ကောင် ဖြုတ်ကျကုန်မှာ စိုးလို့ .."

အလုပ်ရှုပ်နေရင်း တစ်ကောင် လှမ်းပေးလိုက်သည်။ ပြီး ထင်း ထပ်ဖြည့်ရင်း ...

"ဘယ်လိုလဲ .. ကောင်းလား .."

"အင်း .."

"အဲလို လုပ်ပါ .. ကောင်းရင် ကောင်းတယ်ပေါ့ ..၊ ကျေးဇူး တဲ့လူ အားရှိအောင် .."

သူ့ဘာသာ တစ်ကောင် ဖြုတ်စားရင်း ဖိုက်ဆာဆာနှင့် ပြောဖို့တောင် မေ့နေ၏။

ထိုစဉ် နောက်ကနေ ပခုံး လှမ်းတို့ပြန်သည်။





"ဟား!... ရှော့ကွာ .."

ဒီတစ်ခါတော့ စိတ်မရှည်ခြင်းက အဖျားခတ်နေပြီ ဖြစ်၏။ မှိုး ခတ်ကြောင့် မီးညွန့်က ယိမ်းယိုင်ကာ မီးအားက ထင်သလောက် မတောက် ..။

ဒီမှာ လက်ရော မျက်လုံးရော အနားမရသည့်ပြင် စားရတာ တောင် ပါးစပ် အရသာခံချိန် မရပေ။ သူ့မှာ ထိုင်စားနေတာ ဘယ်နှစ် ချောင်း ရှိပြီလဲ ..။

"အဲဒါ အပြီးပဲ.. ဒီမှာ တစ်ကောင်ပဲ ရှိတော့တာ ..၊ ငါကို ကောင်း ကောင်း မစားရသေးဘူး .."

"ပေးဦး .."

"မင်းဟာက .."

ဒေါသနှင့် လှတ်ခနဲ အော်လိုက်ပြီးမှ ငါးကင်ဝါးလျက်နှင့် ဝေတိုး ပါးစပ်ကြီး ပြန်မစေ့တော့ဘဲ မျက်လုံးဝိုင်းသွား၏။

ပေးဦး ဆိုတာ ဘယ်လိုအသံကြီးလဲ ..၊

တစ်ကိုယ်လုံး စိမ့်ခနဲ အေးသွားကာ လှည့်မကြည့်ရဲဘဲ ရှိနေစဉ်...

"အား!... စိုကုန်ပါပြီကွာ .. ဒုက္ခပေးလိုက်တဲ့ မိုက် .."

သူ့ရှေ့ အမှောင်ထဲကနေ ကုန်းကုန်းကွကွ ရှုံ့မဲ့ထွက်လာတာ သန်းစိုး ..၊

"သန်း .. သန်းစိုး .."

သန်းစိုး က မီးပုံကြီးရှေ့မှာ ပုစွန်ဆိတ်လို ဖြုတ်ထွက်မတတ် မျက်လုံးပြူးကြီးတွေနှင့် ဝေတိုး ကို မြင်သည်နှင့် မျက်မှောင်ကုတ် သွား၏။

"မင်း ဘာဖြစ်နေတာလဲ ဝေတိုး .."

"မင်း .. မင်းက သန်းစိုး .."

"ဟောဗျာ .. ဘာလဲဟ .."



www.burmeseclassic.com

www.burmeseclassic.com



"သန်းစိုး .. အောင်မယ်လေး!..."

ရုတ်တရက် ဝုန်းခနဲ ခုန်ထကာ သန်းစိုး ကို ဖက်ထားရင်း ဆ[illegible] ဆတ်တုန်လျက် ...

"ငါ .. ငါ့နားမှာ သရဲ .. သရဲ .."

"ဟင်!..."

ကြုံဖူးပြီးပြီမို့ သန်းစိုး ချက်ချင်း ယုံသွား၏။

"ဘာဖြစ်နေကြတာလဲ .."

သားမြတ် ပြန်ရောက်လာသည်နှင့် ငတိုး နုတ်ပူးသလို စကား[illegible] တတွတ်တွတ်နှင့် ပီပီသသလည်း မဆိုနိုင်တော့ဘဲ ပစ္စည်းတွေ ရှိ[illegible] ကောက်သိမ်းသည်။

"ပြန်မယ် .. ခု ပြန်ကြမယ် ..၊ ငါ့ .. ငါ့ငါးတွေ သရဲ ယူစား[illegible] ကုန်ပြီ .. သူ.. သူ မဝရင် ငါတို့ကိုပါ စားတော့မှာ .. ရော့ .. လွယ်[illegible] ယူ .. ယူကြပါ .. ပြန်မယ် .. ခု .."

"ငတိုး .. ငတိုး .. ဟောကောင် .."

အမှောင်ထဲမှာ ခရီးသွားလို့ မကောင်းကြောင်းတွေ တတွတ်[illegible] ပြောတတ်ခဲ့သည့် ငတိုး က တစ်ယောက်တည်း ရှေ့က ပြေးထွက်[illegible] လေသည်။

"ဒီမှာ မီးပုံကို ကာထားတဲ့ ပျဉ်ချပ်တွေ မီးစွဲကုန်ရင် မီးပုံ[illegible] ထပ်ဖြစ်သွားပြီး တခြားက လှမ်းမြင်ကုန်မှာပေါ့ ..၊ မင်း လိုက်သွား[illegible] ငါ မီးသတ်ဦးမယ် .."

"အေး .. မြန်မြန် ထွက်ခဲ့ သားမြတ် .. ဒီနေရာ မကောင်း[illegible]

နိုးစားမှ လူမိသလို ဖြစ်မှာ ကြောက်ရတာမို့ သားမြတ် က [illegible] သေချာ ပြန်သတ်၏။

ထိုအခါ မီးပုံဘေးမှာ ငါးကင်ထားသည့် တုတ်တံတွေ နှစ်ခု [illegible] ပြန့်နေတာကို မြင်ကာ ငတိုး ပြောတာတွေကို သတိရသွားသည်[illegible]





ပြီးတော့ မီးပုံပေါ်မှာ ကျန်ရစ်သည့် ငါးကင်တစ်ကောင်ကို မီးပုံ[illegible]ဘေးမှာ ထပ်လိုက်သည့် ပျဉ်ချပ်ပေါ် သူ ဖြစ်သလို ပစ်တင်လိုက်တာ...

"ဟင်!..."

ပြန်ကြည့်လိုက်တော့ မရှိတော့ပေ။ ဒီနားမှာ လာဆွဲစားမည့် [illegible]တ္တဝါဆိုလို့ ကြွက်တစ်ကောင်တောင်မှ မမြင်ခဲ့ဘဲ ...

"သားမြတ် .. ဟောကောင် လာပါ ဆိုမှကွာ .."

ဓာတ်မီးတဝင်းဝင်းနှင့် သန်းစိုး ပြန်ပြေးလာကာ သားမြတ် [illegible]တ်ကို ဆွဲခေါ်၏။

မီးပုံမီးရောင် မရှိတော့သဖြင့် ဓာတ်မီးရောင် တဝေ့ဝေ့မှာ ပတ်ဝန်း[illegible]ျင်သည့် မိုးစက်သံ တဖြောက်ဖြောက်မှ လွဲ၍ ...

"ဘာတွေလဲ .. အဲ့ဒါ သရဲလား .."

"မသိဘူး .. သရဲလား .. တဘက်လား ..၊ မြန်မြန် လျှောက်စမ်းပါ [illegible] .."

သားမြတ် မချင့်မရဲ ပြန်ထွက်ခဲ့ရရင်း တဲဆီကို နောက်တစ်ခါ [illegible]ာတ်မီးနဲ့ လှမ်းထိုးမိသေးသည်။ သူများကို ကြောက်အောင် ခြောက် [illegible]တ်ကြတာ သူတို့အကျင့် ..။

ခုကျမှ အသက်အရွယ်တွေကြောင့် ဆင်ခြင်နေရပေမယ့် ငယ်ငယ် [illegible]န်းကဆို သူတို့အုပ်စုလောက် သောင်းကျန်းတာ ရွာ နှစ်ရွာစလုံးမှာ [illegible] ..။

သူများ ကြောက်သွားအောင် ခြောက်ရတာကို ပျော်ပေမယ့် ကိုယ့် [illegible] အခြောက်ခံရတာကိုတော့ နည်းနည်းလေးမှ မကြိုက်ပါ ..။

လူဆိုလည်း စိန်ခေါ်ထုတ်ရမှ .. သရဲဆိုရင်ရော ဘာလဲ ..။

လူထဲ မဝင်ရဲလို့တောင် အကောင်အထည် မပြရဲဘဲနဲ့ လူလို [illegible]တ္တဝါကို ဒုက္ခပေးနိုင်တာ အစိပ္ပာယ်မရှိ ..။

"ဒီကောင် .. ငါးခိုးစားတာ ငါ ပြန်ဖမ်းမယ် .. မရဘူး



www.burmeseclassic.com

www.burmeseclassic.com



"ဟား!... သားမြတ် ဂျစ်တီဂျစ်ကန် မလုပ်စမ်းပါနဲ့ကွာ .. ခိုးစားတာ မဟုတ်ဘူး .. ငတိုး ဆီက ဒီတိုင်းကို ယူစားသွားတာတဲ့ ..၊ သရဲက စကားပြောနိုင်ရင် အဲဒါ တော်တော် အကောင်ကြီးနေလို့လို့ ပြောတာ ကြားဖူးတယ် .. လာစမ်းပါကွာ .."

"အကောင်ကြီးတော့ မင်းတို့ ဗိုင်းချပေါ့ .. မရဘူးကွာ .. ဒီကောင်ကို အရှုံးမပေးနိုင်ဘူး .."

"ဟာ!... ပြဿနာပဲ .. ငတိုး .. ငတိုး .. ဟောကောင် လာဦးကွ-ဒီမှာ လာဆွဲဦး .."

ငတိုး မျက်လုံးမျက်ဆံပြူးနှင့် ရောက်လာကာ အသံတွေပါ ပြာနေသဖြင့် ပြန်လှည့်ဖို့ကို လက်လျှော့လိုက်ရသည်။

"တောက် .. တွေ့မယ် .. မင်း .."

"အမလေး!... ကြိမ်းဝါးနေပြန်ပြီ .. နောက်က ပါလာမှဖြင့် .."

သန်းစိုး ဘုရားစာတွေ ရွတ်တော့သည်။

ထိုညက ဘယ်လေတိုက်လိုက်မှန်း မသိဘဲ ရွာကို ပြန်ရောက်သွားကြတာ ဟူးခနဲတောင် မြည်သွားသလား မသိ ..။

နောက်ကျခြေထောက် သစ္စာဖောက်လို့ အော်လိုက်မိသေးလား-မအော်မိဘူးလားလည်း မသေချာ ..။ ဒါပေမယ့် ...

ဘယ်ခြေထောက်မှ သစ္စာမဖောက်ခဲ့ဘူးဆိုတာတော့ သေချာလေသည်။





## အခန်း(၂၃)

"ဘာ!... မြောက်ဘက်အိမ်မှာ ဟုတ်လား .."

"ဟဲ့ .. တိုးတိုးပြောစမ်း .. မင်းအဖေ နိုးသွားဦးမယ် .."

ဒေါ်တင်မေ ကိုယ့်သားအကြောင်းကို သိသည်။ ညတွင်းချင်း [...]က်အောင် ပြန်လာမှာပဲဆိုတာ တွက်ပြီးသားမို့ ဖြောင့်ဖြောင့်မအိပ်[...]ဘဲ နိုးတစ်ဝက် ပျော်တစ်ဝက်နှင့် စောင့်နေမိခြင်း ဖြစ်သည်။

ရွာအဝင်ဘက်က ခွေးအူသံတွေ ကြားသည်နှင့် ခြံဝထိ ထွက်ပြီး [...]ယ်တိုင် တံခါးဖွင့်သည်။ ပြောချင်တာက ဆု အိမ်မှာ မရှိတဲ့အကြောင်း [...] ဖြစ်၏။

"သိတယ် .. မင်း အဲဒီလို ပေါက်ကွဲတော့မှာပဲဆိုတာ ..၊ သူ့[...]ယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် နေချင်လို့ ဖြစ်မှာပေါ့ သား[...] - မင်းကလည်း သွား .. သွား .. မိုးရေ စိုလာတာတွေ သွားလဲ..[...]င်တွေ ရေသုတ်လိုက်ဦး .."

သားမြတ် က ဆံပင်တွေက ရေတွေကို တဖွားဖွား စဉ်ထွက်[...] [...]င် ခါထုတ်ပစ်ရင်း အံကျိတ်လဲဖို့လည်း စိတ်ကူးရှိပုံ မရ ..။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညည့်သည်တွေ တစ်မျိုးထင်မှာစိုးလို့ပဲ ကျွန်တော် ညတွင်းချင်း ရောက်အောင် ပြန်လာခဲ့တာ အမေ ..၊ ဆု ဒီလိုလုပ်လိမ့်မယ်လို့ ထင်ကို မထင်ဘူး .. ကျွတ်!..."

"ဘယ်မှာ သွားနေနေ .. ကိုယ့်အိမ်ပဲ သားရယ် .."

"မဟုတ်ဘူး အမေ .. ဒါ သူနဲ့ ကျွန်တော့်အတွက် အရမ်း အဓိပ္ပာယ်ရှိတယ် ..၊ ဒီညည့်သည်တွေနဲ့ သူ ကြမ်းပေါ်မှာ ဆင်းအိပ်မှာ မဟုတ်ဘူး.."

ကိုယ် ရင်ခုန်မျှော်လင့်နေခဲ့ရသည့် မင်္ဂလာအိမ်လေးထဲက နှစ်ယောက်အိပ် ခုတင်ကြီး ..၊

မွေ့ရာခမ်းနားကအစ ဆု ဘက်က ဘာမှ ငြိုငြင် စိတ်ပျက်စရာ မဖြစ်ရအောင် မြို့က မင်္ဂလာအိပ်ခန်းတွေအတိုင်း အမေက သေချာစီစဉ် လုပ်ကိုင်ပေးထားခဲ့သည်။

သူတို့ အတူမနေဖြစ်ကြသေးတာ သိနေလို့လည်း မွေ့ရာခင်းသည့်ကိစ္စအထိ ကောင်မလေးတွေကို ခိုင်းထားခဲ့တာ ဘာတစ်ခုမှ မလစ်ဟင်းခဲ့ပေ ..။

ဆု အဲဒီလောက်ထိ သူ့အပေါ်မှာ လုပ်ရက်သလား ..၊

"တောက်.. မိန်းကလေးတွေထဲမှာ အထီးတစ်ကောင်က ကန့်လန့်ကန့်လန့် ပါနေသေးတယ်၊ ဒီကောင် .."

ဒီကောင် ဘယ်လို စိတ်ရင်းစိတ်ဓာတ်တွေနဲ့ ပါလာတာလဲဆိုတာ သူ သိသည်။

ဒီကောင် တစ်ယောက်လုံး ပါနေတဲ့အဖြစ်ကြောင့်လည်း ခုလိုခွဲထွက်နေကြတာ မသင့်တော်ဘူးဆိုတာ ဆု သိကို သိရမှာ ဖြစ်သည်။

"သူတို့ သူငယ်ချင်းတွေပဲကွယ် .. ဆု ကလည်း သူ လွတ်လွတ်လပ်လပ် နေပါရစေလို့ သားကို ပွင့်ပွင့်လင်းလင်း ပြောထားတယ်ဆို.."

မဟုတ်လျှင် လူကြီးတွေက သွားကြပါလား .. နားကြပါလားနှစ်ယောက်အတူတူ သွားရေး နားရေးကို တွန်းတွန်းထိုးထိုး လုပ်ကြလွန်းလို့ အမေ့ကို သူကိုယ်တိုင် ပြောထားခဲ့တာ ဆု ခွင့်မတောင်းခင်ကတည်းကပါ ..။

တကယ်ဆို သူ လိုချင်တာ ဆု ရဲ့ဘဝကို မဟုတ်သေးပါ။ ဆု ကိုယ်တိုင် သူ့အပေါ် တိမ်းညွတ်လာခြင်းပဲ ဖြစ်၏။ ဒါဟာ စိတ်ကူးယဉ်လွန်းသလို ဖြစ်ခဲ့ရင်တောင် တစ်နေ့နေ့ဆိုတာကိုတော့ မျှော်လင့်မိသည်။

ဒီလိုသာ မြို့က အငွေ့အသက် ခံစားချက်တွေ မကြာခဏ လာရောက် ရိုက်ပုတ်နေမည်ဆိုလျှင် ...

"အဲဒီကောင်လေးကလည်း မိန်းမလျာလေးနဲ့ တူပါတယ် သားရယ် .. ကဲပါ .. ဖျားတော့မှာပဲ .. သွားပါ .. အဝတ်စား သွားလဲ ..၊ ရေမချိုးလိုက်နဲ့နော် သား .. သန်းခေါင်ကျော်နေပြီ .. အမေ စိတ်ဖြောင့်ဖြောင့် အိပ်မယ်နော် .."

"ဟုတ်ကဲ့ပါ .."

မှုန်ကုတ်ကုတ် ခေါင်းညိတ်ပြီး အထဲဝင်သွားတာကို စောင့်ကြည့်နေပြီးမှ ဒေါ်တင်မေ အပေါ်ထပ် တက်လာခဲ့သည်။

ဆု က ထိရက်စရာ မရှိအောင် လှနေသည်။

လူကြီးချင်း စေ့စပ် လက်ထပ်ပေးခဲ့တာပေမယ့် လူငယ်ချင်းကလည်း ခါးခါးသီး မဖြစ်ခဲ့ကြဘဲ နာခံခဲ့ကြလို့ စိတ်တော့ ချမ်းသာခဲ့ရပါသည်။

မချစ်ကြသူချင်း တူပေမယ့် ကိုယ့်သားက အရင်ဦးဆုံး သည်းသည်းလှုပ် ချစ်သွားရှာကာ သူမလေးက အေးတိအေးစက် ဖြစ်နေတာကျတော့ နောက်ထပ် ချစ်ရည်တူမျှစေချင်သည့် လောဘတွေ ဖြစ်လာမိပြန်သည်။

ဒေါ်တင်မေ အိပ်ရာ တန်းမဝင်နိုင်ဘဲ အခန်းထဲမှာ ဖွင်းလျှောက်







www.burmeseclassic.com

www.burmeseclassic.com



ဒီလျှောက် ဖြစ်နေမိ၏။ သား မျက်နှာပေါ်မှာ ဟိုကောင်လေးနဲ့ ပတ်သက်ပြီး တစ်ခုခု သိရှိခံစားနေသလို ဖြစ်နေမှန်း အကဲတော့ခတ်မိသည်။

ဖြစ်နိုင်ချေ အရှိဆုံးက ဆု နဲ့ ဒီကောင်လေးကို အထင်လွဲနေတာပဲ ဖြစ်ဖို့ ရှိ၏။ ဒါပေမယ့် ...

"သူတို့နှစ်ယောက်က စေ့စပ်တော့မှာ အန်တီရဲ့ .. အဲဒါကြောင့် ကိုယ့်အလှည့်ကျရင် ဆု မလာမှာစိုးလို့ ..၊ မင်္ဂလာပွဲကိုတော့ မမီလိုက်ပေမယ့် မဖြစ်မနေ သွားရမှာပဲဆိုပြီး ထထွက်လာကြတာ" တဲ့ ..။

သောင်းသောင်း ဆိုတဲ့ မိန်းကလေးကတောင် ဒီတိုင်း ပြောသွားသေးသည်။ သူတို့နဲ့ သားက မြို့မှာတည်းက သိလာပြီးသားကို ဒါတွေကျမှ မသိသလို ဘာဖြစ်လို့ ဒေါပွနေရတာလဲ ..။

"ဟေ့ .. မင်း တစ်ခါမှ မအိပ်ရသေးဘူးလား .."

"ဟင်!... ရှင် နိုးသွားပြီလား .."

"နိုးသွားတာ မဟုတ်ပါဘူး .. ဆီးသွားချင်လို့ နိုးလာတာ .."

ဦးထူး က အိပ်ရာပေါ်က ဆင်းကာ ဓာတ်မီးကို ယူပြီးမှ ...

"သားမြတ် ပြန်ရောက်နေပြီမို့လား .. မိုးမိလာသလား .."

"ဟုတ်တယ် .."

"ဒီကောင် ငါ ထင်သားပဲ.. အဲဒါကြောင့် ကိုမြင့်သန်း ကို လွှတ်လိုက်မယ်ဆိုတာ မရဘူး .."

"ကိုထူး .."

ဦးထူး အောက်ထပ်ဆင်းမလို့ တံခါးဝရောက်မှ ဒေါ်တင်မေ က ခေါ်ကာ ...

"ဒီညှို့သည်အုပ်စုကို ရှင့်သားက ကြည်ဖြူပုံ မရဘူး .."

"မင်း ခုမှ သိလား .."

"ဩော် .. နေပါဦး ရှင်ကလည်း .."

"ဘာလဲကွာ .. အပေါ်သွားမလို့ပါ ဆို .."





"ဟုတ်ပါပြီ .. နေပါဦး ကောင်လေးတစ်ယောက် ပါလာလို့များ သူ သဝန်တိုနေတာလား .."

"အစစ်ပေါ့ကွ .. ဆု က မြို့သူ .. ဟိုငနာလေးက တကယ့် ရွာဓါမင်းသားစတိုင်လ်နဲ့ ..၊ မင့်သားရင်ထဲ ဝင်ကြည့်ပါလား .."

"ဩော် .. ရှင် .. ဘယ်လို ချောနေနေ ဘာပုံဖြစ်ဖြစ် သူတို့ချင်း သူငယ်ချင်းတွေပဲလေ .. ဟိုကို မလိုချင်လို့ပဲ ကိုယ်နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တဲ့ဥစ္စာ ..၊ ပြီးတော့ အဲဒီကောင်လေးနဲ့ နည်းနည်း ပိုပိန်တဲ့ မိန်းကလေးက စေ့စပ်တော့မှာလို့ ပြောသားပဲ .."

"အဲဒီလို မမေးဘဲ ပြောလာရင် ဒါကို ကာကွယ်ရှာရှာတဲ့ စကားလို့ ခေါ်တယ် ..၊ ဘာမှ မရှုပ်ဘဲနဲ့ ရှင်းပြနေဖို့ လိုကို မလိုတာ ..၊ ညှို့သည်လာတယ် .. ညှို့သည်ပဲပေါ့ ..၊ သူတို့ သူငယ်ချင်းတွေမှန်း ငါတို့ သိတယ် .. နောက်တစ်ဆင့် ဘယ်လိုပဲ ပတ်သက်နေနေ ငါတို့လည်း စိတ်မဝင်စားဘူး .. သူတို့လည်း ရှင်းပြနေဖို့ မလိုဘူး ..၊ ဒါ ရှင်းရှင်းလေး .."

ဦးထူး ထွက်သွားသည်နှင့် ဒေါ်တင်မေ အတွေးများနှင့် ကျန်ရစ်၏။

ဒါဆို ဒီကောင်လေးနဲ့ ဟိုမိန်းကလေးက ဘာမှမဟုတ်ဘူးလို့ ဆတ်မှတ်နိုင်တာပေါ့ ..။

ဒါဖြင့် မလိုအပ်ဘဲ ထည့်ပြောသွားတာ ဘာလဲ ..၊

အဖြေအတွက် မြားဦးလှည့်သွားတာက ဆုထူးပန် ဆီသို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"ဆု .. ဒီကနေ ထွက်လိုက်ရင် ရွာနောက်ကျောကို ရောက်သွားတာလားဟင် .. ဟိုးမှာ လှမ်းမြင်နေရတဲ့ သစ်ပင်အုပ်အုပ်ကြီးတွေအောက်ခြေတွေ ရှင်းနေတာ ထိုင်ချင်စရာကြီးဟယ် .."

"ဟုတ်ပ .. ကန်တော်ကြီးဥယျာဉ်ထက်တောင် လှသေးတယ် ငါတို့ သွားကြည့်ရအောင် .. သိပ်မှ မဝေးတာ .."

"သွားကြပါဟာ .. ငါက အိမ်ထောင်သည် ဖြစ်နေပြီ .. နင်တို့နဲ့ အချိန်ပြည့် သွားလာနေလို့ သိပ်မကောင်းဘူးဟ .."

"နင်ကလည်း ညှော်သည်လာရင်တော့ အိမ်ရှင်က ဟိုဒီလိုက်ပို့လိုက်ပြ လုပ်ကြတာပါပဲ .. လာပါ .."

ဆု က ခေါင်းခါသည်။ မနေ့က ထိုင်ခဲ့သည့် သရက်ပင်အောက်က ကွပ်ပျစ်လေးမှာပဲ ဖျာလေးထုတ်ခင်းပြီး အကျအန နေရာယူ၍-

"တော်ကြာ အမေဖြစ်ဖြစ် .. ကောင်မလေးတွေ တစ်ယောက်ယောက် လာမယ် ထင်တယ် ..၊ ငါ မပြောမဆို လျှောက်သွားနေလို့ မရဘူး ..၊ ဒါမှမဟုတ် နင်တို့ ခဏစောင့်ဦးလေ .."





"တော်ပါပြီဟယ် .. ယောက်ျမ ရှိသေ အသက်ရှည် ဆိုရင်လည်း ရှင်ဖွဲ ရှိသေပါ .."

"ကဲပါဟယ် .. ဆု လိမ္မာနေတာကို ငါတို့ကတောင် ဝမ်းသာရဦးမှာ ..၊ လာ .. ငါတို့ဘာသာပဲ ဟိုလျှောက်ဒီလျှောက် သွားကြည့်ရအောင် .."

"ဆု မလိုက်ရင် ငါလည်း မလိုက်ချင်ဘူး .."

"အံမာ .."

သောင်းသောင်း နဲ့ ဆောင်းနှင်း တအံ့တသြ ဖြစ်ကုန်ကြ၏။ ဂျင်မ် ဆိုတဲ့သတ္တဝါ ပေါ်တင်ကြီးပါလား ..။

"မရဘူး မင်းသားရေ .. ရှင် နည်းနည်းပါးပါး ခေါင်းသုံးဦးနော်..၊ ဆု နဲ့ နင် နှစ်ယောက်တည်း ကျန်ခဲ့မယ့်ကိစ္စကြီးက သင့်တော်ပါ့မလား ဆိုတာ .."

"ဘာဖြစ်လဲ ..၊ မိနှင်း နဲ့ ငါ စေ့စပ်တော့မှာလို့ ပြောပေးထားတာ မပြီးဘူးလား ..၊ သူငယ်ချင်းချင်း .."

"အဲဒီမှာ လဲသေလိုက်ပါလား .."

အပြင်တစ်ခါထွက်ဖို့ကို စစ်တိုက်သလို ဖြေရှင်းနေရသည်။

အိမ်မှလည်း သားမြတ် က နိုးလာတာနှင့် ဆု နဲ့ သွားတွေ့မယ် လုပ်နေသဖြင့် တားနေကြရ၏။

"ဘာဖြစ်လို့လဲ အမေရာ .. သူတို့အုပ်စုတွေ ဘယ်လောက်ကဲတာ အမေ မသိဘူး ..၊ ဒီတော့ ဒီအထာတွေ သူတို့ ဘာမှမသိဘဲနဲ့ သူတို့ရော .. ကျွန်တော်တို့ရော .. အားလုံး ရှုပ်ကုန်လိမ့်မယ် .."

မြို့မှာလို ယောက်ျားလေး မိန်းကလေး ရင်းနှီးပွင့်လင်းလို့ မရ။

အိမ်ထောင်သည်ဆိုသည့် စည်းခြားမှုက တော်မှာ ပိုပြီး တင်းကျပ်မှုတွေ ရှိနေသည်။ ဒီအုပ်စု နေပုံထိုင်ပုံနှင့် ဆု နဲ့ သူ့အိမ်ထောင်ရေး ထိခိုက်လာဖို့ ရှိတာကို သားမြတ် အဖြစ်မခံနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် အနေအထိုင်မတတ်လို့ ဖြစ်စေ.. ပတ်ဝန်းကျင်က အခြေ မတော်လို့ ပြောလာတာ ဖြစ်စေ .. ဒါကို မဖြစ်ခင် သူ တားဆီးရမည်။

မြို့မှာတုန်းက ဆု ရဲ့လက်ကို ဆွဲခေါ်သွားလိုက် .. ပခုံးကိုင်လိုက် နှင့် ရင်းနှီးလွန်းသည့် ပုံရိပ်တွေကို သူ မြင်နေ၏။ ဒီမှာ ဒီတိုင်း လုပ် မနေဘူးလို့ ဘယ်သူ ပြောနိုင်မလဲ ..။

ဒေါ်တင်မေ ကလည်း လူငယ်တွေ အနေအထိုင် မတတ်ကြမှာကို မတွေးမိလို့ မဟုတ်ပေ။ ဒါပေမယ့် ကိုယ့်သား စိတ်ဆတ်တာကို ပိုပြီး စိုးရိမ်မိတာ ဖြစ်၏။

"နေ့လယ်လောက်မှ သွားပါ သားရယ် .. သားလည်း ကိုယ်ရေး ပူနေတယ် .. အခိုးထုတ်ဆေးလေး သောက်ပြီး ခဏတော့ အိပ်ရာထဲမှာ နေပါဦး ..၊ ဒီနေ့ မင်းအစ်ကို လာမှာလေ .."

"သူလည်း ဆု ကို တစ်ခါမှ မမြင်ဖူးသေးဘူး အမေ .. အဲဒါ ကြောင့် .."

"ခုတော့ မတွေ့ကြသေးတာပဲ ကောင်းပါတယ် သားရယ် .. မင်း အစ်ကိုရဲ့ အခြေအနေက အရင်ကထက် နည်းနည်း ပိုဆိုးနေတယ်လေ ဆု အပြင် တခြားလူစိမ်းတွေ မတွေ့ကြတာ ပိုကောင်းပါတယ် .."

အစ်ကိုနဲ့ ပြောမှပဲ သားမြတ် ငြိမ်သွားသည်။

"သူတို့ စားသောက်ဖို့ပါ အဲဒီမှာ စီစဉ်ပေးနေတာလား အမေ.."

"ဟုတ်တယ် .. သမီး သူ့သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် နေချင်မလားလို့လေ .."

"အဲဒါလည်း မဟုတ်သေးပါဘူး အမေရာ .. ဒီအိမ်မှာ လူလေး လေးယောက်ပဲ ရှိတာ .. ခုဆို သုံးယောက်တည်းနဲ့ အပေါ်ထပ် အောက် ထပ် အကျယ်ကြီး .. အိပ်ခန်းတွေလည်း ရှိနေတာပဲ ..၊ ဒီမှာ လူရှုပ်နေ ဟိုသွားနေလိုက်ရုံပဲ .. နောက်ဖေးခြံထဲမှာလည်း သစ်ပင်ကြီးရဲ့ အောက်မှာ တဲတွေ ထိုးထားတယ် ..၊ ဘာလိုတာ ရှိလို့လဲ .."





"ဟုတ်ပါတယ် .. ဒါပေမယ့် မင်းအစ်ကိုနဲ့ လူစိမ်းတွေ မတွေ့စေ ချင်တာလည်း ပါတယ် .. ပြီးတော့ သမီးကိုလည်း မိဘနဲ့ခွဲကာစ အချိန် လေးမှာ လွမ်းဆွေး တမ်းတနေတာမျိုး မဖြစ်စေချင်လို့လေ .. မဟုတ်ဘူး လား သားရယ် .. မင်းကလည်း ကလေး မဟုတ်ဘဲနဲ့ ပြောရခက်လိုက် တာ .."

"ဘယ်သူမှ မရှိကြဘူးလား ဟေ့ .."

"ဟော .. ကပ္ပိယကြီး အသံ .. ငါ့သားကြီး လာပြီ .."

"မေ့ .."

"သားကြီး .. မျက်နှာက ပြုံးလို့ပါလား .. နေကောင်းလား သား"

"ကောင်းဒယ် .."

ထူးလင်းအောင် ရောက်လာတာနှင့် နောက်ကနေ မင်းမင်း နဲ့ အုံ့မောင် တို့ပါ လိုက်ဝင်လာကြကာ ...

"ကိုကြီးအောင် လွမ်းခေါ်လို့ လိုက်လာတာနော် .."

မင်္ဂလာဦးည ပြဿနာပြီးတည်းက သားမြတ် မျက်နှာ မှုန်ကုပ် ကုပ် လုပ်ထားသဖြင့် အုံ့မောင် တို့ ရှိုးတိုးရှန့်တန့်တွေဖြစ်ပြီး အိမ်မှာ အဝင်အထွက် သိပ်မလုပ်ရဲကြပေ ..။

ခုကျမှ သားမြတ် ကို မသိမသာ ကြည့်ပြီး ထူးလင်းအောင် ဘက် ကို ကပ်သွားကြ၏။

"လာ .. သားကြီး လာ .. အေးပုံ ရေ .."

"လာပြီ အကြီး .."

"ကပ္ပိယကြီး ကို ဆန်အိတ်နဲ့ ကြက်သွန်အိတ်တွေ လှည်းပေါ် တင်ပြီး ကျောင်းပြန်ပို့ပေးလိုက်ပါလို့ တုတ်ကြီး ကို ပြောလိုက် .."

"ဟုတ်ကဲ့ အကြီး .. ဆန်အိတ်က တစ်အိတ်ပဲနော် .."

"အေး .. နင်တို့ဘကြီး စပါးကျီရှေ့မှာ ထုတ်ထားတယ် ပြောတာ .."



www.burmeseclassic.com

www.burmeseclassic.com



မှာစရာရှိတာတွေ မှာပြီးမှ ကပ္ပိယကြီးကို လှည့်၍ ...

"ကပ္ပိယကြီး ခဏ နားဦးလေ.. သူတို့ လှည်းပေါ်တင်နေကြတုန်း"

"အေးပါ .. ရပါတယ် .. ကောင်လေးကို ဝါ လာမခေါ်တော့ဘူး နော် .."

"ရတယ် ကပ္ပိယကြီး .. သူတို့ညီအစ်ကို ဆော့ကြဦးမှာ .."

ကပ္ပိယကြီးက ပြုံးနေကာ ဒေါ်တင်မေ့ နားကပ်၍ တစ်ခုခု ပြော ပြနေ၏။ ဒေါ်တင်မေ ဝမ်းသာသွားလိုက် .. စိုးရိမ်သွားလိုက်နှင့် ဖုန်း အလုပ်ရှုပ်နေကြသည့် ညီအစ်ကိုနှစ်ယောက်ကို လှမ်းကြည့်ရင်း မျက် မကောင်း ..၊ ထိုစဉ် ဦးထူး အိမ်ရှေ့ကနေ ဝင်လာကာ ...

"ကပ္ပိယကြီး .. ဘယ်လိုလဲ .."

"အဲ့ဒါပဲ ပြောနေတာ ..၊ သူ ဘာမှမဖြစ်ရင် ဘာမှ မလုပ်ဘူး"

"ဘာမှမဖြစ်ရင် ဆိုတာက .."

"ထိတ်လန့်တာ .. အလွန်အမင်း မနှစ်မြို့တာ .. အဲ .. ပြောရရင် တော့ ဒီလက္ခဏာ ပြန်ပေါ်ဖို့အတွက် ထိခိုက်မခံတော့တဲ့ အကြောင်း တွေ ပိုပို များလာတယ် .."

လူကြီးတွေ စကားပြောရင်း အပြင်ကို တလှုပ်လှုပ် လျှောက်လာ ကြစဉ် ...

"ဖေ့ .. ဖေ့ .."

"ဟေ .."

ထူးလင်းအောင် က ပုဆိုးကြီးဖြန့်လျက် မဝတ်ဘဲ ရင်ဝမှာ လုံးကပ်လိုက်ပြီး ဦးထူး ရဲ့ဘေးကို ပြေးလွှားလိုက်လာကာ ...

"ဖေ ပြောသော့ .. ဖုန်းရရင် အီလာလက် ပါမယ်ရှိ .."

အစက လျှာခင်တိုနေလို့ စကားမပီခဲ့ပေမယ့် အခု ပို၍ အာ လျှာလေးကြီး ဖြစ်လာသဖြင့် ဦးထူး ကိုယ့်သားကြီးကို စိတ်မကောင်း ကြည့်မိ၏။





သူ့နောက်ကနေ သားမြတ် နဲ့ အံ့မောင် တို့ပါ လိုက်လာကြကာ...

"အစ်ကိုကလည်း .. လာပါ .. ဒီမှာ ဂိမ်းဆော့လို့ ရနေတဲ့ဥစ္စာ.."

"ဟော့အေး .. ကျော့ပါဂူး ..၊ ဖေ့ .."

"ဟေ .. ပြော .. ပြော .. မင်းအဖေ ဒီမှာ ရပ်နေတယ် .."

ထူးလင်းအောင် က ဦးထူး လက်မောင်းကို တစ်ဖက် .. ဒေါ်တင် မေ့ လက်ကို တစ်ဖက် ကိုင်လှုပ်၍ ...

"ဖေ့ရှုဖုတ် ကြည့်မယ်ရှိမ့ .. ဖေပဲ ဖေ့ရှုဖုတ် လုပ်ပေးမှာ ရှိ .."

"ဟာ!... ဒီကောင်တော့ .."

"ဖေ့ ရှု ဖုတ် ကြည့်မယ်ဂျာ .."

"ဟိ .. ဟား .. ဟား .. ဟား ..."

"ဟီး .. ဟီး .. ဟီး ... ဟား .. ဟား ..."

ဂါးစပ်တွေကို လက်နဲ့ ပိတ် ..၊ နှုတ်ခမ်းချင်း ဖိကပ်ထားကြတာ ဘယ်လိုမှ မရတော့ဘဲ အံ့မောင် တို့ တခွီးခွီး ထရယ်ကြလေသည်။

သူတို့ ရယ်ကြကာမှ သဘောပေါက်ကာ ဒေါ်တင်မေ ပါးစပ် တစ်လုံးကြီး ကျိန်ဆဲပြီး လှည့်ထွက်သွား၏။ ဦးထူး မျက်နှာကြီး နီနေ တာ သားကိုလည်း ချစ်စနိုး ခေါင်းပုတ်ရင်း ...

"ခွေးကောင်လေး .. အဲဒါ အင်တာနက် ချိတ်ထားမှ လုပ်လို့ရမှာ တွေကွ .."

"ဒါရှိ အီလာလက် ကြိတ်လေ .."

သားမြတ် က အံ့မောင် တို့ကို လက်သီးဆုပ်ပြပြီး ထူးလင်းအောင် လက်ကို ဆွဲကာ ...

"အစ်ကိုကလည်း အင်တာနက်ချိတ်တာ ကွန်နက်ရှင်ကောင်းမှ သုံးလို့ရတာ ..၊ ပြီးတော့ အဲဒါ အရမ်း အလုပ်ရှုပ်တာလေ .. ကျွန်တော် တို့ မြို့ကို ခဏပဲ သွားရတာ .. တခြားကိစ္စတွေ လုပ်ရင်းနဲ့ အင်တာနက် ကိစ္စကို ဘယ်လုပ်နိုင်တော့မလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဟုတ်ပဲနဲ့ .. အံ့မောင် ကြောလယ် .. လွယ်လွယ်ရေးခဲ့-"

သားမြတ် အကြည့်တွေ သူ့ဘက် ထပ်ရောက်လာတော့ အံ့မောင် ပျာပျာသလဲ ဖြစ်သွားကာ ...

"ဟုတ်တယ် .. ဒါပေမယ့် အခု မလွယ်တော့ဘူး ကိုကြီးအောင် ဖေ့စ်ဘွတ်ခ်မှာ တင်ကြတာတွေ ပြည့်ကုန်လို့ ပြန်ပိတ်ထားတယ်တဲ့-"

"ဒါဆို .. နော့မာတ်ပုံ မတင်ရလော့ဘူးလား .."

အံ့မောင် မနည်းကြီး ရှင်းလိုက်ရ၏။

"မင်းတော့ ငါ ထိုးမိတော့မယ်နော် .."

"မင်းကလည်း ငါတို့က သူ စိတ်ဝင်စားမယ် ထင်ထာလေးတွေ ပြောကြရင်း ရယ်ကြ နောက်ကြ လုပ်ခဲ့ကြတာပါ၊ ပြီးတော့ မင်း လောက် တွန့်တိုတတ်တာ .. ဖုန်းတစ်လုံးလုံး ကိုကြီးအောင် လက် ဝယ်ထည့်ပေးထားမယ်လို့မှ မထင်ဘဲ .."

ဖေ့စ်ဘွတ်ခ်မှာ ဓာတ်ပုံတင်လိုက်ရင် သူငယ်ချင်းတွေ အများကြီး ထပ်ရသည်၊ တစ်နေကုန် စကားထိုင်ပြောနေလို့ ရသည်၊ မိန်းကလေး လှလှလေးတွေရဲ့ ဓာတ်ပုံတွေလည်း အများကြီး ရှိသည် .. ဘာတွေ ညာတွေ လျှောက်ပြောထားသဖြင့် ထူးလင်းအောင် က ဖုန်းရကတည်း က ဒါကိုပဲ သတိရတိုင်း မေးနေတော့သည်။

မေးပြီးသားလည်း မသိ..၊ သိပြီးသားလည်း မသိတော့ဘဲ ဒီရက်ပိုင်း မှာဆို သူ့အတွက်က အားလုံး သစ်ပြီးရင်း သစ်နေသလား မသိတော့ပါ။

ထို့ကြောင့် သားမြတ် မင်္ဂလာဆောင်ပြီးသည့်ကိစ္စကိုတောင် မေ့ တော့တာလား .. မေ့နေတာလား မသိတော့ဘဲ မေးလည်း မမေး - ဘာမှလည်း မပူဆာတော့ပေ ..။ ထူးလင်းအောင် ကို ချော့မော့ပြီး ပြန်ခေါ်သွားတော့ သားမြတ် မျက်စိမျက်နှာပျက်နှင့် ကျန်ခဲ့၏။

"အစ်ကို ဘာဖြစ်လို့ ဒီလောက်တောင် အဖြစ်ဆိုးသွားတာလဲ အမေရာ .."





မင်္ဂလာကိစ္စတွေနဲ့ ရှုပ်ထွေးရင်း အစ်ကိုဖြစ်သူနဲ့ ခဏတစ်ဖြုတ်ပဲ သွားတွေ့ .. စကားထိုင်ပြောပြီး အကြောင်းရင်းမှန်ကို တစ်ခါမှ သေချာ မေးပြောဖြစ်ခဲ့သေးပေ ..။

"လန့်သွားပြီး အဲဒီက စဖြစ်သွားတယ်ဆိုတာ ဘယ်လိုမျိုး ဘယ် လောက်ထိ လန့်သွားလို့လဲ ..၊ လူသေကောင် မြင်တာနဲ့ ဒီလောက်ထိ သွေးပျက်လောက်အောင် ဖြစ်သွားတာလား ..၊ အစ်ကိုက သိပ်စပ်စု တတ်တာ .. လူသေလို့ မသာဗိုက်ခွဲရင်တောင် သူ ရပ်ကြည့်ရဲသေးတာ.."

"ဟုတ်ပါတယ် သားရယ် .."

အံ့မောင် တို့လည်း ဒါကို သိပြီးပြီမို့ ပြုံးပျော်နေသည့် မျက်နှာတွေ မှာ စိတ်မကောင်းခြင်းကြောင့် ငေးငိုင်ကုန်ကြလေသည်။

"ဘယ်ကနေ မျောလာတဲ့ လူသေကောင်မှန်းလည်း မသိပါဘူး ကွာ .."

ဦးထူး ကပဲ ဝင်ပြောပြ၏။

အချိန်က နွားရိုင်းသွင်းချိန်ပဲ ဖြစ်ကာ နွားအုပ်ကြီးနဲ့ ပြန်လာသည့် ဦးချစ်ကြီး နဲ့ စကားပြောရင်း ထူးလင်းအောင် ပါသွားတာကို ဦးထူး တို့ မြင်လိုက်ကြသည်။

ခါတိုင်းလည်း ဘယ်သူလာလာ လှမ်းနှုတ်ဆက်ပြီး စကားပြော နေ ဟိုနား ဒီနားလောက်တော့ ပါသွားတတ်တာမို့ ဒါကို သူတို့ အမှတ် တမဲ့ ဖြစ်သွားခဲ့၏။

အဲဒီကနေ ဒေါ်ဓီးကွက် ချေးရောင်းအပြန် ထင်းခြောက်တွေ သိုက်ကောက်နေတဲ့ နောက်ကို ထင်းလိုက်ကောက်ပေးရင်း ထပ်ပါသွား ပြန်သည်။

ဒေါ်ဓီးကွက် ဆံပင်စုတ်ဖွားဖွားနှင့် ရုပ်ဆိုးလွန်းသဖြင့် ကြောက် သည်း ကြောက်ကာ မကြည့်ဘဲလည်း မနေနိုင်သော စိုးစိုး ဆိုသည့် ဆယ်နှစ်သမီးကလေးလေးကလည်း ဒေါ်ဓီးကွက် ကို မြင်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုန်းပြီးသားဖြစ်သလို တကောက်ကောက် လိုက်ချောင်းကြည့်တတ်[illegible]လည်း အမြဲတမ်းပဲ ဖြစ်သည်။

စိုးစိုး က ရွာထိပ်က အကြော်သည် ဒေါ်စိုးကြည် ရဲ့ သမီးအ[illegible]ဆုံးဖြစ်ကာ အဖြစ်အပျက် အားလုံးကို သူမလေးကပဲ အစအဆုံး [illegible]ခဲ့၏။

ဒေါ်ဇီးကွက် က ချောင်းစပ်ထိ ထင်းသွားကောက်ပြီး ပြန်လ[illegible]သွားပေမယ့် ထူးလင်းအောင် က ကျောက်ခဲတွေလိုက်ကောက်ပြီး ပျံ[illegible]တဲ့ ငှက်တွေကို လိုက်ပစ်ရင်း ချောင်းစပ်တစ်လျှောက်မှာ ကျန်ရစ်ခဲ့[illegible]

သူ ဆော့နေတာတွေကိုပဲ စိုးစိုး ကလည်း ဆက်ပြီး စိတ်ဝင်စား[illegible]သဖြင့် မပြန်ဖြစ် ..။

"အလောင်းက ဒိုက်တောကြီးထဲ ဝင်ကပ်နေတာကို သူက [illegible]သွားပြီး တုတ်နဲ့ သွားထိုးထုတ်တယ်တဲ့ .."

တကယ်လည်း ထူးလင်းအောင် က သိပ်အကြောက်ကြီးတဲ့[illegible]မဟုတ်ပေ ..၊ မသိတာဆို စပ်စပ်စုစု သိချင်တတ်ကာ ဘာဖြစ်[illegible]မရမက လုပ်တတ်၏။

"သူ့အကြောင်းလည်း မင်း သိသားပဲ .. အဲ့ဒါ အလောင်း[illegible]မှောက်နေတာကို ပက်လက် ဆွဲလှန်လိုက်တာနဲ့ သူ ထအော်တာပဲတဲ့..

မိစိုးလေး ပြောတာတော့ အလောင်းက သူ့လက်ကို ဆွဲထားတာတဲ့..

"ဒါဆို မသေသေးလို့ အကူအညီတောင်းတာ နေမှာပေါ့ အဖေ.."

"မဟုတ်ပါဘူးကွာ .."

အံ့မောင် နဲ့ မင်းမင်း ပြိုင်တူ အသံထွက်လာကြပြီး ရှုံ့မဲ့ ခေါင်း[illegible]ကုပ်၏။ သားမြတ် ဟိုမျက်နှာကြည့် .. ဒီမျက်နှာကြည့်နှင့် ဘယ်[illegible]ဘာဆက်ပြောမှာလဲပဲ နားစွင့်နေမိသည်။

"အလောင်းက နူးပြီး အသားတွေတောင် ပွနေပြီ .."

သားမြတ် မယုံနိုင်သလို ဖြစ်သွား၏။





အားလုံးကလည်း ဒီအဖြစ်ကို မေ့ပျောက်ထားခဲ့ကြပုံရှိကာ ပြန်[illegible]ပြောရကာမှ အသစ် ပြန်လည် ခံစားနေကြရသလို ရှိလျက် ...

"အဲ့ဒါကွာ .. သူက ရှန်းလေ အလောင်းက ကွပါလာဇလဖြစ်[illegible]တော့ ကြောက်လန့်ပြီး ကျောက်ခဲနဲ့ အဲ့ဒီအလောင်းရဲ့လက်ကို မနား[illegible]တမ်း ထုတော့တာပဲတဲ့ ..၊ အရိုးကြေပြီး သူ့လက် လွတ်သွားတဲ့အထိ[illegible]နေတော့ ကြောက်အားကြီးတဲ့စိတ်က သတိလက်လွတ် ဖြစ်သွားတာ[illegible]ပေါ့ ..၊ နောက်တော့ အလောင်းရဲ့ခေါင်းကိုပါ စိတ်ရှိလက်ရှိ ထုနေတာ[illegible]ဝ မရပ်တော့ဘူး ..၊ စိုးစိုး ပြန်ပြေးလာပြီး တို့ကို ပြောနေတုန်း[illegible] ပြန်လာတာပဲ .."

"အိမ်ကိုတော့ ပြန်လာတယ်ပေါ့ .."

"ဟုတ်တယ် .. တစ်ကိုယ်လုံး ပေပွ နံစော်ပြီး လက်ထဲမှာ သူ[illegible]ကိုင်ထားတဲ့ ကျောက်တုံးကြီးက သွေးတွေနဲ့ ရဲနေတာပဲ .. သူ့လက်က[illegible]သွေးတွေပဲလေ .. ဟို လူသေကောင်က သွေးမှ မရှိတော့တာ .."

တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်ကြကာ လူသေကောင်[illegible] တကယ် နူးပွနေသည့်အလောင်းမှန်း သိကြတာတောင် ထူးလင်း[illegible]အောင် ကို လူသတ်သမားလိုလို .. ရူးသွားပြီ လိုလို ..။

"အတင်းအဖျင်း ပြောကြတာပေမယ့် မလိုတဲ့စကား ပေါက်ကြား[illegible]ယ်တာမျိုးပေါ့ ..၊ အဲဒါတွေ ရိုက်ခတ်ပြီး မင်းအစ်ကို စိတ်တွေ[illegible]ဆော်တော် ကြမ်းတမ်းသွားတာ .."

"ဟုတ်ပါတယ် သားရယ် .. သူ့ရှေ့မှာ သားစိမ်း ငါးစိမ်း ခုတ်ထစ်[illegible]နေတာ တွေ့ရင်တောင် အတင်း ဓားဝင်လုပြီး သူကိုယ်တိုင် နုပ်နုပ်စဉ်း[illegible]တော့တာပဲ .."

ဒေါ်တင်မေ မျက်ရည်တွေ လည်လာရှာသည်။ ပြီးမှ မျက်တော[illegible]ခတ်၍ သိမ်းဆည်း ထိန်းချုပ်ရင်း ...

"အဲ့ဒါနဲ့ သားကြီးကို ဆရာတော်ကြီးကိုယ်တိုင် ကျောင်းမှာ နေ



www.burmeseclassic.com

www.burmeseclassic.com



ချင်အောင် ..၊ သူ စိတ်ပျော်စရာတွေ အမျိုးမျိုး ပြပြီး လာခေါ်သွားတာ"

"ဒီလိုတွေ ဖြစ်နေတာတောင် အမေ ကျွန်တော့်မင်္ဂလာကိစ္စနဲ့ ရန်ကုန်ထိ ပုံမပျက် ရောက်လာသေးတယ် .. အစ်ကို့ကို ထားခဲ့ပြီးတော့ ဗျာ .."

"သားရယ် .. အားလုံး ငြိမ်ငြိမ်သက်သက် ပြန်ဖြစ်သွားကာ အမေတို့က ဘာကို ပျာလောင်ခတ်နေရမှာလဲ ..၊ ဆရာတော်ကြီး ဆေးပညာမှာရော .. အကြားအမြင်မှာပါ အရမ်းကို ကျွမ်းကျင်တယ် လေ၊ သူ့ဆီမှာပဲ သားကြီးကို ထားလိုက်ရင် အမေတို့ စိတ်အေးရပြီ မဟုတ်ဘူးလား .."

"ပြီးတော့ ငါ့သားရာ .. ဒီသားအတွက်လည်း လုံးပမ်းရသေး ခရီးထွက်သွားတဲ့ သားကလည်း အမေတို့စကားကို နာခံပြီး သွားတဲ့ သားပဲ .. အမေတို့အတွက် ဒီသားနှစ်ယောက်စလုံး အရေးမကြီးဘူး လား .."

"ဒါပေမယ့် အဖေ .."

"သားကြီးဆီက အဖေတို့ရဲ့ မျိုးဆက်ရင်သွေးလေးကို မရနိုင် တော့ဘူးလေ .. ငါ့သားငယ်အတွက် အဖေတို့ ဒီမင်္ဂလာကိစ္စကို လုံးပမ်း ရမှာပဲ မဟုတ်ဘူးလား .."

"ခုန ကပ္ပိယကြီး ဘာပြောသွားတာလဲ အဖေ .."

"ဆရာတော်ကြီးက ကျောင်းကို လာခဲ့ဖို့ မှာတာ ..၊ သားကြီး အိပ်တဲ့အချိန်လောက် အဖေတို့ သွားရမယ် .."

"အဲ့ဒါ အခြေအနေမကောင်းလို့ ဖြစ်မှာပေါ့ .."

"ဟုတ်မယ် ထင်တယ် .. တစ်ခုခုဆို ဂုန်းခနဲ ထထပြီး ရန်လိုတာ တွေ များလာတယ်တဲ့ .."

"ကဲပါ ဦးလေးထူး တို့လည်း သိပ်စိတ်ညစ်ပါနဲ့ .. ခုန ကိုကြီး အောင် ပုံစံက အေးဆေးပဲ မတွေ့ဘူးလား .."





အံ့မောင် က သားမြတ် ပခုံးကို ဖက်၍ နှစ်သိမ့်ဖို့ ကြိုးစား၏။

"နောက်ပြီး ဒါမျိုးက မိန်းမသားတစ်ယောက်က ချော့မော့ လမ်း ပြရင် လုံးဝ အံ့သြလောက်အောင် နူးညံ့သွားတတ်ပါတယ် .. ဆု နဲ့ ကိုကြီးအောင် ခင်သွားကြရင် ..၊ ဆု ကို သူ ခင်မှာ သေချာတယ် .."

"အင်း .. ဟုတ်သားပဲနော် .."

ဒေါ်တင်မေ့ မျက်နှာ ဝင်းလက်သွားသည်။ ဆု က လှလည်း လှသည်။ ရယ်လိုက်တိုင်း ချစ်ဖို့ ကောင်း၏။ ငွေဗျိုင်း တို့ကိုတောင် သားကြီးက ခင်ရှာတာ ..၊ ဆု ကိုဆို သူ့ခယ်မလည်း ဖြစ်တော့ လုံးဝ ငြိမ်းချမ်းရေး ရသွားမှာ သေချာ၏။

"ဒါကို ကျွန်မတို့ မတွေးမိဘူးနော် .. အံ့မောင် ပြောတာ မှန်လိုက် တာ ..၊ သားကြီးက ကလေးလိုပဲ .. ဆု ကို သူ့ခယ်မမှန်း သိသွားတာနဲ့ ချ တအား ရင်းနှီးသွားမှာ .."

"နောက်တစ်ခု ရှိသေးတယ် အမေ .."

"ဟင်!... ဘာလဲ .."

"ဆု ရဲ့ဖုန်းမှာ သူ အင်တာနက် သုံးလို့ ရတယ် .."

သားမြတ် က ခေါင်းညိတ်၍ ...

"သူ အဲဒါကိုပဲ အားသန်နေတော့ ဆု ကို ပြောပြပြီး စည်းရုံးခိုင်း ကြည့်ရမှာပဲ .."

"ဟုတ်တယ် .. ဟုတ်တယ် .."

အားလုံး စိတ်ချမ်းသာစရာ တွေးပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေ ကြ၏။ ထိုစဉ် ...

"ဟတ်ချိုး .."

"ဟဲ့ .."

"ဒီကောင် ဖျားပြီ .."

"အစတည်းက ကိုယ်တွေ ပူနေတာ ..၊ မှန်းစမ်း သား .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေ က နဖူးကို စမ်းဖို့ လက်ပြင်သည်နှင့် သားမြင်က လက်ကို ကိုင်ထားလိုက်ပြီး ဖယ်ချပစ်ကာ ...

"ဘာမှ မဖြစ်ပါဘူး အမေရာ .. နာစေးချောင်းဆိုးလောက်ကို-"

ပြောပြီးတာနှင့် အိမ်ထဲ ပြန်ဝင်သွားကာ ထွက်လာတော့ ရှပ်အင်္ကျီ လက်ရှည်က ရင်ခွဲလျက် စွပ်လျက်သား ပါလာ၏။

"မြောက်ပိုင်းအိမ်ကို သွားမလို့လား .."

"ဟုတ်တယ် .. ဘကြီးဆယ် တို့ လယ်ဘက်ကိုလည်း ဝင်စရာ လို့ပါ ..၊ မနေ့ညက သူ့အင်းထဲက ဟိုကောင်တွေ စားဖို့ ကျွန်တော် ငါးဖမ်းထားခဲ့လို့ .."

"ဟော့တော် .. အကုသိုလ်အလုပ်တွေ သားမြတ် ရယ် .. ကိုယ် ဝမ်းဝဖို့အတွက် သူများအသက်ကြီး အရှင်လတ်လတ် ရိုက်သတ် တယ်လို့ ..၊ မင်းအမေနဲ့ အဖေဆို ကြားသား မြင်သားတောင် မစား ဘူးနော် .. အဲဒါလည်း သတိထားဦး .."

"ခရီးသွားတုန်း မိုးနဲ့ လေနဲ့ ဝင်နားတုန်း အဆင်မပြေလို့ပါ .. နောက် မလုပ်တော့ပါဘူး .."

"အင်း .. အဲ့ဒါတွေကိုက ဆိုးတာ .. စိတ်နောက်ကိုယ်ပါ မလုပ် ပါနဲ့ သားရယ် .. မင်းနှယ် .."

သားမြတ် ခေါင်းညိတ်ပြီး ထွက်လာခဲ့သည်။ လမ်းကျမှ နာတွေ ဆက်တိုက်ချေရင်း မျက်လုံးတွေ နားတွေ ပူလာတာက သိသာလာ၏။

ဖျားတော့ ဖျားနေပါပြီ ..။





## အခန်း(၂၅)

ရွာထဲဘက်က လာတာဆိုလျှင် မြောက်အိမ်ကို တောင်ဘက် ထောင့်ကွယ်ကနေ စတင် မြင်ရပြီ ဖြစ်သည်။

ခြံထဲ မျက်နှာစာရှေ့မှာ အပင်ကြီးတွေ သိပ်မရှိသဖြင့် နောက်ဖေး တစ်ခြမ်းကိုပါ လမ်းပေါ်ကနေ လှမ်းမြင်ရသည်ဖြစ်ရာ ...

"ဟင်!..."

သားမြတ် ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။

ခြေလှမ်းက နှစ်လှမ်းစာလောက် လွန်လာပြီပေမယ့် မျက်လုံး ထောင့်မှာ ဖျတ်ခနဲ ဝင်သွားသည့် ပုံရိပ်တွေကို သူ သေချာ သိလိုက်၏။

တစ်ကိုယ်လုံး ဒေါသကြောင့် ဖျင်းခနဲ ဖြစ်သွားသည်။ နောက်ပြန် ဆုတ်လိုက်သည့် ခြေလှမ်းက တစ်လှမ်းတည်း ဖျတ်ခနဲ ..၊

"တောက်!..."

သရက်ပင်အောက်က ကွပ်ပျစ်ပေါ်မှာ ဆု နဲ့ ဂျင်မ် နှစ်ယောက် တည်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ဆု ရဲ့ ကိုယ်လေးတစ်ခြမ်းက သရက်ပင်စည်ဘက်ကို ယိုင်ကျ... ကာ ပခုံးပေါ်မှာ တင်ထားသည့် ဟိုကောင့် လက်တစ်ဖက်ကိုပဲ မြင်နေရသည်။

ပင်စည်ကို ကွယ်ပြီး ထိုင်နေတာ ဒီကောင်ပေါ့ ...၊

ဝါးခြမ်းပြားတွေနဲ့ ပျဉ် ရောပြီး အလုရက်ထားသည့် ခြံစည်းရိုး ချပ်ကြီးကို ဒုန်းခနဲ လွှဲကန်ပစ်လိုက်ကာ သူ တံခါးကနေ ခြေလှမ်းကျဲကြီးတွေနဲ့ ဝင်ချသွား၏။

အိမ်ခေါင်းရင်းက ကွေ့ပတ်သွားသဖြင့် သရက်ပင်အောက်ကို ချက်ချင်း ရောက်သွားသည်။ ဆု က ပန်းနုရောင် လက်ရှည်ခါးရှည် ရှက်သားအင်္ကျီပွပွလေးနှင့် ခြေဖျားထိရှည်သော စကက်ရှည် ဖားဖားလေးနဲ့ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ အိပ်ပျော်သွားလိုက်မှန်း မသိ...

မျက်စိတွေတောင် လေးလံ ကျိန်းစပ်နေ၏။ ဒီနားဆိုပြီး ထွက်သွားကြတာ သောင်းသောင်း တို့ ဘယ်ထိ သွားလာလည်ပတ်နေကြတာလဲ ..။

ဟိုဒီ လှမ်းမျှော်ကြည့်ကာ ဆံပင်တွေကို သေသပ်အောင် ဖိသပ်ချ၍ အင်္ကျီကိုပါ ပြုပြင်သည်။

စကက်အနားစလေးတွေကို စုလုံးသိမ်းကာ ခြေထောက်နဲ့အတူ ကွပ်ပျစ်ပေါ်က ချလိုက်ကာမှ ...

"ဟင်!..."

ဘေးမှာ ဘွားခနဲကြီး ပေါ်လာသလို ရောက်လာသည့် သားမြတ်ကို မော့ကြည့်၍ တအံ့တသြ ဖြစ်သွား၏။

"ရှင် ပြန်ရောက်ပြီလား .."

"ဟုတ်တယ် .. ညတည်းက ရောက်တာ .. မင်းတို့ သာသာယာယာ မရှိကြမှာစိုးလို့ မလာဘဲ နေတာ ..၊ ဘယ်ရောက်သွားလဲ .. ဟိုကောင် .."

"ဟင်!... ဘယ်သူလဲ .."

သားမြတ် က ကွပ်ပျစ်နဲ့ သရက်ပင်ကို တက်ပတ်ပြည့်အောင် ပတ်၍ ခြေနှစ်လှမ်းလောက် နောက်ဆုတ်ကာ ကွပ်ပျစ်အောက်ကိုပါ ကြည့်၏။

ဆု က သူ လုပ်နေပုံကို ကြည့်နေရင်း မျက်ခုံးလေးတွေ တွန့်ကုတ်သွားခဲ့၏။

ပြီးတော့ တစ်ခုခုကို သဘောပေါက်လာသလိုရှိကာ ပါးပြင်လေးတွေ တရိပ်ရိပ် အရောင်ရင့်လာခဲ့ပြီး ...

"ရှင် ဘယ်သူ့ကို ရှာနေတာလဲ သားမြတ် .."

"ခုန မင်းနဲ့အတူ ရှိနေတဲ့ ဂျင်မ် ဆိုတဲ့ကောင်လေ .."

"ဘာ!..."

"မင်းရဲ့ပခုံးကိုတောင် ဖက်ထားသေးတယ် .."

"ရှင် .. ရှင် ဘာပြောလိုက်တယ် .."

ဆု ကွပ်ပျစ်ပေါ်ကနေ ဖျတ်ခနဲ ဆင်းရပ်လိုက်ပြီးဖြစ်ကာ ...

"ရှင့်စကားကို အခု ပြင်ပြောလိုက် သားမြတ် .. ခု ချက်ချင်း ပြင်ပြော .."

"ဘာလို့ ပြောရမှာလဲ ..၊ ငါ ဒီလောက် မြန်မြန်ကြီး ဝင်လာတာတောင် ဘယ်ကြွက်တွင်းထဲ ခုန်ချပြီး ပုန်းလိုက်တာလဲ .. ဟော့ကောင် ထွက်ခဲ့စမ်း .."

"သားမြတ် .. ရှင် .. ရှင် .. ကျွန်မကို ကြည့်ပြော .."

"မင်း ဝင်မပါနဲ့နော် .."

ဆု က သားမြတ် ရဲ့ပခုံးနှစ်ဖက်ကို အတင်းဆွဲလှုပ်ကာ အင်္ကျီစကိုပါ ဆွဲလွဲ ဆုပ်ခါ၍ ...

"အိမ်မှာ ဘယ်သူမှ မရှိဘူး .. ကျွန်မပဲ ရှိတာ .."







www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆု .."

ဟင်!...

ဆု ဟင်ခနဲ ဖြစ်သွားကာ လှည့်ကြည့်လိုက်၏။ အိမ်နောက်ဖေးတံခါးကနေ ဂျင်မ် က မင်းသားစတိုင်လ်နှင့် အကျအန လှမ်းထွက်လာ၏။

"ငါ ရှိတယ်လေ .. အားလုံး အိမ်ပေါ်မှာ ရှိတယ် .. ဘာဖြစ်လို့လဲ .."

"သိတယ် .. ရှိတာလည်း သိတယ် .. မသိချင်ယောင်ဆောင်ပြီး ကြာကူလီရိုက်တာလည်း ငါ မြင်တယ် .."

"သားမြတ် .."

"ဟာ!..."

"ခွပ် .."

သားမြတ် သည် ဆု ကိုင်ထားဆဲ လက်တွေကို ပုတ်ချခြင်း ဂျင်မ့် ဆီကို လွှားခနဲ ရောက်သွားခြင်းက လျှပ်စီးလက်သွားသလိုဖြစ်ကာ လက်သီးတစ်ချက်ကြောင့် ဂျင်မ့် မျက်နှာ လည်ထွက်သွား၏။

"ဟဲ့ .. ဟဲ့ .. ဘာတွေ ဖြစ်ကုန်တာတုန်း .."

"ဂျင်မ် .."

"ကိုသားမြတ် .. နေပါဦး .."

သောင်းသောင်း နဲ့ ဆောင်းနှင်း တို့ ဆု နဲ့ သားမြတ် ဆီ အပြေးတကော ပြေးလာမလို့ဖြစ်ပြီးမှ ဂျင်မ့် ကို ထူမတ်ပေးဖို့ သတိရကာ..

"ဟယ် .. နှုတ်ခမ်းပေါက်သွားပြီ .. ဘာတွေ ဖြစ်ကုန်ကြတာတုံး .."

"စည်းကမ်းမရှိလို့ ဆုံးမလိုက်တာလေ .. ဧည့်သည်လို မနေဘဲ အိမ်ရှင်ကို စော်ကားလို့ .."

"သားမြတ် .. ရှင် အဲ့ဒါကို ထပ်ပြောပြန်ပြီ .. ကျွန်မက .."





"ဘာဖြစ်လဲ .. ဆက်ပြောစမ်းပါ ..၊ ခုပဲ ပြောတော့ မင်း တစ်ယောက်တည်းဆို .. အခုပဲ ပုန်းရာကနေ ထွက်လာပြီ .."

"ဘာပုန်းနေတာလဲ ဟင် .. နှင်း တို့က ရွာနောက်ဘက်ကို လျှောက်လည်နေကြတာ .. ပြန်လာတော့ ဆု အိပ်ပျော်နေတာနဲ့ .."

"ငါ မင်းတို့ကို မမေးသေးဘူး .. ဝင်မပါနဲ့ .. အားလုံး ပုလင်းတူ ဘူးဆို့တွေပဲ ..၊ ဟိတ်ကောင် .. မင်း ခု ထွက်သွား .."

"သားမြတ် .."

"မင်း ပါးစပ် ပိတ်နေစမ်း .."

ဆု က လက်မောင်းကို ဆွဲသည်။ သားမြတ် က ခါထုတ်ပစ်၍...

"ဒီကောင် သွားမှ မင်းနဲ့ ငါ ရှင်းမယ် ..၊ သားမြတ် ဆိုတဲ့ကောင်က တောသားပေမယ့် သိက္ခာနဲ့ သမာဓိနဲ့ နေတာ ..၊ အဆင့်အတန်းတွေ တွင်တွင်ပြောပြီး ဖောက်ပြန်နေတာ မဟုတ်ဘူး .."

"ရှင် .. ရှင် .. ပြောပြန်ပြီ .. ကဲ .."

ပါးကို လွှဲရိုက်ပစ်လိုက်တာ ဖောင်းခနဲ မီးပွင့်သွားသည်။ သားမြတ် ကိုယ့်ပါးကို လက်ခုံနဲ့ ကပ်၍ တက်ခေါက်ကာ ...

"မင်း .."

"ကိုသားမြတ် .. မလုပ်ပါနဲ့ .."

သောင်းသောင်း တို့ အလန့်တကြားသံတွေ ဆူညံသွားသည်။ ဆု ရဲ့ လက်မောင်းလေးတစ်ဖက်ကို အရုပ်လေးတစ်ရုပ်လို ဆောင့်ဆွဲဆိုင်ထားကာ အရှိန်နဲ့ မြောက်တက်သွားသည့်လက်က လေထဲမှာပဲ ရပ်တန့်သွား၏။

"လုပ်လေ ..ရိုက်ချလိုက်စမ်းပါ .. ရှင့်ကို ကြောက်နေပြီ ထင်လို့လား ..၊ လုပ် .. ရိုက် .."

ဆု က နှုတ်ခမ်းလေး ဖိပိတ်၍ ပါးလေး ထိုးပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို စိန်မခေါ်နဲ့ ဆုထူးပန် .. ငါ တောသားပေမယ့် မင်းလို ယောကျ်ားမှန်း မသိ .. မိန်းမမှန်း မသိ ကောင်မျိုး မဟုတ်ဘူး.. မိန်းမ တွေ ကြိုက်သလောက် တန်းစီတွဲလို့ ရတယ် ..၊ ငွေသာရှိရင် မင်းထက် သာအောင် အရွဲ့တိုက်ဖို့လောက်ကတော့ လက်ဖျစ်တီးရုံပဲ .."

"ရှင့်ဘာသာ လက်ဖျစ်ပဲတီးတီး .. လက်ဝါးပဲ တီးတီး .. ရွဲ့တာ ဖြစ်ဖြစ် .. အတည်ဖြစ်ဖြစ် ထင်သလို လုပ်.. ကြိုက်သလို နေ.. လုံးဝ စိတ်မဝင်စားဘူး .."

"သိတယ် .. မင်းက ငါ့ကိုကျတော့ မထိပါနဲ့ .. မကပ်ပါနဲ့ - ဟိုကောင်နဲ့ကျတော့ .."

"ရှင် .. တော်တော့ .."

"မင်း လက်မပါနဲ့နော် .. ဒီတစ်ခါ ငါ ညှာမှာ မဟုတ်ဘူး -"

"မညှာနဲ့ပေါ့ .. လုပ်ပါ .. ပြန်လုပ် .."

ဆု က ဒေါသမွှန်ကာ ဘာကိုမှ မမြင်တော့ပေ ..၊

သားမြတ် ရဲ့ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ စုံတွန်း၍ သားမြတ် ခြေလှမ်း နောက်ဆုတ် ယိုင်သွားတိုင်း ထပ်ကြပ်မကွာ လိုက်၍ စိတ်ရှိ လက်ရှိ တွန်းထိုးနေ၏။

"ငါ့ .. ကွာ .. တောက်!..."

သားမြတ် လက်တပြင်ပြင်နှင့် တက်ခေါက်ရင်း ဆု ပခုံးလေးတွေ ကို ဖိဆုပ်ခါပစ်မှ ရပ်၏။ ပြီးတော့ ...

"လာခဲ့ .."

ဆု ရဲ့ လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်၍ နှင်း တို့ ဘက် လှည့်ကာ ....

"အဲဒီကောင်ကို ခေါ်ပြီး လာလမ်းအတိုင်း ပြန်ကြပေတော့ - မင်းနဲ့ ငါ ရှင်းမယ် .. လာခဲ့ .."

"မလိုက်ဘူး .."





လက်ကိုဆွဲ၍ ခြေလှမ်းပြစ်လျှင် ဆု က အတင်းပြန်ရုန်းပြီး နောက်ဆုတ်ရပ်၏။ မျက်ဝန်းအိမ်လေးမှာ ပြည့်လျှံနေသည့် မျက်ရည် စက်တို့က ပါးပြင်လေးထက်ကို ဖြတ်ဆင်းနေကြတာ ချောင်းရေလျှံနေ တဲ့အတိုင်း ..။

"ရှင်းဖို့လည်း မလိုဘူး .. လိုက်လည်း မလိုက်ဘူး ..၊ ရှင့်ရဲ့ဆွေမျိုး တွေ အားလုံးကို သွားပြောလိုက် သွား .. ဆုထူးမန် နဲ့ ကွျန်တော် ပြတ်ပြီလို့ .."

"ဘာ!... ပြောတယ် .."

"ဆု .. ဆု .. အဲ့ဒီလို မလုပ်နဲ့လေ .."

ဆု အိမ်ထဲဝင်သွားလျှင် သောင်းသောင်း က ပြေးလိုက်သွား၏။ ဂျင်မ် က ဒီတိုင်းရပ်နေသဖြင့် သားမြတ် နဲ့ ဂျင်မ် တို့နှစ်ယောက် အလယ်ကနေ ဆောင်းနှင်း ထွက်မသွားရဲဘဲ ကျန်ရစ်၏။

"ကိုသားမြတ် .. ဆု ကို နှင်း တို့ ပြောပြပါ့မယ် ..၊ ခုကိစ္စက ဆလ .."

"တောက်!..."

သားမြတ် ဘာမှ နားမထောင်တော့ဘဲ တက်ခေါက်သံပြင်းပြင်း နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။

"ဂျင်မ် .."

"ဘာလဲ .."

"အဲ့ဒါ နင့်ကြောင့် ..၊ ဆု ပြောနေတာ ကြားရဲ့သားနဲ့ ငါတို့ ဘာသာ ဆင်းပြောမှာပေါ့ ..၊ နင် အရင်ထွက်သွားပြီး ဆု က ညာနေ သလို ဖြစ်သွားတော့ .."

"ပွန်း .. ကောင်းတာပေါ့ .."

"ဘာရယ် .."

"ဒါမျိုးက တမင် ဖန်တီးယူဖို့တောင် မလွယ်တဲ့ အခြေအနေ.."



www.burmeseclassic.com

www.burmeseclassic.com



ဂျင်မ် က ပြောပြီး အိမ်ထဲကိုပဲ လှည့်ဝင်သွား၏။

နှင်း ဒေါ်သတွေ စုပြုံထွက်ကာ တစ်ခုခု ပြောမလို့ ပြင်လိုက်ပြီးမှ မိုးဖွားတွေ ကျလာတာကို သတိရ၏။

ပြီးတော့ အေးပုံ ခေါင်းရင်းထောင့်ကွယ်လေးမှာ မျက်နှာငယ်လေးနဲ့ ချောင်းကြည့်နေတာကို လှမ်းမြင်လိုက်သဖြင့် ...

"မိုးရွာလာပြီ အေးပုံ .. အပင်အောက်က ဖျာလေးတွေ ရုတ်ပြီး ဟိုဘက်ကို ယူသွားလိုက်တော့ .."

အိမ်ပေါ်ကို လိုက်တက်လာလျှင် မကြားသင့်တာတွေ ထပ်ကြားသွားမှာ စိုးလို့ပါ ..။

သူမ အိမ်ပေါ်ရောက်တော့ ဆု က ရှိုက်ကြီးတငင် ငိုကြွေးလျက်—

"အဲဒီလူကို အရမ်း မုန်းတယ် .. ဘယ်တော့မှ ခွင့်မလွှတ်ဘူး—"





အခန်း(၂၆)

"ဘာတဲ့လဲ .."

"ဘယ်လိုမှကို ပြောလို့ မရပါဘူး .. ရှင့်သားကိုက တခေါက်ကန်း ပြော .. တခေါက်ကန်း လုပ် .. တကယ်ပါပဲနော် .. ဒီလောက်ခေါင်းမာတာ ထင်ကို မထင်ဘူး .."

"သူကလည်း သူ့မျက်စိနဲ့ တပ်အပ် မြင်ခဲ့တာလို့ ပြောနေတာပဲ"

"ရှင်က ကိုယ့်သားဘက်က လိုက်ချင်နေတာလား ကိုထူး .. သူ့သာ မျက်စိနဲ့မြင်မြင် .. ဘာကြောင့် သေချာနေနေ ကျွန်မကတော့ တို့ မိန်းကလေးတွေ ရှင်းပြတာကိုလည်း လက်ခံရမှာပဲ ..၊ ပြီးတော့ ဒီလိုလုပ်မှာ မဟုတ်ဘူးဆိုတာ စိတ်ထဲက သိနေတယ်.."

ဦးထူး က အိမ်ထဲကို လှမ်းကြည့်ပြီး မီးခိုးငွေ့တွေ တလိပ်လိပ် မ်း လွှန့်လူးနေတာကို မြင်လျှင် ...

"မင့်သား .. ဖင်ကပါ မီးခိုးထွက်အောင် သောက်တော့မယ် .. သောက်!..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့ .. ကိုယ်တွေလည်း မှုနေတယ် .. မိုးရွာ
ချည်းပဲ သွားလာနေတာ တားလည်း မရဘူး .. ဆေးသောက်ဖို့လည်
ဘယ်လိုပြောပြော မရဘူး .."

"ဆု တို့ဆီက ပြန်လာတုန်းက မိုးမိသွားသေးတာကိုးကွ..၊ အ
ကောင်ထက်တောင် ပြောရဆိုရ ကျပ်သေးတယ် .. ဒီကောင် ဘာကော
မှန်းကို မသိဘူး .."

"အဲ့ဒါ ရှင် သွားပြောဦးလေ .."

"ငါက ဘာပြောရမှာလဲ .. မင့်သား ဒီလောက် ခေါင်းမာတာ"

"ခေါင်းမာတာက မှန်းနေတာမှ မဟုတ်တာ .. ချစ်ပြီး သဝန်
နေတာ .."

"အေးလေ .. ပြောတော့လည်း သူကလည်း သူ မြင်ခဲ့တယ်ချည်
ပဲ ပြောနေတာ .. ငါ ဘာဆက်ပြောရမလဲ .."

"ဒီမှာ ကိုထူး .. နောက်ဆုံး ဆု အဲဒီလို တကယ် လုပ်နေ
တောင် ခုချိန်မှာ ဆု ကို ချွေးမလို သဘောထားပြီး စွန့်ပစ်လို့ မရ
ကိုယ့်သားသမီးလို ဆုံးမရမယ် .. ခွင့်လွှတ်ရမယ် .. အတတ်နိုင်ဆုံး
ကျွန်မတို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာ .."

"မင်းက ငါ့ကို တရားချမနေနဲ့ တင်မမ .. ယောကျ်ားချင်း ငါ
ပိုနားလည်တယ် ..၊ ဆု ကိုလည်း အပြစ်တင်ဖို့ ပြောနေတာ
ဘူး .."

"ဒုန်း .."

စကားပြောနေတုန်း ဘေးမှာ လာပြီး ခလုတ်တိုက်၍ ဟပ်
သည့် အေးပုံ က ဒူးနှစ်ဖက်ကို ပွတ်နေရင်း မော့ကြည့်သည်။
လွတ်ထွက်သွားသည့် ဖျာလိပ်ကိုလည်း ကမန်းကတန်း ပြန်ကော

"နင့်မှာလည်း ဒီဖျာ တပိုက်ပိုက်နဲ့ ဘာလဲ ..၊ ယောကျ်ား
လိုက်တော့မလို့လား .."





"မဟုတ်ပါဘူး ဘဘကြီးရဲ့ .. အား!.."
ဖျာလေးပိုက်၍ ဒူးလေးထော့လျက် အိမ်ထဲကို ဝင်သွားသည်။

"အေးပုံ .."

"ရှင် .. ကိုကြီး .."

အေးပုံ ကို လှမ်းခေါ်လိုက်သံကြောင့် ဦးထူး တို့ နားစွင့်ထားမိ
ကြ၏။ ဖျာလိပ်လေးနဲ့ပဲ ဝင်သွားပြီး ပြန်ထွက်လာတော့ ဖျာမပါတော့
ဲ ပိုက်ဆံလေး ကိုင်လျက် ...

"ဟဲ့ .. ဘာခိုင်းလိုက်တာလဲ .."

"ဆေးလိပ် ဝယ်ခိုင်းတာ .."

"တွေ့လား .."

လင်မယားနှစ်ယောက်စလုံး စိတ်ပျက်သွားကြပေမယ့် သားမြတ်
ကို တန်းစီ ဝင်သွားမိကြကာ ...

"သားမြတ် .."

"သားရယ် .. မင်းမှာလည်း .."

မိုးဖွားလေးတွေ တလွှင့်လွှင့် စင်နေသည့် ပြတင်းပေါက်မှာ အကျီ
တွဲနှင့် ဒီတိုင်း ငုတ်တုတ်ထိုင်နေသည်။ ရှေ့က ဆေးလိပ်ခွက်ထဲမှာ
းလိပ်တိုတွေက နည်းတာ မဟုတ် ...။

သားမြတ် က ဆေးလိပ်ကြိုက်ပေမယ့် အမြဲတမ်း သောက်နေရမှ
တာမျိုး မဟုတ်ပေ ...။ စိတ်ရှုပ်နေလျှင် .. အရမ်းကို ပျင်းရိနေ
တ်အောင် အားနေလျှင် .. အထူးသဖြင့် အင်းတွေ ကန်တွေထဲ
ားမျှားတာမျိုးမှာ ထည့်ယူသွားတတ်သည်။

ခရီးသွားတဲ့အထိ သူ ကြိုက်တာကို ပါအောင် သယ်ဘတ်ပေမယ့်
တမ်း လက်ကြားညှပ်နေတာမျိုး မဟုတ် ...။

"တမင်တကာ မိုးစို လေတိုက်ခံပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်း
တာလား သားမြတ် .."



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တော့ ကရုဏာဒေါသနှင့် ဦးထူး က အော်သည်။ ဒေါ်တင်မေ က နဖူးကို လှမ်းစမ်းတော့ သားမြတ် ခေါင်းကို တိမ်း မအေလက်ကို ဖယ်ချပစ်၏။

"မင်း ဒီလောက် ပျော့ညံ့မှန်း ငါ ခုမှပဲ သိရပါလား သား သားမြတ် ဟင် .. ဘယ်နေရာမှာ သားထူးသားမြတ် ဖြစ်နေတာလဲ မိန်းမတစ်ယောက်ကြောင့် သေချင်လောက်အောင် ခံစားနေရတာ ထူးတာ မြတ်တာတွေလား .."

"ဘာဆိုင်လို့လဲ အဖေရာ .. ကိုယ့်ဘာသာ နေတာလည်း မရဘူး"

"ကိုယ့်ဘာသာ နေတာက မင်း ကျန်းမာရေးကောင်းနေရင် လေ .. အခု ဖျားနေတာ ..၊ ဆေးမသောက် ဘာမသောက်နဲ့ ဒီတိုင်း နေတာ သေချင်လို့ မဟုတ်ဘူးလား .."

"အဟွတ် .. အဟွတ် .."

"တွေ့လား .."

"ဟတ်ချိုး .."

"အေး .. ကောင်းတာပေါ့ .. လုပ်ပါ .. ခံပေါ့ .."

"ရှင်ကလည်း တော်တော် ဆိုးမကောင်းပဲ .."

"မတတ်နိုင်ဘူး .. ငါ ဒါပဲတတ်တယ် .."

ဒေါ်တွေပွစ၍ ဦးထူး လှည့်ထွက်သွား၏။ ထိုစဉ် မိုးဖွားတွေ ခပ်စိပ် စိပ် ဖြစ်လာလေသည်။

အိမ်လေးထဲမှာ ငိုနေသည့် ဆု ရဲ့ မျက်ရည်တွေကတော့ မိုးစက် တွေလို မဟုတ်ဘဲ စိပ်ရာကနေ ကျဲပါးသွားခဲ့ပြီး ...

"ငါ အရမ်းမုန်းတယ် .."

"တော်သေးတာပေါ့ .."

ဂျင်မ် က ဘေးက ထိုင်ကြည့်ပြီး မဲ့ရွဲ့ ကဲ့ရဲ့၏။ ဆု က မျက်ရည် လက်စကို သုတ်ပစ်ပြီး ဆတ်ခနဲ ကြည့်သည်။





"ဘာတော်သေးတာလဲ .. ငါ ငိုနေတာ ရှက်လို့ သိရဲ့လား ..၊ ငါ့ကိုများ ပြောသွားလိုက်တာ မိန်းမပျက်ကျနေတာပဲ ..၊ နင်နဲ့ ငါက ...တ်နေတာတဲ့ .."

"ဟား .. ဟား .. ဟား ..."

"ဂျင်မ် .."

ရယ်သံကြီးက ဘေးလူကြားမှာစိုးကာ သောင်းသောင်း က ဂျင်မ့် ...က်ကို ရိုက်ပစ်လိုက်ပြီး အော်သည်။

ဂျင်မ် က အရယ်မရပ်ဘဲ ဆု ကိုပဲ ကြည့်၍ ...

"ငါတောင် သဘောပေါက်နေပြီ .. နင့်ကိုယ်နင် သဘောမပေါက် ...းလား ဆု ရယ် .. ဟင် .."

"ဘာ!..."

"နင်တို့ရော နားမလည်ဘူးလား .."

သောင်းသောင်း တို့က ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ နှင်း ...တော့ ထမင်းပွဲကြီး လာပြင်ပေးထားတာကို ဘယ်သူမှ မစားကြ ...မြင့် ငုတ်တုတ်ထိုင်ပြီး ယပ်ခတ်နေရသည့်အလုပ်နှင့် ရောထူးမြင့် ...နေ၏။

"စွပ်စွဲခံရလို့ ငိုနေတာ မဟုတ်ဘူး .. အဲ့ဒါ ဟိုကောင် အထင်လွဲ ...သွားတာကို ရှက်ပြီး ကျူကျူပါအောင် ငိုတာ .."

"ဂျင်မ် .. နင့်ကို ငါ လုပ်မှာနော် .."

"လုပ်ပေါ့ .. ငါကိုက တုံးတာပါ ..၊ နင် တောကို ပါသွားပြီဆို ...တော့ မိဘစကား မပယ်ရှားရဲတဲ့အတွက် တောကြိုအုံကြားမှာ နေရ ...တော့မှာပဲဆိုပြီး တကယ်ကို ရင်တွေပူတာ .. ဘာမှ မတတ်နိုင်ပေမယ့် ...ယ်လိုနေနေသလဲဆိုတာ ကြည့်ကို ကြည့်ချင်သေးတာ ..၊ နောက်ဆုံး ...င် သေလောက်အောင် စိတ်ဆင်းရဲနေတယ်ဆိုရင် ဘာပဲလုပ်ပေးရ ...ုပ်ပေးရ ဆိုပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့လည်း ဂျင်မ့် ခမျာ သနားစရာပါ။ သားမြတ် ထိုး သွားတာ သူ့ခမျာ အသံတောင် တစ်ချက်မှ မထွက်နိုင်ခဲ့ပေ။ ပါးနှီး တစ်ဖက်မှာ ခုထိ ညိုရဲ ရောင်ကားနေတုန်း ...၊

နှင်း တို့တောင် ပြောမိဆိုမိတာတွေ ပြန်တွေးပြီး စိတ်မကောင်း ဖြစ်သွားကြ၏။ လူကိုကြည့်ပြီး အချစ်ကို ပေါ့ပျက်ပျက်ပဲလို့လည်း တွက်ထားခဲ့မိသည်။ ဆု ကတော့ ဂျင်မ့် စကားကိုပဲ မခံရပ်နိုင်စွာ –

"ငါ နှင်ပြောသလို မဟုတ်ဘူးနော် ဂျင်မ် .. ထပ်မစွပ်စွဲနဲ့ – သူနဲ့ ငါ့ကြားမှာ ခင်မင်ကြင်နာစရာအကြောင်းလည်း ဘာမှ မရှိဘူး– သံယောဇဉ် နှောင်ဖွဲ့ရလောက်အောင်လည်း မနေ့တစ်နေ့ကမှ မြင်ဖူးကြ တာ .."

"ဟ!... အချစ်ဆိုတာကို လူက ဖန်ဆင်းတာ မဟုတ်ဘူး .. အချစ် ကပဲ လူကို ဖန်ဆင်းတာ ..၊ တစ်ယောက်ကို ချစ်ဖို့အတွက် ကိုယ့် ဘာသာ အချိန်ကာလ ကန့်သတ်လို့ မရဘူးဟ .. တစ်ယောက်နဲ့ တစ်ယောက် ချစ်ဖို့အတွက်လည်း ရာသီတွေ .. ကာလတွေ မလိုဘူး–

ဂျင်မ် က နာကျင်တာတွေရော .. နားလည်နေတာတွေရော စုပေါင်းကာ ဆရာကြီးလေသံနှင့် ပြောရင်း ပါးရိုးကိုလည်း လက်နဲ့ တစမ်းစမ်းနှင့် ...

"နှင်တို့နှစ်ယောက် ချက်ချင်း လက်ထပ်လိုက်ရတယ်ဆိုပေမယ့် ဆုံခဲ့ကြတဲ့အချိန်အားဖြင့်လည်း သိပ်တော့ မနည်းပါဘူး .. ချစ်မိနေပြီ ဆိုရင် ဟန်ဆောင်မနေပါနဲ့ဟာ .."

ဆု က နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းခါသည်။ ဂျင်မ် က ဆု ကို ကြည့်၍ နေရာမှ ထလျှောက်သွားကာ ...

"ဒီကောင်လည်း နှင့်ကို ချစ်နေပုံပါပဲ ..၊ တစ်ခုတော့ ငါ မကျေ နပ်ဘူး .. သူ နှင့်ကို ရိုက်မလို့ လက်ရွယ်ခဲ့တယ် .. ငါဆိုရင် လက်နဲ့ တောင် ရွယ်ရက်မှာ မဟုတ်ဘူး .."





"ဒါကတော့ ရှက်ဒေါသကိုးဟ.. ပြီးတော့ ပြိုင်ဘက်လို ယောကျ်ား တစ်ယောက်ရှေ့မှာ ကိုယ့်ကို ပါးရိုက်ချလိုက်တာ နှင် စဉ်းစားကြည့် ပါဦး .."

"အေးလေ .. နှင် သူ့လို မခံရသေးလို့ ပြောတာ ဂျင်မ် .."

နှင်း ကလည်း ဝင်ပြောပေးရင်း ...

"ငါတို့ တားလိုက်လို့ သူ မရိုက်တော့တာလို့ နှင် ထင်လို့လား ဆု ..၊ သူ တမင် မရိုက်ရက်လို့ မရိုက်တာ .. နှင် သူ့ရဲ့ဗိုက်ကို တွန်း လိုက် .. ရင်ဘတ်ကို တွန်းလိုက်နဲ့ လဲကျမလိုတောင် နောက်ပြန်လန် သွားသေးတာ .. အဲဒါ ရိုက်လိုက်ရင် တစ်ချက်တည်းနဲ့ နှင် ဘုံးခနဲ ဖြစ်သွားမှာလေ .."

"ရိုက်ပေါ့ .. ငါက သူ ပြန်မလုပ်ဘူးထင်ပြီး ထုရိုက်နေတယ် မှတ်လို့လား ..၊ အဲဒီအချိန်မှာ ငါ့ကို ရိုက်သတ်ပစ်မှာလည်း မကြောက် ဘူး ..၊ ဘာမှ မဆီမဆိုင်ကြီး လာစွပ်စွဲတာ .. ငါ လုံးဝ ခွင့်မလွှတ်ဘူး.. သူ့ကို .."

"အေးပါ .. ခွင့်မလွှတ်တာက သူ့ကို ..၊ အန်တီ ဒေါ်တင်မေ့ ကို နှင် ပြောလိုက်တာ အရမ်း အားနာဖို့ ကောင်းတာပဲ .."

"မသိတော့ဘူး .. ငါ ဘာမှ မသိဘူး ..၊ သူနဲ့ ငါ့ကို ပြန်ပြေလည်ဖို့ ပြောတဲ့လူ ရန်သူပဲ .."

"ဆု ရယ် .. နှင့်အလိုကို သူ ဘယ်လောက် လိုက်ခဲ့သလဲ ..၊ လက်ထပ်ယူထားတဲ့ မိန်းမကို မထိရက် မတို့ရက် ထိုင်ပြီး အလှကြည့် ရင်း ကျေနပ်ပေးခဲ့တာ နည်းတဲ့မေတ္တာလား .."

"သောင်းသောင်း .. နှင် .. တော်တော့ဟာ .."

"နှင် ပြန်ဖို့ ဆုံးဖြတ်တာကတော့ လွန်တယ် ဆု ..၊ အဲဒါ ငါတို့ ခေါင်းပေါ်မှာ အပြစ်တွေ တစ်ပုံကြီး ကျလာတော့မှာ သိရဲ့လား .."

"ဘာမှမဆိုင်ဘူး .. သူ တမင် အပြစ်ရှာပြီး ဂျင်မ့် ကို နှင်ထုတ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ ..''

''ဂျင်မ့် ကို နှင်ထုတ်ချင်တာပဲ ထားပါဦး .. နှင်နဲ့ ပွေ့နေပါတယ် ဖက်နေပါတယ်လို့ နှင် သေလောက်အောင် မုန်းသွားမှာ သိရက်နဲ့ စွပ်စွဲပါ့မလား ..၊ အဲဒီပုံစံနဲ့ ဂျင်မ် ပြန်သွားရတော့ရော နှင့်အချစ် သူ ရမှာမို့လို့လား ..''

''အေးလေဟာ .. နှင် ကြည်ဖြူတာကို လိုချင်လို့တောင်မှ တော သားဖြစ်ပေမယ့် နှင့်ကို ဘာတစ်ခုမှ အကြမ်းပတမ်း ရယူ သိမ်းပိုက် တာ မရှိဘူးမို့လား ..''

ဆု ဘာမှမပြောနိုင်ပေမယ့် ခေါင်းတော့ ခါနေဆဲပင် ..၊

သူပဲ စွပ်စွဲခဲ့တာ သူ့အမေလည်း လာသွားပြီးပြီ ..၊ ဆု ဘာ မဟုတ်ဘူးဆိုတာ အားလုံး ရှင်းပြလို့ ခုလောက်ဆို သူ သိနေပြီ မဟုတ် ဘူးလား ..။

ဘယ်လိုမာနတွေနဲ့ မတောင်းပန်ဘဲ နေနေတာလဲ ..၊ အဲဒါ ဘယ်သူကရော ဂရုစိုက်ရမှာလဲ ..၊

ဆု မျက်နှာလေး တင်းသွားကာ မေးဖျားလေးပါ မသိမသာ ပင့်၏။

''အေးပုံ .. အေးပုံ ဘယ်ရောက်သွားလဲ ..''

''လာပြီ မမဆု .. ရှိတယ် ..''

အေးပုံ အိမ်ရှေ့တန်းလျားမှာ ငုတ်တုတ်လေး ထိုင်နေရင်းကနေ ကမန်းကတန်း ပြေးဝင်လာ၏။

''ကိုတုတ်ကြီး ကို လှည်းတပ်လာခဲ့ဖို့ ပြောခိုင်းထားတာ ပြောပြီး ပြီလား ..''

ဆု က သူမနဲ့ ခင်မင်နီးစပ်သမျှ သားမြတ် ရဲ့လူတွေထဲက ကားနဲ့ ချိတ်ဆက်ပေးနိုင်တဲ့လူကိုရော .. ကားဆီ အရောက်ပို့ပေးနိုင်မယ့် လှည်းတွေ လှေတွေကအစ ထောင့်စေ့အောင် စီစဉ်နေတာ ဖြစ်၏။

သူမ မျက်ရည်လက်စနှင့် ပြောဆိုခိုင်းစေနေသမျှ အားလုံး





လည်း ခေါင်းတော့ မခါကြပါ။ ဒါပေမယ့် သူမတို့ ပြန်ဖို့ လုပ်နေကြ တာတွေကို သတင်းအားလုံး သားမြတ် တို့ဆီ အရင်ရောက်၏။

''အေးပုံ .. ငါ မေးနေတာ ကြားလား ..''

''ရှင်!... ဟုတ် .. ဟုတ်ကဲ့ မမဆု ..၊ ဟို .. ကိုကြီးသားမြတ် အရမ်းဖျားနေလို့ ဆရာ သွားပင့်နေလို့ပါ၊ ရွာက ဆေးဆရာက ဘုရား ဖူးထွက်တဲ့ကားနဲ့ ပါသွားလို့ .. ဦးတုတ်ကြီး ကိုယ်တိုင် အောက်ကျေး ထဲက ဆရာဆီ သွားပင့်နေရတာ ..''

''ဟယ်!... ဟုတ်လား ညီမလေး .. ကိုသားမြတ် တော်တော် ဖြစ်နေတာလား ..''

''ဟုတ်တယ် .. ကိုကြီးသားမြတ် က မြို့က ပြန်လာစည်းက ဖျားနေတာ ..၊ မနေ့ကလည်း မှိုးမိလာတယ် .. ပြန်ရောက်တော့ ဆေး လည်း မသောက်ဘူး ..၊ အိပ်ရာထဲလည်း မနေဘူး ..''

''ဟော့တော် ..''

နှင်း တို့ အာမေဍိတ်သံတွေ ဖြစ်နေသမျှ ဆု က ပါးစပ်ပိတ်၍ မျက်နှာလွှဲနေ၏။

''ဆေးလိပ်တွေ အလိပ်နှစ်ဆယ်လောက် ထိုင်သောက်ပြီး မှိုးစိုခံ နေတာ ..၊ ချောင်းတွေလည်း ဆိုးပြီးတော့ ..''

''ကဲ .. တော်ပါတော့ .. ငါ့ကို ကိုတုတ်ကြီး လာရင်သာ ဟိုဘက် မှာ ကားချိန်းထားတဲ့အချိန် မမှီဖို့ သေချာ ပြောပြထား ..''

''ဟုတ် .. ဟိုလေ မမဆု .. ကြီးကြီးက ပြောနေတယ် .. မမဆု တို့ကို မလွှတ်ဘူးတဲ့ ..''

''ငါ့ကို ပြောခိုင်းလိုက်တာလား ..''

''မဟုတ်ပါဘူး .. ဦးတုတ်ကြီး ကို ပြောနေတာ .. အဲ့ .. အဲ့ဒါ ကြောင့် ဦးတုတ်ကြီး မလာသေးတာလားလို့ ..''

''အေး .. အေး ဟုတ်ပြီ .. ညီမ နှင်သွားတော့ .. ဒီထမင်းအိုးတွေပါ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလိုက်ပါဦးနော် ..၊ ဘယ်သူမှလည်း စားဖြစ်မှာ မဟုတ်ပါဘူး..

"ဟုတ်ကဲ့ မမ .."

ဆု ဘာမှ ဆက်မပြောဖြစ်အောင် အေးပုံ ကို သောင်းသောင်း က အပြင်ထုတ်လိုက်၏။

ထိုအခါကျမှ နှင်း ကလည်း အနားမှာ လာထိုင်ကာ ...

"ဆု ရယ် .. နင် ပါးရိုက်လိုက်တာကို သူ့အမေကိုတောင် ထည့် မပြောဘူး .. အန့်တီ ဒီကို လာမေးတုန်းက အဲဒါကို လုံးဝ ထည့်မပြော ဘူးလေ .."

"အဲဒါ ဘာဖြစ်လဲ .."

"နင်နဲ့ သူ့အမေနဲ့ကို မမုန်းစေချင်လို့ပေါ့ .."

"မဟုတ်ဘူး .. သူ ခံလိုက်ရတာကို ရှက်လို့ မပြောဘဲနေတာ.."

"ညာတာကိုလည်း ညာမှန်း မသိပါလား ဆု ရယ် .. ဂျင်မ့် ထိုးချလိုက်တာ တစ်ချက်လွတ် ရိပ်ခနဲပဲ နင် မမြင်ဘူးလား ..၊ နင့်ကျူး မနိုင်လို့ ခံသွားရစရာလား ..၊ ရှက်ဖို့လည်း ကောင်းပါတယ်ဟာ .. မင်္ဂလာဆောင်ပြီးတာဖြင့် ရက်ပိုင်းလေးပဲ ရှိသေးတယ် .."

"ဟုတ်တယ် .. နောက်ဆုံး တကယ်ကို ကွဲကြမယ်ဆိုရင်တောင် အန့်တီ ပြောတာ မှန်တယ် ဆု ..၊ နင်တို့သဘောနဲ့ချည်းပဲ မဖြစ်နိုင်ဘူး.. ဒါက လူကြီးတွေချင်း စီစဉ်အပ်နှံခဲ့တဲ့ကိစ္စ .."

သောင်းသောင်း နဲ့ နှင်း တို့ တစ်လှည့်စီ နားချနေကြရသည်။ ဂျင်မ် ကတော့ သူ့အတွက် လုပ်ပေးထားသည့် ကြပ်ထုပ်ကို သူ့ဘာသာ ယူပြီး ပါးရိုးမှာ ခပ်စမ်းစမ်း ကပ်နေပြီး ဘာမှ ဝင်မပြောတော့ပေ ..

ဘာတွေကို နားလည်ပြီး ကိုယ့်ကိုယ်ကိုယ် ငြိမ်းချမ်းအောင်နေရ ဆုံးဖြတ်လိုက်တယ် မသိ ..။

"အခု ဖျားနေတဲ့ကိစ္စ .. ငါတို့လည်း ရှိနေသားနဲ့ ဒီလိုကြီးနေတာ မကောင်းပါဘူး .."





"ကောင်းတယ် .. ဘာလို့ မကောင်းရမှာလဲ ..၊ ငါတို့က ရန်ဖြစ် သားကြတာ .."

"သမီး .."

သူတို့ စကားပြောနေတုန်း ဦးထူး နဲ့ ဒေါ်တင်မေ တို့ ရောက်လာ ကြ၏။

"အန့်တီ .."

သောင်းသောင်း တို့က ပျာပျာသလဲ နေရာဖယ်ပေးကြကာ ဂျင်မ့် ကိုပါ လက်တို့၍ နောက်ဆုတ်ခိုင်း၏။

တစ်ခါလာပြီးတည်းက ဖြစ်ရတဲ့အကြောင်းတွေကို ပြောကြပြီး သားမို့ ဒေါ်တင်မေ က လူငယ်တွေဆီ တစ်ချက်ပဲ မျက်လုံးဝေ့ကာ...

"သမီးတို့တွေ ဘယ်သူကပဲ မှားမှား .. အမေတို့က ကလေး အမိုက်တွေလို့ပဲ မြင်ပါတယ် ..၊ သားနဲ့ သမီး ရန်ဖြစ်ထားကြတယ်ဆို လည်း အခု ခဏတော့ သားကို လူနာမေးလေး လိုက်ခဲ့ပေးပါကွယ်.."

"အမေ .. ဆု က .."

"သမီး မှန်တယ်လို့ အမေ့ရဲ့ မသိစိတ်မှာ ယုံကြည်နေပါတယ်..၊ သား ဘာဖြစ်လို့ အခိုင်အမာ ပြောနေသလဲဆိုတာကတော့ အဲဒီမှာ တစ်ခုခု လွဲနေတာ ရှိမှာပါ ..၊ သမီး ဒီလိုအခြေအနေနဲ့ အဖြေမှန်ကို ဖော်နိုင်သေးဘဲ စိတ်လိုက်မာန်ပါ ထွက်သွားမယ်ဆိုရင် ဒီ ဆုံးဖြတ် ချက်မှာ ဂုဏ်သိက္ခာတော့ ရှိနိုင်မှာ မဟုတ်ဘူး သမီး .."

ဆု မျက်နှာလေး ပျက်သွားသည်။ မတ်တတ်ကနေ မထိုင်သေးဘဲ ရှိနေသည့် ဦးထူး ကို လှမ်းကြည့်လိုက်တော့ ဦးထူး က မပြုံးပေမယ့် ကြည်လင်သည့်မျက်နှာနှင့် ခေါင်းညိတ်ပြ၏။

ပြီးတော့ ဒေါ်တင်မေ ကို ရည်ရွယ်၍ ...

"ငါ ဆရာတော့်ဆီ သွားနှင့်မယ် တင်မေ .."

ပြောပြီး လှည့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေ က ဆက်တီလက်ရန်း နှစ်ဖက်မှာ တင်ထားသည့် လက်တွေကို ပေါင်ပေါ်မှာပဲ လက်ဖဝါးချင်း ထပ်ဆုပ်လိုက်ကာ —

"နောက်တစ်ခုက သမီးတို့ တုတ်တစ်ပြက် ဓားတစ်ပြက်ထိ ဖြစ်ကြရင်တောင် အမေက သမီးကို ဒီတိုင်းတော့ ပြန်လွှတ်မှာ မဟုတ်ဘူး သမီးရဲ့မိဘတွေကိုယ်တိုင် သမီးဆီ လာကြလိမ့်မယ် ..၊ ညှိနှိုင်းလို့မနေတော့ဘူးဆိုရင် မိဘလက်ထဲ အမေကိုယ်တိုင် ပြန်ထည့်ပေးမယ် —

"ဆု က ပြန်ဖို့အတွက် အားလုံး .."

"အမေ ခွင့်မပြုနိုင်သေးတာကို နားလည်ပေးပါ သမီးရယ်.. အခုလောလောဆယ် .. ပြောမကောင်း ဆိုမကောင်း ဖြစ်နေတဲ့ သမီးယောကျ်ားကို ခဏလေး လိုက်ကြည့်ပေးပါ ..၊ အမေတို့ရှေ့မှာမို့လို့ ဆင်ခြင်နေဖို့လည်း မလိုဘူး .. လူမမာမို့လို့လည်း သူ့ကို အလျှော့ပေးမှာ မဟုတ်ဘူး ..၊ အမေတို့ လိုချင်တာက သမီးတို့ချင်း တွေ့လို့ ရန်ပဲထဖြစ်ဖြစ် .. တစ်ခုခု လှုပ်ရှားသွားစေချင်တယ် ..၊ သားမြတ် ခုလိုဘာဖြစ်ဖြစ် ခေါင်းခါပြီး ထုံပေပေလုပ်နေတာ အမေတို့ ဘာမှ မကြံတတ် မစည်တတ်အောင် ဖြစ်နေကြလို့ပါ .."

"ဟုတ်ပါတယ်ဟာ .. ငါတို့လည်း လိုက်ခဲ့မယ်လေ .."

"ငါ လိုက်ဖို့ရော လိုသေးလား ဆု .."

ဂျင်မ် ကလည်း ပြောပေးရှာပါသည်။ ဒေါ်တင်မေ က အားလုံးကို ပြုံးပြ၍ ...

"သမီးတစ်ယောက်ပဲ သွားပါ .. အမေလည်း ဘုန်းကြီးကျောင်းကို သွားဖို့ကိစ္စ ရှိသေးတယ် .."

ဆု တစ်ခုခု ပြောမလို့ ပြင်လိုက်ပေမယ့် ဒေါ်တင်မေ က ထလိုက်ပြီဖြစ်ကာ သောင်းသောင်း ကလည်း မျက်ရိပ်ပြပြီး အထိတ်တလန့်ပုံစံနှင့် တားမြစ်နေ၏။

ပြီးတော့မှ ...





"မမိုက်ပါနဲ့ ဆု ရယ် .. အန်တီ ပြောသွားတာ ရှင်းရှင်းလေးရယ်.. ငါတို့ ဒီပြဿနာကြီးနဲ့ ဒီရွာက ထွက်သွားကြရင် နင်က ဂျင်မ် နဲ့ဖောက်ပြန်တယ် .. လူမိတော့ ပြန်လိုက်ပြေးသွားတယ် ဆိုတာမျိုး .."

"နင် ဘယ်လိုပြောလိုက်တာလဲ သောင်းသောင်း .."

"အေး .. အခု ဥပမာပြောတာလေးတောင် နင် နားရှက်နေပြီမို့လား ..၊ 'မြွေမှန်ရင် တွင်းဝင်ဖြောင့်တယ်'ဆိုပေမယ့် ကိုယ် မှန်နေတာပဲ ဆိုပြီး မရှင်းဘဲ ရေငုံနှုတ်ပိတ်နေလိုက်လို့ မရဘူး ဆု .. ရှင်းလိုက်မှ ပြီးမှာမျိုးကို ရှင်းရမှာပဲ ..၊ စိတ်လိုက်မာန်ပါ လုပ်လို့မှ မရသေးတဲ့ကိစ္စကို ထောက်ထားစရာ လူကြီးတွေမျက်နှာကိုတော့ နင် ပြန်ကြည့်ရမှာပဲ ..၊ သွားလိုက်ပါဟာ .. နော် .."

"အေးလေ .. နင် သွားပေးရင် ရပါပြီလို့ ပြောနေတာပဲဟာ .. သားမြတ် ပုံစံက နင့်ကိုပဲ တမ်းတနေလို့ ဖြစ်မှာပေါ့ .."

"အသိသာကြီး .."

ပြုံးမဲ့မဲ့ မျက်နှာကြီးနဲ့ ဂျင်မ် ဝင်ပြောလိုက်တာကို လှည့်ကြည့်ကာ အကောင်းပြောတာလား .. ရွဲ့နေတာလား .. ဘာမှန်းတော့ မသိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

"မမဆု .."

ဆု ကို မြင်တာနှင့် သူဇာ ဝမ်းသာအားရလေး ခေါ်ကာ လှစ်ခနဲ ပြန်ပျောက်သွား၏။

သူက ဘယ်မှာလဲ ..။

အိမ်ကြီး တစ်ဆောင်လုံးက နေရာတွေ အကျယ်ကြီး .. အခန်းတွေလည်း အများကြီးဖြစ်ကာ ခြံကြီးကျယ်သလောက် ဘယ်နေရာမှာ ဖြစ်ဖြစ် ထိုင်နေလို့ရအောင် ကွပ်ပျစ်နဲ့ ခေါင်းမိုးနဲ့ လုပ်ထားတဲ့နေရာတွေလည်း ရှိနေသေးသည်။

အေးပုံ က မြောက်ပိုင်းအိမ်မှာ ရှိနေကာ သူဇာ က အိမ်စောင့်ဖြစ်နေပေါ်ကာ ဘယ်ပျောက်သွားမှန်း မသိ ..။ 'မိုးရေထဲမှာပဲ နေနေတယ်' ဆိုတော့ အိမ်ထဲမှာလား .. အပြင်တစ်နေရာမှာလား ..။

သူမ ကြည့်နေတုန်း အိမ်နောက်ဘက်ထဲကနေ ဆန်အိတ်ခွဲတွေ စီနေကြသည့် မိန်းမကြီးတစ်ယောက်နဲ့ ယောင်ယောင်နှစ်ယောက်ကို လှမ်းမြင်လိုက်ရ၏။





ဒါပေမယ့် ဒီလူတွေက အလုပ်လာလုပ်တဲ့လူတွေမို့ အိမ်မှာ မိသားစုလို ဝင်ထွက်နေကြတဲ့လူတွေလို တရင်းတနှီး မေးလို့ မကောင်း ..။

ဆု ဒီတိုင်းပဲ အိမ်ထဲ ဝင်လာခဲ့သည်။ သူမ ထင်သည့်အတိုင်း အထဲမှာလည်း ဘယ်သူမှ မရှိ ..။

အရမ်းဖျားနေသည့် လူမမာကို ထားပြီး တစ်ယောက်မှ မရှိကြတာ သူမနဲ့ သူ့ကို ဖြစ်ကြစမ်းဆိုပြီး တမင် တွေ့ခိုင်းလိုက်တာလား..။

ဒါမှမဟုတ် မဖျားဘဲနဲ့ ညာပြောတာလား ..။

တွေးနေရင်း လှေကားကြီးကနေ တစ်ထစ်ချင်း နင်း၍ တက်လာခဲ့၏။ ကိုယ့်ကို မဟုတ်တမ်းတရားတွေ သူပဲ စွပ်စွဲပြီး ကိုယ်ကပဲ သူ့ဆီကို ရောက်လာခဲ့ရတဲ့အဖြစ်က တရားရဲ့လား ..။

မခံချင်စိတ်တွေတော့ ဖြစ်နေပေမယ့် 'ရှင် ဘာကို သေချာမြင်တာလဲ' ဆိုသည့်ကိစ္စကိုတော့ မေးကို မေးရမှာဖြစ်ကာ ..၊ ဒီကိစ္စပေါ်မှ ရှင်းရာရှိတာကို ဆက်ရှင်းကြရုံ ..။

"ဟင်!.."

လှေကားထိပ်ကနေ ဘယ်ဘက်က အခန်းတွေကို သွားရမှန်း မသိဘဲ ဘယ်ညာ လှည့်ကြည့်နေမိစဉ် အခန်းတစ်ခန်းထဲကနေ မိန်းကလေးတစ်ယောက် ထွက်လာတာကို လှမ်းမြင်လိုက်ရ၏။

အချိန်က ညနေ မကျတကျပေမယ့် အိမ်ကြီးထဲမှာ မှောင်ရိပ်ကျနေသဖြင့် ဖျတ်ခနဲ ထွက်လာပြီး ဟိုဘက်ကိုပဲ ခေါင်းလေးငုံ့၍ ထွက်သွားတာကို ဘယ်လိုပုံစံလဲ သေချာ လိုက်ကြည့်ရ၏။

တိုင်းရင်းသားဝတ်စုံမှန်း သိသာတာက အင်္ကျီက အဖြူရောင်ဖြစ်နေလို့ ဖြစ်သည်။

ပြီးတော့ သူမ၏ကျောလယ်လောက် ဆံပင်တစ်ခြမ်းက ပခုံးတစ်ဖက်ပေါ် ဖရိုဖရဲ ပြေကျနေ၏။

သူမ ခေါင်းငုံ့သွားတာလား ..၊ ရင်ဘတ်ကို ဖိသွားတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းမမှန်သည့်ပုံစံကို မြင်လိုက်ကာ ဆု ကမန်းကတန်း လိုက်သည်။ သို့သော် ...

"ဟင်!..."

သုံးပုံ တစ်ပုံလောက် ဟနေသည့်အခန်းရှေ့ကို အမှတ်တမဲ့ ဖြတ်သန်းခဲ့ပြီးမှ လူက ဆောင့်ဆွဲခံလိုက်ရသလို တုံ့ခနဲ ဖြစ်သွားသည်။

ဒါ သားမြတ် ရှိနေတဲ့အခန်းပဲ ..။

ဆု ချက်ချင်း ပြန်လှည့်၍ တံခါးကို တွန်းဖွင့်ပစ်လိုက်သည်။

ကြည့်စမ်း ..၊

ကိုယ့်ဘာသာ ဖျန်းခနဲ ပူနွေးသွားသည့်မျက်နှာကို ကမန်းကတန်း လွှဲပစ်လိုက်ရသည်။ အပေါ်ပိုင်းကိုယ်ပေါ်မှာ အင်္ကျီမရှိဘဲ စွပ်ကျယ်အော ရှပ်အင်္ကျီပါ ဘေးမှာ အပုံလိုက် ..။

ကိုယ်ပေါ်မှာ စောင်မတင် သေသေသပ်သပ် မဟုတ်ဘဲ ခါးမှာ ပုဆိုးက ခပ်လျော့လျော့နှင့် အိပ်နေပုံက ..၊

"အရှက်မရှိတဲ့လူ .."

ဘေးမှာ တိုးတိုက်ပုံထားဖုံရသည့် စောင်နဲ့ ခေါင်းအုံးတွေကို လုံးထွေး ပြေးကောက်ကာ သားမြတ် ရဲ့ ကိုယ်ပေါ် ပစ်ပေါက်လိုက်မိ၏။

"ဟင်!..."

မှိတ်ထားသည့် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

"ဆု .."

သူ ချက်ချင်း ထထိုင်လိုက်ပေမယ့် ခေါင်းအုံးကို ပြန်ကောက်၍ မျက်နှာကိုချည်း လွှဲရိုက်နေတာ ဘယ်လို ကာထားထား မပြီးနိုင် ..။

"ဆု .. မင်း ဘာဖြစ်လာတာလဲ ..၊ ဟေ့ .. ရပ်ဦး .."

"လူညစ်ပတ် .. လူကြီးတွေရှေ့မှာတော့ မိုးရေထဲမှာချည်း နေပြတယ် ..၊ လူတွေလစ်တာနဲ့ .. ရှင် .. ရှင် .."

"ဟေ့ .. မင်း .."





"ဘုန်း .. ဘုန်း .."

ခေါင်းအုံးကို ဆွဲလုပစ်လိုက်တော့ စားပွဲပေါ်မှာ အထပ်လိုက်ရှိနေသေးသည့် စောင်တွေကို ဆွဲချပြီး ကိုင်ပေါက်၏။

"ရှင် ဖောက်ပြန်နေတာကို ကျွန်မအပြစ်ဖြစ်အောင် ယုတ်ယုတ်မာမာတွေ လာပြောတယ် ..၊ အဲ့ဒါ ယုတ်မာဦး .."

"ဆု .. မင်း ဘာတွေ ပြောနေတာလဲ ..၊ ခေါင်းတွေ ကိုက်နေပါတယ်ဆို ခေါင်းကိုချည်း ရိုက်နေတယ် .."

သူ့မှာ လက်ကာနေရတော့ ပုဆိုးကို တစ်ဖက်က ကိုင်ထားရရင်း အရပ်လို့လည်း မရ၊ ထိထိရောက်ရောက်လည်း မကာကွယ်နိုင် ..။

စောင်တွေ ခေါင်းအုံးတွေပေမယ့် တအားကြီး မနားတမ်း ရိုက်ခတ်ခံနေရတော့ စိတ်တိုလာ၏။

"ရှင့်ကို ဘယ်လိုလူဆိုတာ သိအောင် ကျွန်မ လူကြီးတွေကို သွားပြောမယ် .."

"ဘာတွေလဲကွာ .. ဟေ့ .. နေဦး .."

သားမြတ် အိပ်ရာထဲက လူးလဲထကာ ပုဆိုးပြင်ဝတ် .. အင်္ကျီ ကောက်ဝတ်နှင့် ချက်ချင်းလည်း မလိုက်နိုင် ..။

ဆု က အခန်းပြင်ရောက်မှ ဟိုမိန်းကလေးကို လက်တွေ့ မဖမ်းဆီးနိုင်တာ သတိရသွားသဖြင့် ဘယ်မှာ သွားပုန်းနေလဲဆိုတာ ပြေး ကြည့်မိ၏။

လက်စသတ်တော့ နောက်ဖေးဆင်းတဲ့ လှေကားပိစိကွေးက ရှိသေးတာကို ..။

ဒီလူကို ဒေါသထွက်ပြီး ဝင်သောင်းကျန်းမိတာနှင့် သက်သေ ပျောက်လွတ်သွားပြီမို့ တက်တစ်ချက်ခေါက်၍ ပြန်လှည့်လိုက်လျှင် ...

"ဘာတွေ ဖြစ်လာတာလဲ .."

"ဖြစ်လာတာ မဟုတ်ဘူး .. ဖြစ်နေတာတွေကို မြင်တာ..၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန် ယုတ်မာနေတာကို ဟောဒီမျက်စိနဲ့ မြင်လိုက်တာ .. ဖေ
ပေး .."

ရှေ့မှာ မားမားကြီး ရပ်နေသည့် သူ့ကို တိုးတိုက်မသွားချင်တာ
လှေကားလေးကနေပဲ ဆင်းခဲ့လျှင် ...

"မင်း ဘာပြောသွားတာလဲ ဆု ..၊ မင်း အပြစ်လွှတ်အော
အိပ်ရာထဲက လူမမာကို လာပြေးပြီး စွပ်စွဲတာလား ..၊ ဘယ်မှာ
ဘယ်မိန်းမနဲ့ ငါက ဖောက်ပြန်ရမှာလဲ .."

"အို!... မကိုင်နဲ့ .. ဖယ် .."

ဆု က လှေကားကနေ အပြေးတစ်ပိုင်း ဆင်းသည် ..၊ သားမြ
က လိုက်ဆွဲရင်း ပါးစပ်ကလည်း တားဆီးနေလျက် ...

"ပြောစရာရှိတာ ငါ့မျက်နှာကြည့်ပြောလို့ ရတယ် .. မင်းဘာ
က ဘာသက်သေတွေနဲ့ ဒီလောက်ထိ .."

"ဘာ!..."

လှေကားအဆုံးကျမှ ခြေစုံရပ်၍ ဖျတ်ခနဲ လှည့်ကြည့်၏။

"သက် သေ ဟုတ်လား ..၊ ရှင် ဆု ကို စွပ်စွဲလိုက်တုန်းက
သက်သေ သာဓကတွေနဲ့လား .."

"ဟ!... အဲဒါက .."

"ရှင့်မျက်စိနဲ့ တပ်အပ်မြင်သလို ကျွန်မကလည်း အခု ဒီမျက်
ကြီးနဲ့ တပ်အပ်မြင်တာ .."

ဆု က မျက်လုံးကို လက်ညှိုးပြန်ထိုးပြီး တမင် ပြူးပြသည်
ထိုစဉ် သန်းစိုး နဲ့ အံ့မောင် တို့ အပြေးအလွှား ဝင်လာကြ၏။

အလုပ်လုပ်နေကြသူတွေရော ခြံနောက်ဖေးပိုင်းမှာ စုဝေးပြီး
ဖြစ်သွားလေသည်။

ဆု က ဘာကိုမှ ဂရုမစိုက်ပေ ..၊ ကိုယ်တိုင် မသိလိုက်ခင်
ရည်တွေက မျက်ဝန်းနဲ့အပြည့် ဖြစ်လာလျက် ..





"ရှင် ကျွန်မကို မြင်တယ်ဆိုတာ ခြံကျယ်ကြီးထဲမှာ လူမြင်သူမြင်
နော် .. ဒါပေမယ့် ဘယ်သူမှ မမြင်ဘဲ ရှင်ပဲ မြင်တာ ..၊ အခု ရှင့်ကို
ကျွန်မက အိပ်ခန်းထဲမှာ ပက်ပင်းကြီး မြင်တာ .. ဘယ်သူမှ မမြင်နိုင်တဲ့
နေရာမှာ ရှင် ခိုးချောင်ခိုးဖွက် .."

"မင်း .. တော်နော် .. တော်ဆို တော်လိုက် .."

"ဘာလို့ တော်ရမှာလဲ .. အဲဒီမိန်းမ နောက်ဖေးလှေကားက ဆင်း
သွားတာ အောက်ကလူတွေ မြင်မှာပဲ .."

အောက်မှာ အိတ်စီနေကြသည့်လူတွေဆီ သားမြတ် မျက်လုံးတွေ
ဒန်းခနဲ ရောက်၏။ အံ့မောင် တို့ပါ တအံ့တသြကြီး ဖြစ်နေကြကာ
ဒီလူတွေ တကယ်မြင်တာလားလို့ အလန့်တကြား လှမ်းကြည့်ကြ၏။

"ဟင့်အင်း .."

"ကျွန်တော်တို့ မမြင်ဘူး .."

"မမြင်ပါဘူး .."

"ဘာ!..."

ဆု ဒေါသထွက်သွားသည်။ နောက်ဖေးတံခါးနားမှာ ပျောက်သွား
သည်။ သူမ ထွက်ကြည့်တော့ တံခါးအပြင်မှာ လှေကားရှိနေ၏။

လှေကားရဲ့အောက် ခပ်လှမ်းလှမ်းမှာ ဒီလူတွေ အိတ်စီနေကြတာ
ဘာမှ မမြင်စရာ အကြောင်းမရှိ ..။ နောက်ဆုံး အိမ်ရှေ့ဘက်က ပြန်
ပြီးထွက်သွားတယ်ဆိုရင်တောင် ခြံဝကိုတော့ မြင်ကို မြင်ရမည်သာ..။

"ဆု .. ညီမ စဉ်းစဉ်းစားစား လုပ်ပါဟာ .."

"အေးပါ .. ဟုတ်ပါတယ် .. တစ်ယောက်နဲ့တစ်ယောက် အပြန်
အလှန် ပြောလို့ရအောင် အပြစ်ဖို့နေကြတာဆိုရင် ကျော်မကောင်း
ကြားမကောင်း ဖြစ်ကုန်လိမ့်မယ် .."

အံ့မောင် တို့က ဆု ကို ဖျောင်းဖျဖို့ ကြိုးစား၏။

ဆု ရဲ့ဒေါသတွေက အားလုံးဆီမှာ ပတ်ဝေ့သွားကာ..



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ရှင့်လူတွေပဲ .. မိတ်ဆွေကောင်း .. သူငယ်ချင်းကောင်းတွေပါ .."

နောက်ပြန်ဆုတ်လျှောက်ရင်း ဆု လက်ညှိုးထိုး စွပ်စွဲသည်။ ပြီးတော့ ထိုလက်ညှိုးက သားမြတ် ထံ တန်းခနဲ ရောက်လျက် ...

"ရှင့်ကို ရွံတယ် .. ရှင်ကမှ လူယုတ်မာ .."

"အံမာ .. ဟိတ် .. နေဦး .."

ဆု ဖျတ်ခနဲ လှည့်ပြေးသွား၏။ သားမြတ် က အမိအရ လှမ်းဆွဲသည်။

ဒါပေမယ့် သန်းစိုး က သူ့ရှေ့ကနေ တားထားလိုက်ကာ ...

"မင်း သူ့ ကျေနပ်အောင် ရှင်းပြမလို့ မဟုတ်ဘူး သားမြတ် .. မရမက မတားနဲ့ ..၊ မင်းတို့ ပြောနေကြရင်းနဲ့ ပြဿနာက ပိုကြီးလာမှာပဲ ရှိတယ် .."

"ဟား!... ကိုယ်တွေကလည်း ပူခြစ်လို့ကွာ .."

"ဖယ်စမ်းပါကွာ .. မကိုင်နဲ့ ..၊ ပူပူ .. သေသေ .. သွားကြသွား .."

"ဝုန်း .. ဘုန်း .."

နီးစပ်ရာ ပုပုရွရွ မှန်သမျှကို ဆွဲလွဲ ကန်ကျောက်ပစ်ကာ သားမြတ် ဝုန်းဒိုင်းကြဲနေ၏။

"တော်တော် အောက်တန်းကျတဲ့ မိန်းမ .. မိန်းကလေးဖြစ်ပြီး အရှက်မရှိ ပြောရဲလိုက်တာ .. တောက်!... ဒါနဲ့များ ဘာအဆင့်အတန်းလဲ ..၊ အော်ဟစ်သွားတာ ငါးစိမ်းသည်က အရှုံးပေးရမယ်.."

"ကဲ .. သားမြတ် .. တော်တော့ကွာ .. လူတွေ ပိုပိုများလာပြီ တက် .. အိမ်ပေါ်တက်တော့ .."

သားမြတ် ကို သန်းစိုး အတင်းဆွဲခေါ်သွားတော့ အုံ့မောင်း မျိုးကြီး တို့လူစုဆီ ကပ်သွားကာ ...





"ကိုမျိုး နဲ့ မြမိုး တို့ .. အိမ်ပေါ်က တစ်ယောက်ယောက် ဆင်းလာတာ တကယ် မမြင်ခဲ့ဘူးလား .."

"မမြင်ပါဘူးဗျာ .. ကိုသား ဘက်က လိုက်ပြောတာ တကယ်ကို မဟုတ်ရပါဘူး .."

"ဟုတ်ပါတယ်ဟယ် .. ဆင်းလာတာဆိုလို့ သူပဲ ရှိတယ် .."

"ရှေ့က ဝင်လာတုန်းကလည်း ကျွန်တော် မြင်ပါတယ် .. သူ တစ်ယောက်ပဲ ဝင်လာတာ .."

သုံးယောက်စလုံး ပြောပုံတွေထဲမှာ သူတို့ကိုယ်တိုင်တောင် အံ့ဩနေကြပုံတွေ ပါနေသည်။

ဒါဆို ဆု ဘာဖြစ်လို့ ဒီလောက် အော်ဟစ် ပေါက်ကွဲသွားတာလဲ ..၊

ဆု ငိုနေတာ မျက်ရည်အတုတွေ မဖြစ်နိုင် ...။

ပြောသွားတဲ့ စကားတွေထဲက တုန်ခါ ဖူးရှုနေသည့် ဒေါသလှိုင်းတွေကလည်း ဟန်ဆောင်ထွက်ဆိုလို့ ရတာမျိုးမှ မဟုတ်ဘဲ ..။

သားမြတ် ပေါက်ကွဲနေတဲ့ ဒေါသတွေကလည်း ယုတ္တိရှိနေသည်။ ဆု ငိုသွားတာကလည်း အခိုင်အမာ ဒေါသတွေနဲ့ပဲ ဖြစ်လေသည်။

ဒါဆို မှားနေတာက ဘယ်သူလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၈)

"အမေက ဘာလို့ ငိုရတာလဲ .."

"ဟဲ့ .. ငါ ရှင်းလို့လည်း မတတ်တော့ဘူး .. တတ်ရင်လည်း ရှင်းလို့ မရတော့ဘူး ..၊ သူတို့က သွားကို သွားတော့မှာ .."

"သွားပစေပေါ့ .."

"အေး .. ကောင်းပါတယ် ... ငါတို့က ပေးစားထားတာဆိုတော့ ငါတို့ပဲ ငိုမယ် .. ဖြစ်တယ် မောင်သားမြတ် .."

"ကျွတ်!..."

သားမြတ် ဆေးတစ်ခွက်သောက်ခြင်းကို ရှုံ့မဲ့ ပြီးစီးစေကာ ဖိ ဘက်လှည့် အိပ်နေလိုက်၏။

ဒါတွေ မကြားချင်လို့ ဘယ်ချောင်ထဲ သွားနေနေ .. အမေ ရောက် ရောက်လာပြီး ပြောတာကို ဘယ်လိုရှောင်လို့မှ မလွတ် ..။

ခုတော့ သူ့ဘေးမှာ အဖွဲ့တော်ပေါင်းစုံလျက် ...





"စလယ်ဝင် ဖင်မမည်းခင်က ကွဲပြီလို့ ရွာထဲမှာ ပြောကုန်ကြပြီ..၊ မြို့က သူဌေးသမီးနဲ့ လက်ထပ်တယ်ဆိုတဲ့ အထင်ကြီးခြင်းတွေက ခုတော့ ကဲ့ရဲ့စရာတွေ ဖြစ်သွားခဲ့ပြီ .."

"ဖြစ်ဖြစ်ကွာ .. မင်းကလည်း သောကမှန်သမျှ အလိုက်ပေး ယပြီး စုဆောင်းနေတာပဲ .."

ဒေါ်တင်မေ မျက်ရည်စမ်းစမ်းနှင့် နှပ်ရှုံ့နေကာ ....

"အစက ပြဿနာက တစ်ခုတည်းရယ်လေ .. အခု နှစ်ခု သုံးခု ဆက်တိုက်ကြီး .."

ထူးလင်းအောင် ကို မြို့မှာ ဆေးကုဖို့ ဆုံးဖြတ်စီစဉ်ပြီးပြီမို့ သဲ တို့ဆီ ဝင်ရင်း ဒီကပြဿနာလေးတွေ ပြောပြမလို့ပါ ..။

ဘာပဲဖြစ်ဖြစ် ချွေးမကိုလည်း ပြန်မပေးနိုင် ..၊ ဒီအိမ်ထောင်ရေး ကိုလည်း မပြိုကွဲစေချင်ပေ ..။ ခုတော့ ခရီးသွားတော့မည်ဆိုမှ ကိုယ့် သားကြောင့် နောက်ထပ် တစ်မှု တိုးလာခဲ့သည်။

ဒီပြဿနာတွေ ဘာကြောင့် အခိုင်အမာကြီး ထဖြစ်လာမှန်း မသိ သမယ့် ဘယ်ဟာမှ အစစ်အမှန် မဟုတ်ဘူးလို့ပဲ စိတ်ထဲမှာ ခံစားမိနေ သည်။

သို့သော် ကာကယကံရှင်နှစ်ယောက်စလုံးက ဘယ်သူ့ဘက်ကမှ မှားပါတယ်ဆိုတာမျိုး မလာခဲ့ ..။

"အခု ဒီကလည်း မလျှော့ဘူး .. ဟိုကလည်း ပြန်ပါမယ် ဖွတ် ဖြစ်နေပြီ .. သူ့အပြစ် ဖြစ်ပါတယ်ဆိုတာတောင် ပြန်ပါမယ် ဖြစ်နေ တာ ..၊ ဒီက ထပ်ဖြစ်တော့ ဘယ်လို ပြောပြရတော့မလဲ .."

"ဒီက ထပ်ဖြစ်တယ်ဆိုတာ သားမြတ် ဘက်က ကျွန်တော်တို့ အာမခံနိုင်တယ် အကြီးတင်မေ .. ကျွန်တော်တို့တွေ ပျော်ပျော်ပါးပါး နေတတ်ကြပေမယ့် ကိုယ့်ရွာက မိန်းကလေးတွေနဲ့ မောင်လိုနှမလိုပဲ နေခဲ့ကြတာ ..၊ ဘယ်သူ့ဘက်ကမှ စည်းမဖောက်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အကြီး .. တခြားက တစ်ယောက်ယောက် ဆိုတာရော .. ဒီအိမ်မှာ ဝင်ထွက်ခဲ့ဖူးတာ ရှိလို့လား .."

"ပြောပြလိုက်ကြပါကွာ.. အမေ သူ့ချွေးမ ပြန်ပြေးမှာစိုးလို့ သားတစ်ယောက်လုံးကို လူယုတ်မာအဖြစ်ခံပြီး တောင်းပန်ခိုင်းချင်နေပုံပဲ.."

သားမြတ် က စောင်ခြုံပစ်လိုက်ရင်း ကျောခိုင်းလျက်က လှမ်းပြော၏။

"မဟုတ်ဘူး သားမြတ် .. အမေတို့က အိမ်ရှင် .. ဒီမိန်းကလေးကို အမေကိုယ်တိုင် အာမခံပြီး .."

"ကဲ .. မင်းတို့ သားအမိချင်း ရှင်းနေရတဲ့ပြဿနာက ပြီးဦးမှာလား မတင်မေ .."

ဒေါ်တင်မေ က မျက်လုံးတွေကို အကျီလက်စနှင့် အသာတို့သုတ်၍ ...

"ဟုတ်တယ် .. မရှင်းနိုင်ဘူး ..၊ အဲဒါကြောင့် ရှင်းနိုင်မယ့် ဆရာကို ပင့်ထားတယ် ..၊ ဒီညနေ လာလိမ့်မယ် .."

"ဘာ!... ဘယ်သူလဲ .. ဘာလုပ်ဖို့လဲ .."

ဦးထူး က ဗွေလီကာလီတွေ လုပ်တာ မကြိုက်သူမို့ မေးခွန်းထုတ်တည်းက မျက်မှောင်ကုတ်လျက်နှင့် ...

"မတင်မေ .. တစ်ခုခု ထူးထူးခြားခြားဖြစ်ပြီဆို မင်း ဟိုဟာဥပဒ် ဒီဟာဥပဒ်နဲ့ကွာ.. အကုသိုလ်ဆိုတာ တက်ပြီဆို အလုံးလိုက် .. အရင်းလိုက်ပဲတဲ့ .. မကြားဖူးဘူးလား .."

"ကြားဖူးလည်း မသိဘူး .. အိမ်မှာ တစ်ရွာလုံးမှာ ရှိသမျှ အရိုးတွေ ကာလသားတွေ ကိုယ့်အိမ်ကိုယ့်ရာလို ဝင်ထွက်နေကြတာ အခြဲတမ်းပဲ .. ဘယ်တုန်းကမှ ဒီလို ရှက်စရာကောင်းတဲ့ပြဿနာမျိုး မဖြစ်ဖူးဘူး၊ ခု ဖြစ်လာတာ ဆက်တိုက်ကြီး .. ဒါ ဘယ်သူ မကောင်းကြံတာလဲဆိုတာ သိရမှ ဖြစ်မယ် .."





"အဲဒီလို မေးလိုက်တော့ မင်းရဲ့ဆရာက ဒက်ခနဲ ပြောနိုင်ရောလား .."

"ပြောနိုင်တဲ့ဆရာကို ပင့်ထားတာ .. ဒါ မရိုးမသား ကြံစည်ခံရတာ မှန်ရင် ပေါ်ကို ပေါ်မှာ .."

သူတို့ စကားပြောနေတုန်း ကိုတုတ်ကြီး က ပုဆိုးတိုတိုနှင့် ခပ်သုတ်သုတ် ဝင်လာကာ ...

"မိုးညိုက ဒေါ်သေးသေးကြီး မြောက်ပိုင်းအိမ်မှာ ရောက်နေတယ် .."

"ဟင်!..."

"ဘာ!..."

အားလုံး တအံ့တသြ ထရပ်တဲ့သူ ရပ် ..၊ လည်ပင်းရှည်တဲ့သူက ရှည် ..၊

ဒီပြဿနာ မသေးတော့ဘူးဆိုတာ သေချာသွားပြီ ဖြစ်၏။

သားမြတ် လှဲနေရာကနေ ထထိုင်လိုက်ကာ ...

"ဂျင်မ် ဆိုတဲ့ကောင် အနားမှာ ရှိနေသရွေ့ အဲဒီကောင်မလေး ထွက်ပေါက်ရှာနေမှာပဲ အမေ .. ဒီမှာ တမင် ပြဿနာလာရှာပြီးတော့ အကြီးသေး ကို သွားခေါ်လိုက်တာ ..၊ ဒီကလူတွေနဲ့ ဘယ်လိုမှ မျက်နှာချင်းဆိုင်မရအောင် မှန်းနေကြတာသိလို့ ပြန်ဆက်လို့မရတဲ့နည်း သုံးလိုက်တာပဲ .."

ဒေါ်တင်မေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လောက်အောင် မျက်နှာပျက်နေတော့သည်။

"သူက ငါ့အိမ်ထိ လာပြီး ဘာလုပ်တာလဲ .. ဘာတဲ့လဲ .."

"တုတ်ကြီး ပြောလေကွာ .."

ဦးထူး က စိတ်မရှည် ..၊

ကိုတုတ်ကြီး က ရှေ့ကို ကပျာကယာ တိုးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကသတင်း ကြားလို့ ဆု တို့ကို လာခေါ်တာတဲ့ ..၊ အဲ့ဒီ အိမ်နီးချင်းတွေက ဒီတိုင်း ခေါ်မသွားရဘူးဆိုပြီး လူကြီး ဦးစိန်မောင် ကို ပြေးခေါ်ထားကြတယ် .."

"ဟုတ်လား .."

ရွာသားတွေက ဒါကိုတော့ စည်းလုံးကြ၏။ ကိုယ့်အချင်းချင်း ဘာတွေ ဖြစ်ထားကြပါစေ ..၊

တခြားလူ ဝင်ပါလာရင် ဘယ်သူမှ လက်ပိုက်ကြည့်မနေကြ ..

"အခု ကိုစိန်မောင် က ငါတို့ကို ခေါ်ခိုင်းတာလား .."

"ဟုတ်တယ် ဦးလေးထူး .. သားမြတ် ကို ခေါ်ခဲ့ဖို့ မှာတယ် .. လင်မယားချင်း မျက်နှာချင်းဆိုင် မေးပြီးမှ ယောကျာ်းက ခွင့်ပြု ခေါ်လို့ရမယ်လို့ ဦးစိန် က ပြောလို့ ဒေါ်သေးသေးကြီး က သူ့ရွာလူကြီး ကိုတောင် ခေါ်ခိုင်းထားပြီးပြီ .."

"အံမာ .."

သန်းစိုး တို့ မျက်နှာတွေ တင်းကုန်ကြကာ ...

"လူကြီးချင်းများ စစ်တိုက်ခိုင်းဦးမလား မသိဘူး ..၊ တွေ့မယ် လာ .. သားမြတ် သွားမယ် .."

"ဟုတ်တယ် .. တစ်ခွန်းတည်းပဲ ပြောလိုက် .. ကျုပ်မိန်းမ မထည့် .."

"တစ်ခါတည်း အပြီးခေါ်သွားလို့ ပြောမှာ .."

သားမြတ် စိတ်လိုက်မာန်ပါ ထရပ်လိုက်ပေမယ့် အားလုံး စိတ် ပျက်သွားကြလျက် ..၊





## အခန်း(၂၉)

"မဟုတ်ဘူး အကြီးသေး .. ဆု တို့က ပြန်မယ်ဆို ရန်ကုန်ကိုပဲ ပြန်မှာ .."

"မပြန်ရပါဘူး .. ဒီပြဿနာ ဘယ်သူ့လက်ချက်လဲဆိုတာ ဖော်ရ မယ် ..၊ ငါတို့မျိုးရိုးထဲမှာ ဒီလို ဖောက်လွဲဖောက်ပြန် မပါဘူး .. သူ မှတ်စွဲရင် သူ သက်သေပြ .. သူ့ကို မြင်ခဲ့တာလည်း သက်သေပြနိုင် အောင် လုပ်ရမှာပဲ ..၊ မရှင်းဘဲ ထွက်သွားရင် ကိုယ်က တရားခံ ဖြစ် သွားမှာ .."

"မဟုတ်ဘူး မိသေး .. ဒါက အထင်လွဲလို့ ဖြစ်ကြတာ .."

"အထင်လွဲတာ မဟုတ်ဘူး .. ခုမှ အမြင်ရှင်းကြတာ .."

"ဟော့ .. မယ်သေးသေး .. နင် လူကြီးပီပီ ဖျန်ဖြေစကား ပြော သေ ..၊ ဘာလဲ .. ကလေးတွေကို မြှောက်ထိုးပင့်ကော် စကားတွေနဲ့ ဦးထူး က လာကတည်းက ဒေါ်သနဲ့ဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးတဲ့အမှု ငယ်အောင်ဆိုတာ မရှိဘူး .."

"အမလေးတော် .. သူ့စွပ်စွဲ .. ကိုယ့်စွပ်စွဲနဲ့ နှစ်ဖက်ပေါင်းပြီး ဒီလောက် ရပ်ကျော်ရွာကျော်ဖြစ်သွားတဲ့ ကိစ္စကြီးကိုများ ဘယ်လို ပြ ငယ်အောင် လုပ်ချင်သေးလို့လဲ ..၊ နင်တို့ရွာတင် မကဘူး .. မိုးညိုရွာ ထိ ဒီသတင်းက ပလူပျံလို့ .."

"ဟုတ်မှာပေါ့ .. စပ်စုစိန်တွေချည်းပဲကိုး .."

"ကဲ .. ကဲ .. လူကြီးစုံအောင် စောင့်မယ်ဆိုရင်လည်း မင်းတို့တွေ ရန်မဖြစ်ဘဲ ငြိမ်ငြိမ်သက်သက် နေပေးကြပါ .."

ဦးစိန်မောင် က မျက်နှာတည်တည်ကြီးနှင့် ဝင်ပြော၏။ နှစ်ဖက် ရွာတွေက သင့်မြတ်ကြတာ မဟုတ် ..၊

အမှုကိစ္စ ပြဿဒ်မီးလောင်တာမျိုး ဖြစ်မှာစိုးသည်မို့ ဟိုဘက် ကလူကြီး ရောက်လာပြီး ဒီကိစ္စ ကြီးမားကျယ်ပြန့်သွားမှာမျိုး မလိုချင်။

ဒေါ်သေးသေး ဒီဘက်ကူးလာပြီး ပြဿနာရှာတာကို လူငယ်တွေ ကလည်း မကျေနပ်ကြဘဲ လက်သီးဆုပ် တက်ခေါက်နေကြ၏။

"လူကြီးဆိုတာ တစ်ယောက်ပဲ လာရင် လာ .. တပ်စု ချီလာမှ ကတော့ ခဲမိုးရွာပြီသာ မှတ်" လို့ ကြိမ်းတဲ့လူက ကြိမ်းနေသည်။

ဒေါ်တင်မေ ကတော့ စိတ်မကောင်းပါ။ သားအတွက် လက်ခွဲ ထားသည့် အိမ်နဲ့ ခြံလေး ..၊

မင်္ဂလာဦး ဇနီးမောင်နှံတောင်မှ မင်္ဂလာမယူရသေးဘဲ အမှုအခင်း စေ့စပ်ဆွေးနွေးစရာ နေရာကြီးတစ်ခု ဖြစ်သွားခဲ့ရပြီ ..၊

ဒေါ်သေးသေး က ပြောင်းဖူးဖက် ဆေးလိပ်ကြီး ဖွာကာ သူ့လူကြီး မလာသေးသဖြင့် ထိုင်တောင် မထိုင်နိုင်ဘဲ ပုပုသေးသေးနှင့် ကိုယ်ဟန် ကို တမင် ခန့်ညားအောင် လုပ်လျှောက်နေ၏။

လူကြီး ဦးစိန်မောင် နဲ့ ဦးထူး တို့က သပ်သပ်ဖြစ်ကာ လူငယ် တွေကလည်း တစ်အုပ်စုစီ ..၊





ဆု က အနီရဲရဲ လက်ပြတ်လည်ဟိုက် ခါးရှည်လေးကို ဆောင်းဘီ ရှည်နှင့် ဝတ်ထား၏။

ဝင်းနုဖြူဖွေးနေသည့် လက်မောင်းသားလေးတွေနှင့် တင်းပြည့် သော လည်တိုင်လေးကအစ မျက်နှာလေးအဆုံး ဘယ်လိုကြည့်ကြည့် လှနေသည်။

ဒီလိုတောရွာလေးမှာတော့ ဆု ရဲ့ ရုပ်ဆင်းအင်္ဂါဟာ နတ်သမီး တစ်ပါးလိုပါ ..။ ထို့ပြင် မြို့သူချင်း အတူတူထဲမှာတောင် သောင်း သောင်း တို့နဲ့ ဆု ရဲ့ လှပုံက တခြားစီ ..။

သိပ်အလှမ်းမဝေးသည့်နေရာကနေ ဆု ကို မကြာမကြာ စိုက် ကြည့်မိကာ မျက်လုံးချင်း ဆုံမိတဲ့အခါ ဂရုမစိုက်သလို စတိုင်လ်ချိုး၍ တမင် သောက်လာသည့် ဆေးလိပ်ကို တွင်တွင်ဖွာမိသည်။

ဆု တို့က အိမ်ရှေ့ကပြင်အောက် ကွပ်ပျစ်ကြီးပေါ်မှာဖြစ်ကာ သူတို့က လှေကားအတက်အဆင်းရှေ့မှာ ဖြစ်သလို ထိုင်နေကြတာ ဖြစ်၏။

ဆု မျက်နှာလေး တင်းနေတာကို စိုက်ကြည့်မိတိုင်း ရင်ထဲမှာ နာကျင်နေသည်။ ပြီးတော့ ဂျင်မ် ဆိုတဲ့ သတ္တဝါက ကြော့မော့နေ အောင် ဝတ်စားလျက် ပါးစပ်ထဲမှာ ပီကေဝါးနေတာ တလှုပ်လှုပ် ..။

ကွပ်ပျစ်၏ ခေါင်းရင်းတန်းပေါ်မှာ တက်ထိုင်နေသဖြင့် ဆု ရဲ့ ဘေးကပ်လျက် အမြင့်ပိုင်းမှာ ဖြစ်သည်။

ထိုအခါ စကားငုံ့ပြောလိုက် .. ပြုံးလိုက် ဖြစ်နေသည့် မျက်လုံး တွေက ဆု ရဲ့ ရင်ညွှန့်ဆီမှာ ..၊

"တောက်!..."

ဟမ်!...

တက်ခေါက်သံ ကြားလိုက်သဖြင့် အနားမှာရှိသည့် အံ့မောင်းက သားမြတ် ကို လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြည့်တာလဲ ..၊ ကိုယ့်ဟာကိုယ် နေ .."

မနိုင်နိုင်ရာ လှည့်မဲတော့ အုံ့မောင်း နောက်ထပ် ဘာသံကြားကြား မကြည့်မိအောင် လူကြီးတွေဆီ အကြည့်ကို ပို့ရ၏။

သားမြတ် ဆေးလိပ်ဖွာရှိုက်ခြင်းအလုပ်ကိုပါ ဘယ်လိုမှ စိတ်မဝင်စားတော့ဘဲ ဆေးလိပ် လက်ကြားညှပ်လျက်နှင့် ဒူးနှစ်ဖက်ပေါ် လက်တွေ တင်လိုက်၏။

တောကြိုအုံကြားမှာ နေပြီး ဒီမိန်းမ ဒီလို ဝတ်ထားနေတာ တမင်ဝတ်ပြတာလား ..၊

ကိုယ့်ဒေါသကို ဆွတာဖြစ်ဖြစ် .. ဟိုသတ္တဝါကို အလုပြချင်တာဖြစ်ဖြစ် သားမြတ် စိတ်ကို ထိန်းရခက်လာ၏။

"အဟွန်း .. ဟွန်း .."

ဒီလောက် ပဋိပက္ခဖြစ်နေကြတာကို ရယ်တာ ဘယ်သူလဲ ..

သွားတွေပေါ်အောင် ရယ်လိုက်သည့် ဂျင်မ့် အသံက မကျယ်လှပေမယ့် သားမြတ် ခေါင်းထဲမှာ မိုးကြိုးခွင်းသွားသလိုပင် ..။

ဆု ကလည်း ဂျင်မ် ရယ်လိုက်တာကို လူကြီးတွေ တစ်မျိုးထင်မည် ထင်သွားမှာ စိုးပါသည်။

ဒီပြဿနာ ဒီလို လူသိရှင်ကြား ဆုံးဖြတ်ရတဲ့အထိ ဖြစ်ဖို့လည်း သူမ ရည်ရွယ်ခဲ့တာ မဟုတ်သည်မို့ ဒေါ်တင်မေ တို့ကို မျက်နှာမပြရဲအောင် ဖြစ်နေမိသည်။

အကြီးသေး ကို သူမ သွားခေါ်လိုက်တယ်လို့ ထင်နေလောက်ပါပြီ ..။

"ဟင်!..."

မျက်လုံးက ဟိုဘက် ပြန်ရောက်သွားတော့ သားမြတ် လက်ကြားထဲကနေ မီးပွားတစ်စ ရဲခနဲ ကြွေကျသွားတာ ပေါင်ကြားထဲကို ..

ဆု ထိတ်ခနဲ ဖြစ်သွား၏ လူကို ကြည့်လိုက်တော့ မျက်နှာထား





းတော့ဝါးတော့မတတ်နှင့် ရင်ဘတ်ကို ကြည့်နေတာ ရူးရူးရဲရဲ ..၊ ကိုယ့်ပေါင်ကြားထဲ ဆေးလိပ်မီးပွား ကျသွားတာကို မသိလောက်အောင် ဒီက ရင်ဘတ်ကိုပဲ ဘာကြည့်တာလဲ ..။

ဆု ဒေါသလည်း ထွက် ..၊ မျက်လုံးကလည်း မီးပွားကျသွားတဲ့နေရာကိုပဲ ကြည့်နေမိသည်။

မီးခိုးတက်လာပြီလား .. ဒါမှမဟုတ် ကြားထဲကျပြီး မီးသေသွားပြီလား ..။

စီးကရက်မီးဆိုရင်တောင် လောင်တတ်သေးတာ..၊ ဒီလို ဆေးလိပ်မီးက ရုတ်တရက် သေသွားပါ့မလား ..။

ဒီမိန်းမ ဘာကြည့်တာလဲ ..၊

မပေါ့တပေါ် ဝတ်ထားလို့ ဒီက ဒေါသထွက်နေတာ ရှက်တတ်ရင် အကျီ သွားလဲလိုက်ပါလား ..၊

သားမြတ် ကလည်း ကိုယ့်ပေါင်ကြားထဲက အဖြစ်ကို ငုံ့မကြည့်ဘဲ တင်းချင်ရာ တင်းနေ၏။

နှစ်ယောက်စလုံး မျက်လုံးချင်းဆုံမိနေပြီး စောစောတုန်းကလို ချက်ခနဲ ဆတ်ခနဲ လွှဲပစ်လိုက်ကြတာမျိုး မဟုတ်တော့ဘဲ ကြင်ကြင်နာနာ ကြည့်ဖြစ်ကြတာမျိုးလည်း မဟုတ် ..။

မီးခိုးတွေ လွှန့်တက်လာတာ လက်ကြားထဲက ဆေးလိပ်ကလား..၊ ပေါင်ကြားထဲက မီးလား ..။

ဆု သူ့ပေါင်ကြားထဲကို လှမ်းကြည့်ရင်း မျက်လုံးလေးဝိုင်းလာ၏။

ဂျင်မ် ကလည်း ဆု ဘာဖြစ်နေမှန်း မသိပေမယ့် သတိထားမိသွားသဖြင့် အပေါ်စီးကနေ ငုံ့ကြည့်နေတာ မျက်နှာမလွှဲ ..၊

"တောက် .."

သားမြတ် ဘယ်လိုမှ ဒေါသထိန်းမရတော့ဘဲ နေရာမှ ဆတ်ခနဲ ထသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လာ .. အထဲသွားမယ် .."

"အမေ့!..."

ကွပ်ပျစ်နောက်ကနေ သွားကာ ဆု ရဲ့ကိုယ်လေးကို ချိုင်းနှစ်ဖက် အောက်ကနေ လက်လျှိုသွင်းပြီး ဇွေ့ခနဲ ပွေ့ချီလိုက်၏။

မတ်တတ်ရပ်လေး ချလိုက်ပြီးသည်နှင့် လက်ကို အတင်းအကျပ် ဖိဆုပ်ထားပြီး အိမ်ပေါ် ဆွဲခေါ်လာခဲ့သည်။

အားလုံးပဲ တအံ့တသြ ငေးမောကျန်ခဲ့ကြ၏။

"ဖယ် .. လွှတ် .. ဘာလုပ်တာလဲ .."

"ဆုထူးပန် .. မင်း ခုကျမှ မပြသင့်တာတွေ ပြပြီး ဘယ်သူကြည့် ကြည့် အလှူကြီး ပေးနေတာလား .. ဟင် .."

"ဖယ် .."

ဆု က ပခုံးနှစ်ဖက်မှာ ဖိဆုပ်ထားလိုက်သည့် သူ့လက်တွေကို ဖယ်ချ ရုန်းရင်း ပုဆိုးက မီးလောင်ပေါက်ကို ပြဖို့ပဲ ငုံ့ကြည့်ရာမိကာ...

"မမြင်သင့်တာတွေ ကျွန်မက ပြနေလည်း ဘယ်သူမှ မကြည့် ဘူး .. ရှင်ပဲ ကြည့်နေတာ ..၊ ရှင်ပဲ ခေါ်တော့ ငါးရာတစ်ထောင်အားနဲ့ မျက်လုံးကြီး တဝင်းဝင်းနဲ့လေ .."

"မျက်လုံး တဝင်းဝင်းနဲ့က မင်းလေ ..၊ မင်းမျက်လုံးပဲ ပြူးသွား လိုက် .. ပြဲသွားလိုက်နဲ့ ငါ့ဆီက ဘာကို နှမြောတသ ဖြစ်နေတာလဲ..."

"ရှင်နော် .."

ဆု ရှက်ရှက်နဲ့ အသားကုန် အော်သည်။ သူက မဲ့၍ ဆု ရဲ့ ကိုယ်လေးကို နံရံမှာ ဖိကပ် ချုပ်လိုက်ကာ ...

"ဘာလဲ .. ခုမှ လွှတ်တဲ့ငါး ကြီးနေတာလား .."

"ရှင် .. ရှင် ယုတ်ယုတ်မာမာတွေ ပြောနေတယ် ဟုတ်လား - ကဲ .. ပြောဦး .. ညစ်ပတ်ဦး .."

လက်မြှောက်လို့ရသမျှ သူ့လက်မောင်းတွေ .. ရင်ဘတ်တွေကို





ဆု တအားပြန်ထုသည်။ ပြီးတော့ သူ့စကားတွေကြောင့် ရှက်သည့် စိတ်က မျက်လုံးတွေကိုပါ စုံမှိတ်ပစ်မိကာ ...

"ရှင့်ဆေးလိပ်မီး ပုဆိုးကြားထဲ ကျသွားတာမြင်လို့ ကြည့်မိတာ သိလား ..၊ အရမ်း ယုတ်မာတဲ့လူကြီး .. ဖယ် .. လွှတ်နော် .."

သားမြတ် ကြောင်တောင်တောင်ဖြစ်သွားကာ ကိုယ့်ပုဆိုးကို ခုမှ ငုံ့ကြည့်ဖြစ်၏။ မီးလောင်ပေါက်က မန်ကျည်းစေ့လောက်နီးပါးနှင့် ဒူးနားမှာ ပြူးတူးပြဲတဲ ..။

"ဆောရီး .."

"ဘာ ဆောရီးလဲ .. ရှင်ကမှ နာဘူး.. အရှုံး ..၊ သူများကို ရိုင်းရိုင်း စိုင်းစိုင်း ကြည့်နေတာ ရှင်ပဲ .. လွှတ်လို့ ပြောနေတယ်နော် သားမြတ်.."

ဆု မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလျက် ကလေးလို ရှိုက်ငို နေတာ မြင်သည်နှင့် သားမြတ် စိတ်တွေ ဖြုတ်ခနဲ နူးညံ့ နွေးညွတ်သွား ကာ သူမလေးကို ချော့ချင်စိတ်အပြင် ဘယ်လိုဒေါသ နာကြည်းမှုမျိုးမှ ရှိခဲ့ဘူးတဲ့အတိုင်း ..။

"ဆု .."

မျက်ရည်သုတ်ပေးပေမယ့် ဆု က မခံဘဲ လက်ကို အတင်းဖယ်ချ ရုန်းနေသဖြင့် ...

"ဆု ရယ် .."

သူ ဆု တစ်ကိုယ်လုံးကို အတင်းအကျပ် သိမ်းပိုက် ပွေ့ဖက်ထားမိ ကာ ...

"ကိုယ်တို့ မခွဲတော့ဘူးလေနော်.. ကိုယ် ပြောခဲ့မိတာတွေ တောင်း ပန်တယ်ကွာ .. မြင်ခဲ့ ရှိခဲ့တာတွေ အားလုံးကို မေ့လိုက်မယ် .."

"ဟင့်အင်း မမေ့ဘူး .. ရှင်နော် .."

ဆု မျက်နှာလေးမှာ ခဏတစ်ဖြုတ်လေးဖြစ်ဖြစ် မေ့မူးချင်ပေမယ့် သူမက အတင်းရုန်းနေသဖြင့် ရုန်းရင်းဆန့်ခတ်တွေပဲ ဖြစ်နေတော့...



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ .. အထဲမှာ ဘာလုပ်နေတာလဲ ..၊ ထွက်ခဲ့ကြစမ်း .."

ဒေါ်သေးသေး က စေ့ထားသည့် တံခါးကိုတော့ မဖွင့်ဘဲ အပြင်ကနေ ဒုန်းခနဲ ထုကာ ...

"လူကြီးသူကြီးတွေနဲ့ ဆုံးဖြတ်ဖို့ စုရုံးနေတာ ငါ့တူမကို အခန်းတံခါးပိတ်ပြီး အကျပ်ကိုင် ခြိမ်းခြောက်ဖို့ မဟုတ်ဘူး .. ခု .. ထွက်ခဲ့စမ်း .."

"ဒေါ်ကြီးသေး .. ခင်ဗျားဗျာ .. သူများလင်မယား ကိစ္စကို .."

"အပြင်ထွက်ပါ .. ဒါ သူများပိုင်နက်နော် .."

အပြင်မှာ အသံတွေ စုရုံး ဆူညံလာတဲ့အထိ သားမြတ် ဆု ကို မလွှတ်နိုင် ..၊ ဆု က ရုန်းနေပေမယ့် သူ မရမက သိမ်းချုပ်ထားမိဆဲ...

"ငါ့တူမက သူ့ကို ကယ်ထုတ်ပေးဖို့ ငါ့ကို ပြောထားပြီးသား..၊ သူ့မှာ ချစ်သူရှိတယ် .. ဒီလူကို ဘယ်လိုမှ မပေါင်းနိုင်ဘူး တဲ့ .."

ဟင်!...

ဆု ရဲ့ ရုန်းဖယ်မှုတွေ ရပ်တန့်သွားကာ မျက်ခုံးလေးနှစ်ဖက် မသိမသာ မြင့်တက်သွား၏။

သားမြတ် မျက်မှောင်ကုတ်နှင့် ငုံ့ကြည့်လာလျှင် မျက်နှာကို ဆတ်ခနဲ လွှဲပစ်မိ၏။ သူမ ရုန်းဖို့ မေ့သွားပေမယ့် သားမြတ် ရဲ့လက်တွေ အလိုအလျောက် ပြေကျသွားခဲ့သည်။

"ဟေ့ .."

"ဒုန်း .."

တံခါးက ဆောင့်ပွင့်သွားကာ အပြင်မှာ လူတွေ စုပြုံ တိုးကြိတ်နေကြလျက် ဒေါ်သေးသေး ကို သန်းစိုး တို့ လူငယ်တွေက ရှေ့ကနေ ကိုယ်နဲ့ ခံထားလျက် ...

"ခင်ဗျား အခု ပြန်ထွက်လိုက်ပါ .."

"ဘာလို့ ထွက်ရမှာလဲ .. ငါ့တူမကို ခေါ်ဖို့ ငါ လာတာ ..၊ သူ





[...]ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခရောက်နေတာကို ငါက ကြည့်နေရမှာ [...] .."

"ဘယ်သူက ဆင်းရဲတယ် ပြောတာလဲ ..၊ ဟိုမှာ သူတို့လင်မယား [...]ဆင်ပြေနေပြီ .."

"ဟေ့ .. မရဘူး .."

ငတိုး က ပြောပြီးတာနှင့် တံခါး ပြန်ဆွဲပိတ်သည်။ ဒေါ်သေးသေး [...]လက်နဲ့ မမီတော့ ခြေထောက်နဲ့ လှမ်းကန်ဖို့ ကြိုးစား၏။

"မင်းတို့တွေ လူကြီးတစ်ယောက်လုံးကို ရှိုင်းလှချေလား ..၊ ကိုစိန်[...] .. ခင်ဗျား ရွာမှာ ဒီလိုပုံစံနဲ့ အုပ်ချုပ်နေတာလား .."

ရွာလူကြီးချင်း မျက်နှာချင်းဆိုင် တင်းတင်းမာမာတွေ ဖြစ်ကုန်[...]။

"မင်းက အခု လူကြီး မဟုတ်တော့ဘူး ထွန်းလူ ..၊ ငါက လက်ရှိ[...] .. မင်း ငါ့ကို ဝေဖန်ဖို့ မလိုဘူး ..၊ လူကြီးခေါ်လာမယ်ဆိုပြီး [...]လိုက်လာတဲ့အတွက် ငါကလည်း ဘာမှ ညှိနှိုင်းပေးဖို့ မလိုတော့[...]ါ .."

ဦးစိန်မောင် ကလည်း ပြတ်သည်။ အခန်းဝမှာ စုပြုံတိုးနေကြ[...]သူ့ရွာသားတွေနဲ့ ဒေါ်သေးသေး တို့ကို နောက်ကနေ မျက်ကြော[...] တစ်ချက်ပဲ လှမ်းကြည့်သည်။

"ငတိုး တို့ .. သန်းစိုး တို့ .. မင်းတို့တွေ အိမ်ထောင်ရေးကိစ္စတွေ[...]င်းမပါနဲ့တော့ ..၊ ဒီကိစ္စကို ငါတို့ ဆုံးဖြတ်လို့လည်း မရဘူး .. [...]ဘာ့ သူတို့ဘာသာ မျက်နှာချင်းဆိုင် ဆုံးဖြတ်ပစေ .. နောက်ဆုတ်[...]"

"ကျွန်မကတော့ .."

"မသေးသေး .."

"ဒီမှာ ကိုစိန်မောင် .. ကျွန်မက ငါမယုံ ငါ့မယား မေးခိုင်းတာမျိုး[...]



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားကို ပြေးခေါ်လိုက်တာ မဟုတ်ဘူး၊ လက်ရှိ ဟို… လူကြီးက ကျွန်မယောက်ျား မဟုတ်ပေမယ့် ရွာမှာတော့ သူ့ကိုပဲ လူ… အရာမှာ ထားကြတုန်းပဲ .."

"ဒါဆိုလည်း သူ့ရွာမှာပဲ အမိန့်ပေးနေပါစေ .. ဒီမှာ လာလုပ်… မရဘူး ..၊ ကျုပ်တို့က ကုလားထိုင်ပေါ်ကလူကိုပဲ မြင်တယ် ..၊ … ကွယ်ကလူကို မသိဘူး .."

"ဟား.. ဟား .. ဟား ... သူတို့ကျမှပဲ လူလုံးပြနေတာက … ယောက် .. အသံထွက်နေတာက တစ်ယောက် ..၊ ရယ်စရာကြီး ဟား… ဟား .. ဟား ..."

"ဟုတ်ပ ., ကြားဖူးပေါင်တော် .."

"လူကြီးလဲရင်လည်း လဲတယ်ပေါ့ .. ဘယ်သူ့ ဘုရားထူး… သလဲ မသိဘူး .."

တစ်ယောက်တစ်ပေါက် ဝိုင်းရယ်ကြသဖြင့် ဦးထွန်းလူ မျက်… ကြီး နီကာ ဒေါ်သေးသေး ရှိရာ တိုးသွားပြီး လက်ကို သွားဆွဲသ…

"လာဟေ့ .. ပြန်မယ် .."

"အို .. ဘာလို့ ပြန်ရမှာလဲ ရှင်ကလည်း .. ဒီလို ပေါက်ပန်း… ဆယ် စကားတွေ အနိုင်လု မပြောချင်လို့ ဘုန်းကြီးကျောင်းက ခေါ်… တော့ သူတို့ ဘာပြောခဲ့သလဲ ..၊ ပြောစရာရှိ အိမ်ကို လာပြော…"

"ဟ .. မိသေး .. အဲ့ဒါက ငါတို့နဲ့ပတ်သက်တာ ဘာပြောမှာ… ဘာမေးမှာလဲ .. အဲဒါတွေပဲလေ ..၊ နင် အတိုင်အတောထူတိုင်း … တော် အလုပ်ရှုပ် နားပူနေလို့ ပြောခဲ့ရတာ .."

ဦးထူး မနေသာတော့ဘဲ ပါလာရပြန်၏။ ဒေါ်တင်မေ က… စိတ်ပျက်ခြင်းများစွာနှင့် ရှေ့ကို တိုးသွားကာ ...

"ကဲ .. သားမြတ် နဲ့ သမီး ဆု .."

သူမကပဲ နှစ်ယောက်စလုံးကို ခေါ်ထုတ်လိုက်ရကာ ...





"လာပါ .. ဒီဘက် ထွက်ခဲ့ပြီး အားလုံးရှေ့မှာ ပြောကြပါ"

မေးလိုက်ရပေမယ့် ဆု ရဲ့မျက်နှာလေးကို စိတ်မကောင်းစွာ ကြည့်… ...

"သမီးက အဒေါ်ကိုတောင် အကူအညီတောင်းထားတယ်ဆိုတော့ …မေတို့အနေနဲ့ ကြေကွဲမိတာကလွဲရင် ဘာမှ ပြောခွင့်မရှိတော့ဘူး …တာ သိပါတယ်..၊ သမီး သဘောအတိုင်းသာ ဆုံးဖြတ်ပါ .. အားမနာ …နဲ့ .."

"မဟုတ်ပါဘူး .."

ဆု ခေါင်းခါ၍ ဒီကိစ္စကို သူမ အကူအညီတောင်းခဲ့တာ မဟုတ် …ကြောင်း ပြောပြဖို့ ပါးစပ်ပြင်မိသည်။ ဒါပေမယ့် ဆုံးဖြတ်ချက်ကို …ချဖြစ်လိုက်သေးဘဲ စိတ်က တစ်စုံတစ်ရာဆီရောက်၍ တင်းခနဲ ဖြစ် …သွား၏။

နေပါစေတော့ ..၊

"ဆု.. ငါ့ညီမကို သားမြတ် က တောင်းပန်နေတာမို့လား..၊ နင် …ဆင်တာမျိုး ငါတို့ကောင်မှာ လုံးဝ မရှိခဲ့ဖူးဘူး.. ရှိစရာလည်း အကြောင်း …ရှိပါဘူး ..၊ အိမ်ထောင်တစ်ခုကို လွယ်လွယ်နဲ့ မဆုံးဖြတ်ပါနဲ့ .."

သန်းစိုး က အရင်ဦးအောင် အသံပို့သည်။ ဆု ရဲ့စိတ်လေး ဆုံး …ဖြတ်ချက်လမ်းကြောင်း ယိမ်းယိုင်သွားမှာ စိုးလို့ပါ ...။

ဒေါ်သေးသေး မျက်လုံးကြီး ပြူးလာကာ ...

"လင်မယားချင်းဆိုလည်း ဘေးလူ တစ်ခွန်းမှ ဝင်မပြောနဲ့နော်..၊ …ငါ့တူမ စိတ်ကို ထိန်းချုပ် ဆွဲဆောင်ဖို့ မကြိုးစားနဲ့ .."

ပြော၍ ဆု ကို ကြည့်ကာ ...

"ဆုထူးပန် – ငါ့တူမ – ဒီလို လူစိမ်းသူစိမ်းတွေ လက်ထဲမှာ …ဝိုင်းဝန်းထိန်းချုပ်နေကြတာ ဘာလို့ ခံနေမှာလဲ ..၊ ငါက ညည်းရဲ့ …သွေးသားနော် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သေးသေး .."

"ဖယ်စမ်း .."

မိန်းမနဲ့ ယောက်ျား ခွတ်တရွတ် ပြောပါလား ..၊ လုပ်ပါ ဆိုလျှင် ယောက်ျားလေးတွေသာ ကျန်ခဲ့ရကာ ...

"နောက်ဆို သူတို့လူ မှန်မှန်မှားမှား ညည်းဘက်မှာ တစ်ယော မှ ရှိမှာ မဟုတ်ဘူး..၊ ညည်း ဘာမှ ပြောဆို အောင်မြင်မှာလည်း မဟု ဘူး၊ အခု ငါ့နောက်က မလိုက်လို့ကတော့ .."

"ဆု လိုက်ခဲ့မယ် .."

သားမြတ် ဆတ်ခနဲ ဖြစ်သွားသည်။ ဆု က မျက်လွှာပင့်ကြ တော့ မျက်လုံးချင်း ဆုံသွား၏။ ရီဝေဝေးမောနေသည့် သားမြတ် မျက်ဝန်းတို့က တဖြည်းဖြည်း တည်ငြိမ်သည့် အေးစက်ခြင်းနှင့် မသာ ခေါင်းဆတ်ညိတ်၏။

ဆု က အောင်နိုင်သူတစ်ယောက်လို ပြုံးသည်။ ဒါပေမယ့် သလိုလေး ရှိလျက် ...

"ရှင် ဘာမြင်ခဲ့သလဲ မသိပေမယ့် အဲဒါကို ရှင်က မေ့လိုက် လို့လည်း ပြောပေမယ့် .."

ဆု အသံလေးတွေ တုန်ခါလာ၏။ တံခါးအပြင်မှာ ရှိနေသ လူတွေ တိတ်ဆိတ်ငြိမ်ကျသွားပြီး နားစွင့်ကြပေမယ့် 'လိုက်ခဲ့မ ဆိုသည့် စကား၏နောက်မှာ သားမြတ် ကို ကြည့်၍ ဆု ပြောနေ တွေက မသိကြဲ ..။

သားမြတ် ကတော့ ကြေကွဲနေသည့် နှလုံးသားနှင့် နားဆင် ပြုံးဖို့လည်း ကြိုးစားရင်းဖြင့် ...

"ပြောပါ .."

"ရှင့်ကို မြင်ခဲ့တဲ့ စက်ဆုပ်စရာ အဲဒီမြင်ကွင်းကို ကျွန်မ တော့မှ မမေ့ဘူး ..၊ အဲဒါကြောင့် .."





မျက်ရည်စတို့သည် မျက်ဝန်းအိမ်မှာ ပြည့်ပြည့်သိပ်သိပ် ရှိလာခဲ့ လျက် ...

"အဲဒါကြောင့် ရှင့်ကို မုန်းတယ် .."

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ သားမြတ် က မျက်လွှာချ ကျန်ရစ်ရင်း တစ်ခွန်းမှ မတား ..၊

"ဟာ!... ဆု .."

"ဆု ရာ .. နင် ဘာလုပ်လိုက်တာလဲ .."

မျက်စိရှေ့ကို ရောက်လာတော့ သွားမယ့်လမ်းကို ဖယ်မပေးလို့ မရ ..၊ သန်းစိုး တို့ မျက်စိမျက်နှာပျက်ပျက်နှင့် မေးခွန်းတွေ ထုတ်ရင်း မဖယ်ချင် ဖယ်ချင်နဲ့ ဖယ်ပေးကြ၏။

"ဟွန်း .."

ဒေါ်သေးသေး က အားလုံးကို လှည့်ပတ် စောင်းချိတ်ကြည့်ကာ ဆု ရဲ့လက်ကို ဆွဲထွက်သွား၏။

ခုကျမှ ဦးထွန်းလူ က အတော်ဝေးဝေးမှာ ရပ်နေသည့် ဦးစိန် မောင် ကို မထိတထိအပြုံးနှင့် လှမ်းကြည့်သည်။

"သမီး .."

ဆု ခြေလှမ်းတွေ တုံ့သွားသည်။ ဒေါ်တင်မေ က မျက်ရည်တွေ လည်နေရင်း ဆု ရဲ့မေးဖျားလေးကို မထိတထိလေး ကိုင်၏။

ဒါပေမယ့် မထိမိခင်မှာ လက်က ပြန်လည် ပြေကျသွားခဲ့ပြီး ...

"အမေတို့က သမီးကို ချစ်တယ် .. အဲဒါ အမြဲတမ်းပါ ..၊ အမြဲ တမ်း ဘယ်အချိန်ဖြစ်ဖြစ် မေတ္တာမပျက်ဘူး .."

ဦးဘထူး ကလည်း လက်တစ်ကမ်းလောက်ကနေ ဆု တို့ သွား မည့်ရှေ့မှာ လာပိတ်ရပ်၍ ...

"ချွေးမအနေနဲ့ ဖြစ်ဖြစ် - သမီးလေးလိုဖြစ်ဖြစ် အဖေတို့ဆီကို သမီး အချိန်မရွေး လာခဲ့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး .. မလိုအပ်တာတွေ ပြောနေပြန်ပြီ .."

ဒေါ်သေးသေး က ဆု လက်လေးကိုဆွဲကာ ဦးထူး နားကလေး တိုးတိုက်မတတ် ပွတ်ရောင်ထွက်သွား၏။

လူတွေအားလုံး မျက်နှာတွေပျက်ကာ မကျေမနပ် ရေရွတ် ပြော ဆိုလျက် ကျန်ရစ်ခဲ့လေသည်။

"သားမြတ် ရာ .. မင်းကို ဆု ဘာတွေ ပြောသွားတာလဲ .."

"ဘာပြောပြော သူ့ကို ကြည့်သွားတဲ့ ဆု ရဲ့မျက်လုံးတွေထဲမှာ သံယောဇဉ်တွေ ရှိတယ် .."

"အေးလေ .. မင်း တားလိုက်သင့်တာ .."

"သူ လက်ခံခံ မခံခံ ကိုယ့်မိန်းမကိုယ် အခန်းတံခါးပိတ်ထား တော့ ဘာဖြစ်လဲ .."

တစ်ယောက်တစ်ခွန်း ပြောနေကြတာတွေကို သားမြတ် တစ်ခွန်း မှ မတုံ့ပြန် ..၊

ရင်ထဲမှာ စူးနင့်နာကျင်နေတာကို မချိမဆံ့ ခံစားရင်း သူ့ကိုယ်သူ နားလည်ပြီးရင်း နားလည်လာခဲ့၏။

ဆု ကို သူ အသည်းနှင့်အောင် ချစ်လေသည်။





## အခန်း(၃၀)

"ဟဲ့ .. ဒီဖျာလေးက အသစ်လေးပါလား အေးပုံ ..၊ အိမ်ပျက်ကြီး က ရလာတာဆို .."

မြင်တော့ မြင်တွေ့နေခဲ့ပေမယ့် အမှတ်တမဲ့ပါ ..၊ ခုကျမှ ရင်တွေ ပူလွန်းလို့ ခေါင်းရင်းသစ်ပင်အောက်မှာ အေးပုံ ကို ခင်းခိုင်းပြီး ခေါင်းအုံး နဲ့ အကျအန ထိုင်မိမှ သတိထားမိတာ ဖြစ်၏။

အေးပုံ က ကညွတ်ရွက်သုပ်နဲ့ ရေနွေးကြမ်းကို ဖျာခင်းထားသည့် ဘေးမှာ ခုံပုလေးနဲ့ သပ်သပ်တင်ပေးပြီး ထရပ်လိုက်ကာ ...

"ဒီဖျာလေးက အိမ်ပျက်ကြီးက မဟုတ်ပါဘူး အကြီးကလည်း..၊ သူများက သပ်သပ် ရောင်းလိုက်တာပါ .. အသစ်တော့ မဟုတ်ဘူး ပေါ့.."

ဒေါ်တင်မြမေ က ခေါင်းညိတ်၍ ပေါင်ပေါ်က ခေါင်းအုံးကို ခေါင်း ရင်းနားမှာ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သိပါတယ် .. ဘာပဲဖြစ်ဖြစ် သုံးပြီးသားနဲ့ကို မတူတာဟဲ့ လှလည်း လှတယ် .. ပိုင်ရှင်ခများ အမြတ်တနိုး သိမ်းထားတာလေး များ ရောင်းစိုက်ရှာတာလား မသိဘူး .."

ဒေါ်တင်မေ ရော ဦးထူး ရော သဘောထား နူးညံ့သူများ ဖြစ် သည်။

ထို့ပြင် လူတိုင်းအပေါ်မှာ စာနာစိတ်နဲ့သာ ကြည့်မြင် ဆုံးဖြတ် တတ်၏။

ဒါကြောင့်လည်း ဒုက္ခရောက်နေသူကို ကူညီ .. မစားရတဲ့လူ ခေါ်ကျွေး ထောက်ပံ့ခဲ့ကြသည့် စေတနာအရင်းခံနှင့် တစ်ရွာလုံး လူငယ်တွေရဲ့ မိဘသဖွယ် သူတို့ ဩဇာညောင်းခဲ့ကြသည်။

လူကြီးပိုင်းကလည်း စိတ်ရင်းအမှန်နှင့် ခင်မင် လေးစားခဲ့ကြ သည်။

အေးပုံ က ဒေါ်တင်မေ ဖျာကို တယုတယ ပွတ်သပ်ရင်း ရှေ ပိုင်ရှင်ကို စာနာစွာ ပြောနေတာ ကြားပြီး ပြုံးသည်။

ပြီးတော့ ...

"အသစ်နဲ့တူလို့ပဲ ဒီဖျာမှာ မမဆု လည်း အိပ်ဖူးတယ် .. သူတို့ သူငယ်ချင်းတွေလည်း ထိုင်ဖူးကြတာပဲ၊ ပြီးတော့ မမဆု လာပြီး ရန်ဖြစ် သွားတဲ့နေ့က ကိုကြီးသား အိပ်ခင်းထူတာကြီး ပူလို့ လဲပေးပါဆိုတာနဲ့ ကျွန်မ အဲဒီဖျာ ခင်းပေးထားတာလေ .."

"ဟင်!..."

"ကိုကြီးသား တောင် အရင်လို ကြီးကြီးကျယ်ကျယ်တွေ ဘာ မမေးဘဲ တန်းလှဲအိပ်တာ .."

"ဟုတ်လား .."

သားအကြောင်း ပါလာတော့ မနေ့တစ်နေ့က အဖြစ်တွေကို တွေး မိပြီး စိတ်မကောင်း ဖြစ်သွား၏။





ဒေါ်တင်မေ ဘာမှ ဆက်မပြောတော့ အေးပုံ လည်း လှည့်ထွက် သွား၏။

ခုဆို သားမြတ် အိမ်လည်း သိပ်မကပ်ပါ။ အရင်တုန်းကလည်း အိမ်ကပ်တာ မဟုတ်ပေမယ့် သူငယ်ချင်းတွေနဲ့ ရွှင်ရွှင်ပျပျ နေခဲ့ကြ သည်။

ခုတော့ သူသာမကဘဲ ဘယ်လူငယ်မျက်နှာမှာမှ အပြုံးအရယ် မရှိသလောက် ဖြစ်သွားခဲ့၏။

မိသားစု သုံးယောက်ပဲ အိမ်မှာ လက်ရှိနေကြပေမယ့် ခါတိုင်းလို တစ်ယောက်ကို မမြင်လျှင် 'ဘယ်သွားလဲ' မေးတတ်ကြတာမျိုးလည်း မရှိတော့ပေ ..။

မမြင်ရင် မမြင်ဘူး မှတ် ..၊ အသံမကြားရင် မကြားဘူးလို့ မှတ်.. ဒါပဲ ဖြစ်သည်။

"မတင်မေ .."

"ဟင်!..."

အနားမှာ လာရပ်လိုက်တာကို မသိလိုက်သဖြင့် ဒေါ်တင်မေ ဆတ်ခနဲ ဖြစ်သွား၏။

"အသံမပေးဘဲ လာပြီး ဖြည်းဖြည်း ခေါ်ပါလား ကိုထူး ရယ် .. လန့်သွားတာပဲ .."

ဦးထူး က ဘာမှမပြောဘဲ မှုန်ကုပ်ကုပ်မျက်နှာကြီးနှင့် ပိန္နဲပင် ကြီးကို တစ်ပတ် ပတ်သွားအောင် လျှောက်ကြည့်သည်။

ပြီးတော့ ဟိုမျှော်ကြည့် .. ဒီကုန်းကြည့်နှင့် ..၊ ပြီးမှ ...

"ဘယ်က ကောင်လဲ ..၊ ငါ တစ်ခါမှ ဒီလူကို မမြင်ဖူးဘူးနော်.. မှန်မှန်ဖြေ .. အလိုလိုကမှ စိတ်က ညစ်နေတာ .."

"ဘယ်လို!.. ရှင် ဘာပြောလိုက်တယ် .. ကိုထူး .."

ဦးထူး ခါးနှစ်ဖက် ဆတ်ခနဲ ထောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သျှောင်တစောင်းကြီးလား .. ခေါင်းပေါင်းကြီးလား မသဲကွဲလိုက်ဘူး .. ဒါပေမယ့် အင်္ကျီမပါတဲ့ ကျောပြား ပြောင်ပြောင်ကြီးနဲ့ အဲဒီနောက်စေ့ကြီး ငါ သေချာ လှမ်းမြင်လိုက်တာ .."

"ကိုထူး .. ရှင် သေခါနီးမှ ကျွန်မကို ကလေးကလားစကားတွေ လာမပြောနဲ့နော် .."

ခေါင်းအုံးလေးချပြီး ဖျာကို စိတ်ဝင်စားရင်း စိတ်က ဟိုရောက် ဒီရောက်နှင့် လှဲတောင် မလှဲဖြစ်သေးပါ ..။

"ခုလေးတင် အေးပုံ ထွက်သွားတာ ..၊ ကျွန်မ ငုတ်တုတ်ထိုင်မိတာ ဖင်တောင် မပူသေးဘူး .."

"အေး .. ဖင် မပူသေးပေမယ့် .. မင်း .."

ဦးထူး ခပ်ကြိတ်ကြိတ် တက်ခေါက်၍ ...

"မြို့မှာ ပြောကြတဲ့ မာဆတ် ဝင်နေတာလေ မင်း ..၊ မင်း အဲဒီ ကျောကုန်းကြီးကို ပွတ်သပ် နှိပ်နယ်ပြီး .. တယ် .. ငါ မပြောလိုက်ချင်ဘူး .."

"ဘာ!... ပြောတယ် .."

ဒေါ်တင်မေ ဘယ်လိုမှ စိတ်ထိန်းမရတော့ဘဲ ဆတ်ခနဲ ထရပ်ကာ ပြေကျလာသည့် ဆံပင်ကို ကမန်းကတန်း လက်နဲ့ သိမ်း၍ တစ်ပတ်လျှို ထုံးပစ်လိုက်သည်။

"မာဆတ်တွေ မာတင်တွေ ကျွန်မ မသိဘူး .. ရှင် ပြောတဲ့ စကားကို ဆက်ပြော .. ဒီ့ထက် သေချာအောင် ပြောနော် ..၊ ဟောဟို မှာ စပါးလှေ့နေကြတဲ့လူတွေ .. ဟိုမှာ အိမ်အောက်မှာ ပဲရွေးနေကြတယ်..၊ အားလုံး ဒီကို လှမ်းမြင်တယ် .. ရှင် မြင်တဲ့ ကျောပြားကြီးက ဘယ်လို အတောင်ပေါက်ပြီး ထပျံသွားတာလဲ ..၊ ဖျာအောက် ဝင်သွားသလား.."

ဖျာက မြေကြီးပေါ်မှာ ခင်းထားတာ ဖြစ်သည်။





ဦးထူး ကိုယ့်စကားကို အပိုင်အနိုင်ကြီး စွပ်စွဲပြောချလိုက်ပြီးမှ ဒေါ်တင်မေ့ ဒေါသကို ကြည့်၍ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

လူတစ်ယောက်လုံးကြီး ဒေါ်တင်မေ့ ဘေးမှာ ဝမ်းလျားမှောက်လှဲပြီး ပြုံးစုခံနေတာ သူ သေချာ မြင်လိုက်ရဲ့သားနဲ့ ဒါ မှားစရာလား..။

"ငါ သေချာမြင်လိုက်တာ .."

"ဟုတ်ပြီ ပြလေ .. အဲ့ဒီလူကို ခု ပြ .. ရှင် ဘယ်နားက မြင်လိုက်တာလဲ .. ရှင် မြင်တဲ့နေရာကနေ ဒီရောက်လာတဲ့အချိန်မှာ ဘယ်လောက်ရောက်အောင် ပြေးသွားနိုင်သလဲ ..၊ ပြော .. ဟုတ်ရင် ဟုတ်.. မဟုတ်ဘဲနဲ့ စွပ်စွဲတာ မှန်လို့ကတော့ .. ဒီမှာ တင်မေ တို့က သိက္ခာကို ရိက္ခာနဲ့ မလဲဘူး မှတ် .."

ဦးထူး ငိုင်တိငိုင်တိုင် ဖြစ်သွားကာ လေသံသည် သိသာစွာ လျော့ကျသွားလျက် ...

"ငါ .."

သေချာမြင်လိုက်တာလို့ တုံ့ဆိုင်းဆိုင်း ထပ်ပြောပြီး ဟိုကြည့် ဒီကြည့်နှင့် ဒေါ်တင်မေ ပြောသလို ချိန်တွက်ကြည့်နေမိသည်။

ဒါပေမယ့် ကိုယ် မမှားဘူးဆိုတာပဲ ကျန်ရစ်ကာ မှားနေတာကိုလည်း ရှာမရ ..။

"ကိုထူး .."

ဒေါ်တင်မေ့ လည်း ဒေါသတကြီး နားစွင့်ရင်း ရန်ဖြစ်ဖို့ အသေအချာ စောင့်နေပြီးမှ တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားကာ ...

"ကိုထူး .."

ဦးထူး ကို အလန့်တကြား ခေါ်ရင်း လက်မောင်းကိုပါ ကိုင်လှုပ်ကာ ...

"ကျွန်မ .. ကျွန်မ တစ်ခု တွေးမိတယ် .. ကျွန်မ သိပြီ .. အဲ့ဒါ.. အဲ့ဒီ ဖျာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"အေးပုံ ခုနကပဲ ပြောသွားတာ .. ခဏနေဦး ..၊ အေးပုံ .. ဟဲ့.. အေးပုံ .. လာစမ်း မြန်မြန် .."

အေးပုံ ပြေးထွက်လာသည်နှင့် ဆု နဲ့ သားတို့ မြောက်ပိုင်းခြံထဲမှာ ရန်ဖြစ်ခဲ့တုန်းကအကြောင်းကို သေချာမေး၏။

"ဟုတ်တယ် .. မမဆု .. အဲ့ဒီဖျာပေါ်မှာ အိပ်နေတာ ..၊ အကြီးက မမဆု နဲ့နေပြီး လိုတာလုပ်ပေးဆိုလို့ ကျွန်မ အဲဒီမှာလိုလိုပဲ အချိန်တိုင်း ရှိနေတာပါ၊ ရန်ဖြစ်ပြီးတော့တောင် ကျွန်မပဲ ဖျာပြန်သိမ်းပြီး ဒီယူလာခဲ့တာ .."

"အင်း .. အဲဒီမှာ ဟိုမှာတွေ့ .. ဒီမှာတွေ့နဲ့ ..၊ ပြီးတော့ သားလည်း ခင်းအိပ်မိရော ဆု ရောက်လာပြီး ပြဿနာတက်ကုန်ရော .."

ဒေါ်တင်မေ က သေချာ စဉ်းစားပြီး ဆက်စပ်ပြနေရင်း ...

"အခု ရှင် ကျွန်မကို ယောက်ျားတစ်ယောက်နဲ့ တွေ့ပြီး စွပ်စွဲပြန်ပြီ .."

"တင်မေ .. မင်း သူခိုး လူမိပြီး ကယောင်ချောက်ချားတွေ ပြောနေတာလား ..၊ ဖျာကပဲ ဖန်တီးနေရတယ်လို့ .. အဓိပ္ပာယ်မရှိ .."

"ကိုထူး .. ရှင် ကျွန်မကို ထပ်မစွပ်စွဲနဲ့နော် ..၊ အကျိုးအကြောင်းနဲ့ ပြောပြနေတာကို နည်းနည်းပါးပါး ခေါင်းထဲထည့်ကြည့် ..၊ ဒီဖျာပေါ်မှာ အိပ်မိတဲ့ လင်မယားတိုင်း ဒီလိုဖြစ်နေတာ လုံးဝ သေချာတယ် .."

ဦးထူး ပါးစပ်က မငြင်းသာပေမယ့် ခေါင်းခါနေခဲ့၏။

"ကျွန်မ ဖျာအကြောင်း အေးပုံ ကို မေးပြီးပြီ .. ဖျာအသားလေးနလို့ သေချာပွတ်ကြည့်နေတာပါ ..၊ ရှင် ကျွန်မကို ဘာလို့ မယုံတာလဲ ..၊ ရှင်နဲ့ ကျွန်မတို့ရဲ့ စာရိတ္တတွေကို ဒီအရွယ်ကျမှ ယုံထင်ကြောင်ထင် လာဖြစ်နေတာ ဒီဖျာကြောင့် မဟုတ်ရင် ရှင် ရူးသွားပြီ .. ဒါပဲ"





"ငါ .."

"ဆု ကို လူတစ်ယောက်နဲ့ သားမြတ် က မြင်တယ် ..၊ သက်သေ ခြေရာ တခြား မြင်လိုက်တဲ့သူ တစ်ယောက်မှ မရှိဘူး .."

"အင်း .."

"သားကို ဆု က မိန်းမတစ်ယောက်နဲ့ အခန်းထဲမှာ ရှိခဲ့တယ်..၊ ရှေ့တင် ထွက်သွားတယ်လို့ စွပ်စွဲတယ်လေ .. အဲဒါကိုရော မြင်သင့် တယ်ဆိုတဲ့လူတွေ ဘယ်သူမှ မြင်လိုက်တယ် မပြောဘူး ..၊ အခု စွပ်စွဲတာ မှန်တယ်ထင်ရင် သက်သေတစ်ခုခု ရှာလိုက်စမ်းပါ ..၊ မှန်တယ်ဆိုရင် ကျွန်မ ကိုယ့်လည်ပင်းကို လှီးပြီး သစ္စာဆိုပြမယ်.."

ဦးထူး ဘာမှ မပြောနိုင်တော့ပေ ..။

"ကျွန်မတို့မှာ ဘာမှ အားကိုးစရာ မရှိတော့ဘူး ကိုထူး ..၊ ဒီ ဖြစ်က ရေနစ်နေတုန်း မြင်ရတဲ့ ကောက်ရိုးတစ်မျှင်ပဲ .. ၊ ဒါကြောင့် သက်ဆက်နိုင်မှာ မဟုတ်ဘူးဆိုလည်း ဆွဲတော့ ဆွဲမိမှာပဲ .."

"မင်းက ဘာလုပ်ချင်လို့လဲ .."

"မြို့ကို ဖုန်းလှမ်းဆက်ထားလိုက်လေ ..၊ မနက်ဖြန် အော်ဒါ က်မခံဖို့ မှာပြီး တောစပ်မှာ လာကြိုဖို့ .."

"ဘယ်သွားမှာလဲ ..၊ ကားတွေက အော်ဒါရှိရင် နှစ်ရက် သုံးရက် က်ပြီး လက်ခံထားတာတွေပဲ ဖြစ်နေမှာ .."

"ဒါဆိုလည်း ဒရိုင်ဘာတစ်ယောက်ကို တခြားကားတစ်စီး ရှာပြီး ကြိုခိုင်းရမှာပဲ ..၊ အဲဒီဖျာ ရလာခဲ့တဲ့ ရွာဟောင်းနဲ့ အိမ်ပျက်ကြီး ဆီ ပြန်သွားရမယ် .."

"ဟာ!... အဲဒီမှာ လူတွေ မနေပါဘူးတဲ့ ဆိုမှ .."

"လူရှိလို့ ဖျာထွက်ရောင်းလိုက်တာပေါ့ ..၊ ဘာဖြစ်ဖြစ် ဒီဖျာ ဝင်မကောင်းခဲ့လို့ ခိုက်နေတာ .. ဖျာအကြောင်း ရအောင် စုံစမ်း ..၊ ဟဲ့ .. အေးပုံ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .."

"မနက်ဖြန် ခရီးသွားမယ် .. နင် လိုက်ခဲ့ .. ဘယ်သူမှ မသိစေနဲ့ ဒီဖျာ ပြန်သိမ်းပြီး သေချာခေါက်ထား .."

"ဟုတ်ကဲ့ .."

အေးပုံ အားလုံးကို ပျာပျာသလဲ ပြန်သိမ်းသွား၏။

"မင်းနဲ့ငါ သွားရင် ကောင်လေးတွေကို ဒီတိုင်း ထားခဲ့လို့ ရပါ့မလား .."

"ဘာဖြစ်လို့လဲ .."

"မနက်ကပဲ မိုးညိုရွာနားမှာ ဆု ကို ချောင်းဖို့ ရစ်ဝဲ ရစ်ဝဲ လုပ်နေကြတယ်တဲ့ ..၊ ကုန်းထိပ် ဟိုဘက်မှာ အကြီးအကျယ် ဖြစ်ကြတော့မလို့ .."

"ဟင်!..."

ဒေါ်တင်မေ ရင်ဘတ် ဖိမိသွား၏။

"သားမြတ် လား .. သားမြတ် သွားချောင်းတာလား .."

"မဟုတ်ဘူး .. ဒီကောင် ဘယ်ချောင်မှာ သွားအိပ်နေသလဲ မသိဘူး၊ မနက်က ဖြစ်ကြတာ .. သန်းစိုး တို့ .. ငတိုး တို့ချည်းပဲ၊ အားလုံး ငါးယောက် .. ဟိုဘက်က ခုနစ်ယောက် ရှစ်ယောက် ရှိတယ် ပြောတာပဲ၊ တောစပ်မှာ ကြွက်ထောင်တဲ့ သားအဖ ပြေးပြောလို့ ကိုစိန်မောင် ကိုယ်တိုင် လိုက်ခေါ်ခဲ့ရတယ်တဲ့ ..၊ အဲဒီကိစ္စနဲ့ ငါ ခုပဲ ကိုစိန်မောင် ခေါ်လို့ သွားပြီး ပြန်လာတာ .."

"ဒီကောင်လေးတွေကလည်း ခက်တော့တာပဲ .. ဆု ကိုယ်တိုင် လိုက်သွားတဲ့ဥစ္စာ .. သူတို့ ဆု ကို တွေ့တော့ရော ဘာပြောနိုင်မှာမို့လို့လဲ .. ဒုက္ခပါပဲ .."

"ဒါကတော့ မင့်သား အခြေအနေကို ကြည့်ပြီး သူငယ်ချင်းချင်း လက်သည်းဆိတ်တော့ လက်ထိပ်နာတာပေါ့ကွာ .. ကိုစိန်မောင် အ





လည်း စိုးရိမ်နေတာ .. ဒီကောင်တွေ ဆု ကို ထပ်တွေ့ဖို့ အမျိုးမျိုး ကြိုးစားနေကြမှာ တဲ့ ..၊ ရွာထဲထိ လွန်ကျူးဝင်သွားမိရင် ဟိုဘက်က သွားမှာ မဟုတ်ဘူး.."

"ဟုတ်တယ် .. ဒါပေမယ့် သွားရမှာပဲ ကိုထူး .. အခု ဒီဖျာရဲ့ လျှို့ဝှက်ချက်ကို ရှင်တောင်မှ မယုံတာ .. ဘယ်သူ့ကိုမှလည်း ပြောပြထားခဲ့လို့ မဖြစ်ဘူး .. ဒါ တကယ် ကျွန်မတို့ထင်တဲ့အတိုင်း မှန်နေတယ်ဆိုရင်တော့ သူတို့လင်မယား ဖြစ်ကြရတဲ့ပြဿနာကို ရှင်းနိုင်မှာပဲ .. ဒါ မသွားလို့ ရကို မရဘူး .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

"အို!... ဘာလို့ ပြန်ရမှာလဲ ဂျင်မ် .. နင် အရင်ပြန်စရာ မလိုပါ ဘူး ..၊ ဒီကိစ္စ သူ့ဘာသာ မိုက်ရိုင်းပြီး စွပ်စွဲတာ .. နင်နဲ့ ဘာမှမဆိုင် ဘူး.."

"ဟုတ်တယ် ဂျင်မ် .. နင် ဒီလိုလုပ်ဖို့တော့ မလိုပါဘူး .. ပြန်ရင် ငါတို့တွေ အတူတူပဲ ပြန်ကြမှာပေါ့ ..၊ ဒါပေမယ့် ဆု .."

သောင်းသောင်း က ဆု ကို လက်လေးဆုပ်ကိုင်ကာ ...

"နင်လည်း ဒီရက်ပိုင်းမှာ ပြန်ဖို့ မသင့်ဘူးနော် .. အကြီးသော က နင့်ကိစ္စတွေကို သူပဲ ဒါရိုက်တာ .. သူပဲ သရုပ်ဆောင်နေတာ သိပ်တော့ သဘာဝမကျဘူး .."

"အေးဟ .. နင် မပြောခဲ့တဲ့ စကားတွေကို ထည့်ပြောနေတာ ကြည့် ..၊ တစ်ခုတလေလည်း မဟုတ်ဘူး .. အန်တီတို့ကို ဘယ်လော အားနာဖို့ကောင်းလဲ .."





သူတို့မှာလည်း ရွာကိုရောက်တာ ဘာမှ မကြာသေးဘဲ အန်တီတွေ .. အကြီးတွေ အရီးတွေက အလှည့်ကျ နှင်း ပါးစပ်ထဲ ရောက်လာကာ ဘယ်လိုတွေ ခေါ်မိမှန်းတောင် မသိတော့ပါ ..။

ဂျင်မ် က ထိုင်ရာမှ ထလာပြီး မမှီတမှီ အမြင့်လောက်က ကိုင်းဖျားလေးတစ်ခုကို ခုန်ဆွဲလိုက်သည်။

ပြီးမှ ဒီဘက်လှည့်၍ ...

"အဲဒီ ဆု က အရုပ်မလို လုပ်နေတာကိုး ..၊ အခု ရန်ကုန်ပြန်ပို့ဖို့ လုပ်နေပြန်ပြီ .. ဒါလည်း ပါးစပ်ပိတ်နေတုန်း .."

"အေးလေ .. အစကတော့ နင် စွပ်စွဲခံရတာကို သူပဲ ရအောင် ရှင်းမယ် .. ဖော်ထုတ်မယ်နဲ့ .."

တောလမ်းကလေးမှာ တစ်ထောက်နားရင်း သူငယ်ချင်းတွေ ရင်ထဲရှိတာ ပြောခွင့်ရနေခဲ့သည်။

ဒါပေမယ့် မလှမ်းမကမ်းမှာ လူရိပ်တွေ အမြဲတမ်း ရှိနေကြ၏။

ငှက်ပစ်တာလိုလို .. ထင်းရှာနေသလိုလို ..။

"ဟွန်း .. တကယ် တွေးကြည့်ရင် ငါတို့ ခုမှ အကျယ်ချုပ်ချခံနေရသလိုပဲ ..၊ ဂရုစိုက်တာလိုလို .. ချစ်တာလိုလိုနဲ့ အိမ်သာတက်တာတောင် ကြိုးချည်မလွှတ်ရုံ တစ်မယ်ပဲ .."

သိပ်မကြာသေးဘဲ ပုံစံတွေက သိသာလာသည်။ အထူးသဖြင့် ဆု ကို နည်းနည်းလေးမှ မျက်စိအောက်က အပျောက် မခံဘဲ တစ်ခါတလေ မသွားပါနဲ့ ..၊ မလာပါနဲ့ ..၊ ဘယ်ကိုလဲ .. ဆိုတာထိ ပေါ်တင်မေးပြီး တားမြစ်တာတွေ ရှိ၏။

"ကျွန်းတိုင်းက လူတွေနဲ့များ ကွာပါ့ .. ဘယ်မျက်နှာကြည့်ကြည့်ခင်ဖို့လည်း မကောင်းဘူး ..၊ အကြီးသေး ကိုလည်း ငါဖြင့် အရင်တိုင်းခေါ်တင်မေ့ ကို ခင်သလို ခင်လို့ မရပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မျက်နှာကြီးက မအေးချမ်းသလိုပဲ .. သူက စိုး ရွာသားတွေ အကုန်လုံးပဲ .. မျက်နှာတွေက သောဘ မောဟတွေ အဆိပ်တက်နေကြတာ .."

"အမှန်ပေါ့ .."

ဂျင်မ် က မလှမ်းမကမ်းမှာ ထင်းကောက်နေသည့် လူတစ် ယောက်ဆီ ခပ်တုတ်တုတ် သစ်ကိုင်းခြောက်နှင့် လွှဲပေါက်ပစ်လိုက်ပြီး လှည့်မကြည့်ဘဲ ထောက်ခံနေသည်။

"ဟော့ကောင် .."

ခေါင်းကို ပွတ်ရင်း ဒေါသထွက်သွားသည့်မျက်နှာနှင့် လှမ်းခေါ် တော့ ဆု တို့ ထိတ်သွားကြ၏။ ဂျင်မ် က အေးဆေးမျက်နှာနှင့် လှည့် ကြည့်ကာ ...

"ခေါ်လိုက်တာလား .."

"မင်း ငါ့ကို ဘာနဲ့ ပေါက်လိုက်တာလဲ .."

"ပေါက်တာ မဟုတ်ပါဘူး .. သစ်ကိုင်းခြောက် ပစ်ပေးလိုက်တာ လေ ..၊ ခင်ဗျား ထင်းကောက်နေတာ မဟုတ်ဘူးလား .."

"ဘာကွ!..."

ဂျင်မ့် ထက်တော့ အသက်ပိုကြီးပုံရသည့်လူက ဂျင်မ် ပေါက်လိုက် သည့် သစ်ကိုင်းခြောက် တစ်ထွာလောက်လေးကို ဆတ်ခနဲ ငုံ့ကောက် ပြီး ထောင်ပြကာ ...

"ဒါက ထင်းဖြစ်မယ့်ဟာလား .."

"မသိဘူးလေ .. ခင်ဗျားပဲ ဒါမျိုးလေးတွေ လိုက်ရှာနေတာလား လို့ .."

"မင်း .."

"ဒီနားမှာ ဒါပဲ ရှိမှာပေါ့ဗျ .. ယောကျ်ားတွေ တောထဲဝင်ပြီး ထင်းခွေတာပဲ ကြားဖူးတယ် .. တီကောင်လောက် .. မျှော့လောက်





သစ်ကိုင်းခြောက်လေးတွေ လိုက်ကောက်တာ မမြင်ဖူးဘူး .."

"ဟော့ကောင် မြို့သား .."

"ဒီမှာ ရှင့် .."

ဆု က ဒေါသထွက်လာသည့် မျက်နှာလေးနှင့် လျှောက်လာသည့် လူ ရှေ့ကနေ ကြားဝင်ရပ်လိုက်ပြီး ...

"ဒါ ဆု ရဲ့ သူငယ်ချင်းတွေပါ .. ရှင်တို့ရဲ့ ဧည့်သည်ပါပဲ .. အိမ်ရှင်ဖြစ်ပြီးတော့ .."

"ဧည့်သည်လို မနေရင် အိမ်ရှင်ကလည်း ဆုံးမရမှာပဲ .."

"အိမာ .."

သောင်းသောင်း တို့ကလည်း မကျေနပ်သည့်စိတ်အခံနှင့် နှစ် ယောက်စလုံး ဝင်ပါလာကြကာ ...

"ဆုံးမတာ ခံရအောင် ဒီကလည်း ခြေ မရှိ လက် မရှိမှ မဟုတ် ဘဲ .. လုပ်ကြည့်ပါလား .."

"နင်တို့ကို မိန်းကလေးတွေမို့နော် .. ဟွန်း .."

"ဩော် .. မဟုတ်ရင်တော့ သည်းမခံနိုင်ဘူးပေါ့ ..၊ ရွာလူကြီးရဲ့ ဧည့်သည်တွေကို ရွာသားတွေက အဲဒီလို ဂရုစိုက် လေးစားကြတာ ကျေးဇူးပါပဲ .."

"ဘာဖြစ်ကြတာလဲ .."

ခပ်ကြီးကြီး မိန်းမကြီးတစ်ယောက် ခပ်သုတ်သုတ် ရောက်လာပြီး ဆု တို့ကို ချော့မော့ တောင်းပန်သွားသည်။

ဆု တို့က ကျေနပ်တဲ့အကြောင်း တစ်ချက်မှ စကားမပြန်သလို ပြုံးလည်း မပြကြပေ..။

"ဟွန်း .. ဘာပုံတွေမှန်းကို မသိဘူး .. ငါဖြင့် ရန်ကုန်ကို ပြန်ရရင် ပြန် .. မဟုတ်ရင်တော့ သားမြတ် တို့ရွာကိုပဲ ပြောင်းနေချင်တော့တယ်၊ အန်တီဆိုရင် သူ့သားကို ဆု က ဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



မထွက်တဲ့အပြင် မျက်ရည်လေး တလည်လည်နဲ့ ..''

''ဟုတ်ပ .. ရွာသားတွေဆိုလည်း ငါတို့ကို သူများရွာကို အထင်ကြီးပြီး လိုက်သွားတယ်ဆိုတဲ့ မျက်လုံးတွေနဲ့ ဘယ်သူမှ မကြည့်ကြဘူးနော် .. ခုချိန်ထိ ဒီအနီးအနားမှာ လှမ်းတွေ့လိုက်ရင် ခေါ်ချင် ပြောချင်လွန်းလို့ တရစ်ဝဲဝဲ တကြည့်ကြည့်နဲ့ ..''

''ငါတောင် နားလည်နေပြီ .. နင်တို့ နားမလည်သေးဘူးလား..''

ဂျင်မ် က စကားစ၍ ...

''ဆု ရဲ့ ဒေါ်သေးသေးကြီး က အဲဒီရွာကို အနိုင်ရလိုမှုနဲ့ ဆု ကို လုယူလာတာ ..၊ စောင့်ရှောက်ချင်တာမှ မဟုတ်တာ ..''

''ဟုတ်တယ် .. အန်တီတို့ကသာ သူငယ်ချင်းရဲ့သမီးလို .. သူတို့ရဲ့ ချွေးမလေးလို .. ဆု ကို အရမ်း အလိုလိုက်ပြီး ချစ်ကြတာ ..''

သူတို့မှာ ဆု နားလည်လာမလားလို့ မေတ္တာတရားရဲ့ အေးမြခြင်းတွေကို အခါခွင့်သင့်သလို ဖော်ကျူးနေကြရသည်။

ဆု က ခုချိန်ထိ မတုန်မလှုပ် ..၊

''ဆု ..''

''ဟင် ..''

''ငါကတော့ .. ငါနဲ့ နင့်ကို စွပ်စွဲထားတဲ့အတွက် နင်ရှိတဲ့ အရပ်မှာ အတူနေရတာ စိတ်မလုံတော့ဘူး ..''

''ဘာ!..''

''အဲဒါကြောင့် ငါ ပြန်မယ်လို့ ပြောတာ ..''

''ငါတို့လည်း ပြန်ရတော့မှာပဲ ..''

''နံပါတ်တစ် နင်တို့နဲ့ အတူပြန်သွားရင် နင်နဲ့ ငါ့ကို ပိုပြီး ပြောစရာ ဖြစ်လာမယ် ..၊ နံပါတ်နှစ် ဒေါ်သေးသေးကြီး စီစဉ်ပေးတဲ့ အစီအစဉ်အတိုင်း ငါ မလုပ်ချင်ဘူး ..''

''ဂျင်မ် ရယ် .. နံပါတ်နှစ်ကို ထားလိုက်ပါဦး .. ဒါပေမယ့် နင်





ဘာဖြစ်လို့ ခုမှ လူကြီးလေသံတွေနဲ့ ပြောနေတာလဲ ..''

''အေးလေ .. ဟိုမှာတုန်းကတော့ အထင်လွဲတာတောင် သူပဲ ချော့နေလိုက်တာ ..''

''စိတ်ဆိုတာ ပြောင်းလဲတတ်တာပဲဟာ ..''

ဂျင်မ် က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း မျက်နှာမှာ တည်ငြိမ်ခြင်းတွေ ပြည့်နှက်လျက် ...

''ကျွန်းတိုင်းရွာကလူတွေ ငါ့အပေါ်မှာ မမှန်းကြဘူး ..''

သူ့ခံစားချက်တွေကို အစကနေ ပြန်ပြောနေသည်။

''ဒေါ်တင်မေ တို့ မိသားစုကို သူတို့ ချစ်ကြတယ် .. သားမြတ်ကိုဆို .. သူ့သူငယ်ချင်းတွေက အသက်ပေးပြီး ကာကွယ်ကြမယ့်ပုံမျိုး ..''

''ဟုတ်တယ် ..''

နှင်း က ထောက်ခံ၏။

''ဒါပေမယ့် သားမြတ် နဲ့ ဆု ကို အခုလို ဖြစ်သွားစေခဲ့တဲ့ ငါ့အပေါ်မှာ ငြိုငြင်တဲ့အသံ တစ်သံမှ မထွက်ခဲ့ဘူး ..၊ အဲဒါက သူတို့ရွာသားနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ သံယောဇဉ်ကြောင့်ဆိုတာ ငါ နားလည်လာတယ်၊ ပြီးတော့ ရွာသားတွေအားလုံး ဒေါ်သေးသေးကြောင့် ငုတ်တုတ်မေ့သလို ဒီတိုင်း လက်မှိုင်ချပြီး အရှုံးပေး ကျန်ရစ်ခဲ့ကြတဲ့ မြင်ကွင်း .. အဲဒါတွေကို ငါ တမြည့်မြည့် ခံစားနေရတယ်..''

ဆု က ဂျင်မ့် မျက်နှာကို ကြည့်နေရင်း အံ့ဩလာသလို ဘာမှ မပြောဘဲ ငေးနေခဲ့၏။

''အဲဒါတွေ ငါ့ကြောင့်လို့ ခံစားနေမိတာလည်း ကြာလေ အပြစ်ကြီးတစ်ခုလို ခံစားမိခဲ့လပဲ ..''

''မဆိုင်ပါဘူးဟာ .. ထားလိုက်စမ်းပါ ..''

ဆောင်းနှင်း တို့ကလည်း အားပေးကြ၏။ ဂျင်မ် က ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



၍ ...

"သားမြတ် အထင်လွဲတာကိုတော့ ငါ့ဘက်က ရှင်းလိုက်ရင် ..."

"မဟုတ်ဘူး ဂျင်မ် .. ငါ ရှုပ်ခဲ့တာ မဟုတ်ဘူး .. ရှင်းဖို့လည်း မလိုဘူး .. နေ့ခင်းကြောင်တောင်ကြီး ခြံထဲမှာကို ..၊ သူ တမင် နင့်ကို မနေနိုင်အောင် လုပ်ချင်တာ .."

"မဖြစ်နိုင်ဘူး ဆု .. ယောကျ်ားချင်း ငါ သိတယ်၊ ပြီးတော့ သူ့ကို မနာလိုမိတဲ့စိတ်ကို ဖယ်ပြီး ငါ ကြည့်ကြည့်တယ် ..၊ သူ အဲ့ဒီလို အောက်တန်းကျတဲ့လူ မဟုတ်ဘူးလို့ ငါ ခံစားမိတယ်..၊ ဒီထဲမှာ တစ်ခု ခုတော့ လွဲနေတာ ရှိလိမ့်မယ် .."

"ဟုတ်ပါတယ် ဆု ရယ် .. နင်တောင် သူ့ကို .."

"ငါ မြင်ခဲ့တာ သူ့အိပ်ခန်း မိုးတိုးမှောင်တောင်ထဲမှာလေ .."

"ဒါပေမယ့် မှိုးချုပ်နေတာမှ မဟုတ်တာ .. သူ့လိုပဲ နင့်မှာရော သက်သေပြစရာ ရှိလို့လား .."

"နင့်ကိုယ်နင် ပြန်ဆန်းစစ်ကြည့်ဦး ဆု ..၊ သားမြတ် ကို နင် ချစ်မိနေပြီ .."

"ဂျင်မ် နော် .."

"ချစ်တာ ရှက်စရာ မဟုတ်ပါဘူးဟာ .. တောသားမို့ တောင် ပေါက်နေပေမယ့် သားမြတ် က မိခိုအားကိုးချင်စရာ ယောကျ်ားပါ .. ပြီးတော့ သူ နင့်ကို ချစ်တယ် .."

ဂျင်မ် က အနိုင်အမာ ပြောနေပြီး ပြုံးသည်။

"နင် သူ့ကိုထားပြီး လှည့်ထွက်လာတုန်းက နင့်အကျင့်အတိုင်း မျက်နှာမော့ပြီး ပြုံးပျော်လာနိုင်ခဲ့လား ..၊ နင်က အနိုင်ရရင် ပြုံးနေတတ် တဲ့သူပါ ..၊ ရှုံးတဲ့သူကို ပိုပြီး ငိုချင်လာအောင် ထိုင်ပြောနေရတာ လည်း ဝါသနာကြီးတယ် .."

"ငါ အဲလောက် မဟုတ်ပါဘူး .."





"ဟုတ်တာ မဟုတ်တာကို ငါက ငါ့ရင်ဘတ်ကြီးနဲ့ မှတ်တမ်း တင်ထားတာပါ .."

"ဘယ်လို!..."

"ငါ နင့်ကို အဖြေတောင်းတိုင်း အော်ထုတ်ချင် ထုတ် ..၊ မဟုတ် ရင် နင် မဲ့ရွဲ့ လှောင်ရယ်တာပဲလေ .. ဘာတွေ ပြောခဲ့သလဲဆိုတာတော့ နင် မမှေ့လောက်ပါဘူး ..၊ ငါက နာကျင်လို့ ရေရွတ်နေတာ မဟုတ်ဘူး နော် .. နင့်ကိုယ်နင် မေ့နေတာလေးတွေကို ဖော်ပြပေးတာ .."

ဆု ဘာမှမပြောနိုင်တော့ပေ။ ဆောင်းနှင်း တို့လည်း စိတ် ကောင်းဖြစ်သည့် မျက်ဝန်းတို့နှင့် ဂျင်မ့် ကို ကြည့်ပြီး သက်ပြင်းချ မိကြ၏။

"အချိန်အကြာကြီး တွဲသွား ခင်မင်နေကြပေမယ့် နင် ငါ့ကို မချစ် နိုင်ဘူး ..၊ ခဏပဲ တွေ့ရပေမယ့် သားမြတ် ကို နင် ရင်ခုန်သွားတယ်၊ အဲဒါ ယုံကြည်ခြင်း .. အထင်ကြီး သက်ဝင်ခြင်းပဲ၊ ဟုတ်ပါတယ် .. သားမြတ် က ငါ့ထက် အများကြီး သာတဲ့ အရည်အချင်းတွေ ရှိတဲ့သူ ပါ၊ နင် ချစ်မိသွားတာ အပြစ်မှ မဟုတ်ဘဲ .."

"တော်တော့ ဂျင်မ် .. ငါတို့ ပြန်မယ် ..၊ နင်တို့ ထင်စရာဖြစ် အောင် ငါ့အမူအရာတွေ ဖြစ်နေရင်လည်း အဲ့ဒါကို ငါ အချစ်လို့ မသတ် မှတ်ဘူး ..၊ သူ့လိုလူကို ချစ်စရာအကြောင်းလည်း မရှိဘူး .."

ဆု က ဘောက်ဆတ်ဆတ်လေး လျှောက်ထွက်သွားသည်။ အနား မှာ မယောင်မလည်ရှိနေတဲ့ လူနှစ်ယောက် ဆု ကို လိုက်ကြည့်ပြီး သိမသာ ကပ်ပါသွားကြ၏။

"နင်တို့ကိုလည်း ကြည့်ချင် ကြည့်နေမှာ ..၊ အဲဒီတော့ လိုက်သွား ဦး .."

"ဘာ!..."

"ငါ ရှာနီးချုပ်စပ်ကို လျှောက်ပတ်ကြည့်မလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဂျင်မ် ရယ် .. နင့်ကိုလည်း သူတို့ ကြည့်နေမှာပဲ .. ငါတို့ ကွယ်ရာမှာ နင့်ကို သူတို့အုပ်စုနဲ့ လူပါးဝ ပြောနေလိမ့်မယ် ..၊ ဘယ်မှ မသွားနဲ့ .. လာ .."

"သွားမှာပဲ .. ငါ ကျွန်းတိုင်းရွာက လူတွေနဲ့ စကားပြောချင်တယ်၊ ရွာအပြင် အနီးအနားမှာ သားမြတ်*ရဲ့သူငယ်ချင်းတွေ တစ်ယောက်မဟုတ် တစ်ယောက် အမြဲရှိတယ် ..၊ အဲဒါ ငါ သိတယ် - သူတို့နဲ့ ငါ တွေ့ရမှ ဖြစ်မယ် .."

"ဂျင့်မ် .. ဆု က 'အိုခေ' မပြေသေးဘူးနော် .."

ဂျင်မ် က လှည့်မကြည့်တော့ဘဲ လျှောက်ထွက်သွားသည်။

ဘာတွေ ဖြစ်လာမယ်ဆိုတာတော့ မသိ ..။





## အခန်း(၃၂)

"ဟယ် .. ကိုကြီးအောင် .. မိုးကြီးချုပ်မှ တစ်ယောက်တည်း ဘာတာလား .."

သူဇာ က ပြောင်းဖူးဖက်တွေ စီနေရင်း ဘာပျာကယာ တံခါးထဖွင့်သေး၏။ ထူးလင်းအောင် က ဆရာကြီးစတိုင်လ်နှင့် ရယ်နေကာ ...

"နှာ ဘာသာ လာတာပေါ့ .. ဖေ ရော .. ဖေ .."

"ဘကြီးတို့ .. ဘကြီးတို့လား .."

ခရီးသွားကြတယ်လို့ ပြောလို့ မဖြစ်မှန်း သိကာ ...

"ခုနကပဲ မြို့က ကားကိစ္စ ဘာပြောစရာရှိလို့ဆိုလား .. ဪ.. ကိုကြီးအောင် ကလည်း .. အကြီးတို့ ဘကြီးတို့က ဒီလိုပဲ သွားစရာရှိရင် အတူတူ သွားကြတာ များတယ်လေ ..၊ ကိုကြီးအောင် ထမင်းစားပြီးလား .. အထဲဝင်လေ .."

"ဝင်ဘူး .."

"မဝင်ရင် ဘယ်သွားမှာလဲ ..၊ ကျောင်းပြန်မှာလား .."

"အထဲမှာ ဒူ ရှိရဲ .."

"ဘယ်သူမှ မရှိဘူး .. အရီး မလုံး တို့ သားအမိ လာအိပ်.. အဲ.. ဘာလည်လာဦးမယ်ဆိုပြီး မလာကြသေးဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ထွေးလင်းအောင် မျက်နှာကြီး မဲ့သွားကာ ချက်ချင်း နောက်ပြန် လှည့်၏။

"တွားရော့မယ် .."

"ဟင် .. ဘယ်ကိုတုံး .."

"ဘယ် ချစ်ချစ်ပေါ့ .."

ကျန်းမာရေးမကောင်းဘူး ဖြစ်လာကာမှ ထွေးလင်းအောင် ပုံစံက ဝတုတ်တုတ် .. ခပ်ကြမ်းကြမ်းပုံကြီး ဖြစ်လာကာ မယုံနိုင်လောက် အောင် ရင့်ရော်သွားခဲ့သည်။

ပြန်ထွက်သွားသည့် ကျောပြင်ကြီး အမှောင်ထဲမှာ ပျောက်သွားမှ သူဇာ ပြန်ထိုင်၍ ပြောင်းဖူးဖက်တွေ စီရင်း စိတ်ကမပါ ..။ ကိုကြီး အောင် တစ်ယောက်တည်း ထွက်လာတာ ဆရာတော်ကြီး သိရဲ့လား..

နေ့ခင်းဘက်တောင်မှ ကပ္ပိယကြီး ပါမှ အပြင်ထွက်ရတာကို တွေးမိရင်း အခု လာတဲ့ကိစ္စကို တစ်ယောက်ယောက်ကို ပြောပြချင် သည်။ ဒါပေမယ့် အိမ်မှာ ဘယ်သူမှ မရှိ ..။

သားမြတ် နဲ့ အုံ့မောင် တို့ အုပ်စု တီးတိုးပြောရင်း ထွက်သွားကြ တာ မြင်ပေမယ့် ဘယ်သွားမှာလည်း မသိပေ ..။

"ဟော .. ကိုကြီး သန်းစိုး .."

သန်းစိုး က ဆေးလိပ်လက်ကြားညှပ်လျက် တံခါးဝမှာ ရစ်ကာ..

"သားမြတ် ရော .."

"ကိုကြီးသား တို့ ထွက်သွားတယ်လေ .. ဘယ်သွားမှန်းလည်း မသိဘူး .."

"ဟာ!... သွားကြပြီလား ..၊ ငါ နောက်ကျသွားပြီ .."

သန်းစိုး ချက်ချင်း လှည့်ပြေးဖို့ ပြင်လျှင် ...

"ကိုကြီးသန်းစိုး .. နေပါဦး .. ကိုကြီးသား က ဘယ်သွားတာ လဲ ..၊ အိမ်မှာ လူကြီးတွေ မရှိကာမှ .."





"ဆု ကို သွားခိုးတာ .."

"ဟယ်!..."

သူဇာ အံ့သြလွန်းသဖြင့် မျှတ်ခနဲ ထရပ်ကာ မျက်နှာလေးမှာ တဖြည်းဖြည်း ပြုံးလာလျက် ...

"ဟုတ်လား .. မမဆု နဲ့ ပြန်ပြေလည်သွားပြီပေါ့ .. ပျော်စရာ ကြီး ..၊ ဒါနဲ့ ခုနက ကိုကြီးအောင် တစ်ယောက်တည်း ရောက်လာတယ် သိလား .."

"ဟင်!... ကိုးနာရီတောင် ထိုးတော့မယ် .."

"ဟုတ်တယ် .. ကပ္ပိယကြီးလည်း မပါဘူး ..၊ အဲဒါ ဆရာတော့် ကို ဝင်လျှောက်ပေးစမ်းပါ .."

"ဟာ!... ငါတို့က သူခိုးကြမ်းပိုး သွားလုပ်မလို့ဟာ .. ဘုန်းကြီး ကျောင်းကို ဝင်စရာလား ..၊ ကိုကြီးအောင် က ကလေးစိတ်ပေမယ့် သိပါတယ် .. သူလည်း တစ်ခါတလေ နိုးထွက်ပြီး ခြေဆန့်လက်ဆန့် သွားချင်မှာပေါ့ ..၊ ဘာမှမဖြစ်ဘူး .. ကိုယ့်ရွာထဲမှာ ကိုယ် .."

နောက်ကျနေပြီဆိုသည့် သန်းစိုး ကို စကားမဆုံးခင်မှာပဲ မမြင်ရ တော့ပေ ..။

သန်းစိုး သွားနေရင်း ဓာတ်မီးထုတ်ကိုင်ကာ ပြေးရခြင်းသို့ရောက် ကာ ...

ခွေးကောင်တွေ ငါ လိုက်ပါမယ်ဆိုမှ မစောင့်ကြဘူး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

ချေးအူသံတွေက ကျက်သရေမဲ့သလောက် ဆွဲဆွဲငင်ငင်နှင့် မငြိမ်းနိုင် ..။

တစ်ကောဝ်ပြီးတစ်ကောင် ဆက်တိုက်အော်သည်။ နှစ်ကောင် သုံးကောင် ပြိုင်အော်တော့ ကြားရတဲ့လူမှာ ကြက်သီးတွေပါ ဖြန်းဖြန်း ထလာ၏။

ပတ်ဝန်းကျင်သည် ဘယ်ကိုကြည့်ကြည့် မှောင်နဲ့မည်းမည်းမြင် ကာ လသာရက်ပေမယ့် တိမ်ဖုံးနေတော့ လက မသာ ..။

"ရောက်တော့မယ် မျက်နှာဖုံးတွေ စွပ်ကြတော့ .."

"စွပ်ပြီးနေပြီ .. ကောင်းရဲ့လား .. မင်း တစ်ချက်လောက် လှည့် ကြည့်ပေး .."

"အံမာ .. ဘာလို့ ကြည့်ရမှာတုန်း ..၊ သရဲမျက်နှာဖုံးပဲ ပြူး ပြဲ့တဲ ဖြစ်နေရင် ပြီးတာပဲ .."

မင်းမင်း ကြောက်နေတာကို သိသောကြောင့် သန်းစိုး က ပြော ကာ ...





"ရှေ့ .. မင်းက လှည်းပေါ်မှာ တစ်ယောက်တည်း နေခဲ့ရမှာ .. ဆေးလိပ် နာနာ ဖွာ .."

လက်ကို နောက်ကနေ ထိကပ်ပေးနေသဖြင့် မင်းမင်း က လှည့် မကြည့်ဘဲ ယူလိုက်လျှင် ...

"ဟား!... ဘာလဲ .. ဆေးလိပ်က မင်းအဘွား အိပ်ပျော်အောင် စောင့်ပြီး ခိုးလာရတာလား .."

ပြောင်းဖူးဖက် ဆေးလိပ်ကြီးက နည်းနည်းနောနော ရှည်တာ မဟုတ် ..။

"ငါ သောက်ဖို့ ပေးတာလား .. လူရိုက်ဖို့လား .."

သန်းစိုး က ရယ်ပဲ ရယ်နေကာ ...

"နှစ်မျိုးစလုံး အဆင်ပြေသလို သုံးကွာ .. ဒါပေမယ့် ဆေးလိပ်မီး ကို သရဲကြောက်တယ် .."

"သရဲကြောက်တာ မကြောက်တာထက် ဟိုရွာထဲကဟာတွေ လှမ်းမြင်သွားရင် ဘယ်လိုလုပ်မလဲ .."

ငတိုး က ပူနေသေးသည်။

"မပူနဲ့ .. လှည်းကို ကုန်းထိပ်ဘက် ကပ်မရပ်ဘဲ ပိတောက်နှစ်ပင် အောက်မှာ ရပ် ..၊ အရေးတကြီး မောင်းထွက်ပြေးဖို့လည်း အဆင်ပြေ တယ် .. ဆေးလိပ်မီးလည်း ရွာထဲက မမြင်ဘူး .."

"ငါက ပိတောက်နှစ်ပင်က စောင့်ရမယ် .."

မင်းမင်း မျက်လုံးဝိုင်းသွားသည်။ မှောင်နေတာမှ တော်ဦးမည်..၊ [illegible]နေသည့်လ ပေါ်ထွက်လာတော့ လဆန်းဆယ့်နှစ်ရက်၏အလင်း ရောင်အားက ကုန်းထိပ်နားက သချိုင်းတစ်စပြင်ကို ဒီတိုင်း လှမ်းမြင် ရလေ၏။

"ကျွတ်!... ငါ ကြောက်ပါတယ်ဆိုမှကွာ .."

"ဒါဆို မင်း ငါတို့နဲ့ ရွာထဲ ဝင်မလား .."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ .. သူ့ခြေထောက်နာနေလို့ လှည်းပေါ်က တမင်စောင့်နိုင်းတဲ့ညစ္စာ ..၊ မင်းတို့ ပြောနေတာနဲ့ လမွန်းတည့်နေပြီ .. ခိုးချောင်ခိုးဝှက် သွားရမှာ လင်းနေရင်လည်း မကောင်းပြန်ဘူး .."

"အရေးထဲ ဟိုပုဂ္ဂိုလ်လေးက စက်ဘီးတစ်စီးနဲ့ ရှေ့က .."

အံ့မောင် ကလည်း မျက်နှာဖုံးကို စမ်းရင်း သားမြတ် ကို မေ့မ္တူပို့နေ၏။ သူတို့ထဲမှာ သဲရဲ မကြောက်တတ်တာ သားမြတ် ပဲ ရှိသည်။

ငယ်ငယ်က သူများတွေကို သရဲလုပ်ခြောက်ခဲ့ကြတာလည်း သားမြတ် ခေါင်းဆောင်တာတွေပဲ ဖြစ်၏။ ခုတော့ အစီအစဉ်ထဲမှာ သားမြတ် က စက်ဘီးနဲ့ တစ်နေရာက စောင့်နေရမှာဖြစ်ကာ ဆု ကိုတော့ ဂျင်မ် နဲ့ မိန်းကလေးတွေက သားမြတ် ကို ခဏလောက် ဆင်းတွေ့လိုက်ဖို့ စည်းရုံးပြီး ခေါ်ချလာကြမှာ ဖြစ်သည်။

ဒီအစီအစဉ်ရေတွေကို ဂျင်မ် က သူကိုယ်တိုင် ကူညီမည့်အကြောင်း သားမြတ် အထင်လွဲတာကို ရှင်းပြရင်း အံ့မောင် တို့နဲ့ သတင်းပေးလိုက်တာ ဖြစ်သည်။ အစတည်းက အားလုံးကို မေ့ပစ်ပြီး ရှေ့ဆက်ချင်ခဲ့သည့် သားမြတ် က ဆု ကိုသာ တွေ့ရလျှင် ရှင်းပြ တောင်းပန်လို့ ရင်ရ ..၊ မရရင်လည်း ဖွတ်ခိုးပြေးဖို့ ဆုံးဖြတ်ထားခဲ့သည်။

"ဟိုမှာ .. သားမြတ် ပြန်လှည့်လာပြီ .."

စက်ဘီးနဲ့ လှည်းနား ပြန်ရောက်လာသည့် သားမြတ် က သူတို့ သရဲမျက်နှာတွေကို ဓာတ်မီးနဲ့ ဖျတ်ခနဲ ထိုးကြည့်ပြီး ရယ်သည်။

"ဟုတ်လှချေလား သန်းစိုး .."

"ဟုတ်ရမှာပေါ့ .. ငါ ဒါတွေ လုပ်နေရလို့ မနည်း ပြေးလိုက်ရတယ်၊ မင့်ကောင်တွေက ရွာထဲ ဒီတိုင်းဝင်ရဲမှာ ကျနေတာပဲ .. ငါ မစောင့်ဘူးလေ .."

"ငါတို့က မစောင့်တာ မဟုတ်ဘူးဟေ့.. အဲဒီသတ္တဝါ ခြေထောက် လက်မကိုင်မိဖြစ်ပြီး သွားနှင့်မယ် လုပ်နေလို့ စိတ်မချတာနဲ့ ...





လိုက်ရတာ .."

ငတိုး က မှန်းတာလည်း မဟုတ်ဘဲ ဒေါသထွက်နေတာလည်း ခဲ့ဖုံးနိုင် ..။

"တကယ်ကွာ .. ခုကျမှ မိန်းမလိုချင်လွန်းလို့ ဖျပ်ဖျပ်လူးနေတဲ့ အရွယ်လွန် လူပျိုဟိုင်းကြီး ကျနေတာပဲ .."

"ဟုတ်ပ .. မိဘက မိန်းမယူဖို့ ရန်ကုန်သွားပါ လွှတ်နေတုန်းကတော့ ဒီပုံစံနဲ့ တခြားစီပဲ .."

"တခြားစီပေါ့ကွ .. အမေတို့လွှတ်လို့ သွားရတုန်းက ခြေထောက်နဲ့ .."

"ခုတော့ ခေါင်းနဲ့လား .."

"ခု သွားနေတာက ဒီရင်ဘတ်ကြီးနဲ့လေ .."

ပြောနေပြီး ရယ်သည်။ စက်ဘီးကို မနင်းတော့ဘဲ သွားနေသည့် သားကနေ ရန်တိုင်ကို လက်တစ်ဖက်က ကိုင်၍ အသာလေး ကပ်လိုက်သာရင်း ...

"အခု ရန်ကုန်ပြန်တော့မှာလို့ ကြားလိုက်တာ .. ငါ့ရင်ဘတ်ကို ဒုန်းပစ်လိုက်သလိုပဲ ..၊ ဆု ကို တွေ့လို့ကတော့ ချော့ခေါ်လို့ မရရင် ဆွဲလို ခေါ်မှာပဲ ..၊ ဒသဂီရိထက် ဆယ်ပြန်လောက် ဆိုးပြမယ် .."

"ကဲ .. ကြိမ်းနေပြီ ..၊ မင်းမင်း လှည်းကို အဆင်သင့်သာ ပြင်ထားပေတော့ .."

"ဒါနဲ့ အေးဆေးခေါ်ရင် ရမှာပါဆို .. အပြန် စက်ဘီးလေးပေါ်တင်ပြီး အေးဆေးဆို .. ဂျင်မ် အပီအပြင် ပြောသွားတာတွေကို တကယ်ရော ယုံရပါ့မလား .."

မင်းမင်း က အားလုံးကို မျက်လုံးမရောက်ဘဲ မျက်နှာတစောင်း ကြည့်ကြည့်ပြီး သတိပေးသည်။

"ဘာဖြစ်ဖြစ် သတိတော့ ထားကြဦး .. ဒီကောင်ကလည်း ဆု



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိတ်ကြိုက်နေတာ အသိသာကြီးနော် ..."

"ဒါကတော့ သူ့စိတ်ရင်းနဲ့ ပြောတာပါ .. အောင်မြင်တာ မအောင်မြင်တာကတော့ ကံတရားပဲ ..၊ သူ တကယ်ကူညီချင်လို့သာ ငါတို့ရှိရာလာပြောတာပေါ့ .. ပြီးတော့ ဒီကိစ္စမျိုးက ဟိုကောင်မလေးတွေ မပါဘဲလည်း ပြီးမှာမှ မဟုတ်တာ .. ကောင်မလေးတွေကတော့ ဆု ကို ကြိုက်မနေလောက်ပါဘူး .."

"ပြောလို့ မရဘူး .. ဆု က ပက်ပက်စက်စက် လှတာ ..."

သန်းစိုး က ရယ်ကျဲကျဲနှင့် ပြောသည်။ သူ့မျက်နှာဖုံးကို ချွတ်လိုက် ကြည့်လိုက် လုပ်နေရင်း ...

"ဘာပဲဖြစ်ဖြစ် တစ်ယောက်ယောက်နဲ့ ပက်ပင်းတိုးလည်း သူတို့ လန့်ဖျပ်အောင်တဲ့အချိန်မှာ ငါတို့ ပြေးချိန်ရပါတယ် ..."

မိုးညိုရွာက ရွာလူကြီး လင်မယားကလည်း သရဲကြောက်ကြတာ နာမည်ကြီး ..၊ သရဲပူး .. စုန်းပူးသလို ရောဂါတွေ ဖြစ်လွန်းလို့ ဆရာခဏခဏ ပင့်ရတာလည်း ဒီရွာမှာပဲ အဖြစ်များ၏။

သူတို့မျက်နှာတွေမှာ သရဲမျက်နှာဖုံးတွေ တပ်လာရခြင်းက ထို့ကြောင့်ပဲ ဖြစ်သည်။ အဆင်ပြေတာ မပြေတာထက် ဒါက ကိုယ့်အတွက် ပြေးလမ်း ..၊

"အူး .. ဝူး .. ဝူး ..."

"ရှူး .. ဟိုမှာ လူရိပ် .."

တလှုပ်လှုပ်သွားနေသည့် လှည်းကို မင်းမင်း က တုံ့ထားလိုက်၏။ လူရိပ်က ခေါင်းငိုက်စိုက်နှင့် ကုန်းထိပ်ကို ကန့်လန့်ဖြတ် တက်သွားတာဖြစ်ကာ ခွေးတွေ ဝိုင်းအူကြတာ ဆူညံသွားသည်။

"တောက် .. သွား .. သွားစမ်း .."

"ဒုတ် .."

"ဝုတ် .. ဝူး .."





"အံမာ .. ငါ မသေသေးဘူး .. သရဲမှတ်လို့ အူနေကြတာလား..."

အာလေးလျှာလေးနှင့် ထမ်းထားတာကြီးကို ဘယ်ညာပြောင်း၍ ခွေးတွေကို ခဲနဲ့ လိုက်ထုနေသေးသည်။ စကားသံကို ဒီတိုင်း ကြားနေရသဖြင့် ...

"ဦးဝက်ကြီး ရယ် .."

"ဒီလူကြီး အချိန်တိုင်း မူးနေတာပဲ .. ဘာတွေ ရလာဖြစ်လဲ သိဘူး .."

"ဘာတွေရလာလာ .. ကုန်းဆင်းက မြောင်းကြားထဲမှာ အမဲဖျက်တာပဲ .."

ဦးဝက်ကြီး က မုဆိုးဖိုကြီးဖြစ်ကာ ရွာပြင် ရေမြောင်းလေးထိပ်မှာ တဲကုပ်လေးနဲ့ တစ်ယောက်တည်း နေ၏။ ဘာအလုပ်မှလည်း မလုပ်..၊ သူ့အတွက် ထမင်းဆိုတာလည်း မရှိ ..။

ဝက်ကြီး ဆိုသလောက် ဝက်သတ် .. နွားသတ် ကျွမ်းကျင်သဖြင့် ထိုအလုပ်ပဲ လုပ်သည်။ ရသည့် အသားငါးကို ဖုတ်လိုက် ပြုတ်လိုက်နှင့် စား၏။

ဘာကောင်မှ မသတ်ရလျှင် တောထဲမှာ ကြွက်ထောင် .. ယုန်ထောင်နှင့် ဘယ်အချိန်ဖြစ်ဖြစ် သွားလာ စားသောက်နေတာပဲ ဖြစ်၏။

သူ့အတွက် အချိန်ဆိုတာလည်း မရှိပေ။ အရက်နဲ့ အသားငါး ကြားမှာ အလင်းတွေ အမှောင်တွေ ပျောက်ဆုံးနေသူ ဖြစ်သည်။

"ဟေ့ကောင်တွေ .. ဘာဖြစ်လို့ မင်းတို့ ဘိုးအေကြီးကို စိတ်ဝင်စားနေတာလဲ ..၊ အချိန်နဲ့ ချိန်းထားကြတာ လှုပ်ရှားမယ်လေ .."

သန်းစိုး က ဆော်ဩလိုက်ပြီး လှည်းပေါ်က ခုန်ဆင်း၏။ ပြီးတော့ ...

"သားမြတ် .. မင်း စိတ်ရှည်မှ ရမှာနော်.. ဆု ကို မင်းဆီပါအောင် ခေါ်လာပေးမယ် ..၊ အဲဒါ ငါတို့ လှုပ်ရှားနေတုန်း မင်း ဆန္ဒစောပြီး ထဲ ဝင်လိုက်မလာနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မလာပါဘူး .."

"အေး .. ရွှေမန်းတင်မောင် ကာဠုဒါယီအမတ်နေရာက သရုပ်ဆောင်သလို 'စိတ်ချပါ ပြေပြေပြစ်ပြစ် ရှိပါစေမယ်' ဆိုတာမျိုး ပြီးတော့ လုပ်ချင်ရာ လုပ် .."

"အေးပါ .."

"သားမြတ် မင်း မရယ်နဲ့နော် .. ငါတို့ စိတ်ဖြောင့်ဖြောင့် သွားမယ် .."

"စိတ်ချပါဆို .."

သားမြတ် စက်ဘီးနင်း၍ ထွက်သွားသည်နှင့် ဦးဝက်ကြီး ခွေးအူသံတွေ မပျောက်တပျောက် ကုန်းထိပ်ကို သူတို့ လှမ်းကြည့်လိုက်ရင်း ...

"မင်းမင်း တကယ်လို့ ဖြတ်သွားဖြတ်လာ တစ်ယောက်ယောက် ရှိလို့ ကိုယ့်ကို မြင်သွားရင်လည်း အရမ်းကြောက်မနေနဲ့နော် .. ဘယ်သူကဖြစ်ဖြစ် မင်း ကြောက်ပြရင် ဖြဲခြောက်လိမ့်မယ် .. ဒါက လမ်းပေါ်မှာ မင်း ကြောက်ဖို့ မလိုဘူး .. မေးရင် ပြန်ဖြေလိုက် .."

"ဘာဖြေရမှာလဲ .."

"ဒီလောက်တော့ ငါ တတ်ပါတယ်ကွ .. သရဲသာ ငါ ကြောက်တာ .. လူလူချင်း ကြောက်စရာလား .."

သန်းစိုး ရယ် .. တိုး ရယ် .. အံ့မောင် ရယ် သုံးယောက်စလုံး မင်းမင်း ကို လှည်းနဲ့ လူ နေရာကျအောင် သေချာထားခဲ့ပြီးမှ ရွာထဲ ကို ခိုးချောင်ခိုးဝှက် ဝင်သွားကြ၏။

မိုးကောင်းကင်မှာ တိမ်ညိုအုပ်တွေ ဖြတ်ပြေးနေကြလျှင် လရောင်သည် ဖွေးလာလိုက် .. မှောင်သွားလိုက် ...။

*





## အခန်း(၃၄)

"ဝူ .."

"ရှူး .. မဟောင်နဲ့ .. ရော့ .. ရော့ .. ဒါလေး စား .. လိမ္မာတယ်"

ခွေးက နောက်ဆုတ်သွားသဖြင့် တိုး မျက်နှာဖုံးကို ချွတ်လိုက်ရသည်။ ပြီးတော့ ထန်းလျက်ကို ခွေးစားအောင် ချော့မော့ကျွေးရသည်။

ဤနည်းလမ်းဖြင့် သူတို့နှစ်ယောက် ရွာသူကြီး၏အိမ်အောက်ကို ချောမောစွာ ရောက်ရှိသွားလေသည်။

"အံ့မောင် ကို ငါတို့ ထားခဲ့တဲ့နေရာ အဆင်ပြေပါ့မလား.. အပေါ်မှာ မီးရောင်လည်း မမြင်ဘူး .. ဒီက ခေါ်ထုတ်လာပြီဆိုတာ ဘယ်လို အချက်ပြမလဲ .."

စီစဉ်ခဲ့တာက အိမ်နောက်ဖေးက ဝင်ပြီး လေကားဘက်ခြမ်းက စောင့်နေဖို့ ဖြစ်သည်။ တကယ်တမ်းကျတော့ နောက်ဖေးဘက်မှာ စပါးကျီကြီးအသစ် ဆောက်ထားတာနဲ့ မှောင်မည်းနေတော့ အထာမကျ သည့် နေရာသစ် ဖြစ်နေသဖြင့် မဝင်ရဲတော့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာလည်း ဆု တို့ တစ်စု ခေါင်းချင်းဆိုင်ပြီး အကြံအိုက်နေကြ၏။ ဒီနေ့ကျမှ နာရေးအိမ်က ရက်လည်မှာ ညဥ့်နက်သန်းခေါင် သွားနေကြပြီး ခုနကမှ ပြန်လာကြတာ မအိပ်ကြသေးပေ ..။

"ဟဲ့ .. ခေါင်းရင်းခန်းက မီးလည်း မလင်းဘဲနဲ့ စကားသံတွေ ကြားနေရပါလား ..၊ မအိပ်ကြသေးဘူးလား .."

သူကြီးကတော်ရဲ့လေသံက မလိုလားသံ ..၊ ဒေါ်သေးသေး တို့ ဇနီးမောင်နှံ အမိန့်နဲ့သာ ဆု တို့ကို လက်ခံထားရပေမယ့် ဝတ္တရားကျေ ပြီးရယ်ပြုရုံပဲ ရှိသည်။ နေထိုင်ပုံက ခပ်တည်တည် ..။

ဆု တို့ ပါးစပ်တွေ ပိတ်၍ ခဏ ငြိမ်နေလိုက်ရ၏။

"ရှင်လည်း အိပ်တော့လေ .. မနက်ကျ သွားရဦးမှာ .. ကျွန်မ ကိုတော့ မနှိုးနဲ့နော် .. မလိုက်တော့ဘူး၊ အဲဒီလူက မသေခင်တည်းက ဒုက္ခပေးတာ .. ရက်လည်တဲ့အထိ တစ်ရွာလုံး ဘယ်သူမှ မနေရဘူး"

"အဲဒါပေါ့ကွာ .. ကိုယ့်ကြောင့် မီးမလောင်စေနဲ့ဆိုတာ ကိုယ်က စတဲ့ မီးဆိုရင် ကိုယ်လည်း ဆုံးရှုံးရတာပဲ .. ဒါပေမယ့် ဘယ်သူမှ မသနားဘူး ..၊ ဒီလူဆိုရင် မီးလောင်သေရတာ ကြည့်ဦး .. ဒါပေမယ့် မကင်းရာမကင်းကြောင်း သွားလာ ကူညီနေကြတာပဲ ရှိတယ် .. နာခေါင်း ရှုံ့ကြတာပေါ့ .."

သံဝေဂတရားတွေ ရေရွတ်ပြီး အိပ်ခန်းထဲ ထဝင်သွားသလား မသိ ..၊ ခြေသံတွေ ကြားပြီး ပြန်လည် တိတ်ဆိတ်သွားခဲ့၏။

"ငါတို့ ကြာကြာနေရင်တော့ သူတို့ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျမှာပဲနော် .. ဂျင်မ် ပြောတာ မှန်တယ် .. ကျွန်းတိုင်းရွာကို မှီ ချင်လို့ တမင် လုပ်လာတာ ..၊ တူမကို ချစ်လို့ မဟုတ်ဘူး .."

"အေးလေ .. မိုးလင်းရင် လာလာကြည့်ပုံက အချုပ်သားတွေ လာစစ်တာ ကျနေတာပဲ ..၊ ငါတော့ ဆု နဲ့ သံသာမြတ် အဆင်မပြေ လည်း အမြန်ဆုံး ပြန်ဖို့ လုပ်မှာပဲ .."





"ဟဲ့ .. တိုးတိုး ပြောစမ်းပါ.. တော်ကြာ ပြန်ထွက်လာဦးမယ်.."

"ဂျင်မ် ဆီက ဘာသံမှလည်း မကြားသေးဘူး .. သူတို့ မလာသေးဘူး ထင်တယ် .."

မှောင်မည်းမည်းထဲမှာ တစ်ယောက်နားနား တစ်ယောက်ကပ်၍ တိုးတိုးပြောနေရတာ တစ်ချက် တစ်ချက်တော့ အားမလိုအားမရ ကျယ်သွားသေးသည်။ ဆု က အသံမထွက်အောင် ဖင့်သက်လေး ချ၍ ...

"နင်တို့အားလုံး ကြိုးစားနေကြတာ ငါ စိတ်မကောင်းလို့သာ ဆင်းတွေ့ရမှာ .. သူ့ကို ငါ စကားကို မပြောချင်ဘူး .."

"ဆု ရယ် .. စကားလေးပြောရုံ ဆင်းပြောတာတော့ မလုပ်ပါနဲ့..၊ ဆု ရှင်းပြတာကို ခေါင်းထဲ ထည့်စဉ်းစားပါဟယ် .. သံသာမြတ် က အဲဒီလိုလူ မဟုတ်ပါဘူး .."

"ဟင့်အင်း .."

"နင်ကလေ ခေါင်းသိပ်မာတာပဲ သိလား .."

"မိနှင်း .. တိုးတိုး .."

သောင်းသောင်း က နှင်း ရဲ့လက်မောင်းကို မနာအောင် ဆွဲလိမ်၍ သတိပေးနေရသည်။

"မဟုတ်ပါဘူး ငါ ပြောတာက သူ့ခမျာ အန္တရာယ် ရန်စွယ်တွေ ကြားထဲ တိုးဝင်ပြီး လာခဲ့ရတာ ..၊ နင် ရန်တွေ့လွှတ်သာကို ခံပြီး နေရမှာလား ..၊ ဂျင်မ် က ကူညီပါ့မယ်လို့ သေချာ ပြောခဲ့တာလည်း ရှိသေးတယ်ပါဦး .."

"ဂျင်မ် ပြောခဲ့တိုင်း ငါ ကျေနပ်ချင်မှ နပ်မှာပေါ့ .. နင်တို့နော်.. ငါ ဆင်းမတွေ့ဘဲ နေလိုက်မှာ .."

"အမလေး .. ရပါပြီ .. မပြောတော့ပါဘူး .."

သောင်းသောင်း ခေါင်းကုတ်ရင်း မှောင်ထဲမှာ စိတ်ညစ်နေရတာ ညစ်မှန်းသိအောင် ပြလို့လည်း မရသည့်အဖြစ်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"တောက်!.. အရေးထဲမှာ လကလည်း မထွက်လာတော့ဘူး .."

မင်းမင်း မည်းမှောင်သွားသည့် ကောင်းကင်ကို မော့ကြည့် ဒေါ… ရင်း ဆေးလိပ်ကြီးကို မီးညှိပြီး နင်းကန် ဖွာနေမိသည်။

ပတ်ဝန်းကျင်က သူငယ်ချင်းတွေ ရှိနေတုန်းကလိုတောင် ဟိုအသံ ဒီအသံ ထွက်မလာတော့ဘဲ ခွေးအူသံကလည်း တစ်ကောင်တလေ ..

"ဝက်ကြီး ဆိုတဲ့ ဟိုလူကြီးကလည်း ခုချိန်ကျမှ ထွက်လာပြီး ဖြတ်သွားပါလား .."

တိတ်ဆိတ်ခြင်းကို မကြိုက်သမျှ မင်းမင်း တစ်ယောက်တည်း ကိုယ့်အသံကိုပဲ နားထောင်နေရ၏။ ထိုစဉ် ပုဆိုးခြုံနှင့် ယိုင်တိုင်တိုင် လျှောက်လာသည့် လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

ဒီလူ မူးနေတာလား ..၊

ကိုယ့်အသံနဲ့ကိုယ် ပွားများနေတုန်းမို့ ထိုသူ ဘယ်ဘက်က ထွက် လာလိုက်မှန်းလည်း မသိ ..။ ကိုယ့်ရွာသားလား .. ဒီရွာကလူလား..

ကုန်းထိပ်ဘက်ကလို့ ထင်ရသဖြင့် ကိုယ့်ရွာသားလိုလို ထင်… မင်မပျက်နေဖို့ ရန်တိုင်တွေကို မှီနေလိုက်သည်။ ဒါတောင် နွား… ကောင်က ရှိုးတိုးရှုတ လုပ်လာသဖြင့် မှီတာတောင် စမတ်ကျကျ မ…

"ဟဲ့ ငြိမ်ငြိမ် နေစမ်း .. သေးတည်နေတာကို ပေါက်မှာ… မပေါက်ဘူး .."

နွားတွေ လှုပ်ရှနေတာကို ရောယောင် ဖြီးဖြန်းပြောလိုက်စဉ် … က ကိုယ့်ဘေးကို ရောက်လာကာ သူ့ဆေးလိပ်ကြီး ထုတ်ပြ၏။

"ဘာလဲ .."

"မီး .."

"ဩော် .."

ဘာတွေ မေးလာမလဲလို့ စိုးရိမ်နေသဖြင့် မင်းမင်း စိတ်… သွား၏။





ထို့ကြောင့် သူ့လက်ကြားထဲ ညှပ်ထားသည့်ဆေးလိပ်ကို ပေးလိုက်သည်။ ဆေးလိပ်မီးညှိနေတာက တရဲရဲနှင့် မပြီးနိုင် ..။

နွားတွေက လှုပ်လှုပ်ရှုရှုတွေ ဖြစ်နေသည့်ပြင် မီးပွားတွေက တဖွားဖွား ကျနေကြ၏။

နှာခေါင်းထဲမှာ ဆီတီတီ သော့်နံ့ကြီး ဝင်လာတော့ စိတ်ကမရှည်ဘဲ လှည့်ကြည့်မိ၏။ လရောင် ပြန်ပေါ်လာသည့် အလင်းရောင်အောက်မှာ ဆေးလိပ်မီးညှိနေသူကို စိတ်ပျက်စွာကြည့်ရင်း ...

"မီးညှိတာလည်း ကြည့်ညှိပါဦး ဘာတွေ လောင်နေလဲ မသိဘူး.. သော့်လိုက်တာ .."

"ဟီး .. ဟီး .."

"ဟင်!... ဘာရယ်တာလဲ ..၊ လက်ကလည်း မည်းလိုက်တာ မီးသွေးတုံး ကျနေတာပဲ .."

"ဟုတ်တယ် .. ကျုပ် မီးလောင်သေထားတာ .. ဒီည ရက်လည်လေ .."

"ဘာ!... ဘယ်သူ .."

"ကျုပ် .."

မင်းမင်း မျက်လုံးအစုံ ပြူးခနဲ ထွက်လာ၏။ ထိုလူကို တစ်စက်လေးမှ စောင်းမကြည့်တော့ဘဲ ...

"ဟဲ့ .. ဟဲ့ .. ပြေး .. ပြေးစမ်း .. ပြေးစမ်းပါဟ .."

လှည်းပေါ်မှာပဲ ဝုန်းခနဲ ခုန်ထကာ နွားတွေကို တအားမောင်းတော့သည်။

လူသည် လှည်းပေါ်မှာ မတ်တတ်ကြီးအတိုင်း ဝုန်းဒိုင်းကြဲပါသွားချက် ပြေးနေသည့် နွားနှစ်ကောင်၏ ခြေရှစ်ချောင်းကို အားမရနိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၅)

"ခဏနေဦး .. ဟိုတဲထဲမှာ မီးလင်းနေလို့ .."

ဂျင်မ် က လှေကားထိပ်ကနေ စောင့်နေကာ မီးလင်းလာသည့် တဲလေးကို ငုံ့ကြည့်သည်။ ဆောင်းနှင်း က ဆု လက်လေးကို ပြန်ဆွဲထား၍ ...

"အဲဒီတဲထဲမှာ ဘယ်သူတွေ ရှိလို့လဲ .."

"မသိဘူးလေ .. ဈေးတောင်းနဲ့ ထွက်ထွက်သွားတဲ့ မိန်းမကြီးတစ်ယောက်တော့ တွေ့တာပဲ .."

"သိပြီ .. ဒေါ်ဇီးကွက် ဆိုတဲ့ မိန်းမကြီး .. ဒီမိန်းမကြီးက ဒီဝိုင်းထဲမှာ နေတာလား .. ဒုက္ခပါပဲ .."

"နေပါဦး .. အပေါ်အပါး ထသွားတာ ထင်ပါတယ် ..၊ ငါ သွားကြည့်လိုက်မယ် .. တစ်မိနစ်ကြာလို့မှ ငါ ပြန်မလာရင် ဖြည်းဖြည်း ဆင်းခဲ့ကြ .. အဲဒီတဲနောက်ကို နော် .."





ဂျင်မ် က မိန်းကလေးတွေကို တီးတိုး ကပ်မှာခဲ့ပြီး အိမ်အောက်ကို လှေကားတစ်ဝက်လောက် ဆင်းပြီး ကုန်းကွ ငုံ့ကြည့်သည်။

နောက်ဖေးမှာ ဘာလူရိပ်မှလည်း မမြင် ..၊

သူတို့ တိုင်ပင်ထားသည့်အတိုင်း ဖုန်းကို ဖွင့်၍ မီးလေး ဖွင့်ပြပြီး အချက်ပြပေမယ့် အံ့မောင် တို့ဆီက ဘာလှုပ်ရှားသံမှ မကြား ..၊

နောက်ဖေးမှာ သူတို့ မရောက်ကြသေးဘူးလား ..။

စိတ်ထဲမှာ လေးသွားမိသည်။ ခွေးအူသံတွေ ဆူညံနေတာကို သဲ့သဲ့ကြားပြီး အောက်မှာ ရောက်နေကြပြီလို့ ထင်ခဲ့မိ၏။

တဖြည်းဖြည်း ဆင်းခဲ့ရင်း ဒေါ်ဇီးကွက် တဲလေးနားရောက်တော့ မီးခွက်ပဲ ထွန်းထားတာ တွေ့ပြီး လူကို မတွေ့ ..။

အံ့မောင် တို့ကို ရှာနေရင်း စမ်းလျှောက်နေရင်းနှင့် တစ်မိနစ်ကျော်သွားပြီ ဖြစ်သည်။ ဆု တို့ ဆင်းလာနေလောက်ပြီ ..။

ဟိုမိန်းမကြီး အပေါ်ထသွားတာ ဘယ်ဘက်ကို ဖြစ်နိုင်သလဲ ..၊ ဆု တို့နဲ့ ပက်ပင်းတိုးသွားလျှင် မလွယ် ..။

သူ တွေးပြီး စိုးရိမ်နေပေမယ့် ဒေါ်ဇီးကွက် က ချုံတိုးနေတုန်း ဖြစ်သည်။ အိမ်သာရှိပေမယ့် အိမ်သာက အိမ်ကြီးရဲ့နောက်မှာမို့ ဝေးသည်။ ဒါကြောင့် ညမှုညတာဆို ချုံတိုးနေကျ ..၊

ထိုအချိန်မှာ အံ့မောင် က သစ်ပင်ကိုမှီကာ အိမ်ဆီက အချက်ပြမှာကို မျှော်ကြည့်လိုက် .. သားမြတ် စောင့်နေသည့်ဘက်ကို ပြန်ကြည့်လိုက်နှင့် စိတ်လှုပ်ရှားနေ၏။

လူမမြင်အောင် ကွယ်နေရကာမှ လရောင်ထွက်လာတော့ မှောင်ရိပ်ကျသည့်ဘက်ကို တိုးရင်း ချုံစပ်တွေနား ရောက်လာ၏။

"ကျွတ်!.."

အရေးထဲမှာ အပေါ်သွားချင်လာသည်။ ဓာတ်မီးလည်း မငြိမ်းရဲ..၊ မြွေပါးကင်းပါးကလည်း ကြောက်သေးသည်။ ဒါပေမယ့် မနေနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ချုံနဲ့မျက်နှာ ကပ်တော့မတတ် ပြူးပြဲငုံ့ကြည့်ရင်း ခပ်ဖြည်းဖြည်း ထိုင်လိုက်သည်။

ဒီနေရာမျိုးကျတော့ ယောက်ျားလေးဖြစ်ပြီး မတ်တတ် အပေါ့ မသွားတတ်အောင် သင်ပဲ့သင်တတ်လွန်းသည့် အမေ့ကို မကျေနပ်ချင်။

ဘာပဲဖြစ်ဖြစ် 'ငါ ယောက်ျားလေးပဲ'ဆိုပြီး လုပ်ကြည့်ဖူးသည်။ ရှက်သည့်မျက်နှာကြီးက မိန်းကလေးတစ်ယောက်ထက်များ ပိုဆိုးနေသလား မသိ ...။

ဒါပေမယ့် အဆင်ပြေနေတုန်းကတော့ အမေက ယဉ်ကျေးမှု အလွန်ရှိတဲ့ အမျိုးသမီးအဖြစ် ဂုဏ်ယူခဲ့၏။ ခုကျမှ ...။

"ဟ!..."

ခြေထောက်အောက်က ကြွခနဲ လှုပ်သွားသဖြင့် လန့်ဖျပ်ကာ ဓာတ်မီးနဲ့ ဖမ်းထိုးလိုက်မိသည်။

"မြွေ .."

သစ်ကိုင်းခြောက်တစ်ဖက်စကို သူ နင်းမိထားကာ ထိုသစ်ကိုင်း အောက်မှာ လည်ပင်းဖိခံထားရသည့် မြွေက လက်မလုံးလောက်ကြီး ကာ ရုန်းထွက်ဖို့ ကြိုးစားနေ၏။

အကြောက်ပြေသွားသည့်စိတ်သည် မြွေကို ဓာတ်မီးထိုးကြည့်မိ လိုက်တာနှင့် ရုတ်တရက် ကြက်သေသေကာ ငုတ်တုတ်မေ့သွား၏။

ထိုစဉ် တခြားသော ခြေထောက်တစ်ဖက်က လွတ်မြောက်လုလု မြွေပေါ်က သစ်ကိုင်းရဲ့ တစ်ဖက်စကို ဖိနင်းလိုက်လေသည်။

ဒေါ်စီးကွက် နင်းမိသည် ... မီးရောင်ကိုလည်း မြင်သည်။ ဒါပေ မယ့် အိပ်မှုန်စုံမွှားမျက်လုံးတွေက ထိုင်ချလိုက်ပြီးကာမှ သတိပေး ခေါင်းလောင်းသံတွေ ထမြည်၏။

"ဘာကြီးလဲ .."

မီးရောင်ကို သတိထားမိလိုက်ပြီး ငုံ့ကြည့်လိုက်မိလျှင် ...





"မြွေကြီး .."

နှစ်ယောက်စလုံး ဘေးချင်းယှဉ် ထိုင်မိကြပြီး မမြင်ခဲ့ကြ ...။

အံ့မောင် သတိဝင်လာကာ ဓာတ်မီးရောင်ကို ဖျတ်ခနဲ ပင့်ထိုး လိုက်ကာမှ ဆံပင်တွေ ထိုးထိုးထောင်ထောင် စုတ်ဖွားဖွားနှင့် မျက်လုံး ပြဲကြီးက ပြူးထွက်လျက် ...။

"ဟာ!..."

ဒေါ်စီးကွက် ကလည်း သူ့မျက်နှာဖုံးနဲ့ မျက်နှာကြီးကို မြင်သွား ကာ ...

"သရဲ .."

"သရဲ .."

"အား!..."

"အား!..."

ဓာတ်မီးက လွတ်ကျသွားသည်။ မြွေကို နင်းထားမိကြသဖြင့် ဘယ်သူမှလည်း မပြေးနိုင်ဘဲ မျက်နှာတွေ ပြန်အုပ်၍ အာခေါင်ခြစ် အော်ကြ၏။

ညသည် အော်ဟစ်သံများနှင့် ဆူညံ ပွက်လောရိုက်သွားခဲ့ပြီး ...

"တစ်ခုခု ဖြစ်ကုန်ပြီ .."

သားမြတ် စက်ဘီးကို ဒီတိုင်း တွန်းလွှတ်ပစ်ခဲ့ပြီး ခြံစည်းရိုးထဲကို ခုန်ကျော်ဝင်၏။

"ဘာသံတွေလဲ ...၊ ခြံထဲမှာ လူဝင်ပြီထင်တယ် .. ထကြစမ်း .. လိုက်ကြ .."

"ဟေ့ .. မီးအောင် ဝိုင်းဖမ်း .."

အိမ်ပေါ်ထပ်မှာ ဘက်ထရီမီးရောင်တွေ လင်းထိန်လာသည်။ အော်သံ .. နှိုးသံတွေကြောင့် တစ်ရွာလုံး လှုပ်ရှားကုန်ကြ၏။

ခြံထဲရောက်နေကြပြီဖြစ်သည့် ဆု နဲ့ သောင်းသောင်း တို့ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးကပ်ရမှန်း မသိ ...။

"ဆု .. ဆု အပေါ် ပြန်မတက်နဲ့ .. ဒီဘက်ကို သွား ...၊ အဲဒီဘက်မှာ သားမြတ် စောင့်နေတယ် .."

ဂျင်မ် က ဆု လက်ကိုဆွဲ၍ သားမြတ် ရှိတဲ့ဘက်ကို တွန်းပို့၏။

"ဂျင်မ် .. ဆု တစ်ယောက်တည်းလား ...၊ ငါ လိုက်သွားမှ ထင်တယ် .."

"ဆု ငါတို့ ဒီမှာ .."

ဆုဆုညည်း ဖြစ်ကာမှ တစ်နေရာစီ ဖြစ်နေကြသည့် သန်းစိုး တို့ ပြေးလွှားရောက်လာကြသည်။

"လူတွေကို ငါတို့ ဒီဘက်လိုက်လာအောင် လုပ်မယ် .. နင် အဲဒီတိုင်း ပြေးသွား .. ရွာပြင်လမ်းမှာလည်း မင်းမင်း လည်းနဲ့ စောင့်နေတယ် ...၊ သွား .. သွား .. မြန်မြန် .."

ဘာတွေဖြစ်ကုန်မှန်း မသိဘဲ ဆု ယောင်နေစဉ် ပြေးလွှားလာကြသည့် ခြေလှမ်းတွေကြောင့် လူက မဆုံးဖြတ်ရသေးဘဲ ထွက်ပြေးပြီးသား ဖြစ်သွားခဲ့၏။

ပြေးကြလွှားကြနှင့် အားလုံး တလွဲတချော်တွေ ဖြစ်နေခဲ့ကြပြီး...

"ဆု .. လာ .. လာ .. ဒီမှောင်ထဲမှာ ခဏ ပုန်းနေရအောင် .."

သောင်းသောင်း က ဆု လက်လေးကို ဆွဲ၍ ချုံထဲ တိုးဝင်နေလိုက်သည်။

"ဟေ့ .. နေဦး .. အိမ်ပေါ်မှာ ဟိုကောင်မလေးတွေ သွားကြည့်စမ်း .."

"ကိုကြီးကျော် .."

"ဘကြီးထွန်း ရေ .. ဒီမှာ ဟိုဘက်ကကောင် တစ်ကောင် မိပြီ"

"ဒေါ်စီးကွက်ကြီး ဘာဖြစ်နေလဲ မသိဘူး .. သတိမေ့နေတယ် ဗျို့ .."





"သတ် .. မိထားတဲ့ကောင်ကို မသေမရှင်ဖြစ်အောင် ရိုက်သတ်စမ်း ...၊ ဒါမှ မှတ်မှာ .."

"ဟေ့ .. တစ်ယောက်မကဘူး ဒီကောင်တွေ အုပ်စုလိုက်နေမှာ.. ဆက်ရှာကြ ...၊ အိမ်ပေါ်မှာ ဟိုမိန်းကလေးတွေကို သွားကြည့်ပြီး တံခါးပိတ်ထားခဲ့ .."

တစ်ရွာလုံး မီးလောင်သလို ပြေးလွှားနေကြကာ သတ်မယ်ဖြတ်မယ်ချည်း ပြောနေကြသဖြင့် ဒီလို တစ်ခါမှ မကြုံဖူးခဲ့သောကြောင့် ဆု တို့ နှစ်ယောက် လက်ဖျားတွေပါ အေးစက်နေကြ၏။

"မိသွားတာ ဘယ်သူလဲ မသိဘူး ...၊ သားမြတ် ဆိုရင် သေပြီ.."

"သားမြတ် ဆိုရင် သူတို့ ပွဲကြီးပွဲကောင်း အော်မှာပေါ့ ...၊ အိမ်ပေါ်မှာ နင်း တစ်ယောက်တည်းရယ် .."

"ဟယ်!... ဟိုမှာ လူတွေ လာနေပြီ .."

ချုံထဲကနေ ထပ်ဆုတ်ရင်း .. ရောင်ရင်းနှင့် ရွာနောက်စပ် တောထဲ ရောက်လာကြသည်။ ထိုစဉ် ...

"သေစမ်း .."

"ဒုတ် .."

"အား!..."

"သောင်းသောင်း .."

ဆု ခြေလှမ်းရပ်၍ လှည့်ကြည့်လိုက်လျှင် သောင်းသောင်း ခွေခနဲ ကျသွားကာ လူရိပ်တစ်ရိပ်သည် ခြေကားကား လက်ကားကားနှင့် ထွက်လာလျက် ...

"ငါ လက် ဘယ်လောက်တည့်လဲ တွေ့လား .."

ရွာသားတစ်ယောက်မှန်း သိကာ မိတ်ဆွေမဟုတ်တာကို သိလိုက်သည်။ ဒါပေမယ့် သူမ သောင်းသောင်း ကို ထားခဲ့ပြီး မပြေးနိုင် ...

"ရှင် .. ရှင် ကျွန်မ သူငယ်ချင်းကို ဘာလုပ်လိုက်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ခဲနဲ့ လှမ်းပစ်လိုက်တာလေ .. မဟုတ်ရင် နင်တို့က ပြေးကြတော့မှာကိုး ..၊ မိုးညိုရွာမှာ ငါက ပစ်မလဲ ဘယ်ကျော်ကြီး ပဲ – သားမြတ် ဆိုတဲ့ကောင်လည်း ငါ့ခဲစာ မိပြီး မှောက်သွားပြီ .."

"နှာညိုကို .. မင်းကရား .. ကဲကွာ .."

"အား!..."

ဓားရောင် လက်ခနဲ မြင်လိုက်သည်။ ဘယ်ကျော်ကြီး ဆိုသူ အနီးကပ် ခံလိုက်ရကာ နားတစ်ဖက်ကို အုပ်၍ လဲကျသွား၏။

ဘုရား .. ဘုရား ..။

ဆု ဓားကြီးကိုမြင်ကာ လန့်ဖျပ် ဆုတ်မိသည်။ ထိုလူက ဆုဘက်ကို လှည့်လာကာ ...

"မပေးနဲ့ .. နင့်ကိုရဲ တက်မှာ .. အတုန်ရုံး တက်မှာ .."

စကားတွေ မပီပေမယ့် လူကောင်က ကလေးမဟုတ် ..၊

"မပေးနဲ့နော် .."

"ဟင့်အင်း .."

ဆု နောက်ဆုတ်သွားနေရင်း ဖျတ်ခနဲ လှည့်ပြေးသည်။ ဓားသမားက ဓားကို မြှောက်ပြီး လိုက်၏။

ညနဲ့ လက မှောင်လိုက် လင်းလိုက် မျက်လှည့်ပြနေသလို – ဆု တစ်ယောက်တည်း ဘယ်တွေရောက်သွားခဲ့မှန်း မသိ ..။





## အခန်း(၃၆)

"အား!..."

နားထင်ကို လာမှန်သည့်ခဲက ခေါင်းကို ထိတာနှင့် ဖွားခနဲ ကွဲထွက်သွားသဖြင့် သွေးမထွက်ခဲ့ပေ။ သို့သော် သားမြတ် ကိုယ့်ကိုယ်ကိုယ် သတိမလစ်အောင် စိတ်တင်းရင်း သစ်ပင်တစ်ပင်မှာ မှီ၍ ခွေခေါက် ကျသွားခဲ့၏။

ထိန်းချုပ် တွန်းလှန်နေရင်း စက္ကန့်များစွာမှာ လူက မသိတစ်ချက် သိတစ်ချက်နှင့် ..၊

"လိုက် .. လိုက် .."

"နှစ်ယောက်ပူးလျက် .. ဟိုဘက် ပြေးသွားတာ .."

နားထဲမှာ ဆူညံသံတွေက လူကို အတင်းဆွဲလှုပ်နှိုးနေသလိုရှိကာ ခေါင်းကို ဖိနှိပ်၍ ယိုင်နဲ့နဲ့ ထရပ်သည်။ စိတ်နဲ့လူ လုံးဝ တွယ်ကပ်မိသာသည်နှင့် အံ့မောင် တို့ ဘာတွေ ဖြစ်ကုန်ပြီလဲဆိုသည့် ပူပန်စိတ်က ဒိန်းခနဲ တိုးဆောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအပင်မှာ ကပ်ချည်ထားလိုက် .. ငါတို့ လှူခွဲရာမယ် .."

သူ့ရှေ့မှာ နှစ်ယောက်သည် တစ်ယောက်ကို ဆွဲချုပ်ထားတာမြင်ကာ ထိုတစ်ယောက်ဟာ အံ့မောင် မှန်း သူ သိလိုက်၏။

တစ်ခုခုတော့ ဆိုးဆိုးဝါးဝါး ဖြစ်သွားခဲ့ပြီမှန်း သိလိုက်သည်နှင့် စိတ်ကြောင့် လူက အကောင်းတိုင်း ပြန်ဖြစ်သွားသည်။ ကိုယ် ခံလိုက်ရသလို ပြန်လုပ်ဖို့ မြေပြင်ပေါ်မှာ ပစ်ပေါက်စရာ တစ်ခုခု ယိုက်ရှာကာ—

"ဒုတ် .."

"အား!..."

"ဟိတ်ကောင် .. ဘာဖြစ် .."

"ဖောင်း .."

တစ်ယောက်ကို ခဲနဲ့လှမ်းပစ်လိုက်ပြီး ပျာယာခတ်သွားသည့် တစ်ယောက်ကို ဇက်ပိုးအုပ်ပေးလိုက်သည်။

"သားမြတ် .."

အံ့မောင် လှိုက်ခနဲ ဝမ်းသာသွားသော်လည်း မျက်နှာကြီး မှဲ့ကျသွားကာ ...

"ငါ့ကြောင့် .. ငါ့ကြောင့်ပါကွာ .."

"အဲ့ဒါတွေ အသာထားစမ်းပါ .. ဟိုကောင်တွေရော .. ဟိုကောင်တွေ မမိဘူးမို့လား .."

အံ့မောင် ကို ဆွဲပြေးရင်း သူ အမောတကော မေးမိသည်။ အံ့မောင် က ပြေးနေရင်း ခေါင်းခါပြ၍ ...

"ငါ .."

"ဟေး .. မှတ်ကြီး တို့ .. အောင်သူ တို့ .. ဟိုဘက်ရွာကလေးမသာ အရှူး .."

အော်သံနှင့် ပြေးလာသည့်အရိပ်ကြောင့် အံ့မောင် ကို ဆွဲ၍ သင်းရိပ်နဲ့ ကပ်နေလိုက်ရ၏။





ထိုလူသည် နားထင်တစ်ဖက်ကိုအုပ်၍ ပြုလဲမတတ် ဒယိမ်းဒယိုင် ပြေးလာလျက် ...

"အရူး.. ဟိုဘက်ရွာက အရူးကောင်.. ဓားနဲ့ လိုက်ခုတ်နေတယ်..၊ ဟိုကောင်မလေးကို ခုတ်နေတာ .. မင်းတို့ အမှုပတ်မယ်နော် .. လိုက်.. လိုက်ရှာကြဦး .."

အနီးအနားမှာ လူမရှိသဖြင့် ထိုလူ အော်ပြောရင်း အတင်းပြေးနေရသည်။ သားမြတ် အံ့မောင် ကို ပခုံးကနေ ကိုင်၍ ဆွဲလှည့်လိုက်ကာ—

"ဆု တို့ အောက်ကို ဆင်းလာကြသလား .. ဟင် .. ပြောစမ်းပါ..၊ ဆု ဘယ်မှာလဲ .."

"ငါ .. ငါ မသိပါဘူးကွာ .."

သားမြတ် တက်ခေါက်ရင်း ဟိုလူ ပြေးထွက်လာသည့်ဘက်ကို တည့်တည့်ပြေးလိုက်၏။

ဘာဖြစ်လို့ တလွဲတချော်တွေ ဖြစ်ကုန်တာလဲ ..၊ ဘယ်သူမှ ဘာမှ မဖြစ်ပါစေနဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၇)

"ထုတ်မယ် .. တွေးလေထွက်အောင် ထုတ်ထစ်ကျစ်မယ် .."

"မလုပ်ပါနဲ့ .. ဆု .. ဆု က .."

"ကဲ .. ဟာ ..."

"အား!..."

ဆု လက်ကာ တောင်းပန်ရင်း ပြေးမလွတ်မှန်း သိလိုက်သည်။ လွှဲခုတ်လိုက်သည့် ဓားချက်ကို သေလုမြောပါး ရှောင်လိုက်စဉ် ကုန်းနှီး လေးထဲကို ဒလိမ့်ခေါက်ကွေး ကျသွား၏။

"မကြေးနဲ့ .. အတောတက်မှာ .. ရာဒွဲ .."

ဓားနဲ့လိုက်နေသူကို ထူးလင်းအောင် မှန်းလည်း ဆု က မသိ၊ ဆု ကိုလည်း တစ်ယောက်က မသိခဲ့ပေ။ ထို့ပြင် သွေးသံရဲရဲကို မြင်ပြီး စိတ်အမှောင်ဖုံးနေသည်မို့ သူ သိနေတာ ခုတ်မည် ထစ်မည်။

"ဘယ်မှာရဲ ထွက်ထဲ့စမ်း .."





ဆု ကိုယ်ကို လှိမ့်ကာ ချုံကြားထဲ တိုးဝင်လိုက်သည်။ ရင်ခုန်သံ တွေ မချိမဆံ့ တိုးဆောင့်နေလျက် .. လူကို ချုံပြင်ထိ တွန်းကန်ထုတ်နေ သလိုပင် ..။

ထူးလင်းအောင် က သားခုတ် ဓားမောက်ကြီးကို ကိုင်ရင်း ကုန်း နိမ့်လေးထဲထိ ဆင်းလိုက်လာ၏။

"ဝုန်း .."

"ဒုန်း .."

"ဘယ်မှာရဲ .. ဘယ်မှာရဲ .. တက်မှာနော် ..၊ မထွက်ရဲ တက်မှာ.. ထွက်ရဲ တက်မှာ .."

"ဘုန်း .."

ချုံပုတ်တွေထဲကို ဒီတိုင်း ဓားနဲ့လွှဲ၍ ရမ်းသမ်း ခုတ်ပစ်နေသည်။ ထိုစဉ် လရောင်ဖွေးဖွေးက တိမ်ကင်းစင်စွာ ထွက်ပေါ်လာသဖြင့် ခုတ် ထစ်နေသောကြောင့် တဖွားဖွား လွင့်ပျံနေသော သစ်ရွက်စ သစ်ကိုင်းစ တွေက သွေးပျက်ဖွယ် ဖြစ်၏။

ဆု ပုန်းခိုနေသည့်ဘက်ကို တဝင်းဝင်းလက်နေသည့် ဓားချက် တွေ နီးကပ်လာ၏။ မျက်ဝန်းမှ မျက်ရည်စက်တွေ တလဟော သွန်ကျ လာသော်လည်း ပါးစပ်ကို လက်ဝါးနဲ့ ပြန်ကပ်ပိတ်ရင်း ဆု ကိုယ်လေး ဆတ်ဆတ်တုန်နေ၏။

ဘယ်မှာလဲ သားမြတ် ..၊

စောင့်နေကြသည်ဆိုသည့်လူတွေ ဘယ်သူမှမရှိဘဲ ဆု ကို တမင် ဘကာ သားရဲတွင်းထဲ ပို့လိုက်တာလား ..၊

"ဘုန်း .."

"အ .."

နားနားမှာ ကပ်ခုတ်လာသဖြင့် ဆု လန့်ဖျပ်ကာ အော်သံလေး ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အော်သံနှင့်အတူ ဆု ရဲ့ ပခုံးစွန်းလေးကို လရောင်ဆမ်းထား သဖြင့် ထူးလင်းအောင် တွေ့သွားသည်။

"ဟိုး .. ဟိုး .. ဟိုး .. တွေ့ဘိ .. လာထား .."

ဓားက လက်ခနဲ မြောက်တက်သွားသည်။ ခေါင်းပေါ်မှာ မိုးနေပြီ ဖြစ်သည့်ဓားချက်ကို ရှောင်လည်း မလွတ်တော့မှန်း သိကာ ဆု မျက်လုံး တွေ မှိတ်ချပစ်လိုက်၏။

"အစ်ကို .. မလုပ်နဲ့ .."

"ဟမ်!..."

ဓားကြီးမြောက်ပြီး ထူးလင်းအောင် နောက်လှည့်ကြည့်သည်။ သားမြတ် ခုန်လွှားပြေးလာကာ ဆု လက်လေးကို ဆွဲ၍ ဝေးဝေးသို့ ဆုတ်ရှောင်လိုက်ကာ ...

"အစ်ကို့ .. ကျွန်တော်လေ .. သားမြတ် လေ .. သူက ကျွန်တော့် မိန်းမ .."

"ဘာ!... ဘာ .. သားမြတ် လဲ .."

"အစ်ကို့ညီအရင်းလေ .. သူက အစ်ကို့ခယ်မပါ ..၊ ဘာတွေ လျှောက်လုပ်နေတာလဲဗျာ .. ဓားကြီး ချလိုက်စမ်းပါ .."

"အံမာ .. နှင့်ကိုရဲ တက်ဦးမှာ .."

"ဟာ!..."

"ဒုန်း .."

ခုတ်တာကတော့ တကယ့်ကို အသေအကြေ ခုတ်ချလိုက်တာ ဖြစ်သည်။ သားမြတ် ဆု လက်ကို ဆွဲ၍ ပြေးလမ်းကို ကြည့်သည်။ ဒီတိုင်း ဆုတ်ပြေးနေလျှင် ကိုယ့်ပြေးလမ်းနဲ့ ပိုဝေးသွားမှာသာ ရှိကာ တော်ကြာ ဟိုရွာကလူတွေ လိုက်လာလျှင် မတွေးရဲစရာ ..။

"အစ်ကို .. မင်းကို ငါ မညှာနိုင်ဘူးနော် .. ဓားကို ချမှာလား .. မချဘူးလား .."





"ဘာကို ချရမှာရဲ .. လာ .. မင်းနဲ့ နာနဲ့ ချမယ် .."

"အား!..."

အသေ လွှဲခုတ်လိုက်သဖြင့် သားမြတ် ရဲ့ကျောကို နောက်က ဖက်ထားရင်း ဆု တအားအော်လိုက်မိသည်။

"မကြောက်နဲ့ ဆု .."

သူ့ခါးမှာ ဖက်ထားသည့် ဆု ရဲ့လက်ကို ခွာချ၍ လွတ်တဲ့နေရာထိ ဆွဲပြေးသည်။

"ဒီမှာ ခဏလေး ကပ်နေ .."

"နောက်မှာ .. အမလေး!..."

ထူးလင်းအောင် မြန်မြန်ဆန်ဆန်ကြီး ပြေးခုတ်လိုက်သဖြင့် ပြန်လှည့်ချိန် မရတော့ဘဲ ဆု ကို ဖက်၍ မြေပြင်ပေါ် လှိမ့်ချလိုက်သည်။

နောက်ထပ် လွှဲခုတ်တော့မလို ပြင်တာ မြင်လိုက်လျှင် သားမြတ် ဓုတ်ခနဲ ထ၍ ထူးလင်းအောင် ခြေထောက်ကို နောက်ကနေ ပတ်ကန် ပစ်လိုက်၏။

"အား!..."

လှကသာ ပက်လက်ကြီး ဘိုင်းခနဲ ပစ်လဲသွားသည်။ ဓားကို မလွတ် ..။

ထို့ကြောင့် ပြန်မထနိုင်ခင် ဓားကို လုယူဖို့ ကြိုးစားရသည်။ ကိုယ့်အစ်ကိုဆိုသည့် ညှာတာစိတ်က သူ ခံရဖို့ချည်း ဖြစ်နေကာ ဓား သာ လက်ထဲရောက်လာသည်၊ ရင်ကို ပိတ်ကန်ခံလိုက်ရကာ မျက်လုံး ထဲမှာပါ မီးပွင့်သွား၏။ ထိုစဉ် ...

"ကိုကြီးအောင် .. မလုပ်နဲ့ .."

"သားမြတ် .. ငါတို့ လာပြီ .."

သန်းစိုး နဲ့ ငတိုး တို့ ပြေးလွှားရောက်လာကြကာ အုံ့မောင်တို့ နောက်က ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓားကို လွှင့်ပစ်လိုက်ပြီး သန်းစိုး တို့ လက်ထဲမှာ ချုပ်မိသွားသည့် ထူးလင်းအောင် ကို သူ စိုက်ကြည့်နေမိသည်။

မောဟိုက် နာကျင်နေခြင်းများက ထူးလင်းအောင် ဘာဖြစ်သွားတာလဲဆိုသည့် နားမလည်နိုင်ခြင်းမှာပဲ အားလုံး ပျောက်ဆုံးကုန်၏။

ပျော်ပျော်နေတတ်ခဲ့သော ကလေးဆန်လွန်းသည့် ထူးလင်းအောင်သည် သန်းစိုး တို့ လက်ထဲမှာ မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် သူ့ကို သတ်ဖြတ်ဖို့အတွက် ရုန်းကန် ခုန်ပေါက်နေတာ မယုံနိုင်။

ပြန်ကြည့်လိုက်တော့ ဆု က ခွေခွေလေး ငြိမ်သက်နေ၏။

"ဆု .."

ဆု ကို သူ ပြေးထူလိုက်သည်။ ပစ်လှဲလိုက်သည့်အရှိန်ကြောင့် ဆု က သတိလစ်နေပြီ ဖြစ်၏။

ဆု ကိုယ်လေးကို ပွေ့ယူပြီး သူ ထရပ်လိုက်ရင်း ...

"အစ်ကို့ကို သေချာချုပ်ပြီး ပြန်ခေါ်ခဲ့ .."





## အခန်း(၃၈)

သူ့လူကို ပိုထိသည် ...၊ ကိုယ့်လူက ပိုနာသည်နှင့် ရွာနှစ်ရွာ၏ ဝဋ်ပက္ခက ထိုပြဿနာကြောင့် ပိုမို ကြီးထွားဖို့ ဖြစ်လာ၏။ သူ့ဘက်မှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ပတ်တီးအဖွေးသားနဲ့ ပြစရာ ရှိသလို ဒီဘက်မှာလည်း ပတ်တီးတွေနဲ့ ဒဏ်ရာရတဲ့သူတွေ ရှိနေခဲ့သည်။

နောက်ဆုံးမှာ ရွာနှစ်ရွာ၏ ဆရာတော်ကြီးနှစ်ပါးကိုယ်တိုင် ဒီပြဿနာကို ဖြေရှင်းပေးကြရ၏။

လင်နဲ့မယား ဘာဖြစ်နေနေ သူတို့နှစ်ဦးကိုယ်တိုင်ပဲ ဆုံးဖြတ်ခွင့်ရှိသည်လို့ သတ်မှတ်သည့်အခါ လူငယ်တွေက ကိုယ့်ဘက် မပါကြတော့ ခေါ်သေးသေး တို့ ရှုံးသွား၏။

ရွာထဲကို ကျူးကျော်ကာ ဒဏ်ရာဒဏ်ချက်ဖြစ်အောင် တိုက်ခိုက်ခဲ့သည်ဆိုသော ခေါင်းစဉ်ကိုတော့ မိုးညိုရွာသားတွေက မဖြုတ်ဘဲ ထားချင်ကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူတို့ မကျေနပ်နိုင် ...။

သို့သော် အချင်းချင်း ဘယ်လိုပဲ ရှိင်းနေနေ ဆရာတော်တွေကိုတော့ ရှိသေကြတာမို့ ဒီပွဲက ဒီမှာတင်ပဲ ငြိမ်သက်သွားခဲ့ကြ၏။

ဒေါ်တင်မေ တို့ ပြန်လာကျတော့ ဒေါ်သဲဆု လည်း အိမ်က အဖော်တစ်ယောက်နှင့် ပါလာသည်။

ဒေါ်သေးသေး ဆီကို ဒေါ်သဲဆု ကိုယ်တိုင် သွား၍ နောက်ထပ်ပြေရာပြေကြောင်း ပြောပေမယ့် ...

"အေးပါ .. နင်က ငါ့ညီမဖြစ်ပြီး သူတို့လူလုံးလုံး ဖြစ်နေမှတော့ ငါ စော်ကားခံရတာ မဆန်းပါဘူး .. ဒါပေမယ့် ဒီလို စိတ္တဇကောင်ရှိတဲ့ အိမ်ထဲမှာ ကိုယ့်သားသမီးကို စိတ်ချလက်ချ ထားခဲ့ဦးမယ်ဆိုတာတော့ နင့်ကို မယုံနိုင်တော့ဘူး .."

"ထူးလင်းအောင် ကို မနက်ဖြန်ပဲ စိတ်ကျန်းမာရေးဆေးရုံ ပို့ကြမှာပါ ...၊ ပြီးတော့ ဒီလိုဖြစ်လာနိုင်မှန်းလဲ ဘယ်သူ ကြိုသိခဲ့လို့လဲ – အိမ်ထောင်တစ်ခုဆိုတာ ပြုပြီးရင် ပျက်ကောင်းတဲ့အရာမှ မဟုတ်တာ – အဲ့ဒါတွေကို နင် စိတ်မပူပါနဲ့ .."

"မပူတော့ဘူး မိသဲ .. နင် မပူရင် ပြီးတာပါပဲ၊ ဒီတစ်ခါ ဘာဖြစ်ဖြစ် ငါ အမြင်တော်အောင် နေမယ် .. အမြင်မတော်လို့ ဝင်ပြောဝင်ပါမိတဲ့အတွက် မဆိုင်တာတွေ .. မပိုင်တာတွေနဲ့ ငါ့ကို ကျိုးထိုးသလို ဝိုင်းထိုးကြတာ .."

ဒေါ်သေးသေး က အိမ်ထဲမှာပဲ ပြောနေတာတောင် ထဘီတစ်ဖက်စကို 'မ' ထားတုန်း ဖြစ်၏။ ဘေးမှာရှိနေကြသည့် ဆွေတော်မျိုးတော်ဆိုတာတွေကလည်း မျက်နှာတင်းနေကြကာ ဘယ်သူ့မျက်နှာမှာမှ ပြေပြစ်မှုကို မတွေ့ရ ...။

ရောက်ရောက်ချင်း သမီးသူငယ်ချင်းတွေ တိုင်ကြတာကို တွေ့ပြီး သက်ပြင်းချမိ၏။





ဘာပဲဖြစ်ဖြစ် အဒေါ်တစ်ယောက်ရယ်လို့ ကိုယ့်သမီးလေးကို စောင့်ရှောက်ဖို့ ကြိုးစားခဲ့တာမို့ သူ့မဘက်ကတော့ နားလည်ပေးရမှာပဲ ဖြစ်သည်။

"ဒါပေါ့လေ .. ညီမကိုယ်တိုင်ကမှ ငါ့ကို လူရာသွင်းပြီး အပ်နှံထားခဲ့ဖော် မရတာ .."

"နင့်ကို အပ်ခဲ့ရအောင် ငါ့သမီးကို နင့်သားနဲ့ ပေးစားခဲ့တာမှ မဟုတ်တာ သေးသေး ရယ် .. အတူတူနေရမယ့်သူတွေကို ယုံကြည်ပါတယ်၊ အပ်နှံပါတယ်လို့ မှာခဲ့ရတာ ငါ မှားသွားလို့လား .."

"ဟုတ်ပါတယ် မမှားဘူး .. အခု ငါ ခေါ်ထားလိုက်တာကိုပဲ ဒီပြဿနာ ထဖြစ်ကုန်တာ .. ငါ့ကြောင့်ဆိုပြီး ကြိုးကွင်းစွပ်ကြတော့ မလိုလို .. ဟွန်း .."

"အဲဒီ ကျွန်းတိုင်းရွာသားတွေကိုက ရိုင်းလွန်းတာ .. ယောကျ်ားတွေကလည်း မိန်းမပါးစပ်ထက်တောင် စွာသေးတယ် ...၊ ဒီကြားထဲ တူမဆိုတဲ့ အစွယ်အပွားတွေနဲ့ ဒီရောက်လာတဲ့အုပ်စုကရော.. အရီးတူမ ဆိုပြီး အရီးဘက်က ပါလို့လား .."

ဒေါ်သဲဆု အားလုံးကို ဘာမှ အတိုက်အခံ ပြောမနေတော့ဘဲ ကိုယ့်ကို နားလည်ပေးပါလို့သာ တောင်းပန်ရင်း လှည့်ပြန်လာခဲ့ရသည်။

ဦးထူး နဲ့ ဒေါ်တင်မေ တို့လည်း ပြန်ရောက်လာမှ ထူးလင်းအောင် အခြေအနေကို သိခဲ့ရတာမို့ တောင်းပန်လို့ မဆုံးပေ ...။

"သမီးလေးကတော့ သူ့သူငယ်ချင်းတွေကလွဲပြီး ဘယ်သူ့နဲ့မှကို စကားမပြောဘူး သဲ ရယ် .. ဒါ သေသွားနိုင်တဲ့ကိစ္စ ဆိုတော့လည်း ငါ မတောင်းပန်ရဲပါဘူး ...၊ ဒါပေမယ့် သမီး အလိုလိုက်ပြီး ပြန်ခေါ်သွားဖို့တော့ မဆုံးဖြတ်ပါနဲ့နော် .."

"အင်း .. ခက်တော့ ခက်တယ်ဟာ ...၊ ငါတို့ကလည်း သူတို့ အိမ်ထောင်ရေးကို အဓိကမြင်ပြီး သားကြီးကို စိတ်ကျန်းမာရေး သွားပို့



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကိစ္စကို ဒုတိယ ထားခဲ့မိတယ် ..၊ ဘာအရေးကြီးသလဲဆိုတာ လူကြီးတွေကိုယ်တိုင် မခွဲခြားနိုင်ဘူး ဖြစ်ခဲ့တော့ .."

"ထူးလင်းအောင် နဲ့ ဖြစ်ရတဲ့ ပြဿနာကို ငါက ဘယ်လိုမှ သဘောမထားပါဘူး ..၊ ဘယ်သောက်ထိ အန္တရာယ်ကြီးသလဲဆိုတာ သိပေမယ့် ဒါကြီးကို ကြုံတွေ့မိဖို့ ဆိုတာကလည်း မလွယ်ဘူးလေ..၊ ကောင်လေးကို ဆေးရုံတင်ဖို့ ကိုထူး လိုက်ပြီး စီစဉ်အပ်နှံပြီးရင် စိတ်ချလက်ချ ပြန်ပါ ..၊ မြို့မှာဆိုတော့ လူနာအတွက် ငါ့တာဝန် ထားပါ.. ကိုသိန်း လည်း စင်ကာပူသွားဖြစ်ရင်တောင် ခဏတစ်ဖြုတ်ပါ .."

"သဲသဲ .. ငါ အခု ပြောနေတာ ငါ့သား မြို့မှာ ဆေးရုံတက်နေရင် အဆင်ပြေအောင် ကူညီဖို့ မဟုတ်ဘူး ..၊ သားငယ်နဲ့ သမီးရဲ့ အိမ်ထောင်ရေးကို ပြောနေတာ ..၊ နင် ပြောရခက်တာတွေရှိနေလို့ စကားလွှဲတာလားဟင် .."

ဒေါ်သဲဆု က မျက်နှာပျက်သွားကာ ပြီးမှ ခေါင်းခါ၍ ...

"မဟုတ်ပါဘူး .. စကားလွှဲနေစရာလည်း မလိုဘူး၊ ဒါကို ငါ ပြောရမှာမှ မဟုတ်တာ .."

"ဘယ်လို!..."

"သမီးကို သေးသေး ခေါ်ထားတယ်ဆိုလို့ ငါ လာခဲ့တာ..၊ ဖြေဆို ဖျောင်းဖျပြီး သူတို့ချင်း အဆင်ပြေအောင် လုပ်ပေးနိုင်မလားလို့ပါ.."

"အခု မလုပ်ပေးနိုင်တော့ဘူးပေါ့ .."

"ငါ ကြိုးစားပေးပါ့မယ်ဟာ .. ဒါပေမယ့် သူ သေလောက်အောင် ထိတ်လန့် တုန်လှုပ်ခဲ့ရတာတောင် .. ပြီးတော့ သေသွားနိုင်တာတောင်မှ ငါက မပူပန်ဘဲ နေကို နေခဲ့ရမှာပဲ ဆိုပြီး ထားပစ်ခဲ့ရင် တရားပါ့မလား .."

ဒေါ်တင်မေ တို့ ငေးငိုင်သွားကြသည်။

"မိုးညိုရွာမှာလည်း ငါ့ကို အဲဒါပဲ ဝိုင်းပြောပြီး ကဲ့ရဲ့ကြတယ်.."





ဒါပေမယ့် ငါ ဒါကို ဂရုမစိုက်ပါဘူး .. သမီးကို ဖျောင်းဖျကြည့်လို့ရရင် ထားခဲ့မှာပါ၊ သူ အတင်းအကျပ် ခေါင်းခါနေရင်တော့ ငါ ဖွတ်အတင်းထားခဲ့လို့ မကောင်းဘူး တင်မေ .. ငါ့ကို နားလည်ပေးပါဟာ .."

"ငါ နားလည်မပေးချင်ဘူး .."

ဒေါ်တင်မေ က ဆု ကို မြင်ကတည်းက သည်းသည်းလှုပ် ချစ်ရတဲ့သူပါ ..၊ သားတွေချည်း မွေးထားလို့ သမီးလေးလိုပဲ တန်းချစ်ပစ်လိုက်မိတာမျိုး ..။ ဒါပေမယ့်လည်း ...

"ငါတို့က လူငယ်တွေ အထင်မြင်မှားကြတဲ့ ပြဿနာကို ဖြေရှင်းဖို့ အသည်းအသန် ပြေးလွှားကြိုးစားခဲ့ကြတာ ..၊ ခုတော့ ဒီအမှန်တရားကလည်း အရာမဝင်နိုင်တော့ဘူးပေါ့ .."

ဒေါ်တင်မေ ညည်းညူသလိုပြောရင်း ကုလားထိုင်မှာ ဖြည်းလေးစွာ ထိုင်ချလိုက်၏။

မျက်ဝန်းတို့သည် မျက်ရည်မစိုဘဲ ငိုနေသကဲ့သို့ ရီဝေနေခဲ့ပြီး...

"ငါ နင့်ကိုတောင် သေချာ မပြောပြဖြစ်သေးဘူးနော် .."

"အင်းလေ .. ဒါပေမယ့် နင် ကလေးတွေကို ပြောပြနေတာ ငါ ကြားပြီးပါပြီ .."

မအေကို သေချာ မပြောပြဖြစ်သေးပေမယ့် သမီး နားလည်မှ ဖြစ်မှာမို့ ရောက်တယ်ဆို ဒီအကြောင်းတွေကို လူငယ်တွေသိအောင် ပြောပြပြီးပါပြီ ..။

သူတို့ လူငယ်ချင်းပဲ ပြောဆိုဖြစ်ကြမှာမို့ ဒါကို သမီးဆု ရဲ့နားထဲ ဆောက်အောင် ပို့ရတာ ဖြစ်၏။

"ဟုတ်တယ်.. သမီးနားထဲ ရောက်သွားစေချင်လို့ပါ.. ဒါပေမယ့် အခု အရာမထင်လို့သာ သမီးက တို့တွေကို စကားကောင်းကောင်း ပြောတာပေါ့ .."

"မဟုတ်ပါဘူး တင်မေ ရယ် .. သမီးက နင့်ကိုတော့ ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''သိတယ် .. အဲဒါကို ငါတို့ ခံစားမိပါတယ် ..''

ဦးထူး က စိတ်ပင်ပန်းနေသည့်မျက်နှာနှင့် ခပ်လှုပ်လှုပ် လျှောက်နေရင်း ခြေစုံရပ်၍ ...

''သမီးရဲ့စိတ်က နူးညံ့ပါတယ် .. သားမြတ် ကို သူ မချစ်ပေမယ့် ခေါင်းညိတ် နာခံခဲ့တယ် ..၊ ငါတို့တွေကို မရင်းနှီးခဲ့တာတောင် မစိမ်းဘူး .. ဒါပေမယ့် အဲဒီလို သူ့ဘက်က ကြိုးစား ထိန်းချုပ်ခဲ့တဲ့ နာခံခြင်း .. သိမ်မွေ့ခြင်းတွေ မရှိလောက်တော့ဘူး သဲသဲ ..''

''မဟုတ်သေးပါဘူး ကိုထူး ရယ် ..''

''ငါက ဖြစ်နိုင်တာကို ခန့်မှန်းတာ .. ဖြစ်သွားခဲ့ရင်လည်း စိတ်မဆိုးပါဘူး .. အားလုံးက မထင်မှတ်ဘဲ ပြောင်းလဲကုန်တာကိုး..၊ ခုဆို ငါတို့ရဲ့သား ထူးလင်းအောင် ဟာ တစ်ရွာလုံးက ချစ်ကြတဲ့ ဂေါ်တောက်တောက်ကောင်လေးကနေ ခုတ်ထစ်သတ်ဖြတ်ချင်နေတဲ့ စိတ္တဇလူသတ်သမားစာရင်း ဝင်သွားပြီ .. သူ့ကို နာမည်ခေါ်တာနဲ့တောင် ကြက်သီးထတဲ့ပုံတွေ ဖြစ်ကုန်ကြတယ် ..''

ဒေါ်သဲဆု စိတ်မကောင်းနိုင်ပါ ..၊ သူမဘက်ကတော့ ဒီအတွက်ကြောင့် သမီးကို ပြန်ခေါ်ချင်တာ လုံးဝ မဟုတ်ခဲ့ပေ။ သမီးရဲ့ ဆန္ဒကိုပဲ ဦးစားပေးသင့်တဲ့ အခြေအနေလို့သာ သတ်မှတ်လိုက်ရတာ ဖြစ်သည်။

ဒါပေမယ့် ဦးထူး တို့ ခံစားနေရသော ဆုံးရှုံးမှုတွေအတွက်တော့ သူမဘက်က ပြင်ဆင် ဖာထေးပေးနိုင်သည့် စကားလုံး မရှိခဲ့ပေ ..။

''အားလုံးရဲ့ အဆိုးလည်း မဟုတ်ပါဘူး .. ငါတို့ရွာတွေက မိုးညှိရွာနဲ့ ငါတို့ဘက် မသင့်မြတ်ကြတဲ့ အရေးအတင်မျိုးတွေ ရှိခဲ့တာလောက်ပဲ .. ကျန်တာ ဘာမှ ဆူပူသောင်းကျန်းကြတာ မရှိဘူး..၊ ဘယ်ရွာမှာမှ ဒါမျိုး မဖြစ်ခဲ့ဘူး .. အနည်းဆုံး သူခိုးခိုးခံရရင်တောင် တောင်းစုတ် ပလုံးစုတ် ခိုးလို့ အဲ့ဒီသူခိုး ကုပ်ဆွဲခေါ်လာရင် နှစ်ချက်လောက်





နားရင်းအုပ်ပြီး ခါးပိုက်ထောင်ထဲ ဆန်သုံးလေးဘူး ထည့် .. ပြန်လွှတ်လိုက်တာမျိုး ..''

''ဟုတ်ပါတယ် သဲသဲ ရယ် .. ဒါတွေ နင် သိပါတယ် .. ငါတို့ရွာတွေက တခြား တိုင်းရင်းသား ကျေးရွာတွေနဲ့လည်း မတည့်ဘူးဆိုတာ မရှိဘူး ..၊ ကိုယ့်ရွာကနေ ဘယ်အရပ်ကိုပဲ သွားသွား .. ရန်သူဆိုတာ မရှိတဲ့ နယ်မြေပါ ..''

မြန်မာတွေပေမယ့် ရွာသား တော်တော်များများ တိုင်းရင်းသားစကားတွေ ပြောတတ်နေကြတာက သက်သေပါ။ ချင်းစကား၊ ကချင်စကားဆို သားမြတ် ပြောတတ်နေတာ ဂျင်ဂျင်လည် ..။

ထို့ကြောင့် မြန်မာပြည်အထက်ပိုင်းဒေသ တော်တော်များများမှာ မြို့ပေါ်ဖြစ်ဖြစ် .. ဘယ်တော ဘယ်လမ်းဖြစ်ဖြစ် သူတို့ မသွားရဲတဲ့နေရာ မရှိသလောက်ပင် ..။

''ခုတော့ ငါတို့ရွာမှာ ငါ့သားက စပြီ ဖွဲ့ဖောက်လိုက်ပြီ .. ဒီအမည်းစက်ကို ဖျက်ဖို့ ကြိုးစားနေတုန်း ငါ့သားတစ်ယောက်က ထပ်ပြီး အိမ်ထောင်ပျက် အသည်းကွဲ ..''

''တင်မေ ရယ်.. ဘာဖြစ်လို့ အိမ်ထောင်ပျက်ရမှာလဲ ..၊ ပြဿနာဖြစ်နေတုန်း သူ ပြန်လိုက်ချင်ရင်တော့ ပြန်ခေါ်သွားရမှာလေ ..၊ ဒါက အချိန်ကာလတစ်ခုလောက်ပါပဲဟာ .. အခု ထားခဲ့ဖို့ ခက်နေတာက သူ ဒီမှာ ဘာမှမရင်းနှီးသေးဘဲ ဒီကိစ္စကြီး ဖြစ်လိုက်တော့ ငါ မအေတစ်ယောက်အနေနဲ့ အာဏာဆန်သလိုကြီး ထပ်မလုပ်ချင်လို့ ..''

''ဟုတ်ပါတယ် နင် မမှားပါဘူး .. ငါ့သားကိုက ကံဆိုးတာပါ၊ သူ သမီးလေးကို မြတ်နိုးနေတာ ငါ သိတယ် .. ဒါကြောင့်လဲ အန္တရာယ်ရှိနေတဲ့ သူများပိုင်နက်ထဲထိ သူ့မိန်းမကို သွားပြန်ခိုးတာပေါ့ ..၊ ဒီပြဿနာတွေ ဒီဖျာကြောင့် ဖြစ်ခဲ့ရတာ ..၊ ဒီဖျာ ယူလာကြတာကိုက ကိုယ့်သမိုင်း ကိုယ်ရေးလာကြတာ ..''



www.burmeseclassic.com

www.burmeseclassic.com



ဖျာနောက်ကို သူတို့ လိုက်ကြတော့ ဖျာက ဘယ်ကာလ ဘယ်အရပ်ကနေ ဆင်းသက်လာခဲ့မှန်းတော့ မသိခဲ့ကြပေ။ ဒါပေမယ့် ဖျာကို တစ်စုံတစ်ယောက်က ဘုန်းကြီးကျောင်းကနေ ပြန်ခိုးပြီး ရောင်းစားခဲ့တာ ဖြစ်သည်။

ဒေါ်တင်မေ တို့ ဖျာနောက်ကို လိုက်ရင်း ဘုန်းကြီးကျောင်းထိ ရောက်သွားခဲ့ကြသည်။ ထိုအခါကျမှ ဘုန်းကြီးကလည်း ဒီဖျာ အပြင် ရောက်နေမှန်း သိသွားခဲ့တာ ဖြစ်၏။

"ဒီဖျာမှာ ကျိန်စာ ရှိခဲ့တယ် ..."

လို့ စတင် မိန့်ဆိုရင်း ဒီဖျာကြောင့် လင်မယားချင်း အထင်မြင်လွဲကာ မိန်းမက အရှက်ကြီးပြီး အဆိပ်သောက် သေခဲ့သည်။ ခယ်မဖြစ်သူက သူ့အစ်မအတွက် ပြောဆို စကားများရင်း အိမ်ကို မီးနဲ့ ရှို့၏။ ပုခက်ထဲက ကလေးလေးပါ မီးထဲပါသွားပြီး ဖအေဖြစ်သူက ငါးနှစ်သားဂလေးကို လက်ဆွဲ၍ ဘုန်းကြီးဆီမှာ ဒီဖျာကို လာလှူသွားခဲ့သည်။

ဒီဖျာကို သံသယဖြစ်ဖွယ်တွေ ရှိလာခဲ့ပေမယ့် သေချာ ဂရုမစိုက်ခဲ့သဖြင့် ဒီထိ အခြေအနေဆိုးသွားခဲ့ကြောင်း ...၊ ခုတော့ သူ သိခဲ့ပြီဖြစ်ကြောင်း ဆရာတော်ကို လျှောက်သွားခဲ့သည်။

"အဲဒီ ဒကာက ကျိန်စာဖတ်နိုင်တဲ့ ဆရာသမားကို တွေ့အောင်ရှာပြီး ဒီဖျာအကြောင်း သိရအောင် လုပ်ခဲ့တယ် ...၊ အိမ်ထောင်ဖောက်ပြန်ခံရတဲ့ တိုင်းရင်းသား မိန်းကလေးတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံပြီး သူကိုယ်တိုင် စီရင်ခဲ့တဲ့ ကျိန်စာနဲ့ ဒီဖျာထဲမှာ ဝိညာဉ်ချုပ်ခဲ့တယ် ...၊ ကျိန်စာကတော့ ဒီဖျာနဲ့ ထိစပ်မိတဲ့ အိမ်ထောင်သည် လင်မယားတိုင်း သေကွဲ ကွဲကြပါစေ တဲ့ .."

ဒါဟာ ရက်စက်သည်ဆိုပေမယ့် သူ့ခံစားချက် .. သူ့လုပ်ရပ်အတွက် ဘာတွေကို စတေးခဲ့သလဲ ...၊ ဘာတွေနဲ့ စီရင်ခဲ့သလဲ ဘယ်သူမှ မသိပေ ...။





"ဘုန်းကြီး ဒါကို အလှူခံလိုက်ရပြီး သေချာ သိမ်းထားခဲ့တာပါ၊ ခိုးယူရလောက်အောင်လည်း အလွယ်တကူ မထားခဲ့ဘူး .. ပျောက်သွားတာက အံ့သြစရာပဲ .."

ရွာလေးက ငယ်ငယ် ဘုန်းကြီးကျောင်းက ကြီးပေမယ့် ကိုရင်လေး နှစ်ပါး ကပ္ပိယတစ်ယောက်နဲ့ ဆရာတော်ကြီးပဲ ရှိသည်။ ဖျာကိုထားခဲ့သည့် အိပ်ပျက်ကြီးကနေ နောက်ကို သုံးမိုင်ကျော်တော့လောက်ဝင်သွားရသေး၏။

ထိုရွာလေးမှာ မြန်မာလူမျိုး သိပ်မရှိဘဲ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါး ဆွမ်းကွမ်းပြည့်စုံနေတာကတော့ ဂုဏ်ယူဖို့ ကောင်းပါ၏။

ဒေါ်တင်မေ တို့ ဝမ်းသာအားရ လှူဒါန်းပြီး ဖျာကိုပါ ပြန်အပ်၍ ပြန်ခဲ့ကြပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၉)

"ဖျာကိစ္စ ရှင်းသွားကာမှ အန်တီ သဲသဲ ကို ဖုန်းဆက်ခေါ်ကြ တာ .. သူတို့ ဆုံမိကာမှ ရွာကို ပြန်လာကြတာ .. အဲ့ဒါကြောင့် ရ ပိုကြာသွားလို့ ဒီက ပြဿနာတွေနဲ့ လွဲသွားတာပေါ့ .."

"ခုဆို အကြီးကြီးလို့ သတ်မှတ်ပြီး ပြေးလွှား ရှင်းနေကြတဲ့ ပြဿနာက မှန်တာ မှားတာ ဘာမှ အရာမဝင်တော့ဘဲ .. ဟိုလူ ခုတ်တဲ့ပြဿနာက ကြီးကျယ်သွားတော့ .. အန်တီ ဒေါ်တင်မေ လက်မှိုင်ချကုန်ကြပြီ .. သနားပါတယ် .."

ဖျာအကြောင်း ပြောပြနေတုန်းကတော့ နားထောင်နေ ကောင်းကောင်းကန်းကန်း ...၊ ပြောလို့ ပြီးကာမှ ထိုင်ရာကနေ ဆတ် ထရပ်ကာ ...

"အဲ့ဒါတွေ သိနေလည်း ဘာဖြစ်လို့ ငါ့ကို ထပ်ပြီး ပြောပြနေ တာလဲ ...၊ နင်တို့ကိုက အဲဒီလူကို ငါက ဖောက်ပြန်တယ်လို့ သ ပြီး ဒေါသထွက်နေတယ် ထင်နေကြတာ .."





"နင် ငိုတောင် ငိုခဲ့တာပဲ ဆု ရယ် .. အဲ့ဒါ ဟုတ်တော့ ဟုတ်ခဲ့တာ ပဲမို့လား .."

"သောင်းသောင်း .. နင် ဒီမနက်မှ ခေါင်းကစ်တ်တီး ဖြေရတာ နော် .. ဒီအဖြစ်တွေကို ကြောက်ရမှန်း မသိတော့ဘူးလား .. ဒါမှမဟုတ် ငါ ကျန်နေခဲ့ရမှာကို ကိုယ်ချင်းမစာဘဲ ပြောနေတာလား .."

"အဲ့ဒါ နင်ချည်းပဲ စွပ်စွဲ .. နင်ပဲ ဒေါကန်နေတာ .."

သောင်းသောင်း ခေါင်းတခါခါနှင့် ဘာမှမပြောနိုင်သေးဘဲ ရှင်မ်တ ဆတ်ခနဲ ထရပ်ပြီး လက်ညှိုးထိုး ပြော၏။

"နင့်ကိုယ်နင် လိမ်နေတာ .."

"ပြောပြန်ပြီ .."

"ပြောရမှာပဲ .. သားမြတ် ကို မချစ်တာ မဟုတ်ဘူး ...၊ အန်တီသဲ ဆို မြင်လိုက်လို့ ပြန်လိုက်ချင်သွားတာ .. အဲဒါကြောင့် အားလုံးကို မတားနိုင်အောင် ပတ်ရမ်းနေတာ .."

"ဟုတ်တယ်.. အဲဒီလို ဟုတ်နေရင်လည်း ငါ မှန်တယ် .. ဒီလူ တို သနားမိပေမယ့် မချစ်ထိုက်တဲ့သူ .. မနေအပ်တဲ့အရပ်လို့ ငါ သတ် မှတ်တယ် .."

"မဟုတ်သေးဘူး ဆု ...၊ နင်တို့က လက်ထပ်ပြီးပြီ .. နင်က သူ့မိန်းမ .."

နင်း ဝင်ပြောတာလည်း မရ ...၊

"သူနဲ့ ငါ ဘာမှမဆိုင်ဘူး .. လင်မယားဆိုတဲ့ ပတ်သက်မှုကို အချိန်ကာလနဲ့ ငါ ရအောင် ဖျက်မယ် .."

ဆု ပြောနေရင်း ပစ္စည်းတွေ ကောက်သိမ်းတော့သည်။ မာမီက ဒီပြဿနာကြောင့် လိုက်လာခဲ့တာ ...၊ မနက်ဖြန်ဆို ဒက်ဒီ ခရီးသွားမယ့် ရက်အတွက် ပြင်ဆင်ပေးချိန်ရအောင် တန်းပြန်မှာ ဖြစ်သည်။

"ဆု .. ဘာလုပ်တာလဲ ...၊ ညမှ သိမ်းလည်း ရတဲ့ဟာကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး .. ငါ မာမီနဲ့ သွားနေမယ် ...၊ မဟုတ်ရင် သူ ရောက်လာပြီး ဘာညာသာရကာတွေနဲ့ စည်းရုံးနေမှာ .."

"ကိုယ်ကတော့ မင်း မျက်စိအောက်က ပျောက်မသွားမချင်း တားနေမှာပဲ ဆု .."

"ဟင်!..."

"သားမြတ် .."

ဆု နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဂျင်မ်နဲ့ သားမြတ် က မျက်နှာချင်းဆိုင် ဖြစ်နေကာ ဆု ကို ဂျင်မ်က မဲ့တဲ့တဲ့ သမင်လည်ပြန် ကြည့်ကာ ...

"ရအောင် တား .. မရရင် ရိုက်သာ သတ်ပစ်လိုက် .."

သူငယ်ချင်းကောင်းပီသစွာ အကြံပြု၍ အပြင်ထွက်သွားလေသည်နှင်း နဲ့ သောင်းသောင်း တို့ကလည်း လှည့်တော့ ကြည့်ဖော်ရပေမယ့်—

"စကားတော့ ပြောလိုက်ပါဟယ် .."

တောင်းတောင်းပန်ပန်နှင့် ...၊

"ဆု .."

"ဘာလဲ .. မတားနဲ့ ...၊ ရှင့်ကိုရော ဒီရွာက ကိစ္စဝိစ္စတွေကိုရော အရမ်း စိတ်ပျက်တယ် .. စိတ်လည်း ကုန်တယ် .. လုံးဝ မနေဘူး - သွားမယ် .."

ဆွဲချထားသည့် ပစ္စည်းပစ္စယတွေတောင် အကုန် ကောက်မထည့်တော့ဘဲ အဝတ်သေတ္တာကို ဇစ်ဆွဲပိတ်၍ ဆွဲချလိုက်သဖြင့် သားမြတ် က အိတ်ကို ဆွဲတားကာ ...

"မင်းကို ကြိုးတုပ်မထားပါဘူး..၊ ထည့်စရာရှိတာတော့ ပြီးအောင် ထည့်ပါ .."

"ဟွန်း .."

ဆု က သူ ကိုင်ထားသည့်အိတ်ကို ဆောင့်လွှတ်လိုက်ကာ ဆတ်





ခနဲ မျက်နှာလွှဲ ရပ်၏။

"ဒါတွေ ကိုယ့်ကြောင့် ဖြစ်လာတာပါ ...၊ မင်းကို မရမက ပြန်ခိုးယူဖို့ ကြိုးစားမိလို့ ကိုယ် မှားသွားတာ .."

ဆု သူ့ဘက်ကို ပြန်လှည့်ကာ ...

"မှားတာတွေ ဘယ်နှစ်ခါလောက် ပြောနေဦးမှာလဲ ...၊ အဲဒီအမှားအတွက် ဘယ်လောက်လောက် ပြန်ပေးဆပ်ချင်သေးလဲ – ဟိုညက ဆု သေသွားခဲ့ရင် ရှင် ဘယ်သူ့ကို ပေးဆပ်မလဲ ပြော .."

"ဟုတ်ပါတယ် .. အဲဒါတွေကို .."

"ဆု ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ဘူး သားမြတ် – ရှင့်ကို မေတ္တာထားနိုင်ဖို့ ကျွန်မ ကြိုးစားခဲ့တယ် .. ဒါပေမယ့် အခု ဘာမှ မရှိတော့ဘူး ...၊ ရှင့်ကိုရော .. အေးချမ်းပုံပဲလို့ ထင်ပြီး သဘောကျခဲ့ရတဲ့ ဟောဒီ တောခေလှေ့တွေ တောအထာတွေကိုရော .."

ဆု ကလေးလိုပဲ မဆင်မခြင် အော်ပြောပစ်သည်။ အဖြူဆွတ်ဆွတ်ပေါ်မှာ အပြာပြောက်လေးခွေ ပါသော လက်ရှည်ခါးရှည် အကျႌဖွဖွ .. ဘောင်းဘီရှည်ပွပွလေးနှင့် ညဝတ်အကျႌလေးကို မလဲဘဲ ထားသော်လည်း ကလေးဆန်၍ ပိုချစ်ဖို့ ကောင်းနေ၏။

အောက်ဖျားလေးတွေ တွန့်လိမ်နေသည့် ဆံနွယ်အုပ်ခဲခဲ ပျော့ပျော့လေးတွေကို ဒေါသထွက်တိုင်း လက်တစ်ဖက်နဲ့ ဖိသိပ်ထိုးသိမ်းနေပေမယ့် ခေါင်းပေါ် ပါသွားလိုက်.. လက်ဖယ်လိုက်တာနဲ့ ပြန်ပြိုကျလာလိုက်..၊

"ရှင် .. ဆု ကို ခဏခဏ လာတောင်းပန်မနေပါနဲ့ ...၊ ရှင့်ကို အားနာတာတွေ .. ငဲ့ညှာတာတွေ များလာပြီး မာမီ ဆု ကို တားခဲ့ဖို့ စဉ်းစားလိမ့်မယ် ...၊ ဒီတစ်ခါဆို ဆု ဒီတိုင်း မနေခဲ့တော့ဘူး .."

"ဒါဆို ကိုယ်တို့ လက်ထပ်ခဲ့ကြတာ အိပ်မက်တွေလား .."

"အဲဒီလို ကြာရင် ဖြစ်သွားလိမ့်မယ် .."

"မင်း ဒီရွာမှာ မနေနိုင်တာဆိုရင် ကိုယ် မင်းအတွက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ရှင်က တောပျော်ကြီးပဲ .. ဆု ကို ဘာမှ အပျော့ဆွဲလာမဆွဲနဲ့ .. ရှင်နဲ့ လင်မယား ဖြစ်နေသမျှ ဆု ရဲ့ဘဝက တစ်ချိန်ချိန်မှာ တောပြန့်ရောက်မှာပဲ .."

ဆု အဝတ်သေတ္တာကို ပြန်ကောက်၍ အိပ်ရာပေါ်တင်လိုက်သည်။ သို့သော် ဘီးတစ်ဖက်နဲ့ ခုတင်နဲ့ စိုက်ကာ ပြန်ပြုတ်ကျသွားလျှင်...

"အား!..."

ခြေထောက်ပေါ် အရှိန်နဲ့ကျသဖြင့် ဆု ငုတ်တုတ်လေး ထိုင်ကျသွား၏။ သေတ္တာကို တွန်းဖယ်ဖို့ လက်တင်လိုက်တာနှင့် သေတ္တာက မြောက်ခနဲ ပါသွားကာ ဘေးကို ရောက်သွား၏။

"ခြေထောက်မှာ သွေးထွက်သွားပြီ .."

သားမြတ် က သေတ္တာကို ဆွဲဖယ်ပစ်ကာ ဆု ဘေးမှာ ထိုင်လိုက်သည်။

"ရတယ် .. ဘာမှမဖြစ်ဘူး .."

ခြေမလေးတစ်ချောင်းလုံး ရဲ့သိုသွားကာ ခြေသည်းပတ်လည်မှာ သွေးတွေ ချက်ချင်း ပြည့်တက်လာ၏။ ခြေမကို လက်နဲ့ အုပ်လိုက်သဖြင့် သားမြတ် ဆွဲဖယ်လိုက်တော့ ဆု ရဲ့လက်ဖဝါးလေးမှာပါ သွေးတွေ ပေကျံသွားသည်။

လင်မယားနှစ်ယောက် နေဖို့ သပ်သပ် စီစဉ်ထားတာပေမယ့် ဒေါ်တင်မေ က ဆု အတွက် ဘာမှ လိုလေသေးမရှိအောင် ထည့်ပေးထားသဖြင့် အိမ်မှာ ဆေးမြီးတိုလေးတွေလည်း အဆင်သင့် ရှိနေရာ...

"သွေးထွက်နေတာ ဆေးထည့်မှ ရမှာပေါ့ ..၊ ခုတင်ပေါ်မှာ ခဏထိုင် .."

"ဆု မာမီ့ဆီ သွားမလို့ပါဆို .."

"ဆေးထည့်ပြီး ကိုယ် လိုက်ပို့ပါ့မယ် .. လမ်းမှာ ဖုန်တွေ သဲတွေ ဝင်ကုန်ရင် မင်း ဒုက္ခရောက်လိမ့်မယ် .."





ဆု ရဲ့ပခုံးလေးကို ကိုင်၍ ခုတင်ပေါ်မှာ အတင်း ထိုင်ခိုင်းသည်။

ဒဏ်ရာကို အရက်ပြန်လေး ဆွတ်၍ သန့်လိုက်ပြီး ဆေးထည့် ပတ်တီးစည်းပေးသည်။ ထူနက်နေသည့် သားမြတ် ရဲ့မျက်ခုံးတန်းတို့ နှင့် သိသာအောင် ပေါ်လွင်လွန်းသည့် နှာတံကို အပေါ်စီးက ကြည့်ရင်း သားမြတ် ဟာ ရုပ်ဆိုးအကျည်းတန်တဲ့သူ မဟုတ်မှန်းတော့ စိတ်ထဲမှာ သိအမှတ်ပြုမိ၏။

ပြီးတော့ အမြဲတမ်း မသေသပ်ခဲ့သည့် ဆံပင်ဘုတ်သိုက်ထဲ သချာ နောက်လှန်ဖြီးလိုက်လျှင် ယောက်ျားပီသ၍ တည်ကြည်သော မျက်လုံးတွေက ပို၍ စူးရှလာသလို ထင်ရသည်။

"ကျွတ်!... ကျွတ်!..."

"အရမ်းနာနေလို့လား .."

"စပ်လို့ .."

ဆု ရဲ့ ဖြူနုနီမြန်းနေသည့် ခြေဖမိုးလေးကို သူ တယုတယ ဆုပ်ကိုင်ဖိရင်း ...

"ကြွေသားလို လှပြီး ဖယောင်းသားလေးလို နူးညံ့တယ် .."

ခြေဖျားထောက် ထိုင်နေရင်း မျက်နှာကို စိုက်ကြည့်ပြောတော့ ဆု မျက်နှာလေး ပို၍ နီမြန်းကာ ဆတ်ခနဲ လွှဲပစ်၏။

"မင်းဟာ ကိုယ်နဲ့ မထိုက်တန်တဲ့ ပန်းကလေးတစ်ပွင့်မှန်း သိပါတယ် ..၊ ဒါပေမယ့် မင်းကိုမှ ကိုယ် ချစ်ခဲ့မိတယ် .."

"အဲဒါတွေ မပြောပါနဲ့တော့လို့ ရှင့်ကို .. အား!..."

စိတ်လိုက်မာန်ပါ ဆတ်ခနဲ ထရပ်လိုက်ပြီး သူ့ကို ရှောင်ထွက်ဖို့ ခြေလှမ်းမိကာမှ ဒဏ်ရာက နာပြီး ယိုင်သွားသည်။

သူ ထရပ်လိုက်တော့ နီးကပ်နေသော ရင်ဘတ်တစ်ခြမ်းမှာ သူမ မျက်နှာလေး ပစ်ကပ်သွားခဲ့ပြီး ...

"ဖယ်ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ပခုံးမှာ ထိန်းကိုင်လိုက်သည့် သူ့လက်တွေကို ကမန်းကတန်း ပုတ်ခတ် ဖယ်ချမိ၏။ သို့သော် ...

"ရှင် နော် .. ဟင့်အင်း .."

ဆု ရဲ့ကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်သွားခဲ့၏။

"လွှတ်နော် .. ဆု ကို အဲလို မလုပ်နဲ့ .."

ရှောင်တိမ်းနေရင်း သူ့အနမ်းများနဲ့ ဆု မျက်နှာလေး လုံးထွေး မွန်းကျပ်သွားခဲ့သည်။ စက္ကန့်များစွာ အနိုင်ယူခဲ့ပြီးမှ ဆု ရဲ့ရှေ့မှာ သူ့ လက်တွေ ဖြေချ၍ ခေါင်းငုံ့ထားရင်း ...

"မကျေနပ်ရင် မင်း ကြိုက်သလို လုပ်လိုက်ပါ .."

ဆု မျက်ဝန်းမှာ မျက်ရည်တွေ ပြိုးပြက်လက်နေကာ နှုတ်ခမ်း သားလေးတွေကို ဖိကိုက်ထားမိရင်း ...

"လူညစ် .. လူရမ်းကား .. သွား .. ဖယ်ပေး .."

ရင်ဘတ်ကြီးကို စိတ်ရှိလက်ရှိ ထုရိုက်ကျိန်ဆဲရင်း တွန်းပစ်လိုက် မိသည်။ ပြီးတော့ ခြေတစ်ဖက်ထော့လေးနှင့် ထွက်တော့ သူက လက် ကို ပြန်ဆွဲထား၏။

"ဖယ် .. မကိုင်နဲ့ .."

လက်ကို ခါချရင်း ဒီတိုင်းပဲ ဖြည်းဖြည်းထွက်ကာ ...

"မာမီရှေ့ကို ရှင် လုံးဝ မလာနဲ့ ..၊ မာမီရှေ့မှာ သနားစံဖို့ ကြိုး စားလေ .. ရှင့်ကို မုန်းလေပဲဆိုတာ မှတ်ထား .."

ကိုယ့်ရဲ့ရင်ခုန်သံတွေကို နှုတ်ဆက်ခွင့် မပြုနိုင်ဘူးလို့ သူ ဆုံး ဖြတ်ခဲ့ပေမယ့် သူမရဲ့ ခါးသီးသော ဥပေက္ခာတွေထဲမှာ ခေါင်းငိုက်စိုက် နှင့် ကျန်ရစ်၏။

ကိုယ် ပေးခဲ့သမျှ အရာရာသည် ...၊

:•••••





## အခန်း(၄၀)

"ငါ စိတ်ညစ်လိုက်တာ ဂျင်မ် ရယ် .."

"ဟုတ်ပ ဂျင်မ် ရယ် .. ဆု အဲဒီလောက် ခေါင်းမာမှန်း ထင်တို မထင်ထားဘူး .."

"သူ တော်တော်ကို ကြောက်သွားတာ သိလား ..၊ ပြောပြန်ရင် လည်း ကိုယ်ချင်းမစာဘူး ဖြစ်ဦးမှာ .. ဒါပေမယ့် သားမြတ် သနားပါ တယ်ဟာ .."

"ငါတော့ အန်တီ ဒေါ်တင်မေ ကိုလည်း သနားတာပဲ .."

သူတို့တွေ ဇော်လော်ဂျီပေါ်မှာ ထိုင်နေရင်း နှုတ်ဆက်နေကြတဲ့ လူကြီးတွေကို ကြည့်ရင်း စိတ်မသက်မသာ ဖြစ်နေခဲ့ကြ၏။

ဂျင်မ် ကတော့ ရှပ်အင်္ကျီ အနီရဲရဲ ဂျင်းဘောင်းဘီနှင့် ..၊ မျက်မှန် အနီရောင်ကိုင်းကို တစ်ကာ ဘာစကားမှ မပြောဘဲ ပီကေလက်ကျန်ကို ထုတ်ကြည့်ပြီး ပါးစပ်ထဲ ပစ်ထည့်သည်။ ပြီးမှ ...

"ပြောလို့မကောင်းရင် မပြောနေပေါ့..၊ သူတို့အကြောင်းနဲ့သူတို့.."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ရှေ့ခေါင်းကိုသွား၍ မောင်းတဲ့လူဘေးမှာ ထိုင်လိုက်သည်။

"အဲ့တစ်ယောက်က ဘာလဲ .. ကူညီနေသလိုလို .. ပြောပေးတော့ မလိုနဲ့ ..၊ ခုကျတော့ မဆိုင်သလိုလို .. ဒေါသထွက်နေတာလိုလို လုပ်နေပြန်ပြီ .."

ဘာမှ မရေရာသော ခန့်မှန်းခြေများနှင့် ဆောင်းနှင်း အားကိုးမဲ့သွားသလို ခံစားရပြီး မဲ့ရွဲ့ ကဲ့ရဲ့သည်။

ပြန်ကြည့်လိုက်တော့ ဒေါ်တင်မေ က ဆု ရဲ့ပခုံးလေးကို ကိုင်၍ ဘာတွေ မှာနေသည် မသိ ..။

ထိုစဉ် ဘုန်းကြီးကျောင်းဘက်ကနေ ထွက်လာသည့် ထော်လော်ဂျီပေါ်မှာ ဦးထူး နှင့် ရွာသားနှစ်ယောက် ပါကာ ထူးလင်းအောင် က သူ ဘာမှမဟုတ်ခဲ့သလို ရွာသားတွေကို ရယ်မောနှုတ်ဆက်နေ၏။

"တားညပ် ရော .. တားညပ် .. ဟော့ .. နာရဲ့ မင်းရိုပဲ .. ရန်ကုန်ကို တွားရတော့မှာ .. တာ့တာ .."

သားမြတ် ကို အော်ခေါ်ပြီး လူကို မတွေ့ဘဲ နှုတ်ဆက်နေ၏။ သူ့ကို ပြုံးပြပြီး လက်ပြန်ပြကြပေမယ့် ရွာသားတွေ မျက်နှာကတော့ မကောင်းကြရှာ ..။

ထူးလင်းအောင် ကြောင့် သားမြတ် တို့ လင်မယား ကွဲကြရသည် ဆိုသော အသိကိုယ်စီနှင့် ပို၍ စိတ်မကောင်း ဖြစ်နေကြသည်။

"သားမြတ် တစ်နေရာမှာ သွားငိုနေပြီ ထင်တယ် .."

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့ .. ယောကျ်ားရင့်မာကြီးလည်း ဝမ်းနည်းတတ်တာပဲ .."

သောင်းသောင်း တို့ သားမြတ် ကို ရှာကြည့်ပေမယ့် မတွေ့ ..။

"သူကလည်း လူနာ အကြောင်းပြပြီး မြို့ကို လိုက်ခဲ့ရင် ပြီးတာပဲ ကိုယ့်မိန်းမပဲဟာ .. အန်တီတို့ကလည်း လက်မခံမယ့်လူတွေ မဟုတ်ဘဲနဲ့ .."





"နင်ကလည်း သောင်းသောင်း ရယ် .. ဆု က ဘာတွေပြောထား လဲ .. နင် သိလို့လား .."

ဟုတ်မှာ ဆိုပြီး ခေါင်းညိတ်မိ၏။

"ကဲ .. ဟော့ .. သွားရအောင် .."

ဦးထူး ကပဲ ဆော်ဩ၍ သူတို့ ထော်လော်ဂျီက ရှေ့က ဦးဆောင်သွားသည်။ ဒေါ်တင်မေ က သားကြီးဖြစ်သူကိုလည်း နှုတ်ဆက်သည်။ သပ်နှင့် မှာလို့ မဆုံး ..။

"အမေလည်း နောက်က လိုက်တဲ့လေ .. ရန်ကုန်မှာ နော်လို့ လျှောက်လည်ကြမယ် .."

ထူးလင်းအောင် အော်ပြောရင်း ပါသွားတော့ ဒေါ်တင်မေ မျက်ရည်သုတ်၏။

"သမီးလေး .."

ဆု က ထော်လော်ဂျီပေါ် အမြန်ရောက်ဖို့ ဆုံးဖြတ်ချက်နှင့် တတ်၏။ ဒေါ်တင်မေ က အနားမှာ လာရပ်ကာ ...

"သမီး စိတ်ကူးတွေ ဒီဘက်ကို ကူးလာမိတဲ့အခါ အချိန်မရွေး လာနော် သမီး .."

"ဟုတ်ကဲ့ .."

"သားက .. သမီးကို .."

"သူနဲ့ ဆု အားလုံး ဆွေးနွေးပြီးပါပြီ .. ဘာမှမရှိတော့ဘူး .."

"ဆု ရယ် .."

သောင်းသောင်း က လက်တို့ကာ ဆောင်းနှင်း က ခြေထောက်ကို မသိမသာ ဖိနင်း၏။ ဆု က အားနာသွားသလို ဆံပင်လေးသပ်၍ ပြုံးပြကာ ...

"ဟို .. ပြောပြဟာပါ ..၊ ဆု ဒီကအဖြစ်တွေကို မေ့နိုင်ဖို့ကလည်း ခွယ်တော့လေ .. ကျန်ခဲ့တဲ့လူတွေက မျှော်လင့်နေကြမှာ စိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်ကြတာပဲ သမီးရယ် .. သားတတော့ သမီးကိုပဲ .."

"မာမီ .. ဆု တို့ လိုက်ရအောင်လေ .. ဟိုရှေ့က ထော်လာဂျီ ထွက်သွားပြီ .."

ဆု အတင်း စကားဖြတ်တာက မိုက်ရိုင်းသလို ဖြစ်ခဲ့ပြီမှန်း သိပါသည်။ ဒါပေမယ့် ဒေါ်တင်မေ မျက်ရည်ဝဲနေတာကို သူမ ကြာကြာ မမြင်ရက်ပေ ..။

ပြီးတော့ ကိုယ့်မှာလည်း နှလုံးသားနဲ့ပဲ ..၊ သနားအောင် ပြောနေတာကို သနားချင်လာမှာလည်း စိုး၏။

"သွားတော့မယ် တင်မေ .. ငါတို့ လာလည်ဦးမှာပါ .."

ဒေါ်သဲဆု လည်း မျက်ရည်တွေ ဝဲနေ၏။ သူမ ဒီရွာနဲ့ ဒီလူတွေကို ဒီလိုပုံစံနဲ့ နှုတ်ဆက်ခွဲခွာရလိမ့်မည်လို့ အိပ်မက်ထဲမှာတောင် မပါခဲ့ဘူးပေ ..။ ဒါပေမယ့် ဒါက တကယ့်လက်တွေ့ ..၊

"ဆု .."

အနားကို အံ့မောင် တို့ သန်းစိုး တို့ လူစု ရောက်လာကြ၏။ ဆု မျက်နှာလေး မဲ့သွားသည်။

"သားမြတ် ဖျားနေလို့ သူ အိပ်ပျော်နေတာ မနှိုးချင်လို့ပါ၊ ခဏတော့ စောင့်လိုက်ပါဦး .."

"ဘယ်လို!..."

သားမြတ် ဖျားနေတာ ဒေါ်တင်မေ မပြောခဲ့ပါလား ..၊

ကြည့်လိုက်တော့ သိနေသည့်ပုံနှင့် ပြောလည်း မပြောချင်တော့သည့် စိတ်လျှော့ခြင်းမျိုးနဲ့ လှည့်ထွက်သွား၏။

"သားမြတ် က ဘာဖြစ်လို့ ဖျားသွားတာလဲ .. ဟင် .."

သောင်းသောင်း က မေးလိုက်တော့ ဒေါ်သဲဆု ကလည်း မျက်လုံးဝိုင်းလျက် ...





"သားမြတ် တော်တော် ဖျားနေတာလား .."

"ဟုတ်တယ် အန်တီ .. သူ့ပခုံးနဲ့ ခါးစပ်မှာ ဒဏ်ရာ နည်းနည်း ရထားတော့ အနာရှိန်တက်လာတာ ..၊ အဲ့ဒါ ဆု တို့ သွားကြတော့မယ် ဆို သူ့ကို နှိုးလို့ မှာထားတာပါ ..၊ ဒါပေမယ့် ခုနကပဲ အိပ်ပျော်သွားလို့ .."

"ဒုက္ခပါပဲကွယ် .. တင်မေ ကလည်း စောစောက မပြောဘူး.."

"မာမီကလည်း ရှေ့က ထော်လော်ဂျီက သွားနေပြီ– နောင်ကျရင်ဆို့ လေ့က စောင့်နေမှာမို့လား ..၊ ဖျားပေမယ့် သိပ်အရေးမကြီးလို့ အန်တီက ပြောမသွားတာပေါ့ .. ဂျင်မ် .. ဒရိုင်ဘာကို မောင်းခိုင်းလိုက်တော့.."

ဒေါ်သဲဆု ကို ပြော၍ ဂျင်မ့် ကိုလည်း လှမ်းခိုင်းလိုက်သေးသည်။ သန်းစိုး တို့ မျက်နှာပျက်သွားကြကာ ...

"လေ့ရော .. ဟိုဘက်မှာ စောင့်နေတဲ့ ကားတွေရော ဒီတဟာတွေ ချည်းပဲ .. ဘာမှ အရေးမကြီးပါဘူး ..၊ သားမြတ် နိုးလာအောင် ခဏပဲ စောင့်ပါ ..၊ သူ နင့်ကို နှုတ်ဆက်ရုံအပြင် တားဆီးမှာ မဟုတ်ဘူးဆိုတာ ငါတို့ သိတယ် .."

"ဘာထူးကြမှာမို့လို့လဲ ကိုသန်းစိုး ..၊ သူ့စိတ် ပိုဆင်းရဲတာ မှီမှာ– မတွေ့လိုက်တော့ မခံစားရတော့ဘူး ..၊ သိသာသိစေ မမြင်စေနဲ့တဲ့–"

ပြော၍ ဆု မျက်နှာလွှဲပစ်လိုက်၏။ ထိုစဉ် ထော်လော်ဂျီက စက်နှိုးလေသည်။ သန်းစိုး နဲ့ အံ့မောင် တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြကာ တင်ထားသည့်လက်တွေကို ဖြုတ်၍ ...

"ဝမ်းသာပါတယ် .. ငါတို့အားလုံးရဲ့ မေတ္တာ စေတနာတွေကို အဲလို နားလည်သွားတဲ့အတွက် ကျေးဇူးပါပဲ .."

ဆု က မျက်နှာလွှဲထားပြီး နည်းနည်းလေးမှ စကားမပြောနိုင် သောင်းသောင်း တို့ တရွေ့ရွေ့ ကျန်ခဲ့ကြသော ရွာသားတွေကို ကြည့်ရင်း မျက်ရည်ကျမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆု .."

လက်မောင်းလေးကို ကိုင်လှုပ်၍ ..၊ ဆု ရဲ့ပေါင်ကိုပါ ခပ်ဖွဖွ ထုမိကာ ...

"နှင် နည်းနည်းမှကို မခံစားရဘူးပေါ့ .. ဟုတ်လား .."

"ဟင့်အင်း .."

ဆု ခေါင်းခါလိုက်စဉ် လက်ခနဲ စင်ကျလာသည့် မျက်ရည်စက်က ပေါင်ပေါ်မှာ တင်ထားသည့် နှင်း ရဲ့လက်ခုံပေါ်ကို ခုန်ဆင်း ဝန်ခံသွားသည်။

နှင်း က လက်ခုံလေးကို ပင့်၍ သောင်းသောင်း မြင်အောင် လှည့်ပြသည်။ သောင်းသောင်း ကတော့ ဘာထူးမှာလဲဆိုသည့် မျက်နှာသေလေးနှင့် ဘာမှမပြောတော့ပေ ..။ ထိုစဉ် ...

"ဟယ်!... ဟိုမှာ သားမြတ် .. ပြေးလာတယ် .. ကြည့်စမ်း .."

"ဟင်!..."

ဆု ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"အို!... ဒီကောင်လေး ဒဏ်ရာတွေနဲ့ဆိုပြီးတော့ .."

ဒေါ်သဲဆု ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ ...

"ဟဲ့ .. ခဏ .. ခဏ .. ရပ်လိုက်စမ်း .."

"ရပ်မနေနဲ့ အန်တီ .. မျက်နှာချင်းဆိုင်ပြီး ကြေကွဲခန်းတွေ ဆက် က မှာပဲ .. ဘာမှမ ထူးမှာ မဟုတ်ဘဲနဲ့ ..၊ ဒိုက်ကုလား မြန်မြန် မောင်းဗျာ .."

ဂျင်မ် က ဒေါ်သဲဆု စကားကိုတောင် ချေဖျက်၍ အရှိန်တင်နိုင်းနေသေးသည်။ ပြောတာလည်း ဟုတ်နေသဖြင့် ဒေါ်သဲဆု ရတ်တရက် ဒီတိုင်းပဲ ကြည့်နေမိသည်။

"ဆု .. ဆု .. ခဏလေး .."

သားမြတ် အသံကို မကြားရပါ။





ဒါပေမယ့် လှမ်းခေါ်၍ လက်ပြနေတာကို အားလုံးမြင်ကြသည်။ ဆု အံလေးကြိတ်၍ မျက်နှာလွှဲလိုက်၏။

သူ့မကိုဖက်၍ ကာကွယ်လိုက်သည့် ရှောင်ကွက်တွေမှာ သူ့ကိုယ်ကို ဓားချက်တွေ ထိသွားခဲ့တာပါ ..၊ မျက်နှာလွှဲလိုက်ပေမယ့် ကိုယ့်ကို ပွေ့ဖက်ကာကွယ်လိုက်သည့်အဖြစ်က မျက်လုံးထဲမှာ ထင်နေ၏။

ပြီးတော့ မမွေးသော မနံသော ပြေပြစ်သည့် ကိုယ်သင်းနံ့နှင့် ရင်ခွင်ကျယ်က မျက်နှာရှေ့မှာ တကယ် ထိကပ်လာသလို မှန်းကျပ်သွားခဲ့သည်။

"နောက်မှာ အုံမောင် တို့ လူစုတွေ တစ်သိုက်ကြီးပဲ ပါလာကြတယ် .. ကြည့်ပါဦး .."

"စက်ဘီးတွေနဲ့ ..၊ သားမြတ် မမီမှာစိုးလို့ စက်ဘီးလိုက်ပေးတာ ထင်တယ် .."

"ဟဲ့ .. ဂျင်မ် နဲ့ ဟိုကောင်လေး ထော်လော်ဂျီ ခဏရပ်လိုက်ကြပါ ..၊ သားမြတ် က နေကောင်းတာ မဟုတ်ဘူး .."

"သူက အန်တီ သနားတာကို လိုချင်တာ မဟုတ်ဘူး အန်တီ..၊ ဆု ကို လိုက်နှုတ်ဆက်ပြီး သနားခံမှာ ဆု က မရပ်စေချင်ဘူးမို့လား..."

ဂျင်မ် တမင်လုပ်နေတာလားလို့ သောင်းသောင်း တို့ တွေးနေမိစဉ် ...

"မရပ်နဲ့တော့ မာမီ .. ဆု ဘာမှ မပြောချင်ဘူး .."

စကားသံက ငိုသံပါနေကာ ဆု မျက်နှာလေး ငိုချင်တာကို ထိန်းထားရသလို နီရဲနေ၏။

ထိုစဉ် သားမြတ် လက်ထဲကို စက်ဘီး ထည့်ပေးလိုက်ကြသဖြင့် သားမြတ် အမီလိုက်လာ၏။

ကုန်းတက်မို့ ထော်လော်ဂျီက လေးလေးကန်ကန်ကြီး ဖြစ်နေတာ သားမြတ် လည်း ကုန်းထိပ်ရောက်မှ မီလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလောက် ရပ်လိုက်ပါ ဂျင်မ် .. ငါ ဆု နဲ့ စကားပြောချင်လို့ .."

မျက်နှာတစ်ပြင်လုံး နီရဲ ညိုတက်နေကာ မောဟိုက် နာကျင်နေသလို သားမြတ် အသံတွေက တုန်နေ၏။

ပြီးတော့ မဲ့သွားလိုက် .. အသံကို မြှင့်ပြောလိုက်နှင့် ထော်လော်ကျီစက်သံ ကြမ်းကြမ်းကြီးကို တိုးမပေါက်နိုင် ..၊ ထိုစဉ် ...

စက်သပ်ရပ်ပေးလိုက်လျှင် သားမြတ် က ဆု ရဲ့လက်လေးကို ဆွဲ၍ ...

"ဆု .. ခဏပဲ ဆင်းပါကွာ .."

ပြောပြီး သူလည်း စက်ဘီးပေါ်က ဆင်း၍ ဒေါက်ထောက်လိုက်၏။ ဂျင်မ် က ရှေ့ကနေ အခြေအနေကို လှမ်းကြည့်နေပြီး ...

"ကဲ .. ဆု .. ဆင်းမှာလား .. မဆင်းဘူးလား .. ကြာတယ်ဟာ"

"မဆင်းတော့ဘူး .."

"ပြီးရော .. မောင်း ကိုကုလား .."

"ဟာ!... ဆု .. ဆု .. အဲဒီလို မလုပ်နဲ့ကွာ ..၊ ခဏလောက်ဆင်းပြီး စကားပြောပါ ..၊ မင်းကို ကိုယ် ခေါ်မထားပါဘူး .. ဆု - ခဏလေးပါ .."

သူ စက်ဘီးကို ပြန်မကိုင်ဘဲ ထော်လော်ကျီ ဘေးကနေ ပြေးလိုက်နေ၏။ စက်က မမြန်ပေမယ့် ကုန်းဆင်းမို့ တော်သေးသည်။ သို့သော်—

"သားမြတ် ဆိုတဲ့ကောင်ကွာ .."

ဂျင်မ် သည် မပြောမဆိုနဲ့ ခုန်းဆင်းလိုက်ကာ နောက်ကို လျှောက်သွား၍ ...

"မင်း ဒီလောက် မကြောင်စမ်းပါနဲ့ .. ဘာမှမထူးတာကို..၊ ဘယ်သူ့မှာမှ အကျိုးမရှိဘူး .. နေခဲ့လိုက်တော့ .."

"အား!..."





"ဟယ်!..."

ဂျင်မ် က သားမြတ် ရဲ့ ပခုံးတစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်၏။ မိန်းကလေးတွေ ဟယ် .. ခနဲ ဖြစ်သွားကာမှ ဆု လှည့်ကြည့်မိ၏။

မထင်မှတ်သည့်အချိန်မို့ အကာအကွယ်မဲ့ကာ သားမြတ် ကိုယ်က လမ်းပေါ်ကို ပတ်ခနဲ တစ်ပတ်လည် ကျ၏။

"သားမြတ် .."

ဆု ကိုယ်လေး ကြွခနဲ ဖြစ်သွားသည်။ ပြီးတော့ ပြန်ထိုင်လိုက်ပြီး ထော်လော်ကျီနောက် ပြန်ပြေးလိုက်လာသည့် ဂျင်မ် ကို စွေစွေကြည့်ကာ ...

"နင် ဘာလုပ်လိုက်တာလဲ ဂျင်မ် .. သူ့မှာ ဒဏ်ရာတွေနဲ့ .."

"ဟား!... ရှုပ်နေလို့ ရှင်းပေးတာလည်း တစ်မျိုး .."

"နင် သက်သက် လူ့စွာ ဝင်လုပ်လိုက်တာ .. ရပ် .. ခု ရပ်ပေး.."

"ရပ်လို့ မရဘူး .. ဒါ ကုန်းဆင်းကြီး .."

"ပြီးတာပဲ .."

ဆု အတင်းထကာ ခုန်ချမယ် လုပ်ကာမှ စက်ရှိန်ကို လျှော့ချပေးရသည်။ သားမြတ် သည် လဲကျသွားသည့်အရှိန်နှင့် နှစ်ပတ် သုံးပတ်လောက် လမ်းပေါ်ကနေ လိမ့်ဆင်းလာ၏။

ပြီးမှ သူ့အရှိန်သူ ထိန်းနိုင်ကာ ပြန်ရုန်းထဖို့ ကြိုးစားနေ၏။

"သားမြတ် .."

ဆု ဂါဝန်စလေး 'မ'ကာ ဆံပင်တွေ လွင့်ဝဲ ခါထွက်နေအောင် ပြေး၏။ သားမြတ် ရဲ့ကိုယ်ကို ပွေ့ထူလိုက်မိလျှင် ..၊ ပခုံးစွန်းတစ်ဖက်မှာ သွေးတွေ ရဲနေလျက် မြင်ကာ ...

"သားမြတ် ရယ် .. ဆု တောင်းပန်ပါတယ် .."

မျက်ရည်စက်ပေါ့ တားဆီးမရစွာ ပိုးပိုးပေါက်ပေါက် [illegible] [illegible] ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာဖြစ်လို့ ဒီလောက်တောင် ဖွဲကောင်းကောင်းနဲ့ လိုက်နေရတာလဲလို့ .."

"မင်းကို မခွဲနိုင်လို့ .."

သားမြတ် ဆု ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။

ထော်လော်ကျီပေါ်မှာ ဂျင်မ် သည် ခပ်ချဉ်ချဉ် မဲ့ပြုံးနှင့် ..၊ ပြီးတော့ ဒေါ်သဲဆု ကိုလည်း တောင်းပန်နေကာ ...

"စိတ်ချလက်ချ ထားခဲ့လိုက်တော့ အန်တီ .. ဆု ပြန်ခေါ်တာတောင် လိုက်မှာ မဟုတ်တော့ဘူး .."

အားလုံးပဲ ပြုံးနိုင်လာကြ၏။

ဒေါ်သဲဆု ကျေနပ်ပြုံးနှင့် ခေါင်းညိတ်ကာ ...

"မောင်း .. မောင်း .."

ထော်လော်ကျီစက်သံ ကြားမှ ဆု ပြန်ကြည့်လိုက်တော့ မြင်ကွင်းထဲမှာ ထော်လော်ကျီ မရှိတော့ပေ ..။

"သွားပါစေတော့ကွာ .. မင်း ကိုယ့်ကို မထားခဲ့နိုင်ဘူးမို့လား.."

"ရှင်နော် .."

ဆု ရှက်ရမှန်း သိလာကာ မျက်စောင်းလေးတစ်စင်း ဖြစ်ထွန်းသွားသည်။ ပြီးတော့ သူ့ကို ဆု ကပ် ပြန်ထူပေးပြီး အတူတူ ထရပ်ကြကာ ...

"တစ်ကိုယ်လုံး ပူခြစ်နေတာပဲ .."

"ဟုတ်တယ် .. ကိုယ် ဒီတိုင်း ပြန်သွားရရင် အချစ်နာကျပြီး သေသွားမလားပဲ .."

"လျှောက်ပြောမနေနဲ့ .. ဒီက ရှင့်ကို မပြတ်နိုင်လို့ ဆင်းလာတယ် မှတ်လို့လား .."

"ဒါဆို .. ဘာဖြစ်လို့လဲ .."





"အန်တီ မျက်ရည်ဝဲနေတာ သနားလို့ .."

"ကိုယ် ငိုပြနေတာကိုတော့ မသနားဘူးပေါ့ .."

"မသနားပါဘူး .."

ကိုယ်မှာ ပေကျံကုန်တဲ့ ဖုန်တွေ အမှိုက်တွေကို ခါချရင်း သားမြတ် ကျေနပ်စွာ ပြုံးမိသည်။

ဘယ်လိုစိတ်နဲ့ ဒီလိုလုပ်သွားတာဖြစ်ဖြစ် .. ဒီတစ်ခါ ဂျင်မ့် ကို သူ ကျေးဇူးတင်သွားမိတာ ပြောမပြတတ်အောင်ပင် ..။

"တွေ့လား ..၊ ဟိုမှာ .. ဘယ်မှာဖြစ်ဖြစ် သူ့လူတွေချည်းပဲ .."

အုံမောင် တို့လူစု ကုန်းထိပ်မှာ ပေါ်လာကာ သူတို့ကို မြင်လိုက်တော့ မျက်လုံးတွေ ပြူး .. ပါးစပ် အဟောင်းသားတွေ ဖြစ်ကုန်ကြတာ ...

"ကောင်းတယ် .. ဟေ့ .. အဲဒီလို ဖြစ်ရမှာ .."

"အပိုင်ဖမ်းထား သားမြတ် .." "လုံးဝ ပြန်မလွှတ်စေနဲ့တော့ .."

သံစုံမြည်သွားကာ စက်ဘီးတွေကို ပြန်ခေါက်သွားကြ၏။

"သွားရအောင် .."

"ဘယ်ကိုလဲ ..၊ ဒီက ပြန်မလို့ပါဆို .."

"ဟုတ်တယ် .. ပြန်မှာလေ .."

"ချောင်းစပ်ကို လိုက်ပို့ပေး .."

"မဟုတ်ဘူး .. မြောက်ပိုင်းအိမ်လေးကို .."

ဆု က နှုတ်ခမ်းလေး မဲ့၍ သူ့ကို မော့ကြည့်သည်။

"ရှင်ကြီးနဲ့ နေမယ်လို့ ဘယ်သူက ပြောလို့လဲ .."

သားမြတ် က ရယ်၍ ဆု ရဲ့ပခုံးလေးကို ဖက်ထားလိုက်ကာ —

"ရတယ် .. ဘယ်သူနဲ့ပဲနေနေ — အဲဒီကောင်မလေး စိတ်ချမ်းသာအောင်လို ထားမယ် ..၊ ဆိုးချင်သလောက် ဆိုး .. တစ်နေ့ကို အခါရှစ်ဆယ်လောက်ပဲ နမ်းခွင့်ပေးရင် ရပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါလား .."

"အခု မသေချင်တော့ဘူး .."

"ရှင်နော် .. အာ .. ဘယ်လို ဖြစ်နေတာလဲ ..၊ လမ်းပေါ်မှာ"

"ဘယ်သူမှ မရှိဘဲနဲ့ကွာ .."

ဆု ရဲ့နဖူးလေးကို သူ ငုံ့နမ်းသည်။ မမိတမိနှင့် မချင့်မရဲဖြစ်ကာ မေးဖျားလေးကို ဆွဲမော့လိုက်လျှင် ...

"ဟဲ့ .. ငါ ရှိတယ်နော် .. မလုပ်ကြနဲ့ဦး .."

ဒေါ်ဖီးကွက်ကြီး ..၊

ခုံဖိနပ်သံ တခွပ်ခွပ်နှင့် တောင်းကြီး ခါးစောင်းတင်ကာ —

"မြင်လိုက်ရရင် သူတို့ချည်းပဲ .. ဟွန်း .. ငါ့ရှေ့ တမင်တကာ လာလာလုပ်နေကြသလား မသိဘူး ..၊ ရှက်စရာ .."

ဆံပင်တွေ စုတ်ဖွားဖွားနှင့် ဒေါ်ဖီးကွက် ပြောဆိုသွားတာတွေကို ကြားကာ ဆု နှုတ်ခမ်းလေး စူသွားလျှင် ...

"စိတ်မကောက်နဲ့.. နောက် မနမ်းတော့ဘူး .. ဒီမိန်းမကြီး ရှေ့မှာ .."

တွေ့လား ..၊

ဆု သူ့ဗိုက်ကို လိမ်ဆွဲမိလျှင် ထိုလက်လေးပေါ်မှာ ထပ်ဆုပ်ကိုင်ပြီး သားမြတ် က ရယ်နေကာ ...

အရမ်းပျော်တာပဲ အချစ် ..၊

လရောင်ကျူးရှင့်



www.burmeseclassic.com